# မာတိကာ


၁။ ဖိနှိပ်ခြင်း၊ နောက်ကြောင်းနှင့် မောရှေမွေးဖွားခြင်း — ဇွန် ၂၈ - ဇူလိုင် ၄ — ၅
၂။ လောင်နေသော ချုံပုတ် — ဇူလိုင် ၅ - ၁၁ — ၁၉
၃။ ကြမ်းတမ်းသောအစပြုခြင်း — ဇူလိုင် ၁၂ - ၁၈ — ၃၃
၄။ ကပ်ဘေးဒါဏ်များ — ဇူလိုင် ၁၉ - ၂၅ — ၄၇
၅။ ပသခါပွဲတော် — ဇူလိုင် ၂၆ - ဩဂုတ် ၁ — ၆၁
၆။ ပင်လယ်နီဖြတ်သန်းကာ — ဩဂုတ် ၂ - ၈ — ၇၅
၇။ မုန့်နှင့်အသက်စမ်းရေ — ဩဂုတ် ၉ - ၁၅ — ၈၉
၈။ သိနာဤ ပဋိညာဉ် — ဩဂုတ် ၁၆ - ၂၂ — ၁၀၃
၉။ ပညတ်တော်အတိုင်း အသက်ရှင်ခြင်း — ဩဂုတ် ၂၃ - ၂၉ — ၁၁၇
၁၀။ ပဋိညာဉ်နှင့် ပုံစံကြမ်း — ဩဂုတ် ၃၀ - စက်တင်ဘာ ၅ — ၁၃၁
၁၁။ အယူဖောက်ပြန်ခြင်းနှင့် ကြားဝင်ဖြန်ဖြေခြင်း — စက်တင်ဘာ ၆ - ၁၂ — ၁၄၅
၁၂။ ကျေးဇူးပြု၍၊ ကိုယ်တော်၏ ဘုန်းကိုအကျွန်ုပ်အားပြတော်မူပါ — စက်တင်ဘာ ၁၃ - ၁၉ — ၁၅၉
၁၃။ တဲတော် — စက်တင်ဘာ ၂၀ - ၂၆ — ၁၇၃



**Editorial Office** 12501 Old Columbia Pike, Silver Spring, MD 20904
Come visit us at our website at https://www.adultbiblestudyguide.org.

**Principal Contributor**
Jiří Moskala

**Editor**
Clifford R. Goldstein

**Associate Editor**
Soraya Scheidweiler

**Publication Manager**
Lea Alexander Greve

**Editorial Assistant**
Sharon Thomas-Crews

**Pacific Press®**
Miguel Valdivia

**Art Director and Illustrator**
Lars Justinen

**Translated in Myanmar**
MoeKhine NgoKhoNang

**Associate Editor in Myanmar**
Suan Lian Khambawi

**Associate Editor in Myanmar**
Cin Suan Mungtoh

## ဤဆရာကိုင်အထူးထုတ်ကို မည်သို့အသုံးပြုရမည်နည်း

“စစ်မှန်သောဆရာသည် ထိုင်းမှိုင်းသောတွေးခေါ်မှု၊ ပျင်းရိသောစိတ်၊ သို့မဟုတ် နမော်နမဲ့နိုင်သော ဉာဏ်ဖြင့် ရောင့်ရဲခြင်းမရှိ။ ပိုမိုမြင့်မားသော ကြိုးပမ်းအားထုတ်မှုများနှင့် ပိုမိုကောင်းမွန်သော နည်းနာများကို အမြဲတစေ အပတ်တကုတ် ရှာဖွေနေတတ်၏။ သူ့ဘဝသည် စဉ်ဆက်မပြတ် ကြီးထွားနေ၏။ ထိုသို့သော ဆရာ၏လုပ်ဆောင်မှုတွင် သူ၏(အတန်း)ကိုနိုးကြားစေပြီး၊ လှုံ့ဆော် စေနိုင်သော လန်းဆန်းတက်ကြွမှုတစ်မျိုး၊ နိုးကြားစေသော စွမ်းအားတစ်ခု ရှိနေ၏။”

—Ellen G. White, *Counsels on Sabbath School Work*, p. 103.

ဥပုသ်စာဖြေဆရာတစ်ဦးဖြစ်ရခြင်းသည် အခွင့်ထူးလည်းဖြစ်၊ တာဝန်လည်းဖြစ်ပါသည်။ အခွင့်ထူးဟုဆိုရာတွင်၊ တစ်ပတ်အတွင်းသင်ခန်းစာများကို ဆွေးနွေးခြင်း၊ သင်ကြားခြင်းမှာ ဦးဆောင်လမ်းညွှန်ရသောကြောင့်ဖြစ်၏။ သို့ဖြစ်၍ သင်တန်းသားတို့သည် နှုတ်ကပတ်တော်ဖြင့် သူတို့ကိုယ်တိုင် လေ့လာရှာဖွေမြတ်မှုရသည့်အပြင် အဖွဲ့လိုက်ဝိညာဉ်ရေးမိတ်သဟာယလည်း ကြုံတွေ့ရမည်ဖြစ်သည်။ သင်ကြားပြီးသောအခါ၊ အတန်းသားများသည် နှုတ်ကပတ်တော်၏ ကောင်းမြတ်ခြင်းကို မြည်းစမ်းပြီးသား၊ တန်ခိုးတော်ဖြင့် ခိုင်ခံ့စေခြင်းခံရပြီးသားဖြစ်သင့်သည်။ သင်ကြားပေးသူ၏ တာဝန်မှာ လေ့လာရမည့် ကျမ်းပိုဒ်များ၊ သင်ခန်းစာ၏စီးဆင်းမှု၊ တစ်ကွာတာလုံး၏ အကြောင်းအရာနှင့်ဆက်စပ်မှု၊ လက်တွေ့အသုံးပြုမည့်၊ သက်သေခံ ရမည့်အကြောင်း များကို သေချာစွာသတိပြုရမည်။

ဤလမ်းညွှန်စာအုပ်သည် ဆရာများ၏တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် ကူညီပေး သည်။ ၎င်းတွင် အပိုင်းသုံးပိုင်းပါရှိသည်။

**၁။ ခြုံငုံသုံးသပ်ချက်သည်** သင်ခန်းစာခေါင်းစဉ်၊ အဓိကကျမ်းချက်များ၊ ယခင်သင်ခန်းစာနှင့် ဆက်စပ်မှုများနှင့် သင်ခန်းစာ၏ဆောင်ပုဒ်တို့ကို မိတ်ဆက်ပေးသည်။ ဤအပိုင်းတွင် သင်ခန်းစာသည် အဘယ်ကြောင့်အရေးပါသနည်းဟူသည့် မေးခွန်းများနှင့် သက်ဆိုင်၏။ ဤအကြောင်းအရာနှင့်ပတ်သက်ပြီး ကျမ်းစာကမည်သို့ပြောသနည်း။ သင်ခန်းစာတွင်တွေ့ရသော အဓိကဆောင်ပုဒ် တစ်ချို့ကား အဘယ်နည်း။ ဤအကြောင်းအရာက ကျွန်ုပ်၏ လက်တွေ့ဘဝကို မည်သို့အကျိုး သက် ရောက် စေသနည်း။

**၂။ အနက်ဖွင့်ကျမ်းသည်** ဆရာကိုင်အထူးထုတ်တွင် အဓိက အပိုင်းဖြစ်၏။ ၎င်းတွင် ကဏ္ဍ နှစ်ခု သို့မဟုတ် ထို့ထက်ပိုသောအပိုင်းများရှိနိုင်ပြီး၊ တစ်ခုစီသည် ခြုံငုံသုံးသပ်ချက်အပိုင်းတွင် မိတ်ဆက်ထားသည့် ဆောင်ပုဒ်နှင့် ပတ်သက်သည်။ အနက်ဖွင့်ကျမ်းတွင် ခြုံငုံသုံးသက်ချက်၌ ဖော်ပြထားသည့် ခေါင်းစဉ်များကို ချဲ့ထွင်သည့် အတွင်းကျကျ ဆွေးနွေးချက်များစွာပါဝင်နိုင်သည်။ ဤအပိုင်းသည် ဆောင်ပုဒ်ပါအကြောင်း အရာများကို နက်ရှိုင်းစွာ လေ့လာခြင်းအား ပံ့ပိုးပေးကာ၊ ဆောင်ပုဒ်များကို ပိုမိုနားလည်ရန် ဆိုင်ရာကျမ်းချက်များ၊ ထုတ်ဖော်အနက်ဖွင့်ခြင်းနှင့် သရုပ်ဖော်ထားသောဆွေးနွေး ချက်များကို ပံ့ပိုးပေး၏။ ဤအပိုင်းတွင် သင်ခန်းစာနှင့် သက်ဆိုင်သော ကျမ်းဝေါဟာရ လေ့လာခြင်း သို့မဟုတ် ထုတ်ဖော်အနက် ဖွင့်ခြင်းတို့ရှိ၏။ ဆွေးနွေးချက်ဦးတည်မှု၊ သက်ဆိုင်သော ဥပမာများနှင့် စဉ်းစားရန် မေးခွန်းများလည်း ပါရှိနိုင် ပါသည်။

**၃။ လက်တွေ့အသုံးချခြင်းသည်** ဆရာကိုင်စာအုပ်တွင်သင်ခန်းစာတိုင်း၏နောက်ဆုံးကန့်ဖြစ်၏။ ဤတွင်အနက်ဖွင့်ကျမ်းပါ သင်ခန်းစာများကိုအသက်တာတွင်မည်သို့အသုံးပြုရမည်ကိုပြသည်။ ဆွေးနွေးရန်၊ သင်ကြားသမျှ၏အနှစ်ချုပ်၊သို့မဟုတ်သင်ခန်းစာနှင့်ဆက်စပ်သည့် သက်သေခံချက်များကို ထည့်သွင်း တတ်၏။

**နောက်ဆုံးအတွေး။** အထက်ပါဖော်ပြချက်များသည် သင်ခန်းစာရှင်းပြရန် ရရှိနိုင်သော ဖြစ်နိုင်ခြေများစွာထဲမှ အကြံပြုချက်မျှသာဖြစ်ပြီး၊ ၎င်း၏နယ်ပယ်တွင် ဤမျှနှင့်ကန့်သတ်ဖို့ရန်မရည်ရွယ်ပါ။ သင်ကြားခြင်းသည် ငြီးငွေ့ဖွယ်ကောင်းသော၊ ထပ်ခါထပ်ခါဖြစ်သော၊ (သို့) စိတ်ကူးမှန်းဆသော အယူအဆအဖြစ်မျိုး မဖြစ်သင့်ပါ။ ကောင်းသောဥပုသ်စာဖြေသင်ကြားခြင်းသည် ကျမ်းစာအခြေပြု၊ ခရစ်တော်ကိုဗဟိုပြု၊ ယုံကြည်ခြင်းကိုခိုင်ခံ့စေပြီး မိတ်သဟာယကိုတည်ဆောက်ခြင်းမျိုးသာဖြစ်သင့်၏။



# ထွက်မြောက်ခြင်း၊ ဂတိပြည်သို့ခရီးနှင်ခြင်း

ထွက်မြောက်ရာကျမ်းမှာ ဖော်ပြထားသော ဘုရားရှင်သည် ချိန်းချက်သော အချိန် အတွက် မေတ္တာရှင်ဖြစ်၍၊ သူ၏ လူများထံသို့ ကယ်တင်ခြင်းတရားနှင့် လွတ်မြောက် ခြင်းကိုယူဆောင်၏။ ကမ္ဘာ ၁၅း ၁၂ –၁၆။ အဲဂုတ္တုပြည်မှ ထွက်ခွာကာ၊ ပင်လယ်နီအား ဖြတ်ကျော်ရခြင်းသည် ဘုရားရှင်၏ လုပ်ဆောင်ချက်တွင် အလွန်အရေးပါသောအချက် ဖြစ်ပါသည်။ လက်ဝါးကပ်တိုင် မတိုင်မီ ဤထက်ကြီးမားကျော်ဇောသော အဖြစ်မျိုး ရာဇဝင်တွင် မရှိခဲ့ပါ။ ဤသည်မှာ မောရှေအားဖြင့် ပေးသော ဧဝံဂေလိတရားပေတည်း။

ဘုရားရှင်သည် နောက်ဆုတ်ဖောက်ပြန်လေ့ရှိသော ဟေဗြဲလူမျိုးတို့အား အံ့ဘွယ်ကောင်းလောက်အောင် ကွယ်ကာဆောင်မပြခဲ့လေသည်။ ဘုရားရှင်၏ ကျေးဇူတော် သည် ၎င်းတို့၏ သိနားလည်ခြင်းနှင့် ခံစားချက်တို့ထက် သာလွန်လေ၏။ ကိုယ်တော် သည် မိမိလက်အား ဆန့်တန်းလျက် သူ၏လူများအား လွတ်မြောက်စေလေ၏။ ဤသည်ပင် အစဉ်အလာ မဟုတ်သော လုပ်ဆောင်ခြင်းဖြစ်လေသည်၊ ဘုရားရှင်၏ မမျှော်လင့် ဘဲကြားဝင်ခြင်းသည် ဘုရားရှင်နှင့် ခရီးစနှင်ခြင်း၊ အဲဂုတ္တုပြည်မှ ခါနာန်ပြည်သို့ ခရီးသွားခြင်း ဖြစ်လေသည်။

ထွက်မြောက်ရာခရီးတွင် မောရှေသည် အဓိကဇာတ်ဆောင် ဖြစ်သော်လည်း၊ ဤစာအုပ်သည် မောရှေအကြောင်းမဟုတ်ဘဲ၊  မေတ္တာရှင်၊ သမ္မာတရား၊ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် အပြစ်ဖြေလွတ် ခြင်းအတွက် လက်ဝါးကပ်တိုင်သို့သွားခဲ့သော ဘုရားရှင် အကြောင်းသာဖြစ်လေသည်။ ထွက်မြောက်ရာကျမ်းအား လေ့လာခြင်းဖြင့် ပြိုင်ဘက်ကင်းသော ကျွန်ုပ်တို့၏ဘုရားရှင်၏ ဖြစ်တည်ခြင်းကို တွေ့ရပါလိမ့် မည်။

သူသည် မည်သည့်ပုံသဏ္ဍာန် ရှိပါသနည်း။ သူသည် သစ္စာမဲ့သော မိမိလူတို့ကိုပင် လျှင် သစ္စာထား သောဘုရား ဖြစ်လေသည်။ ၎င်းတို့မှ ပုန်ကန်နေပေလေ့စေ၊ သူသည် ၎င်းတို့အတွက် အမြဲတစေ ဖြစ်နေ သည်။ ထပ်ခါတလဲလဲ မေတ္တာဂရုဏာ ပြသကာ၊ အားပေးထောက်မခြင်း၊ သွန်သင်ဆုံးမခြင်းနှင့် လမ်းညွှန်ခြင်း ပြုလေ့ရှိသည်။ အကောင်းဆုံးသော လမ်းခရီးသို့ ပို့ဆောင်လျက်၊ ၎င်းတို့၏မေတ္တာစေတနာအလျောက်၊  ဘုရား၏ ကျင့်စဉ်များအား မြတ်နိုးကာ၊ ယုံကြည်ကိုးစားခြင်းသည် ၎င်းတို့၏ ကိုယ်ကျိုးပင် ဖြစ်၏။

မောရှေ၏ဘုရားသည် မိဿဟာယဘုရားပင်ဖြစ်၏။ ဘုရားရှင်၏ အဓိက ရည်ရွယ်ချက်မှာ တခုခု ပြည့်စုံစေရန်ငှင်း၊ လုပ်ငန်းစဉ်တခုပြီးဆုံးရန် စသည်တို့မဟုတ်ပါ၊ အဓိက ရည်ရွယ်ချက်ကြီးမှာ ဣသရေလနှင့် အဓိပ္ပယ်ရှိသော မိဿဟာယဖွဲ့ရန်ပင် ဖြစ်လေ သည်။ သူ၏ ရွေးချယ်ထားသောလူမျိုးတို့နှင့်နက်ရှိုင်းသော မိဿဟာယရှိရန် သိနာတောင်သို့ ခေါ်ဆောင်လေ သည်။

ရှင်ပေါလုသည်၊ လွန်ခဲ့သောအချိန်တွင် ဘုရား၏လူများအပေါ်ဖြစ်ပြက်ခဲ့သော ငှင်းတို့ပြုလုပ်သော အမှားများမှ ယခုကျွနုပ်တို့သည် သင်ခန်းစာယူနိုင်ရန်နှင့် ကိုယ်တော်အား သစ္စာရှိစွာ လိုက်ရန်ဖြစ်သည်။ "ထိုအကြောင်းအရာတို့သည်ပုံသက်သေ ဖြစ်အံ့သောငှါ ထိုသူတို့၌ ရောက်ကြ၏။ ကပ်ကာလအဆုံးတွင် ဖြစ်သော ငါတို့အား ဆုံးမ စရာအဘို့ ကျမ်းစာ၌ ရေးသားလျက်ရှိသတည်း၊" ၁ကော ၁၀း၁၁။ လွန်ခဲ့သော ဤအဖြစ်အပျက်တို့သည် မမေ့ကောင်းသော သတိပေးခြင်းနှင့် သွန်သင်ခြင်းဖြစ်လေ၏။ အချိန်အခါ အခြေအနေ ကွာခြားခြင်း မရှိဘဲ၊ အခြေခံနိယမ မကွာခြားလှပါသဖြင့် ဖတ်ရှုလေ့လာ၍ သင်ခန်းစာ ယူရပါမည်။

ဤတဆယ့်သုံးပတ်အတွင်း ထွက်မြောက်ရာကျမ်းအား ဖောက်ထွင်းမြင်နိုင်စေရန် လေ့လာရမည် ဖြစ်သည်။ ငှင်းစာအုပ်အား ဥပုသ်အပတ်စဉ် လွယ်ကူစွာလေ့လာနိုင်ရန် ခေါင်းစဉ်တပ်၍ ခွဲခြမ်းထားပါသည်။ (၁)အီဂျစ်ပြည်တွင် ကျွန်ခံခြင်း၊ မောရှေမွေးဖွားခြင်းနှင့် သူ၏ အသက်တာ အဦးပိုင်း နှစ် ၄၀၊ *(ထွက် ၁ -၂)*။ (၂) မောရှေအား တာဝန်အပ်နှင်းခြင်း *(ထွက် ၃-၄)*။ (၃) အသက်တာ ပိုမိုရှုပ်ထွေးစေသောအရာ၊ *(ထွက် ၅-၆)*။ (၄) ပထမပိုင်း ကပ်ဘေးဒါဏ် ကိုးပါး၊ (ထွက်၊ ၇-၁၀)။ (၅) ဒသမဘေးဒါဏ်နှင့် ပဿခါပွဲကျင်းပခြင်း *(ထွက် ၁၁-၁၂)*။ (၆) အီဂျစ်ပြည်မှ လွတ်မြောက်ခြင်းနှင့် ပင်လယ်နီမှ အတွေ့အကြုံများ *(ထွက် ၁၃-၁၅)*။ (၇) သိနာတောင်သို့ခရီးနှင်ခြင်း *(ထွက် ၁၆-၁၈)*။ (၈) ပဋိညာဉ်ပြုခြင်းနှင့် ပညတ်တော် အပ်နှင်းခြင်း *(ထွက် ၁၉-၂၀)*။ (၉) ပညတ်တော် အား လက်တွေ့အသုံးပြုခြင်း *(ထွက် ၂၁-၂၃)*။ (၁၀) ပဋိညာဉ် အတည် ပြုခြင်းနှင့် တဲတော်ပုံစံကြမ်း အတည်ပြုခြင်း *(ထွက် ၂၄-၃၁)*။ (၁၁) ရွှေနွားသငယ်ရုပ်ဖြင့် ဖေါက်ပြန်ခြင်းနှင့် မောရှေကြားဝင်ခြင်း။ *(ထွက် ၃၂)*။ (၁၂) ဘုရားသခင်ပေါ်လာခြင်းနှင့် မောရှေမျက်နှာအရေထွန်းပခြင်း *(ထွက် ၃၃-၃၄)*။ (၁၃) တဲတော်တည်ဆောက်ခြင်း နှင့် အနုမောဒနာ ပြုခြင်း *(ထွက် ၃၅-၄၀)* တို့ဖြစ်သည်။

ဥပုသ်အပတ်စဉ်တိုင်း ဖော်ပြထားသောအခန်းများမှ အဖြစ်ပျက်များအား မျက်မှောက်ပြုကာ လေ့လာ ကြရပါမည်။

ကျေးဇူးတော်အစုံ ငါတို့၏ဘုရားရှင် ကောင်းချီးပေးခြင်းဖြင့် ဤအချက်အချာ ကျသောစာအုပ်အား လေ့လာနေရင်း ဘုရားရှင်သည် သူ၏လူများအား ကျေးကျွန်ဘဝ မှသည် လွတ်မြောက်ခြင်းသို့ငှင်း၊ မရဏာ နိုင်ငံမှသည် ထာဝရကာလသို့ငှင်း၊ သဲကန္တာရ မှသည် ဂျေရုရှာလင်မြို့သစ်သို့ငှင်း ပို့ဆောင်တော်မူပါစေသော *(ဟေဗြဲ ၁၂း၂၂)*။

ဂျိုရိုမောစ်ကာလာသည် မမွဲယောင်းကျမ်း အနက်ဖွင့်ငြိကာနှင့် ဘာသာလေ့လာရေး ပါမောက္ခ နှင့် အင်းဒရူးတက္ကသိုလ် ဓမ္မကျမ်းစာကျောင်း ဘာသာရေးဆိုင်ရာ ပါမောက္ခ ဖြစ်သည်။

**သင်ခန်းစာ – ၁** *ဇွန်လ ၂၈ – ဇူလိုင်လ ၄

# ဖိနှိပ်ခြင်း၊ နောက်ကြောင်းနှင့် မောရှေမွေးဖွားခြင်း



## ဥပုသ်နေ့မွန်းလွဲပိုင်း

**မတ်ရန်ကျမ်းချက်များ။** ထွက် ၁း၁ – ၂၂။ ကမ္ဘာ ၃၇း၂၆ – ၂၈၊ ကမ္ဘာ ၃၉း၂၊ ၂၁၊ တမန် ၇း၆၊ ဂလာ ၃း၁၆၊ ၁၇။ ထွက် ၂း၁ – ၂၃။

**အလွတ်ကျမ်းချက်။** **"ကာလအင်တန်ကြာပြီးမှ၊ အဲဂုတ္တုရှင်ဘုရင် အနိစ္စရောက်လေ၏။ ဣသရေလ အမျိုးသားတို့လည်း အစေကျွန်ခံရသောကြောင့် ညည်းတွားငိုကြွေးကြ၏။ ထိုသို့ အစေကျွန်ခံ၍ငိုကြွေးသော အသံသည် ဘုရားသခင်ထံတော်သို့ တက်ရောက်လေ၏။ သူတို့ညည်းတွားမြည်တမ်းခြင်း အသံကို ဘုရားသခင်ကြားတော်မူလျှင်၊ အာဗြဟံ၊ ဣဇာက်၊ ယာကုပ်နှင့် ဖွဲ့ခဲ့ဘူးသောပဋိညာဉ်ကို အောက်မေ့တော်မူ၏။ ဘုရားသခင်သည်လည်း၊ ဣသရေလအမျိုးသားတို့ကို ကြည့်ရှု၍ သူတို့အမှုကို ဆင်ခြင်တော်မူ၏။"** (ထွက် ၂း၂၃ – ၂၅)

ထွက်မြောက်ရာကျမ်းသည် ဖိနှိပ်ခြင်းအကြောင်းကိုဖော်ပြသွားရာ၊ စွန့်ပစ်ခံရခြင်း၊ ညည်းဆဲခြင်း၊ စွန့်စားခြင်းနှင့် နိမ့်ချခြင်းတို့ကိုဖော်ပြသည်။ ထိုနည်းတူ ယနေ့ ပစ်ထားချန်လှပ်ခံရသူများ၊ ကျွန်ခံရသူများသည် ဟေဗြဲလူမျိုးများကို ကယ်တင်သော ထိုဘုရားကပင် ကယ်တင်မည်ဟု မျှော်လင့်စရာ ရှိကြပါသည်။

ထွက်မြောက်ရာကျမ်းသည် လူ့ဘဝနှင့်ဆိုင်သောတိုက်ပွဲများ၊ မတရားမှုများနှင့် ဘဝအသက်တာ စမ်းသပ်ခံရသူများအကြောင်းဖြစ်ပါသည်။ ဘုရားရှင်သည် ဒုက္ခခံစားနေရသော မိမိလူတို့အား မျက်နှာသာပေးကာ ကြားဝင်ပေးသဖြင့် လူသား အတွက် ခွန်အားရစရာ ဖြစ်ပါသည်။ ဖိနှိပ်ညည်းဆဲခံနေရသူများ၏ ညည်းညူသံများကို ကြားကာ၊ ၎င်းတို့၏ရုန်းကန်မှုများ၊ မျက်ရည်များနှင့်ခံစားရမှုများအား မြင်တွေ့သဖြင့် ဝင်ရောက် ကူညီတော်မူ၏။

ထာဝရဘုရားသည် သူ့ကိုအားကိုးသော သူတို့ကို လွတ်မြောက်စေရန် လက်ဦးမှု ယူထားသည်။ သူကမ်းလှမ်းသည်ကို ယုံကြည်ခြင်းဖြင့် လက်ခံရုံပင်ဖြစ်သည်။ ထို့ကြောင့် ယေရှု ပြုလုပ်ပေးထားသော အရာများကိုဖော်ပြသော ထွက်မြောက်ရာကျမ်း ကို လေ့လာကြရမည်ဖြစ်သည်။ ယေရှုအား၎င်း ယေရှုမှ ထိန်းသိမ်းပေးသော အရာများ ကို၎င်း ယုံကြည်ခြင်းဖြင့် ရွေးနုတ်ခြင်းနှင့် နောက်ဆုံးတွင် ကယ်တင်ခြင်း ပင် ဖြစ်သည်။

ကသောင်းကနင်းဖြစ်ချိန် မှောင်မိုက်နေချိန်တွင်မိမိမျက်စိကိုထာဝရဘုရား အပေါ် တွင်သာထားကြပါက သူ၏မျက်မှောက်တွင် နေရရုံမက သူသည်လည်း "ထာဝရ ကတိတော်ပြည်" သို့ ခေါ်ဆောင်သွားမည် ဖြစ်သည်။

* ဇူလိုင်လ ၅ ရက်၊ ဥပုသ်နေ့အတွက် ပြင်ဆင်ဖို့ရန် ယခုအပတ် သင်ခန်းစာကို လေ့လာပါ။

**တနင်္ဂနွေနေ့** ဇွန်လ ၂၉ ရက်

## အဲဂုတ္တုပြည်ရှိထာဝရဘုရား၏လူများ

ထွက်မြောက်ရာကျမ်း စာအုပ်၏ရှေးဦးမှတ်တမ်းတွင် အစပြုသောစာလုံးအရ ဟေဗြဲဘာသာဖြင့် "*ရှေမှတ်*" ဖြစ်၍ မြန်မာဘာသာဖြင့် "နာမည်များ" ဟု အနက်ရှိသည်။ "ဤနာမည်များ" ဟူ၍ အစပြုသည်။ ရှေးဘိုးဘေးများဖြစ်ကြသော ယာကုပ်၏ အမျိုးစဉ်ဆက်တို့၏ နာမည်များကို အစဉ်လိုက်ဖော်ပြထားပါသည်။

**ဖတ်ပါ – ထွက် ၁း၁ – ၇။ မည်သည့် သမ္မာတရားပင် ပါရှိနေသနည်း။**

ထွက်မြောက်ရာကျမ်း စာအုပ်သည် ထာဝရဘုရား၏ ကောင်းချီးမင်္ဂလာကို အမှတ်ရစေခြင်းဖြင့် စတင်သည်။ ဘိုးဘေးယာကုပ်နှင့် မိသားစုတို့သည် အီဂျစ်ပြည်တွင် ခြေချစဉ်ခါတွင် လူ ၇၀ သာ ဖြစ်သည် *(ကမ္ဘာ ၄၆း ၂၇။ ထွက် ၁း ၅)*။ သို့သော် ဣသရေလတို့သည် "အလွန်တိုးပွားများပြားသဖြင့် အလွန်အားကြီး၍ တစ်ပြည်လုံး ပြန့်နှံ့ကြလေသည်" *(ထွက် ၁း၇)* ဆို၏။ ထွက်မြောက်ချိန်တွင် "မိန်းမနှင့် သူငယ်မဆိုဘဲ ယောကျ်ားအရေအတွက်အားဖြင့် ခြောက်သိန်းခန့်မျှ ရှိသည်" *(ထွက် ၁၂း ၃၇)* ဆို၏။

**ဖတ်ပါ – ထွက် ၁း၈ – ၁၁။ ထွက်မြောက်ခြင်းအချိန်တွင် ဣသရေလတို့သည် မည်သည့် အခြေအနေ ရှိသနည်း။**

ကျမ်းစာသည် ဣသရေလ၏ ရာဇဝင်တွင် အီဂျစ်ပြည်၌ နေထိုင်ရသော အချိန်ကို အနက်ရောင်ဖြင့် ချယ်သထားသည်။ ထွက်မြောက်ခြင်း စာအုပ်သည်လည်း အီဂျစ်ပြည်သားတို့၏ ပြစ်ဒဏ်ပေးခြင်းကဲ့သို့ ဖိနှိပ်ခြင်းကျွန်ခံရခြင်းဖြင့် စတင်သည်။ ထွက်မြောက်ခြင်းစာအုပ်သည် ထာဝရဘုရား၏ ငြိမ်သက်ခြင်းနှင့် ကိန်းဝပ်ခြင်း တည်းဟူသော တဲတော်သည် ဣသရေလ၏ စခန်းအလယ်ဗဟိုတွင်တည်ရှိ သည် *(ထွက် ၄၀)*။ ထိုအစွန်းနှစ်ခုတို့၏အကြားတွင် ထာဝရဘုရား၏အောင်နိုင်ခြင်း ဖြစ်ပေါ်သည်။ ကိုယ်တော်သည်ကျေးကျွန်ဘဝမှလွှတ်ပေး၍ ပင်လယ်နီးအား ဖွင့်ဟကာ မိမိ၏ရန်သူတည်းဟူသော မဟာအင်အားကြီးတပ်မတော်၏ ဆိုးယုတ်ခြင်းအား အနိုင်ယူခြင်းကို ဖော်ပြထားသည်။

ထိုရာဇဝင်တွင် ဝိရောဓိဖြစ်သည့်အရာတစ်ခုသည် "*ဖိနှိပ်ခံရလေလေ တိုးပွားလေလေ*" *(ထွက် ၁း၁၂)* ဖြစ်၏။ လူသားတို့၏ ပူပေါင်းပါဝင်ခြင်း လုံးဝမရှိဘဲ ထာဝရဘုရား၏ အာဏာသည် အမြင့်ဆုံးပင် ဖြစ်သ ဖြင့် လူ့အမြင်တွင် သူ၏လူတို့သည် မျှော်လင့်ခြင်းပင် ကင်းမဲ့သကဲ့သို့ ဖြစ်သော်လည်း သူသည် ကယ်တင် လိမ့်မည်။

**ယောသပ်အား မသိရှိသော ဘုရင်အသစ်တစ်ပါး တက်လာလေသည်။ ကျွန်ုပ်တို့၏ အခြေအနေ သည် ကောင်းနေသည်ဟု ယူဆနေခြင်း မပြုအပ်ကြောင်း မည်သို့အသိပေးသနည်း။**

## သမိုင်းနောက်ခံ

ယာကုပ်မိသားစုသည် ခါနန်ပြည်တွင် အစာခေါင်းပါးခြင်းကြုံခဲ့ပြီး အီဂျစ်ပြည်သို့ ရောက်လာကြရာ *(ကမ္ဘာ ၄၆)* အီဂျစ်ဘုရင်သည်လည်း ယောသပ်သည် အီဂျစ်ပြည် အတွက်ပြုခဲ့သော အရာများကြောင့် လိုက်လျောပူဇော်မှုရှိခဲ့သည်။ ဖါရောဘုရင်သည် "တစ်ဖန်ကြည့်ပါ။ အဲဂုတ္တုပြည်တစ်ပြည်လုံးကို သင်အုပ်စိုးစေခြင်းငှါ ငါခန့် ထားပြီဟု ယောသပ်အား မိန့်တော်မူလျက်လက်စွပ်တော်ကိုချွတ်၍ ယောသပ်၏ လက်၌စွပ်စေ တော်မူ၏။ ပိတ်ချောအဝတ်ကိုလည်း ဝတ်စေ၍ လည်ပင်း၌ ရွှေစလွယ်ကို ဆွဲပြီးလျှင်၊ ဒုတိယ ရထားတော်ကို စီးစေတော်မူ၏။ ပျပ်ဝပ်၍နေကြဟု သူ့ရှေ့မှာ ဟစ်ကြ၏။ ထိုသို့ အဲဂုတ္တုပြည် တစ်ပြည်လုံးကို အုပ်စိုးစေတော်မူ၏" *(ကမ္ဘာ ၄၁း၄၁ – ၄၃)*။

**အဲဂုတ္တုပြည်တွင် ယောသပ်၏ အံ့ဘွယ်အောင်မြင်ခြင်း ကြမ်းတမ်းသော အခက်အခဲတို့ဖြင့် စတင်ရခြင်း ၏ သော့ချက်သည်အဘယ်နည်း** ***(ကမ္ဘာ ၃၇း၂၆ – ၂၈နှင့်ကမ္ဘာ ၃၉း၂၊ ၂၁)*** **။**

ယောသပ်ဝတ္ထု၏နောက်ခံသမိုင်းဖြစ်ရန် ယုတ္တိအရှိဆုံးသည် ယောသပ်ကိုမသိ သော ရှင်ဘုရင်အသစ် (ထွက် ၁း၈) သည် အာမုစ် (၁၅၇၀ – ၁၅၄၆ ဘီစီ) ဖြစ်သည်။ သူ့ အားဆက်ခံသူသည် ပထမ အမင့်ဟိုတက်ပ် (၁၅၄၆ – ၁၅၂၅ ဘီစီ) ဖြစ်၍၊ ဣသရေလ တို့အားကြောက်ရွံ့ ခြင်းဖြင့် စတင်ဖိနှိပ်သူဖြစ်၏။ နောက်ပိုင်းတွင် သွပ်မုစ် ပထမ (၁၅၂၅ – ၁၅၁၂ ဘီစီ) သည် ဟေဗြဲသူငယ်များအားလုံးအား သေဒဏ်ပေးသောသူ ဖြစ်သည်။ ၄င်း၏သမီး ဟတ်ရှပ်စွတ် (၁၅၀၃ – ၁၄၈၂ ဘီစီ) သည် မောရှေ အား သား တော်အဖြစ် မွေးစားသူ ဘုရင့်သမီးဖြစ်သည်။ ဖါရော သွပ်မုစ် တတိယ (၁၅၀၄ – ၁၄၅၀ ဘီစီ) သည် ဟတ်ရှပ်စွတ်နှင့် အချိန်ပိုင်း ဂုဏ်အသရေရှိသော သူ နှင့် ထွက်မြောက်ချိန် တွင် ဖာရောဘုရင်ကြီးဖြစ်သည်။

ထွက်မြောက်ချိန်ကို အနီးစပ်ဆုံး တွက်ကြည့်ရာတွင် ၁၄၅၀ ဘီစီ မတ်လ အတွင်း ဖြစ်သည်။ ဝီလျံအိမ်ချ်ရှဲ ၏ နိုင်ငံတကာစံချိန်မီ ကျမ်းစာစွယ်စုံကျမ်းများ၊ ဂျီးဖရေး ဘရွမ်း လေ တည်းဖြတ်သော အတွဲ ၂ တွင် စာ၊ ၂၃၀ – ၂၃၈ "ထွက်မြောက်ခြင်းနေ့ရက်" ကို ဖတ်ပါ။ ထွက်မြောက်ချိန်ကို သိရှိနိုင်ရန် အောက်ပါ ကျမ်းချက်တို့ကိုဖတ်ပါ။ ကမ္ဘာ ၁၅း၁၃ – ၁၆၊ ထွက် ၁၂း၄၀၊ ၄၁။ သူကြီး ၁၁း၂၆၊ ၃ ဓမ္မ ၆း၁၊ တ ၇း၆၊ ဂလ ၃း၁၆၊ ၁၇။

ထွက်မြောက်ရာကျမ်း အခန်း ၁ သည် ယောသပ်အချိန် ခမည်းတော်ယာကုပ် နှင့် မိသားစုတို့သည် အီဂျစ်သို့ ရောက်သွားခြင်းမှ အစပြုကာ ဖာရောဘုရင်၏ သူ ငယ်များ သေဒဏ်တိုင်အောင် အချိန်ကြာမြင့်စွာကြာညောင်းသည်။ ကျွန်သပေါက် ဖြစ်ရသော အချိန်ကိုတစ်ချို့မှငြင်းခုံနေသည့်တိုင် အရေးကြီးသည်မှာ တိုင်းတပါး နိုင်ငံတွင် ကျွန် သပေါက်ဖြစ်ရသော်လည်း ထာဝရဘုရားမှ မေ့မထားကြောင်းဖြစ်၏။

အီဂျစ်တွင် နေထိုင်ခဲ့သော ဟေဗြဲလူတို့၏အကြောင်း လျှို့ဝှက်ချက်များစွာရှိသေး သော်လည်း ထာဝရဘုရား၏ ဝိသေသလက္ခဏာတော်သည် ဤစာအုပ် စာမျက်နှာ တွင် မက သမ္မာကျမ်းစာ တစ်ခုလုံးတွင်ပင် တောက်ပလင်းထိန်နေသည်။ အရာခပ် သိမ်း ဆိုးယုတ်နေသော်လည်း ထာဝရဘုရားရှိနေ သောကြောင့် မိမိ အခြေအနေ မည် သို့ပင်မကောင်းသော်လည်း သူ့ကိုယုံကြည်စိတ်ချနိုင်သည်ကို သိရှိကြပါသည်။

## ဟောဖြဲ ဝမ်းဆွဲ ဆရာမများ

ကမ္ဘာဦးကျမ်း၏ ကောက်ချက်များကို အရင်နားမလည်ဘဲ ထွက်မြောက်ရာကျမ်းကိုလည်း နားမလည်နိုင်ပါ။ ဂျူးလူတို့သည် အီဂျစ်ပြည်သို့ ရောက်သွားပြီး ချမ်းသာကြွယ်ဝခဲ့သော အချိန်လွန်သွားသောအခါ ကျွန်သပေါက် ဖြစ်လိုက်ကြရပြန်သည်။ ထာဝရဘုရားသည် သူ့လူများကို စွန့်ပစ်သည်ဟု ရံဖန်ရံခါ ထင်ရသော်လည်း အမှန်တော့ မစွန့်ပစ်ပါ။ ဟောဖြဲလူတို့သည်လည်း မိမိတို့၏အတင်းအကြပ်ကြောင့် စိတ်ပျက်မည်မှာ သေချာလှ၏။ သို့သော် ထိုပရိဒေဝသောကအချိန်တွင်ပင် ဘုရားသခင်သည် လက်တော်ဖြင့်ပင် ကူမ တော်မူသည်။ ထိုကြောင့်ပင် "အမှုရောက်သည်ကာလ၌ ငါ့ကိုပဌနာပြုလော့။ ငါသည် ကယ်လွှတ်မည်။ သင် သည်လည်း ငါ့ကို ချီးမွမ်းလိမ့်မည်" *(ဆာ၊ ၅၀း ၁၅)* ဟု ခွန်အားပေးထားပါသည်။

**ဖတ်ပါ – ထွက် ၁း၉ – ၂၁။ သစ္စာရှိသော ဝမ်းဆွဲဆရာမတို့သည် မည်သည့် လုပ်ရပ်များကို လုပ်သဖြင့် ရာဇဝင်တွင်ရပါသနည်း။**

ထွက်မြောက်ရာကျမ်းတွင် မည်သည့် ဖာရောဘုရင်ကိုမှ နာမည်အရင်း မပေးထားပါ။ *ရှင်ဘုရင်*အနက်ရှိ *ဖာရော*ဖြင့်သာ သမုတ်ထားပါသည်။ အီဂျစ်လူတို့သည် ဖာရောဟူသည် မြေကြီး၏ ဘုရင် ရာ ဘုရား (သို့) *အိုစီရီစ် ဟိုရာစ်*၏သားတော် ဟု ယုံကြည်ကြသည်။ *ရာ* ဘုရားသည် အီဂျစ်တို့၏ အထွဋ်အမြတ်ထားသော နေ ဘုရား၏ သားတော်ဟု ယုံကြည်ကြသည်။

အလွန်တန်ခိုးကြီးပါသည် ဆိုသည့် ထို "*ဘုရား*" သည် ဝမ်းဆွဲဆရာမတို့၏ ယုံကြည်ထင်မြင်ခြင်းကို မတားဆီးနိုင်ပါ။ ဖာရောဘုရင်များအား နာမည် မဖော်ပြသည့်တိုင် ဝမ်းဆွဲဆရာမနှစ်ဦးတို့၏ နာမည်ကို ဖော်ပြထားရာ၊ ၎င်းတို့သည် *ရှိဖရ* နှင့် *ပုအာ (ထွက် ၁း၁၅)* တို့ဖြစ်သည်။ သူတို့သည် ထာဝရဘုရားကို ရိုသေကြောက်ရွံ့သဖြင့် မြတ်နိုးလေးစားခံရသည်။ လောကအစိုးရ၏ အမိန့်ထက် ထာဝရဘုရားရှင်အားပို ကြောက်ရွံ့သဖြင့် ဖာရော၏ ဆိုးယုတ်သောအမိန့်သည် သူတို့အား သက်ရောက်မှု မပြုနိုင်ပါ *(တမန် ၅း ၂၉)*။ သို့သော်လည်း ထာဝရဘုရားသည် လူမျိုးကြီးဖြစ်စေခြင်းဖြင့် ကောင်းကြီးပေး၏။ သစ္စာစောင့်သိခြင်း၏ သက်သေသာဓက ပင်ဖြစ်လေ၏။ ထိုမိန်းမတို့သည် ဘာသာတရားအသိပင် နည်းသော်ငြားလည်း အမှန်တရားကို သိ၍ မှန်ကန်သော လုပ်ရပ်ကိုပင် ရွေးချယ်တတ်သေး၏။

ဖာရောဘုရင်သည် သူ့အမိန့် မအောင်မြင်သည်ကို သိသောအခါ ဟေဗြဲသားယောက်ျား မွေးဖွား သမျှကို သတ်စေရန် အမိန့်ထုတ်ပြန်သည်။ နိုင်းမြစ်ဘုရားနှင့် ဖွံ့ဖြိုးခြင်း ဘုရား*ဟာပီ*အား ယဇ်ပူဇော်ခြင်းအနေဖြင့် နိုင်းမြစ်ထဲသို့ပစ်ချရသည်။ ဂျူးလူမျိုးတို့သည် ဂျူးဖြစ်ခြင်းကြောင့် သေဒဏ်ကျခံရသည်မှာ ယခုသည် ပထမအကြိမ်ဖြစ်၏။ သေဒဏ်အမိန့်၏ လိုရင်းသည် ဟေဗြဲတို့အား အောင်နိုင်ခြင်း ယောက်ျား သားတို့အား ချေမုန်းခြင်းနှင့် မိန်းမသားတို့ကို အီဂျစ်လူမျိုးထဲတွင် သိမ်းသွင်းခြင်းဖြင့် ဟေဗြဲလူတို့သည် အီဂျစ်လူမျိုးအပေါ်ပြုနိုင်မည့် အရာကို ဟန့်တားလိုက် ခြင်း ဖြစ်သည်။

**ဝမ်းဆွဲဆရာမတို့သည် မှန်ကန်သော ဆုံးဖြတ်ခြင်းဖြင့် ပြုလုပ်သွားခဲ့သည်။ ကျွန်ုပ်တို့အတွက် ထင်ရှားသောမည်သည့် သတင်းစကားရှိသနည်း။**

**ဗုဒ္ဓဟူးနေ့** ဇူလိုင်လ ၂ ရက်

## မောရှေမွေးဖွားခြင်း

**ဖတ်ပါ – ထွက် ၂း၁ – ၁၀။ မောရှေ၏မွေးဖွားခြင်းဝတ္ထုတွင် ထာဝရဘုရားသည် မည်သည့် စီမံခြင်းနှင့် ကွယ်ကာခြင်းပြုလုပ်သနည်း။**

မောရှေသည် အီဂျစ်၏မင်းဆက် ၁၈ ခုမြောက်အချိန်အတွင်း မွေးဖွားခဲ့ခြင်းနှင့် သူ့အသက်တာ၏ သမိုင်းနောက်ခံသည် အလွန်ရင်ဖိုဘွယ်ဖြစ်၏။ ထိုအခါက သွပ်မုစ်တတိယ၏ မင်းဆက်ဖြစ်၍ ထိုသူကို "အီဂျစ်၏နပိုလျန်" ဟုပင် သမုတ်ထားရာ အလွန်ထင်ရှားသော ရှေးဖာရောတစ်ပါးဖြစ်ခဲ့သည်။

မွေးမွေးခြင်းသေဒဏ်ပေးထားချိန်တွင် *(ထွက် ၁း၂၂)* မောရှေသည် "အထူး" သားတော် *(ဟေဗြဲ "တောပ်" ထွက်၊ ၂း၂တွင် "ကောင်းသော ")* အဖြစ် မွေးဖွားခဲ့သည်။ ဟေဗြဲဘာသာသည်အပြင်ပန်းထက် မက ဖော်ပြနေသည်။ ဤစကားလုံးကို ဖန်ဆင်းခြင်း ရက်သတ္တပတ်တွင် အရာအားလုံး "*ကောင်းသည်*" ဟုငှင်း "*အလွန်ကောင်းသည်*" ဟုငှင်း မိန့်တော်မူခဲ့သော ထာဝရဘုရား၏ ဝိသေသကိုဖော်ပြသည် (ကမ္ဘာ ၁း၄၊ ၁၀၊ ၃၁)။

ထာဝရဘုရား၏ အလိုတော်အတိုင်း အသစ်ဖန်ဆင်းထားသော ဤ "သူငယ်" သည်၊ ကြီးလာသော အခါတွင်လည်း ဟေဗြဲလူတို့ကို ကျွန်ဘဝမှကယ်တင်မည့် ခေါင်းဆောင် ဖြစ်လာသည်။ အန္တရယ်များသော အချိန်တွင် မွေးဖွားခဲ့သည် ဖြစ်ရာ သူ၏ အနာဂတ်ကို မည်သူမြင်နိုင်ပါ့မည်နည်း။ မည်သို့ဆိုစေ ထာဝရဘုရား သည် အာဗြာဟံ၊ ဣဇာက် နှင့် ယာကုပ်တို့အပေါ် မိမိစကားကို ပြည့်စုံစေလိမ့်မည်။ သူတို့၏ အမျိုးအနွယ်တို့ အား ကတိပြည်ကို ပေးမည်ဟု ပဋိညာဉ် ပြုထားသည် *(ထွက် ၂း၂၄၊ ၂၅)*။ ဤ "တောပ်" သူငယ်လေးကို နောက် ဆယ်စုနှစ်အတွင်းပင် အသုံးပြုခဲ့လေသည်။

နောက်ပိုင်းတွင် အီဂျစ်မင်းသမီး *ဟတ်ရှပ်စွတ်* သည် မောရှေအား မိမိသားကဲ့သို့ မွေးစားသည်။ ထို နာမည် "မောရှေ" သည် အီဂျစ်လူတို့၏နာမည် "သားတော်ဖွားမြင်" ဟု အနက်ရှိ၍ "အာမုစ်" (*အာဂ်*၏သားတော်) (သို့) "သွတ်မုစ် " (*သွတ်*၏သားတော်) စသဖြင့်ဖြစ်သည်။ သူ၏နာမည်သည် ဟေဗြဲဘာသာဖြင့် "မောရှေ့" အနက် "ဆွဲထုတ်" ဖြစ်လာသည်။ သူ၏ဘဝသည် မြစ်ရေထဲမှ "ဆွဲထုတ် " ခြင်းဖြင့် ချမ်းသာရသည်။

သူ၏ သူငယ်ဘဝအကြောင်း အနည်းငယ်သာ သိရသည်။ အံ့အားသင့်ဘွယ် *ဟတ်ရှပ်စွတ်*၏ ကယ်တင်ခြင်း ခံရပြီး မိမိ မိသားစုအရင်းနှင့် အတူ ၁၂ နှစ် နေထိုင်ခဲ့ရသည် *(ထွက် ၂း၇ – ၉။ အီးဂျီဝိုက်။ ရှေးဘိုးဘေးများနှင့် ပရောဖက်များ။ စာ၊ ၂၄၄)*။ ထိုနောက် မောရှေသည် အီဂျစ်၏ နောက်ဖာရောတစ်ပါး ဖြစ်စေရန် အီဂျစ်၏ အမြင့်ဆုံးအတန်းပညာကို သင်ယူခဲ့ရသည် *(ရှေးဘိုးဘေးများနှင့် ပရောဖက်များ။ စာ၊ ၂၄၅)*။ ဤမျှမြင့်မားသော အတန်းပညာတို့သည် ထာဝရဘုရားနှင့် သူ၏ သမ္မာတရားဖြင့် တွေ့ဆုံသောအခါ အနတ္တသက် သက် ဖြစ်သွားရ၏။

**အမှန်တစ်ကယ် အရေးပါသော အရာတို့အတွက် သင်ကြားရသော ပညာတို့သည် အနတ္တသက်သက် ဖြစ်ရသည်ကို သင်မည်သို့သိရသနည်း။**

## အစီအစဉ်များပြောင်းလဲခြင်း

**ဖတ်ပါ – ထွက် ၂း၁၁ – ၂၅။ မောရှေ၏ အသက်တာကို မည်သည့်အဖြစ်အပျက်မှ ပြောင်းလဲပေး လိုက် သနည်း။ ထိုဝတ္ထုမှ မည်သည့် သင်ခန်းစာရနိုင်သနည်း။**

မောရှေသည် မည်သို့ ပြုရမည်နည်း။ အီဂျစ်နန်းတော် သာယာမှုတို့၏ ဆွဲဆောင်ခြင်းကို သူသည်မည်သို့ စွန့်လွှတ်ကာ မိမိတိုက်ခိုက်ရန် အသင့်ပြင်ထားသော လူမျိုးတို့နှင့်အတူ အခက်အခဲတွေ ခံစားရမည် လော။ အဖြစ်အပျက်တို့ကြောင့် အတင်းအကြပ် ဆုံးဖြတ်ချက်ချရမည် ဖြစ်သည်။ "ထိုသတင်းကို ဖာရော ကြားသောအခါ မောရှေကို သတ်ရန် ရှာကြံလေ၏။ မောရှေသည် ဖာရောထံမှ ထွက်ပြေး၍ မိဒျန်ပြည်သို့ ရောက် လျှင် ရေတွင်းနားမှာ ထိုင်၍နားနေလေ၏" *(ထွက် ၂း၁၅)*။

လူသတ်ခဲ့သော မောရှေသည် အီဂျစ်ပြည်တွင် ဆက်လက်နေထိုင်ခြင်းကို ရွေးချယ်၍မရတော့ပါ။ အီဂျစ်နန်းတော်သို့ တက်၍ "ဘုရား" ဖြစ်ရမည့် အစီအစဉ်တို့ သည် လျင်မြန်စွာ အဆုံးသတ်သွားလေတော့၏။ မိမိကိုယ်တိုင် *မှားယွင်းသောဘုရား* ဖြစ်ရမည့်အစား မှန်ကန်သောဘုရား၏ အမှုတော်ကိုပင် ထမ်းလို၏။ သူထွက်ပြေးရသော အချိန် တွင် မောရှေသည် သူ၏ အနာဂတ်ကို မည်သို့မျှ မတွေးမိနိုင်ပါ။

"မောရှေသည် အီဂျစ်လူအား သတ်ခဲ့သည့် သတင်းကို ပုံကြီးချဲ့လျက် နိုင်ငံတစ်ဝှမ်း ပြန့်နှံ့သွား၍ ဖာရောနားသို့ ပေါက်သွားလေတော့သည်။ မောရှေသည် အီဂျစ်လူများအားဆန့်ကျင်ရန် အစီအစဉ်ဖြင့် သူ့လူတို့ကို ဦးဆောင်၍အစိုးရအားဖြုတ်ချကာ မိမိသည် ရာဇပလ္လင်ပေါ်တက်မည့် အကြံရှိသဖြင့် သူအသက်ရှင်သမျှ ကာလ နိုင်ငံတော်တွင် လုံခြုံမှုမရှိကြောင်း ရှင်ဘုရင်အား တင်ပြကြသည်။ ဇကေရာဇ်မင်းသည် ထိုသူသေ ရမည်ဟု ချက်ခြင်း ဆုံးဖြတ်သဖြင့် မောရှေသည်လည်း မိမိအသက်အတွက် အာရေဗျ သို့ပြေးရတော့သည်" *(အီးဂျီဝှိုက်။ ရှေးဘိုးဘေးများနှင့် ပရောဖက်များ။ စာ၊ ၂၄၇)*။

မောရှေသည် နှစ် ၁၂၀ ရှင်ခဲ့ရာ (တရား၊ ၃၄း ၇) သူ့အသက်တာကို နှစ် ၄၀ စီ သုံးပိုင်း ပိုင်းနိုင်သည်။ ပထမ နှစ် ၄၀ အတွင်း အီဂျစ်၏ တော်ဝင်နန်းတော်တွင် နေထိုင်သည်။ ဒုတိယ နှစ် ၄၀ တို့ကို မိဒျန်နယ်ရှိ ယေသရော ၏အိမ်တွင် နေထိုင်သည်။

နောက်ဆုံး နှစ် ၄၀ တွင် သူ၏ ပထမစာအုပ် ငါးအုပ်ကို ပြုစုသောအချိန် နှင့် လောက၏ ရုပ်တုဆင်းတု များတွင် ယိန်းယိုင်နေသော ဣသရေလတို့အား ကမ္ဘာသို့ သက်သေခံရန် ခေါ်တော်မူခြင်းနှင့် မှန်ကန်သော ဘုရား၏ဝိသေသလက္ခဏာအား ဖော်ပြရန် ဖြစ်သည် *(တရား၊ ၄း၆ – ၈)*။

**အီဂျစ်လူအား မောရှေသည် သတ်ဖြတ်သည်မှာ ထာဝရဘုရား အစီအစဉ်လော။ မဟုတ်ပါကလည်း မိမိ၏ အခြေအနေကို သူသည် ကွပ်ကဲ၍ အလိုတော် ပြည့်စုံရန်ပင် အသုံးပြုနိုင်ကြောင်း မည်သို့ သွန်သင်သနည်း။ ရောမ ၈း ၂၈ သည် ထို သမ္မာတရားကို သိကျွမ်းရန် မည်သို့မစနိုင် သနည်း။**

**ထပ်မံစဉ်စားရန်** – အီးဂျီဝှိုက်၊ ရှေးဘိုးဘေးများနှင့် ပရောဖက်များ၊ "မောရှေ" ၂၄၁ – ၂၅၁ ဖတ်ပါ။ ယခုအပတ်၏ သင်ခန်းစာတွင် လေးနက်သော အမြင်များ ပေးနိုင်လိမ့်မည်။

"သမ္မာကျမ်းစာသည် ထိုဝမ်းဆွဲတို့သည် ထာဝရဘုရားကို ကြောက်ရွံ့၍ အဲဂုတ္တုရှင်ဘုရင် မိန့်တော် မူသည်အတိုင်း မပြု၊ ယောက်ျားတို့ကို အသက်ချမ်းသာပေးကြ၏" *(ထွက် ၁:၁၇)* ဟူ၏။ အီးဂျီဝှိုက်သည် ထို ဝမ်းဆွဲတို့၏ သစ္စာစောင့်သိခြင်းကို မေရှိယ မြော်လင့်ခြင်း ကဲ့သို့ "ဟေဗြဲသားငယ်တို့အား သတ်ဖြတ်နိုင်ရန် မိန်းမများအား အမိန့်တော်များ ထုတ်ဆင့်ထားသည်။ ဤအမှုတွင် စာတန်သည် လှုံ့ဆော်သူ ဖြစ်သည်။ သူ သည် ကာလသရေလတွင် ကယ်တင်သူတစ်ဦး ပေါ်လာမည်ကို သိနှင့်သဖြင့် ကောင်းကင်၏ အလိုတော်အား ဖျက်ဆီးပစ်ရန် ရှင်ဘုရင်မှ သူငယ်များကို ဖျက်ဆီးစေသည်။ သို့သော် မိန်းမတို့သည် ထာဝရဘုရားအား ကြောက်ရွံ့သဖြင့် ရက်စက်သော ထိုအမိန့်တော်အား နာမခံခဲ့ကြပါ။ ထာဝရဘုရားသည် ထိုသူတို့၏ လမ်းစဉ်ကို ခွင့်ပြုကာ ရှေ့ဆက်စေသည်" *(အီးဂျီဝှိုက်၊ ရှေးဘိုးဘေးများနှင့် ပရောဖက်များ၊ ၂၄၂)*။

ဤအမှုတွင် သတင်းကောင်းသည် စာတန်စီစဉ်သမျှအား ထာဝရဘုရားက ကွပ်ကဲ၍ သစ္စာရှိသော လူတို့ကို အသုံးပြုကာ ရန်သူကို ရှုပ်ထွေးစေသည်။ ယေရှုသည် "လောကကို အစိုးရသောမင်း" *(ဖတ် ၂း၂။ ယော ၁၄း၃၀)* ဟုသမုတ်ထားသော ရန်သူ၏နိုင်ငံတွင် ကျွန်ုပ်တို့ နေထိုင်ရသည်။ ဤနေရာကို စာတန် သည် အာဒံထံမှ လုယူထားသည်ဖြစ်ရာ ယေရှုခရစ်သည် ကပ်တိုင်ပေါ်တွင်မိမိအသေခံခြင်းဖြင့် သူ့အား အောင်နိုင်ခဲ့သည် *(မဿဲ ၄း၁ – ၁၁။ ယော ၁၉း၃၀။ ဟေဗြဲ ၂း၁၄)*။ ယခုတွင် စာတန်သည် အသက် ထင်ရှားနေသေး၍ ထိုသူငယ်များအား သတ်နိုင်ခဲ့သော်လည်း သူကိုယ်တိုင်၏ ပျက်ဆီးခြင်းသည် ကျိန်းသေ နေပြီး ဖြစ်သည် *(ယော ၁၂း၃၁။ ၁၆း၁၁။ ဗျာ ၂၀း၉၊ ၁၀၊ ၁၄)*။ သတင်းကောင်းကတော့ အသက်တာ၏ ခက်ခဲသောအရာများကို ထာဝရဘုရား၏ ကျေးဇူးတော်ဖြင့် အောင်နိုင်သည် *(ဖိ ၄း၁၃)*။ ထိုကျေးဇူးတော် သည် တစ်ခုတည်းသော ကျွန်ုပ်တို့၏မြော်လင့်ခြင်း ဖြစ်၏။

**ဆွေးနွေးရန်မေးခွန်းများ** –

**၁** ဟေဗြဲလူတို့သည် အီဂျစ်တွင် နှိပ်စက်ခံရန် ထာဝရဘုရားသည် အဘယ့်ကြောင့် ခွင့်ပြုသနည်း။ ထိုသူတို့အတွက် ကြားဝင်ရန် အဘယ့်ကြောင့် ကြန့်ကြာရသနည်း။ လူသည် မိမိအသက်ရှင်နေသမျှ ခံစားရသည်ကိုလည်း အောက်မေ့ပါ။ လူတစ်မျိုးလုံး ခံစားရသည်မှာ ကြန့်ကြာ၍ ကိုယ်စီခံစားရသည်မှာ မိမိ အသက်ရှင်နေချိန်ပင် ဖြစ်သည်။ လူတို့၏ယေဘုယျခံစားရခြင်းကို သိကျွမ်းနိုင်ရန် ဤကွာဟခြင်းကို ချပြရခြင်းသည် အဘယ့်ကြောင့် အရေးကြီးနိုင်သနည်း။

**၂** အီဂျစ်လူအား သတ်ဖြတ်ခြင်းဖြင့် မောရှေ ဝေါင်းပူထူနေသည်ကို ထာဝရဘုရားက အသုံးပြုသွားနိုင်သည်ကို တွေးတောပါ။ ထိုသို့မပြုခဲ့သည် ရှိသော် ဟေဗြဲလူသားတို့သည် အီဂျစ်ပြည်မှ မလွတ်မြောက်ရ တော့ဘူးလား။ ဝေဖန်ကြည့်ပါ။

# 'နေ့လယ်စာအတွက် ကြွက်မရှိတော့ပါ'

Andrew McChesney မှရေးသားသည်

ပီတာ ဆီယာမိကိုဘိုသည် ဇမ်ဘီယာနိုင်ငံရှိ တောင်တန်းရွာတစ်ရွာတွင် ကြွက်တူးရတာကို နှစ်သက်သည်။ ထိုကောင်လေးနှင့် သူ၏မိသားစုသည် ကြွက်များကို ပြောင်းဖုံး-ထမင်းဆုပ်နှင့်အတူ စားသောက်ကြသည်။ သူတို့သည် ဝက်သားနှင့်ဘူဘဲလ်ငါးများကို နှစ်သက် ကြသည်။ ခရစ္စမတ်ပွဲတွင် ဝက်သားသည် အမြဲတမ်း စားပွဲပေါ်တွင် ရှိနေတတ်သည်။ ဘူဘဲလ်ငါးသည် အရိုးမပါသော အသားကြောင့် လူကြိုက်များ၏။ ပီတာသည် သူ၏အကြိုက်ဆုံးအသားများကို သမ္မာကျမ်းစာက တားမြစ်ထားကြောင်း သိလိုက်ရချိန်တွင် အံ့သြစရာဖြစ်ခဲ့သည်။

သူသည် ညစ်ညူးသောအစာအကြောင်း ပထမဆုံးအကြိမ် ကြားသိခဲ့သည်မှာ သူ၏ မွေးရပ်မြို့မှ ၂၀ မိုင်ခန့် အကွာရှိအမေရိကန်ပြည်ထောင်စုမှ မြော်လင့်ခြင်း သာသနာပြုလုပ်ကိုင်နေသော လယ်ယာ အလုပ်လုပ်နေသည့် သူ၏အစ်ကို ကိုသွားရောက် လည်ပတ်စဉ် ဖြစ်သည်။ သူသည် ဥပုသ်နေ့ဝတ်ပြုပွဲများအတွက် ထိုနေရာတွင် နေထိုင်ခဲ့ပြီး ဟောပြောသူက ဝတ်ပြုရာ ၁၁ တွင် ဖော်ပြထားသော သန့်ရှင်းသော၊ ညစ်ညူးသော တိရစ္ဆာန်များ အကြောင်းဟောပြောခဲ့သည်။ ပီတာသည် သူနှင့်သူ၏မိသားစုသည် သမ္မာကျမ်းစာ၏ သွန်သင်ချက်နှင့်မကိုက်ညီသော အစားအသောက်များကို စားသောက်နေကြောင်း သိရှိခဲ့သည်။

ခဏကြာသောအခါ သာသနာပြုများသည် ပီတာ၏ မူလတန်းကျောင်းတွင် ဥပုသ်နေ့ နေ့လယ်ပိုင်းတွင် ဝတ်ပြုပွဲများ စတင်ကျင်းပခဲ့သည်။ ကျောင်းသို့ ၂ မိုင်ခန့် လမ်းလျှောက်ရ သော်လည်း ပီတာသည် ထိုအစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။ မိဘများက သူ့ကိုမသွားရန် တားမြစ်ခဲ့ပြီး၊ ငယ်စဉ်က နှစ်ခြင်းခံယူခဲ့ပြီးဖြစ်ကြောင်း သတိပေးခဲ့သည်။ ဖခင်က စနေနေ့များတွင် မိသားစုလယ်ယာတွင် အလုပ်လုပ်ရန် အမိန့်ပေးခဲ့သည်။ ပီတာသည် ဥပုသ်နေ့ နေ့လယ်ပိုင်းအစည်းအဝေးသို့သွားနိုင်ရန် နံနက်ပိုင်းတွင်အလုပ်များကို အလျင်အမြန်လုပ်ဆောင်ခဲ့၏။

အထက်တန်းကျောင်းတွင် ပီတာသည် မြော်လင့်ခြင်းမိသားစုမှသူငယ်ချင်းသစ်များရရှိခဲ့ပြီး၊ သူတို့နှင့်အတူ သမ္မာကျမ်းစာကိုလေ့လာကာ ယေရှုကို စိတ်နှလုံးမှလက်ခံပြီး နှစ်ခြင်းခံ ယူခဲ့သည်။ သူသည် ကြွက်၊ ဝက်သားနှင့် ဘူဘဲလ်ငါးများကို စားသောက်ခြင်းကို ရပ်တန့်ခဲ့သည်။

အချိန်ကြာလာသည်နှင့်အမျှ သူ၏မိဘများသည် သတ္တမနေ့ဥပုသ်ကို တန်ဖိုးထားလာ၏။ ညစ်ညူးသောအသားများကို အဘယ်ကြောင့် မစားသည်ကို နားလည်ခဲ့သည်။ အိမ်တွင်ရှိစဉ် ဥပုသ်နေ့တိုင်း မိဘများက သူ့ကိုဥပုသ်ကျောင်းအတန်းသို့ နောက်မကျရန် အားပေးခဲ့သည်။

ယနေ့တွင် ပီတာ၏မြို့၌ မြော်လင့်ခြင်းအသင်းတော်တစ်ခုရှိနေပြီ။ အသင်းတော်၏ သြဇာလွှမ်းမိုးမှုကြောင့် မြို့သူမြို့သားများစွာသည် ညစ်ညူးသော အစားအစာများကို မစားတော့ချေ။

ပီတာသည် ကလေးဘဝတွင် ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်မှုနှင့် သူ၏ အစားအသောက်ဖြင့် ဘုရားသခင့် ဘုန်းတော်၏အရေးပါမှုကို သင်ယူခဲ့ရသည့်အတွက် ကျေးဇူးတင်မိ၏။ အကြောင်းမှာ ၁ကော ၁၀း၃၁ တွင် "သင်တို့သည်စားသော်၎င်း၊ သောက်သော်၎င်း၊ မည်သည့် အမှုကို ပြုသော်၎င်း၊ ဘုရားသခင်၏ ဘုန်းတော်ကို ထောက်၍ ခပ်သိမ်းသောအမှုကိစ္စကို ပြုကြလော့" ဟု ဖော်ပြထားသောကြောင့် ဖြစ်သည်။

ပီတာသည် ဇမ်ဘီယာနိုင်ငံရှိ ရူစန်ဂူ မြော်လင့်ခြင်း အထက်တန်းကျောင်းတွင် အသင်းတော်အကြီးအကဲနှင့်လူမှုသိပ္ပံဌာန၏ အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်သည်။

ဇမ်ဘီယာနှင့် တောင်အာဖရိက–အိန္ဒိယသမုဒ္ဒရာဒေသရှိ အခြားနိုင်ငံများတွင် ဧဝံဂေလိတရားကို ကြွေးကြော်နိုင်ရန် ဆုတောင်းပေးပါ။ ထိုဒေသသို့ ဤသုံးလပတ်၏ဆယ့်သုံးဥပုသ်နေ့အလှူငွေများကို ပို့ပေးပါမည်။

## အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်

**အစီကာကျမ်းချက်။** ထွက်မြောက်ရာ ၂း၂၃ – ၂၅

**လေ့လာမှုဦးတည်ချက်။** ထွက်မြောက်ရာကျမ်း ၁း၁ – ၂း၂၅

**နိဒါန်း –** ဤပထမသင်ခန်းစာသည် အဲဂုတ္တုပြည်၌ ဘုရားသခင်၏လူမျိုးတော်၏ ရှည်လျားသော သမိုင်းကို အကျဉ်းချုပ်ဖော်ပြထားသည်။ ၎င်းသည် ယောသပ်၏ခေတ်မှစတင်ကာ ဣသရေလလူမျိုးတို့၏ ကြီးမားသော ချမ်းသာမှုကို ခံစားခဲ့ရသည့်အချိန်မှ၊ ယောက်ျားကလေးများ အားလုံးကို သတ်ပစ်ရန် အမိန့်ပေးခဲ့သော ရက်စက်ကြမ်းကြုတ်သည့် ဖာရောဘုရင်၏ ကျွန်ခံရမှုအထိ ဖြစ်သည်။ သို့သော် မကောင်းသောအင်အားစုများက သူ၏ လူမျိုးတော်ကို ဖျက်ဆီးရန် ကြိုးစားသောအခါ ဘုရားသခင်သည် လက်ပိုက်ကြည့်မနေပါ။ သူသည် ၎င်းတို့၏ ကယ်တင်ရှင်ဖြစ်တော်မူသည်။ ထို့ကြောင့် သူသည် ကယ်တင်သူ တစ်ဦးဖြစ်သော သူ၏ကျွန် မောရှေကို စေလွှတ်ခဲ့သည်။ သူသည် မွေးဖွားစဉ်က အံ့ဖွယ်အကာအကွယ်ရရှိခဲ့ပြီး၊ ထိုအဖြစ်အပျက်က သူ့ကို ဖာရောဘုရင်၏ မိသားစုတွင် မွေးစားသားအဖြစ် ထူးကဲစွာ ပါဝင်ခွင့်ရစေခဲ့သည်။ မောရှေဘဝ၏ ပထမ ၄၀ နှစ်သည် အကောင်းဆုံးပညာရေးကို ရရှိခဲ့သည်ဖြစ်ပြီး၊ ဦးစွာ သူ၏မိခင်ထံမှ၊ ထို့နောက် အဲဂုတ္တုတက္ကသိုလ်တွင် သင်ယူခွင့်ရခဲ့သည်။ သူသည် အဲဂုတ္တုရာဇပလ္လင်ပေါ်တွင် ထိုင်ရန်နှင့် မဟာခေါင်းဆောင်တစ်ဦး ဖြစ်လာရန် လေ့ကျင့်သင်ကြားခံခဲ့ရသော်လည်း၊ မောရှေသည် သူ၏အမှားများနှင့် ဘုရား သခင်၏ ကြွယ်ဝသောကရုဏာတော်ကြောင့် ယေသယော၏ အိမ်ထောင်စုသို့ ရောက်ရှိသွားခဲ့ရသည်။ ထိုနေရာ၌ သူသည် အိမ်ထောင်ပြုပြီး သိုးထိန်းတစ်ဦးသာ ဖြစ်လာခဲ့သည်။

**သင်ခန်းစာ၏ဆိုလိုရင်း –**

၁။ ဘုရားသခင်၏ ကတိတော်များ ပြည့်စုံခြင်းနှင့် ချမ်းသာကြွယ်ဝမှု၏ ကောင်းချီးများကို ဂုဏ်ပြုသင့်သည်။ ကျေးဇူးတင်သောစိတ်နှလုံးများသည် ဘုရားသခင်၏ မေတ္တာနှင့် ဂရုစိုက်မှုကို ၎င်းတို့၏ဘဝတွင် အသိအမှတ်ပြုကြပြီး၊ ချမ်းသာမှုနှင့် အောင်မြင်မှုကို ပေးသနား တော်မူရန် ဝင်ရောက်စွက်ဖက်ပြီး ကောင်းချီးပေးသူမှာ ဘုရားသခင်ဖြစ်ကြောင်းဝန်ခံကြသည်။ သို့သော် သတိမထားမိပါက၊ ကျွန်ုပ်တို့၏ ချမ်းသာကြွယ်ဝမှုအတွက် တာဝန်ရှိသူမှာ ကျွန်ုပ်တို့၏ အောင်မြင်မှုများ မဟုတ်ဘဲ ဘုရားသခင်ဖြစ်ကြောင်းကို အလွယ်တကူ မေ့လျော့သွားနိုင်သည်။ ကျွန်ုပ်တို့ပိုင်ဆိုင်သမျှသည် နောက်ဆုံးတွင် ဘုရားသခင် ပိုင်ဆိုင်ကြောင်းကို မေ့လျော့ခြင်းသည် အချို့သော သူများကို မနာလိုမှုဖြင့် လွှမ်းမိုးခံရစေကာ၊ ဘုရားသခင်က အခြားသူများကို ကယ်တင်ရန် ၎င်းတို့မှတစ်ဆင့် ဆောင်ရွက်လိုသော ကောင်းသောအမှုကို ထိန်းချုပ်ပြီး ဖျက်ဆီးလိုစိတ် ပေါ်ပေါက်စေနိုင်သည်။

၂။ ဆုတောင်း ချက် များ တွင် မတူညီ သော လုပ်ဆောင်ချက် များ ရှိ သည်။ ၎င်း တို့ သည်

ကျွန်ုပ်တို့ အပေါ် သခင်ဘုရား၏ကောင်းမြတ်မှု နှင့် ကြင်နာမှု အတွက် သူ့ကို ချီးမွမ်း ရန် သာမက၊ အကူအညီလိုအပ်နေသော ဒုက္ခရာရှိသူ၊ ဖိနှိပ်ခံရသူ၊ စိတ်ပျက်အားငယ်သူ နှင့် ညှင်းပန်းခံရသူများ၏ တောင်းပန်ချက်များ—အော်ဟစ်သံများလည်း ဖြစ်သည်။ မကောင်းသော သူများက အခြားသူများ၏ အခွင့်အရေးများကို ချိုးဖောက်နိုင်သော်လည်း၊ ထိုသို့ထိခိုက်နစ်နာ သူများကိုကူညီပေးမည်ဟု ဘုရားသခင်ကကတိပြုထား၏။

၃။ ကောင်းသောသတင်းမှာ ဘုရားသခင်၏ကရုဏာတော်၊ ရှေ့တော်တွင် ရပ်တည်ပေးမှု၊ နှင့် ဝင်ရောက်စွက်ဖက်မှုကို စိတ်အားထက်သန်စွာ အော်ဟစ်တောင်းဆိုသံများကို သူ ကြားတော်မူသည်။ ကျွန်ုပ်တို့၏ ရုန်းကန်မှုများကို မြင်တော်မူ၍၊ ကျွန်ုပ်တို့၏ မျက်ရည် များကို သိမှတ်တော်မူ၏၊ ကျွန်ုပ်တို့၏ နာကျင်မှုကို နားလည်တော်မူ၍၊ ကျွန်ုပ်တို့၏ ညည်းတွားသံများကို တုံ့ပြန်တော်မူသည်။

၄။ ဖိနှိပ်ခံရသူ၊ ညှဉ်းပန်းနှိပ်စက်ခံရသူ၊ အမြတ်ထုတ်ခံရသူ နှင့် ကျဉ်ဖယ်ထား ခံရသူ အားလုံးသည် ထွက်မြောက်ရာကျမ်းမှ ဖြစ်ရပ်များနှင့် ဆက်စပ်ခံစားနိုင်သည်။ ဤ သမိုင်းဝင် ဖြစ်ရပ်များမှတစ်ဆင့် ၎င်းတို့သည် တစ်ယောက်တည်း မဟုတ်ကြောင်း သင်ယူကြသည်။ သူ၏ အသံတိတ်နေသည်ဟု ထင်ရသော်လည်း ဘုရားသခင်သည် ၎င်းတို့နှင့်အတူ ရှိတော်မူသည်။ သူ၏ မမြင်ရသော ရှေ့တော်တွင်ရှိနေမှုနှင့် သမ္မာ ကျမ်းစာ၏ ကတိတော်များသည် အတွင်းစိတ်အေးချမ်းမှုနှင့် ကယ်တင်ခြင်း၏ အာမခံ ချက်ကို ပေးရန် ရှာဖွေသည်။

၅။ ဘုရားသခင်သည် အာဗြဟံ၊ ဣဇာက် နှင့် ယာကုပ်တို့နှင့် သူ၏ ပဋိညာဉ်တော်ကို အောက်မေ့တော်မူသည်။ သူသည် သစ္စာတည်၏။ သူကတိပြုသမျှကို ပြည့်စုံစေတော် မူသည်။ ဘုရားသခင်သည် သူ၏သတ်မှတ်ချိန်၌ ကြားဝင်အမှုပြုတော်မူ၏။ ဘုရား သခင်၏ အချိန်သည် အကန့်အသတ်ရှိသော လူ့ဆန္ဒများ၊ မျှော်လင့်ချက်များနှင့် မကြာခဏ ဆန့်ကျင်ဘက်ဖြစ်တတ်သည်။

## အပိုင်း ၂။ အနက်ဖွင့်ကျမ်း

ထွက်မြောက်ရာကျမ်းသည် မောရှေအကြောင်းမဟုတ်၊ အဓိကအားဖြင့် မောရှေနှင့် ဣသရေလလူမျိုး၏ ဘဝတွင် ဘုရားသခင်၏ ခေါင်းဆောင်မှုအကြောင်း ဖြစ်သည်။ ထွက်မြောက်ရာကျမ်းသည် ယာကုပ်၏မိသားစုအပေါ် ဘုရားသခင်၏ ကောင်းချီးများ ပုံရိပ် ဖြင့် စတင်သည်။ ၎င်းတို့သည် ယောသပ်နောက်သို့ အဲဂုတ္တုသို့ လိုက်သွားစဉ် ၇၀ ဦးသာ ရှိခဲ့ သော်လည်း၊ ဘုရားသခင်က အာဗြဟံအား ပေးခဲ့သော ကတိတော်အတိုင်း (က ၁၅း၅)၊ ၎င်းတို့သည် အလွန်များပြားလာခဲ့ကြသည် (ထွက် ၁း၇)။

သို့သော် ဣသရေလ၏ ချမ်းသာမှုသည် ပြဿနာတစ်ခုအဖြစ်သို့ ပြောင်းလဲသွား သည်။ အီဂျစ်ဖာရောဘုရင်အသစ်သည် ဣသရေလကို မနာလိုဖြစ်ပြီး ကြောက်လာသဖြင့် ၎င်းတို့ကို အလုပ်ကြမ်း၊ ဖိနှိပ်မှုဖြင့် ကျွန်ခံစေသည်။ သမိုင်းအရ ဤ ဖြစ်ရပ်များသည် အီဂျစ်

၏ ဆယ်ရှစ်ဆက်မြောက်မင်းဆက်၏အကြောင်းနှင့် အံ့ဝင်ဂွင်အကျဆုံးဖြစ်နိုင်သည်။ ထို အချိန်တွင် ဟစ်ဆော့စ်မင်းဆက်သစ်၏ အုပ်ချုပ်မှုစတင်ခဲ့သည်။ ၎င်း၏ ပထမဆုံးဘုရင် အမို့စ် (ဘီစီ ၁၅၈၀ – ၁၅၄၆) သည် ယောသပ်၏ အောင်မြင်မှုများကို အသိအမှတ်မပြုခဲ့သူ (ထွက် ၁း၈) အဖြစ် မှတ်ယူနိုင်ပြီး ဣသရေလလူမျိုးများကို ကျွန်ခံစေခဲ့သည်။ ဘုရားသခင် ၏လူတို့၏ အခြေအနေသည် အီဂျစ်တွင် ချမ်းသာပြီး လွတ်လပ်စွာနေထိုင်ခွင့်ရှိမှုမှ ခက် ထန်သောသခင်များ၏ ကျွန်ခံမှုအောက်သို့ လျင်မြန်စွာ ဆုတ်ယုတ်သွားရရှာသည် (ထွက် ၁း၁၁၊ ၁၃၊ ၁၄)။ ဤသိသာထင်ရှားသော ပြောင်းလဲမှုနောက်ကွယ်မှ ဘုရင်မှာ အမန်ဟို တပ် ၁ (ဘီစီ ၁၅၅၃ – ၁၅၃၂) ဖြစ်သည်။ သို့သော် ဣသရေလလူမျိုးများ ဖိနှိပ်ခံရလေလေ၊ ၎င်းတို့၏ လူဦးရေ တိုးပွားလာလေလေဖြစ်သည် (ထွက် ၁း၁၂)။ ဘုရားသခင်၏လူများကို အလုပ်ကြမ်းဖြင့် နှိမ်နင်းရန် ဖာရိုအပေါ် ဖိအားများ တိုးလာခဲ့သည်။

ဖာရိုများ၏ ရက်စက်မှုနှင့် ဖိနှိပ်မှုသည် သုမို့စ် ၁ (ဘီစီ ၁၅၃၂ – ၁၅၁၄) ၏ ရက်စက် သော အုပ်ချုပ်မှုအတွင်း အထွတ်အထိပ်သို့ ရောက်ရှိခဲ့သည်။ ၎င်းသည် ဟေဗြဲအမျိုးသား ကလေးများ အားလုံးကို သတ်ရန် သေဒဏ်အမိန့်ကို ကရုဏာမဲ့စွာ ထုတ်ပြန်ခဲ့သည် (ထွက် ၁း၂၂)။ အကယ်၍ ထွက်မြောက်ရာဖြစ်ရပ်သည် ဘီစီ ၁၄၅၀ မတ်လတွင် ဖြစ်ပွားခဲ့သည်ဟု ကျွန်ုပ်တို့ ထောက်ခံသည့်ရက်စွဲအရ ဆိုပါက၊ မောရှေသည် ထိုမတိုင်မီ ၈၀ နှစ်က မွေးဖွား ခဲ့ သည်ဖြစ်ရာ ဘီစီ ၁၅၃၀ တွင် ဖြစ်ပြီး၊ ၎င်းသည် သုမို့စ် ၁ ၏ အုပ်ချုပ်မှုကာလဖြစ်သည်။ သုမို့စ် ၁ တွင် သမီးတစ်ဦးရှိခဲ့ပြီး ၎င်းသည် ဘုရင်မ ဟတ်ရှပ်ဆု (ဘီစီ ၁၅၀၄ – ၁၄၈၂) ဖြစ်လာခဲ့သည်။ ဟတ်ရှပ်ဆုသည် မောရှေကို မွေးစားခဲ့ပြီး "မောရှေ"ဟူသောအမည်ကို ပေးခဲ့သည်။ ဟတ်ရှပ်ဆုသည် မောရှေ မိဒျန်တွင် ရှိနေစဉ် ကွယ်လွန်ခဲ့သည်။ ဟတ်ရှပ်ဆု၏ ခင်ပွန်း သုမို့စ် ၂ (ဘီစီ ၁၅၀၈ – ၁၅၀၄) တွင် မယားငယ်မှ သားတစ်ဦးဖြစ်သည့် သုမို့စ် ၃ (ဘီစီ ၁၅၀၄ – ၁၄၅၀) ရှိခဲ့ပြီး၊ ၎င်းသည် ထွက်မြောက်ရာဖြစ်ရပ်၏ ဖာရိုဖြစ်သည်။ ဖာရို အမန်ဟိုတပ် ၂ (ဘီစီ ၁၄၅၃ – ၁၄၂၅) သည် သုမို့စ် ၃ ၏ သားဦးမဟုတ်ဘဲ၊ ဖခင်ဖြစ်သူနှင့် နှစ်နှစ်ကျော် ပူးတွဲအုပ်ချုပ်ခဲ့ပြီး၊ ဆယ်ခုမြောက်ဘေးဒဏ်တွင် သားဦးအဖြစ် သေဆုံးခဲ့ သည့် သားတစ်ဦးရှိခဲ့သည်။ ဖာရိုသုမို့စ် ၄ (ဘီစီ ၁၄၂၅ – ၁၄၁၂) သည် အမန်ဟိုတပ် ၂ ၏ နန်းဆက်ခံသူဖြစ်ပြီး၊ စဖင့်ခ်စ် စတီလာ၏ စာသားအရ သားအကြီးဆုံးမဟုတ်ခဲ့ပေ။ ထို့ကြောင့် သမ္မာကျမ်းဆိုင်ရာ အချက်အလက်များကို သမ္မာကျမ်းပြင်ပသက်သေများနှင့် ညှိနှိုင်းနိုင်သည်။

မောရှေ၏ အီဂျစ်အမည်သည် ထိုခေတ်ကာလနှင့် ကောင်းစွာ ကိုက်ညီသည် (သုမို့စ် အမည်နှင့် ဆင်တူသည်) ဖြစ်၍ "မွေးဖွားခြင်း" သို့မဟုတ် "ဆွဲထုတ်ခြင်း" ဟု အဓိပ္ပာယ်ရ သည်။ ၎င်း၏ အမည်အပြည့်အစုံမှာ ဟာပီ – မို့စ် (Hapi သည် နိုင်းမြစ်၏ နတ်ဘုရား) ဖြစ် နိုင်သည်။ သို့သော် မောရှေသည် ဘုရားသခင်၏ မှုတ်သွင်းတော်မူခြင်းဖြင့် မိမိကိုယ်ကို ရည်ညွှန်းပြီး ရေးသားရာတွင် ၎င်း၏ အမည်မှ ဟာပီကို ဖယ်ထုတ်ခဲ့၏။ ၎င်းသည် နိုင်းမြစ်၏ နတ်ဘုရားနှင့် ဆက်စပ်မှုကို ငြင်းပယ်သည့် လက္ခဏာတစ်ရပ်ဖြစ်သည်။

မောရှေ၏မွေးဖွားခြင်း (ထွက် ၂း၁-၁၀) သည် ဣသရေလလူမျိုးတို့၏သမိုင်းတွင် အလှည့်အပြောင်းတစ်ခုဖြစ်၏။ ဘုရားသခင်၏လူများသည် ကျွန်ဘဝမှ လွတ်မြောက်ရန် ဆုတောင်းခဲ့ကြပြီး ၎င်းတို့၏စိတ်ဆင်းရဲဖွယ်အခြေအနေတွင် အကူအညီ တောင်းခံခဲ့ကြသည်။ ဘုရားသခင်သည် ၎င်းတို့၏ဆုတောင်းမှုများကို မောရှေ၏မွေးဖွားခြင်းဖြင့် ဖြေကြားပေးခဲ့သည်။ ဤအထူးအခြေအနေတွင် မောရှေ၏အသက်ကို ကာကွယ်ရန် ဘုရားသခင်၏ အံ့ဖွယ်ဝင်ရောက် စွက်ဖက်မှုသည် သူ၏မိဘများနှင့် သူ၏အစ်မ မိရံတို့နှင့် ပူးပေါင်း ဆောင်ရွက်မှုဖြင့်သာ ဖြစ်ပေါ် နိုင်ခဲ့သည်။ ထို့ကြောင့် ဘုရားသခင်သည် သူ၏ရည်ရွယ်ချက်နှင့် အကြံအစည် မြှင့်တင်ရန် လူသားများကိုအသုံးပြုတော်မူကြောင်း ကျွန်ုပ်တို့ သတိပြုမိသည်။

ဒုက္ခများနှင့် ကိုယ်ပိုင်ဆင်းရဲဒုက္ခများ၏ အမှောင်ထုအတွင်း၌ ကျွန်ုပ်တို့သည် ဘုရားသခင်ကို အာရုံစိုက်၍ ကြည့်ရှုပြီး သူ့ကို၊ သူ၏ဦးဆောင်မှုနှင့် သူ၏ ဉာဏ်ပညာကို ယုံကြည်ရမည်ဖြစ်သည်။ အကြောင်းမှာ သူသည် သူ၏ သားသမီးများကို ဘယ်သောအခါမှ စွန့်ပစ်မည် မဟုတ်ပေ။ ဖိနှိပ်မှုနှင့် ညှဉ်းဆဲမှုများကြားတွင် သူသည်၎င်းတို့နှင့်အတူရှိနေသည်။ သူသည် အလွဲသုံးစားခံရသူများနှင့် ဒဏ်ရာရသူများ၏ မျက်ရည်များကို သိသည်။ သူသည် ၎င်းတို့နှင့်အတူ ခံစားသည်။ ပရောဖက် ဟေရှာယသည် ဘုရားသခင်သည် ကျွန်ုပ်တို့၏ ဒုက္ခအားလုံးတွင် ဒုက္ခရောက်သည်ဟု သင့်လျော်စွာ ကြေညာခဲ့သည် (ဟေရှာယ ၆၃း၉)။ ကျွန်ုပ်တို့နှင့် သူ၏စည်းလုံးညီညွတ်မှုသည် ခိုင်မာပြီးပြန်လည်ရုပ်သိမ်းမရပေ။ ကျွန်ုပ်တို့၏ ဆင်းရဲဒုက္ခတွင် သူလည်း ဆင်းရဲ၏။ ကျွန်ုပ်တို့၏ ဒုက္ခရောက်မှုတွင် သူလည်း ဒုက္ခခံစားရ၏။ ကျွန်ုပ်တို့၏ နာကျင်မှုတွင် သူလည်း နာကျင်သည်။ သူသည် ဖြောင့်မတ်ခြင်းကြောင့် ညှဉ်းဆဲခံရသူများ၏ ဘက်တွင် ရှိသည် (မဿဲ ၅း၁၀)။ သူသည် သနားကြင်နာတတ်သော၊ ကျေးဇူးပြုတတ်သော သခင်ဖြစ်သည်။ သူသည် ကျွန်ုပ်တို့နှင့်အတူ စိတ်ရှည်သည်းခံပြီး၊ ကားတိုင်ပေါ်တွင် ကျွန်ုပ်တို့၏ ကယ်တင်ခြင်းကို ရရှိစေရန် ခံစားခဲ့သည်။ ဆန့်ကျင်ဘက်အားဖြင့် ဖိနှိပ်သူများ၊ အလွဲသုံးစားသူများနှင့် ချိုးဖောက်သူများသည် ဘုရားသခင်၏ အပြစ်ပေးခံရမှုနှင့် နောက်ဆုံး ပျက်စီးခြင်းကို ခံစားရမည်ဖြစ်သည်။ ဤအကြောင်းအရာတွင် အယ်လင်ဂျီဝိုက်၏ ထိုးထွင်းသိမြင်နိုင်သော စကားကို ကျွန်ုပ်တို့ သတိရစေရမည်- "အနာဂတ်ဘဝတွင် ဤနေရာ၌ ကျွန်ုပ်တို့ကို စိတ်အနှောင့်အယှက်ဖြစ်စေပြီး စိတ်ပျက်စေခဲ့သော လျှို့ဝှက်ချက်များကို ရှင်းလင်းပြပေမည်။ ကျွန်ုပ်တို့၏ ဖြေကြား မခံရသယောင် ထင်ရသော ဆုတောင်းချက်များနှင့် စိတ်ပျက်ဖွယ်မျှော်လင့်ချက်များသည် ကျွန်ုပ်တို့၏ အကြီးမြတ်ဆုံး ကောင်းချီးများထဲတွင် ပါဝင်ခဲ့ကြောင်း ကျွန်ုပ်တို့ မြင်ရပါလိမ့်မည်။"—The Ministry of Healing၊ စာမျက်နှာ ၄၇၄။

ရှိဖရာနှင့် ပူအာ ဟူသော သားဖွါးမယ်နှစ်ဦးသည် သစ္စာရှိမှု၏ စံနမူနာများဖြစ်သည်။ သူတို့သည် ဘုရားသခင်ကို ကြောက်ရွံ့သောကြောင့် ဖာရို၏ ဒေါသကို မကြောက်ရွံ့ခဲ့ကြ။ အသက်ရှင်သော ဘုရားသခင်အား ရိုသေလေးစားမှုက ၎င်းတို့အား လူ့အသက်ကို လေးစားရန် လမ်းညွှန် ခဲ့သည်။ သူတို့သည် ဟီဘရူး အမျိုးသား ကလေးများကို မွေးဖွား ချိန်

တွင် "မတော်တဆ" သတ်ဖြတ်ရန် ငြင်းဆန်ခဲ့သည်။ အသက်သည် ဘုရားသခင်ထံမှ လက်ဆောင်ဖြစ်ကြောင်း သူတို့သိရှိထားသောကြောင့် ဖာရို၏ အမိန့်များကို ပယ်ချခဲ့သည်။

သမ္မာကျမ်းစာတွင် မောရှေ၏ ဘ၀ ပထမ ၄၀ နှစ်အကြောင်းကို အများအပြား မဖော်ပြထားပေ (တ ၇း၂၃)၊ သို့သော် ဤထင်ရှားသော အသေးစိတ် အချက်များကိုသာ ဖော်ပြထားသည် - (၁) မောရှေသည် ဖာရောဘုရင့်သမီးတော်၏ သားဖြစ်လာခဲ့သည်။ (၂) အရွယ်ရောက်သောအခါ ဟေဗြဲတစ်ဦးကို ရိုက်နှက်နေသော အီဂျစ်လူတစ်ဦးကို သတ်ခဲ့သည်။ (၃) ဟေဗြဲအချင်းချင်း ရိုက်နှက်နေသည့် ဟေဗြဲလူတစ်ဦးနှင့် အငြင်းပွားခဲ့သည်။ (၄) ထို့နောက် မိဒျန်သို့ ထွက်ပြေးသွားပြီး ယဇ်ပုရောဟိတ် ယေသရော၏ အိမ်တွင် နေထိုင်ကာ သူ့သမီး ဇိပေါရနှင့်လက်ထပ်ခဲ့သည်။ (၅) ထို့နောက်သားတစ်ဦးဖြစ်သည့် ဂေရရှုံကိုရခဲ့သည်။

ဤအပတ်အတွက် သင်ခန်းစာ၏ အဓိကအချက်မှာ "ဘုရားသခင်သည် သူ၏ ပဋိညာဉ်ကို အောက်မေ့တော်မူသည်" ဟူသော စကားစုဖြစ်ပြီး၊ ၎င်းသည် အဓိက ကျမ်းပိုဒ်မှ ထုတ်နုတ်ထားခြင်းဖြစ်သည် - "ဘုရားသခင်သည် ၎င်းတို့၏ ညည်းတွားသံကို ကြားတော်မူ၍၊ ဘုရားသခင်သည် အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့နှင့် ပြုထားသော သူ၏ ပဋိညာဉ်ကို သတိရတော်မူသည်" (ထွက် ၂း၂၄)။ ဘုရားသခင်၏ ပဋိညာဉ်ကတိများအပေါ် သစ္စာရှိမှုသည် ဘုရားသခင်နှင့် သူ၏ လူများအကြား ဆက်ဆံရေးတွင် တည်ငြိမ်မှုကို ယူဆောင်လာသည်။ ကျွန်ုပ်တို့၏ သစ္စာမဲ့မှုများရှိသော်လည်း သူသည် သူ၏အပိုင်းကို ထိန်းသိမ်းသည်။ ဘုရားသခင်၏ ပဋိညာဉ်သည် ဘုရားသခင်နှင့် သူ၏ နောက်လိုက်များအကြား ဆက်ဆံရေးကို တရားဝင် တည်ထောင်ပေးသည်။

သို့သော် သူ၏ ပဋိညာဉ်ကတိသည် မပြည့်စုံသယောင်ရှိခဲ့သည်။ အကြောင်းမှာ သူ၏ လူများသည် ချမ်းသာမနေဘဲ ဆင်းရဲဒုက္ခခံစားနေရသောကြောင့်ဖြစ်သည်။ "ဘုရားသခင်သည် သူ၏ ပဋိညာဉ်ကို အောက်မေ့တော်မူသည်" ဟူသော စကားသည် ဘုရားသခင်၏ မှတ်ဉာဏ်လွတ်သွားသည် သို့မဟုတ် သူ၏ လူများကို မေ့လျော့သွားသည်ဟု မဆိုလိုပါ။ သူ၏ ကိုယ်ပိုင်သတ်မှတ်ချိန်တွင် ဘုရားသခင်သည် သူ၏ လူများအတွက် ဝင်ရောက်စွက်ဖက်တော်မူသည်။ ဘုရားသခင်သည် အာဗြဟံအား သူ၏နှုတ်ကပတ်တော်ဖြင့် ကြီးမြတ်သော လူမျိုးဖြစ်လာမည်ဟု ကတိပြုခဲ့သည်။ ထို့ကြောင့် ဤကတိကို ဖြည့်ဆည်းရန် ဘုရားသခင်သည် ဖိနှိပ်ခံရသူများကို လွတ်မြောက်ရန် ဝင်ရောက်လာသည်။ ဘုရားသခင်သည် အာဗြဟံ၏ သားစဉ်မြေးဆက်ကို ကောင်းချီးပေးမည်ဟု ကတိပြုခဲ့သောကြောင့် ဣသရေလကို ကယ်တင်ပေးသည်။

ဤနောက်ဆုံးနှစ်ပိုဒ်တွင်၊ ဘုရားသခင်အတွက် အီလိုဟိမ်း ဟူသော ဝေါဟာရသည် လေးကြိမ်ပေါ်ထွက်လာသည်။ အီလိုဟိမ်းသည် တန်ခိုးကြီးမားပြီး အင်အားကြီးသော ဘုရားဖြစ်ပြီး၊ လေးမျိုးသော လုပ်ဆောင်ချက်များနှင့် ဆက်စပ်၍ ဖော်ပြထားသည် - ဘုရားသခင်သည် "ကြားသည်" "သတိရသည်" "ကြည့်သည်" နှင့် "စိတ်ပူသည်" ဟူ၍ဖြစ်၏။ ဤကျမ်းပိုဒ်များသည် ဘုရားသခင်၏ အခြေအနေကို သိရှိမှု၊ သူ၏ ဂရုစိုက်မှု နှင့် သူ၏ လူများ

အတွက် လုပ်ဆောင်လိုသော ဆန္ဒကို မီးမောင်းထိုးပြသည်။ သူသည် သမိုင်းစီးဆင်းမှုကို ပြောင်းလဲမည်ဖြစ်သည်။ အကြောင်းမှာ သူ၏ ဝင်ရောက်စွက်ဖက်ရန် အချိန်ရောက်ရှိလာပြီ ဖြစ်သည်။ ဘုရားသခင်သည် သူ၏ ကရုဏာဖြင့် ဖိနှိပ်မှုကို ငြင်းပယ်ပြီး၊ သူ၏ နောက်လိုက်များအား လွတ်လပ်မှုကို ပေးမည်ဖြစ်သည်။ သို့မှသာ ၎င်းတို့သည် လွတ်လပ်မှု၏ လက်ဆောင်အတွက် ကျေးဇူးတင်စိတ်ဖြင့် ၎င်းတို့၏ ဘုရားသခင်ကို ဝတ်ပြုနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်၏ ကျေးဇူးတော်သည် အကြမ်းဖက်မှု၊ ဖိနှိပ်မှု နှင့် ကျွန်ခံမှု တို့ကို အောင်မြင်သည်။

## အပိုင်း ၃။ လက်တွေ့ အသုံးချခြင်း

၁။ လူတွေက မင်းကို လျစ်လျူရှုတဲ့အခါ၊ နာကျင်စေတဲ့အခါ၊ အသုံးချတဲ့အခါ၊ ဒါမှမဟုတ် ညှင်းပန်းနှိပ်စက်တဲ့အခါ မင်း ဘယ်လိုခံစားရပါသလဲ။ ဒီလို နက်နဲတဲ့ စိတ်ပျက်မှုတွေနဲ့ ဒုက္ခတွေက ဘဝမှာ အလားတူအတွေ့အကြုံတွေကို ဖြတ်သန်းနေရသူတွေနဲ့ မင်း စာနာနိုင်ဖို့ ကူညီပေးနိုင်တယ်။ ဒီလို ဒုက္ခရောက်နေတဲ့သူတွေကို မင်း ဘယ်လိုအကျိုးရှိရှိ အားပေးနိုင်မလဲ။ ဘဝရဲ့ စိတ်ပျက်စရာတွေအတွက် အကောင်းဆုံး ကုထုံးက ဘာလဲ။

၂။ မင်းရဲ့ အလုပ်ခွင် ဒါမှမဟုတ် ဘုရားကျောင်းမှာ အာဏာအလွဲသုံးမှုကို ဘယ်လိုအကျိုးရှိရှိ တုံ့ပြန်နိုင်မလဲ။

၃။ မောရှေ၏ မိဘတွေနဲ့ မိရံတို့က ဘုရားသခင်ကို မယုံကြည်ခဲ့ဘဲ၊ သူတို့ရဲ့ ကလေးကို ဖွက်ဖို့ သတ္တိမရှိခဲ့ဘူးဆိုရင် ဘာဖြစ်မလဲဆိုတာ စိတ်ကူးကြည့်ပါ။ ဘုရားသခင်ရဲ့ အစီအစဉ်က ဘာဖြစ်သွားမလဲ။ ဒီလို ယူဆချက် အခြေအနေမှာ ဘုရားသခင်က ဘယ်လိုတုံ့ပြန်မှာလဲ။ နောက်ထပ် မောရှေတစ်ယောက် ထွက်ပေါ်လာမှာလား။

၄။ မောရှေဟာ နှစ်ပေါင်းများစွာ ဇိမ်ခံဘဝနဲ့ ဘုရားမဲ့အိမ်မှာ နေထိုင်ခဲ့ပြီးနောက်၊ ဘုရားသခင်ရဲ့ လူများနဲ့ အတူ ခဏတာ ဆင်းရဲဒုက္ခခံဖို့ ဘယ်လိုဆုံးဖြတ်နိုင်ခဲ့တာလဲ။

၅။ ဘုရားသခင်ရှေ့မှာ ဦးညွှတ်သူတွေဟာ ဘုရင်တွေရှေ့မှာ ရပ်တည်ဖို့ မကြောက်ရွံ့ပါဘူး။ သူတို့ဟာ ဘုရားသခင်ရဲ့ အလိုတော်ကို သူတို့ ဘဝမှာ ပထမဦးစားပေးထားထားတယ်။ ဒါကြောင့် သူတို့ဟာ ဘုရားသခင်ရဲ့ ပညတ်တွေကို စောင့်ထိန်းဖို့ ရဲရင့်စွာ၊ သတ္တိရှိရှိ ရှေ့ဆက်သွားကြတယ်။ မောရှေက ဖာရောဘုရင်ကို မကြောက်ဘဲ ဘုရားသခင်ကိုသာ ကြောက်တယ်ဆိုတာ ဘာကိုဆိုလိုတာလဲ။ မောရှေဟာ 'မမြင်ရသူ' ကို မြင်ခဲ့လို့ သူ့ကို သစ္စာရှိခဲ့တယ် (ဟေဗြဲ ၁၁း၂၇) ဆိုတဲ့ ဆန့်ကျင်ဘက်ဖြစ်နေတဲ့ စကားကို ဘယ်လို နားလည်လဲ။ ယုံကြည်ခြင်းရဲ့ အတွင်းမျက်လုံးနဲ့ ဘုရားသခင်ကို ဘယ်လိုမြင်နိုင်မလဲ။

သင်ခန်းစာ - ၂ *ဇူလိုင်လ ၅-၁၁

# လောင်နေသော ချုံပုတ်



## ဥပုသ်နေ့မွန်းလွဲပိုင်း

**ဖတ်ရန်ကျမ်းချက်များ။** ထွက် ၁၈း၃၊ ၄။ ထွက် ၃း၁ - ၂၂။ ကမ္ဘာ ၂၂း၁၁၊ ၁၅ - ၁၈။ ထွက် ၆း၃။ ယောလ ၂း၃၂။ ထွက် ၄း၁ - ၃၁။ ကမ္ဘာ ၁၇း၁၀၊ ၁၁။

**အလွတ်ကျမ်းချက်။** **"ထာဝရဘုရားကလည်း၊ အဲဂုတ္တုပြည်၌ရှိသော ငါ၏လူတို့ခံရသော ညှဉ်းဆဲခြင်းကို ငါစေ့စေ့မြင်ခဲ့ပြီ။ သူတို့ကို စေခိုင်းသောသခင်တို့ကြောင့် သူတို့မြည်တမ်းသောအသံကိုလည်း ငါကြားခဲ့ပြီ။ သူတို့နာကြည်းခြင်း ဝေဒနာကို ငါသိ၏။ သူတို့ကို အဲဂုတ္တုပြည်၊ အဲဂုတ္တုလူတို့လက်မှ ကယ်နှုတ်၍၊ ခါနနိလူ၊ ဟိတ္တိလူ၊ အာမောရိလူ၊ ဖေရဇိလူ၊ ဟိဝိလူ၊ ယေဗုသိလူတို့နေရာ၊ နို့နှင့်ပျားရည် စီးတတ်သော ပြည်သို့ပို့ဆောင်ခြင်းငှါ ငါဆင်းလာပြီ။"** (ထွက် ၃း၇၊ ၈)

ထာဝရဘုရား၏ ခေါ်တော်မူခြင်းသည် မိမိတို့ အသက်တာ၏ ဦးတည်ရာကိုပင် ပြောင်းပေးလေ့ရှိ၏။ မည်သို့ပင်ဖြစ်စေ ခေါ်တော်မူခြင်းကို လိုက်လျှောက်ပါက ထာဝရဘုရား၏ လမ်းစဉ်သည် အကောင်းဆုံး ဖြစ်သည်ကို သိရှိရပါသည်။ သို့သော် ထာဝရဘုရား ခေါ်တော်မူခြင်းသည် လက်ခံရမလွယ်တတ်ပါ။

ထိုသို့ပင် မောရှေအား ဘုရားခေါ်တော်မူရာ မီးလောင်နေသော ချုံပုတ်တွင် ကိုယ်တော်ကို ရင်ဆိုင်ရ ပေသည်။ မောရှေသည် မီးလောင်ခြင်း၏ နိယမကို သိသိ၊ မသိသိ ထူးဆန်းနမိတ်တစ်ခု တွေ့ရသည်ဟုဆိုကာ စိတ်ဝင်စားနေခဲ့သည်။ ကိုယ်တော်သည် အထူးတာဝန်တစ်ခုကို ခန့်အပ်တော့မည်မှာ သေချာသည်။ ထို ခေါ်တော်မူခြင်းကြောင့် သူ့အသက်တာ ပြောင်းလဲမှုများကိုမှုမထားဘဲ လက်ခံ မည်လား ဟူ၍ ဖြစ်သည်။ စစခြင်းတွင် လက်ခံရန် အင်တင်တင်ဖြစ်နေသည်။

သင်သည်လည်း မိမိရည်ရွယ်ချက်ထားနေစဉ်၏ ဖြစ်စဉ်ကိုပင် ပြန်သတိရပေမည်။ သို့သော် ဘုရားသည် ၎င်းအစီအစဉ်တို့ကို ဦးဆောင်နေသည်။ ကျွန်ုပ်တို့ကို ထာဝရဘုရားသည် အသုံးပြုနိုင်ပါသော်လည်း ဘုရား၏ခေါ်တော်မူခြင်းကို လက်ခံပါက သူကပင် ဦးဆောင်သဖြင့် အကောင်းဆုံး ကျေနပ်ဘွယ်ရာ လမ်းခရီး ပင်ဖြစ်သည်။ လွယ်ကူနေမည်တော့မဟုတ်ပါ။ မောရှေအတွက်လည်း မလွယ်ကူလှပါ။ သို့သော်လည်း ထာဝရဘုရား၏ လမ်းစဉ်မှ သွေဖြည်ကာ တစ်ဖက်လမ်းစဉ်ကို သွားရသည်မှာ မိုက်မဲရာ ကျလွန်းပါ၏။

* ဇူလိုင်လ ၁၂ ရက်၊ ဥပုသ်နေ့အတွက် ပြင်ဆင်ဖို့ရန် ယခုအပတ် သင်ခန်းစာကို လေ့လာပါ။

## လောင်နေသောချုံပုတ်

မောရှေသည် မီဒျံပြည်သို့ ထွက်ပြေးသည်နှင့် သာယာသောအသက်တာ ရခဲ့သည်။ ထိမ်းမြားသဖြင့် ဂေရရှုံ နှင့် ဧလျေဇာ အမည်ရှိ သားနှစ်ဦး ရရှိခဲ့သည် *(ထွက် ၁၈း၃၊ ၄)*။ယောက္ခမ ယေသရောသည် မီဒျံ ယဇ်ပုရောဟိတ် ဖြစ်၏။ ဒါဝိဒ်ကဲ့သို့ နှစ် ၄၀ သိုးထိန်းခဲ့ပြီး *(၂ဓမ္မ ၇း၈)* ထာဝရဘုရား၏ ပို့ဆောင်ခြင်းကို သဘာဝတို့တွင် ကြုံတွေ့ရသည်။

ဤတစ်ကြိမ်တွင် မောရှေသည် သဲကန္တာရ၏ဖောင်းကြွမ်းပန်းများအား နမ်းရှုပ်နေရုံမဟုတ်တော့ပါ။ ဘုရားရှင်နှင့် လျှောက်ရသည့် ဤနှစ်များသည် သူ့အား ခေါင်းဆောင်တစ်ဦးအဖြစ်သို့ ပြောင်းလဲစေသည်။ တိတ်ဆိတ်သော ကန္တာရတွင်သူသည် ရှေးအကျဆုံးသော ယောဘဝတ္ထုနှင့် ကမ္ဘာဦးကျမ်းတို့ နှစ်အုပ်ကို ရေးသားပြုစုခဲ့လေသည် *(အီးဂျီဝိုက်။ ရှေးဘိုးဘေးများနှင့်ပုရောဖက်များ။ စာ၊ ၂၅၁။ ဖရန်စစ် ဒီနီခေါလ် ကျမ်းစာရှင်းလင်းချက်မှတ်စု တွဲ ၃။ စာ၊ ၁၁၄၀)*။

မောရှေသည် မဟာတိုက်လှန်ပွဲ၊ ဖန်ဆင်းခြင်း၊ ကျဆုံးခြင်း၊ ရေလွှမ်းမိုးခြင်း၊ ရှေးဘိုးဘေးများတို့နှင့် ကယ်တင်ခြင်း စသည်တို့ကို ထာဝရဘုရားထံမှ လက်ခံရရှိ၏။ မောရှေသည် အသက်ရှင်သောဘုရား ဖန်ဆင်းရှင်နှင့် အကျိုးပြုသူ ဤပျက်စီး ယိုယွင်းသော လောကတွင် ထာဝရဘုရားပြုတော်မူသော အရာများကို လူသားတို့အား ပို့ချသော သူ ဖြစ်လာသည်။

**ဖတ်ပါ – ထွက် ၃း၁ – ၆။ ထာဝရဘုရားသည် မောရှေထံတွင် မိမိကိုယ်ကို မိတ်ဆက်ရာတွင် 'အာဗြာဟံ၏ဘုရား၊ ဣဇာက်၏ဘုရားနှင့် ယာကုပ်၏ဘုရား' ဟုဆိုရသည်မှာ မည်သို့ထူးခြားခြင်းရှိသနည်း။**

ချုံပုတ်တွင် လောင်နေသောမီးသည် ချုံပုတ်အားမကျွမ်းသည်ကို မောရှေတွေ့ရသဖြင့် ထူးဆန်းသော နိမိတ်တစ်ခုပင်ဖြစ်၍ အရေးကြီးသောအရာ တစ်ခုခု ဖြစ်လိမ့်မည်ဟု သူထင်မြင်သည်။ အနားသို့ ကပ်လာရာ ကိုယ်တော်သည် ဘုရားသခင် ကိန်းဝပ်သော သန့်ရှင်းသောနေရာသို့ ရောက်နေသဖြင့် ခြေနင်းကို ချွတ်ရန် မိန့်တော်မူ၏။

ထာဝရဘုရားသည် မိမိကိုယ်ကို "အာဗြာဟံ၏ဘုရား၊ ဣဇာက်၏ဘုရား နှင့် ယာကုပ်၏ဘုရား" *(ထွက် ၃း၆)* ဟု ဆိုသည်။ ဤဘိုးဘေးများထံသို့ သူတို့၏သားသမီးတို့သည် ခါနန်ပြည်ကို အမွေခံရမည်ဟု ပဋိညာဉ်ပြုထားသည်ကိုလည်း မောရှေသိနေသည်။ ထိုသို့မပြောပြမီတွင်ပင် ထာဝရဘုရားသည် မောရှေအား ရှေ့လာမည့် အရာများကို သိရှိခွင့်နှင့် မိမိကိုယ်တိုင် ပါဝင်ရမည့်အပိုင်းကိုပါ သွန်သင်ပြီး ဖြစ်သည်။

**လုပ်ငန်းခွင်တွင် ထာဝရဘုရား၏ ယုံကြည်စိတ်ချခြင်းရရှိရန် မောရှေသည် နှစ် ၈၀ ပင် လိုအပ်ခဲ့ သည်။ ဤသမ္မာတရားသည် လောမကြီးရန် မည်သို့သွန်သင်သနည်း။**

## ထာဝရဘုရား၏ကောင်းကင်တမန်

"ဘုရားသခင်၏ ကောင်းကင်တမန်သည် ချုံထဲကထွက်နေသော မီးလျှံ၌ ထင်ရှား၏" *(ထွက် ၃း၂)*။ ထိုသူသည် ယေရှုကိုယ်တော်တိုင် ဖြစ်၍ "ချုံထဲမှ" *(ထွက် ၃း၄)* မောရှေအား စကားပြောလေ၏။ "ဘုရားသခင်၏ ကောင်းကင်တမန်" သည် ယေရှု ခရစ်တော်ကို ဆိုလိုသည်ကို စိတ်မရှုပ်ပါနှင့်။ ကောင်းကင်တမန် ဟူသည် "သတင်း ပေးပို့သူ" (ဟေဗြဲဘာသာတွင် မာလ်အက်) ဖြစ်၍ လူသားဖြစ်ခြင်းနှင့် ကောင်းကင်သား ဖြစ် ခြင်း တို့သည် အချက်အလက်တို့နှင့် သက်ဆိုင်၏ *(မာလခိ ၃း ၁)*။

ကျမ်းစာတွင် "ဘုရားသခင်၏ ကောင်းကင်တမန်" သည် ဘုရားပင် ဖြစ်နေသည် ကို *ကမ္ဘာ ၂၂း၁၁၊ ၁၅ – ၁၈။ ၃၁း၃၊ ၁၁၊ ၁၃။ သူကြီး ၂း၁၊ ၂။ သူကြီး ၆း ၁၁ – ၂၂။ ဇာခရိ ၃း၁၊ ၂* တို့တွင် တွေ့ရ၏။ ဘုရားသခင်၏ ကောင်းကင်တမန်သည် ကိုယ်တော်၏ နာမတော်ဖြင့် မိန့်တော်မူသည်မက သူသည် ကိုယ်တော်တိုင်ဖြစ်သည်။ ယေရှုသည် ခမည်းတော်၏နှုတ်ကပတ်တရားတော်တို့ကို ကျွန်ုပ်တို့အား ပေးပို့သော သတင်းပို့ သူပင် ဖြစ်သည်။

**ဖတ်ပါ – ထွက် ၃း၇ – ၁၂။ အီဂျစ်ပြည်၌ ဣသရေလတို့ ကျွန်ခံနေရသည်ကို ထာဝရဘုရားသည် ကြား ဝင်လို ကြောင်း မောရှေအား မည်သို့ရှင်းပြသနည်း။**

အီဂျစ်တွင် ထာဝရဘုရား၏ လူတို့ခံစားခြင်းကို ညည်းတွား ငိုကြွေးခြင်းဖြင့် စုံလင်စွာဖော်ပြထားသည်။ ဘုရားသခင်သည် သူတို့၏ ငိုကြွေးခြင်းကို ဘုရားသခင် ထံတော်သို့ တက်ရောက်သည် *(ထွက် ၂း၂၃ – ၂၅)* ဆို၏။ သူသည် "ငါ၏လူများ" *(ထွက် ၃း၇)* ဟုခေါ်ဆို၏။ သိနာတောင်တွင် ပဋိညာဉ်ပြုခြင်းမတိုင်မီ ကပင် သူ၏ လူများဖြစ်ခဲ့ကြ၍ သူတို့၏ ဘိုးဘေးများထံတွင် ပေးခဲ့သောကတိအတိုင်း ခါနန်ပြည်၌ သူတို့အား ကြွယ်ဝချမ်းသာစေခဲ့ *(နှုတ်ထောက်ခြင်းရှိပါက)* သည်။

အထူးတာဝန်တစ်ခု ထမ်းဆောင်ရန် ဖာရောထံသို့ စေလွှတ်၍ "ယခုသွားလော့။ သင်သည်ငါ၏လူ ဣသရေလအမျိုးတို့ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်မည်အကြောင်း သင့်ကို ဖာရောဘုရင်ထံသို့ ငါစေလွှတ် မည်" *(ထွက် ၃း၁၀)* ဟု ဆို၏။ ဤတွင်လည်း "ငါ၏လူများ" ဟု ခေါ်ဆိုပြန်၏။

ထာဝရဘုရားသည် ကျွန်မောရှေအား ပေးလိုက်သော တာဝန်ပင်ဖြစ်သည်။ မောရှေ သည်လည်း "အကျွန်ုပ်သည် အဘယ်သို့သောသူနည်း" ဟု တုံ့ပြန်၏။ ဖြစ်ရ မည့်အရာတို့သည် ထင်ရှားသောအရာများ ဖြစ်၍ မောရှေသည် မိမိကဲ့သို့သော လူအား ရွေးချယ်သည်ကို အံ့အားသင့်လေသည်။ ယခုလို စောစောစီးစီးပင် သူ၏ဝိသေသ လက္ခဏာ၊ နှိမ့်ချခြင်းနှင့် သူလုပ်ရမည့် အလုပ်နှင့် မိမိကိုယ်ကို မထိုက်တန်သည်ဟု ခံစား ခြင်း တို့ကိုတွေ့ရပါမည်။

**ထာဝရဘုရား နောက်တော်သို့ လိုက်မည့်သူနှင့် အမှုတော်တစ်ခုခု ထမ်းဆောင်ရမည့် သူတို့တွင် 'မိမိ ကိုယ်ကို မထိုက်တန်' ဟု ခံစားရသောနှိမ့်ချခြင်းသည် မည်မျှပင် အရေးကြီးသနည်း။**

**အင်္ဂါနေ့** ဇူလိုင်လ ၈ ရက်

## ထာဝရဘုရား၏နာမတော်

**ဖတ်ပါ – ထွက် ၃း၁၃ – ၂၂။ ထာဝရဘုရား၏နာမတော်သည် မည်သည့်ထူးခြားခြင်းရှိသဖြင့် အဘယ်ကြောင့် မောရှေမှ သိလိုရသနည်း။**

ထာဝရဘုရားသည် မောရှေထံသို့ မိမိကိုယ်ကို "ဧဟိဂျိ အာရှာ ဧဟိဂျိ" အနက်ကား "ငါဖြစ်သည်အတိုင်း ငါဖြစ်၏" ဟု ဖော်ပြသည်။ ထွက် ၃း၁၂ တွင် ၁၄ နှင့် အတူ ထိုစာသား ဧဟိဂျိ ကိုပင် အသုံးပြု၍ မောရှေထံသို့ ငါသည် သင်နှင့်အတူရှိ၏ ဟုဆို၏။ အနက်မှာ ဘုရားသခင်သည် ထာဝရဖြစ်သည်ကို ဆိုလိုသည်။ သူသည် "*သာလွန်သော ဘုရား ကိန်းဝပ်သောဘုရား နှင့် စိတ်နှိမ့်ချ နှလုံး ကျေကွဲသောသူတို့၌ တည်ရှိသူ" (ဟေရှာ ၅၇း၁၅)* ဖြစ်သည်။

ထာဝရဘုရား၏ ပုဂ္ဂလ္လနာမသည် "ယာဝေ" ဖြစ်၍မြန်မာဘာသာဖြင့် "အရှင်သခင်" ဟု အနက်ပြန် လေ့ရှိရာ ဘုရားသခင်၏လူ တို့သည် အနက်မသိသော်လည်း နာမအားသိနေကြပါသည်။ မောရှေကပင် ထို နာမအားသိနေသော်လည်း အနက်မှန်ကိုကား မသိသဖြင့် ကိုယ်တော်၏ နာမတော်သည် အဘယ်နည်းဟု မေးလျှောက်ခြင်းသည် အနက်ကို မေးနေခြင်းပင် ဖြစ်သည်။

ထွက် ၆း၃ တွင် အရိပ်အမြွက်တစ်ခုမှာ ဘုရားသခင်သည် "ငါသည် အာဗြဟံ၊ ဣဇာက်နှင့် ယာကုပ်တို့အား အနန္တတန်ခိုးရှင် ဘုရားသခင်နာမနှင့် ထင်ရှားသော်လည်း ထာဝရဘုရားနာမအားဖြင့် ငါ့ကိုမသိကြ" *(ထွက် ၆း၃)*။ အာဒံ၊ နောဧ၊ အာဗြဟံနှင့် ရှေးဘိုးဘေးတို့သည် "ယာဝေ" ကို မသိကြဟု မဆိုလိုပါ *(ကမ္ဘာ ၂း၄၊ ၉။ ၄း၁၊ ၂၆။ ၇း၅။ ၁၅း၆ – ၈)*။ သာ၍နက်နဲသော အဓိပ္ပါယ်ကို မသိသည်ကိုသာ ဆိုလိုသည်။

နာမတော် "ယာဝေ" သည် သူသည် ပုဂ္ဂိုလ်အဖြစ်တည်ကြောင်း သူ့လူများ၏ ဘုရား ပဋိညာဉ်ဘုရား ဖြစ်တော်မူကြောင်း ညွှန်ပြသည်။ လူသားတို့၏အရေးများတွင် ကြားဝင်၍အကျွမ်းဝင်သော ဘုရားဖြစ်သည်။ အနန္တဘုရား *(ကမ္ဘာ ၁၇း၁)* သည် တန်ခိုးတော်ဖြင့် ကြားဝင်သော ဘုရားဖြစ်တော်မူသည်။ ယာဝေဘုရားသည် သူ၏အနန္တတန်ခိုးတော်ကို မေတ္တာကရုဏာဖြင့် ပြသသော ဘုရားဖြစ်သည်။ ဧလိုဟိမ်းဘုရား (အနန္တ တန်ခိုးရှင်၊ အားကြီးသူ၊ သာလွန်သောဘုရားနှင့် လူသားအပေါင်းတို့၏ဘုရား၊ စကြာဝဠာကို အုပ်စိုးသော ဘုရား အရာခပ်သိမ်းတို့ကို ဖန်ဆင်းသောဘုရား) ဖြစ်သော်လည်း လူသားတို့နှင့် ဆက်ဆံရာတွင် ယာဝေ ဘုရားအဖြစ်ဖြင့်သာ ထင်ရှားသည်။

ထာဝရဘုရား၏ နာမတော်ကို သိခြင်းနှင့်ခေါ်ဆိုခြင်းသည် ဆွဲဆောင်မှုရှိလှသည်။ သူ၏နာမတော် ကို ကြွေးကြော်ခြင်းသည် ဘုရားသခင်မှ ယုံကြည်သောသူတို့အား ပေးတော်မူသော ကယ်တင်ခြင်းတရားကို ကြွေးကြော်ခြင်းပင် ဖြစ်လေသည်။ ယောလသည် "ထာဝရဘုရားကို ပဌနာပြုသောသူ ရှိသမျှတို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်ကြလတံ့" *(ယောလ ၂း၃၂)* ဟု ဆို၏။

**သူ့ထံတွင် လုံးလုံးဆက်ကပ်သောသူတို့နှင့် ရင်းနှီးကျွမ်းဝင်စွာနေလိုသည်ဖြစ်ရာသင့်ဘဝတွင် ထို သို့သော အတွေ့အကြုံများ မည်ကဲ့သို့ရှိနိုင်မည်နည်း။**

**ဆင်ခြေလေးခု**

**ဖတ်ပါ – ထွက် ၄း၁ – ၁၇။ မောရှေသည် ထာဝရဘုရား၏ သတင်းပို့လုပ်ငန်းကို ခွန်အားအပြည့်နှင့် ဆောင်ရွက်နိုင်ရန် ထာဝရဘုရားသည်မည်သည့်နိမိတ်လက္ခဏာဖြင့် ပြသနည်း။**

ထာဝရဘုရား ပေးထားသောတာဝန်မှ လွဲနိုင်ရန် မောရှေသည် ဆင်ခြေပေးပြန်သည် *(ထွက် ၃း၁၁)*။ အီဂျစ်ပြည်ကို သွား၍ ဖာရောအား ရင်ဆိုင်ခြင်းမပြုလိုပါ။ ပေါဖြလူတို့အား ကူညီရန် ကြိုးစားခဲ့သော် လည်း မအောင်မြင်ခဲ့သောကြောင့် ဖြစ်သည်။ သူ့လူမျိုးများသည်က သူ့အား ခေါင်းဆောင်အဖြစ် လက်မခံခဲ့ကြပါ။ ထိုကြောင့်ပင် တတိယအကြိမ် ငြင်းချက် ထုတ်ခဲ့ရာ "ထိုသူတို့သည် အကျွန်ုပ်ကို မယုံ အကျွန်ုပ်စကားကို နားမထောင်ဖြစ်လျှင်" *(ထွက်၄း၁)* ဟုဆို၏။ ဤအမေးသည် အသစ်သောအရာကို သင်ယူရန် အမေး မျိုး မဟုတ်ပါ။ ဘုရားသခင်ပေးသော တာဝန်အား "ဟင့်အင်း" ဟု ငြင်းရန် လမ်းစရှာခြင်းသာ ဖြစ်သည်။

အံ့သြဘွယ်နိမိတ် နှစ်ခုကို ဣသရေလလူကြီးများရှေ့နှင့် ဖာရောရှေ့မှောက်တွင် မောရှေအား ပေးခဲ့ရာ (၁) မောရှေ၏ တောင်ဝှေးသည် မြွေဖြစ်သွား၍ မြွေမှတောင်ဝှေးပြန်ဖြစ်ခြင်း (၂) မောရှေ၏လက်သည် နူနာစွဲသွား၍ ချက်ခြင်းပင် ပြန်ပျောက်ကင်းခြင်းတို့ဖြစ်သည်။ နိမိတ် နှစ်ခုလုံးတို့သည် သူတို့အတွက်ကြောင့် ထာဝရဘုရားပင် လုပ်ဆောင်နေကြောင်း သိရှိရသည်။ တတိယနမိတ် ရေသည် သွေးဖြစ်သွားရမည်ကို ထို သို့ မပြသခဲ့ရပါ *(ထွက် ၄း၈၊ ၉)*။

ထာဝရဘုရားသည် ဤမျှတန်ခိုးကြီးသော နိမိတ်များပြသလျက်သားနှင့် မောရှေသည် စတ္တုထ ဆင်ခြေကိုပင် ထပ်ပေးသေးသည်။ ကျွန်ုပ်သည် နှုတ်သတ္တိမရှိပါ ဟူ၏။

**ဖတ်ပါ – ထွက် ၄း၁၀ – ၁၈။ ထိုအခါထာဝရဘုရားသည် မောရှေအား မည်သို့တုံ့ပြန်၍ ကျွန်ုပ်တို့အား တာဝန်ထမ်းဆောင်ရန် ထာဝရဘုရား ခေါ်တော်မူခဲ့သော် မည်သို့သော သင်ခန်းစာရစေသနည်း။**

မောရှေသည် ထာဝရဘုရား၏ ခေါ်တော်မူခြင်းကို တွန့်ဆုတ်နေသည်ကို ဤဆင်ခြေလေးခုဖြင့် သိရ သည်။ မသွားလိုခြင်းကို သဘာဝကျသော ကန့်ကွက်ခြင်းဖြင့် ဖုံးအုပ်သည်။ အစပိုင်း ဆင်ခြေသုံးခုတို့သည် မေးခွန်းမျှသာဖြစ်သည်။ (၁) ကျွန်ုပ် မည်သူနည်း။ (၂) သင်မည်သူနည်း။ (၃) သူတို့သည်ကျွန်ုပ်အား မယုံခဲ့ သော် (၄) စတ္တုထ ဆင်ခြေသည် ကျွန်ုပ်စကားပြောမကောင်းပါ။ ငြင်းချက်အားလုံးအား ဘုရားသခင်မှ တုံ့ပြန်၍ တန်ခိုးကြီးသော အဖြေများကိုပင် ပေးတော်မူသည်။ ထိုဆင်ခြေများနှင့် ပတ်သက်၍ ဘုရားသခင်သည် ချီးမြောက်သော ကတိတော်များကို ပေးတော်မူသည်။

နောက်ဆုံးတွင် မောရှေသည် ပဥ္စမငြင်းချက်ဖြင့် "အိုဘုရားရှင် အလိုတော်ရှိသောသူ၏လက်တွင် ပေးလိုက်တော်မူပါ" *(ထွက်၊ ၄း၁၃)* ဟု ဆို၏။ ဘုရားရှင် တုံ့ပြန်ရာတွင် သင့်အားကူညီရန် သင့်အစ်ကို အာရုန်သည် သင့်ကို ခရီးဦးကြိုပြုခြင်းငှါ ယခုလာ၏ ဟု မိန့်တော်မူ၏။ အရေးနိမ့်သောမောရှေသည် နောက်ဆုံးတွင် အဲဂုတ္တုပြည်သို့ မထွက်ခွါမီတွင် ယောက္ခမယေသရောအား ကောင်းကြီးပေးရန် တောင်းဆိုလေ သည်။

## အရေဖျားလှီးခြင်း

**ဖတ်ပါ – ထွက် ၄း၁၈ – ၃၁။ ထူးခြားသော ဤအဖြစ်အပျက်ကို မည်ကဲ့သို့နားလည်၍ မည်သည့် သင်ခန်းစာ ရရှိသနည်း။**

မောရှေသည် ထာဝရဘုရား၏စကားကိုနားထောင်၍ ခရီးစတင်နှင်နေပြီဖြစ်သော်လည်း လမ်းခုလတ်တွင် ထာဝရဘုရားသည် "သူ့အား ကွပ်မျက်ရန် ရှာကြံတော်မူ၏" *(ထွက် ၄း၂၄)*။ အဖြစ်အပျက်အရ အရေဖျားလှီးခြင်းဖြစ်သည်။ အာဗြာဟံနှင့် ပဋိညာဉ်တော်၏ တောင်းဆိုချက်အရ သူ၏ သားထွေးလေးသည် အရေဖျား မလှီးရသေး သောကြောင့် ဖြစ်သည် *(ကမ္ဘာ ၁၇း၁၀၊ ၁၁)*။

သူတစ်ပါးတို့သည် မိမိကိုနားထောင်၍ ခေါင်းဆောင်ကောင်းပီသနိုင်ရန် မောရှေသည်ဣသရေလလူတို့၏ခေါင်းဆောင်ဖြစ်သည်အလျောက် ထာဝရဘုရားအားစုံလင်စွာဆက်ကပ်ခြင်းနှင့် နားထောင်ခြင်းကို ပြသရမည်ဖြစ်သည်။ ထာဝရဘုရားအား လုံးလုံး ဆက်ကပ်ရာတွင် သူကိုယ်တိုင်သည် ပုံစံဖြစ်ရပါမည်။ သူ၏ဇနီးသည် ဇိပေါရ သည် ခင်ပွန်းသည်၏ အသက်ကိုကယ်နိုင်ရန် သားထွေးလေး၏ အရေဖျားကို လှီးဖြတ်ပေးသည်။ "အရေဖျား၏သွေး" ပေကြံသောလက်ဖြင့် မောရှေအား တို့လိုက် ရာ ထိုအသွေးသည် မောရှေအတွက် ပဋိညာဉ်တည်စေခြင်းဖြစ်ရလေသည်။ ဤသို့ လျင်မြန်စွာ ပြုလုပ်ရခြင်းသည် ဇာတ်လမ်း၏အခြေနေအရဖြစ်သည်။ ဤဖြစ်ရပ် အားဖြင့် မှန်ကန်သည်ဟုသိရလျှင် မလွဲမသွေလုပ်ဆောင်ရမည်ဟူသော သင်ခန်းစာ ရနိုင် ပါသည်။

"မီဒျံပြည်မှ လာခဲ့ရာလမ်းတွင် မောရှေသည် ထာဝရဘုရား၏ မကျေမနပ်ဖြစ်ခြင်းကို ကြောက်ခမန်း လိလိ ကြုံတွေ့ခဲ့ရသည်။ ကောင်းကင်တမန်တပါးသည် မောရှေအား ချက်ခြင်းဖျက်ဆီးမည့်ပုံ ရန်မူခြင်းဖြင့် ပေါ်လာလေသည်။ ရှင်းပြစရာမလိုပါ။ မောရှေသည် ထာဝရဘုရား တောင်းဆိုထားသည့်အချက် တစ်ချက် လစ်ဟင်းနေသည်ကို သတိရလိုက်ပါသည်။ သားထွေး၏ အရေဖျားကို လှီးဖြတ်ခြင်း ဓလေ့ကို ပျက်ကွက်နေခဲ့သည်။ ထိုသူငယ်လေးသည် ဣသရေလတို့အား ကောင်းချီးဖြစ်စေသော ဘုရားသခင်၏ ပဋိညာဉ်အား လိုက်လျောရန် ပျက်ကွက်ခဲ့သည်။ ထိုသို့ ရွေးချယ်ထားသော ခေါင်းဆောင်တစ်ဦး၏ ပျက်ကွက်ခြင်းသည် အများလူထုအပေါ်တွင် ဘုရားသခင်၏ ကျင့်ဝတ်သီလတို့ကို အားနည်းစေနိုင်သည်။ ဇိပေါရ သည် မိမိခင်ပွန်း ကွပ်မျက်ခံရမည် စိုးသဖြင့် ထိုဓလေ့ကို သူမကိုယ်တိုင်ပင် ပြုလုပ်ခဲ့ရာ ကောင်းကင်တမန်ကလည်း မောရှေ အား ခရီးဆက်လက် နှင်ခွင့်ပေးလိုက်တော့သည်။ ဖါရောထံသို့သွားရမည့် အမှုတော်တွင် မောရှေ ကိုယ်တိုင်သည် အန္တရယ်ကြီးမားလှသည်။ ကောင်းကင်တမန်တို့၏ ကွယ်ကာခြင်းဖြင့်သာ သူအသက်ချမ်းသာရမည်။ သိလျက်နှင့် ပျက်ကွက်သော တာဝန်တစ်ခုကြောင့် ကောင်းကင်တမန်တော်သည် သူ့အား မကွယ်ကာနိုင်ပါ။" *(အီးဂျီဝှိုက်။ ရှေးဘိုးဘေးများနှင့် ပရောဖက်များ။ စာ၊ ၂၅၅၊ ၂၅၆)*။

**ဤဖြစ်ရပ်အားဖြင့် သင်ပြုလုပ်ရမည် သိလျက်နှင့် မပြုလုပ်သော အပြစ်အကြောင်း မည်သို့ဖော်ပြသနည်း။ ယခုပင် သင်သည် မည်သည့်ပြောင်းလဲခြင်းတို့ကို ပြုသင့်သနည်း။**

## သောကြာနေ့ ဇူလိုင်လ ၁၁ ရက်

**ထပ်မံစဉ်စားရန် –** အီးဂျစ်ပိုက်။ ရေးဘိုးဘေးများနှင့် ပုရောဖက်များ။ "မောရှေ" စာ၊ ၂၅၁–၂၅၆။

ပြဇာတ်ဆန်သော ချုံထဲကမီးဖြင့် ခေါ်တော်မူခြင်းသည် မောရှေ၏ အသက်တာကို ပြောင်းလဲစေသော အတွေ့အကြုံပင်ဖြစ်သည်။ သူ့အသက်တာတွင် ထိပ်တန်းရောက်သော အချက်လက်တို့သည် သူကိုယ်တိုင်၏ အပြုသဘော ဆောင်ခြင်းကြောင့်ဖြစ်၍ အီဂျစ်ပြည်မှ ကတိတော်ပြည်သို့ ဟေဗြဲလူထုကို ဦးဆောင်ကာ နုတ်ဆောင်ရန် ထာဝရဘုရား၏ လုပ်ငန်းအပ်နှံခြင်းကို နားထောင်ခြင်းဖြင့် တုန့်ပြန်ခြင်း ကြောင့်ဖြစ်သည်။ ချုံထဲကမီးလောင်နေချိန် မောရှေနေရာတွင် မိမိကိုယ်ကို နေကြည့်ပါ။ မိမိအသက်အတွက် အီဂျစ်မှ ပြေးလာရသည်။ နှစ်ပေါင်းလေးဆယ် အတွင်း ဟေဗြဲလူ မျိုးဆက်သစ်တွေသာ ဖြစ်သဖြင့် သူ့အားသိကျွမ်းသောသူ နည်းပါးရုံမက ကြားခဲ့ရသော သူ့အကြောင်းများတို့သည်လည်း အချိန်နှင့်အမျှကြာခဲ့ ပြီဖြစ်၍ မှားပင်မှားနိုင်သည်။ ခုတော့ အင်အားကြီးမားသော နိုင်ငံမှ ဤလူထုကြီးကို ဦးဆောင်ခေါ်ထုတ်ရန် ဘုရားမှ ခေါ်တော်မူရတွင် တွန့်ဆုတ်ရခြင်းသည် အထူးဆန်း မဟုတ်ပါ။

ညာတာမှုကင်းမဲ့သော အမိန့်ဖြစ်သော်လည်း လုံးဝငြင်းပယ်ခဲ့သော် မည်သို့ ဖြစ်မည်နည်း။ ရာဇဝင်မှပင် ပျောက်သွားမည့်သူသာဖြစ်သည်။ သို့သော်လည်း ထာဝရဘုရား၏ တန်ခိုးတော်သည် သူ့အထဲတွင် အလုပ် လုပ်ဆောင်သောအခါ ကျမ်းစာတင်မက ကမ္ဘာ့ရာဇဝင်တွင် ဩဇာအကြီးဆုံးပုဂ္ဂိုလ် ဖြစ်လာသည်။

### ဆွေးနွေးရန်မေးခွန်းများ –

၁ ကန္တာရတွင်တိတ်ဆိတ်စွာနေလျက် ဘုရားသခင်၏အစေကိုပင်ခံခဲ့လေသည်။ မိသားစုနှင့် အတူ မိမိတို့၏ သိုးကျောင်းရင်း ဘုရား၏ လူတို့အား ဦးဆောင်ရန် ခေါ်တော်မမူမီတွင် သမ္မာကျမ်းစာ နှစ်အုပ်ကို ရေးသား ပြုစုခဲ့သည်။ မောရှေ၏ အတွေ့အကြုံတို့မှ ကျွန်ုပ်တို့၏ အသက်တာအတွက် မည်သည့် သင်ခန်းစာ ရနိုင်မည်နည်း။

၂ မောရှေ၏ဆင်ခြေတို့သည် သဘာဝကျသည်ဟု ထင်စရာအကြောင်း ရှိနိုင်ပါသည်။ လူတွေသည် ကျွန်ုပ်အား မည်သို့ယုံနိုင်မည်နည်း။ ကျွန်ုပ်အဘယ်သူနည်း။ ကျွန်ုပ်စကားပြောမကောင်းပါ။ ဤဝတ္ထုမှ ထာဝရဘုရားစေခိုင်းသောတာဝန်ကိုထမ်းဆောင်နိုင်ရန် ယုံကြည်နိုင်ခြင်းကိုမည်သို့သွန်သင်သနည်း။

၃ ကမ္ဘာဦးကျမ်းအား ရေးသားပြုစုခြင်းနှင့် ထိုတာဝန်သည် လွန်စွာအရေးကြီးကြောင်း၊ ၎င်းရာဇဝင်တို့သည် ကယ်တင်ခြင်း စီမံကိန်းကိုနားလည်စေနိုင်ကြောင်းတို့ကို စိတ်သိမ်းထားပါ။ ထိုစာအုပ်၏ ဩဇာကို သေးသိမ်စေသူများ၊ အထူးသဖြင့် အခန်းကြီး ၁ မှ ၁၁ ထိတို့ကို ငြင်းပယ်သူတို့အား ကျွန်ုပ်တို့သည် အဘယ့်ကြောင့် တိုက်ခိုက်ရန် လိုအပ်သနည်း။

# ပြောင်းလဲလာသော စိတ်ထား

Andrew McChesney မှရေးသားသည်

မစ်ရ်ချ်ဆိုတဲ့ ဂိုဏ်းသားတစ်ယောက်ဟာ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ပြည်နယ် မှာ အခြားဇာတိ အမေရိကန်တချို့နဲ့ ရန်ဖြစ်ခဲ့သည်။ သူ့မှာ ဦးခေါင်းဒဏ်ရာ ပြင်းထန်စွာရခဲ့ပြီး ဆရာဝန်တွေက "သူ ဘယ်တော့မှ အလုပ်မလုပ်နိုင်တော့ဘူး" လို့ ပြောခဲ့သည်။

ထို့နောက် သူ့ညီငယ် စတီဖန်က သူ့ကို ဝါရှင်တန်ပြည်နယ်၊ ဝါပါတိုမြို့ရှိ အောလ်နေးရှင်း စင်တာမြော်လင့်ခြင်းဘုရားကျောင်းသို့ ဖိတ်ခေါ်ခဲ့သည်။ စတီဖန်ဟာ သူတို့ရဲ့မိခင်၊ ညီမနဲ့ အတူ ထိုဘုရားကျောင်းတွင် အပတ်စဉ် ဥပုသ်နေ့တိုင်း ဝတ်ပြုကိုးကွယ်ခဲ့သည်။

မစ်ရ်ချ် ဟာ ဥပုသ်နေ့မှာ ဘုရားကျောင်းကို စိတ်မပါဘဲ ထပ်ခါထပ်ခါ သွားဖြစ်ခဲ့၏။ သူ့စိတ်ကို ကုသပေးနိုင်မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ သူဟာ သမ္မာကျမ်းစာထဲ နစ်မြုပ်ခဲ့တယ်။ သူဟာ ရောမ ၁၂း၂ ကို ခံယူခဲ့တယ်၊ အဲဒီမှာ "သင်တို့သည် လောကီ ပုံသဏ္ဍာန်ကို မဆောင်ကြနှင့်။ ကောင်းမြတ်သောအရာ၊ နှစ်သက်ဖွယ်သောအရာ၊ စုံလင်သောအရာတည်းဟူသော ဘုရားအလိုတော်ရှိသောအရာသည် အဘယ်အရာဖြစ်သည်ကိုသင်နိုင်မည်အကြောင်း စိတ်နှလုံးကို အသစ်ပြင်ဆင်၍ ပုံသဏ္ဍာန် ပြောင်းလဲခြင်းသို့ရောက်ကြလော့။" ဟုဆို၏။ သူဟာ ဖိ ၄း၈ ကိုလည်း လက်ခံယုံကြည်ခဲ့၏၊ "ညီအစ်ကိုတို့၊ သမ္မာတရားနှင့်ဆိုင်သောအကျင့်၊ လျောက်ပတ်သောအကျင့်၊ ဖြောင့်မတ်သောအကျင့်၊ စင်ကြယ်သောအကျင့်၊ သူတပါး နှစ်သက်ဖွယ်သောအကျင့်၊ ချီးမွမ်းဖွယ်သောအကျင့်ရှိသမျှတို့ကိုငင်း၊ ပါရမီတပါးပါး၊ ကောင်းသော သီတင်းတပါးပါးနှင့် ဆိုင်သောအကျင့်တို့ကိုငင်း၊ နှလုံးသွင်းလော့။"

အသင်းလူကြီး ဂျက်ဖ်ဝေဂျွန်က သူ့ကို အားပေးပြီး "ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို လေ့လာမယ်ဆိုရင် မင်းရဲ့စိတ်ကို ပြောင်းလဲပေးမယ်" လို့ ကတိပေးခဲ့သည်။

မစ်ရ်ချ်ဟာ သမ္မာကျမ်းစာထဲက ကတိတွေ ပြည့်စုံလာတာကို စတင်မြင်လာခဲ့တယ်။ သူ ဘယ်တော့မှ အလုပ်မလုပ်နိုင်တော့ဘူးလို့ ပြောခဲ့တဲ့ ဆရာဝန်တွေဟာ သူ အလုပ်တစ်ခု ရပြီး ဆက်လုပ်နိုင်တာကို မြင်တော့ အံ့ဩသွားခဲ့ကြသည်။

သမ္မာကျမ်းစာလေ့လာပြီးနောက် မစ်ရ်ချ်ဟာ သူ့နှလုံးသားကို ယေရှုထံ အပ်နှံပြီး မြော်လင့်ခြင်းအသင်းတော်သို့ ဝင်ရောက်ခဲ့ပြီးနောက်၊ သမ္မာကျမ်းစာ လုပ်သားဖြစ်လာကာ အခြားသူများကို သမ္မာကျမ်းစာ သင်ကြားပေးခဲ့သည်။ သူနှင့်သူ့ဇနီးတို့ဟာ နေစရာလိုအပ်နေတဲ့ လူငယ်တွေအတွက် သူတို့အိမ်ကို အိမ် စည်းကမ်းလိုက်နာမည့် မည်သူကို မဆိုဖွင့်ပေးခဲ့၏။ စည်းကမ်းမှာ "ဥပုသ်နေ့မှာ ဘုရားကျောင်းသွားရမည်" ဖြစ်သည်။ သူတို့အိမ်တွင် လာနေသည့် ဧည့်သည်များ၏ ဘဝတွေဟာ ပြောင်းလဲလာခဲ့တယ်။

ဘုရားသခင်ကို သူ့ဘဝထဲလက်ခံလိုက်တဲ့အခါ လူတွေဟာ သူ့ကို မမှတ်မိတော့ဘူး၊ ဦးနှောက်ဒဏ်ရာရထားတဲ့ လူအဖြစ်မှ သာသနာပြုနိုင်တဲ့ သူတစ်ဦးဖြစ်လာခဲ့တယ်။ "မိမိမပြည့်စုံတဲ့ အချိန်တိုင်းမှာ ဘုရားသခင်ဟာ မိမိဘက်မှ နေ၍ ရပ်တည်ပေးခဲ့တယ်" ဟုဆို၏။

ဝါပါတိုနဲ့ ဝါရှင်တန်ပြည်နယ်ရဲ့ ပတ်ဝန်းကျင်ဒေသမှာရှိတဲ့ ဇာတိအမေရိကန်တွေအတွက် ထောက်ပံ့ ရေးအစီအစဉ်တစ်ခုဟာ



၁၉၉၀ တွင် ဆယ့်သုံးပတ်အလှူငွေဖြင့် စတင်ခဲ့တယ်။ ဒီအစီအစဉ်ရဲ့ထင်ရှားဆုံး အချက်မှာ ပုံတွင်ပြထားသည့် ၂၀၀၁ တွင်ဖွင့်လှစ်ခဲ့တဲ့ လူမျိုးအားလုံးစင်တာမြော်လင့်ခြင်းဘုရားကျောင်းဖြစ်သည်။

## အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်

**အဓိကကျမ်းချက်။** ထွက်မြောက်ရာကျမ်း ၃း၇၊ ၈။

**လေ့လာမှုဦးတည်ချက်။** ထွက်မြောက်ရာကျမ်း ၃း၁ – ၄း၃၁။

**နိဒါန်း။** ဘုရားသခင်သည် မောရှေအား မိမိကိုယ်မိမိ ထင်ရှားပြခဲ့ပြီး၊ သူ့ကို အစေခံအဖြစ် ခေါ်တော်မူကာ၊ အဲဂုတ္တုပြည်မှ သူ၏လူများကို ကယ်တင်ပြီး ကတိထားရာပြည်သို့ ဦးဆောင်သွားမည့်သူ ဖြစ်စေခဲ့သည်။ မောရှေသည် ဤအသစ်သောတာဝန်ကြောင့် အလွန်အမင်း စိတ်ရှုပ်ထွေးသွားပြီး ဘုရားသခင်အား အခြားသူတစ်ဦးကို ရွေးချယ်ပေးရန် တောင်းဆိုခဲ့သည်။

### သင်ခန်းစာ၏ဆိုလိုရင်း

ထွက်မြောက်ရာ ၃ နှင့် ၄ ကို လေ့လာရာတွင်၊ အရေးကြီးသည့် အချက်တစ်ခုကို မျဉ်းသားကြစို့ – ဘုရားသခင်က သူ၏လူများကို တိကျသည့်တာဝန်တစ်ခုလုပ်ဖို့ ခေါ်တဲ့အခါ၊ သူတို့ကို လုပ်ဆောင်နိုင်ဖို့ တတ်စွမ်းအောင်လည်း ပြင်ဆင်ပေး၏။ ခေါ်ဆိုမှုနှင့်စွမ်းအားပေးမှုသည် ခွန်တွဲလျက်ရှိ၏။ သခင်ဘုရားက လိုအပ်တဲ့ ဝိညာဉ်ရေးဆိုင်ရာ ဆုကျေးဇူးတွေနဲ့ ကျွမ်းကျင်မှုတွေကို ပေးတယ်။ အလုပ်က ကြီးမားပြီး ကျွန်ုပ်တို့ရဲ့စွမ်းရည်ထက် အဆမတန် ကျော်လွန်နေရင်တောင် စိတ်ပူစရာမလိုပါ။ ဘုရားသခင်က တာဝန်ယူသူဖြစ်၏။ ကျွန်ုပ်တို့ ဘဝမှာ ဘုရားသခင်ကို ဘုရားသခင်အဖြစ် လက်ခံပြီး သူ၏ကတိတော်တွေကို အပြည့်အဝ အားကိုးရမည်။ သူ့ကို ယုံကြည်နိုင်၏။ သူ၏ဦးဆောင်မှုကို လိုက်နာပြီး နာခံဖို့ကသာ ကျွန်ုပ်တို့ရဲ့တာဝန်ဖြစ်၏။

ဤအခန်းနှစ်ခန်း၏ ဖွဲ့စည်းပုံသည် ဘုရားသခင်က သူ၏လူများအတွက် ဝင်ရောက်စွက်ဖက်ပေးခြင်းနှင့် သက်ဆိုင်ပြီး၊ အဓိကအပိုင်းလေးပိုင်းအဖြစ် ခွဲခြားနိုင်သည် –

က။ ဘုရားသခင်နှင့် မောရှေ၏ တွေ့ဆုံမှု (ထွက် ၃း၁ – ၄း၁၇)၊ နိဒါန်းနှင့် တာဝန်ပေးအပ်ခြင်း (ထွက် ၃း၁ – ၁၀) နှင့် သခင်ဘုရားနှင့် မောရှေအကြား စကားစမြည်ပြောဆိုမှုနှင့် သက်ဆိုင်သော အပိုင်းလေးပိုင်းပါဝင်သည် – (၁) ထွက် ၃း၁၁၊ ၁၂။ (၂) ထွက် ၃း၁၃ – ၂၂။ (၃) ထွက် ၄း၁ – ၉ နှင့် (၄) ထွက် ၄း၁၀ – ၁၂။ ထို့ပြင် နိဂုံးချုပ် – မောရှေ၏ နောက်ဆုံးတောင်းဆိုချက်၊ ဘုရားသခင်၏ အမျက်ထွက်ခြင်း၊ နှင့် မောရှေအား ထောက်ပံ့ရန် အာရုန်ကို စေလွှတ်ခြင်း (ထွက် ၄း၁၃ – ၁၇)။

ခ။ မောရှေ၏ ဇနီးနှင့်သားနှစ်ယောက်နှင့်အတူ အဲဂုတ္တုသို့ ပြန်လာခြင်းနှင့် ဘုရားသခင်က မောရှေအား သူ၏အကူအညီပေးမည်ဟု အာမခံချက်ပေးခြင်း (ထွက် ၄း၁၈ – ၂၃)။

ဂ။ အရေဖျားလှီးခြင်းနှင့်ဆိုင်သော ပြဿနာ (ထွက် ၄း၂၄ – ၂၆)။

ဃ။ မောရှေသည် အာရုန်၊ အသက်ကြီးသူများ နှင့် နောက်ဆုံးတွင် ဣသရေလလူများနှင့် တွေ့ဆုံခြင်း (ထွက် ၄း၂၇ – ၃၁)။

ဘုရားသခင်၏ ကြီးမြတ်ပြီး တန်ခိုးကြီးသော လုပ်ဆောင်ချက်များကို မျှော်လင့် ထားသည်။ ဘုရားသခင်၏ လူများသည် သူတို့၏ ရွေးနုတ်ခြင်းအတွက် အမှုပြုမည့် အသက်ရှင်သော ဘုရားသခင်ကို ယုံကြည်ကိုးကွယ်ကြသည်။

## အပိုင်း ၂။ အနက်ဖွင့်ကျမ်း

မောရှေ၏ ဘဝတွင် အပြောင်းအလဲဖြစ်စေသော အဖြစ်အပျက်မှာ မီးလောင်နေသော ချုံပင်၌ သခင်ဘုရားနှင့် တွေ့ဆုံမှုဖြစ်သည်။ ဤဖြစ်ရပ်သည် သူ၏ဘဝကို သိသာထင်ရှားစွာ ပြောင်းလဲသွားစေခဲ့သည်။ ထိုဖြစ်ရပ်ဖြစ်ပွားချိန်တွင် သူ၏အသက်သည် ၈၀ နှစ်ရှိပြီး၊ ပြည့်စုံပြီး တည်ငြိမ်ကာ ကောင်းမွန်စွာ လိုက်လျောညီထွေရှိသော ဘဝကို ဖြတ်သန်းနေခဲ့သည်။ သူသည် အိမ်ထောင်ရှိ၍ သားနှစ်ယောက်ရှိပြီး မိဒျန်တွင် နေထိုင်ကာ သခင်ဘုရားအတွက် အသုံးဝင်ခဲ့သည်။ သူ၏ အေးချမ်းသောအချိန်များတွင် သိုးများကို ထိန်းကျောင်းရင်း၊ ဘုရားသခင်ထံမှ လှုံ့ဆော်မှုရရှိပြီး သမ္မာကျမ်းစာစောင်နှစ်စောင်ဖြစ်သော ယောဘကျမ်းနှင့် ကမ္ဘာဦးကျမ်းကို ရေးသားခဲ့သည်။ မောရှေသည် သူ၏ မိသားစုဘဝနှင့် သခင်ဘုရားနှင့် လျှောက်လှမ်းမှုတို့တွင် စိတ်ကျေနပ်မှုရှိခဲ့သည်မှာ ထင်ရှားသည်။ ထို့နောက် သူ၏ နေ့စဉ်ဘဝ၏ အေးချမ်းသော ပုံမှန်လုပ်ရိုးလုပ်စဉ်ကို ထိတ်လန့်ဖွယ် အနှောင့်အယှက်တစ်ခု ရောက်လာသည် - မောရှေသည် မီးလောင်နေသော ချုံတစ်ပင်ကို မြင်လိုက်ရပြီး၊ ၎င်းကို မီးလျှံများက မလောင်ကျွမ်းစေခဲ့ပေ။

သခင်ဘုရားသည် မောရှေ၏ အာရုံကို ဖမ်းစားလိုက်သောအခါ၊ အဲဂုတ္တုပြည်ရှိ ဣသရေလလူများ၏ အခြေအနေအပေါ် သူ မည်မျှ စိုးရိမ်ကြောင်း မောရှေအား ပြောပြခဲ့သည်။ ဘုရားသခင်သည် ၎င်းတို့၏ ဆင်းရဲဒုက္ခ၊ ဖိနှိပ်မှု၊ ကျွန်ခံရမှု၊ အကူအညီအတွက် အော်ဟစ်ငိုကြွေးမှု နှင့် ဒုက္ခများအကြောင်း မိန့်တော်မူခဲ့သည်။ "နို့နှင့်ပျားရည် စီးတတ်သော ပြည်သို့ ပို့ဆောင်ခြင်းငှါ ငါဆင်းလာပြီ" (ထွက် ၃း၈) ဟု သခင်ဘုရားက ကြေညာခဲ့သည်။ သူသည် ဣသရေလလူများကို "ငါ၏လူများ" (ထွက် ၃း၁၀) ဟု ခေါ်ဆိုပြီး၊ သူ၏လူများကို ပြည်သစ်တစ်ခုသို့ ဦးဆောင်လိုခဲ့သည်။ ၎င်းကို ကတိထားရာပြည်ဟု ခေါ်ဆိုကြသည်။ အကြောင်းမှာ ဘုရားသခင်သည် အာဗြဟံ၊ ဣဇာက် နှင့် ယာကုပ်တို့အား ၎င်းတို့၏ သားစဉ်မြေးဆက်များသည် ခါနာန်ပြည်ကို အမွေဆက်ခံရမည်ဟု ကတိပေးခဲ့ သောကြောင့်ဖြစ်သည်။ ဘုရားသခင် လုပ်ဆောင်ရန် အချိန်တန်လာပြီ၊ မောရှေသည် သူ၏ ကတိ ကိုဖြည့်ဆည်းရန် ဘုရားသခင်အသုံးပြုမည့် တန်ဆာပလာဖြစ်လာမည်။

မောရှေသည် ဘုရားသခင်ကိုယ်တော်တိုင်က ခေါ်တော်မူခြင်းခံရပြီး၊ အဲဂုတ္တုပြည်သို့ ပြန်သွားရန် ဖြစ်သည်။ ၎င်းသည် သူ၏အသက်ကို ကယ်တင်ရန် လွန်ခဲ့သော ၄၀ နှစ်က (ဘီစီ ၁၄၉၀) ထွက်ပြေးခဲ့ရသော ပြည်ဖြစ်သည်။ မောရှေသည် ယခု ဖာရိဘုရင် သတ်မို့စ် တတိယ (ဘီစီ ၁၅၀၄-၁၄၅၀) နှင့် တွေ့ဆုံရမည်ဖြစ်ပြီး၊ ၎င်းကို သူငယ်စဉ်က ဘုရင်နန်းတော် တွင် နေထိုင်စဉ် ကိုယ်တိုင် သိခဲ့သူ ဖြစ်သည်။ မောရှေ ၏ မွေးစား မိခင် ဟတ်ရှပ်

ဆတ် သည် ဘီစီ ၁၄၈၂ တွင် ကွယ်လွန်ခဲ့သည်။ ဘုရားသခင်က မောရှေအား ပြန်သွားပြီး ဣသရေလလူများကို အဲဂုတ္တုမှ ကယ်တင်ရန် သူနှင့်အတူ အမှုပြုရန် တောင်းဆိုသောအခါ၊ မောရှေအား အမိန့်နှစ်ခု ပေးခဲ့သည် – "ယခုသွားလော့။ သင်သည် ငါ၏လူ ဣသရေလ အမျိုးသားတို့ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင် မည်အကြောင်း၊ သင့်ကိုဖါရောဘုရင်ထံသို့ ငါစေလွှတ်မည်ဟု မိန့်တော်မူ၏" (ထွက် ၃း၁၀)။ ဤကျမ်းပိုဒ်မှ ကျွန်ုပ်တို့ သတိပြုနိုင်သည်မှာ ဘုရားသခင်က ခေတ်သစ်ဘာသာပြန်များတွင် သိသာထင်ရှားမှုမရှိသော အမိန့်နှစ်ခုကို အသုံးပြုခဲ့သည်။ ဘုရားသခင်က မောရှေအား အလေးပေးပြောခဲ့သည် – (၁) "သွား!" နှင့် (၂) "ငါ၏လူများကို . . . အဲဂုတ္တုမှ ထုတ်ဆောင်လာခဲ့" ဤသို့ဖြင့် မောရှေ၏ ခေါ်တော်မူခြင်း၏ ဇာတ်ကြောင်းသည် ပေါ်ထွက်လာခဲ့သည်။

### မောရှေ၏ အကြောင်းပြချက်လေးခုနှင့် ဘုရားသခင်၏ကတိတော်လေးပါး

### ၁။ "အကျွန်ုပ်သည် အဘယ်သို့သောသူနည်း" နှင့် "ငါသည် သင့်ဘက်၌ရှိလိမ့်မည်" *(ထွက် ၃း၁၁၊ ၁၂)*

မောရှေသည် ဤအမိန့်နှစ်ခု ("သွား!" နှင့် "ငါ၏လူများကို အဲဂုတ္တုမှ ထုတ်ဆောင်လာခဲ့") ကို ကြားသောအခါ၊ အစပိုင်းတွင် လိုက်နာရန် မလိုလားခဲ့ပေ။ မောရှေသည် ဤကြီးမားသော တာဝန်ပေးအပ်ခြင်း၏ ဝန်ထုပ်ဝန်ပိုးမှ လွတ်မြောက်ရန် နည်းလမ်းလေးသွယ်ကို အသုံးပြုခဲ့သည်။ ပထမဦးစွာ၊ သူသည် မိမိ၏ နှိမ့်ချမှုနောက်ကွယ်တွင် ပုန်းအောင်းကာ အလွန်ကောင်းသော မေးခွန်းတစ်ခုကို မေးခဲ့သည် – "အကျွန်ုပ်သည် အဘယ်သို့သော သူနည်း" ဘုရားသခင်က ကျွန်ုပ်တို့အား လုပ်ဆောင်ရန် တောင်းဆိုသည်များကို လုပ်ရန် ကျွန်ုပ်တို့၏ မလုံလောက်မှုနှင့် မစွမ်းနိုင်မှုကို သိရှိရန် အရေးကြီးသည်။ သူ၏ ဦးဆောင်မှုကို လိုက်နာရန် စွမ်းအားသည် ကျွန်ုပ်တို့အတွင်း၌ မရှိဘဲ ကျွန်ုပ်တို့ပြင်ပတွင် ရှိသည်။ ၎င်းသည် ကျွန်ုပ်တို့ နှိမ့်ချစွာ သူ့ကို လိုက်သောအခါ ဘုရားသခင်က ကျွန်ုပ်တို့ကို ပြင်ဆင်ပေးခြင်းတွင် ရှိသည်။ သို့သော် မောရှေသည် ဤအသိအမှတ်ပြုမှုကို ကျော်လွန်၍ ဘုရားသခင်၏ တာဝန်ပေးခြင်းမှ လွတ်မြောက်ရန် နည်းလမ်းရှာခဲ့သည်။

ဘုရားသခင်က တုံ့ပြန်ရာတွင် မောရှေအား သူနှင့်အတူ ရှိနေမည်ဟု အာမခံခဲ့သည် (အငယ် ၁၂ နှင့် ၁၄ တွင် "ငါသည် သင့်ဘက်၌ရှိလိမ့်မည်" ဟူသော စကားစုတူကို အသုံးပြုထားသည်)၊ ထို့ပြင် မောရှေနှင့် ဣသရေလလူများသည် ယခု တွေ့ဆုံနေသော ဤတောင်၊ သိနာတောင်ပေါ်တွင် ဘုရားသခင်ကို ကိုးကွယ်မည်ဟု ဆိုကာ နိမိတ်လက္ခဏာတစ်ခု ပေးခဲ့သည်။ ဤကတိသည် အားလုံးပါဝင်သည်။ လိုအပ်သမျှအရာအားလုံးကို ဘုရားသခင်က သူ၏လူများနှင့်အတူ ရှိနေခြင်းတွင် ပါဝင်သည်။ "Immanuel" အယူအဆ ("ငါတို့နှင့် အတူရှိသော ဘုရားသခင်") ဟူသည် အရေးအကြီးဆုံး ကတိတော်ဖြစ်သည်။

### ၂။ "နာမတော်ကား အဘယ်သို့နည်း" နှင့် "ငါဖြစ်သည်အတိုင်း ငါဖြစ်၏" *(ထွက် ၃း၁၃ - ၂၂)*

မောရှေသည် သူ၏ ဒုတိယအကြောင်းပြချက်ကို ဘုရားသခင်၏ နာမတော် YHWH ၏ အဓိပ္ပါယ် ကို မေးမြန်းခြင်းဖြင့် တင်ပြခဲ့ သည် – "နာမတော်ကား အဘယ်သို့နည်း၊" ဤ အ

ကြိမ်တွင် သူသည် ဘုရားသခင်၏ လူများ၏ အသိပညာမရှိမှုနောက်ကွယ်တွင် ပုန်းအောင်းနေပြီး၊ ၎င်းတို့သည် ဘုရားသခင်ကို ပုဂ္ဂိုလ်ရေးအရ မသိကြသည်မှာ မှန်ကန်ကြောင်း မှန်မှန်ကန်ကန် ဖော်ပြခဲ့သည်။ ထို့ကြောင့် မောရှေသည် ဘုရားသခင်ခန့်အပ်ထားသော ခေါင်းဆောင်ဖြစ်ကြောင်း ၎င်းတို့ မည်သို့ သိနိုင်မည်နည်း။

သခင်ဘုရားသည် ထာဝရ၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ၊ နှင့် စစ်မှန်သော ဘုရားသခင် ဖြစ်ကြောင်း စိတ်ရှည်စွာ ရှင်းပြခဲ့သည်။ သူသည် ဣသရေလ၏ ဘိုးဘေးများကို ဦးဆောင်ခဲ့သော သမိုင်းထဲက ဘုရားသခင် ဖြစ်သည်။ သူသည်အာဗြဟံ၊ ဣဇာက်၊ နှင့် ယာကုပ်၏ ဘုရားသခင်၊ ၎င်းတို့နှင့် ဆက်သွယ်ပြီး သူ၏ မေတ္တာနှင့် ကရုဏာဖြင့် ဂရုစိုက်ပေးခဲ့သော ဘုရားသခင်ဖြစ်သည်။ သူသည် ၎င်းတို့ကို "နို့နှင့်ပျားရည် စီးဆင်းသောပြည်" (ထွက် ၃း၁၇) သို့ ဘုရားသခင်၏ ကြွယ်ဝသော ကောင်းချီးများနှင့်အတူ ပို့ဆောင်ပေးမည်ဟု ကတိပေးခဲ့သော ဘုရားသခင်ဖြစ်သည်။ သူသည် သခင်ဘုရားဖြစ်၏။ ဟေဗြဲလူများ၏ ဘုရားသခင်ဖြစ်၏။ ဘုရားသခင်သည် ၎င်းတို့အား အဲဂုတ္တုမှ ထွက်ခွာသောအခါ လက်ဗလာဖြင့် မသွားရဘဲ၊ ၎င်းတို့ ကျွန်ခံနေရစဉ် ကာလတွင် မရခဲ့သော အဖိုးတန်လက်ဆောင် များစွာနှင့် အတူ ထွက်ခွာရမည်ဟု ကတိပေးခဲ့သည်။

## ၃။ 'ထိုသူတို့သည် အကျွန်ုပ်ကို မယုံ၊ အကျွန်ုပ်စကားကို နားမထောင်ဘဲနေလျှင်၊' နှင့် ဘုရားသခင်၏ တန်ခိုးကြီးသော နိမိတ်လက္ခဏာများ *(ထွက် ၄း၁-၉)*

မောရှေသည် သူ၏ တတိယအကြောင်းပြချက်ကို ဣသရေလလူများ၏ တုံ့ဆိုင်းမှုကို ညွှန်ပြရင်း ဆက်လက်တင်ပြသည် – "ထိုသူတို့သည် အကျွန်ုပ်ကို မယုံ၊ အကျွန်ုပ်စကားကို နားမထောင်ဘဲနေလျှင်... ဘာလုပ်ရမလဲ၊" ထို့တုံ့ပြန်မှုအနေနှင့် ဘုရားသခင်က မောရှေအား သူ့ကို အံ့ဖွယ်လက္ခဏာနစ်ခု ပြုလုပ်နိုင်စေရန် အစွမ်းပေးမည်ဟု မိန့်တော်မူသည်။ ၎င်းတို့သည် ဘုရားသခင်က သူ့ကို စေလွှတ်ခဲ့ပြီး သူ၏လူများကို အဲဂုတ္တုမှ ကယ်တင်မည် ဖြစ်ကြောင်း ထိတွေ့နိုင်သော နိမိတ်လက္ခဏာများနှင့် သက်သေများဖြစ်လိမ့်မည် – (၁) မောရှေသည် သူ၏တောင်ဝေးကို မြွေအဖြစ်သို့ ပြောင်းလဲနိုင်ပြီး တောင်ဝေးအဖြစ် ပြန်ပြောင်းနိုင်မည်။ (၂) သူသည် လက်ကို ရင်ဘတ်ထဲထည့်ပြီး ထုတ်လိုက်ရာ နူနာရောဂါ ဖြစ်လာမည်၊ ထို့နောက် ပြန်ထည့်လိုက်သောအခါ ပျောက်ကင်းသွားမည်။

## ၄။ 'အကျွန်ုပ်သည် နှုတ်သတ္တိမရှိပါ' *(ထွက် ၄း၁၀)* နှင့် 'သင်သည် အဘယ်သို့ပြောရမည်ကို သွန်သင်မည်' *(ထွက် ၄း၁၂)*

မောရှေ၏ အဲဂုတ္တုသို့ မသွားရန် စတုတ္ထအကြောင်းပြချက်သည် ရိုးရှင်းသည် – "အိုဘုရားရှင်၊ အကျွန်ုပ်သည် နှုတ်သတ္တိမရှိပါ။ အထက်ကလည်း မရှိပါ။" မောရှေသည် သခင်ဘုရားအား သူသည် အငြင်းအခုံများကို ဖွဲ့စည်းရာတွင် နှေးကွေးပြီး အဲဂုတ္တုဘာသာစကားနှင့် ဟေဗြဲ ဘာသာစကားများတွင် ကျွမ်းကျင်မှု မရှိကြောင်း တောင်းပန်နေသည်။

သူသည် အဲဂုတ္တုဘာသာစကားကို နှစ်လေးဆယ်ကာလပတ်လုံး အသုံးမပြုခဲ့သည်မှာ နားလည်စရာပင်ဖြစ်၏။ ဘုရားသခင်ကတုံ့ပြန်ရာတွင် သူသည် ဖန်ဆင်းရှင်ဖြစ်သောကြောင့် ဆွဲဆောင်မှုရှိစွာနှင့် ရှင်းလင်းစွာဖော်ပြရန် စွမ်းရည်ပေးမည်ဟု အာမခံခဲ့သည်။ ထို့ကြောင့် ဘုရားသခင်သည် ဤတာဝန်အတွက် မောရှေကို စွမ်းအားပေးမည် – "သင်၏နှုတ်၌ ငါရှိ၍၊ သင်သည် အဘယ်သို့ပြောရမည်ကို သွန်သင်မည်ဟု မိန့်တော်မူ၏။" (ထွက် ၄း၁၂)။ (ဤကတိသည် ယေ ၁း၅ – ၈ တွင် အလားတူဖြစ်ရပ်တစ်ခုကို သတိရစေသည်)။

ထွက်မြောက်ရာကျမ်း ၄း၁၃ – ၁၇ တွင် မောရှေ၏ နောက်ဆုံးအကြောင်းပြချက်နှင့် ဘုရားသခင်၏ တုံ့ပြန်မှုကို ဖော်ပြထားသည်။ မောရှေသည် အဆုံးအစွန်သို့ ရောက်နေသည်။ သူ၏ အကြောင်းပြချက်အားလုံးကို ဘုရားသခင်ကိုယ်တော်တိုင်က တန်ခိုးရှိစွာ ချေပခဲ့သည်။ မောရှေ ဘာလုပ်မည်နည်း၊ သူသည် ဘုရားသခင်၏ ခေါ်ဆိုမှုကို ဟုတ်သည် သို့မဟုတ် မဟုတ်သည်ဖြင့် ဖြေကြားခြင်းဖြင့် သူ၏ရပ်တည်ချက်ကို ရှင်းလင်းစွာ သတ်မှတ်ရမည်။ ကျွန်ုပ်တို့ကို အံ့အားသင့်စေသည်မှာ၊ မောရှေသည် ဘုရားသခင်ထံမှ ထူးကဲသော ကတိများကို ရရှိပြီးနောက်ပင် ဘုရားသခင်၏ အမိန့်တော်များကို လိုက်နာရန် ငြင်းဆန်ခဲ့သည်။ မောရှေသည် သွားလိုစိတ်မရှိပေ – "အလိုတော်ရှိသောသူ၏လက်တွင် ပေးလိုက်တော်မူပါ" (ထွက် ၄း၁၃)။

ယခု အခန်းကဏ္ဍများ ပြောင်းပြန်ဖြစ်သွားသည်။ မောရှေသည် ဘုရားသခင်၏ အမိန့်များကို ငြင်းပယ်ရုံသာမက၊ "ကျေးဇူးပြု၍" ဟူသော စကားလုံးဖြင့် ယဉ်ကျေးစွာ ပြောဆိုထားသော်လည်း၊ သူ့စကားသည်အမိန့်စကားကဲ့သို့ဖြစ်ကာ ဘုရားသခင်ကိုပင် အမိန့်ပေးရန် ရဲစွမ်းသတ္တိပြခဲ့ပါသည်။

"ကျေးဇူးပြု၍ – – အလိုတော်ရှိသော သူ၏လက်တွင် ပေးလိုက်တော်မူပါ" ဟုနာခံရမည့် သူက ဘုရားသခင်အား ညွှန်ကြားချက်များ ပြောင်းပြန်ပေးနေ၏။ ဘယ်လောက်ဆန့်ကျင် ဘက်ဖြစ်နေသလဲ!

ဤအခိုက်အတန့်တွင်၊ သမ္မာကျမ်းစာက "ထာဝရဘုရားသည် မောရှေအား အမျက်တော် ထွက်၍" (ထွက် ၄း၁၄) ဟု ဖော်ပြထားသည်။ သို့သော် ဘုရားသခင်က အဖြေတစ်ခုကို တင်ပြခဲ့သည် – ၎င်းသည် မောရှေ၏ ညီဖြစ်သူ အာရုန်၏ ပုဂ္ဂိုလ်အဖြစ် ဖြစ်လိမ့်မည်၊ "သူသည်လည်း သင့်ကိုခရီးဦးကြိုပြုခြင်းငှါ ယခုလာ၏။" (ထွက် ၄း၁၄)။ ဘုရားသခင်သည် မောရှေ၏ အပျက်သဘောဆောင်သော အဖြေကို ကြိုတင်သိထားပြီး၊ ဘုရားသခင်၏ တာဝန်ပေးခြင်းကို အတူတကွ ဖြည့်ဆည်းရန် အာရုန်ကို မောရှေထံ စေလွှတ်ခဲ့ပြီးဖြစ်သည်။ အာရုန်သည် မောရှေ၏ "နှုတ်" ဖြစ်လိမ့်မည်၊ ဆိုလိုသည်မှာ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဖာရောနှင့် လူများထံ ဆက်သွယ်ပေးမည့် သူ၏ ပြောရေးဆိုခွင့်ရှိသူ ဖြစ်လိမ့်မည်။ အဘယ်မျှလောက် မေတ္တာရှိပြီး ကျေးဇူးပြုသော သခင်ဘုရားဖြစ်ပါသလဲ! ကျွန်ုပ်တို့ အမှောင်သာမြင်နေရချိန်တွင် သူသည် အဖြေတစ်ခုကို ပေးအပ်သည်။

အလွန်တုံ့ဆိုင်းမှုများနှင့်အတူ မောရှေသည် ဘုရားသခင်၏ ညွှန်ကြားချက်များကို လိုက်နာခဲ့သည်။ ဘုရားသခင် ၏ အဖြေ အပေါ် မောရှေ ၏ တုံ့ပြန်မှု ကို ကျွန်ုပ် တို့ မဖတ် ရ

သော်လည်း၊ နောက်ဆက်တွဲ ကျမ်းပိုဒ်များတွင် မောရှေသည် အဲဂုတ္တုသို့ သွားကြောင်း တွေ့ရှိရသည်။ ကောင်းသော မိသားစုတစ်စု အနေဖြင့်၊ သူသည် ဦးစွာ ယေသရောနှင့် သူ့အား ဘုရားသခင်ခန့်အပ်ခြင်းအကြောင်း ပြောဆိုခဲ့ပြီး၊ ယေသရောက သူ့ကို အတည်ပြု၊ ကောင်းချီးပေးမှုများဖြင့် အဲဂုတ္တုသို့ စေလွှတ်ခဲ့သည်။ ထို့ကြောင့် မောရှေသည် ရှေ့သို့ ချီတက်သွားသည်။ ထိုအချိန်မှစ၍ အရာခပ်သိမ်းသည် မမျှော်လင့်ထားသည့်၊ မထင်မှတ်ထားသည့် နည်းလမ်းများဖြင့် ရှေ့သို့ ဆက်လက်ဖြစ်ပေါ်သွားမည်။

## အပိုင်း ၃။ လက်တွေ့ အသုံးချခြင်း

၁။ ကျွန်ုပ်တို့ဘဝမှာ အရာခပ်သိမ်းဟာ ဘုရားသခင်ရဲ့ပုံရိပ်ပေါ်မှာ မူတည်၏။ သင့်အတွက် ဘုရားသခင်သည် အဘယ်သူနည်း။ ဘုရားသခင်ရဲ့ ရှိနေမှုကို သင်ဘယ်လိုမြင်ပြီး နားလည်ပါသလဲ။ သင့်ဘဝမှာ၊ ဘုရားသခင်ရဲ့ဘယ်လိုပုံရိပ်မျိုးကို သင့်အသက်တာမှာ ပျိုးထောင်ထားသလဲ။

၂။ သခင်ဘုရားအတွက် အရေးအကြီးဆုံးအရာဟာ ပစ္စည်း၊ ပိုင်ဆိုင်မှု၊ အောင်မြင်မှု၊ အစီအစဉ်၊ ဒါမှမဟုတ် စွမ်းဆောင်ရည် မဟုတ်ပါဘူး။ ၎င်းဟာ ဆက်ဆံရေးတွေပါ။ အသက်ရှင်သော ဘုရားသခင်ဟာ ဆက်ဆံရေးရှိတဲ့ဘုရားသခင်ပါ။ လူသားဆက်ဆံရေးဟာ သူနဲ့ ဒေါင်လိုက်ဆက်ဆံရေးနဲ့ စတင်ပြီး၊ တစ်ယောက်နဲ့တစ်ယောက် အလျားလိုက်ဆက်ဆံရေးအဖြစ် ပြောင်းလဲသွားပါတယ်။ မောရှေရဲ့ ဘုရားသခင်နဲ့ တွေ့ဆုံမှုက သူ့ကို ဘယ်လို လူသစ်တစ်ယောက်နဲ့ ကြီးမြတ်တဲ့ ခေါင်းဆောင်တစ်ယောက် ဖြစ်သွားစေခဲ့ပါသလဲ။

၃။ ကျွန်ုပ်တို့ဘဝအပေါ် ဘုရားသခင်၏ ခေါ်ဆိုမှုသည် လမ်းကြောင်းမျိုးစုံပါသော ကျယ်ပြန့်သော အဝေးပြေးလမ်းတစ်ခုနှင့် တူသည်။ များသောအားဖြင့် ဘဝတွင် အလိုအပ်ဆုံး တာဝန် သို့မဟုတ် ခေါ်ဆိုမှုသည် ဤတာဝန် သို့မဟုတ် ခေါ်ဆိုမှုသည် ဘုရားသခင်က ကျွန်ုပ်တို့လုပ်စေလိုသည့်အရာ ဖြစ်ကြောင်း သဘောပေါက်ရန် ကူညီပေးနိုင်သည်။ သခင်ဘုရားသည် ကျွန်ုပ်တို့ကို လွယ်ကူသော သို့မဟုတ် ကိုယ်ကိုယ်ကိုသာ ဗဟိုပြုသော လမ်းကြောင်းပေါ်သို့ ဘယ်သောအခါမှ မဦးဆောင်ပါ။ သူသည် ကျွန်ုပ်တို့၏ တိုးတက်မှုနှင့် ကျွန်ုပ်တို့အတွက် အကောင်းဆုံးဖြစ်သည့်အရာကို လိုလားသည်။ သူ၏အမိန့်တော်တာဝန်သည် အလွန်ကြီးမြတ်ပြီး ကျွန်ုပ်တို့၏ စွမ်းဆောင်နိုင်မှုထက် ကျော်လွန်နေပုံရသော်လည်း ရှေ့သို့ချီတက်ရန် ကျွန်ုပ်တို့ကို အမိန့်ပေးသည်။ ဘဝတွင် သူ၏ ခေါ်တော်မူခြင်းနှင့် အလုပ်အကိုင်ကို မည်သို့သိမှတ်ပြီး လိုက်နာနေကြောင်း သေချာစေနိုင်မည်နည်း။

၄။ ကျွန်ုပ်တို့အတွက် ဘုရားသခင်၏ အစီအစဉ်နှင့် ရူပါရုံအတိုင်း သူ၏ အလိုတော်ကို လုပ်ဆောင်လိုကြသည်။ သင့်ဘဝအတွက် သူ၏လမ်းကြောင်းကို လက်ခံခြင်းမှ တားဆီးနေသော ဘုရားသခင်ထံ သင်ဘယ်လိုအကြောင်းပြချက်ကို တင်ပြထားပါသလဲ။ သူနှင့်အတူ သင့်ခရီးတွင် မျှော်လင့်ချက်နှင့် သတ္တိရရှိရန် မည်သည့်သမ္မာကျမ်းစာကတိများကို တောင်းဆိုရန် လိုအပ်ပါသလဲ။ ထိုကတိများသည် အခြားသူများအတွက် သင့်လုပ်ဆောင်ပေးမှုကို မည်သို့အားပေးမှုဖြစ်စေပါသလဲ။

**သင်ခန်းစာ - ၃**

*ဇူလိုင်လ ၁၂-၁၈

# ကြမ်းတမ်းသော အစပြုခြင်း



## ဥပုသ်နေ့မွန်းလွဲပိုင်း

**ဖတ်ရန်ကျမ်းချက်များ။** ထွက် ၅း၁-၂၃၊ ဗျာ ၁၁း၈၊ ထွက် ၆း၁-၁၃၊ ဆာ ၇၃း၂၃-၂၆၊ ၂ ကော ၆း၁၆၊ ထွက် ၆း၂၈-၇း၇။

**အလွတ်ကျမ်းချက်။** **'ထိုနောက်မှ၊ မောရှေနှင့်အာရုန်သည် ဖါရောဘုရင်ထံသို့ဝင်၍၊ ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရားက၊ ငါ၏လူတို့သည် တော၌ ငါ့အဘို့ပွဲခံစေခြင်းငှါ လွှတ်ရမည်ဟု မိန့်တော်မူကြောင်းကို လျှောက်၏။ ဖါရောမင်းကလည်း၊ ထာဝရဘုရား၏စကားကို နားထောင်၍၊ ဣသရေလအမျိုးသားတို့ကို ငါလွှတ်စေခြင်းငှါ ထိုဘုရားကား အဘယ်သူနည်း။ ထာဝရဘုရားကို ငါမသိ၊ ဣသရေလအမျိုးသားတို့ကို ငါမလွှတ်ဟု ဆိုလေ၏။'** (ထွက်မြောက်ရာကျမ်း ၅း၁၊ ၂)

ယုံကြည်သူများစွာတို့သည် ထာဝရဘုရားနောက်တော်သို့ လိုက်ခြင်းဖြင့် ပျော်ရွှင်ခြင်း၊ ချမ်းသာခြင်းနှင့် အောင်မြင်ခြင်း ရလိမ့်မည်ဟုယူဆကြသည်။ သေချာပေါက် မဟုတ်သော်လည်း ကျမ်းစာမှဖော်ပြလေ့ရှိပါသည်။ ရံဖန်ရံခါ ဆူးပြောင့်ခလုတ်တွေနှင့် အခက်အခဲတွေ ရှိတတ်သည်။ စိတ်အနှောက်အယှက်ဖြစ်လှ၍ ဖြေရခက်ခဲ၍ အဖြေပင် မရှိသော မေးခွန်းများ ဖြစ်ပေါ်လာတတ်သည်။

ထာဝရဘုရားအား ယုံကြည်သူတို့သည် များစွာသော စုံစမ်းခြင်းတို့ကို ကြုံရပါမည်။ သည်းခံတည် ကြည်သော သူတို့အား အချိန်တစ်ခုခုတွင် ထာဝရဘုရားသည် အဖြေပေးလိမ့်မည်။ ဘုရား၏လမ်းစဉ်သည် ကျွန်ုပ်တို့မှ အချိန်မဆိုင်းနိုင်ခြင်းနှင့် ဆန့်ကျင်ဘက်ပင် ဖြစ်သော်လည်း သူ့ကို ယုံကြည်စိတ်ချနိုင်ရန် သင်ယူပါ။

ယခုအပတ်၏ ခေါင်းစဉ်သည် မောရှေအား ဘုရားသခင်၏ လူတို့ကို အီဂျစ်ပြည်မှ နုတ်ဆောင်ရန် ခေါ်တော်မူခြင်း တစ်စုံတစ်ဦးကိုပင် ရှင်းလင်းစွာခေါ်တတ်သကဲ့သို့ ခေါ်တော်မူခြင်းဖြစ်သည်။ ထူးဆန်းသော နိမိတ်များနှင့်အတူ ထာဝရဘုရား ကိုယ်တော်တိုင်သည် မောရှေအား စကားပြောဆိုလျက် မိမိအလိုရှိသော အရာကို တိကျစွာ ပြောပြလေသည်။

ထာဝရဘုရား ကိုယ်တော်တိုင်သည် မောရှေအား ခေါ်တော်မူ၍ တိကျသော တာဝန်ကိုပါ ညွှန်ကြား ထားသည်။

* ဇူလိုင်လ ၁၉ ရက်၊ ဥပုသ်နေ့အတွက် ပြင်ဆင်ဖို့ရန် ယခုအပတ် သင်ခန်းစာကို လေ့လာပါ။

## ထာဝရဘုရားကားအဘယ်သူနည်း

ဘုရားသခင်၏ အမိန့်တော်အရ မောရှေသည် "ငါ၏လူတို့ကို အဲဂုတ္တုပြည်မှ နုတ်ဆောင်ရမည်အကြောင်း" ဖါရောဘုရင်းထံသို့ သွားလေသည် *(ထွက် ၃း၁၀)*။

**ဘုရားသခင်၏အမိန့်တော် 'ငါ၏လူတို့ကို စေလွှတ်ရမည်' ကို ဖါရောသည် မည်သို့တုံ့ပြန်သနည်း *(ထွက် ၅း၁၊ ၂)*။ ဤတုံ့ပြန်မှုမှ ထင်ရှားသော မည်သည့်အချက်တွေ တွေ့နိုင်သနည်း။**

ဖါရောသည် "*ထိုဘုရားကား အလယ်သူနည်း*" ဟု ဆိုရာတွင် မသိချင်ယောင်ဆောင်နေသည် မဟုတ်ဘဲ ပမာမခန့် ပြုခြင်းအဖြစ် "*ထိုဘုရားကို ငါမသိ*" ဟူသော အဆိုသည် ဝင့်ကြွားခြင်းပင် ဖြစ်သည်။ ရာဇဝင်ထဲတွင် အလားတူ ဖော်ပြခဲ့သူ မည်မျှလောက် ရှိကြမည်နည်း။ ယေရှုသည် "ထာဝရအသက်ဟူမူကား မှန်သော ဘုရားသခင် တစ်ဆူတည်းဖြစ်တော်မူသော ကိုယ်တော်ကိုငှင်း စေလွှတ်တော်မူသော ယေရှုခရစ်ကိုငှင်း သိကျွမ်းခြင်း" *(ယော ၁၇း၃)* ဖြစ်သည်ဟု မိန့်တော်မူ၏။

ဖါရောဘုရင်နှင့် အီဂျစ်ပြည်ကြီးသည် တန်ခိုးအာဏာဖြင့် ဘုရားသခင်အား ငြင်းပယ်ခြင်း၏ အမှတ်သင်္ကေတ တစ်ခုဖြစ်သည်။ ၎င်းသည် ဘုရားသခင်၊ နှုတ်ကပတ်တော်နှင့် သူ၏လူတို့အား ဆန့်ကျင်သော သီးခြားရပ်တည်နေသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ဖါရော၏ "ဣသရေလအမျိုးတို့ကို ငါမလွှတ်" ဟူသောအမိန့်သည် ထာဝရဘုရားအား ဆန့်ကျင်ကြောင်းသာ၍ ပေါ်လွင်စေသည်သာမက အီဂျစ်ပြည်သည် အသက်ရှင်သော ဘုရားသခင်ကို ငြင်းပယ်ရုံသာမက တိုက်ခိုက်ခြင်း သင်္ကေတ ဖြစ်စေသည်။

ထိုနောက် နှစ်တွေ ထောင်ချီလာပြီး ပြင်သစ်တော်လှန်ရေးသည် ထိုနည်းတူပင်ဖြစ်သည် *(ဗျာ ၁၁း၈ နှင့် ဟေရှာ ၃၀း၁-၃)*။ ဖါရောသည် မိမိကိုယ်ကိုဘုရား၏ သားတော်ဘုရားပင်ဖြစ်၍ တစ်ခုတည်းသော တန်ခိုးအင်အားနှင့် ပညာဇစ်မြစ်ဟုဆိုသည်။

"သမ္မာကျမ်းစာ၏ ရာဇဝင်တို့တွင် အီဂျစ်သည် အသက်ရှင်သော ဘုရားသခင်ကို ရဲဝင့်စွာ ငြင်းပယ်ရုံ မက အမိန့်တော်အား ဖီဆန်သောနိုင်ငံကို ပုံဆောင်သည်။ အီဂျစ်ရှင်ဘုရင်မှလွဲ၍ ကောင်းကင်၏ အမိန့် အာဏာကို ဖီဆန်ရဲသော မည်သည့်ဧကရာဇ်မျှ မရှိခဲ့ပါ။ မောရှေသည် ဘုရားသခင်ထံမှ သတင်းစကားကို ယူလာသောအခါ ဖါရောသည် ဝင့်ကြွားစွာ ယေဟောဝါဘုရား၏စကားကို နားထောင်၍ ဣသရေလ အမျိုးကို ငါလွှတ်စေခြင်းငှါ ထိုဘုရားကား အဘယ်သူနည်း။ ထိုဘုရားကို ငါမသိ။ ဣသရေလအမျိုးတို့ကို ငါမလွှတ် *(ထွက် ၅း၂)* ဟုဆို၏။ ဘုရားမဲ့ဝါဒပင် ဖြစ်၍ အီဂျစ်ဖြင့် ပုံဆောင်သော လူမျိုးသည် အလားတူသော အသံဖြင့် ထိုဝါဒကဲ့သို့ မယုံကြည်ခြင်းနှင့် ပမာမခန့်ပြုခြင်းဖြစ်သည်။" *(အီးဂျီဝှိုက်။ မျက်မှောက်ကာလမှ ထာဝရကာလသို့၊ စာ၊ ၂၆၉)*။

**တစ်စုံတစ်ယောက်သည် ထာဝရဘုရား အားသိသလား ဟုမေးသည်ရှိသော် မည်သို့တုံ့ပြန် မည်နည်း။ သိသည်ဆိုသော် မည်သို့မည်ပုံ ရှင်းပြမည်နည်း။ အဘယ့်ကြောင့်နည်း။**

## ကြမ်းတမ်းသောအစပြုခြင်း

ထာဝရဘုရား တောင်းဆိုသောအရာသည် မလွယ်ကူမှုန်း အစတည်းကပင် မောရှေ သိပြီးသားဖြစ် နိုင်သော်လည်း မည်သို့ဖြစ်လာမည်ကိုတော့ သိပုံမပေါ်ချေ။

**ဖတ်ပါ – ထွက် ၅း၁ – ၂၁။ မောရှေနှင့် အာရုန်တို့သည် ဖါရောအား အရင်ဦးရင်ဆိုင်ခြင်း၏ ရလဒ်ကို မည်သို့ မှတ်တမ်းတင်ထားသနည်း။**

---

ဖါရောထံသို့ မဝင်မီကပင် မောရှေနှင့်အာရုန်တို့သည် ဣသရေလလူ ကြီးတို့အား စုဝေးစေ၍ ထာဝရဘုရား၏ နှုတ်ပတ်တော်ကို ပြောပြကာ နိမိတ်များကို ပြသထား သဖြင့် ထာဝရ ဘုရားသည် သူတို့၏ ကျေးကျွန်ဘဝမှ အမှန်တကယ် ကယ်နုတ်မည်ကို ဣသရေလတို့သည် ယုံကြည်ကြ၏။ ထိုသို့ ထာဝရဘုရား ဝတ်ပြုကြ၏ *(ထွက် ၄း၂၉ – ၃၁)*။ မြော်လင့်ခြင်းသည် အလွန်မြင့်မားလာလေသည်။ ထာဝရဘုရားသည် ဟေဗြဲ လူတို့ကို ကျေးကျွန်ဘဝမှ ကယ်နုတ်တော့မည် မဟုတ်လော။

မောရှေသည် ရှင်ဘုရင်ထံသို့ ဘုရားသခင်၏ အမိန့်တော်ကို ယူဆောင်သွားရာ ဣသရေလတို့ အတွက် အရာခပ်သိမ်းသည် သာ၍ ဆိုးယွားလာ၏။ ဒုက္ခဆင်းရဲ ပိုလာ၍ နေ့စဉ်လုပ်ငန်းစဉ်သည်လည်း ခက်ခဲလာသည်။ ကြမ်းတမ်းစွာ ဆက်ဆံခံရလာ သည်။ နဂိုမူလထက် လုပ်ငန်းဆောင်တာ ခက်ခဲလာသည်။ သူတို့၏ ခေါင်းဆောင်တို့ သည် မပျော်ရွှင်နိုင်ကြတော့ပါ။ မောရှေ၊အာရုန်တို့နှင့် လူထုအကြား ထိပ်တိုက် ရင်ဆိုင်မှုန်းတီးခြင်းတို့ ဖြစ်လာသည်။ လာမည့်အချိန်များတွင် မောရှေသည် မိမိလူတို့ နှင့် ပဋိပက္ခဖြစ်မည့် သဘောပင် ဆောင်နေတော့သည်။

**ဖတ်ပါ – ထွက် ၅း၂၁။ ၎င်းလူထုတို့၏ နေရာတွင် မိမိနေကြည့်လျက် မောရှေ၊ အာရုန်တို့နှင့် ထိပ်တိုက် ရင်ဆိုင်သည် သဘောထားပါ။ ထိုစကားမျိုး အဘယ်ကြောင့် ပြောထွက်လာ နိုင် သနည်း။**

မောရှေကို အပျက်ထွက်ကြသည်မှာ နားလည်ရမခက်ပါ။ *"ထာဝရဘုရားသည် သင်တို့အား ကြည့်ရှု စီရင်ပါစေ"* ဟုသာ ဆိုကြ၏။

အီဂျစ်လက်အောက်တွင် ဒုက္ခဆင်းရဲပိုလာစေရန် လာသည်မဟုတ်ဘဲ အီဂျစ် လက်ထက်မှ ကယ် နုတ်ရန် လာသည်ဟုသာ ယုံကြည်ကြသောကြောင့် ဖြစ်သည်။ ထိုသို့ အီဂျစ်လူတို့နှင့် ရင်ဆိုင်ရသည့်အပြင် မိမိတို့၏ လူတို့နှင့်လည်း ရင်ဆိုင်နေရ သည်။

**မိမိတို့၏ ဌာနေ အသင်းတော် ခေါင်းဆောင်များနှင့် ကတောက်ကစဖြစ်မိသောအခါ သာ၍ ကောင်းသော ဖြေရှင်းနိုင်သည့်နည်းလမ်းသည် မည်သည်တို့နည်း။**

## "ငါ" တည်းဟူသောဘုရား

မောရှေခမျာ သနားစရာပါ။ ဖါရောဏ်ကြိမ်းမောင်းခြင်းခံရပြီးမှ မိမိလူတို့ကလည်း ဆူပူကျိန်ဆဲကြပြန်၏။ ထိုအရာတို့ကို ထာဝရဘုရားအား တိုင်ကြား၏။ ဣသရေလ တို့၏ အခြေအနေသည် သာ၍ဆိုးလာခြင်းကြောင့် သူ၏ ခါးသီးသော ခံစားချက်ကြောင့် စိတ်ဓာတ်ကျဆင်းသဖြင့် "အိုဘုရားရှင် ကိုယ်တော်သည် ဤလူမျိုးတို့ကို အဘယ်ကြောင့် ညှင်းဆဲတော်မူသနည်း။ အကျွန်ုပ်ကို အဘယ့်ကြောင့် စေလွှတ်တော်မူ သနည်း။ အကျွန်ုပ်သည် ကိုယ်တော့်အခွင့်နှင့် ပြောခြင်းငှါ ဖါရောမင်းထံသို့ဝင်သည့် နေ့မှစ၍ သူတို့သည် ဤလူမျိုးကို ညှင်းဆဲပါပြီ။ ကိုယ်တော်သည် ကိုယ်တော်၏ လူတို့ကို အလျှင်းကယ်လွှတ်တော်မမူပါ" ဟုလျှောက်၏ *(ထွက် ၅း၂၂၊ ၂၃)*။ ထာဝရဘုရား အပေါ်တွင် မောရှေ မကျေနပ်သည်မှာသေချာသည်။ အခြေအနေအရ ဖြစ်နိုင်သည်။

ထာဝရဘုရား၏ တုံ့ပြန်ခြင်းသည် တန်ခိုးပါလှ၏။ သူသည်ပြတ်သားစွာ လုပ်ဆောင်ရတော့မည်။ "ငါသည် ဖါရောမင်း၌ အဘယ်သို့ပြုမည်ကို သင်သည်ယခု သိမြင်လိမ့်မည်" *(ထွက် ၆း၁)*။

**ဖတ်ပါ – ထွက် ၅း၂၂ –၆း၈။ မောရှေအား ထာဝရဘုရား မည်သို့တုံ့ပြန်၍ ယုံကြည်ခြင်းဆိုင်ရာ မည်သည့် သမ္မာတရားများပါဝင်သနည်း။**

ထာဝရဘုရားသည် အပြောသာမဟုတ်တော့ပါ။ သူ၏လူမျိုးတို့အတွက် ကြားဝင်ရပါတော့မည်။ ပတ်သက်ဆက်နွှယ်သောအချက် တစ်ချို့ကို မောရှေအားပြောပြသည်။ (၁) ငါသည်ထာဝရဘုရားဖြစ်သည်။ (၂) ရှေးဘိုးဘေးများထံ ထင်ရှားခဲ့သည်။ (၃) ငါသည် သူတို့နှင့် ပဋိညာဉ်တည်ဆောက်ခဲ့သည်။ (၄) ခါနန် ပြည်ကို သူတို့အားပေးမည့် ကတိပေးခဲ့သည်။ (၅) ဣသရေလတို့၏ ငိုကြွေးသံကို ငါကြားခဲ့ပြီ (၆) ကတိပြည်ကို သူတို့အားပေးမည့် ပဋိညာဉ်ကို ငါ အောက်မေ့သည်။ ထာဝရဘုရား၏ "ငါ" ကို သတိပြုပါ။ ငါသည် ထာဝရဘုရား၊ ငါ ဤသည်ကိုပြုခဲ့၏။ ငါ့ကို ယုံကြည်ပါ။ ငါ ကတိပေးသည်။

ယခု ကိုယ်တော်သည် အသက်ရှင်တော်မူသော သူတို့၏ ဘုရားဖြစ်သောကြောင့် ကြီးမားအရာ လေးခု ပင်ပြုမည်ဟု တည်ကြည်စွာ ကြွေးကြော်သည်။ (၁) "ငါသည် သင်တို့ကို အဲဂုတ္တုလူတို့လက်မှလွှတ်မည်။ (၂) သူတို့၏ညှင်းဆဲခြင်းမှနုတ်ယူမည်။ (၃) လက်ဆန့်ခြင်း ကြီးစွာသော ဒဏ်ခတ်ခြင်းအားဖြင့် သင်တို့ကို ငါရွေးမည်။ (၄) ငါ၏လူမျိုး ဖြစ်ခြင်းငှါ သင်တို့ကို ငါ သိမ်းယူမည်" *(ထွက် ၆း၆၊ ၇)*။

ဘုရား၏ လုပ်ဆောင်ချက် လေးချက်တို့သည် သူနှင့်သူ၏ လူတို့ကို အသစ်သော တော်စပ်ခြင်းဖြစ်စေ၏။ ဤအရာအားလုံးတို့ကို ထာဝရဘုရားပြုတော်မူ၍ ဣသရေလ တို့သည် လက်ခံရရှိသူတို့သာ ဖြစ်၏။ ထာဝရဘုရားသည် မေတ္တာဖြင့် အလွတ်ပင် ပေးတော်မူ၏။ ထိုသူတို့အားပြုခဲ့သည်နည်းတူ ယခုကျွန်ုပ်အတွက်ပင် ပြု ပေးနေပါသည်။

**ကျမ်းစာတွင် ထာဝရဘုရားထံသို့ ငိုကြွေးတောင်း ဆိုသော အခြား မည်သည့်လုပ်ရပ်များ ရှိသေးသနည်း။ သင်၏ အခြေအနေတို့ကို ထာဝရဘုရားထံ ငိုကြွေးသွန်းလောင်းခြင်းသည် အဘယ်ကြောင့် အဆင်ပြေ နိုင်သနည်း။ ယုံကြည်ခြင်းစိတ်ချခြင်းဖြင့် အဘယ်ကြောင့် ပြုရမည်နည်း။**

**ဗုဒ္ဓဟူးနေ့** ဇူလိုင်လ ၁၆ ရက်

## အရေးမပါသောနှုတ်များ

ထာဝရဘုရားသည် သူပြုမည့် တန်ခိုးရှိသောအရာတို့ကို မောရှေအား ကတိပေးခဲ့ပြီးဖြစ်သည်။ ထိုကတိသည် မောရှေကို အားပြည့်စေသော်လည်း သူလူမျိုးတို့၏ တုံ့ပြန်မှု ကြောင့် ခဏတာပင် ဖြစ်ခဲ့သည်။

**ဖတ်ပါ – ထွက် ၆း၉ – ၁၃။ မည်သည့်တို့ဆက်ဖြစ်၍ ကျွန်ုပ်တို့၏ စိတ်ဓာတ်ကျလျက် ရှုန်းကန်နေချိန် တွင် မည်သည့် သင်ခန်းစာရနိုင်သနည်း။**

ဟေဗြဲလူတို့သည် မိမိတို့၏ ဒုက္ခဆင်းရဲနှင့် အလုပ်ကြမ်းတို့ကြောင့် စိတ်ပျက်အားလျော့၍ မောရှေ အားဖြင့် ထာဝရဘုရားပြုမည့် ကတိတော်တို့ကိုပင် နားမထောင် နိုင်ကြတော့ပါ။ ကြာမြင့်စွာစောင့်မျှော်နေခဲ့ ပြီးဖြစ်၍ မျှော်လင့်ခြင်းသည် မပြည့်စုံနိုင်ပါ။ ယခုရော မည်သို့ထူးခြားနိုင်အံ့မည်နည်း။ စိတ်ပျက်မျှော်လင့်ခြင်း မဲ့နေကြပြီ။ သူတို့ဘဝတစ်လျှောက်လုံး ကယ်တင်ခြင်းကိုမျှော်လင့်ခဲ့သော်လည်း သာ၍ပင် ဆိုးယွားနေသေး၏။ အလားတူနေရာတွင် မရောက်ဖူးသူများရှိမည်လော။ စိတ်ဓာတ်ကျလျက် စိတ်ပျက်ကာ မကျေမနပ် ဖြစ်ခြင်း ဘုရားသခင်မှ စွန့်ပစ်သည်ဟုပင် မခံစားရဖူးသူ ရှိမည်လော။

ယောဘဝတ္ထုကိုသတိရပါ။ ဆာလံဆရာ အာသပ်သည် ဆိုးသောသူများတို့၏ ချမ်းသာခြင်းနှင့်ဖြောင့်မတ်သောသူများ၏ ဒုက္ခဆင်းရဲခံရခြင်းနှင့် ပတ်သက်၍ မေးခွန်းထုတ်စပ်ဆိုထားသည်။ သို့သော် ထိုရုန်းကန်ခြင်းတို့အား ဘေးဖယ်၍ အာသပ် သည်ယုံကြည်ခြင်းကိုလည်း တင်ပြထားသည်။ "အကျွန်ုပ်သည် ကိုယ်တော်ထံမှာ အစဉ်ရှိ၍ အကျွန်ုပ်လက်ျာလက်ကို ဆွဲကိုင်တော်မူ၏။ အကျွန်ုပ်ကိုဉာဏ်ပေး၍ ပဲ့ပြင်တော်မူမည်။ ကောင်းကင်ဘုံမှာ အကျွန်ုပ်၌ ကိုယ်တော်မှတပါး အဘယ်သူရှိသနည်း။ မြေကြီးပေါ်မှာ ကိုယ်တော်မှတပါး ဘာကိုမျှ အကျွန်ုပ်အလိုမရှိပါ။ အကျွန်ုပ်၏အသားနှင့် နှလုံးသည် ပျက်ကြသော်လည်း ဘုရားသခင်သည် အကျွန်ုပ်နှလုံး၏ အစွမ်းသတ္တိ၊ အကျွန်ုပ် အစဉ်အမြဲ ခံစားဖို့ရာဖြစ်၏" *(ဆာ ၇၃း၂၃ – ၂၆)*။

ဤအထွတ်အမြတ်ထားသော ရာဇဝင်တို့အားဖြင့် ထာဝရဘုရားသည် သူ့လူတို့အား စောင့်မသည်ကို ခိုင်မြဲစေသည် *(ဟေရှာ ၄၁း၁၃။ မဿဲ ၂၈း၂၀)*။ သူ၏ငြိမ်သက်ခြင်း၊ နှစ်သိမ့်ခြင်းကိုပေး၍ အသက်တာ၏ စိန်ခေါ်မှုများတွင် ထောက်မသည် *(ယော ၁၄း၂၇။ ၁၆း၃၃။ ဖိ ၄း၆၊ ၇)*။

ပဋိညာဉ်၏ ပုံသေနည်းသည် "ငါ၏လူမျိုးဖြစ်ခြင်းငှါ သင်တို့ကို ငါသိမ်းယူမည်။ ငါသည် သင်တို့၏ ဘုရားဖြစ်မည်" *(ထွက် ၆း၇)* ဖြစ်၍ သူသည် သူ့လူတို့နှင့် ရင်းနှီးကျွမ်းဝင်စွာ နေလိုသောကြောင့် ဖြစ်သည်။

**"ငါ၏လူမျိုးဖြစ်ခြင်းငှါ သင်တို့ကို ငါ သိမ်းယူမည်။ ငါသည် သင်တို့၏ဘုရားဖြစ်မည်"** *(ထွက် ၆း၇)* **ဟူသောစာသားကို စိတ်ထဲသို့မှီးပါ။ ထိုစကားသည် အများဆိုင်ဖြစ်သော်လည်း မိမိတို့တစ်ဦးစီ၏ နေ့စဉ်အသက်တာ အငပေါ်တွင် မည်သို့ဆက်စပ်မှုရှိနိုင်မည်နည်း (၂ကော ၆း၁၆)။**

## ဖါရောဘုရင်၏ဘုရားအရာ

**ဖတ်ပါ – ထွက်၆း ၂၈ –ရ၁း၇။ မောရှေ၏ကန့်ကွက်မှုကို ထာဝရဘုရား မည်သို့ပြုသနည်း။**

ထာဝရဘုရားသည် မိမိကိုယ်ကို ယာဝေဟုထင်ရှားခဲ့သည်။ ယာဝေအနက်မှုကား သူ၏လူတို့အား ပုဂ္ဂလ္လနီးကပ်သောဘုရား သူတို့နှင့်ပဋိညာဉ်ပြုသောဘုရားဟူ၏။ ဤကိမ်းဝပ်တော်မူသော ဘုရားသည်မောရှေသွား၍ ဖါရောနှင့်စကားပြောရန် စေခိုင်းပြန်သည်။ မိမိကိုယ်ကိုပင် မယုံနိုင်တော့သော မောရှေသည် "ဖါရောသည် ကျွန်ုပ်၏စကားကိုမှ မယုံတာ" ဟု ငြင်းဆိုပြန်၏။ ဤတစ်ကြိမ်သည်လည်း မောရှေသည် နှိမ့်ချသည် မဟုတ်ဘဲ၊ အဆင်မပြေလှသော ဤလုပ်ငန်းကို စွန့်လွှတ်လိုသောကြောင့် ဖြစ်သည်။

"ထာဝရဘုရားသည် မောရှေအား ဖါရောထံသို့ပြန်သွားရန် မိန့်တော်မူသောအခါ မိမိကိုယ်ကို မယုံကြည်မှု ပြခဲ့သည်။ မောရှေသည် စကားပြောမရေလည်သောကြောင့် အရေဖျားမလှီးသောနှုတ်ခမ်းဟု အနက်ရသော *အာရာလ်စီပါတေယိမ် (၆း၁၂၊ ၃၀)* သည် အသုံးပြုသည်မှာ ထွက်၊ ၄း ၁၀ တွင်နှုတ်သတ္တိမရှိ ဆိုသည်နှင့် တထေရာတည်း ဖြစ်၏" *(အန်ဒရူးကျမ်းစာရှင်းလင်းချက်။ ဓမ္မဟောင်း၊ "ထွက်မြောက်ရာကျမ်း" အန်ဒရူး တက္ကသိုလ် ပုံနှိပ်တိုက် ၂၀၂၀။ စာ၊ ၂၀၅)*။

ထာဝရဘုရားသည် ဂရုဏာတော်ဖြင့် မောရှေကို ကူညီရန် အာရုန်ကို ပေးသည်။ မောရှေသည် အာရုန်အား ပြောလိမ့်မည်၊ အဘယ်သူသည် ဖါရောဘုရင်အား ပွင့်လင်းစွာ ပြောမည်နည်း။ ထို့ကြောင့် မောရှေသည် အီဂျစ်ဘုရင်ရှေ့တွင် ဘုရားသခင်၏ အခန်း ကဏ္ဍကို ထမ်းဆောင်ရမည်ဖြစ်ပြီး၊ အာရုန်သည် သူ၏ပရောဖက်ဖြစ်လိမ့်မည်။

ဤဇာတ်လမ်းသည် ပုရောဖက်တစ်ပါး၏ အကောင်းဆုံး သရုပ်ဆောင်ခြင်းဖြစ်သည်။ ပုရောဖက်သည် ဘုရား၏ပြောရေးဆိုခွင့်ရှိသူ လူသားတို့အားတစ်ဆင့် ဖောက်သည် ချပေးသူဖြစ်သည်။ မောရှေသည် အာရုန်အား ပြောပြ၍ အာရုန်ကလည်း ဖါရောထံသို့ ပြန်လည် ဖောက်သည်ချသည်နည်းတူ ဘုရားသခင်သည် ပုရောဖက်နှင့် ပြောဆို၍ သူသည်လည်း လူသားများထံသို့ ဖောက်သည်ပြန်ချပေးရသည်။ ဤကိစ္စမှာ နှုတ်ဖြင့်၄င်း အများအားဖြင့် ဘုရာထံမှ သတင်းစကားကို ပုရောဖက်သည် လက်ခံ၍ ရေးသားပြုစုရသည်။

ဖါရောထံမှ ကြုံတွေ့နိုင်သော အရာများကို ထာဝရဘုရားသည် မောရှေအား ရှင်းပြသည်။ သူတို့၏ ရန်မူရန်လိုခြင်းသည် တင်းမာ၍ ကြာနိုင်သည်ကို သတိပေးထားသည်။ ဖါရောသည် ခေါင်းမာ၍ စိတ်နလုံးခိုင်မာလိမ့်မည်ကို ဘုရားသည် မောရှေအား ဒုတိယ အကြိမ် ထပ်မံဖိအားပေးသည် *(ထွက် ၄း ၂၁။ ၇း၃)*။ ကောင်းသော အကျိုးရလဒ်သည် "ငါသည် ထာဝရဘုရားဖြစ်ကြောင်းကို အဲဂုတ္တုလူတို့သည် သိလိမ့်မည်" *(ထွက် ၇း၅)*။ ထိုပရမ်းပတာချိန် အတွင်းတွင်ပင် ထာဝရဘုရား၏ နာမတော် ထင်ရှားလိမ့် မည်။

**ထာဝရဘုရားသည် မောရှေအား စေခိုင်းသည်များကို မလိုက်နာရန် ဆင်ခြေတွေ ကုန်ဆုံးသွား၏။ ထာဝရ ဘုရားသည် ကျွန်ုပ်တို့အားပြုစေလိုသောအရာတို့နှင့် လွှတ်ကင်းရန် မည်သည့်ဆင်ခြေများ ပေးသနည်း။**

**ထပ်မံစဉ်းစားရန် –** (အီးဂျီဝှိုက်။ ရှေးဘိုးဘေးများနှင့်ပုရောဖက်များ "*အီဂျစ်ကပ်ဘေးများ*" စာ၊ ၂၅၇ – ၂၆၅)။

မောရှေသည် ဖါရောအား အရင်ဦးချဉ်းကပ်စဉ်ခါတွင် ဆိုးဆိုးရွားရွား ဖြစ်သည်ကို သတိပြုပါ။ "ဣသရေလတို့သည် တစ်နည်းတစ်ဖုံ ပုန်ကန်လိုသည် ဟု ရှင်ဘုရင်သည် သံသယဝင်ခဲ့သည်။ အလုပ်မရှိခြင်းဖြင့် မကျေနပ်မှုတွေ ဖြစ်လာစေသည်ဖြစ်၍ အန္တရယ်ရှိသောစီမံချက် တစ်စုံတစ်ခုမျှအတွက် အချိန် မပေးနိုင်ကြောင်း ဟုမြင်သည်။ ချက်ခြင်းပင် ထိုသူတို့၏ လုပ်ငန်းတွေကို တင်းကြပ်စေ၍ သူတို့၏ လွတ်လပ်လိုသော ဆန္ဒတွေကို ဖျက်ဆီးပစ်လိုက်သည်။ ထိုနေ့ရက်မှာပင် အမိန့်ထုတ်ဆင့်သဖြင့် လုပ်ငန်းခွင်တွင် ပိုမိုဖိစီးနှိပ်ကွပ်ခံကြရသည်။ ထိုနိုင်ငံတွင် အဆောက်အဦးကို နေလှန်းအုတ်ဖြင့် ဆောက်ကြသည်။ ခမ်းနားထယ်ဝါသော နံရံတံတိုင်းများကို ထိုအုတ်များဖြင့် တည်ဆောက်ကာ ကျောက်ဖြင့် မျက်နှာအုပ်ထား သည်။ သို့ဖြစ်၍ အုတ်ခဲထုတ်လုပ်ရာတွင် အလုပ်သမားမြောက်များစွာ လိုအပ်သည်။ ကောက်ရိုးကိုလဲစဉ်း၍ ရွှံ့ထဲသို့ ထဲ့နယ်ရသဖြင့် ကောက်ရိုးလဲ မြောက်များစွာ လိုအပ်သည်။ ရှင်ဘုရင်သည် ကောက်ရိုးကိုလဲ မပေးတော့ရန်နှင့် အလုပ်သမားတို့သည် မိမိကောက်ရိုး မိမိရှာရန် အုတ်အရေအတွက် လည်း မလျော့စေရန် အမိန့် ထုတ်ဆင့်လိုက်သည်။

ဤအမိန့်ကြောင့် နိုင်ငံတဝှမ်းရှိ ဣသရေလတို့သည် ပရိဒေဝမီးတောက်လောင်ကြကုန်၏။ အီဂျစ် အလုပ်သမားခေါင်းဆောင်တို့သည် ဟေဗြဲလူတို့၏ အလုပ်ကို ကြီးကြပ်ရန် ဟေဗြဲအရာရှိတို့ကိုပင် ခန့်ထား၍ အချင်းချင်း ကြီးကြပ်စေသည်။ ရှင်ဘုရင်၏ တောင်းဆိုခြင်းကို အတင်းအကြပ်ပြုလုပ်သောအခါ ဟေဗြဲလူတို့သည် နိုင်ငံတဝှမ်း ဖြန့်၍ သွားကြကာ ပြောင်းရိုးပြတ်ငုတ်တိုများကိုပင် လိုက်ရှာရတော့သည်။ သို့သော်လည်း နေ့စဉ်ပုံမှန်အရေအတွက်ကိုမူ မပြည့်စေနိုင်ကြပါ။ ဤမပြည့်စုံမှုကြောင့်ပင် ဟေဗြဲအရာရှိတို့သည် ရက်စက်စွာ ရိုက်နှက်ကြရတော့သည်။" *(အီးဂျီဝှိုက်။ ရှေးဘိုးဘေးများနှင့်ပုရောဖက်များ။ စာ၊ ၂၅၈)*။

**ဆွေးနွေးရန် မေးခွန်းများ –**

**၁ သင့်အသက်တာတွင် ဘုရားသခင်ခေါ်တော်မူသောအခါ အစကောင်းကောင်း မဖြစ်ခဲ့သည်ကို ပြန်စဉ်းစားပါ။ ထိုအတွေ့အကြုံအားဖြင့် မည်သည့် သင်ခန်းစာ ယူခဲ့သနည်း။**

**၂ သင့်ဘဝတွင် အကူအညီအတွက် ဆုတောင်းရာတွင် ဘုရားသခင်ကြားဝင်ကူညီခဲ့ကြောင်း သူများအားပြောပြပါ။ ထာဝရဘုရားကိုယုံကြည်သူများတို့သည် ဆိုးသောကာလအတွင်းတွင်ပင် ဘုရားသခင်၏ ကောင်းမြတ်တော်မူခြင်းကို မည်သို့ယုံကြည်နိုင်ကြမည်နည်း။**

**၃ '*ထာဝရဘုရားကို ငါမသိ*' ဟု ဆိုသူတစ်ဦးအား သင်မည်သို့ပြောပြမည်နည်း။ ထိုသူသည် ပမာမခန့်ပြုခြင်းမဟုတ်ဘဲ သူ၏အသက်တာအရ သာမန်အလွတ်ပြောခြင်းလည်း ဖြစ်နိုင်မည်လား။ ထိုသူသည် '*ထာဝရဘုရားကိုငါသိ၏*' ဖြစ်စေရန် သင်မည်သို့ကူညီနိုင်မည်နည်း။**

# မျောက်တွေလား၊ အသင်းတော်လား၊

Andrew McChesney မှရေးသားသည်

မျောက်တွေက မိုဇမ်ဘစ်မှာရှိတဲ့ မိသားစု လယ်ယာရှိ သီးနှံများကိုဖျက်ဆီးဖို့ ခြိမ်းခြောက်နေသည်။ အန်တိုနီယိုကူချာတာသည် ဖခင်ထံမှ မျောက်တွေကို ဝေးဝေးမှာထားဖို့ တင်းကြပ်တဲ့ အမိန့်ကိုရ၏။ သို့သော် အန်တိုနီယိုက ဥပုသ်နေ့မှာ လယ် ကို မစောင့်ချင်ခဲ့ပါ။ သူဟာ မကြာသေးခင်ကမှ ယေရှုထံ သူ့နှလုံးသားကို အပ်နှံပြီးနှစ်ခြင်းခံခဲ့ပြီး၊ ဥပုသ်နေ့ကို သတ္တမနေ့ မြော်လင့်ခြင်း အသင်းတော်တွင် ဝတ်ပြုကိုးကွယ်ရင်း ဖြတ်သန်းခဲ့သည်။

ဗာဗက်မျောက်တွေဟာ အန်တိုနီယိုနဲ့ သူ့မိသားစု နေထိုင်တဲ့ အရှေ့တောင်အာဖရိက ရှိ ကမ်းရိုးတန်းပြည်နယ်က အသေးစားလယ်သမားများ အတွက်ပြင်းထန်တဲ့ ပြဿနာတစ်ခု ဖြစ်သည်။ မျက်နှာမည်းပြီး ကိုယ်ပေါ်တွင် မီးခိုးရောင်အမွေးရှိသော ၎င်းမျောက်မှာ အမြင့် ၁၆ မှ ၂၀ လက်မ အထိရှိသည်။ ၁၀ မှ ၇၀ ကြားရှိတဲ့ မျောက်အုပ်စုတွေက လယ်မြေများရှိ ကန်စွန်းဥ၊ အာလူး၊ချို ပဲ၊ မြေပဲနှင့် အခြားသီးနှံများကို ဝင်ရောက် ဖျက်ဆီးခဲ့သည်။

မျောက်တွေဟာ သူတို့ရဲ့သီးနှံများကို ဖျက်ဆီးလိုက်ရင် မိသားစုမှာ အစားအသောက်နှင့် ဝင်ငွေ မရှိတော့မှာကို ဖခင် စိုးရိမ်သည်။ သူ့သား မြော်လင့်ခြင်းဘုရားကျောင်းသို့ သွားသည်ကို သဘောမကျပါ။ အန်တိုနီယိုကို အခြားယုံကြည်ခြင်းတစ်ခုတွင် ပြုစုပျိုးထောင်ခဲ့ပြီး၊ အဘယ်ကြောင့် သတ္တမနေ့ဥပုသ်မှာ ဝတ်ပြုကိုးကွယ်ချင်နေသည်ကိုသူနား မလည်နိုင်ပေ။ ဖခင်သည် တနင်္ဂနွေနေ့ ဝတ်ပြုကိုးကွယ်မည်ဆိုရင် လယ်ယာကို မကြည့်လဲ ဂရုမစိုက်ပါ။

အန်တိုနီယိုက သူ့အဖေကို ချစ်တယ်။ သူဟာ သတ္တမနေ့မြော်လင့်ခြင်း အသင်းသား တစ်ဦးဖြစ်ဖို့ အစီအစဉ်မရှိခဲ့သော်လည်း၊ မြော်လင့်ခြင်းအသင်းသား တစ်ဝမ်းကွဲ တစ်ဦးနှင့် အတူ သမ္မာကျမ်းစာကို လေ့လာခဲ့သည်။ သင်ယူခဲ့သည်များကို လိုက်နာဖို့ လိုအပ်တယ်လို့ ယုံကြည်ခဲ့ပြီး၊ အထူးသဖြင့် စတုတ္ထပညတ်ဖြစ်တဲ့ "ဥပုသ်နေ့ကို သန့်ရှင်းစေခြင်းငှာ၊ ထိုနေ့ရက်ကို အောက်မေ့လော့။ ခြောက်ရက်ပတ်လုံး အလုပ်မျိုးကို ကြိုးစား၍ လုပ်ဆောင်လော့။ သတ္တမနေ့ရက်သည် သင်၏ဘုရားသခင် ထာဝရဘုရား၏ ဥပုသ်နေ့ဖြစ်၏။ ထိုနေ့၌ သင်မှစ၍ သင်၏ သားသမီး၊ ကျွန်ယောက်ျား မိန်းမ၊ တိရစ္ဆာန်၊ သင်၏ တံခါးအတွင်း၌နေသော ဧည့်သည် အာဂန္တုသည်အလုပ်မလုပ်ရ" (ထွက် ၂၀း၈ – ၁၀)။ ထိုပညတ်ကိုလိုက်နာဖို့ ယုံကြည်ခဲ့သည်။

ဒါကြောင့် အန်တိုနီယိုက ဒူးထောက်ပြီး "ချစ်လှစွာသော ဘုရားသခင် ကျွန်တော် ဘုရားကျောင်းတွင် ရှိနေတဲ့အချိန်၌ ကျွန်တော်တို့လယ်ယာတွင် မျောက် မလာနိုင်အောင် တားဆီးပေးတော်မူပါ" ဟု ဆုတောင်း၏။ သူသည် လယ်ယာ မှ ၁၅ မိုင် ခန့်အကွာ ကာဆာ – နီဗာ ရှိ မြော်လင့်ခြင်းဘုရားကျောင်းကို သွားခဲ့တယ်။

အန်တိုနီယို အိမ်ပြန်ရောက်ချိန်တွင် မည်သို့ဖြစ်လာမည်ကိုမသိပါ။ မျောက်တွေဟာ တစ်နေ့လုံးဝေးဝေးတွင် နေခဲ့တယ်။ သူဆုတောင်းပြီး နောက်တစ်ပတ် ဥပုသ်နေ့တွင် ဘုရားကျောင်းသွား၏။ ဘုရားဝတ်ပြုကိုးကွယ်တဲ့ အချိန်တိုင်း မျောက်တွေဟာ လယ် နားကို မကပ်တော့ပါ။ ဖခင်သည်ထိုအံ့ဖွယ်အမှုကို အသိမှတ် မပြုသော်လည်း၊ အန်တိုနီယိုဟာ ကျေးဇူးတင်စိတ်ဖြင့် ဘုရားသခင်ရဲ့ဂရုစိုက်မှုကို ယနေ့ထိတိုင် အံ့ဩနေဆဲဖြစ်သည်။

---

မိုဇမ်ဘစ်နှင့် တောင်အာဖရိက–အိန္ဒိယသမုဒ္ဒရာဒေသ ဌာနခွဲရှိ အခြားနိုင်ငံများတွင် ဧဝံဂေလိတရားကို ကြွေးကြော်နိုင်ရန် ဆုတောင်းပေးပါ။ သူတို့ဆီကို ဤသုံးလပတ်ရဲ့ဆယ့်သုံးပတ်ဥပုသ်နေ့ အလှူငွေတွေပေးပို့မှာဖြစ်တယ်။

## အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်

**အဝိကာကျမ်းချက်။** ထွက်မြောက်ရာကျမ်း ၅း၁ – ၂

**လေ့လာမှုဦးတည်ချက်။** ထွက်မြောက်ရာကျမ်း ၅း၁ – ၇း၇

**နိဒါန်း –** ဣသရေလလူမျိုး၏ အခြေအနေသည် မမျှော်လင့်ထားသည့်နည်းဖြင့် ပြောင်းလဲသွားသည်။ ဘုရားသခင်က မိမိ၏လူများကို အီဂျစ်ပြည်မှ နှုတ်ဆောင်တော်မူမည်ဟု ကတိပြုခဲ့သော်လည်း၊ သူတို့၏ဘဝသည် ချက်ချင်းပင် ပိုမိုဆိုးရွားလာသည်ကို တွေ့ရသည်။ ဖာရောဘုရင်က သူတို့အပေါ် မတရားသော တောင်းဆိုမှုများ ပြုလုပ်ခဲ့သည်။ ထို့ပြင်၊ ဣသရေလလူများကို သွားရောက်၍ သူတို့၏ ဘုရားသခင်ကို ကိုးကွယ်ခွင့်ပြုရန် ဖာရောက ငြင်းဆန်ခဲ့သည်။ သူတို့၏အခြေအနေမှာ အလွန်ဆိုးရွားလှသဖြင့် ဣသရေလလူများသည် "အလွန်စိတ်ပင်ပန်း၍ ကြမ်းတမ်းစွာ ညှဉ်းဆဲခြင်းကို ခံရသောကြောင့်" မောရှေ၏စကားကို "နားမထောင်ဘဲနေကြ၏" (ထွက် ၆း၉)။ သို့သော် ဘုရားသခင်က မောရှေအား ဖာရောထံ ထပ်မံပြောဆိုရန် မိန့်တော်မူ၏။ သို့ရာတွင် မောရှေက ဘုရားသခင်၏ အမိန့်တော်ကို နစ်ကြိမ်တိုင်တိုင် ကန့်ကွက်ခဲ့သည် – "ဣသရေလအမျိုးသားတို့သည် အကျွန်ုပ်ပြောသော စကားကို နားမထောင်ဘဲ နေသည်ဖြစ်၍၊ အရေဖျားလှီးခြင်းကို မခံသောနှုတ်နှင့် ပြောတတ်သော အကျွန်ုပ်၏စကားကို ဖါရောမင်းသည် အဘယ်သို့ နားထောင်ပါမည်နည်း" (ထွက် ၆း၁၂၊ ၃၀)။ ထို့ပြင် "ကျွန်ုပ်သည် နှုတ်လေးသောသူ၊ စကားနှေးနှေးပြောတတ်သော သူဖြစ်ပါ၏" (ထွက် ၆း၁၂) ဟု လျှောက်တင်ခဲ့သည်။

ထွက်မြောက်ရာကျမ်း ၅း၁ မှ ၇း၇ ၏ ဤအပိုင်းတွင် မတူညီသော စကားပြောဆိုမှုများ ပါရှိသည်။ လူပုဂ္ဂိုလ်များနှင့် အုပ်စုများအကြား တွေ့ဆုံမှုများ သို့မဟုတ် စကားပြောဆိုမှုများသည် ဘုရားသခင်၏ တန်ခိုးကြီးမားသော ဘုန်းတော်အတွက် ဇာတ်ခုံကို ပြင်ဆင်ပေးသည်နှင့်အမျှ အောက်ပါအတိုင်း ဖြစ်သည်။

၁။ မောရှေနှင့် အာရုန်သည် ဖာရောဘုရင်နှင့် စကားပြောကြသည် (ထွက် ၅း၁ – ၅)။

၂။ ဖာရောသည် ကျွန်ခေါင်းဆောင်များနှင့် ဣသရေလလူမျိုးမှ ကြီးကြပ်သူများနှင့် စကားပြောသည် (ထွက် ၅း၆ – ၉)။

၃။ ကျွန်ခေါင်းဆောင်များနှင့် ဣသရေလလူမျိုးမှ ကြီးကြပ်သူများသည် လူများနှင့် စကားပြောကြသည် (ထွက် ၅း၁၀ – ၁၄)။

၄။ ဣသရေလလူမျိုးမှ ကြီးကြပ်သူများသည် ဖာရောဘုရင်နှင့် စကားပြောကြသည် (ထွက် ၅း၁၅ – ၁၈)။

၅။ ဣသရေလလူမျိုးမှ ကြီးကြပ်သူများသည် မောရှေနှင့် အာရုန်တို့နှင့် စကားပြောကြသည် (ထွက် ၅း၁၉ – ၂၁)။

၆။ မောရှေသည် ထာဝရဘုရားနှင့် စကားပြောသည် (ထွက် ၅း၂၂ – ၆း၈)။

၇။ မောရှေသည် လူများနှင့် စကားပြောသည် (ထွက် ၆း၉)။

၈။ ထာဝရဘုရားသည် မောရှေနှင့် စကားပြောသည် (ထွက် ၆း၁၀ – ၁၂)။

ဤစကားပြောဆိုမှုများကို ထာဝရဘုရားသည် မောရှေနှင့် အာရုန်တို့အား မိန့်တော်မူခဲ့သည့် စကားများဖြင့် ဆက်လက်ဖော်ပြထားသည် (ထွက် ၆း၁၃၊ ၂၆၊ ၂၇)။ ဤဖော်ပြချက်များကြားတွင် မောရှေနှင့် အာရုန်၏ မိသားစုမှတ်တမ်းကို ပေါင်မုန့်ညှပ် ကဲ့သို့ ထည့်သွင်းထားသည် (ထွက် ၆း၁၄ – ၂၅)။ ထို့နောက် မောရှေနှင့် ထာဝရဘုရား အကြား စကားပြောဆိုမှုကို ဆယ်ပါးသော ဘေးဒဏ်များအတွက် နိဒါန်းအဖြစ် မှတ်တမ်းတင်ထားသည် (ထွက် ၆း၂၈ – ၇း၅)။ ဤအပိုင်း၏ နိဂုံးတွင် မောရှေနှင့် အာရုန်၏ နာခံမှုကို အပြုသဘောဖြင့် အလေးပေးဖော်ပြထားပြီး၊ သူတို့သည် ထာဝရဘုရားမှ အမိန့်ပေးထားသည့်အတိုင်း အရာအားလုံးကို အတိအကျ ဆောင်ရွက်ခဲ့ကြသည် (ထွက် ၇း၆)။ ဤချီးမွမ်းမှုနှင့်အတူ သူတို့၏ အသက်အရွယ်များကိုလည်း ဖော်ပြထားသည်။ မောရှေသည် ၈၀ နှစ်ဖြစ်ပြီး အာရုန်သည် ၈၃ နှစ်ဖြစ်သည် (ထွက် ၇း၇)။

ထို့ကြောင့် ဘုရားသခင့်အမှုတော်မှ ပင်စင်ယူခြင်းမရှိကြောင်း ကျွန်ုပ်တို့ ကောက်ချက်ချနိုင်သည်။ သူ့အကြောင်းကို တိုး၍နားလည်စေရန် လူတိုင်း သူနှင့်နီးကပ်စွာ အလုပ်လုပ်ရန် လိုအပ်သည်။ ကြီး၊ ငယ်၊ ကျား၊ မ၊ ဆင်းရဲ၊ ချမ်းသာ၊ ကျွန်၊ သခင်၊ ပညာရှိ၊ ပညာမဲ့၊ ရာထူးကြီး၊ သာမန်လူ လူတိုင်းပါဝင်သည်။ လူတိုင်းသည် ၎င်းတို့၏ အခန်းကဏ္ဍကို ထမ်းဆောင်နိုင်ပြီး၊ အတူတကွ ကျွန်ုပ်တို့သည် ဘုရားသခင်ကျွန်ုပ်တို့အတွက် ပေးအပ်ထားသော သာသနာတော်ကို ဖြည့်ဆည်းနိုင်သည်။

## သင်ခန်းစာအကြောင်းအရာများ

ဖာရောဘုရင်သည် "ငါ့လူများကို လွှတ်လိုက်ပါ" ဟူသော ဘုရားသခင်၏ တောင်းဆိုချက်ကို ပြတ်သားစွာ ငြင်းဆိုခဲ့သော်လည်း၊ ဘုရားသခင်သည် သူ၏လူများအတွက် လွတ်မြောက်ရာလမ်းကို ပြင်ဆင်ပေးသည်။ သို့သော် လူများသည် ၎င်းတို့၏ယုံကြည်ခြင်းကို ဆုံးရှုံးသွားသည်။ မောရှေပင်လျှင် ဘုရားသခင်နှင့် ငြင်းခုံကာ အရာများ ပိုမိုဆိုးရွားလာရခြင်းကို မေးခွန်းထုတ်သည်။ "အိုဘုရားရှင်၊ ကိုယ်တော်သည် ဤလူမျိုးကို အဘယ်ကြောင့် ညှဉ်းဆဲတော်မူသနည်း။ အကျွန်ုပ်ကို အဘယ်ကြောင့် စေလွှတ်တော်မူသနည်း။" (ထွက် ၅း၂၂)။ ဤခက်ခဲသောမေးခွန်းများ၏ အကြောင်းရင်းမှာ ဖာရောနှင့် ပထမဆုံး တိုက်ရိုက်တွေ့ဆုံပြီးနောက် အရာရာ ပိုမိုရှုပ်ထွေးလာပြီး ဣသရေလလူများ၏ ဘဝသည် ပိုမိုဆိုးရွားလာခြင်းပင်ဖြစ်သည်။ မောရှေရော ဣသရေလလူများပါ ဤမျှသော အကြပ်အတည်းကို မမျှော်လင့်ခဲ့ကြပေ။ သူတို့၏ဘုရားသခင်သည် အခြားမည်သူမျှ မလုပ်နိုင်သော အရာများကို ပြုလုပ်နိုင်သော တန်ခိုးကြီးမားသည့် ဖန်ဆင်းရှင်ဖြစ်သောကြောင့် ကျွန်ခံမှုမှ အလျင်အမြန် လွတ်မြောက်ရန် မျှော်လင့်ခဲ့ကြသည်။ မည်မျှ စိတ်ပျက်စရာကောင်းပါသနည်း။ သို့သော် ဘုရားသခင်သည် လွတ်မြောက်ရာမြင်ကွင်းကို ပြင်ဆင်ပြီး မောရှေနှင့် အာရုန် တို့ကို ဘုရင်နှင့် အသစ်ထပ်မံရင်ဆိုင်ရန် အသင့်ပြင်ဆင်ပေးသည်။

## အပိုင်း ၂။ အနက်ဖွင့်ကျမ်း

အလွတ်ကျမ်းချက်သည် ဖြစ်ပေါ်လာမည့် ဖြစ်ရပ်အတွက် မြင်ကွင်းကို ပြင်ဆင်ပေးသည်။

မောရှေသည် အီဂျစ်ပြည်တွင် အနှစ် ၄၀ ကြာ မရှိတော့သည့်နောက် ဖာရောဘုရင်၏ နန်းတော်သို့ပြန်၍ခစားလာသည် (ဘီစီ ၁၄၅၀ ခုနှစ်)။ မောရှေနှင့် အာရုန်တို့သည် တတိယ မြောက် ဖာရောဘုရင် သွတ်မို့စီကို သွားရောက်တွေ့ဆုံပြီး ဘုရားသခင်၏ အမိန့်တော်ကို နားချခဲ့သည်။ "ငါ့လူတို့သည်တော၌ ငါ့အား ဝတ်ပြုမည်အကြောင်း၊ သူတို့ကိုလွှတ်လော့" (ထွက် ၇း၁၆)။ ဖာရောသည် ထာဝရဘုရား၏ တည်ရှိမှု သို့မဟုတ် သူ၏ အခွင့်အာဏာကို အသိအမှတ်ပြုရန် ငြင်းဆိုလိုက်၏။ သူကိုယ်သူ ဘုရားတစ်ဆူအဖြစ် သတ်မှတ်ပြီး၊ လူလုပ် ဖန်တီးထားသော နတ်ဘုရားများစွာကို ကိုးကွယ်ကာ၊ ဟေဗြဲလူမျိုး၏ အသက်ရှင်သော ဘုရားသခင်၏ တောင်းဆိုချက်ကို လက်ခံလိုစိတ်မရှိချေ။ သူ၏ မာန်မာန ထောင်လွှား သောစကားသည် အီဂျစ်၏ အာဏာကို ရုပ်ဝါဒီ ဘုရားမဲ့ယဉ်ကျေးမှုတစ်ခုအဖြစ် သတ်မှတ် ပြီး၊ ၎င်းတို့၏ နတ်ဘုရားများကို ရုပ်တုပုံစံဖြင့် ကိုးကွယ်သည်။ ဖာရောသည် ဘုရားသခင်၏ အချုပ်အခြာအာဏာကို ငြင်းဆိုပြီး သူ၏ တည်ရှိမှုကိုပင် ဆန့်ကျင်သည်။ "ထိုဘုရားကား အဘယ်သူနည်း။ ထာဝရဘုရားကို ငါမသိ၊ ဣသရေလအမျိုးသားတို့ကို ငါမလွှတ်ဟု ဆိုလေ၏" "သင်တို့သည် ဤလူများတို့ကို အဘယ်ကြောင့် အလုပ်ပြတ်စေ" မှူးရင်းစာသား အရ၊ လွှတ်လိုက် သနည်း။ အမှုတော်ကို သွား၍ ဆောင်ရွက်ကြ . . . အမှုမထမ်းစေခြင်းငှါ သင်တို့သည် အခွင့် "ဟေဗြဲစကားတွင်၊ ရှာဘတ် = ဥပုသ်" ပေးကြသည်တကား (ထွက် ၅း၂၊ ၄၊ ၅)။ ဟေဗြဲစကားဖြင့် အီးဂျစ် သည် "မိဇရာယိမ်" ဖြစ်ပြီး၊ ၎င်းသည် "နှစ်ထပ်ကွမ်း ကျပ်တည်းမှု" ဟု အဓိပ္ပါယ်ရ၏။ ပြင်းထန်သော ကျွန်ခံရမှုနှင့် အမိန့်ပေးရန်၊ အုပ်ချုပ်ရန်၊ အခြားသူများကို ဘာလုပ်ရမည်ကို ညွှန်ကြားရန် အာဏာကို ဆုပ်ကိုင်ထားမှုတို့ကို ရည် ညွှန်းသည်။

ထာဝရဘုရား၏ တောင်းဆိုမှုကို ဖာရောက တုံ့ပြန်ရာတွင် မောရှေနှင့် အာရုန်တို့သည် ဣသရေလလူများ၏ အလုပ်ကို ရပ်တန့်စေပြီး ၎င်းတို့၏ အလုပ်မှ အနားယူစေလိုသည်ဟု ဖော်ပြသည်။ ဟေဗြဲစကားလုံး "ရှာဘတ်" သည် အချို့သော ဂျူးနှင့် ခရစ်ယာန် စကားပြန် များအရဥပုသ်နေ့ အနားယူခြင်းကို ညွှန်ပြသည်။ "အလုပ်မှ အနားယူခြင်း" ဟူသော စကား စုကို ကမ္ဘာဦးကျမ်း ၂း၂၊ ၃ တွင်သာ (နှစ်ကြိမ်) တွေ့ရှိရသည်။ စိတ်ဝင်စားစရာမှာ ဖာရော သည် မောရှေနှင့် အာရုန်၏ လူများကို လွှတ်ပေးရန် (ဟေဗြဲစကားလုံး "ပါရာ" "လွှတ်ပေး သည်" သို့မဟုတ် "လွတ်မြောက်စေသည်") တောင်းဆိုချက်ကိုလည်း သဘောမတူပေ။ (စိတ်ဝင်စားစရာမှာ ဟေဗြဲဘာသာ တွင် "ပါရာ" ဟူသော ကြိယာသည် "ဖာရော" ဟူသော စကားလုံးနှင့် ဗျည်းသံ တူညီပြီး၊ ထို့ကြောင့် ဘုရင်၏ တုံ့ပြန်မှုနောက်ကွယ်တွင် စကားလုံး ကစားနိုင်သည်။ "အဘယ်ကြောင့် သင်တို့သည် ဖာရောကဲ့သို့ လူများကို ၎င်းတို့၏ အလုပ်မှ လွတ်မြောက်စေသနည်း" ဟူ၍ဖြစ်သည်။)

တတိယမြောက် သွတ်မို့စီဘုရင်သည် သူ၏ဖခင် ဒုတိယမြောက် သွတ်မို့စီ ကွယ်လွန်ပြီးနောက် ဘီစီ ၁၅၀၄ တွင် အသက် ၂ နှစ်အရွယ်တွင် အီဂျစ်ထီးနန်းတက်ရန် ယဇ်ပုရောဟိတ်တစ်ဦးမှ တင်မြှောက်ခံရသည်။ သွတ်မို့စီ၏ ထီးနန်းတက်ရောက်မှုသည် မောရှေဘုရင်ဖြစ်လာခြင်းကို တားဆီးရန် အလားအလာအများဆုံး စတင်ခဲ့ခြင်းဖြစ်သည်။ ထိုအချိန်တွင် မောရှေသည် ဖာရော ဟတ်ရှပ်ဆွတ်၏ မွေးစားသားဖြစ်ပြီး အသက် ၂၆ နှစ်ရှိသည်။ တတိယမြောက် သွတ်မို့စီသည် ဘီစီ ၁၄၈၂ တွင် ဟတ်ရှပ်ဆွတ် ကွယ်လွန်သည်အထိ ၎င်း၏မိထွေး ဟတ်ရှပ်ဆွတ်နှင့် ပူးတွဲအုပ်ချုပ်သူအဖြစ် ရှိခဲ့သည်။ သူမ ကွယ်လွန်ချိန်တွင် မောရှေသည် မိဒျန်ပြည်၌ ရှိနေသည်။ တတိယမြောက် သွတ်မို့စီ အသက် ၂၄ နှစ်တွင် တစ်ဦးတည်း အုပ်ချုပ်မှုကို စတင်ခဲ့သည်။ သူသည် ဟတ်ရှပ်ဆွတ်၏ နာမည် သို့မဟုတ် ပုံတူပါသော အထိမ်းအမှတ်များနှင့် ရုပ်ထုများအားလုံးနီးပါးကို ဖျက်ဆီးခဲ့ပြီး ၎င်း၏ အောင်မြင်သော စစ်ရေးလှုပ်ရှားမှုများကြောင့်လည်း လူသိများသည်။ သူသည် ရှေးခေတ် အီဂျစ်တွင် အကြီးကျယ်ဆုံး စစ်ဘုရင်အဖြစ် သတ်မှတ်ခံရသည်။ သူသည် ထူးချွန်သော ဆောက်လုပ်ရေးသမားတစ်ဦးလည်း ဖြစ်သည်။ ဘီစီ ၁၄၅၀ တွင်၊ ထွက်မြောက်ရာအချိန်၌ သူ၏ အသက်မှာ ၅၆ နှစ်ဖြစ်သည်။

## ဘုရားသခင်၏ပဋိညာဉ်တော်

ဘုရားသခင်သည် ဣသရေလလူများကို အီဂျစ်ပြည်မှ မထုတ်ဆောင်မီ၊ အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့နှင့်ပြုခဲ့သော ပဋိညာဉ်တော်ကို ဖြည့်ဆည်းပေးမည်ဟု ၎င်းတို့အား အာမခံပေး၏။ သူသည် ၎င်းတို့၏ ဘိုးဘေးများအား "ခါနာန်ပြည်ကို ငါပေးမည်" ဟု ကတိပြုခဲ့သည် (ထွက် ၆း၄)၊ ကမ္ဘာဦးကျမ်း ၁၂း၇ နှင့် ကမ္ဘာဦးကျမ်း ၁၇း၈ တွင် ဖော်ပြထားသည့်အတိုင်းဖြစ်၏။ ဘုရားသခင်သည် ဤပဋိညာဉ်တော်ကို သတိရပြီး၊ အချိန်ပြည့်စုံလာသည်နှင့်အမျှ ယခုအခါ အရာရာ ရွေ့ချီမည်။ သူ၏ လူများအတွက် ဝင်ရောက်စွက်ဖက်ပေးမည်။ ထာဝရဘုရားသည် မောရှေအား သူ၏လူများထံ သူ၏ကတိတော်သည် ဧကန်အမှန် ဖြစ်လာမည်ဟု ခိုင်မာစွာ ကြေညာရန် အားပေးသည်။ သူ၏ နိမိတ်ကပတ်တော်သည် ပြည့်စုံလာမည်။ ဤအသစ်သော အာမခံချက်ကို ထွက်မြောက်ရာကျမ်း ၆း၆ – ၈ ၏ အရေးပါသော အပိုဒ်တွင် မှတ်တမ်းတင်ထားသည်။

ဘုရားသခင်သည် မိမိကိုယ်မိမိ ခံယူသတ်မှတ်သော သစ္စာရှိသော ထုတ်ဖော်ချက်ဖြင့် စတင်သည်။ "ငါသည် ထာဝရဘုရားဖြစ်သည်။" ဤအသိအမှတ်ပြုမှု ပုံသေနည်းဖြင့်၊ ထွက်မြောက်ရာကျမ်းတွင် ၁၅ ကြိမ်အထပ်ထပ်အခါခါ ဖော်ပြထားပြီး၊ အထူးသဖြင့် ဘေးဒဏ်များနှင့်ပတ်သက်သော အပိုင်းတွင် (ထွက် ၆း၂၊ ၆၊ ၇၊ ၈၊ ၂၉။ ထွက် ၇း၅၊ ၁၇။ ထွက် ၁၀း၂။ ထွက် ၁၂း၁၂။ ထွက် ၁၄း၄၊ ၁၈။ ထွက် ၁၅း၂၆။ ထွက် ၁၆း၁၂။ ထွက် ၂၉း၄၆။ ထွက် ၃၁း၁၃)။ ထာဝရဘုရားသည် သူ၏လူများနှင့် နီးကပ်စွာ ဆက်နွယ်မှုနှင့် ချစ်ခင်စွာ ဂရုစိုက်မှုကို ကြေညာသည်။ ထိုသို့သော ရင်းနှီးမှုနှင့် ဂရုစိုက်မှုကို ဣသရေလလူများနှင့် အီဂျစ် လူ

များကပါ အသိအမှတ်ပြုလာ လိမ့်မည်။ သူသည် ကတိပြုထားသည့်အတိုင်း သူ၏ လူများ ကို ကယ်တင်ပြီး အီဂျစ်ကျွန်ခံမှုမှ လွတ်မြောက်စေမည်။

ထာဝရဘုရားသည် သူ၏လူများအတွက် ကယ်တင်ခြင်းဆိုင်ရာ လုပ်ဆောင်ချက် လေးရပ်ကို အလေးပေးဖော်ပြပြီး အောက်ပါအတိုင်း တရားဝင် ကတိပြုသည်။

၁။ "ငါသည်လည်း သင်တို့ကို အဲဂုတ္တုလူတို့လက်မှ လွှတ်၍၊ ဟဟေဗြဲ ကြိယာ – ဟိဖိလ် ပုံစံဖြစ်သော "ယတ်ဆာ" သည် "ထွက်သွားစေသည်" ဟုအဓိပ္ပါယ်ရသည်။

၂။ "ငါသည် သူတို့၏ ညှဉ်းဆဲခြင်းထဲက နှုတ်ယူမည် ဟဟိဖိလ် ပုံစံဖြစ်သော "နတ်ဆယ်" သည် "ကယ်ဆယ်သည်၊" "ဆွဲထုတ်သည်၊" "လွတ်မြောက်စေသည်၊" "ကယ်တင် သည်" ဟု အဓိပ္ပါယ်ရသည်။

၃။ "လက်ဆန့်ခြင်း၊ ကြီးစွာသော ဒဏ်ခတ်ခြင်းအားဖြင့် သင်တို့ကို ငါရွေး "ဂါအယ်" မည်။

၄။ ငါ၏လူမျိုးဖြစ်စေခြင်းငှါ၊ သင်တို့ကို ငါသိမ်းယူ [*laqakh*] မည်။ ငါသည်လည်း သင်တို့၏ ဘုရားသခင်ဖြစ် [*hayah*] မည်။

ဤကတိတော်များသည် ထာဝရဘုရားနှင့် သူ၏လူမျိုးတို့ကြား ရင်းနှီးသော ဆက်ဆံရေး နှင့် မေတ္တာတရား၌စည်းလုံးမှုကို ဖော်ပြသည့် ပဋိညာဉ်ပုံစံဖြင့် အထွဋ်အထိပ်ရောက်သည်။ ဤဆက်ဆံရေးသည် အာဗြဟံအား ဘုရားသခင် ပေးသနားတော်မူသော ကတိတော် (က ၁၇း၇၊ ၈) ၏ပြည့်စုံခြင်းဖြစ်သည်။ (ဂျူးလူမျိုးတို့၏ ပသခါပွဲတွင် ဤကျမ်းပိုဒ်သည် အရေးပါ သော အခန်းကဏ္ဍမှ ပါဝင်ပြီး အီဂျစ်ကျွန်ဘဝမှ ရွေးနှုတ်တော်မူခြင်းကို ဂုဏ်ပြုသောအား ဖြင့် သောက်သုံးရသည့် ခွက်လေးခွက်ဖြင့် ကိုယ်စားပြုထားသည်။)

ထို့နောက် ထွက်မြောက်ရာကျမ်းတွင် ပထမဆုံးအကြိမ်၊ "သင်တို့သည် ငါထာဝရ ဘုရားသခင်ဖြစ်ကြောင်းကို သိရလိမ့်မည်" (ထွက် ၆း၇) ဟု ထာဝရဘုရား ကြေညာတော်မူ ၏။ ယခင်က ထာဝရဘုရားသာလျှင် သူ၏လူမျိုးတို့၏ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ဆင်းရဲဒုက္ခနှင့် ဒဏ်ရာဒဏ်ချက်တို့ကို သိတော်မူသော်လည်း၊ ယခုအခါတွင် သူ၏လူမျိုးတို့သည် မိမိတို့၏ ဘုရားသခင်ကို "သိ" ရလိမ့်မည်ဖြစ်သည်။ ထာဝရဘုရားသည် နောက်ထပ် ကတိတော် နှစ်ခုကို ထပ်မံပေးတော်မူသည် – (၁) ငါသည်လည်း၊ အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့ အား ပေးမည် (ထွက် ၆း၈)၊ (၂) ကျိန်ဆိုသောပြည်သို့ ငါပို့ဆောင်၍၊ အမွေခံစရာဘို့ ပေးမည် (ထွက် ၆း၈)။ ဘုရားသခင်၏ "ငါ" ဟူသော စကားလုံးကို အထပ်ထပ်အခါခါ ပြောဆိုခြင်း သည် ဘုရားသခင်၏ နှုတ်ကပတ်တော်အား မလွဲမသွေ ပြည့်စုံမည်ဟူသော အာမခံချက် ဖြစ်သည်။ ထွက်မြောက်ရာကျမ်း ၆း၂–၈ တွင် "ငါသည် ထာဝရဘုရားဖြစ်၏" ဟူသော အသိအမှတ်ပြုခြင်းပုံစံကို လေးကြိမ်တွေ့ရသည်။ ဤစကားစုသည် ဤကျမ်းပိုဒ်၏ အစနှင့် အဆုံး (ထွက် ၆း၂၊ ၈) တွင် လည်းကောင်း၊ ထွက်မြောက်ရာကျမ်း ၆း၆၊ ၇ တွင် နှစ်နေရာ၌ လည်းကောင်း တွေ့ရှိရသည်။

အစ္စရေးလူမျိုးများ၏ တုံ့ပြန်မှုသည် အခန်းငယ် ၉ အရ အလွန်ဝမ်းနည်း စရာကောင်း သည်။ မောရှေသည် အစ္စရေး လူမျိုး များ အား စကားပြော သော်လည်း ၎င်း တို့သည် စိတ်

ခေတ်ကျော်လွန်းသဖြင့် ထာဝရဘုရား၏ စိတ်ချရသောစကားများကို နားမထောင်ကြပေ။ သို့သော် ဘုရားသခင်၏ ကယ်တင်ခြင်းဆိုင်ရာ လုပ်ဆောင်မှုများသည် ၎င်းတို့၏ ဘုန်းတော် အမှန်တရား အားလုံးနှင့်အတူ မကြာမီ ထင်ရှားလာတော့မည်ဖြစ်သည်။

## အပိုင်း ၃။ လက်တွေ့ အသုံးချခြင်း

၁။ မောရှေနှင့် ထာဝရဘုရားတို့၏ အလွန်ပွင့်လင်းပြီးအပြန်အလှန် စကားပြောဆိုမှုမှ သင်မည်သည့် သင်ခန်းစာများကို ဆွဲထုတ်နိုင်သနည်း။ ဤအရာသည် ထာဝရဘုရားနှင့် သင်၏ အသက်တာ လမ်းခရီး အပေါ်မည်သို့ သက်ရောက်မှုရှိသနည်း။ ကျွန်ုပ်တို့၏ အတွေးများ၊ ခံစားချက်များနှင့် နှလုံးသားထဲက ဆန္ဒများကို စိတ်ရင်းမှန်ဖြင့် သူ့ထံ မည်သို့ပွင့်ပွင့်လင်းလင်းပြောဆိုနိုင်မည်နည်း။ စိတ်ပျက်မှု၊ ဒါးသီးမှု၊ စိတ်ရှုပ် ထွေးမှု၊ မုန်းတီးမှု၊ မနာလိုမှုနှင့် ဒေါသစသော အနုတ်လက္ခဏာစိတ်ခံစားမှုများကို သူ့ထံမည်သို့ပြောဆိုနိုင် ည်နည်း။

၂။ ကျွန်ုပ်တို့သည် ကံတရား သို့မဟုတ် မလွဲမရှောင်သာမှုကို မယုံကြည်ပါ။ ကျွန်ုပ်တို့ သည် အခွင့်အလမ်း သို့မဟုတ် ကံကောင်းမှုကိုလည်း မယုံကြည်ပါ။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ယုံကြည်အားထားရသော ဦးဆောင်မှုကို စိတ်ရင်းမှန်ဖြင့် ရိုးသားစွာ တောင်းခံသောအခါ ယုံကြည်ကြသည်။ ဘုရားသခင်ကို ပိုမို ယုံကြည်ပြီး သူ၏ဦးဆောင်မှုကို အပြည့်အဝ အားကိုးအားထားရန် မည်သို့သင်ယူနိုင်မည်နည်း။

၃။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို အောင်မြင်ရန်ခေါ်တော်မူခြင်းမဟုတ်ဘဲ၊ သစ္စာရှိရန်သာ ခေါ်တော်မူ၏။ ကျွန်ုပ်တို့သည် မည်သည့်တိုးတက်မှုအဆင့်တွင် ရှိနေပါစေ၊ သူ၏ သက်သေကောင်း များဖြစ်ရန်၊ လိုအပ်သည်များကိုပြုလုပ်ရန်၊ သူ၏ခေါ်တော်မူခြင်းအပေါ် သစ္စာရှိရန် လိုအပ်သည်။ ကျွန်ုပ်တို့၏အောင်မြင်မှုနှင့် သာယာဝပြောမှုသည် ဘုရားအပေါ်တွင် မူတည်သည်။ ဆန့်ကျင်မှုမဖြစ်စေဘဲ၊ အခြားသူများအား ၎င်းတို့၏ ဘဝတွင် ဘုရားသခင်၏ လက်တော်နှင့် ဝင်ရောက်စွက်ဖက်မှုများကို မြင်တွေ့နိုင်ရန် သင်မည်သို့ ကူညီပြီး ဦးဆောင်နိုင်မည်နည်း။


၄။ အီဂျစ်နိုင်ငံသည် သမ္မာကျမ်းစာပရောဖက်ပြုချက်များတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သည်။ ကျွန်ုပ်တို့၏ ပို့စ်မော်ဒန်၊ အလွန်ခေတ်မီသောခေတ်တွင် အီဂျစ်၏သင်္ကေတသည် မည်သည့်အမှန်တရား များဆီသို့ကျွန်ုပ်တို့ကို ညွှန်ပြပြီး မည်သည့်အရာများနှင့် ရင်ဆိုင်စေသနည်း။

၅။ ဘုရားသခင်၏ ဝင်ရောက်စွက်ဖက်မှုများနှင့် လုပ်ဆောင်ချက်များအတွက် ကျွန်ုပ်တို့၏ မျှော်လင့်ချက်များ အဘယ်ကြောင့် များသောအားဖြင့် မပြည့်စုံရသနည်း။ အဘယ်ကြောင့် သူသည် မျှော်လင့်ချက်အားလုံး ကွဲအက်သွားသည့်အခါမှသာ မကြာခဏ လုပ်ဆောင်တော်မူသနည်း။

## သင်ခန်းစာ - ၄

*ဇူလိုင်လ ၁၉ - ၂၅

# ကပ်ဘေးများ



## ဥပုသ်နေ့မွန်းလွဲပိုင်း

**ဖတ်ရန်ကျမ်းချက်များ။** ထွက် ၇း၈ – ၁၀း၂၉၊ တော ၃၃း၄၊ ရောမ ၁း၂၄ – ၃၂၊ ဆာလံ ၁၀၄း၂၇၊ ၂၈၊ ဟေရှာ ၂၈း၂၊ ၁၂ – ၁၇၊ ဟေရှာ ၄၄း၉၊ ၁၀၊ ၁၂ – ၁၇။

**အလွတ်ကျမ်းချက်။** **'ထိုသို့ ဖာရောဘုရင်သည် နှလုံးခိုင်မာသည်ဖြစ်၍၊ မောရှေ၌ ထာဝရဘုရားမိန့်တော်မူသည်အတိုင်း၊ ဣသရေလအမျိုးသားတို့ကို မလွှတ်ဘဲနေပြန်သတည်း။'** (ထွက်မြောက်ရာ ၉း၃၅)

"လယ်သမားတစ်ဦးသည် သူ၏ မြည်းကိုလှုပ်ရှားစေလိုသော်လည်း အနည်းငယ်ပင် မရွေ့ပါ။ သို့နှင့် လယ်သမားသည်လည်း တုတ်ကြီးကြီးတစ်ချောင်းဖြင့် ရိုက်နက် ထိုးကော်တော့သည်။ ထို့နောက် မြည်းအား စကားပြောလိုက်သည်နှင့် စတင်လှုပ်ရှားလာ၏။"

တစ်ဦးတစ်ယောက်မှ လယ်သမား ထိုသို့ လုပ်ရခြင်းအကြောင်းကို မေးမြန်းရာ "သူစိတ်ဝင်စားရမည့် အရာတစ်ခု လုပ်ပြရသည်" ဆို၏။ တိရစ္ဆာန်အပေါ် ယုတ်မာရက်ခြင်း အပေါ် ပြောဆိုခြင်းကို ဘေးဖယ်ကြစို့၊ ထွက်မြောက်ရာကျမ်းတွင် အီဂျစ်ပြည်၏ ဟေဗြဲလူတို့အကြောင်းတော့ ပြောမှဖြစ်မည်။ ထာဝရဘုရား၏ အမိန့်တော် "ငါ၏ လူတို့အား လွှတ်ရမည်" ဟု အနက်ရှိသော *ရှားလာဂ်အက်တ်အမီ* ဟူသည့်အမိန့်ကို ဖါရောထံသို့ ပေးရလေသည်။

အမှန်တော့ ဖါရောသည် ထာဝရဘုရား၏လူတို့ကို မလွှတ်ချင်ပါ။ ဖါရော၏ တွန့်ဆုတ်နေရခြင်းအ ကြောင်းရင်းသည် ဟေဗြဲတို့မှ အီဂျစ်တို့အား စစ်ပြန်တိုက်မည်ကို စိုးရိမ်သည် ဆိုသည်ထက် အခြားအချက်အလက်များ ကျမ်းစာတွင် သဲသဲကွဲကွဲ မဖော်ပြပါ *(ထွက် ၁း၁၀)*။ ကျွန်မွေးထားခြင်းသည် အများအားဖြင့် စီးပွားရေးစစ်စစ် ဖြစ်သည်။ ဈေးပေါသော အလုပ်သမားများဖြစ်၍ ထိုကျွန်များအားဖြင့် ရရှိသောအကျိုးအမြတ်များကို မဆုံးရှုံးလိုပါ။ အမှန်အားဖြင့် သူသည် ထိုကျွန်တို့ကို ဆွဲဆောင်ခြင်းပြုလုပ်ပို မက သူ့စိတ် သဘောကိုပါ ပြောင်းလဲပစ်သင့်သည်။

* ဇူလိုင်လ ၂၆ ရက်၊ ဥပုသ်နေ့အတွက် ပြင်ဆင်ဖို့ရန် ယခုအပတ် သင်ခန်းစာကို လေ့လာပါ။

## ဘုရားသခင်နှင့် နတ်ဘုရားများ

**ဗတ်ပါ – ထွက် ၇း၈ – ၁၅။ ဖာရောဖြစ်လာသည့် ထာဝရဘုရားနှင့် အီဂျစ်တို့၏ နတ်ဘုရားများ ပထမအကြိမ် ထိပ်တိုက်တွေ့ဆုံခြင်းမှ မည်သည့် သင်ခန်းစာ ရနိုင်မည်နည်း။**

ဖြစ်ပေါ်လာမည့် စစ်ပွဲတို့သည် အသက်ရှင်သော ထာဝရဘုရားနှင့် အီဂျစ်တို့၏ နတ်ဘုရားတို့၏ တိုက်ပွဲဖြစ်သည်။ အဆိုးဆုံးမှာ ဖါရောသည် မိမိကို ထိုဘုရားများထဲမှ တစ်ပါးဟု ယုံကြည်သည်ပင် ဖြစ်သည်။ ထာဝရဘုရားသည် အီဂျစ်ပြည်သားတို့အား တိုက်ခိုက်သည်မဟုတ် သူတို့၏ဘုရားများ *(ဘုရားနှင့်ဘုရားမ စုစုပေါင်း ၁၅၀၀ ကျော်ပင် ကိုးကွယ်သည်)* အားတိုက်ခိုက်ခြင်းဖြစ်သည်။ သမ္မာကျမ်းစာတွင် "အဲဂုတ္တုပြည်၏ ဘုရားတို့ကို တရားစီရင်မည်။ ငါသည် ထာဝရဘုရားဖြစ်သည်" *(ထွက် ၁၂း၁၂)* ဟု တိကျစွာလာ၏။ ထိုအ ကြောင်းကို အလေးထား၍ အီဂျစ်ပြည်မှ ဣသရေလတို့၏ ခရီးစဉ်ကို နောက်တဖန် ဖော်ပြရာတွင် "သူတို့၏ ဘုရားကိုလည်း ထာဝရဘုရားသည် တရားစီရင်တော်မူ၏" *(တော ၃၃း၄)* ဟု ဆို၏။

သူတို့၏ဘုရားအပေါ် တရားစီရင်ခြင်း သာဓကတစ်ခုမှာ တောင်ဝှေးသည် မြွေဖြစ်သွားရခြင်းပင်ဖြစ်သည် *(ထွက် ၇း၉ – ၁၂)*။ အီဂျစ်ပြည်တွင် "ယူရေးယျစ်" (*Uraeus*) ဘုရားမ ဝဲဒ်ဂျတ် (*Wadjet*) ကို မြွေဟောက်ဖြင့် ပုံဖော်ထားရာ အီဂျစ်ပြည်အောက်ပိုင်း တစ်ခွင်တွင် တန်ခိုးကြီးစိုးသည်ဆို၏။ ဖါရော၏ သရဖူ တွင်ပင် မြွေဟောက်ပုံ ပါရှိသည်မှာ တန်ခိုးအာဏာဘုရားဇာတိ တော်ဝင်မိသားစုနှင့် အချုပ်အခြာအာဏာကို ဆိုလို၍ ဤဘုရားမသည် ဘုရင့်ရန်သူများအပေါ်တွင် မိမိ၏အဆိပ်များကို ပက်ပေးသည်ဆို၏။ ဖါရောသည် သေလွန်ပြီးနောင်ဘဝတွင် ထိုမြွေဟောက်သည် လမ်းပြမည်ဟု အီဂျစ် လူတို့ ယုံကြည်ကြသည်။

အာရုန်၏တောင်ဝှေးသည် မြွေဖြစ်စဉ်တွင် အီဂျစ်ဘုရင်ရှေ့မှောက်တွင် အခြားသော မြွေများအား မြိုချပစ်လိုက်သည်မှာ အီဂျစ်တို့၏ မျက်လှည့်နှင့် မှော်ပညာ အားလုံး အပေါ် ထာဝရဘုရား၏ အထွတ်အထိပ် အာဏာရှိခြင်းကိုဖော်ပြသည်။ ဖါရောဘုရင်၏ တန်ခိုးသင်္ကေတတို့အား အောင်နိုင်ခြင်းသာဓက ၎င်းတို့အား အာရုန်နှင့် မောရှေ တို့သည် မိမိတို့လက်ထဲတွင် ဆုပ်ကိုင်ထားခြင်းကို ဖော်ပြသည် *(ထွက် ၇း၁၂၊ ၁၅)*။ ထာဝရဘုရား စေလွှတ်တော်မူသော မောရှေသည် နတ်ဘုရား ဖြစ်သော ဖါရော ကိုယ်တိုင်ထက် သာ၍တန်ခိုးကြီး၏။

ရှေးအီဂျစ်တို့၏ မြွေဘုရားကြီး *နေဟေဗ်ကာအို* (Nehebkau) သည် ဝိညာဉ် အုပ်ထိန်းသောဘုရား မွန်မြတ်ခြင်းနှင့် ရှိသေသမုတ်ကာ ကိုးကွယ်ရမည့် ဘုရားအဖြစ် ထင်ရှားသည်။ သူတို့၏ ဒဏ္ဍာရီအရ မြွေ ဘုရားသည် မြွေဟောက် ခုနစ်ကောင်တို့အား မျိုချနိုင်သဖြင့် အလွန် တန်ခိုးကြီးသည်ဆို၏။ သို့သော် ထာဝရဘုရားသည် မြွေဘုရား မဟုတ်ကြောင်း တန်ခိုးအာဏာနှင့် ပြည့်စုံကြောင်းကို ရှင်းလင်းစွာ ဖော်ပြသည်။

**ကျွန်ုပ်တို့ အသက်တာ၏ နတ်ဘုရားများအပေါ်တွင် ထာဝရဘုရားကို မည်ကဲ့သို့ အချုပ်အခြာ အာဏာ ရှိစေနိုင်မည်နည်း။**

**တနင်္လာနေ့** ဇူလိုင်လ ၂၁ ရက်

## ဖာရောဓါ၏နှလုံးအားမည်သူခိုင်မာစေသနည်း

**ဖတ်ပါ – ထွက် ၇း၃၊ ၁၃၊ ၁၄၊ ၂၂။ ဤကျမ်းချက်တို့ကို ကျွန်ုပ်တို့မည်သို့နားလည်သနည်း။**

ကိုးကြိမ်တိုင်တိုင် ဖါရောဓ၏ နှလုံးခိုင်မာခြင်းကို ဘုရား၏ လက်ရာအဖြစ် မှတ်ယူထားသည် *(ထွက် ၄း ၂၁။ ထွက် ၇း၃။ ထွက် ၉း၁၂။ ထွက် ၁၀း၁၊ ၂၀၊ ၂၇။ ထွက် ၁၁း၁၀။ ထွက် ၁၄း၄၊ ၈ နှင့် ရောမ ၉း၁၇၊ ၁၈)*။ အခြားသော ကိုးကြိမ်တွင် ဖါရောသည် မိမိနှလုံးကို ခိုင်မာစေသည် ဟု ဆိုသည် *(ထွက် ၇း၁၃၊ ၁၄၊ ၂၂။ ၈း၁၅၊ ၁၉၊ ၃၂။ ၉း၇၊ ၃၄။ ၃၅)*။ ဖါရောဓ၏နှလုံးကို မည်သူခိုင်မာစေသနည်း။ ဘုရားလော၊ ဖါရောမိမိ ကိုယ် တိုင်လော။

ထွက်မြောက်ရာကျမ်းတွင် ကပ်ဘေးဒဏ် ဆယ်ပါးတို့သည်ထင်ရှားလှ၍ ၄င်းတို့မှ အစပိုင်း ငါးပါး တို့ ၏ အကြောင်းရင်းသည် ဖါရောကိုယ်တိုင်၏ နှလုံးခိုင်မာခြင်းကြောင့် ဖြစ်သည်။ သူ၏စိတ်နှလုံးခိုင်မာခြင်းကို သူကပင် အစပျိုးသွားသည်။ ကျမ်းစာအရ ဆဌမမြောက်ကပ်ဘေးမှစ၍ ဖါရောဓ၏စိတ်နှလုံးကို ဘုရားသခင် သည် ခိုင်မာစေသည် ဆို၏ *(ထွက် ၉း၁၂)*။ ဤသည်တို့ကြောင့် ဘုရားသခင်သည် မောရှေအား မိန့်တော်မူသည့်အတိုင်း ဖါရောဓ၏ ရွေးချယ်ခြင်းနှင့် စိတ်ဆန္ဒကိုချုပ်ကိုင်ထားသည်ဟု ဆိုရပေမည် *(ထွက် ၄း ၂၁)*။

တစ်မျိုးပြောရသော် ဖါရောသည် နောင်တရသဖြင့် သူ၏ စိတ်နှလုံးမှားယွင်းခြင်း မှောင်မိုက်ထဲမှ လွတ်မြောက်စေရန် ဘုရားသခင်သည် ကပ်ဘေးဒဏ် ဆယ်ပါးတို့ကို ပေးပို့ရခြင်းဖြစ်သည်။ ဖါရောဓ၏ စိတ်နှလုံးထဲတွင် အဆိုးကို ဖန်ဆင်းပေးခြင်း မဟုတ်ပါ။ ဖါရောဓ၏ မိမိကိုယ်ပိုင် မကောင်းသော စိတ်ဓာတ်ကို လွှတ်ထားပေးသည်။ ထာဝရဘုရား၏ ချုပ်ထိန်းခြင်းကို စွန့်လွှတ်လျက် မိမိ၏ ဆိုးသွမ်းခြင်းကို လွတ်လပ်စေသည် *(ရောမ ၁း၂၄ –၃၂)*။ ဖါရောသည်လည်း မိမိကိုယ်ပိုင် ရွေးချယ်ခြင်းဖြင့် ဘုရားသခင် အား ဆန့်ကျင်ဘက်ကို ရွေးချယ်နိုင်သည်ဖြစ်၍ ထိုသို့ပင် ရွေးချယ်ခဲ့လေသည်။

သင်ခန်းစာတို့သည်ရှင်းလင်းလှ၏။ အမှားအမှန်ရွေးချယ်နိုင်ခြင်း နားထောင်ခြင်း၊ နားမထောင်ခြင်းတို့ကို ကျွန်ုပ်တို့အားပေးထားသည်။ လူစီဖာမှ အစ ဧဒင်၌ အာဒံ၊ ဧဝ၊ အီဂျစ်၏ ဖါရောနှင့် ယနေ့ကျွန်ုပ်တို့ ကိုယ်တိုင် မည်သည့်နေရာတွင်နေနေ အသက်နှင့် သေခြင်း တစ်ခုခုကို ရွေးချယ်ကြရပါသည် *(တရား ၃၀း၁၉)*။

နှိုင်းယှဉ်ဆင်ခြင်ရန်။ နေရောင်ချည်သည်ထောပတ်နှင့်ရွှံ့စေး အပေါ်သို့ ကျရောက်သော်၊ ထောပတ်သည် အရည်ပျော်၍ ရွှံ့စေးသည်မာကြောသွားလိမ့်မည်။ နေရောင်ချည် နှစ်ခုစလုံးအပေါ်သို့ အတူ ကျရောက်သော်လည်း ၄င်းတို့၏ တုံ့ပြန်ခြင်းသည် မတူညီသောရလဒ်နှစ်ခု ဖြစ်သွားသည်။ သက်ရောက်သောအကျိုးသည် လက်ခံသော ပစ္စည်းနှင့်သာ သက်ဆိုင်လေသည်။ ဖါရောဓ၏ကိစ္စတွင် ထာဝရဘုရားနှင့် ဘုရား၏လူတို့အပေါ် သူကိုယ်တိုင် ထားရှိသောသဘောထားနှင့်သာ သက်ဆိုင်သည်ဟု ဆိုနိုင်၏။

**လာမည့်နေ့ရက်များတွင် သင်သည် မည်သို့သော ရွေးချယ်မှုတွေ ပြုလုပ်မည်နည်း။ မှန်ကန်သော ရွေးချယ်မှုမှန်း သိရပါက ထိုသို့ပြုရန် သင်မည်သို့ပြင်ဆင်မည်နည်း။**

## ပထမကာပ်ဘေးဒဏ်သုံးပါး

အီဂျစ်၏ကပ်ဘေးဒဏ်ဆယ်ပါးသည် ပြည်သားတို့အားမရည်ရွယ်ဘဲ အီဂျစ် နတ်ဘုရားတို့အား ရည်ရွယ်၏။ ကပ်ဘေးတစ်ခုစီသည် နတ်ဘုရားတစ်ပါးစီ ကို ထိခိုက် ၏။

**ဖတ်ပါ – ထွက်ရ ၇း၁၄ – ၈း ၁၉။ ဤကပ်တို့တွင် မည်သို့ဖြစ်ပျက်သနည်း။**

ဖါရောနှင့်ပြောဆိုရသည်မှာ မလွယ်ကူကြောင်းနှင့် မဖြစ်နိုင်ကြောင်း ထာဝရဘုရားသည် မောရှေအားသွန်သင်ထားသည် *(ထွက် ၇း၁၄)*။ မည်သို့ပင်ဖြစ်စေ ဘုရားသခင်သည် ဖါရောနှင့် အီဂျစ် ပြည်သားတို့အားထင်ရှားလို၏။ သို့ဖြစ်၍ သူတို့ နားလည်သောနည်းလမ်းဖြင့် ဆက်ဆံရန်ဆုံးဖြတ်သည်။ ဤထိပ်တိုက် ရင်ဆိုင်ခြင်းကြောင့် အီဂျစ်တို့သည် ထာဝရဘုရားအား ပိုမိုသိရှိလာမည်ဖြစ်၍ အကျိုးရှိသည်ဟု ဆိုရမည်။

ပထမကပ်ဘေးသည် နိုင်းမြစ်၏ဘုရား *"ဟာပီ "*အား ရည်ရွယ်သည် *(ထွက် ၇း၁၇ – ၂၅)*။ အီဂျစ်၏ အသက်ရှင်ခြင်းသည် နိုင်းမြစ်ရေအပေါ်တွင် မူတည်၏။ ရေရှိသောနေရာတွင်အသက်ရှိ၏။ ရေသည်အသက်၏ဇစ်မြစ်ဖြစ်၍ သူတို့သည် "ဟာပီ" နတ်ဘုရားကိုတီထွင်၍မိမိတို့၏အသက်အားပံ့ပိုးသူအဖြစ်ကိုးကွယ်၏။

သို့သော် အသက်ရှင်တော်မူသော ဘုရားသခင်သည် အရာခပ်သိမ်းတို့အား ဖန်ဆင်းသူ အသက်၏ ဇစ်မြစ်ဖြစ်သည် *(က ၁း ၁၊ ၂၊ ၂၀ – ၂၂။ ဆာ ၁၀၄း ၂၇၊ ၂၈။ ဆာ ၁၃၆း ၂၅။ ယော ၁၁း ၂၅။ ၁၄း၆)*။ ရေကို သွေးသို့ ပြောင်းလဲပေးခြင်းသည် အသက်ကို သေခြင်းသို့ ပြောင်းလဲပေးခြင်းပင် ဖြစ်သည်။ "ဟာပီ "သည် အသက်ကို မတီထွင်နိုင် မကာကွယ်နိုင်ပါ။ ထိုအရာတို့သည် ကိုယ်တော်ကြောင့်သာဖြစ်နိုင်သည်။

ထိုသို့ ဘုရားသခင်သည် ဖါရောအား အခွင့်အခါပေးထားသည်။ ဤတစ်ကြိမ်တွင် ဖားဘုရား "ဟီခက်" ၏ အလှည့်ဖြစ်လာသည် *(ထွက် ၈း၁ – ၁၅)*။ နိုင်းမြစ်သည် အသက်အစား ဖား တို့ကိုထုတ်လုပ်ပေးသည်။ အီဂျစ်တို့သည် "ဖား" ကို ကြောက်၍ ရွံမုန်းကြ၏။ ဖားနှင့်ကင်းရှင်းစွာနေလိုကြသည်။ အချိန်သတ်မှတ်ထားသည့် အတိုင်း တိကျစွာ ထိုကပ်ဘေးများကို ဖယ်ရှားပစ်ခြင်းသည်လည်း ထိုကပ်ဘေးတို့၏ နောက်ကွယ်တွင် ထာဝရဘုရား၏ တန်ခိုးတော်ရှိနေခြင်းကြောင့် ဖြစ်သည်။

တတိယကပ်ဘေး တင်ပြခြင်းသည် အတိုဆုံးဖြစ်၏ *(ထွက် ၈း၁၆ – ၁၉)*။ ဤတွင် မည်သည့် ကပ်ပါးကောင်ဖြစ်သည်မှာ မတိကျပါ (ဟေဗြဲ။ ကင်နိမ် ဆိုသည်မှာ တောခြင်၊ ခြင်ကောင်၊ ကျွဲနွားကပ်ပါး စသည်တို့ဖြစ်၏)။ အီဂျစ်တို့၏ မြေကြီး ဘုရား *ဂဲဘ်*အား ရည်ရွယ်သည်။ မြေကြီး၏ ဖုန်မှုန့်ထဲမှ (ဖန်ဆင်းခြင်းအကြောင်းပဲ့တင်သံ) ထာဝရဘုရားသည် မှက်တောခြင်များ ယူဆောင်လာ၍ တပြည်လုံးပြန့်နှံ့စေ၏။ ဝိဇ္ဇာဆရာတို့သည် မိတ္တူမကူးတတ်တော့သဖြင့် "ဤအမှုသည်ဘုရားသခင်၏ တန်ခိုးတော်ကြောင့်ဖြစ်၏" *(ထွက် ၈း၁၉)* ဆို၏။ ဖါရောသည် နဲနဲလေးပင် ရွှေ့လျား ရန်ငြင်းဆိုနေသေး၏။

**ဖါရော၏စိတ်နှလုံးသည် မည်မျှမာကြောသည်ကို တွေးကြည့်ပါ။ ထာဝရဘုရား၏ တိုက်တွန်းခြင်းကို ငြင်းပယ်နေခြင်းဖြင့် သာ၍ ဆိုးယွားစေသည်။ ထာဝရဘုရား၏ တိုက်တွန်းခြင်းကို အမြဲ ငြင်းပယ် နေသောကျွန်ုပ်တို့အတွက် မည်သည့် သင်ခန်းစာရရှိနိုင်သနည်း။**

## ယင်ကောင်များ၊ ခြံမွေးတိရစ္ဆာန်များနှင့် သွေးစုနာများ

**ဖတ်ပါ – ထွက် ၈း၂၀ – ၉း၁၂။ ထာဝရဘုရား၏ တန်ခိုးတော်သည် မည်မျှပင် ကြီးမားသည် ဖြစ်သော်လည်း လူသားတို့သည် လွတ်လပ်စွာ ငြင်းပယ်နိုင်ကြောင်း ဤမှတ်တမ်းသည် မည်သို့သွန်သင်သနည်း။**

အီဂျစ်ပြည်သားတို့၏ နတ်ဘုရားမ "အွက်ချစ်" သည် ယင်ဘုရားမ ဖြစ်၍ စိမ့်တော ရွံ့ဗွက်မယ်တော် ဟူ၍၎င်း၊ ယင်ဂေါင်းနှင့်နတ်ဘုရား "ခယ်ပရီ" (နေထွက်ခြင်း ဖန်ဆင်း ခြင်းနှင့်ဝင်စားခြင်းဘုရား) ဟူ၍၎င်း၊ ဤနတ်ဘုရားအားလုံးတို့ကို ထာဝရဘုရားမှ ဖျက်ဆီးပစ်သည်။ ဤမှတ်တမ်းတွင် *(ထွက် ၈း၂၀ - ၂၄)* အီဂျစ်ပြည်သားတို့ ကပ်ဘေး ဒဏ်ခံစားနေရချိန်တွင် ဟေဗြဲတို့သည် လုံခြုံနေကြ၏။ မည်သည့်ကပ်ဘေးမျှ မဆိုက် ကပ်ပါ။ ဤသည်လည်း "ငါသည်မြေကြီးအလယ်၌ ထာဝရဘုရားဖြစ်သည်ကို ဖါရောသည် သိရမည်အကြောင်း" ဘုရားသခင်၏လုပ်ဆောင်ခြင်းဖြစ်၏ *(ထွက် ၈း၂၂)*။

ဖါရောသည် ဈေးစစ်လာတော့သည်။ ဖိအားလည်း မြင့်တက်လာသည်။ ဣသရေလတို့သည် မိမိတို့ဘုရားကို အီဂျစ်ပြည်တွင်းမှပင် ကိုးကွယ်စေလိုသည် *(ထွက် ၈း၂၅)*။ အီဂျစ်လူတို့သည် တိရစ္ဆာန်များကို အထွတ်အမြတ်ထားကြသည်ဖြစ်၍ ဖါရော၏ လို အင်ဆန္ဒအရ ၎င်းတို့အားဖြင့် ယဇ်ပူဇော်ခြင်းသည် ဟေဗြဲတို့ အပေါ် အန္တရာယ်ရှိစေနိုင် သည်။ ဣသရေလအတွက် ထာဝရဘုရား၏ အစီအစဉ်လည်း မဟုတ်ပါ။

ထိုစဉ် နောက်ကပ်ဘေးတစ်ခု *(ထွက် ၉း၁ - ၇)* သည် ခြံမွေးတိရစ္ဆာန်များအပေါ်သို့ ကျရောက်၏။ နွားမဂေါင်းနှင့် "ဟာသောရ်" သည် အီဂျစ်တို့၏ ချစ်ခြင်းမေတ္တာနှင့် လုံခြုံ ခြင်းဘုရားမဖြစ်သည်။ နွားသိုးဂေါင်းနှင့် "အာပီစ်" ဘုရားအားလည်း ရှေးအီဂျစ်လူတို့ သည် အလွန်ရိုသေကြသည်။ ဤပဥ္စမကပ်ဘေးတွင် အီဂျစ်တို့၏ ခြံမွေးတိရစ္ဆာန်များ တို့ သေဆုံးကြရခြင်းကြောင့် အရေးကြီးသောဘုရားအချို့တို့ကို ဖျက်ဆီးရပြန် သည်။

ဆဋ္ဌမကပ်ဘေးတွင် *(ထွက် ၉း၈ - ၁၂)* ဆေးဝါးမှော်ပယောဂနှင့် ဉာဏ်ပညာ ဆိုင် ရာ ဘုရားမ ဖြစ်သော "အိုင်စစ်စ်" ဘုရားမကိုလုံးလုံးဖျက်ဆီးနိုင်ခဲ့သည်။ စစ်ပွဲနှင့် ကပ် ဘေး ဘုရားမ "စက်ခ်မက်တ်" နှင့် ဆေးဝါးနှင့် အနာပျောက်ကင်းခြင်း ဘုရားမ "အီမ်ဟို တက်ပ်" တို့ကိုလည်း ဖျက်ဆီးပစ်နိုင်သည်။ ထိုဘုရားမ တို့သည် မိမိတို့ကို ကိုးကွယ် သောသူတို့ကို ပင် မကာကွယ်နိုင်ပါ။ ဖြစ်ချင်တော့လည်း မှော်ပယောဂဆရာကြီးတို့ သည် ကောင်းကင်နှင့် ကမ္ဘာကြီး၏ဖန်ဆင်းရှင်ရှေ့တွင် အရှုံးနှင့် ရင်ဆိုင်နေရသဖြင့် နန်းတော်တွင်ပင် ပေါ်မလာရဲကြပါချေ။

ထိုကပ်ဘေးဆယ်ပါး အတွင်းတွင် "ထာဝရဘုရားသည် ဖါရော၏ စိတ်နှလုံးကို ခိုင်မာစေ၏" ဟူ၍ အရင်ဦးဆုံးတွင် *(ထွက် ၉း၁၂)* တွေ့ရ၏။ ဤအချက်သည် စိတ်ရှုပ် သွားနိုင်သော်လည်း စုံလင်စွာနားလည် သူတို့သည် ထာဝရဘုရားသည် သူ့ကို အကြိမ် ကြိမ် ငြင်းပယ်ခြင်း၏ အကျိုးဆက်ကို မိမိတို့ကိုယ်တိုင် ပြန်ခံစားစေကြောင်း သိရမည်။

**ဖါရော၏ အဖြစ်အပျက်သည် ပညာမဲ့လွန်းသည်။ မှန်ကန်သော ရွေးချယ်ခြင်း ပြုနိုင်ရန် အခွင့်အရေး ရရှိခဲ့သည်။ သူ၏ စိတ်နှလုံးကြောင့်ပင် ဖြစ်သည်။ ဤအချက်ကြောင့် ကျွန်ုပ်တို့၏ နှလုံးကို အဘယ်ကြောင့် စောင့်ထိန်းသင့်သည်ဟု ဆိုသနည်း။**

## မိုးသီး၊ ကျိုင်းကောင်များနှင့် မှောင်မိုက်ခြင်း

**ဖတ်ပါ – ထွက် ၉း၁၃ – ၁၀း၂၉။ ဤကပ်ဘေးတို့သည် ဖါရောဓ၏စိတ်ပြောင်းလဲရန် မည်သို့စွမ်းဆောင်သနည်း။**

အီဂျစ်တို့၏ အာကာသနှင့်ကောင်းကင်ဘုံ ဘုရားမသည် "နွတ်" ဖြစ်၍ ကောင်းကင် အောက် မြေကြီးတွင် ဖြစ်သမျှအရာတို့ကို ထိန်းချုပ်သည်ဆိုသည်။ "အိုစီရိစ်" သည် ကောက်ပဲသီးနှံနှင့် ဖွံ့ ဖြိုးခြင်း ဘုရား ဖြစ်သည်။ ကျမ်းစာတွင် "မိုးသီး" သည် ဘုရားသခင်၏ တရားစီရင်ခြင်းခြင့် စပ်ဆိုင်၏ *(ဟေရှာ ၂၈း၂၊ ၁၇။ ယေဇ ၁၃း၁၁-၁၃)*။ ဤကပ်ဘေးအတွင်း မိမိတို့၏ ပိုင်ဆိုင်မှုများကို လုံခြုံရာတွင် ဝှက်ထားသော သူတို့သည် ကာကွယ်ခြင်းခံစားရသည် *(ထွက် ၉း၂၀၊ ၂၁)*။ တစ်ဦးစီတို့သည် စမ်းသပ်ခံ ကြရ၏။ ဘုရားစကားကို နားထောင်မည်လော၊ ငြင်းပယ်မည်လော။

ဖါရောဓ၏ အသက်တာသည် ကမ္ဘာတဝှမ်းလုံးမှ ဘုရားသခင်ကို သိကျွမ်းစေရန် ထာဝရဘုရား၏ အလိုတော်ဖြစ်သည်ကို သူကိုယ်တိုင် အသိပေးခဲ့သည် *(ထွက် ၉း၁၆)*။ ယခုတွင် အီဂျစ်ဘုရင်သည် မိမိအပြစ်ရှိသည်ကို ဝန်ခံခဲ့သော်လည်း နောက်ပိုင်းတွင် စိတ်ပြန်ပြောင်းသွားသည်။ အီဂျစ်တို့၏ မုန်တိုင်း စစ်ပွဲနှင့် ပြဿနာဘုရားသည် "စဲသ်" ဖြစ်သည်။ "အိုင်စစ်စ်" ဘုရားမ နှင့်အတူတကွ စိုက်ပျိုးမွေးမြူရေး ဘုရားများ ဖြစ်၏။ "ရှု" သည် အာကာသ လေထုဘုရားဖြစ်၏။ "စေရာပီးစ်" သည် ထွတ်မြတ်ခြင်း၊ ဖွံ့ဖြိုးခြင်း၊ ကုသခြင်းနှင့် နောင်ဘဝ၏ဘုရားဖြစ်သည်။ ထာဝရဘုရား၏ တရားစီရင်ခြင်းအား မည်သည့် အီဂျစ် ဘုရားများကမျှ မတားဆီးနိုင်ပေ *(ထွက် ၁၀း၄-၂၀)*။ ရုပ်တုတို့သည် အချည်းနှီး သက်သက် ဖြစ်ကြ၏ *(ဟေရှာ ၄၄း၉၊ ၁၀၊ ၁၂-၁၇)*။

ဖါရောဓ၏ ကျွန်တို့သည် ဣသရေလတို့ကို လွှတ်ပေးရန် တိုက်တွန်းသော်လည်း ငြင်းပယ်နေပြန်၏။ မိန်းမတို့နှင့် သူငယ်တို့အား ချန်လှပ်ထားရန် မောရှေအား ညှိကြည့်သော်လည်း မောရှေသည်လည်း ထိုသူတို့ သည် ဝတ်ပြုခြင်းနှင့်ယုံကြည်ခြင်းတွင် အလွန်အရေးပါကြောင်း ခွဲခြားထားခြင်းမပြုနိုင်ခြင်းဖြင့် ပယ်ချထားသည်။

နောက်ဆုံးတွင် နေဘုရား "ရာ" သည်အထွတ်အထိတ်ဘုရားဖြစ်၏။ "သောသ်" သည် လဘုရားဖြစ်၏။ နှစ်ပါးလုံးသည် အလင်းမပေးနိုင်ကြတော့ပါ။ ဖါရောသည် ညှိနှိုင်းပြန်သော်လည်း အချည်းနှီးပင် ဖြစ်ရပြန်သည်။ အီဂျစ်ပြည်သည် သုံးရက်တိုင်တိုင် အမှောင်ထုကြီးဖုံးသော်လည်း ဣသရေလနေရာတွင် အလင်းရှိ၏။

မည်သို့ပင် ထုထောင်းနေပါစေ၊ ဖါရောသည် မတွန့်ဆုတ်ဘဲ ဆက်လက်တိုက်ခိုက်နေ၏။ သူ့အတွင်းစိတ်ကို မသိရသော်လည်း မာန်မာနထောင်လွှားခြင်းသက်သက် ဖြစ်နိုင်သည်။ တန်ခိုးတော်အား ရှင်းလင်းစွာ မြင်ခဲ့ရသော်လည်း သူ့ကျွန်များကပင် "ဤလူသည် အဘယ်မျှကာလပတ်လုံး ငါတို့ကို နှောက်ယှက်မည်နည်း။ ထိုသူတို့သည် သူ၏ထာဝရဘုရားအား ဝတ်ပြုမည်အကြောင်း အခွင့်ပေးတော်မူပါ။ အဲဂုတ္တုပြည်ပျက် ကြောင်းကို သိတော်မူသလော" *(ထွက် ၁၀း၇)* ဟုဆိုကြ၏။ တောင်စဉ်ရေမရ ပြောနေကြအပြီးတွင် ဖါရောသည် စိတ် ခိုင်မာမြဲ ခိုင်မာစေကာ ထာဝရဘုရား၏ လူတို့အား မလွှတ်ဘဲ နေပြန်လေ၏။ "မာနသည် ပျက်စီးခြင်းအရင် ထောင်လွှားသော သဘောသည် ရှုပ်ချခြင်းအရင် ရှိ၏" *သုတ္တံ ၁၆း၁၈။*

**ထပ်မံစဉ်းစားရန်** – အဲလင်ဂျီဝှိုက်။ ရှေးဘိုးဘေးများနှင့်ပုရောဖက်များ။ "အီဂျစ်ကပ်ဘေး များ" စာ၊ ၂၆၅ – ၂၇၂။

"ထာဝရဘုရား၏လူတို့အား အီဂျစ်လူတို့၏ ကြမ်းကြုတ်ခြင်းကို ကြုံတွေ့ခံစားရစေခြင်းဖြင့် သူတို့၏ ရုပ်တုဆင်းတုတို့၏ ဩဇာညောင်းခြင်းတွင် လှည့်စားမခံရမည်အကြောင်း ဖြစ်သည်။ ဘုရားသခင်သည် ဖါရောနှင့် ဆက်ဆံရာတွင် ရုပ်ဆင်းတုတို့ကို ရွံမုန်းခြင်းနှင့် ရက်စက်ဖိနှိပ်ခြင်းကို ဒဏ်ခတ်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ဖါရော၏နှလုံး ခိုင်မာနိုင်ရန် မည်သည့် သဘာဝလွန်တန်ခိုးတစ်ခုမျှ မရှိပါ။ ထာဝရဘုရားသည် အနာကြင်ဆုံး ရိုက်နက်ခဲ့သော်လည်း ထိုဇကရာဇ်ဘုရင်သည် အလင်းတရားကို လုံးဝငြင်းပယ်ထား သည်။ အနန္တတန်ခိုးတော်ကို ငြင်းပယ်ခြင်းတိုင်းတို့သည် ပုန်ကန်ရန်အဆုံးအဖြတ်ကို ထောက်မသည်။ အရင်ဦးဆုံးနိမိတ်အား ငြင်းပယ်ခြင်းဖြင့် ပျိုးထောင်လိုက်သော ပုန်ကန်ခြင်းသည် ၎င်း၏ အကျိုးဆက်ကို ရိတ်သိမ်း စေသည်။" *(အဲလင်ဂျီဝှိုက်။ ရှေးဘိုးဘေးများနှင့်ပုရောဖက်များ။ စာ၊ ၂၆၈)*။

"နေနှင့်လတို့သည် အီဂျစ်တို့၏ ကိုးကွယ်ရာ ဖြစ်သည်။ ဤအမှောင်ထုသည် ကျေးကျွန်မွေးသော ပြည်သူများနှင့် သူတို့၏ဘုရားများကိုပါ ဖျက်ဆီးပစ်နိုင်သည်။ ကြောက်မက်ဘွယ် ကောင်းလှသော်လည်း ဘုရားသခင်သည် မဖျက်ဆီးလိုသော ကြောင့် ပြုလုပ်သော ကရုဏာသက်သေပင် ဖြစ်သည်။ ကြောက်မက်ဘွယ် အကောင်းဆုံးနှင့်နောက်ဆုံး ကပ်ဘေးမတိုင်မီ စဉ်းစားတွေးတောကာ နောင်တရရန် အချိန်ပေးထားခြင်း ဖြစ်သည်" *(အဲလင်ဂျီဝှိုက်။ ရှေးဘိုးဘေးများနှင့်ပုရောဖက်များ။ စာ၊ ၂၇၂)*။

## ဆွေးနွေးရန် မေးခွန်းများ –

**၁ ဖါရောသည် မိမိစိတ်ကို ခိုင်မာစေ၍ လူတို့အား လွှတ်ပါလော့ ဟူသော အမိန့်တော်အား ငြင်းပယ်နေသည်ကို စိတ်သို မှီးထားပါ။ မိမိကိုယ်ကို ဤမျှလှည့်ဖျားရမည်လော။ အမှန်တရားကို မိမိအာရုံတွင် အမြဲချပြထားလျက် ကြောက်မက်ဘွယ်ဆုံးဖြတ်ချက်များကို ဆုံးဖြတ်နေခြင်းအား မည်သည့်ရာဇသံပေးထားသနည်း။ ကျမ်းစာတွင် မှားယွင်းသော မည်သည့်ဝိဇ္ဇသလက္ခဏာများ ရှိနေသေးသနည်း။ ယုဒရှာကရှအကို တွေးကြည့်လေ။**

**၂ ဖါရောသည် မိမိတိုင်းပြည်နှင့် လူတို့အပေါ် ယူဆောင်လာသော ပျက်စီးခြင်း အတောအတွင်းတွင် "ဤအမှုတွင် ငါပြစ်မှားပြီ။ ထာဝရဘုရားသည် ဖြောင့်မတ်တော်မူ၏။ ငါနှင့်ငါ၏လူတို့သည် အပြစ်များပါ၏" *(ထွက်၊ ၉း ၂၇)*။ ထိုအချိန် ခါကျမှ ဝန်ချနောင်တရခြင်းသည် စစ်မှန်ခြင်းမရှိသည်ကို မည်သို့ သိနိုင်မည်နည်း။**

# ထူးဆန်းပြီး တိတ်ဆိတ်သောကမ္ဘာ

Andrew McChesney ျမရေးသားသည်

မြို့ထဲတွင်မည်သူမျှ ခရစ်ယာန်ဘာသာသို့ မကူးပြောင်းခဲ့ဖူးဘဲ၊ ကိုကီလာ၏ ဖခင်နှင့် အခြားမိသားစု လေးစုတို့သည် သတ္တမနေ့ဥပုသ်ကို စောင့်ထိန်းရန် ဆုံးဖြတ်သောအခါ မြို့သူမြို့သားများ၏ဒေါသသည် ငယ်ထိပ်သို့ရောက်ခဲ့ကြသည်။ ကိုကီလာသည် ကိုးနှစ်သာရှိသေးပြီး၊ သူမ၏ဘဝသည် ထာဝရပြောင်းလဲသွားခဲ့သည်။ ကိုကီလာ၏ မိခင်မှာ သူမငယ်စဉ်ကပင် ကွယ်လွန်ခဲ့ပြီး၊ ဖခင်၊ အစ်မ လေးယောက်နှင့် အစ်ကိုတစ်ဦးတို့နှင့်အတူ တောင်အာရှတွင် နေထိုင်ခဲ့သည်။

ဖခင်ဖြစ်သူမှာ ဆင်းရဲသော လယ်သမားတစ်ဦးဖြစ်ပြီး၊ ဥပုသ်နေ့ကို စောင့်ထိန်းပြီး နောက် လယ်အလုပ်လုပ်ခွင့် ပိတ်ပင်ခံခဲ့ရသည်။ သူနှင့်အခြားဥပုသ်နေ့ စောင့်ထိန်းသူများသည် ဆိုင်များတွင် အစားအသောက် ဝယ်ယူခွင့် လည်းပိတ်ပင်ခံခဲ့ရသည်။ ထို့အပြင်၊ မြို့၏အုပ်ကြီးများက ဥပုသ်နေ့စောင့်ထိန်းသူများနှင့် စကားပြောသူတိုင်း ဒဏ်ငွေများစွာ ပေးဆောင်ရမည်ဟု ကြေညာခဲ့သည်။ ထို့ကြောင့် အိမ်နီးချင်းများက ကိုကီလာနှင့် သူမ၏မိသားစုတို့ကို စကားပြောရန် ငြင်းဆန်ခဲ့ကြသည်။ ကိုကီလာသည် အိမ်နီးချင်းများနှင့် စကားမပြောခဲ့ပေ။ ကိုကီလာတွင် သူငယ်ချင်းများစွာရှိခဲ့ဖူးသော်လည်း၊ ယခုတွင် သူတို့အားလုံးကို ဆုံးရှုံးခဲ့ရပြီ။

ဖခင် ဖြစ်သူက သူ၏ယုံကြည်ခြင်းကို စွန့်လွှတ်ရန် ငြင်းဆန်သောအခါ၊ အိမ်နီးချင်းများသည် အကြမ်းဖက်လာတော့သည်။ သူတို့သည် ဒေါသတကြီးဖြင့် ကိုကီလာ၏ အိမ်သို့ ဝင်ရောက်၍ ပရိဘောဂ၊ အဝတ်အထည်များနှင့် အိုးခွက်ပန်းကန်များကို ယူကာ လမ်းပေါ်သို့ ပစ်ထုတ်ခဲ့သည်။ သူတို့သည် သူမ၏ဖခင်နှင့် အစ်ကိုကိုလည်း ရိုက်နှက်ခဲ့ကြသည်။

အိမ်နီးချင်းတစ်ဦးသည် ထိုမှောင်မိုက်သော အချိန်ကာလတွင် တောက်ပသော အလင်းရောင် တစ်ခုဖြစ်ကြောင်း သက်သေပြခဲ့၏။ သူသည် ခရစ်ယာန်တစ်ဦး မဟုတ်သော်လည်း၊ မြို့သူမြို့သားများကိုးကွယ်သော အဓိကကမ္ဘာ့ဘာသာတရားနှင့် သူ မသက်ဆိုင်ခဲ့ပေ။ သူ သည် ကိုကီလာနှင့် စကားပြောခဲ့ပြီး၊ မြို့၏စည်းမျဉ်းများကို ချိုးဖောက်သည့်အတွက် ဒဏ်ငွေကို သူကိုယ်တိုင် လိုလိုလားလား ပေးဆောင်ခဲ့သည်။ ခုနစ်နှစ်ကြာ ကိုကီလာသည် ဆိုးရွားသော အခြေအနေများတွင် နေထိုင်ခဲ့ပြီး၊ သူ၏ ဖခင်နှင့်အတူ ဥပုသ်နေ့ကို လက်ခံသော မိသားစုသုံးစုသည် စိတ်ပြောင်းကာ အသင်းတော်မှ ထွက်ခွာသွားကြသည်။ မိသားစုငါးစုအနက် ကိုကီလာ၏ မိသားစုအပါ နှစ်စုသာ၊ ဘုရားသခင် အား သစ္စာရှိစွာ ဆက်လက် ထိန်းသိမ်းခဲ့ကြသည်။

ကိုကီလာသည် လုံးဝ မညည်းညူခဲ့ပေ၊ သူမသည် များစွာငိုခဲ့သည်။ ဖခင်ဖြစ်သူက သူမ ၏ မျက်ရည်ကို မြင်ပြီး၊ သူမကို မြော်လင့်ခြင်းဘော်ဒါဆောင်ကျောင်းသို့ ပို့ရန်ဆုံးဖြတ်ခဲ့၏။ ၎င်းသည်ထိုမိန်းကလေးအတွက် ကမ္ဘာပေါ်ရှိ ကောင်းကင် တစ်စိတ်တစ်ပိုင်းနှင့် တူသည်။ "ဆရာမတွေက တကယ်ကြင်နာပြီးချစ်ခင်ကြတာ" ဟု ကိုကီလာ ကပြောခဲ့သည်။ သူမ သည်



အသက် ၃၉ နှစ်ရှိပြီး၊ အိန္ဒိယနိုင်ငံ တန်ဂျာဗူရှိ E. D. Thomas Memorial Higher Secondary School တွင် အတွင်းရေးမှူးအဖြစ်၏။

---

ကမ္ဘာတဝှမ်းရှိ သတ္တမနေ့ မြော်လင့်ခြင်းကျောင်းများကို ထောက်ပံ့ပေးသော သင်တို့၏ သာသနာ့လုပ်ငန်း အလှူငွေတွေ အတွက် အထူး ကျေးဇူးတင်ပါသည်။ ၂၀၂၀ ခုနှစ် တွင် ၁၃ ပတ်အလှူငွေရဲ့တစ်ချို့ကို *E. D. Thomas Memorial Higher Secondary School* သည်ရရှိခဲ့ပါသည်။

## အပိုင်း ၁၊ ခြုံငုံသုံးသပ်ချက်

**အစီကာကျမ်းချက်။** ထွက်မြောက်ရာကျမ်း ၉း၁၅

**လေ့လာမှုဦးတည်ချက်။** ထွက်မြောက်ရာကျမ်း ၇း၈ – ၁၀း၂၉

**နိဒါန်း။** ဤအပတ်ကျွန်ုပ်တို့၏လေ့လာမှုတွင်၊ ဘုရားသခင်၏အံ့ဖွယ်ရာများနှင့် သူပြုလုပ်သော နိမိတ်လက္ခဏာများကို တွေ့ကြုံရမည်ဖြစ်သည်။ ထို့အပြင်၊ အီဂျစ်ပြည်အပေါ် ဘုရားသခင်၏ တရားစီရင်မှုများအဖြစ် သူစေလွှတ်သော ဘေးဒဏ် ၁၀ ပါးအနက် ကိုးခုကို ကျွန်ုပ်တို့ စဉ်းစားမည်ဖြစ်သည်။ ဤအချက်များကို ကြီးမားသော အငြင်းပွားမှု—ကောင်းမှုနှင့် မကောင်းမှု၊ အလင်းနှင့် အမှောင်၊ ခရစ်တော်နှင့် စာတန်၊ အသက်ရှင်သောဘုရားသခင်နှင့် ရုပ်တုများအကြား ဝိညာဉ်ရေးရာတိုက်ပွဲ၏ အခြေအနေကို သင်၏အတန်းသို့ တင်ပြပါ။ ဤဝိညာဉ်ရေးစစ်ပွဲသည် အာဒံနှင့်ဧဝတို့ အပြစ်သို့ကျရောက်စဉ် ဧဒင်ဥယျာဉ်တွင် စတင်ခဲ့သည်။ ဘုရားသခင်က ဤစစ်ပွဲတွင် အောင်မြင်မှုရလဒ်ကို ကတိပြုခဲ့သည်၊ သို့မှသာ ကျွန်ုပ်တို့သည် မကောင်းမှု၏ သားကောင်အဖြစ် ထာဝရမဖြစ်ရဘဲ ရှိနေစေရန် (ကမ္ဘာ ၃း၁၅)။ ၎င်း၏အစပိုင်းမှစ၍၊ အငြင်းပွားမှုသည် ဖန်ဆင်းရှင်သခင်ဘုရားကို ကိုးကွယ်သူများနှင့် ဖန်ဆင်းခြင်း၏ ပုံစံအမျိုးမျိုးကို ကိုးကွယ်သူများအကြား ဆက်လက်ဖြစ်ပွားခဲ့သည်။ ဖန်ဆင်းရှင်ကို ကိုးကွယ်ခြင်းသည် လူသားများကို လွတ်မြောက်စေပြီး အပြစ်၏ ကျွန်ခံမှုမှ လွတ်မြောက်စေသည်။ ဖန်ဆင်းခြင်းကို ကိုးကွယ်ခြင်းသည် ဘုရားသခင်၏ ပုံသဏ္ဍာန်ဖြင့် ဖန်ဆင်းခံရသော လူသားများ၏ ကိုယ်ကျင့်တရားဆိုင်ရာ ယိုယွင်းပျက်စီးမှုကို ဖြစ်ပေါ်စေပြီး၊ နောက်ဆုံးတွင် ၎င်းတို့၏ ကျွန်ခံမှုသို့ ဦးတည်သွားစေသည်။

ထွက်မြောက်ရာကျမ်း ၇း၈ – ၁၀း၂၉ တွင်၊ အသက်ရှင်သောဘုရားသခင်နှင့် ဖာရောဘုရင်အကြား ထိပ်တိုက်ရင်ဆိုင်မှု ပိုမိုပြင်းထန်လာသည်။ ဖာရောသည် အီဂျစ် လူမျိုး များ ယုံကြည်ထားသည့်အတိုင်း သူသည် အမှန်တကယ်ပင် ဘုရားတစ်ပါးဖြစ်ကြောင်း ပြသလိုသည်။ ထို့ကြောင့်၊ သူသည် အချုပ်အခြာအာဏာရှိသော ဘုရင်တစ်ပါး၏ အခန်းကဏ္ဍကို ထမ်းဆောင်ရန် ကြိုးပမ်းခဲ့ပြီး၊ ထိန်းချုပ်နိုင်စွမ်းရှိသူအဖြစ်နှင့် မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ ဆုံးဖြတ်ပိုင်ခွင့်ရှိသူအဖြစ် ပြုမူခဲ့သည်။ ဆန့်ကျင်ဘက်အနေဖြင့်၊ ဘုရားသခင်သည် သူ၏လူများကို အီဂျစ်၏ ကျွန်ခံမှုမှ ကယ်တင်လိုသော်လည်း၊ တစ်ချိန်တည်းမှာပင် အီဂျစ်လူမျိုးများအား သူသည် မည်သူဖြစ်ကြောင်း သင်ကြားပေးလို၏။ ထိုသို့ဖြင့်၎င်းတို့၏ ဘုရားများ၌ ကျွန်ခံမှုမှ လွတ်မြောက်စေလို၏။

တစ်ခုကို ရှင်းလင်းစွာ ဖော်ပြရပေမည်—ဘုရားသခင်သည် အီဂျစ်လူမျိုးများကို ဆန့်ကျင်သည်မဟုတ်။ သူသည် ၎င်းတို့ကို ထာဝရတည်တံ့ပြီး ကိုယ်ကျိုးမဖက်သော ချစ်ခြင်းဖြင့် လူတိုင်းကို ချစ်သကဲ့သို့ ချစ်၏။ တစ်ချိန်တည်းမှာပင်၊ အချုပ်အခြာ အာဏာပိုင်သခင်ဘုရားသည် အီဂျစ်နတ်ဘုရားများကို ဆန့်ကျင်သည်။ ဤ "နတ်ဘုရားများ" သည် လူသားများ၏ ဖန်တီးမှုသာဖြစ်ပြီး၊ လူများကိုကြောက်ရွံ့မှုနှင့် ကျွန်ခံမှုသို့ ဦးတည်စေကြောင်း

သူပြသလိုသည်။ ထို့အပြင်၊ သူ၏ အဓိကရည်မှန်းချက်မှာ အီဂျစ်လူမျိုးများ ဤ ဖန်တီးထားသော နတ်ဘုရားများအပေါ် မှီခိုမှုကိုဖျက်ဆီးပြီး၊ ၎င်းတို့သည် အသက်ရှင်သော ဖန်ဆင်းရှင်နှင့် ကယ်တင်ရှင် ဘုရားသခင်ကို ဝတ်ပြုနိုင်စေရန်ဖြစ်သည်။ သို့သော် လူများက ဤ မှားယွင်းသော နတ်ဘုရားများနှင့် ဆက်နွယ်ပြီး တစ်သားတည်းဖြစ်နေမြဲဆိုပါက၊ ဘုရားသခင်၏ တရားစီရင်မှုသည် ၎င်းတို့၏ နတ်ဘုရားများအပေါ်သာမက၊ ၎င်းတို့အပေါ်ပါ ကျရောက်လိမ့်မည်။ ၎င်းတို့၏ ဖွဲ့နပဲ ရုပ်တုကိုးကွယ်မှုသည် ၎င်းတို့၏ အပြစ်ဒဏ်ကို ဖြစ်ပေါ်စေပြီး၊ နောက်ဆုံးတွင် ၎င်းတို့၏ ပျက်စီးခြင်းသို့ ဦးတည်သွားလိမ့်မည်။

ဘုရားသခင်က ရှင်းလင်းစွာ ကြေညာသည်မှာ— "အီဂျစ်ပြည်၏ နတ်ဘုရား အားလုံးကို ငါသည် တရားစီရင်မည်" (ထွက် ၁၂း၁၂)။ အီဂျစ်နတ်ဘုရားများအပေါ် ဘုရားသခင်၏ တရားစီရင်မှုကို တောလည်ရာကျမ်း ၃၃း၄ တွင် သမိုင်းဆိုင်ရာ အချက်အလက်အဖြစ် ဖော်ပြထားသည်။ ဘေးဒဏ်တစ်ခုစီသည် သို့မဟုတ် တရားစီရင်မှုတစ်ခုစီသည် များသောအားဖြင့် လူများ၏ စိတ်ကူးဉာဏ်၊ အတွေးအမြင်နှင့် ခံစားချက်များကို ဖမ်းစားထားသော အီဂျစ်နတ်ဘုရားများစွာကို ပစ်မှတ်ထားခဲ့သည်။ ၎င်းတို့၏ အပြုအမူနှင့် လူမှုဘဝကို လွှမ်းမိုးခဲ့ပြီး၊ အပြစ်၏ ကျွန်ခံမှုသို့စုံလုံး ဦးတည်စေခဲ့သည်။ ထို့ကြောင့် လူတစ်ဦးလုံးကို ဖမ်းစားခံခဲ့ရသည်။ ထို့နောက်၊ ဝိညာဉ်သည် ရုပ်တုကိုးကွယ်မှု ဘဝနေထိုင်မှုပုံစံတွင် လုံးလုံးလျားလျား နာခံမှုဖြင့် နေထိုင်ခဲ့သည်။ မှော်အတတ်ဖြင့် ထိန်းချုပ်ထားသော ဤ ဘဝနေထိုင်မှုပုံစံသည် အသက်ရှင်သောမေတ္တာတော်ရှင် ဖန်ဆင်းရှင် ဘုရားသခင်ထံမှ ပေါက်ဖွားလာသော ဝတ်ပြုကိုးကွယ်မှု၏ လွတ်လပ်မှုနှင့် လုံးဝဆန့်ကျင်ဘက်ဖြစ်၏။

## <u>အပိုင်း ၂။ အနက်ဖွင့်ကျမ်း</u>

### နိမိတ်လက္ခဏာများနှင့် အံ့ဖွယ်များ

ထွက်မြောက်ရာ ၇း၃ တွင်၊ သခင်ဘုရားသည် လူအပေါင်းတို့ရှေ့တွင် "နိမိတ်လက္ခဏာများနှင့် အံ့ဖွယ်များ" ကို များပြားစေမည်ဖြစ်ပြီး၊ သူသည် မည်သူဖြစ်ကြောင်း သူတို့ နားလည်နိုင်စေရန် ပြမည်ဖြစ်သည်ဟု ကျွန်ုပ်တို့ဖတ်ရသည်။ ထွက်မြောက်ရာ ၇း၃ သည် ထွက်မြောက်ရာစာအုပ်တွင် "နိမိတ်လက္ခဏာများ" နှင့် "အံ့ဖွယ်များ" ဟူသော ဝေါဟာရနှစ်ခု ပေါင်းစပ်ထားသည့် တစ်ခုတည်းသော ကျမ်းချက်ဖြစ်သည်။ "နိမိတ်လက္ခဏာ" သို့မဟုတ် "နိမိတ်လက္ခဏာများ" ဟူသော စကားလုံးသည် ထွက်မြောက်ရာ စာအုပ်တွင် ၁၆ ကြိမ်ထွက်ပေါ်သည် (ထွက် ၃း၁၂။ ၄း၈၊ ၉၊ ၁၇၊ ၂၈၊ ၃၀။ ၇း၃။ ၈း၁၉။ ၁၀း၁၊ ၂။ ၁၂း၁၃။ ၁၃း၉၊ ၁၆။ ၃၁း၁၃၊ ၁၇)။ ဤဖြစ်ရပ်များတွင်၊ ၎င်းကို အဓိကအချက်နှစ်ခုကို အလေးပေးရန် အသုံးပြုသည်—ဆိုလိုသည်မှာ မောရှေသည် ဖာရိုဘုရင်ရှေ့တွင် မတူညီသော နိမိတ်လက္ခဏာများကို ပြသမည် (ထွက် ၁၀း၁၊ ၂)၊ ထို့အပြင် ပသခါပွဲ၏ အသွေးသည် အသက်ရှင်ခြင်း၏ နိမိတ်လက္ခဏာတစ်ခုဖြစ်ပြီး၊ ဖျက်ဆီးသောကောင်းကင်တမန်အား ၎င်း၏ ကာကွယ်မှုအောက်ရှိ အိမ်များကို ကျော် သွားစေမည် (ထွက် ၁၂း၁၃)။ "အံ့ဖွယ်" ဟူသော

ဝေါဟာရသည် ဗာရိဘုရင်၏ နလုံး သည် မာကြောမှုရှိသော်လည်း၊ ဘုရားသခင်သည် ဗာရိရှေ့တွင် ပြုလုပ်မည့်အရာများ နှင့် သက်ဆိုင်သည် (ထွက် ၄း၂၁)။ ဘေးဒဏ်များ၏ အကြောင်းအရာတွင်၊ ဤ ဝေါဟာရ သည် ဖွဲ့စည်းပုံအရ အရေးကြီးသည်၊ အကြောင်းမှာ ၎င်းသည် ဘေးဒဏ် ကိုးခု ၏ အစတွင် နှစ်ကြိမ် (ထွက် ၇း၃၊ ၉) နှင့် ကိုးခုမြောက် ဘေးဒဏ်၏ အဆုံးတွင် နှစ်ကြိမ် (ထွက် ၁၁း၉၊ ၁၀) ထွက်ပေါ်သောကြောင့် ဖြစ်သည်။

ဘေးဒဏ်များ၏ ထူးခြားသော ဝိသေသလက္ခဏာများရှိသည်။

၁။ ပထမဘေးဒဏ် ကိုးခုကို သုံးခုစီပါသော အုပ်စုသုံးခု သို့မဟုတ် အုပ်စုများအဖြစ် ခွဲခြားနိုင်သည်။ ဆယ်ခုမြောက်ဘေးဒဏ်သည် ထူးခြားပြီး ကျန်အရာများနှင့် ခွဲထားသည်။ လူများသည် ၎င်းကို ရင်ဆိုင်ရန် အထူးအချိန်နှင့် ပြင်ဆင်မှု လိုအပ်လိမ့်မည်။

၂။ ပထမဘေးဒဏ်ကိုးခုသည် ကမ္ဘာဦးကျမ်း ၁ တွင် ဘုရားသခင်ဖန်ဆင်းခဲ့သော နေထိုင်ရာနေရာသုံးမျိုးအားလုံးကို ထိခိုက်ခဲ့သည် - ကောင်းကင် (ဘေးဒဏ်ခုနစ်မှ ကိုးအထိ)၊ မြေကြီး (ဘေးဒဏ်သုံးမှ ခြောက်အထိ)၊ နှင့် ရေများ (ဘေးဒဏ်တစ်နှင့် နှစ်)။ အစုလိုက်အနေဖြင့်၊ ဤဘေးဒဏ်များသည် ဖန်ဆင်းခြင်း၏ ပြန်လည်ပျက်စီးခြင်းကို ရည်ညွှန်းသည်။

၃။ ပထမဘေးဒဏ်ကိုးခုသည် ဗာရိဘုရင်က ဘုရားသခင်၏လူများကို သူတို့၏ ဖန်ဆင်းရှင်သခင်ဘုရားကို လွတ်လပ်စွာ ဝတ်ပြုနိုင်ရန် လွှတ်ပေးရန် ခေါင်းမာစွာ ငြင်းဆန်နေသဖြင့်၊ အချိန်ကြာလာသည်နှင့်အမျှ ပိုမိုပြင်းထန်လာ၊ ဆိုးရွားလာသည်။ ပထမဘေးဒဏ် သုံးခုသည် ပေါ့ပါး၊ မြန်ဆန်ပြီး သေဆုံးမှုကို မဖြစ်စေခဲ့ပေ။ နောက်ဘေးဒဏ်သုံးခု (ဘေးဒဏ်လေးမှ ခြောက်အထိ) သည် ပိုမိုဆိုးရွားပြီး အန္တရာယ်ဖြစ်စေသည်၊ အကြောင်းမှာ ၎င်းတို့သည် တိရစ္ဆာန်များကို ပျက်စီးစေပြီး လူများကို အရေပြားအနာများဖြင့် ထိခိုက်စေခဲ့သည်။ နောက်ဆက်တွဲ ဘေးဒဏ်သုံးခု (ဘေးဒဏ်ခုနစ်မှ ကိုးအထိ) သည် ပိုမိုပျက်စီးစေသည်၊ လူများနှင့် တိရစ္ဆာန်များ သေဆုံးမှုသာမက သီးနှံများ ပျက်စီးခြင်းကိုပါ ပါဝင်သည်။

၄။ ယေဘုယျအားဖြင့်၊ ဘေးဒဏ်တစ်ခုစီသည် သခင်ဘုရား၏ တောင်းဆိုမှုကို နာခံရန် ရှင်းလင်းသော သတိပေးချက်နှင့် တောင်းပန်မှုအပြီး ကျရောက်ခဲ့သည်။ အံ့အားသင့်စရာများ ဖြစ်ပေါ်ခဲ့သော်လည်း၊ ပျက်စီးမှုကို ကြိုတင်ကြေညာခဲ့ပြီး ရှောင်ရှားနိုင်ခဲ့သည်။ ပထမနှစ်ခုနှင့် ဆယ်ခုမြောက် ဘေးဒဏ်များမတိုင်မီ ထူးခြားသော သတိပေးချက်ကို ပေးထားသည်။ သို့သော် ဘေးဒဏ် လေး၊ ငါး၊ ခုနစ်၊ နှင့် ရှစ်တို့၏ နိဒါန်းများတွင်လည်း ပွင့်လင်းသော သတိပေးချက်များကိုလည်း ကြည့်ပါ။

၅။ ဘေးဒဏ် သုံး၊ ခြောက်၊ နှင့် ကိုးမတိုင်မီ၊ ဗာရိဘုရင်နှင့် ထိပ်တိုက်ရင်ဆိုင်မှု အနည်းငယ်သာ ရှိသည် သို့မဟုတ် မရှိသလောက်ဖြစ်သည်။

၆။ ပထမ ဘေးဒဏ် သုံးပါးသည် အီဂျစ် လူမျိုးများနှင့် ဣသရေလ လူမျိုးများအပေါ် ကျရောက်ခဲ့သော်လည်း၊ ကျန်ဘေးဒဏ်အားလုံးသည် အီဂျစ်လူမျိုးများအပေါ်သာ ကျ

ရောက်ခဲ့သည်။

၇။ ပထမဘေးဒဏ်မဖြစ်ပွားမီ၊ ဘုရားသခင်သည် ဖာရိုဘုရင်ရှေ့တွင် အံ့ဖွယ်တစ်ခုကို ပြုလုပ်ခဲ့သည်—အာရုန်၏ တောင်ဝှေးသည် မြွေတစ်ကောင်ဖြစ်လာပြီး မှော်ဆရာများ၏ မြွေများအားလုံးကို စားသုံးခဲ့သည်။ သို့သော် "ဖာရို၏ နှလုံးသည် မာကြောလာခဲ့သည်" (ထွက် ၇း၁၃)။

၈။ နောက်ဆုံးဘေးဒဏ်သည် အပျက်ဆုံးဖြစ်ခဲ့သည်၊ အကြောင်းမှာ သိုးသငယ်၏ အသွေးဖြင့် ကာကွယ်မထားသော မိသားစုတိုင်းသည် ၎င်း၏သားဦးသေဆုံးမှုဖြင့် ထိခိုက်ခဲ့ရသည်။ နောက်ဆုံးဘေးဒဏ်မကျရောက်မီ၊ ဘုရားသခင်သည် သူ၏ ကရုဏာတော်ဖြင့် လူများအား သုံးရက်ကြာ အမှောင်ထုကို ပေးအပ်ခဲ့ပြီး၊ ၎င်းသည် ဆင်ခြင်တွေးတောမှု၊ တရားထိုင်မှု၊ နောင်တရမှု နှင့် နောက်ဆုံးပျက်စီးမှုကို ရှောင်ရှားနည်း ဆိုင်ရာ ညွှန်ကြားချက်များအတွက် ဖြစ်သည်။

၉။ ဆဋ္ဌမဘေးဒဏ်ပြီးနောက်၊ "သခင်ဘုရားသည် ဖာရို၏နှလုံးကို မာကြော စေတော်မူသည်" (ထွက် ၉း၁၂)၊ ထွက် ၁၀း၁၊ ၂၀၊ ၂၇။ ၁၁း၁၀ နှင့် ၁၄း၄၊ ၈၊ ၁၇ ကိုလည်း ကြည့်ပါ) ဟု မှတ်တမ်းတွင်ဖော်ပြသည်။ ပထမဘေးဒဏ်ငါးခုအတွင်း ဖာရိုသည် သူ၏ နှလုံးကို မာကြောစေခဲ့သူဖြစ်သည် (ထွက် ၇း၁၃၊ ၁၄၊ ၂၂။ ၈း၁၅၊ ၁၉၊ ၃၂။ ၉း၇။ ၉း၃၅)။ ဘေးဒဏ်ဆယ်ပါးအကြောင်း အမှန်တကယ်ဇာတ်လမ်း မတိုင်မီ၊ ဘုရားသခင်က "ငါ၊ သခင်ဘုရား၊ ဖာရို၏နှလုံးကို မာကြောစေမည်" ဟု ကြိုတင်ဟောကိန်း ထုတ်ထားသည့် အချက် နှစ်ခါရှိသည် (ထွက် ၄း၂၁။ ၇း၃)။

၁၀။ မှော်ဆရာများသည် ပထမဘေးဒဏ်နှစ်ခုကိုသာ အတုခိုးနိုင်ခဲ့သည်။ တတိယဘေးဒဏ်ဖြစ်ပွားသောအခါ၊ ၎င်းတို့သည် ကွက်တိပြောကြားခဲ့သည်မှာ— "ဤသည်မှာ ဘုရားသခင်၏ ညိုးတော်ကြောင့်ဖြစ်သည်" (ထွက် ၈း၁၉)။ နောက်ပိုင်းတွင် ၎င်းတို့ကိုယ်တိုင် အဖုအပိန့်များဖြင့် ခံစားခဲ့ရသည် (ထွက် ၉း၁၁၊ ဖာရို၏ "အရာရှိများ" ၏ တိုက် တွန်းမှုကိုလည်း ကြည့်ပါ၊ ထွက် ၁၀း၇)။

၁၁။ ဘေးဒဏ်များကို အတွဲလိုက်စုစည်းနိုင်သည်—ဘေးဒဏ်တစ်နှင့် နှစ်သည် နိုင်းမြစ်နှင့် ဆက်စပ်သည်။ ဘေးဒဏ်သုံးနှင့် လေးသည် ပျံသန်းသော အင်းဆက်များ (ခြင်ကောင်များနှင့် ယင်ကောင်များ) ဖြစ်သည်။ ဘေးဒဏ်ငါးနှင့် ခြောက်သည် တစ်ခုနှင့်တစ်ခု ဆင်တူပြီး၊ တိရစ္ဆာန်များပေါ်တွင် ကပ်ရောဂါနှင့် လူများပေါ်တွင် အဖုအပိန့်များ ဖြစ်ပေါ်စေသည်။ ဘေးဒဏ်ခုနစ်နှင့် ရှစ်သည် သီးနှံများကို ပျက်စီးစေခြင်းကို ဖော်ပြသည်။ ဘေးဒဏ်ကိုးနှင့် တစ်ဆယ်သည် အမှောင်နှင့် သက်ဆိုင်သည်—တစ်ခုသည် ရုပ်ပိုင်းဆိုင်ရာ အမှောင်နှင့် နောက်တစ်ခုသည် သားဦးသေဆုံးမှုဟူသော အဆုံးစွန်သော အမှောင်ဖြစ်သည်။

၁၂။ သခင်ဘုရားသည် ဖာရိုဘုရင်အား "ငါ၏လူများကို လွှတ်လိုက်ပါ" ဟု ခုနစ်ကြိမ် အထူး ပြောဆို ပေးခဲ့ သည် ကို သတိပြု ရန်မှာ စိတ် ဝင် စား စရာ ဖြစ်သည် (ထွက် ၅း၁။ ၇း၁၆။

၈း၁၊ ၂၀။ ၉း၁၊ ၁၃။ ၁၀း၃) နှင့် တစ်ကြိမ်တွင် အနုတ်လက္ခဏာဆောင်သော အခြေအနေဖော်ပြချက်ကို အသုံးပြုခဲ့သည်— "အကယ်၍ သင်သည် ငါ၏လူများကို မလွှတ်လျှင်၊ ငါသည် ... ပို့လွှတ်မည်" (ထွက် ၈း၂၁)။ ဖာရိုသည် ဒုတိယ၊ စတုတ္ထ၊ သတ္တမ နှင့် နဝမ ဘေးဒဏ်များပြီးနောက် သဘောတူခဲ့သည် (ထွက် ၈း၈။ ၈း၂၅-၂၈။ ၉း၂၈။ ၁၀း၂၄)၊ သို့သော် နောက်ဆုံးတွင် လူတို့သည် သခင်ဘုရားကို ဝတ်ပြုဖို့ လွှတ်ပေးရန် ငြင်းဆန်ခဲ့သည် (ထွက် ၈း၁၅။ ၈း၃၂။ ၉း၃၅။ ၁၀း၂၇)။ ဖာရောသည် မောရှေ အား သတ်မှတ်ထားသော ဘေးဒဏ်များကို အဆုံးသတ်ရန်နှင့် သူ့အတွက်လည်း ဆုတောင်း ပေးရန် ပင်တောင်းဆိုခဲ့သည် (ထွက် ၈း၈၊ ၂၈။ ၉း၂၈။ ၁၀း၁၆၊ ၁၇)။ ဆယ်ခု မြောက်ဘေးဒဏ်ပြီးမှသာ သူသည် မောရှေနှင့် အာရုန်ကို ဆင့်ခေါ်ပြီး ၎င်းတို့အား အမိန့် ပေးခဲ့သည်—"ထိုညဥ့်ခြင်းတွင် မောရှေနှင့် အာရုန်ကို ခေါ်တော်မူလျှင်၊ သင်တို့မှစ၍ ဣသရေလအမျိုးသားတို့၊ ထ၍ ငါ့လူစုထဲက ထွက်သွားကြလော့။ သင်တို့တောင်းသည် အတိုင်း ထာဝရဘုရားအား သွား၍ ဝတ်ပြုကြလော့။ သင်တို့တောင်းသည်အတိုင်း သိုးနွားများကို ယူ၍ သွားကြလော့။ ငါ့ကိုလည်း ကောင်းကြီးပေးကြလော့ဟု မိန့်တော်မူ ၏။" (ထွက် ၁၂း၃၁၊ ၃၂)။

အထက်ပါဖော်ပြခဲ့ပြီသည်နှင့်အညီ၊ ဤဘေးဒဏ်အားလုံးသည် အီဂျစ်နတ်ဘုရားများ နှင့် ထိုနတ်ဘုရားများကို ကိုင်စွဲထားသူများအပေါ် ဘုရားသခင်၏ တရားစီရင်ခြင်းနှင့် သက်ဆိုင်ပါသည်။ ဤဘေးဒဏ်များအားလုံး၏ အလယ်တွင် အီဂျစ်ပြည်၌ ဘုရားသခင်၏ တန်ခိုးတော်ပြည့်စုံသော ကိုယ်တော်တိုင် တည်ရှိမှုကို ကြေညာချက်ဖြစ်သည်ကို လျစ်လျူမရှုသင့်ပါ။ ဘုရားသခင်သည် သူ့ကို နာခံသူများနှင့် သူ့ကို ဆန့်ကျင်သူများအကြား ကွာခြားချက်ရှိကြောင်း ရှင်းရှင်းလင်းလင်း ပြချင်တော်မူသည် - "မလွှတ်ဘဲနေလျှင် သင်နှင့်သင်၏ ကျွန်များ၊ လူများ၊ အိမ်များထဲသို့ ယင်ရဲတို့ကို ငါစေလွှတ်သဖြင့် အဲဂုတ္တုလူတို့နေသောအိမ်၊ ရပ်သောမြေသည် ယင်ရဲနှင့်အပြည့် ရှိရလိမ့်မည်။ ငါသည် မြေကြီးအလယ်၌ ထာဝရဘုရား ဖြစ်ကြောင်းကို သင်သိစေခြင်းငှါ ငါ၏လူတို့နေရာ ဂေါရှင်ပြည်ကို ထိုနေ့၌ ငါခြားနားစေ၍၊ ထိုပြည်၌ ယင်ရဲမရှိရ။" (ထွက် ၈း၂၁၊ ၂၂)။

ပရောဖက်ဟေရှာယသည် အီဂျစ်နိုင်ငံအတွက် ဘုရားသခင်၏မေတ္တာနှင့် အနာဂတ် အစီအစဉ်များကို အံ့ဖွယ်စကားလုံးများဖြင့် ဖော်ပြထားသည် - "ထိုကာလ၌ အဲဂုတ္တုပြည်မှသည် အာရှုရိပြည် တိုင်အောင်၊ လမ်းတွင်လိမ့်မည်။ အာရှုရိလူသည် အဲဂုတ္တုပြည်သို့၎င်း၊ အဲဂုတ္တုလူသည်၊ အာရှုရိပြည်သို့၎င်း သွားလာ၍ အဲဂုတ္တုလူနှင့် အာရှုရိလူတို့သည် တညီတညွတ်တည်း ဝတ်ပြုကြလိမ့်မည်။ ထိုကာလ၌ ဣသရေလအမျိုးသည် အဲဂုတ္တုအ မျိုးနှင့်၎င်း၊ အာရှုရိအမျိုးနှင့် ၎င်းပေါင်း၍၊ တတိယ အမျိုးတည်းဟူသော မြေကြီးအလယ်၌ မင်္ဂလာပြုသော အမျိုးဖြစ်လိမ့်မည်။ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားကလည်း၊ ငါ၏ လူ အဲဂုတ္တုအမျိုး၊ ငါပြုပြင်သော အာရှုရိ အမျိုး၊ငါ၏ အမွေဥစ္စာဖြစ်သော ဣသရေလအမျိုးသည် မင်္ဂလာရှိစေသတည်းဟု ကောင်းကြီးပေးတော်မူလိမ့်မည်။" (ဟေရှာ ၁၉း၂၃-၂၅)။

### ဖာရောဘုရင်၏နှလုံးသားမာကျောခြင်း

ဖာရောဘုရင်၏ နှလုံးသား မာကျောခြင်းအကြောင်းသည် သမ္မာကျမ်းစာ လေ့လာသူများကို အထူးစိတ်ဝင်စားစေ၏။ ဤနေရာတွင် ဘုရားသခင်သည် ဖာရော၏ ဆုံးဖြတ်ချက်များကိုကြိုတင်သတ်မှတ်ပေးထားခြင်းမျိုး မရှိကြောင်း ကျွန်ုပ်တို့ အလေးအနက် ထည့်သွင်းပြောဆိုရမည်။ ထိုရွေးချယ်မှုများသည် သူ၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်များသာ ဖြစ်၏။ ဘုရားသခင့် အမိန့်တော်များကို ခေါင်းမာစွာ ငြင်းဆန်ရန်နှင့် ပျက်စီးခြင်းဘဝသို့ ရောက်ရန် သူ့ကိုမည်သို့မျှ ကြိုတင်သတ်မှတ်ထားခြင်း မရှိပါ။ ဘုရားသခင်သည် လူတိုင်းအား လွတ်လပ်စွာရွေးချယ်ခွင့်ပေးထားပြီး မိမိ၏ မေတ္တာ တော်သတင်းနှင့် ကျေးဇူးတော် ကမ်းလှမ်းချက်ကိုတုံ့ပြန်နိုင်စွမ်း ပေးထား၏။ လူတို့ကိုနာခံခြင်း (သို့) မနာခံခြင်းပြုရန် ဘုရားသခင် အတင်းအကျပ်မပြုလုပ်ပါ။

ဖာရိဘုရင်၏ နှလုံးသားမာကျောခြင်းကို ဝေါဟာရဆိုင်ရာလေ့လာမှု အပြည့်အစုံပြုလျှင် အောက်ပါရလဒ် (အထက်တွင်ဖော်ပြသော အချက် ၉ ခု မြောက်ကိုလည်းရှုပါ) ကိုပြသည် – ဤမာကျောမှုဖြစ်စဉ်တွင်၊ ဦးစွာဖာရိဘုရင်ကိုယ်တိုင် ဘုရားသခင်ရှေ့၌ နှိမ့်ချခြင်းငှါငြင်းဆန်ခဲ့သည် (ထွက် ၁၀း၃)။ ဤသည်မှာ သူ၏ဆုံးဖြတ်ချက်၊ သူ၏စိတ် အလိုလိုက်သော မနာခံခြင်းပင်ဖြစ်ပြီး၊ သူ့အား ပြန်လှည့်၍မရနိုင်သောအခြေအနေသို့ ရောက်ရှိစေခဲ့သည်။ သူ၏အကျင့်စရိုက်သည် အပြီးတိုင်သတ်မှတ်ခံခဲ့ရသည်။ အသက်ရှင်တော်မူသောဘုရားနှင့် သူ၏ကျွန် မောရှေကို ဆန့်ကျင်သည့် သူ၏ နှလုံးထဲရှိ မီးတောက်ကို ပိုမိုမြင့်မားစေရန်၊ ဣသရေလလူတို့အား လွှတ်ရန်နှင့် ကိုးကွယ်ရန် ဘုရားသခင်၏ဖိတ်ခေါ်မှုသည်လောင်စာဖြည့်လိုက်ခြင်းသာဖြစ်သည်။

### အပိုင်း ၃။ လက်တွေ့ အသုံးချခြင်း

၁။ အထောက်အထားများ စုပုံနေသည်မှာ ဘုရားသခင်သည် အချုပ်အခြာအာဏာရှိသော ဘုရားတစ်ပါး ဖြစ်ပြီး၊ သူ၏လူများကို ကယ်တင်လိုက အီဂျစ်ပြည်မှ ထုတ်ဆောင်လိုသည်။ ကျွန်ုပ်တို့၏ နှလုံးသားနှင့် ဘဝများတွင် ဘုရားသခင်၏ နောင်တရရန်နှင့် သူ့နောက်လိုက်ရန် တိုက်တွန်းချက်များ အားလုံးကို ခေါင်းမာစွာ ငြင်းပယ်စေသည့်အရာမှာ အဘယ်နည်း။

၂။ ရုပ်တုကိုးကွယ်မှုမှာ ဘာကြောင့် ဒီလောက်ဆွဲဆောင်မှုရှိတာလဲ။ အီဂျစ်လူမျိုးတွေက ရုပ်တုကိုးကွယ်မှုကြောင့် ဘယ်လိုပျက်စီးမှုတွေ ဖြစ်ပေါ်ခဲ့တယ်ဆိုတာ မြင်တွေ့ခဲ့ပြီးနောက်မှာတောင် ဘာကြောင့် သူတို့ရဲ့ ရုပ်တုကိုးကွယ်မှုကိုဖြတ်တောက်ဖို့ခက်ခဲခဲ့တာလဲ။

၃။ လူသားများသည် ၎င်းတို့၏ကိုယ်ပိုင် ရုပ်တုများကို ဖန်တီးရာတွင် ဉာဏ်ပညာထူးချွန်ကြသည်။ မည်သည့်အရာမဆို ရုပ်တုအဖြစ်သို့ ပြောင်းလဲနိုင်သည်။ ရုပ်တုဆိုသည်မှာ အဘယ်နည်း။ ကျွန်ုပ်တို့၏ကိုယ်ပိုင်ဘုရားများကို မည်သို့ဖန်တီးဖြစ်သနည်း၊ ၎င်းတို့ရှေ့တွင် မည်သို့ဦးညွှတ်ကြ သနည်း။ ထိုသို့သော ယုတ်ညံ့သောအပြုအမူများ၏ နောက်ကွယ်တွင် မည်သည့်အရာများကို ဖော်ပြပြီး သိရှိနိုင်သနည်း။ ဘုရားသခင်သည်ရုပ်တုကိုးကွယ်မှုကို အဘယ်ကြောင့် ပြင်းပြင်းထန်ထန် ဆန့်ကျင်သနည်း။

## သင်ခန်းစာ - ၅

*ဇူလိုင်လ ၂၉ — ဩဂုတ်လ ၇

# ပသခါပွဲတော်



## ဥပုသ်နေ့မွန်းလွဲပိုင်း

**ဖတ်ရန်ကျမ်းချက်များ။** ထွက် ၁၁း၁ – ၁၀။ မိက္ခာ ၆း၈။ ထွက် ၁၂း၁ – ၃၀။ ၁ ကော ၅း၇။ ထွက် ၁၃း၁၄ – ၁၆။ ဟေဗြဲ ၁၁း၂၈။

**အလွတ်ကျမ်းချက်။ သင်တို့၏ သားမြေးတို့က၊ ဤဝတ်ကိုပြု၍ အဘယ်သို့ဆိုလိုသနည်း ဟုမေးမြန်းကြလျှင်၊ ထာဝရဘုရားသည် အဲဂုတ္တုလူတို့ကို ဒဏ်ခတ်၍၊ ငါတို့အိမ်များကိုချမ်းသာပေးတော်မူသောအခါ၊ အဲဂုတ္တုပြည်၌ဣသရေလအမျိုးတို့၏အိမ်များကိုလွန်သွားတော်မူသောထာဝရဘုရား၏ပသခါယဇ်ဖြစ်သတည်းဟု ပြန်ပြောကြရမည်ဟုမောရှေဆိုပြီးလျှင်၊ ထိုသူတို့သည်ဦးညွှတ်ချ၍ကိုးကွယ်ကြ၏။**(ထွက်၁၂း၂၆၊၂၇)

ဒသမမြောက်နှင့် နောက်ဆုံးကပ်ဘေး ကျရောက်တော့မည်။ နောက်ဆုံးသတိပေးနေပြီဖြစ်၍ နောက်ဆုံး ဆုံးဖြတ်ချက် ချရတော့မည်။ အသက်ရှင်ခြင်းနှင့် သေခြင်းအမှုဖြစ်နေပြီ။ တစ်ဦးတစ်ယောက်တင် မဟုတ် မိသားစုနှင့်တမျိုးလုံးတို့နှင့် သက်ဆိုင်လေပြီး။ ဖါရောနှင့် သူ၏အရာရှိအရာခံတို့သည် ပြည်သူ လူထု၏ အနာဂတ် သေရေးရှင်ရေးတွင် တာဝန်ရှိသည်။ အသက်ရှင်တော်မူသော ဣသရေလ၏ ဘုရားသည် သူတစ်ဦးတည်းမကသူလူမျိုးတစ်ရပ်လုံး၏အနာဂတ်ကို ဆုံးဖြတ်ပေးရတော့မည်ဖြစ်၏။

ကျွန်ုပ်တို့ ပြုလေသမျှ အခြေအနေမကောင်းသောအခါ နောက်ခြေတစ်လှမ်းကို ရွေးချယ်ရမည့်အချိန်ခါမျိုးတွင်များစွာသောအခြားလူများကို ထိခိုက်မည့်အခြေအနေဖြစ်ပါက မည်သို့ခံစားရသနည်း။

ထာဝရဘုရားသည် ကျွန်ုပ်တို့ကိုဉာဏ်ပညာနှင့် တန်ခိုးတော်ကို ပေးတော်မူလို၏ *(၁ ကော ၁း၃၀။ ဖိ ၂း၁၃)*။ ပြဿနာဖြစ်သည်မှာ ကျွန်ုပ်တို့၏စိတ်နှလုံးသည် ခိုင်မာ၍ အမှန်တရားကို မပြုလုပ်လိုခြင်းဖြစ် သည်။ သိနေသော်လည်း မပြုလိုသောကြောင့်ဖြစ်သည်။ ထွက်မြောက်ရာကျမ်းတွင် လူတစ်ဦးသည် ကြောက်ခမန်းလိလိ ဒုက္ခတွေ ထဲမှာပင် သူတစ်ဦးတည်းတင် မဟုတ်၊ ပြည်သူပြည်သားများ ထိခိုက်နေသော်လည်း ထာဝရဘုရားထံတော်သို့မဆက်ကပ်လိုခြင်း တွေ့ရသည်။ ယနေ့တွင်လည်း ထိုသို့ဖြစ်နေတတ်သေး သည်။

* ဩဂုတ်လ ၂ ရက်၊ ဥပုသ်နေ့အတွက် ပြင်ဆင်ဖို့ရန် ယခုအပတ် သင်ခန်းစာကို လေ့လာပါ။

## ကပ်ဘေးနောက်တစ်ခု

ပုရောဖက် အာမုတ်သည် "အကယ်စင်စစ်အရှင်ထာဝရဘုရားသည် မိမိကျွန်ပုရောဖက်တို့အား မဖော်ပြဘဲ ဘယ်အမှုကိုမျှ စီရင်တော်မမူ" *(အာမုတ် ၃း ၇)*။ ပုရောဖက် မောရှေအားဖြင့်လည်း ဖါရောအပေါ် ဖြစ်မည့်အရာများကို ဖော်ပြသွားသည်။ ဖါရောအား အတည်ကြည်ဆုံးသော ကတိဖြင့် သတိပေးထားသည်။ ဤသည် မာန်မာနဖြင့် စွန့်စားခြင်း၊ အကြမ်းဖက်ခြင်းနှင့် ရုပ်တုများတို့သည် အီဂျစ်ပြည်တွင် အစပျိုးလိုက်သော ကပ်ဘေးဒုက္ခများဖြင့် မှန်ကန်သော တရားစီရင်ခြင်းပင် ဖြစ်သည်။

**ဖတ်ပါ – ထွက် ၁၁း၁ – ၁၀။ ဘုရားသခင်သည် အီဂျစ်အားတရားမစီရင်မီ မည်သို့သတိပေးထားသနည်း။**

ဘုရားသခင်သည် သုံးရက်လုံးမှောင်မိုက်အတိဖုံးခြင်းဖြင့် အီဂျစ်အား သတိပေးသည် *(ထွက် ၁၀း ၂၃)*။ ထိုအချိန်တွင် ယခုလက်ရှိ အဖြစ်အပျက်တို့၏ အနက်ကို စဉ်းစားရပေမည်။ ရှင်းလင်းပြတ်သားသော နောက်ဆုံးသတိပေးခြင်းတစ်ခုကိုပေးကာ အမှန်တရားအားပြုရန် အခွင့်ပေး၏။ ထွက် ၁၁း၈ တွင် မောရှေသည် "အမျက်ထွက်၍ ဖါရောဘုရင်ထံမှ ထွက်သွားလေ၏" ဟုဖော်ပြသည်။ အဘယ့်ကြောင့် မောရှေသည် အမျက်ထွက်ရသနည်း။ ကျရောက်လာမည့် ကြမ္မာဆိုးကို သူသိနေသည်။ ဖါရော၏ နလုံးခိုင်မာခြင်းကြောင့် ထိုဒသမမြောက်ကပ်ဘေးသည် အပြစ်ကင်းစင်သော လူသူများစွာ တို့အား ထိခိုက်တော့မည်ကို မောရှေသိနေသော ကြောင့် ဖြစ်သည်။

နံပါတ် တစ်ဆယ်သည် ကျမ်းစာတွင်ထင်ရှားသောသင်္ကေတဖြစ်၍၊ စုံလင်ခြင်း၊ ပြည့်စုံခြင်း (ကောင်းကင်၏စုံလင်သော ကိုယ်ကျင့်တရားဖြစ်သော ပညတ်တော် ၁၀ ပါး) ဖြစ်၏။ အီဂျစ်အပေါ်ကျရောက်သော ကပ်ဘေးဒဏ်ဆယ်ပါးတို့သည် မကောင်းမှု၊ ဒုစရိုက်အတွက် ထာဝရဘုရား၏ တုံ့ပြန်ခြင်းကို ပြည့်ဝစွာဖော်ပြခြင်းဖြစ်သည်။

ထာဝရဘုရားသည် တရားသူကြီးဖြစ်၍ သူသည် မန်မာန၊ မတရားခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ စိတ်ကြီးဝင်ခြင်း၊ အပြစ်တွင်စွန့်စားခြင်း၊ ရက်စက်ခြင်းနှင့် အတ္တကြီးခြင်းတို့ကို ဆန့်ကျင်၏။ သူသည်ခံစားရသောသူ၊ စော်ကားခံရသူ၊ နှိပ်စက်ညှင်းဆဲခံရသူတို့ဘက်တွင်ရှိ၏။ သူ၏မေတ္တာတော်အား ဖော်ပြခြင်းဖြစ် တရားမျှတစွာစီရင်လိမ့်မည် *(ဆာ ၂း၁၂။ ၃၃း၅။ ၈၅း၁၁။ ၈၉း၁၄။ ၁၀၁း၁။ ဟေရှာ ၁၆း၅။ ယေရမိ ၉း ၂၄)*။

ကျွန်ုပ်တို့သည် မေတ္တာနှင့်မျှတခြင်းကို အတတ်နိုင်ဆုံးပြသရပါမည်။ သို့သော် ပျက်ကွက်မှုသည် တနည်းနည်းဖြင့် ဖြစ်တတ်၏။ "*မေတ္တာ*" ကြောင့်အမှားများနှင့် ပြုပြင် ရန်လိုအပ်နေသည်တို့ကို မမြင်တော့ခြင်းဖြစ်တတ်၏။ သို့မဟုတ် တရားမျှတမှုကို သံမဏိကဲ့သို့ မာကျောစွာ ကိုင်တွယ်သည်မျိုးကိုလည်း သတိထားရပါမည်။ မည်သည့် အစွန်းရောက်မျှ မမှန်ကန်နိုင်ပါ။ ပေးထားသော စံနမူနာတစ်ခုသည် "ကောင်းသော လမ်းကို ပြတော်မူပြီ။ တရားသဖြင့်ပြုခြင်း၊ ဂရုဏာကို နှစ်သက်ခြင်းနှင့် ဘုရားသခင် ရှေ့၌နှိမ့်ချသောစိတ်နှင့်ကျင့်နေခြင်းတို့ကို ထာဝရဘုရား တောင်းတော်မူ၏" *(မိ ၆း၈)*။

**ကျွန်ုပ်တို့သည် ချိန်ခွင်လျှာညီစေခြင်း မပြုနိုင်ပါက တရားမျှတခြင်းဘက်မှ မှားယွင်းသည်ထက် ဂရုဏာဘက်ခြမ်းမှ မှားယွင်းခြင်းသည် အဘယ့်ကြောင့် ပိုကောင်းနိုင်မည်နည်း။ မှန်ကန်ပါသလား။**

## ခန္ဓာကိုယ်ကုသပေးခြင်း

**ဖတ်ပါ – ထွက် ၁၂း၁ – ၂၀။ ဣသရေလတို့သည် အီဂျစ်မှ မထွက်ခွာမီတွင် အာရုန်နှင့် မောရှေတို့အား ထာဝရဘုရားသည် တိကျသောမည်သည့်ညွှန်ကြားချက်ပေးထားသနည်း။**

အီဂျစ်ပြည်မှ ထွက်ခွာရမည့် အစီအစဉ်၊ ထွက်ခွာရမည့်ပုံ သက်ကြီးရွယ်အိုများ၊ မိခင်များနှင့် သူငယ်များ၊ တိရစ္ဆာန်များစသဖြင့် ထာဝရဘုရားသည် အာရုန်နှင့် မောရှေတို့အား ညွှန်ကြားထားသည်ကို သိနှင့်ကြ ပြီးဖြစ်သည်။ ထာဝရဘုရား၏ ညွှန်ကြားချက်သည် အံ့အားသင့်စရာဖြစ်သည်။ ပဿခါပွဲတော်ကို ကျင်းပရ မည့် အစီအစဉ်ကို ညွှန်ကြားသည်။ တမျိုးပြောရသော် သူတို့ကိုကယ်တင်မည့်ဘုရားသခင်အား ဝတ်ပြုခြင်းကို ဗဟိုချက်မထား၍ အရာခပ်သိမ်းတို့သည် သူ့အချိန်ခါနှင့်အမျှ ဖြစ်ရလိမ့်မည်။ မိသားစုတိုင်းတို့သည် သိုးထီးတကောင် ပြင်ဆင်ကာ အလေအလွင့်မရှိစေရပါ။ လူတစ်ဦးစီသည် မိမိတစ်ယောက်စာကို စားရမည်။ မိသားစုတစ်ခုသည် သိုး တစ်ကောင်လုံးအား စား၍မကုန်ခဲ့သော်၊ အခြားမိသားစုတစ်ခုနှင့် ပူးပေါင်းစားရပါ မည်။

**ဖတ်ပါ – ထွက် ၁၂း၁၃၊ ၁၄။ နောက်ဆုံးကပ်ဘေး ကျရောက်သောအခါ ကိုယ်တော်သည် မည်သို့ပြုမည်နည်း။ ဘာကိုပုံဆောင်သနည်း။**

ထွက်မြောက်ခြင်းကို နှစ်စဉ်ကျင်းပရမည်။ ဘိုးဘေးများအတွက် ဘုရားသခင်ပြုသောအတိတ်က အဖြစ်များကို အောက်မေ့ရုံတင်မဟုတ်ဘဲ ပစ္စုပ္ပန်မျိုးဆက်သစ် တို့ကိုပင် လွတ်မြောက်စေသည်ကို လက်တွေ့ပင် ပြသခြင်းဖြစ်သည်။ အခန်းငယ် ၁၂ နှင့် ၁၃ တို့တွင် ပဿခါပွဲတော်၏ အနက်ကို ရှင်းလင်းပေးထားရာ ကောင်းကင်၏ ဖျက်ဆီးခြင်းနှင့် တရားစီရင်ခြင်းသည် ဣသရေလအမျိုးတို့အား "ကျော်လွန်" မည်ဖြစ်၍ သူတို့သည် အထိမ်းအမှတ်အဖြစ် "ပဿခါပွဲတော်" ကို ကျင်းပကြရပါမည်။ ဤစကားလုံးသည် စာလုံး နှစ်လုံး ပေါင်းစပ်ထားသည်ဖြစ်ရာ "ကျော် " နှင့် "လွန်" ဖြစ်၍၊ ဖျက်ဆီးခြင်းသည် ဣသရေလတို့၏အိမ်ကို "ကျော်လွန်" သွားမည် ဟုဆိုလိုသည်။ ထိုသိုး၏ အသွေးသည် အသက်နှင့် ကယ်တင်ခြင်း၏ နိမိတ်လက္ခဏာ ဖြစ်သဖြင့်၊ ဣသရေလတို့အိမ်၊ တံခါးတိုင်နှစ်ဘက်တွင် သုတ်လိမ်းရပါသည်။ ဟေဗြဲဘာသာတွင် ပဿခါပွဲတော် သည် "ပေစက်ဂ်" ဖြစ်၍ "ကျော်လွန်" သည်ဟု အနက်ရှိ၏။

ပဿခါပွဲတော်ကျင်းပခြင်းသည် ထာဝရဘုရားသည်သူ၏လူတို့အား ဂရုဏာဖြင့် ပြုသောအရာများကို သတိပြန်လည်နိုင်ရန် ကျင်းပခြင်းဖြစ်သည်။ ထိုသို့ကျင်းပခြင်းသည် မိမိတို့အမျိုးသား ကိုယ်ပိုင်လက္ခဏာ နှင့် သူတို့၏ ခိုင်မာသောကိုးကွယ်ခြင်းအား ဘေးကင်းလုံခြုံစေသည်။

**ထာဝရဘုရားသည် သင့်အပေါ် အတိတ်ကပြုခဲ့သော ကောင်းမှုများနှင့် အနာဂတ်တွင်လည်း ပြုအုံးမည့် ကောင်းမှုများကိုယုံကြည်စိတ်ချတတ်ခြင်းသည် အဘယ်ကြောင့်အရေးကြီးနိုင်သနည်း။**

**အင်္ဂါနေ့** ဇူလိုင်လ ၂၉ ရက်

## အဲဂုတ္တုပြည်ရှိဘုရားသခင်၏လူမျိုးများ

**ဖတ်ပါ – ထွက် ၁၂း၁၇ – ၂၃။ ဤပွဲတော်သစ်ကို ကျင်းပပေးခြင်းတွင် အသွေးသည် မည်သည့် ကဏ္ဍတွင် ပါဝင်လာသနည်း။**

ယဇ်ပူဇော်ရာတိရစ္ဆာန်၏အသွေးသည် ထိုပွဲကျင်းပခြင်း၏ အခရာသော့ချက် ဖြစ်ပါသည်။ ထိုပွဲတွင် ပါဝင်သူသည် သိုးသူငယ်၏အသွေးကို တံခါးတိုင် နှစ်ဘက်လုံးတွင် သုတ်လိမ်းပေးရသည်။ ဤသို့ ထာဝရဘုရားအား ယုံကြည်ခြင်းကို ပြသသည်။ အသွေး သုတ်လိမ်းခြင်း မပြုသောသူတို့ရင်ဆိုင်ရသော အရာများမှ လွတ်မြောက်စေခြင်းကို ယုံကြည်ခြင်းဖြစ်သည်။ ဖဝ်ဧလိတရားပင် မဟုတ်လော။

ပဿခါသိုးသူငယ်သည်လည်း အနာအဆာကင်းမဲ့ခြင်းဖြင့် "လောက၏ အပြစ်ကို ဆောင်ယူသွားသော" *(ယော ၁း၂၉)* ယေရှုခရစ်တော်ကို ညွှန်ပြနေသည်။ တိရစ္ဆာန်၏ အသွေးသည် အရေးကြီးသော ဇာတ်ကောင်အဖြစ် သေနိုင်သောကာလတွင် အသက် ရှင်ခြင်းနိမိတ်နှင့် ကာကွယ်စောင့်မခြင်းတို့တွင် လုပ်ဆောင်ပေးသည်။ "သိုးသူငယ်၏ အသွေးသည် သင်တို့နေရာအိမ်၌ သင်တို့၏ လက္ခဏာသက်သေဖြစ်၍ ထိုသွေးကို ငါ မြင်သောအခါ သင်တို့ကို ငါလွန်သွားမည်။ အဲဂုတ္တုပြည်ကို ငါဒဏ်ခတ်သောအခါ ဖျက်ဆီး ခြင်း ဘေးဥပဒ်သည် သင်တို့ကို မသင့်ရောက်ရ" *(ထွက် ၁၂း၁၃)*။

ဖဝ်ဧလိသတင်းသည် ဤပဿခါပွဲတော် ကျင်းပခြင်းနှင့် နီးနွှယ်နေသည်။ ပဿခါ ပွဲတော်သည် ကျေးကျွန်ဘဝမှ လွတ်မြောက်၍ ကတိတော်ပြည်သို့ သွားခြင်း တင်မက ယေရှုခရစ်တော်၏ ယဇ်ပူဇော်ခြင်း နှင့် သူ၏အသွေးတော်မှ ဖုံးလွှမ်းသမျှတို့မှ အမွေခံရ သော အရာများကို ဖော်ပြသည်။

ရာစုနှစ်အနည်းငယ် လွန်သွားသောအခါ ရှင်ပေါလုသည် "သင်တို့အမှန်ဖြစ်သည် နှင့်အညီ တဆေးဟောင်းကို ပယ်ရှင်းကြလော့။ အကြောင်းမူကား ခရစ်တော်တည်း ဟူသော ငါတို့ ပဿခါသိုးသူငယ်သည် ငါတို့အဖို့ ယဇ်ပူဇော်ရာ ဖြစ်၏" *(၁ကော ၅း၇)*။

မုန့်ပွတဆေးသည် ဂျုံမုန့်ညက်အမျိုးမျိုးအတွက် အသုံးပြုသည်။ ကျမ်းစာတွင် အရင်ဦးဖော်ပြရာတွင် ဣသရေလတို့သည် အီဂျစ်မှထွက်ခွာရမည့် ညနေတွင် မုန့်ပွ တဆေးမပါသော မုန့်ကို ပြင်ဆင်ရာတွင် အသုံးပြုသည်။ သူတို့၏အိမ်မှ မုန့်ပွတဆေး ကိုပင်ဖယ်ရှားပစ်ရသည် *(ထွက် ၁၂း၈၊ ၁၅ – ၂၀။ ၁၃း၃ – ၇)*။ ဤနေရာ တစ်ခုလေးတွင် မုန့်ပွတဆေးသည် အပြစ်၏သင်္ကေတဖြစ် *(၁ကော ၅း၆ – ၈)* ၍၊ ပဿခါပွဲတော်ရက် သတ္တတစ်ပတ်အတွင်း မုန့်ပွတဆေးကို အသုံးမပြုရပါ။

မုန့်ပွတဆေး မပါသောမုန့်သည် အပြစ်ကင်းစင်သောမေရှိယ စုံစမ်းခြင်းကို အောင် နိုင်၍ မိမိအသက်ကိုပင် ပေးခဲ့သော သူ၏ သင်္ကေတဖြစ်သည် *(ယော ၁း၂၉။ ၁ကော ၅း၇။ ဟေဗြဲ ၄း၁၅)*။ "ဟုသုပ်ပင်ညွန့်" တစ်စည်းကို အသွေးထဲ၌ နှစ်သည်မှာ ထာဝရဘုရား၏ ဆေးကြောခြင်းကျေးဇူးတော်၏ သင်္ကေတ ဖြစ်သည် *(ဆာလံ ၅၁း၇)*။ အတိုချုပ်ပြော ရသော် "ပေစက်ဂ်" သည် ယေရှု၏ ရွေးနုတ်ခြင်း လုပ်ငန်းပင် ဖြစ်သည်။

**ထာဝရဘုရားသည် ကျွန်ုပ်အပြစ်များကို ဆေးကြောရန် ယေရှု၏အသွေးကိုမှ လိုအပ်ရသည်မှာ အပြစ်သည် မည်မျှပင် ဆိုးယွားသည်ကို မည်သို့ဖော်ပြသနည်း။**

## မီးရှူးတိုင်ကို လက်ဆင့်ကမ်းခြင်း

ဆာလံဆရာသည် မိမိတို့သားသမီးများက ဘုရားသခင်၏ စောင့်မခြင်းကို သိရှိနိုင်ရန် "အမှုတော်တို့ကို လူမျိုးအဆက်ဆက်တို့သည်ချီးမွမ်း၍ တန်ခိုးတော်များကို စကားပြောကြပါလိမ့်မည်" *(ဆာ ၁၄၅း၄)* ဟုဆိုသည်။ မိသားစုတစ်ခုသည် အခြား မိသားစုတစ်ခုသို့ ဘုရားသခင်အကြောင်း အံ့ဘွယ်လက်ရာများနှင့် နှုတ်ပတ်တော်တို့ကို လူမျိုးစဉ် ဆက်တစ်ခုသို့ လက်ဆင့်ကမ်းပြောသွားလိမ့်မည်။

**ဖတ်ပါ – ထွက် ၁၂း၂၄ – ၂၈။ မည်သည့်အရေးကြီးသောအချက် ပါရှိသနည်း။**

ထွက်မြောက်ခြင်းအကြောင်းကို သားသမီးများထံသို့ လက်ဆင့်ကမ်းပြောပြရန် မိဘများတို့သည် လက်ဦးဆရာများဖြစ်ကြရမည်။ အတိတ်က ရာဇဝင်အဖြစ်သာလျှင် ပြောပြခြင်းမဟုတ်ဘဲ နှစ်ကြာညောင်းခဲ့ ပြီးဖြစ်သော်လည်း မိမိတို့ ကြုံတွေ့ရသကဲ့သို့ တင်ဆက်ပေးရပါမည်။ ဤပွဲတော်ကို ကျင်းပခြင်းဖြင့် မိမိတို့၏ဘိုးဘေးတို့ကို ကိုယ်စားပြု၍ ထိုရာဇဝင်အား အသက်သွင်းကာ လက်တွေ့ကျစေရမည်။ "ငါ ကိုယ်တိုင်သည် အီဂျစ်ပြည်၌ နေခဲ့၍ လွတ်မြောက်လာခဲ့သည်" ဟုပြောဆိုရမည်။ ထွက်မြောက်ရာကျမ်းတွင် သားသမီးတို့၏ ပသခါပွဲတော်ဆိုင်ရာ မေးခွန်းများတို့ကို မိဘတို့မှမည်သို့ ဖြေဆိုရ မည်ကို နှစ်ကြိမ်တိုင်အောင်အရေးတကြီးပင်တင်ပြထား၏ *(တရား ၆း၆ – ၈၊ ထွက် ၁၃း၁၄ – ၁၆)*။

အီဂျစ်မှ လွတ်မြောက်ခြင်းကို ပြောပြရာတွင် ဣသရေလတို့သည် အီဂျစ်အတွင်း မှာပင် ရှိနေသေးသကဲ့သို့ မှတ်ခြင်းသည် လွန်စွာသင့်လျော်လှပေ၏။ ထိုသို့ကျင်းပခြင်းသည် ယုံကြည်ခြင်း၏လုပ်ရပ်တစ်ခုပင် ဖြစ်သည်။ ညွှန်ကြားချက် အလုံးစုံတို့အား ကြားနာ ပြီးသောအခါ "ထိုသူတို့သည် ဦးညွှတ်ချ၍ ကိုးကွယ်ကြ" *(ထွက် ၁၂း၂၇)* ၍ ပသခါပွဲတော်၏ ညွှန်ကြားချက် အလုံးစုံတို့အတိုင်း လိုက်နာကြ၏။

တရားဟောရာကျမ်းတွင် ဣသရေလလူတို့သည် မိမိတို့ကိုယ်တိုင်ခရီးနှင်နေသည့်နယ် ခံစားကြရမည်ဟု သတိပေးထားသည်။ ဤရာဇဝင်ကို လက်ရှိကြုံတွေ့နေရ သကဲ့သို့ တစ်သံတည်းဖြင့် စုဖွဲ့ခံစားရမည့်ပုံသည် "ငါ၏အဘသည် အရပ်ရပ်သို့ လှည့်လည်သော ရှုရိ အမျိုးဖြစ်ပါ၏။ သူသည် အဲဂုတ္တုပြည်သို့သွား၍ လူအနည်းငယ်နှင့်တကွ တည်းခိုစရာ တွင် ကြီးမားများပြားသောလူမျိုးဖြစ်ပါ၏။ အဲဂုတ္တုလူတို့သည် အကျွန်ုပ်တို့ကို ညှဉ်းဆဲ နှိပ်စက်၍ကြပ်တည်းစွာကျွန်ခံစေကြ၏။ ဘိုးဘေးတို့ ကိုးကွယ်သော ထာဝရဘုရားကို အော်ဟစ်၍ လျှောက်ကြသောအခါ ထာဝရဘုရားသည် နားထောင်တော်မူသဖြင့် အကျွန်ုပ်တို့ ခံရသော ညှဉ်းဆဲနှိပ်စက်ခြင်း ပင်ပန်းခြင်းတို့ကို ကြည့်ရှုတော်မူ၏။ ထိုအခါ ထာဝရဘုရားသည် တန်ခိုးကြီးသော လက်ရုံးတော်ကို ဆန့်၍ကြောက်မက်ဖွယ်သောနိမိတ်လက္ခဏာ၊ အံ့ဘွယ်သောအမှုတို့ဖြင့် ကျွန်ုပ် တို့ကို အဲဂုတ္တုပြည်မှ နုတ်ပြီးလျှင် နို့နှင့်ပျားရည်စီးသော ဤပြည်သို့ဆောင်၍ပေး သနားတော်မူ၏" *(ထွက် ၂၆း၅ – ၉)* ဟု ဆို ရမည်။

ပသခါပွဲတော်ကိုပြန်လည်သတိရလျက်ရာဇဝင်နှင့် ဖြစ်ပျက်ပုံတို့ကို သားသမီးတို့ထံသို့ ပြန်ပြောပြခြင်းဖြင့် ထာဝရဘုရားသည် သူ့လူတို့အားပြုသမျှအား အောက်မေ့နိုင်ရန် ကူညီမစရပါမည်။ ပြောပြရ သူသည် ကြားနာရသူတို့ကဲ့သို့ အရေးပါလှ၏။

## ဘုရား၏တရားစီရင်ခြင်း

**ဖတ်ပါ – ထွက် ၁၂း ၂၉၊ ၃၀ တွင် အီဂျစ်တို့၏ သားဦးတို့ကို ဘုရားသခင် မည်သို့ထုထောင်းခဲ့သနည်း။ ဘုရားသခင်သည် သားဦးတို့အား အဘယ့်ကြောင့် ပစ်မှတ်ထားသနည်း** *(ဟေဗြဲ ၁၁း ၂၈ ထပ်ဖတ်ပါ)*။

အီဂျစ်တို့၏ နောက်ဆုံးကပ်ဘေး ကျရောက်လာလေ၏။ ထိုကပ်ဘေးသည် အီဂျစ်တို့၏ နတ်ဘုရားများနှင့်ထိုမမှန်မကန်သောဘုရားတို့အားကိုးကွယ်သောသူများ၊ လူသားတို့၏ ခံစားချက် လိုအင်ဆန္ဒနှင့် အကြောက်တရားအပေါ်မျှတွင်သာ မှီတင်းသော အနတ္တသက်သက်ဖြစ်သော ရုပ်တုတို့အပေါ်တွင် ကောင်းကင်၏ တရားစီရင်ခြင်းဖြစ်၏။

အရင်ပြီးခဲ့သောကပ်ဘေးများအချိန်တွင် ဤရုပ်တုဘုရားတို့သည် လူသားတို့ အားမကယ်မနိုင်ကြပါ။ ၎င်းတို့၏ တန်ဖိုးမဲ့ခြင်းသည်လည်း ယခု ထင်ထင်ရှားရှား ပေါ်လာ၍ အီဂျစ်တို့၏ အကြီးမားဆုံး အကျိုးဆက်ဖြစ်သော ဒသမကပ်ဘေးဒဏ်ကျ ရောက် နေချိန်တွင် ပိုမိုထင်ရှားလာသေး၏။ "အီဂျစ်ပြည်တစ်ခွင်လုံးရှိ အိမ်ထောင် တိုင်းတို့၏ မာန်မာနသည် ယခုနှိမ့်ချခြင်းပင် ခံရသည်။ ရုတ်တရက် စီခနဲအော်ဟစ် ငိုကြွေးသံတို့သည် လေထဲတွင် ပြည့်လျှံသွား၏။ နန်းတွင်းသူနန်းတွင်းသား အားလုံးတို့သည် မျက်နှာဖြူဖတ်ဖြူရော်နှင့် ဒူးတွေတုန်လျက် ကြောင်အန်းအန်းနှင့် အနိုင်ပိုင်းနေသော အနိဋ္ဌသဘောရုံကြီးကိုကြည့်နေကြလေသည်။" *(အီးဂျီဝိုက်။ ရှေးဘိုးဘေးများနှင့် ပရောဖက်များ။ စာ၊ ၂၈၀)*။

ဖါရောသည် မိမိကိုယ်ကို အချုပ်အချာအာဏာကိုင်သော အီဂျစ်ဘုရားဖြစ်၍ သူ၏သားဦးသည်လည်း နတ်ဘုရားတစ်ပါး၏ သားတော်ဟုဆို၏။ "အိုင်စစ်စ်" ဘုရားမ သည် သူငယ်များအားပြုစုသူ၊ "ဟီခက်" သည် မီးဖွားနေသော မိန်းမတို့အား ပြုစုသူ၊ "မင်" သည် ပွါးများခြင်းဘုရား ဖြစ်သည်။ ဤဘုရားများအပြင် အီဂျစ်တို့သည် ဖွံ့ ဖြိုး ခြင်းဘုရားမြောက်များစွာရှိသေး၏။ အသက်ရှင်တော်မူသောဘုရားသခင်နှင့် နှိုင်းစာပါက လုံး၀တန်ခိုး မရှိကြပါ။ ထိုကြောင့် မောရှေသည် "အို ထာ၀ရဘုရား ဘုရားများတို့တွင် အဘယ်မည်သော ဘုရားသည်ကိုယ်တော်နှင့်တူပါသနည်း။ သန့်ရှင်းခြင်းအားဖြင့်ဘုန်းကြီးတော်မူထသော ချီးမွမ်းခြင်းကိုခံစဉ်တွင် ကြောက်မက်ဖွယ်ဖြစ်တော်မူထသော ကိုယ်တော်နှင့် အဘယ်ဘုရား တူပါသနည်း" *(ထွက် ၁၅း၁၁)* ဟုဆို၏။ ထိုနောက် ယေသရော၏ သက်သေခံရာတွင် "ထာ၀ရဘုရားသည် အခြားသော ဘုရားတို့ ထက်သာ၍ ကြီးမြတ်တော်မူကြောင်းကို ယခုငါသိ၏။ အကြောင်းမူကား လူတို့သည် မာနထောင်လွှားသော အမှုအရာတွင် ထာ၀ရဘုရား နိုင်တော်မူ၏" *(ထွက် ၁၈း၁၁)*။

ထွက် ၁ အရ၊ ဣသရေလလူတို့မှ အနိုင်ယူလွှမ်းမိုးခြင်းကို နှိမ်နင်းရန်ဟူ၍ ဖါရော ၏အမိန့်အရ အီဂျစ်လူတို့သည် မွေးကင်းစသူငယ်တို့ကို သတ်ပစ်လေသည်။ သူတို့၏ သားဦးများကို ဘုရားသခင် ဒဏ်ခတ်လေတော့၏။ မိမိတို့စိုက်သည့် အတိုင်းရိပ်ရကြ၏။ ကျွန်ုပ်တို့၏ ဆုံးဖြတ်ခြင်းနှင့် စာရိတ္တတို့မှ အကျိုးဆက်တို့ကို ယူဆောင်လာသည်။ သို့ဖြစ်၍ အကျိုးဆက်များကို ကိုယ်တစ်ယောက်တည်းသာခံစားရသည် မဟုတ်သည်မှာ နာကြင် သောအမှန်တရားတစ်ခုဖြစ်သည်။ အပြစ်ကင်းစင် သောသူ မြောက်များစွာတို့သည် လည်း ခံစားရကြသည်။ ဤသည်မှာလည်း အပြစ်၏ သဘာ၀ပင် ဖြစ်သည်။

**သူတစ်ပါး၏ အပြစ်မှ သင် မည်သည့်အရာခံစားရသနည်း။ သူတစ်ပါးတို့သည် သင့်အပြစ်မှ မည်ကဲ့သို့ခံစားကြရသနည်း။ ကျွန်ုပ်တို့၏တစ်ခုတည်းသော ဖြော်လင့်ခြင်းသည် အဘယ်နည်း။**

**ဆက်လက်လေ့လာရန်။** အီးဂျီဝှိုက်။ ရှေးဘိုးဘေးများနှင့် ပုရောဖက်များ။ "ပသခါပွဲတော်" စာ၊ ၂၇၃-၂၈၀။

"ပသခါပွဲတော်" သည် အထိမ်းအမှတ်နှင့် အမျိုးပြအဖြစ်ရှင်း၊ အီဂျစ်ပြည်မှ လွတ်မြောက်ခြင်း မက နောက်နောင်တွင် ခရစ်တော်သည် သူ့လူများကို အပြစ်မှကယ်တင်ခြင်းကို ညွှန်ပြသောအရာ ဖြစ်ရမည်။ ပူဇော်သော ယဇ်ကောင်သည်လည်း "ဘုရားသခင်၏ သိုးသူငယ်" ဖြစ်၍ သူသာလျှင် ကျွန်ုပ်တို့မြော်လင့်ရာ ဖြစ်လေသည်။ ရှင်ပေါလုသည် "ခရစ်တော်တည်းဟူသော ငါတို့ ပသခါသိုးသူငယ်သည် ငါတို့အဖို့ ယဇ်ပူဇော်ရာဖြစ်၏" *(၁ကော ၅း၇)*။ ပသခါသိုးသူငယ်ကို သတ်ရုံနှင့် မလုံလောက်နိုင်ပါ။ ၎င်း၏အသွေးကို တံခါးတိုင်ပေါ် သုတ်လိမ်းခြင်းဖြင့် ထိုအသွေး၏ ကုသိုလ်သည် ဝိညာဉ်တွင် ကိန်းအောင်းစေသည်။ သူသည် လောကအတွက် အသေခံသည်ကို ယုံကြည်ရုံမက တစ်ဦးတစ်ယောက်စီအတွက်ပင် အသေခံပေးသည်ကိုပါ ယုံကြည်ရမည်။ ထိုအပြစ်ဖြေခြင်း ယဇ်ပူဇော်ခြင်းကို ကျွန်ုပ်တို့အတွက် အပိုင်ယူထားကြရမည်။" *(အီးဂျီဝှိုက်။ ရှေးဘိုးဘေးများနှင့် ပုရောဖက်များ။ စာ၊ ၂၇၇)*။

ယနေ့တိုင်အောင် ဂရုတစိုက်ရှိသော ဂျူးမိသားစု တစ်ချို့တို့သည် ပသခါပွဲတော် "ပေစက်ဂ်" ကို ကျင်းပကြ၏။ သူတို့သည် "ပသခါစေဒါ" *(စေဒါ-အနက်-အစီအစဉ်)* ဟုခေါ်သော ထွက်မြောက်ခြင်း အချိန်ကို သတိပြန်ရကာ မိသားစု အထူး စားသောက်ပွဲ ကျင်းပကြသည်။ ထွက်မြောက်ခြင်းအချိန်မှစ ယနေ့တိုင် ကျင်းပနေကြသည်မှာ အံ့ဩစရာပင်ဖြစ်သည်။ ဂရုတစိုက်ရှိသော ဂျူးမိသားစုတို့သည် သတ္တမနေ့ဥပုသ်ကို ကောင်းမွန်စွာ ထိမ်းသိမ်းနေကြသည်မှာ ရှေးပဝေသဏီအခါအား ပြန်လည် ရှုမြင် စေသည်။

## ဆွေးနွေးရမည့်မေးခွန်းများ –

**၁** **အပြစ်ကင်းစင်သော သားဦး မြောက်များစွာတို့အား သေစေသော ဘုရား၏ 'တရားမျှတခြင်း' ကို မည်သို့ နားလည်ကြသနည်း။ ဘုရားသခင်၏ တန်ခိုးကြီးသောမေတ္တာတော် နှင့် မည်သို့ ညီထွေစေနိုင်မည်နည်း။ ရေလွှမ်းမိုးခြင်းကိုပင် ပြန်တွေးကြည့်ပါ။ မည်သို့နားလည်သနည်း။**

**၂** **ယုံကြည်သူများကို ယေရှု၏ အသွေးတော်မှ ဖုံးအုပ်ကာ သူတို့၏အပြစ်အားလုံးမှ သန့်စင်စေသည် ဆိုသည့် သဂေ်္ကတ၏ အနက်သည်မည်သို့နည်း။**

**၃** **'ခရစ်တော်၏နောက်လိုက်တို့သည် သူ၏အတွေ့အကြုံတို့တွင် ပါဝင်ကြသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လက်သင့်ခံစွဲမှတ်ကြကာ ၎င်းတို့အတိုင်း အသက်ရှင်လုပ်ကိုင်ရန် ဖြစ်သည်။ ခရစ်တော်၏တန်ခိုးတော်ကြောင့် ထိုသူတို့သည် သူနှင့်တူအောင် ပြောင်းလဲလာကာ ကောင်းကင်စိတ်ဓာတ်ကို ရရှိကြရမည်။ ခရစ်တော်၏စရိုက်နှင့် လုပ်ငန်းတို့သည် တပည့်တော်တို့၏ စရိုက်နှင့် လုပ်ငန်း ဖြစ်စေရမည်။' (အီးဂျီဝှိုက်။ ရှေးဘိုးဘေးများနှင့် ပုရောဖက်များ။ စာ၊ ၂၇၈)။ အထက်တွင် ရေးသားထားသည်အတိုင်း ကျွန်ုပ်တို့အထဲတွင် ခရစ်တော်ကို မည်သို့ခွင့်ပြုရမည်နည်း။**

# ဘောလုံးကို ဘုရားသခင်နှင့်လဲလှယ်ခြင်း

Andrew McChesney မှရေးသားသည်

ဆီလဗာလန်ဂါသည် မိုဇမ်ဘစ်နိုင်ငံမှ အထက်တန်းကျောင်းသားတစ်ဦးဖြစ်ပြီး ဘောလုံးကစားခြင်းကိုနှစ်သက်၏။ ထိုအားကစားသည် သူ၏ဘုရားကဲ့သို့ဖြစ်ပြီး အခွင့်ရတိုင်းကစား၏။ ကျွမ်းကျင်သောကစားသမားဖြစ်၍ ထိပ်တန်းလိဂ်ကစားသမား ဖြစ်ရန် သူ့အိပ်မက်ဖြစ်၏။

သူငယ်ချင်းတစ်ဦးက သူ့ကို အံ့အားသင့်စေသည့်စကားတစ်ခွန်းကို ပြောလိုက်သည်မှာ "မင်းမှာ အရည်အချင်းကောင်းတွေ အများကြီးရှိတယ်၊ ဒါပေမယ့် ဘုရား မရှိဘူး။" ဆီလဗာ၏ အံ့အားသင့်မှုသည် သူငယ်ချင်း ဟိုးဒက်စ်က သူ့ကို စနေနေ့တွင် ဘုရားကျောင်းသို့ ဖိတ်ခေါ်သောအခါ ပိုမိုကြီးထွားလာသည်။ ဆီလဗာသည် စနေနေ့မှာ ဝတ်ပြုသော ဘုရားကျောင်းအကြောင်းကို တစ်ခါမှ မကြားခဲ့ဖူးပါ။ ထို့အပြင် စနေနေ့သည် သူ့အတွက် ဘုရားကျောင်းသွားရန် သင့်တော်သောနေ့ မဟုတ်ခဲ့ပါ။ ဘောလုံးပွဲတွေ ကစားလေ့ရှိသောနေ့ ဖြစ်၏။

ဟိုးဒက်စ်သည် ဆီလဗာအတွက် သူငယ်ချင်းကောင်းတစ်ဦးဖြစ်ပြီး၊ သူနှင့်အတူ နောက်အပတ် စနေနေ့တွင် ဘုရားကျောင်းသို့ လိုက်သွားခဲ့သည်။ ဘုရားကျောင်းအဖွဲ့ဝင်များက သူ့ကို ချစ်ခင်မှုနှင့် မေတ္တာဖြင့် နွေးနွေးထွေးထွေးဆက်ဆံခဲ့သည်။ သူသည် သမ္မာကျမ်းစာကို လေ့လာခဲ့ပြီး နှစ်ခြင်းခံယူမှုဖြင့် ယေရှုထံ သူ၏ နှလုံးသားကို အပ်နှံခဲ့သည်။

ဆီလဗာ၏ ဆွေမျိုးများနှင့်သူငယ်ချင်းများသည် အဘယ်ကြောင့် စနေနေ့မှာ ဘောလုံးကစားခြင်း ရပ်တန့်လိုက်သည်ကို နားမလည်နိုင်ဖြစ်ခဲ့၏။ ဆီလဗာက သူ၏ယုံကြည်ခြင်းကို တတ်နိုင်သမျှ အကောင်းဆုံး ရှင်းပြခဲ့သည်။ သူသည် စနေနေ့တွင် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲကို မဖြေဘဲနေသောအခါ မိဘများစိတ်ပူပန်လာသည်။ သူ့စိတ်ကျန်းမာရေးကို မေးခွန်းထုတ်ကာ၊ ဘာကြောင့် သူ့အနာဂတ်ကို ဥပုသ်နေ့အတွက် စွန့်စားလိုသလဲဟု မေးခဲ့၏။ ၎င်းသည် ဆီလဗာအတွက်ပြင်းထန်သော စမ်းသပ်မှုတစ်ခုဖြစ်ခဲ့သော်လည်း၊ သူသည် ပေတရုနှင့်တမန်တော်များ၏ သတ္တိကို လက်ခံကျင့်သုံးရန်ဆုံးဖြတ်ခဲ့ပြီး ၎င်းတို့ကဲ့သို့ "လူ၏စကားထက် ဘုရား၏စကားကို နားထောင် သင့် ပါ၏" ဟု ထွက်ဆိုခဲ့သည် (တမန် ၅း၂၉)။

ဆီလဗာသည် သောကြာနေ့ည အတန်းများသို့ မလာသည့်အကြောင်း ကျောင်းမှ ဖုန်းဆက်မေးသောအခါ မိဘများသည်ပို၍ စိတ်ရှုပ်ခဲ့၏။ မြော်လင့်ခြင်းခေါင်းဆောင်များက ဥပုသ်နေ့တွင် သမ္မာကျမ်းစာလေ့လာမှု မပေးခဲ့ပါ။ ထို့အစား၊ ဘုရားသခင်သည် ဆီလဗာကို စွန့်ခွာမည်မဟုတ်ကြောင်းနှင့် သူသည်အထက်တန်းကျောင်းမှ ဘွဲ့ရရှိမည်ဖြစ်ကြောင်း အာမခံချက်များပေးခဲ့သည်။ သူသည် ဥပုသ်နေ့နှင့် ပဋိပက္ခများမရှိသည့်နေရာ၊ မြော်လင့်ခြင်း အထက်တန်းကျောင်းမှဘွဲ့ရခဲ့သည်။ ယနေ့တွင် ဆီလဗာသည် ဘောလုံးဘုရားကို စွန့်လွှတ်ပြီး ကောင်းကင် ဘုရားသခင်ကို ရွေးချယ်ခဲ့သည့်အတွက် စီးပွားရေးသမားတစ်ဦးဖြစ်နေပြီ။ သူ၏ သစ္စာကြောင့် ညီမနှစ်ဦးနှင့် အခြား သူများကို နှစ်ခြင်းခံယူမှုသို့ ဦးဆောင်ခဲ့သည်။

"ဘုရားသခင်က ကျွန်တော့်ဘဝကိုကောင်းချီးပေးထားတယ်၊ ဒီနေ့ ကျွန်တော့်မိသားစုက ကျွန်တော့်ယုံကြည်ချက်တွေကို လေးစားတဲ့အတွက် ဘုရားသခင်ကို ကျေးဇူးတင်ပါတယ်။"

မိုဇမ်ဘစ်နှင့် တောင်အာဖရိက – အိန္ဒိယသမုဒ္ဒရာဌာနခွဲရှိ အခြားနိုင်ငံများတွင် ဧဝံဂေလိ တရား ကိုကြွေးကြော်နိုင်ရန် ဆုတောင်းပေးပါ။ ဤဌာနခွဲသည် ယခုသုံးလပတ် အတွက် ၁၃ပတ်အလှူငွေကိုလက်ခံရရှိမည်ဖြစ်သည်။

## အပိုင်း ၁၊ ခြုံငုံသုံးသပ်ချက်

**အဓိကကျမ်းချက်။** ထွက်မြောက်ရာကျမ်း ၁၂း၂၆၊ ၂၇

**လေ့လာမှုဦးတည်ချက်။** ထွက်မြောက်ရာကျမ်း ၁၁း၁ – ၁၂း၃၀

**နိဒါန်း။** ဆယ်ခုမြောက်ဘေးဒဏ်သည် ဘေးဒဏ်များ၏ အထွတ်အထိပ်ဖြစ်၏။ ၎င်း၏ ရောက်ရှိလာမှုအတွက် ကြိုတင်ပြင်ဆင်မှု မှန်ကန်စွာ ပြုလုပ်ရမည်ဖြစ်သည်။ အကြောင်းမှာ အသက်အန္တရာယ် ရှိနေသောကြောင့်ဖြစ်သည်။ သားဦးများအတွက် အသက် သို့မဟုတ် သေခြင်းတစ်ခုခုက စောင့်ကြိုနေပြီး၊ ထို့ကြောင့် မိသားစုများကို အမြင့်ဆုံးသတိပေး အခြေအနေတွင် ထားရှိသည်။ မိသားစုတစ်ခုစီသည် အရေးကြီးသောမေးခွန်းတစ်ခုကို ဖြေရလိမ့်မည် – ကျွန်ုပ်တို့သည် အသက်အတွက် ဘုရားသခင်နှင့် သူ၏ပြင်ဆင်ပေးမှုကို ယုံကြည်မည်လား၊ သို့မဟုတ် ၎င်းကို လျစ်လျူရှုမည်လား၊ ဟူ၍ဖြစ်၏။ အသက်ဆက်လက် ရှင်သန်ရန် တစ်ခုတည်းသောလမ်းမှာ အပြစ်မရှိသော သိုးသငယ်၏သွေးကို လက်ခံခြင်းဖြင့် အမှတ်အသားပြုထား၏။ ဤအချိန်တွင် ပသခါပွဲကို စတင်ကျင်းပပြီး၊ မိသားစုတစ်ခုလုံးသည် ဘုရားသခင်၏ ကယ်တင်မှုကို အတူတကွ ခံစားနိုင်စေရန် ဖြစ်သည်။

ဆရာများ၊ သင်ခန်းစာ၏ အဓိကအချက်ကို အတန်းသားများအား ရှင်းပြရန် မမေ့ပါနှင့် – ယေရှုခရစ်သည် ပသခါသိုးသငယ်ဖြစ်သည် (ယော ၁း၂၉။ ၁ ကော ၅း၇)။ သူ၌သာလျှင် ကျွန်ုပ်တို့တွင် စစ်မှန်သောအသက်နှင့် ထာဝရအသက်ရှိသည်၊ ဤအသက်ကို ကားတိုင်ပေါ်တွင် အသေခံခြင်းဖြင့် ရယူခဲ့ခြင်းဖြစ်သည် (ယော ၁၁း၂၅။ ယော ၁၂း၃၂။ ရော ၅း၆ – ၈။ ၁ ကော ၁း၁၈၊ ၂၃၊ ၂၄)။ ပသခါပွဲဆင်နွှဲမှုသည် ယေရှုအား သူ၏နောက်လိုက်များအတွက် အသစ်သောအခမ်းအနားတစ်ခု တည်ထောင်စေခဲ့သည်။ နောက်ဆုံးညစာ စားပွဲတွင် ယေရှုသည် သူ၏တပည့်များနှင့်အတူ သိုးသငယ်ကို စားသောက်ခဲ့ပြီး ၎င်းသည် သူ့ကို ညွှန်ပြခဲ့သည်။ ထိုသို့ပြုလုပ်ရာတွင် ခရစ်တော်သည် သူ၏နောက်လိုက်များ၏ အာရုံကို မြေကြီးသမိုင်းနှင့် စကြဝဠာတစ်ခုလုံး၏ သမိုင်းတွင် အရေးအပါဆုံးဖြစ်ရပ်ဖြစ်သည့် ကျွန်ုပ်တို့အတွက် ကားတိုင်ပေါ်ရှိ သူ၏နောက်ဆုံးအသေခံခြင်းကို ထပ်ခါတလဲလဲ သတိရစေမည့် အသစ်သောအခမ်းအနားတစ်ခုသို့ ပြန်လည်ညွှန်ကြားခဲ့သည်။ ကျွန်ုပ်တို့သည် သခင်၏ ညစာစားပွဲအတွင်း ဤမိဿဟာယမှုကို ဆင်နွှဲကြပြီး ကျွန်ုပ်တို့အတွက် သူ၏အသက်နှင့် သေခြင်းကို အမှတ်ရသည် (မဿဲ ၂၆း၂၆ – ၂၉။ ၁ ကော ၁၁း၂၃ – ၂၆)။ ယဇ်သိုးသငယ်မှ အသက်ရှင်သော သိုးသငယ် ယေရှုခရစ်သို့ ဤပသခါပြန်လည်ဒီဇိုင်းဆွဲခြင်းသည် မိဿဟာယမှုအတွင်း စိတ်အားထက်သန်စွာ အမှတ်ရ ရမည့်၊ သို့မဟုတ် လူသားများအတွက် ခရစ်တော်၏ အစားထိုးသေခြင်းကို နေ့စဉ်ပုဂ္ဂိုလ်ရေးအရ လက်ခံမှုတွင် နားမလည်နိုင်သော သင်ခန်းစာတစ်ခုဖြစ်သည် (၂ ကော ၅း၁၅၊ ၂၁)။

## အပိုင်း ၂။ အနက်ဖွင့်ကျမ်း

### သမိုင်းနောက်ခံ

တတိယမြောက် သွတ်မို့စ် (ဘီစီ ၁၅၀၄ – ၁၄၅၀) သည် သူ၏သားအကြီးဆုံး မဟုတ်သူ၊ ဒုတိယမြောက် အမန်ဟိုးတပ် (ဘီစီ ၁၄၅၃ – ၁၄၂၅) ကို၊ သူနှင့်အတူ ပူးတွဲအုပ်ချုပ်သူအဖြစ် ခန့်အပ်ခဲ့သော်လည်း အချိန်တိုအတွင်းသာဖြစ်သည်။ ဒုတိယမြောက် အမန်ဟိုးတပ်သည် ဘေးဒဏ်၁၀ပါးဖြစ်ပွားနေစဉ် အီဂျစ်တွင် ရှိမနေခဲ့ဘဲ၊ စစ်ရေးလှုပ်ရှားမှုတစ်ခုတွင် ပါဝင်နေခဲ့သည်။ ပြန်လာချိန်တွင်၊ ဣသရေလ လူများ၏နောက်ကိုလိုက်ရင်း သူ၏ ဖခင်ဖြစ်သူ သည် ပင်လယ်နီတွင် သေဆုံးသွားခဲ့သည် (ထွက် ၁၄း၂၈။ ထွက် ၁၅း၄။ ဆာလံ ၁၃၆း၁၅)။ ထို့အပြင် ဖာရိဘုရင်၏သားဦး ဖြစ်သူလည်း ဆယ်ခုမြောက်ဘေးဒဏ်တွင် သေဆုံးသွားခဲ့သည် (ထွက် ၁၂း၂၉) ဟူသော သတင်းဆိုးကို လက်ခံရရှိခဲ့၏။ ဘုရားသခင်၏ တရားစီရင်မှုသည် အီဂျစ်သားဦးယောကျ်ားများ၊ ၎င်းတို့၏တိရစ္ဆာန်များနှင့် ၎င်းတို့၏ ဘုရားများအပေါ် သုံးသွယ်တိုက်ခိုက်မှုဖြင့် ကြိုတင်ဟောထားသည့်အတိုင်း ဖြစ်ပေါ်ခဲ့သည် (ထွက် ၁၂း၁၂)။ ဖာရိဘုရင်သည် ရှင်းလင်းစွာ သတိပေးခံရသော်လည်း၊ ဘုရားသခင်၏ သတိပေးချက်နှင့် မောရှေ၏ ဘုရားသခင့်တောင်းဆိုမှုကို လိုက်နာရန် ထပ်ခါတလဲလဲ တောင်းပန်မှုကို ဆန့်ကျင်ခဲ့သည်။ ဖာရိဘုရင်သည် ဘုရားသခင်ကို နာခံရန် ခေါင်းမာစွာ ငြင်းဆန်ခဲ့ပြီး၊ သူ၏ မနာခံမှုသည် အီဂျစ်လူများအတွက် ထပ်မံမကြုံစဖူး ပျက်စီးမှုများကို ဖြစ်ပေါ်စေခဲ့သည်။ မိသားစုတိုင်း ထိခိုက်ခဲ့သည်။ ဤအဖြစ်ဆိုး၏ ဩဇာလွှမ်းမိုးမှုသည် ချက်ချင်းဖြစ်ပြီး၊ အီဂျစ်လူများသည် ဣသရေလလူများကို အီဂျစ်မှ ထွက်ခွာရန်ပင်ပြန် တောင်းပန်ခဲ့ရရှာသည်။

### ပဿခါသိုးသငယ်

လူများစွာသည် ယဇ်ပူဇော်ခြင်း၏ စစ်မှန်သော အဓိပ္ပါယ်နှင့် ရည်ရွယ်ချက်များအပြင် ၎င်းတို့နောက်ကွယ်ရှိ ရည်ရွယ်ချက်များကို နားမလည်ကြပါ။ ရုပ်တုများပုံစံဖြင့် မတူညီသော ဘုရားများထံ ဘုရားကျောင်းများ သို့မဟုတ် အိမ်များတွင် ပူဇော်သော အယူလွှဲ ယဇ်ပူဇော်ခြင်းများနှင့် အသက်ရှင်သောဘုရားသခင်ထံ ပူဇော်သော စစ်မှန်သော ယဇ်ပူဇော်ခြင်းတို့အကြား ကြီးမားသော ကွာခြားချက်ရှိသည်။ ဘုရားသခင်သည် ဤပူဇော်သက္ကာ များကို စည်းမျဉ်းထိန်းချုပ်ပြီး၊ ၎င်းတို့ကို ဘာကြောင့်၊ မည်သို့ပူဇော်ရမည်၊ ဘာကိုပူဇော်ရမည်၊ ယဇ်ပူဇော်ခြင်းကို မည်သူက ဦးစီးရမည်ကို အတိအကျ ညွှန်ကြားချက်များ ပေးထားသည်။

သမ္မာကျမ်းစာနှင့်မညီသော ယဇ်ပူဇော်ခြင်းများ၏ နောက်ကွယ်တွင် ၎င်းတို့သည် ဘုရားများအတွက် အစာဖြစ်ပြီး၊ ဘုရားများဆက်လက် အသက်ရှင်ရန် လူတို့အပေါ် မှီခိုနေရသည်ဟူသော နားလည်မှုရှိသည်။ ဆန့်ကျင်ဘက်အနေဖြင့်၊ အသက်ရှင်သော ဘုရားသခင်သည် လူတိုင်းကိုအစာပေးသည် (ဆာလံ ၁၀၄း၁၄ – ၂၇)။ ထို့ကြောင့် သူ့ကို ကျွေးမွေးရန်နှင့်ထိန်းသိမ်းရန် ယဇ်ပူဇော်ခြင်းများမလိုအပ်ပါ။ အတိုချုပ်အားဖြင့်၊ ယဇ်ပူဇော် ခြင်း

များသည် ကောင်းကင်ဘုရားသခင်အတွက် အစာမဟုတ်ပါ။

သို့သော် နတ်စားယဇ်ပူဇော်ခြင်းများနှင့် ကျမ်းစာယဇ်ပူဇော်ခြင်းအကြား အဓိကကွာခြားချက်သည် ပို၍ နက်ရှိုင်းသည်။ နတ်စားသူ၏ အခြေခံရည်ရွယ်ချက်မှာ သူ၏ယဇ်ပူဇော်သက္ကာများသည် ဘုရားများကို လွှမ်းမိုးနိုင်သော၊ ၎င်းတို့၏ဒေါသကို ငြိမ်းအေးစေပြီး ၎င်းတို့၏ကျေးဇူးကို ရရှိနိုင်ရန် ဖြည့်ဆည်းပေး နိုင်သော အစွမ်းထက်သည့် နည်းလမ်းတစ်ခုအဖြစ် ရှုမြင်ခြင်းဖြစ်၏။ နတ်စားများသည် ဘုရားများကို ဖြည့်ဆည်းရန်၊ ကောင်းချီးမင်္ဂလာရရှိရန်၊ ၎င်းတို့ကို အန္တရာယ်မပြုစေရန် ငြိမ်သက်စေရန်အတွက် ပူဇော်သက္ကာများ ယူဆောင်လာရန် လိုအပ်သည်။ နတ်စားများသည် သူတို့ဘုရားများထံမှ အကာအကွယ်၊ ချမ်းသာမှု၊ မျိုးပွားမှု၊ လုံခြုံမှုနှင့် ကျေးဇူးတော်များ ပြန်လည်ရရှိရန်အတွက် ၎င်းတို့၏ အကောင်းဆုံးကို ပေးအပ်ရန် လိုအပ်သည်။

သူတို့ဘုရားများထံမှ အကာအကွယ်၊ ချမ်းသာမှု၊ မျိုးပွားမှု၊ လုံခြုံမှုနှင့် ကျေးဇူးတော်များပြန်လည်ရရှိရန်အတွက်၎င်းတို့၏အကောင်းဆုံးကိုပေးအပ်ရန်လိုအပ်သည်။ ဆန့်ကျင်ဘက်အနေဖြင့်၊ သမ္မာကျမ်းစာအရယဇ်ပူဇော်ခြင်းများသည် ကျွန်ုပ်တို့အား ဘုရားသခင်ထံ ချဉ်းကပ်ရန် ဘုရားသခင်၏နည်းလမ်းနှင့် ပြင်ဆင်ပေးမှုဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ထံ နှိမ့်ချလာပြီး ပြန်လည်သင့်မြတ်မှုနှင့် ကယ်တင်ခြင်းကို ပေးသည်။ ယုံကြည်သူများသည် ယဇ်ပူဇော်သောအခါ၊ ၎င်းတို့သည် ဘုရားသခင်ကို ထိန်းချုပ် ခြယ်လှယ်နေခြင်းမဟုတ်ပါ။ ၎င်းတို့သည် ယဇ်ပူဇော်ခြင်းအားလုံး ညွှန်ပြသော ယေရှု၏အတုမဲ့သော ယဇ်ပူဇော်ခြင်းကို ရှုမြင်ပြီး ပေးအပ် ကြသည်။ ထို့ကြောင့် ၎င်းတို့သည် ခရစ်တော်ကို ၎င်းတို့၏ အပြစ်များကို ခွင့်လွှတ်နိုင်သူ၊ ကယ်တင်နိုင်သူ၊ ကောင်းချီးပေးနိုင်သူတစ်ဦးတည်းသော ကယ်တင်ရှင်အဖြစ် လက်ခံကြသည်။

ထွက်မြောက်ရာအချိန်တွင်၊ တံခါးတိုင်များပေါ်ရှိ သွေးသည် ထိုအိမ်သူအိမ်သားများက ဘုရားသခင်ကို အသိအမှတ်ပြုပြီး သူ၏သွန်သင်ချက်များအတိုင်း နေထိုင်လိုသည် ဟူသော လက္ခဏာတစ်ခုဖြစ်သည် (ထွက် ၁၂:၁၃)။ ဤသွေး၏လက္ခဏာသည် မိသားစုအတွက် ကယ်တင်ခြင်း၏တရားစီရင်မှုကိုယူဆောင်လာခဲ့သည်။ ဘုရားသခင်က ကြေညာခဲ့သည်မှာ – "ထိုအသွေးကို ငါမြင်သောအခါ၊ သင်တို့ကို ငါလွန်သွားမည်။ ထိုသို့ အဲဂုတ္တုပြည်ကို ငါသည် ဒဏ်ခတ်သောအခါ၊ ဖျက်ဆီးခြင်း ဘေးဥပဒ်သည် သင်တို့ကို မသင့်မရောက်ရ" (ထွက် ၁၂:၁၃)။ ဤတရားစီရင်မှုသည် အပြစ်တင်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၏ တရားစီရင်မှု မဟုတ်ဘဲ၊ ယုံကြည်သူများဖက်မှ ကယ်နုတ်ခြင်း၏ အပြုသဘောဆောင်သော တရားစီရင်မှုဖြစ်၏။ အင်္ဂလိပ်ဘာသာစကားတွင် "Passover" ဟူသော စကားလုံးတွင် နစ်သံတစ်ခုရှိပြီး၊ ၎င်းသည် "pass" နှင့် "over" ဟူသောဝေါဟာရနှစ်လုံး၏ ပေါင်းစပ်မှုဖြစ်သည်။ သမ္မာကျမ်းဘာသာပြန်သည် ဤနှစ်သံကို အသုံးပြုပြီး၊ ဘုရားသခင့် ဖျက်ဆီးခြင်း၏ တရားစီရင်မှုသည် ၎င်းတို့၏ တံခါးတိုင်များပေါ်တွင် သွေး လက္ခဏာ ထားရှိခြင်း ဖြင့် ဘုရား သခင်ကို နာခံသော ယုံကြည်သူ များကို "ကျော်သွား" မည် ဖြစ်ကြောင်း အ

လေးပေးဖော်ပြသည်။ ယုံကြည်သူမိသားစုများသည် ပသခါပွဲကို ကယ်တင်ခြင်း၏ တရားစီရင်မှုအဖြစ် ဆင်နွှဲခဲ့ကြသည်။ ဤသွေးအားလုံးတွင် ပိုမိုနက်ရှိုင်းသော အဓိပ္ပါယ်ရှိသည်။ သွေးထွက်ယဇ်ပူဇော်ခြင်းသည် လူသားများအတွက် တစ်ကြိမ် တည်းနှင့် အမြဲတမ်း မိမိကိုယ်ကို ယဇ်ပူဇော်မည့် စစ်မှန်သော ပသခါသိုးသငယ် ယေရှုခရစ် ကို ညွှန်ပြခဲ့သည်။ ထို့ကြောင့်၊ သူ့ကို ၎င်းတို့၏ပုဂ္ဂိုလ်ရေးကယ်တင်ရှင်အဖြစ် လက်ခံသူ များသည် သူနှင့်အတူ ထာဝရအသက်ရှင်မည်ဟူသော ကတိကို ရရှိကြသည် (ယော ၃း၁၆၊ ၁ ယော ၅း၁၁ - ၁၃)။

ဘုရားသခင်သည် နောင်တရသော၊ နှိမ့်ချသော၊ ကျေးဇူးတင်သောနှလုံးသားမှသာ ပေးအပ်သော ယဇ်ပူဇော်ခြင်းကို လက်ခံနိုင်သည်။ ဘုရားသခင်ပြုခဲ့သောအရာအတွက် (မိမိအောင်မြင်ခဲ့သည် သို့မဟုတ် လုပ်ဆောင်ခဲ့သည်အရာအတွက်မဟုတ်) ကျေးဇူးတင်စိတ်သည် ကယ်တင်ခြင်း၏လက်ဆောင်အတွက် ဘုရားသခင်ကို ချီးမွမ်းသော နှလုံးသားမှ ထွက်ပေါ်လာရမည့် အဓိကအကြောင်းအရင်းဖြစ်ရမည်။ ပရောဖက် ဟေရှာယက ဘုရားသခင့်လူများအတွက် တရားစီရင်မှုသည် အပြစ်တင်ခြင်းမဟုတ်ဘဲ ကယ်နုတ်ခြင်း ဖြစ်သောကြောင့် တစ်ဦးနှင့်တစ်ဦး အားပေးသင့်သည်ဟု အလေးပေးပြောကြားသည်။ ကျွန်ုပ်တို့၏ ချစ်ခင်ဖွယ်၊ ကရုဏာရှိ၍၊ ဂရုစိုက်သော သခင်သည် ယုံကြည်သူများအား သူ၏တရားစီရင်မှုကို မည်သို့နားလည်ရမည်ကို သွန်သင်သည်မှာ- "အားယူကြလော့၊ မစိုးရိမ်ကြနှင့်ဟု ကြောက်တတ်သော သူတို့အား ဆိုကြလော့။ အကြောင်းမူကား၊ သင်တို့၏ ဘုရားသခင်သည် အပြစ်ပေးလျက်၊ ဒဏ်စီ ရင်လျက်ကြွလာတော်မူလိမ့်မည်။ ဘုရားသခင်သည် ကိုယ်တော်တိုင် ကြွလာ၍၊ သင်တို့ကို ကယ်တင်တော်မူ လိမ့်မည်။" (ဟေရှာ ၃၅း၄)။

## ကျွန်ုပ်တို့၏ကလေးများကို ဘုရားသခင်၏နည်းလမ်းဖြင့် သွန်သင်ခြင်း

ဘုရားသခင်သည် သူ၏လူများအား လာမည့်မျိုးဆက်ကို သူ့အကြောင်းနှင့် သူ၏ တန်ခိုးကြီးသော လုပ်ဆောင်ချက်များအကြောင်း မည်သို့သွန်သင်ရမည်ကို အတိအကျ ညွှန်ကြားထားသည်။ သူသည် ၎င်းတို့အား ပသခါပွဲကို နှစ်စဉ် အလွန်အင်မတန် ပုဂ္ဂိုလ်ရေး ဆန်သောနည်းဖြင့် ဆင်နွှဲရန် ပြောသည်။ ၎င်းတို့၏ ဘိုးဘေးများထံ ဖြစ်ပျက်ခဲ့သည်ကို ၎င်းတို့ကိုယ်တိုင် ထွက်မြောက်ရာအတွေ့အကြုံအဖြစ်၊ ဘုရားသခင်က ကယ်တင်ပြီး အီဂျစ်မှ လွတ်မြောက်ခဲ့သော ကျွန်များဖြစ်သည့်ပုံစံဖြင့် ပြန်လည်ပြောပြရမည်။ မိဘများ သည် ၎င်းတို့၏ကလေးများကို သွန်သင်ရန် လိုအပ်ပြီး၊ နောက်မျိုးဆက်သည် ၎င်းတို့၏ ကလေးများကို အစဉ်အမြဲ သွန်သင်ရန် လိုအပ်သည်။ ၎င်းတို့သည် ထိုဖြစ်ရပ်ကို စကားလုံး များဖြင့်သာမက ဆောင်ရွက်ချက်များဖြင့်လည်း အသက်ရှင်နေထိုင်ရန် လိုအပ်သည်။ အတွေ့အကြုံသည် အမြဲလန်းဆန်းနေရမည်။ သမိုင်းကို ယခုဖြစ်ပျက်သည့်အတိုင်း အသက်သွင်းရမည်။ သမိုင်းဖြစ်ရပ်သည် တည်ရှိမှုနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ ဖြစ်လာရမည်။ ဤနည်းဖြင့် သမိုင်းကို ပြန်လည်အသက်သွင်းမည်၊ မှတ်ဉာဏ်ကို ပြန်လည်အားဖြည့်မည်၊ ဖြစ်ပျက်ခဲ့သည်ကို မေ့လျော့မည်မဟုတ်ပါ။ မောရှေက ဤသို့ပြောသည်- ဂတိတော်ရှိသည်အတိုင်း၊ ထာဝရဘုရားပေးတော်မူလတံ့သောပြည်သို့ သင်တို့သည် ရောက်ကြသော

အခါ ဤဝတ်ကိုပြုရမည်။ "သင်တို့၏ သားမြေးတို့က၊ ဤဝတ်ကိုပြု၍ အဘယ်သို့ ဆိုလိုသနည်းဟု မေးမြန်းကြလျှင်၊ ထာဝရဘုရားသည် အဲဂုတ္တုလူတို့ကို ဒဏ်ခတ်၍၊ ငါတို့ အိမ်များကို ချမ်းသာပေးတော်မူသောအခါ၊ အဲဂုတ္တုပြည်၌ ဣသရေလအမျိုးသားတို့၏ အိမ်များကို လွန်သွားတော်မူသော ထာဝရဘုရား၏ ပသခါယဇ်ဖြစ်သတည်းဟု ပြန်ပြောရကြမည်" (ထွက် ၁၂း၂၅-၂၇)။ အမှတ်ရရန်အတွက်၊ ဣသရေလလူများသည် နှစ်စဉ် ပသခါ ထုံးတမ်း ကို ဆင်နွှဲရန် ညွှန်ကြားခံရသည်။

ဤပုံစံသည် ယနေ့ကျွန်ုပ်တို့၏ကလေးများနှင့်မြေးများကို သွန်သင်ရမည့် စံနှုန်းဖြစ်၏။ ဤပုံစံကို ကျွန်ုပ်တို့အား အတုယူရန် ပေးထားသည်။ အာသပ်က အားပေးသည်မှာ - "ပုံစကားကို ငါမြွက်ဆို၍၊ ရှေးကာလ၏ နက်နဲသော အရာများကို ဘော်ပြပေအံ့။ ဘိုးဘေးတို့သည် ပြော၍ ငါတို့သည် ကြားသိရ သော ထိုအရာများကို၊ သားမြေးတို့မှ မဝှက်မထား။ ထာဝရဘုရား၏ ဂုဏ်ကျေးဇူးတော်နှင့် တန်ခိုးတော်ကိုငင်း၊ ပြုတော်မူသော အံ့ဩဘွယ် အမှုတို့ကိုငင်း၊ ဖြစ်လတံ့သောသူတို့အားဖော်ပြကြမည်။ အကြောင်းမူကား၊ ယာကုပ်အမျိုး၌ သက်သေတရားကိုစီရင်၍၊ ဣသရေလအမျိုး၌ ပညတ်တရားကို ထားတော်မူ၏။ သဘောမဖြောင့်၊ ဘုရားသခင်၌ စိတ်ဝိညာဉ် အမြဲမဆည်းကပ် သောအမျိုး၊ ငြင်းဆန်၍ ပုန်ကန်တတ်အမျိုးတည်းဟူသော ဘိုးဘေးတို့ကဲ့သို့ သားမြေးတို့သည် မဖြစ်၊ ဘုရားသခင် အမှုတော်တို့ကို မမေ့၊ ဘုရားသခင်ကို ယုံကြည်ကိုးစား၍၊ ထိုတရားတို့ကို ဘိုးဘေးတို့သည် သားတို့အားပြသ၍၊ ဖြစ်လတံ့သော အမျိုးတည်းဟူသော၊ ဘွားမြင်လတံ့သော သားတို့သည် သိနားလည်၍၊ နောက်တဖန် မြေးမြစ်တို့အား ပြသကြမည်အကြောင်း ပညတ်ထားတော်မူပြီ။" (ဆာ ၇၈း၂-၈)။ ဒါဝိဒ်ကလည်း ဤစကားများဖြင့် ကျွန်ုပ်တို့ ဘာလုပ်သင့်သည် ကို ဖော်ပြသည်မှာ - "အမှုတော်တို့ကို လူမျိုးအဆက်ဆက်တို့သည် ချီးမွမ်း၍၊ တန်ခိုးတော်များကိုဟောပြောကြ ပါလိမ့်မည်" (ဆာလံ ၁၄၅း၄)။ ကယ်တင်ခြင်းနှင့် လွတ်မြောက်ခြင်း၏ ဇာတ်လမ်းကို မျိုးဆက်သစ်တစ်ခုစီမှ ဆက်စပ်ပြီး ထပ်ခါတလဲလဲ သင်ယူရန် လိုအပ်သည်။ ၎င်းတာဝန်ကို တစ်မျိုးဆက်တည်းက လျစ်လျူရှုပါက ၎င်းတို့၏ကလေးများနှင့် မိသားစုများသည် ဘုရားသခင်အကြောင်း အသိပညာကို ဆုံးရှုံးနိုင်သည်။ ထို့နောက် သူ၏ သွန်သင်ချက်များကို နားလည်မှုသည် သိသာစွာ လျော့နည်းသွားပြီး၊ ဘုရားတရားကို လိုက်စားမှုလည်း ကင်းမဲ့လာမည်။

## အပိုင်း ၃။ လက်တွေ့ အသုံးချခြင်း

**၁။ ဟာရိဘုရင်၏ ခေါင်းမာမှုနှင့် အီဂျစ်လူမျိုး အများအပြားတို့၏ မနာခံမှုသည် ကြီးမြတ်သော အံ့ဖွယ်များနှင့် တန်ခိုးပြမှုများရှိလင့်ကစား လူတို့၏ဘဝ၌ယုံကြည်ခြင်း၊ ပြောင်းလဲခြင်းဖြစ်ပေါ်စေရန် တန်ခိုးမရှိကြောင်း ကျွန်ုပ်တို့ကို သင်ကြားပေးသည်။ ယေရှုကိုယ်တိုင်က "သူတို့သည် မောရှေ၏စကား၊ ပရောဖက်တို့၏စကားကိုနားမထောင်လျှင်၊ တယောက် သောသူသည် သေခြင်းမှထမြောက် သော်လည်းမယုံကြည်**

နိုင်ကြ’ ဟု မိန့်ခဲ့သည် (လု ၁၆း၃၁)။ သင်၏ဘဝခရီးတွင် အတိတ်နှင့် ယခုဖြစ်သော အရာများက သင့်ကို ဘုရားသခင်၌ စိတ်နှလုံးအကြွင်းမဲ့ လိုက်လျှောက်စေခဲ့ပါသလား။ အခြားသူများအား အံ့ဩဖွယ်ရာ အမှုများအပေါ် မမှီခိုဘဲ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အလေးအနက်ထားရန် ကျွန်ုပ်တို့ မည်သို့ ကူညီနိုင်မည်နည်း။

______________________________________________

______________________________________________

၂။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုချစ်သောကြောင့်၊ အပြစ်၌စွဲမြဲစွာရပ်တည်နေပါက နာခံမှုမရှိခြင်း၏ အပျက်သဘောဆောင်သောအကျိုးဆက်များအကြောင်းကို သွန်သင်ပေးထားသည်။ မှားယွင်းသော လမ်းကို လိုက်စားခြင်းသည် သေလောက်အောင်ပြင်းထန်၏။ ထို့ကြောင့် ဘုရားသခင်သည် ကရုဏာတော်ဖြင့် ကျွန်ုပ်တို့အား နောင်တရ၍ ကယ်တင်ခြင်းအတွက် သူ၏ပြင်ဆင်မှုကို လက်ခံရန် ဖိတ်ခေါ်ထားသည်။ ကျွန်ုပ်တို့သည် ယေရှုထံ အပြည့်အဝအပ်နှံပြီး ကယ်တင်ခြင်းရရှိပြီဟု မည်သို့သေချာစွာ သိနိုင်မည်နည်း။ ပျက်စီးခြင်းသို့ ဦးတည်သောလမ်းကို မလိုက်ရန် ဘုရားသခင်၏ချစ်ခြင်းမေတ္တာပါသော သတိပေးချက်များကို မည်သို့အလေးအနက်ထားနိုင်မည်နည်း။ အာရုံပျံ့လွင့်စေသော ထောင်ချောက်များသည် များပြားလှ၏။ ထိုထောင်ချောက်များကို မည်သို့ရှောင်ရှားနိုင်မည်နည်း။

______________________________________________

______________________________________________

၃။ မောရှေသည် အစ္စရေးလူမျိုးတို့အား ဟောကြားရာတွင် ဘုရားသခင်၏မေတ္တာ၊ ကရုဏာနှင့် သမ္မာတရားတို့ကို ကျွန်ုပ်တို့၏သားသမီးများနှင့် မြေးများအား အချိန်တိုင်းသွန်သင်ရန် အလေးပေးဟော်ပြခဲ့သည်။ ‘ထိုစကားကို သင်၏သားသမီးတို့အား ကြိုးစား၍သွန်သင်ရမည်။ အိမ်၌ထိုင်လျက် နေသည်ဖြစ်စေ၊ ခရီး၌ သွားသည်ဖြစ်စေ၊ အိပ်လျက်၊ ထလျက်ရှိသည် ဖြစ်စေ၊ ထိုစကားကို ပြောရမည်။’ (တရား ၆း၇)။ ကျွန်ုပ်တို့၏မိသားစုများ ဘုရားသခင်အကြောင်းကို အပြည့်အဝနားလည်လာစေရန် စိတ်ဝင်စားဖွယ်နှင့် အဓိပ္ပာယ်ရှိသောနည်းလမ်းဖြင့် သားသမီးများကို မည်သို့သွန်သင်နိုင်မည်နည်း။ အထူးသဖြင့် စိတ်အနှောင့်အယှက်ဖြစ်စေခြင်း သို့မဟုတ် အတင်းအကျပ်ပြုလုပ်ခြင်းမရှိဘဲ မည်သို့သင်ကြားပေး နိုင်မည်နည်း။

______________________________________________

______________________________________________

## သင်ခန်းစာ - ၆

*ဩဂုတ်လ ၂ - ၈

# ပင်လယ်နီ ဖြတ်သန်းကာ



## ဥပုသ်နေ့မွန်းလွဲပိုင်း

**ဖတ်ရန်ကျမ်းချက်များ။** ထွက် ၁၂း၃၁-၃၆၊ ယာကုပ် ၂း၁၇-၂၀၊ ထွက် ၁၃း၁-၁၄၊ ၃၁၊ ဟေဗြဲ ၁၁း၂၂၊ ထွက် ၁၅း၁-၂၁၊ ဗျာ ၁၅း၂-၄။

**အလွတ်ကျမ်းချက်။** **မောရှေကလည်း "မစိုးရိမ်ကြနှင့်။ ငြိမ်ဝပ်စွာနေကြ။ ထာဝရဘုရားသည် ယနေ့ပြုတော်မူ သော ကယ်တင်ခြင်းကို ကြည့်ရှုကြလော့။ သင်တို့သည် ယနေ့မြင်သော အဲဂုတ္တုလူတို့ကို နောက် တဖန် အလျှင်းမမြင်ရကြ။ သင်တို့ဘက်၌ ထာဝရဘုရားသည် စစ်တိုက်တော်မူလိမ့်မည်။ သင်တို့သည် ငြိမ်ဝပ် စွာနေကြရမည်" ဟု လူများတို့အားဆို၏။** (ထွက်မြောက်ရာကျမ်း ၁၄း၁၃၊ ၁၄)

ထွက်မြောက်ရာကျမ်းသည် ဓမ္မဟောင်းကျမ်းတို့တွင် ထာဝရဘုရား၏ လူတို့အတွက်ပြဇာတ်အ ဆန်းဆုံးနှင့် အထင်ရှားဆုံးအတွေ့အကြုံဖြစ်သည်။ ထာဝရဘုရားသည် ဟေဗြဲတို့၏ရန်သူတို့ကို ချေမှုန်းပေး၍ ကတိပြည်သို့ အောင်မြင်စွာခေါ်ဆောင်သော ကောင်းကင်၏စံနမူနာ ဖြစ်သည်။ ခရစ်တော်၏ ကယ်တင် ခြင်းနှင့် ရွေးနုတ်ခြင်း သင်္ကေတတစ်ခုလည်း ဖြစ်၏။

လူသားအမြင်တွင် ဣသရေလတို့သည် ရမ်းကားကြမ်းတမ်းခြင်းအောက်မှ မည်သည့် လွတ်လမ်းမျှမရှိ။ မိမိတို့ကိုယ်ကိုပင် မည်သို့မျှ မကယ်တင်နိုင်ကြတော့မည့်ပုံ ဖြစ်ခဲ့သည်။ သူတို့ လွတ်မြောက်လာပါက ကောင်းကင်၏ လုပ်ရပ်သာဖြစ်ရမည်။ ကျွန်ုပ်တို့သည်လည်း အပြစ်နှင့် ထိုသို့ပင် ဖြစ်၏။ မျှော်လင့်ခြင်းကင်းမဲ့ ကြသည်။ ထွက်မြောက်ရာကျမ်းထက် သာ၍ ဇာတ်လမ်းဆန်ရန် လိုအပ်လာလေသည်။ ရလည်း ရခဲ့ကြ၏။ ခရစ်တော်၏ ကပ်တိုင်တော်ပေါ်တွင် ပြုလုပ်သောအရာ ဖြစ်သည်။

ဣသရေလတို့သည် ဂေါရှင်မှ ထွက်ခွါလာခြင်းကို (ထွက် ၁၂တွင်) ဖော်ပြထားရာ ထွက် ၁၅ တွင် ပျော်ရွှင်စွာသီချင်းသီဆိုကြသည်မှာ ထင်ရှားလှ၏။ ထာဝရဘုရား၏ နိမိတ်များ၊ အံ့ဘွယ်အမှုများတို့သည် အမြင့်မားဆုံး ရွေးနုတ်ခြင်း၏ အထွတ်အထိပ်ပင်ဖြစ်သည်။ ထွက်မြောက်ရာကျမ်း၏ဇာတ်လမ်းသည် ကြိုတင်အရိပ်ပြသွားခြင်းသာ ဖြစ်၍ ကပ်တိုင်ပေါ်က ယေရှုပြုပေးသောအရာတို့နှင့် မည်သို့မျှ နှိုင်းယှဉ်၍ မညီမျှနိုင်ပါ။

* ဩဂုတ်လ ၉ ရက်၊ ဥပုသ်နေ့အတွက် ပြင်ဆင်ဖို့ရန် ယခုအပတ် သင်ခန်းစာကို လေ့လာပါ။

## သွား၍ထာဝရဘုရားအား ဝတ်ပြုကြလော့

ပဿခါပွဲတော်ညတွင် ကောင်းကင်၏ တရားစီရင်ခြင်းသည် အသွေးမဖုံးသော သူတို့အပေါ်တွင် ကျရောက်လေသည် *(ထွက် ၁၂း၁-၁၂)*။ ရာထူး၊ အတတ်ပညာ၊ လူနေမှုအဆင့်နှင့် လိင်အင်္ဂါမခွဲခြားဘဲ မည်သူမျှ မလွတ်တမ်းပါ။ ထိုဒဏ်ခတ်ခြင်းသည် ဖါရောဏ်၏ကျွန်မှအစ မိသားစုအားလုံးနှင့် တိရစ္ဆာန်တို့၏ အဦးဖွား သောသူတို့ အားလုံးအပေါ်တွင် ကျရောက်သည်။ အီဂျစ်၏ မာန်မာနသည် ဖုံမှုန့်ဖြစ်သွားခဲ့ရပါပြီ။

**ဖတ်ပါ – ထွက် ၁၂း၃၁ – ၃၆။ ဖါရောသည် သူတို့အားလုံးအား ထွက်ခွါခွင့် ပေးလိုက်ရာတွင် ထူးဆန်းသော မည်သည့်တောင်းဆိုခြင်း ပြုသနည်း။ အဘယ်ကြောင့်နည်း။**

ဖါရောသည် ဟေဗြဲလူတို့အား ထွက်ခွါခွင့် ပေးရာတွင် တောင်းဆိုသည်မှာ "ငါ့ကိုလည်း ကောင်းချီး ပေးကြလော့" ဟုဆို၏။ *ငါ့ကိုလည်းကောင်းချီးပေးရမှာပေါ့နော်။*

အီဂျစ်၏ ရှင်ဘုရင်သည် သူ့လူတို့၏ "ဘုရား" ဖြစ်လျက်နှင့် အဘယ့်ကြောင့်ထိုသို့ တောင်းဆိုရသနည်း။ နောက်ဆုံးမှာတော့ ဟေဗြဲတို့ဘုရား၏ တန်ခိုးတော်ကိုပင် ဖမ်းဆုပ် စွဲကိုင်ကာ အမြတ်ထုတ်ချင်နေ ရော့သလား။ သူသည် ခြေစုံပစ်ပုန်ကန်လျက် အပြစ်တွင်ဂေါင်းမာကာ မာန်မာနထောင်လွှားနေချိန်တွင် ဘုရားသခင်သည် မည်သို့ ကောင်းချီးပေးနိုင်မည်နည်း။ နောက်ဆုံးတွင်ဖါရောဘုရင်သည် ခွင့်ပြုလိုက်ရ သော်လည်း ယာဝေ ထံတော်သို့ ဝန်ချခြင်းဖြင့် မဟုတ်ပါ။ ချေမှုန်းခြင်း ခံရသောကြောင့်သာ ဖြစ်၏။ သူသည် နောင်တမရသည်ကို နောက်နောင်မှ သူ၏လုပ်ရပ်တို့မှ ဖော်ပြသည်။ ဖါရောသည် နိုင်ငံတော်အတွင်း ပျက်စီးခြင်းကို ရပ်တန့်စေလို ရုံမျှ သာ ဖြစ်သည်။

ဖါရောသည် နှိမ့်ချခံခဲ့ရ၏။ ကပ်ဘေးများအားလုံးတို့ကြောင့် ကံဆိုးမိုးမှောင် ကျရောက်၍သာ အီဂျစ်မှ ဣသရေလတို့အား ထွက်ခွါခွင့် ပေးလိုက်ရခြင်းသာဖြစ်သည်။ အရင့်အရင်က ပြင်းပယ်ခဲ့သမျှသော သူ၏ လုပ်ရပ်တို့၏ဒုက္ခဆင်းရဲခြင်းတို့သည် သူ၏ လူမျိုးတို့အပေါ်သို့ ကျရောက်သဖြင့် ခွင့်ပြုလိုက်ခြင်းသာ ဖြစ်သည်။ အီဂျစ်ပြည်သူတို့သည် ဟေဗြဲလူတို့အား ထွက်ခွါစေရန် စိတ်အားထက်သန်ကြသည်။ ဟေဗြဲလူတို့ အား "ထွက်ခွါကြပါတော့၊ ငါတို့ သေကုန်လိမ့်မည်" ဟုဆိုကြ၏။

ထာဝရဘုရားသည် အီဂျစ်ပြည်မှ ဣသရေလတို့ ထွက်ခွါရာတွင် လက်ချည်း သက်သက်မထွက်ခွါစေဘဲ၊ ၎င်းတို့၏ ခရီးစဉ်သည် ထင်မြင်သည်ထက် ရှည်လျားနိုင်သဖြင့် လမ်းခရီးတွင် သူတို့လိုအပ်နိုင်သော အရာများကိုပင် စီစဉ်ပေးထားသည်။ ထိုလူတို့သည် ပြည်တွင်းမှ အမြန်ဆုံး ထွက်ခွါနိုင်ရန် အီဂျစ်လူတို့သည် မိမိတို့၏ အဖိုးတန်ပစ္စည်းများကို ပေးကမ်းကြသည်။ ထိုအရာတို့သည် နှစ်ရာချီကျွန်ဘဝတွင် ပြင်းပယ်ခံရခြင်း၏အဖိုးအခပင် ဖြစ်ပေသည်။ အီဂျစ်လူတို့သည် သူတို့၏ပြည်တွင်းမှ ဟေဗြဲလူတို့ ထွက်ခွါရန် ပေးရသောအဖိုးအခတို့သည် နည်းပင်နည်းနေသေးသည်။

**ကျွန်ုပ်တို့သည်လည်း မှားယွင်းခြင်းတို့၏ အကျိုးဆက်များကြောင့်သာ ဘယ်နှစ်ကြိမ် 'နောင်တရ' ခဲ့ပူး ကြသနည်း။ ထိုနောင်တသည် အဘယ်ကြောင့် စစ်မှန်သောနောင်တ မဟုတ်ရသနည်း။ အချိန်တို အတွင်းမျှသာ 'ပယ်ရှား' သည့်တိုင် ထိုအပြစ်ကြောင့် ဝမ်းနည်းခြင်းပြုနိုင်ရန် မည်သို့သင်ယူရမည်နည်း။**

## သားဦးတို့အားဆက်ကပ်အပ်နှံခြင်း

ရွေးနုတ်ခြင်းနှင့် လွတ်မြောက်ခြင်းအချိန်သည် ရောက်လုဏ်၊ လူမျိုးတို့သည် ပြင်ဆင်ကြရမည်။ ယုံကြည်ရုံသာမဟုတ်ဘဲ ထိုယုံကြည်ခြင်းအတိုင်း လုပ်ဆောင်ရမည်။ ထာဝရဘုရားသည် သူတို့လုပ်ရမည့် အရာတို့ကို ပြောပြပြီးသားဖြစ်၍ ယုံကြည်ခြင်းဖြင့် လုပ်ဆောင်ရတော့မည်ဖြစ်သည်။ ယာကုပ်၏ စာရေးသားခြင်းတို့နှင့် ဖြစ်ရပ်မတူသော်လည်း "လျှပ်ပေါ်သောသူ အကျင့်နှင့် ကင်းသော ယုံကြည်ခြင်းသည် အသေဖြစ်သည်ကို သိခြင်သလော" *(ယာကု ၂း၁၇-၂၀)*။

**ဖတ်ပါ – ထွက် ၁၃း၁ – ၁၆။ နောက်ဆုံးကပဘေးဒဏ်တွင် ဣသရေလတို့၏ သားဦးတို့ကို ချန်လှပ်ထားသည်။ဤနိစ္စရူဝအမိန့်တော်သည် ယခုကျွန်ုပ်တို့အတွက်မည်သို့အဓိပ္ပါယ်ရှိသနည်း။**

ယုံကြည်ခြင်းဖြင့် တံခါးတိုင်ပေါ်တွင် အသွေးဖြင့် အမှတ်အသားပြုလုပ်သော ဣသရေလမိသားစု များကို ထာဝရဘုရားသည် ကျေးဇူးတော်ဖြင့် ကွယ်ကာတော်မူ၏။ ဘုရားသခင်၏ညွှန်ကြားချက်အသစ် တစ်ချို့ရောက်လာသည်မှာ "*သားဦးအပေါင်းတို့ကို ငါ့အဖို့ သန့်ရှင်းစေလော့*" *(ထွက် ၁၃း၂)*။ ဤဥပဒေတို့ သည် လူသားရော တိရစ္ဆာန်တို့အပေါ်၌ပါ တည်မြဲ၏။ ဤတရားဝင်အမိန့်၏ နောက်ကွယ်ရှိ ဥပဒေသ တစ်ခုသည် ဘုရားသခင်သည် ဖန်ဆင်းရှင်ဖြစ်၍ အရာခပ်သိမ်းကို ပိုင်သတော်မူ သည်။

"ထာဝရဘုရားသည် မြေကြီးနှင့် မြေကြီးတန်ဆာကိုငှင်း လောကဓာတ်နှင့် လောကသားတို့ကိုငှင်း ပိုင်တော်မူ၏" *(ဆာ ၂၄း၁)*။ "ရွှေနှင့်ငွေကို ငါပိုင်သည်ဟု ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား မိန့်တော်မူ၏" *(ဟဂ္ဂဲ ၂း၈)*။ ဣသရေလ၏ သားဦးတို့သည် ထာဝရဘုရား၏ အဦးသီးကောင်းချီးဖြစ်သည်။ ၎င်းတို့သည် ထာဝရဘုရားအပေါ် လုံးဝဆက်ကပ်ခြင်းနှင့် အရာခပ်သိမ်းတို့ကို သူသာလျှင် ပိုင်ဆိုင်သည်ဟု သိရခြင်းဖြစ်၏။ ကယ်တင်ခြင်းနှင့် ရွေးနုတ်ခြင်း အတွေးအခေါ်တွေ့ရသည်။ သားဦးတို့ကို ချန်လှပ်ထားရသည်မှာ သူတို့အား အသွေးမှဖုံးလွှမ်းသောကြောင့်ဖြစ်၏။

သူတို့ကို သေခြင်းမှ ရွေးနုတ်ခဲ့သဖြင့် ယေရှု၏ အသွေးအောက်တွင် ပင်ရှိကြရသည်။ ရှင်ပေါလု သည် ယေရှုအကြောင်းကို "ထိုသားတော်၏ သွေးအားဖြင့် အပြစ်လွှတ်တော်မူခြင်း တည်းဟူသော ရွေးနုတ်တော်မူခြင်းကျေးဇူးကို ငါတို့သည်ခံရကြ၏" (ကော ၁း၁၄)။

အီဂျစ်၏ကျွန်ဘဝမှ လွတ်မြောက်ခြင်း၏အထိမ်းအမှတ်အဖြစ် အထက်ပါ ဆက်ကပ် အပ်နှံခြင်း ပြုရန် စည်းမျဥ်းများတို့ကို ချပြထားသည်။ တိရစ္ဆာန်များကို ပူဇော်ခြင်းအားဖြင့် သားများကို ရွေးနုတ်ကြရပါမည် *(ထွက် ၁၃း၁၂၊ ၁၃)*။

**ထွက် ၁၃း၁၆ တွင် သူတို့၏ လက်ပေါ်မှာနှင့် မျက်စိကြားမှာ ထားရမည့်အရာကို ပြောပြထားသည်။ ယုံကြည်ခြင်းရှိသည်မရှိသည်မဟုတ်ဘဲ ၎င်းကို ယုံကြည်ခြင်းဖြင့် ပြုလုပ်သောအခါ ၎င်းသည် သမ္မာတရားကိုမည်သို့သင်္ကေတပြုနိုင်သနည်း။**

**အင်္ဂါနေ့** ဩဂုတ်လ ၅ ရက်

## ပင်လယ်နီကိုဖြတ်သန်းခြင်း

**ဖတ်ပါ – ထွက် ၁၃း၁၇ – ၁၄း၁၂။ ဣသရေလတို့သည် အီဂျစ်မှ ထွက်ခွါလာသောအခါ ဘုရားသခင် သည် မည်သို့ လမ်းပြပို့ဆောင်ခဲ့သနည်း။**

ထာဝရဘုရား၏ ညွှန်ကြားချက်တို့ကို မောရှေသည် လိုက်နာ၍ ဣသရေလတို့ သည် ထွက်ခွါလာ ရင်း စစ်တပ်ကိုပါ ဖွဲ့စည်းလိုက်သည်။ ဟေဗြဲဘာသာဖြင့် *တစာဘာ* နှင့် *မာခါနဲ* တို့သည် "တပ်မတော်၊ ဌာနခွဲ တပ်စခန်းနှင့် ဗိုလ်ပါ" စသည်တို့ဖြစ်သည် *(ထွက် ၆း၂၆။ ၇း၄။ ၁၂း၁၇၊ ၄၁၊ ၅၁။ ၁၄း၁၉၊ ၂၀။ ၁၃း၁၈)*။ သူတို့သည် အုပ်စုခွဲကြ၍ တပ်မတော်အဖြစ် ချီတက်ကြ၏။ နောက်ပိုင်းတွင် ဣသရေလတို့သည် "*အမျိုးအနွယ် အလိုက် အသီးအသီး တပ်ချနေသည်*" *(တော ၂၄း၂)* ကို ဗာလမ်ကပင်မြင်ခဲ့ရသည်။

ထိုအခါတွင် "ယောသပ်၏အရိုးတို့ကိုမောရှေသည်မိမိ၌ယူဆောင်လာ၏" *(ထွက် ၁၃း၁၉)*။ ယောသပ်သည် ဘုရားသခင်၏ ကတိတော်ကို ယုံကြည်ကြောင်း ဤ သည် က အရေးတကြီးဖော်ပြခြင်းဖြစ်သည်။ ယောသပ်သည် အီဂျစ်တွင် ခမ်းနားထယ်ဝါစွာ နေထိုင်ခဲ့ရသော်လည်း ကတိပြည်အား မျက်ချည် မပြတ်ခဲ့ဘူးပါ။ သူ၏အရိုးတို့ကို ခါနန်ပြည်သို့ ယူဆောင်ရန် တောင်းဆိုထားခဲ့သည် *(ကမ္ဘာ ၅၀း၂၄၊ ၁၅)*။ အီဂျစ်ပြည် တွင် ဣသရေလထံသို့ ထာဝရဘုရား လည်ပတ်လိမ့်မည်ဟု သူယုံကြည်သောကြောင့် မှာကြားခဲ့သည် *(ဟေဗြဲ ၁၁း၂၂)*။ ဣသရေလတို့သည် ခါနန်သို့ ရောက်သည်နှင့် "ရှေခင်တွင် သင်္ဂြိုလ်ကြ၏" *(ယောရှု ၂၄း၃၂)*။

မိုးတိမ်တိုင်နှင့် မီးတိုင်တို့သည် ထာဝရဘုရားသည် သူ့လူများတွင် ကိန်းနေခြင်း မျက်မြင်လက္ခဏာ ဖြစ်၏။ ထိုသို့ဘုရားသခင် ကိန်းဝပ်၍ စကားပြောတော်မူ၏ *(ထွက် ၁၄း၂၄။ တော ၁၂း၅၊ ၆)*။ ထိုစဉ်တွင် ဖါရောသည် သူ၏စိတ်ရင်းမှန်ကို ဖော်ထုတ်လာ သည်။ သူသည် နောင်တလည်းမရ၊ ပြောင်းလည်းမလဲပါ။ ထာဝရဘုရားမှ ကောင်းချီး ပေးရန် သူတောင်းဆိုခဲ့ခြင်းသည် ဟာသပြဇာတ်နှင့် မိမိကိုယ်ကို လှည့်ဖြား ခြင်းသာ ဖြစ်၏။ သူ၏ စစ်တပ်ကို စုဝေးစေလျက် လွတ်မြောက်သွားသော ကျွန်တို့၏ နောက်သို့ လိုက်သွားတော့သည်။ ဤလူသား၏ စိတ်နလုံးသည် အပြစ်မှ လုံးဝ ဖုံးအုပ်ထားသည်။

လူတို့သည် ဖါရော၏စစ်တပ်ကြီး ချီလာသည်ကို မြင်တွေ့သောအခါ သူတို့မှ မကြာ ခဏ ပြောလေ့ရှိသော "အဲဂုတ္တုပြည်၌ သင်္ချိုင်းမရှိသောကြောင့် ဤတော၌ သေစေ ခြင်းငှါ ငါတို့ကို ဆောင်ခဲ့သလော။ ငါတို့ကို ဤသို့ပြု၍ အဲဂုတ္တုပြည်မှ အဘယ်ကြောင့် ဆောင်ခဲ့သနည်း " *(ထွက် ၁၄း၁၁)* ဟု အော်ဟစ်ကြ၏။ ဇာတ်လမ်းဆန်လွန်းသော ထာဝရဘုရား၏တန်ခိုးတော် မိမိတို့သားဦးတို့ကို ချန်လှပ်ထားသည်ပင် မြင်တွေ့ ခဲ့ သော လူတို့သည် ယုံကြည်ခြင်းပင် နည်းနေကြသေးသည်။

**သင် နောက်ဆုံးကြုံရသော ကြောက်မက်ဘွယ်အရာများကို ပြန်တွေးကြည့်ပါ။ အရင်ဦး သင်မည်သို့ရင်ဆိုင် ခဲ့သနည်း။ ဘုရားသခင်အား ယုံကြည်ခြင်းလား၊ မယုံကြည်ခြင်းလား။ ၎င်းအတွေ့အကြုံအားဖြင့် နောက် နောင် အတွေ့အကြုံအတွက် မည်သည့် သင်ခန်းစာများ ရရှိစေသနည်း။**

# ယုံကြည်ခြင်းဖြင့် ရှေ့သို့ချီ

**ဖတ်ပါ – ထွက် ၁၄:၁၃ – ၃၁။ ဣသရေလတို့၏ ယုံကြည်ခြင်းသည် အားနည်းနေလျက်နှင့် ဘုရားသခင်သည် မည်သို့ပြုပေးသနည်း။**

မောရှေသည် ဘုရားသခင်နှင့်နှုတ်ကပတ်တော်ကို ယုံကြည်သဖြင့် လူတို့ကို ခွန်အားပေးနိုင်၏။ ခက်ခဲသောကာလတွင် သူတို့ပြုရမည့်အရာလေးခုကိုညွှန်ပြသည်။

(၁) “မစိုးရိမ်ကြနှင့်” *(ထွက် ၁၄:၁၃)*။ အရင်ဦးဆုံးတိုက်တွန်းခြင်းသည် ကြောက်ရွံ့ခြင်းကို အောင်နိုင်ရန် ကိုယ်တော်ကို ယုံကြည်ကြလော့။ ဟေရှာယ က၊ ယုံကြည်သော သူတို့ ဘုရားသခင်၏ လက်ဝယ်တွင်ရှိသည်ကို သတိရစေ၏။ သူ့အား မိမိတို့၏ ဘုရားသခင်နှင့် သခင်အဖြစ်လက်ခံပါ သူတို့အတွက်လုပ်ဆောင်ပေးသည်။ “မစိုးရိမ်နှင့်၊ ငါသည် သင်ဘက်မှာရှိ၏။ မကြောက်နှင့်၊ သင်၏ဘုရားသခင် ငါသည် သင့်ကိုခိုင်ခန့်စေမည် ငါမစမည်ဟု သင့်အားဆိုလျက် သင်၏ လက်ျာလက်ကို ကိုင်မည်၊ ငါသည် သင့်ကို မစမည်။” *(ဟေရှာ ၄၁:၁၀၊ ၁၃)*။

(၂) “ငြိမ်ဝပ်စွာရပ်နေကြပါ” *(ထွက် ၁၄:၁၃)* “ငြိမ်ဝပ်စွာရပ်နေကြ” ဟူသည်မှာ ငြီးညူခြင်း မပြုဘဲ ကြီးသောအရာတို့ကို မျော်လင့်နေခြင်းမပြုရန်သာမက၊ ထာဝရဘုရားအား အပ်နှံကာသူ၏တန်ခိုးကြားဝင်ခြင်းကိုစောင့်ဆိုင်းလျက်နေသော်၊ ဘုရားသည် ပြုလုပ်လိမ့်မည်

(၃) “ထာဝရဘုရားသည် ယနေ့ပြတော်မူသော ကယ်တင်ခြင်းကို ကြည့်ရှုကြလော့” *(ထွက် ၁၄:၁၃)*။ ယုံကြည်ခြင်းတိုးပွါးနိုင်ရန် ဘုရားသခင်၏ဦးဆောင်ခြင်းကို အသိ အမှတ်ပြု၍ သူမစမည်ဆိုသည့် ကတိတော်အား ကျေးဇူးသိတတ်ရမည်။ “ကြည့်ရှု” ဆိုသည်မှာ မျက်စိဖွင့်ခြင်း *(မယုံကြည်ခြင်းသည် မျက်စိကန်းခြင်း)* ဖြစ်သည်။ ဘုရားသခင်သည်သာ အောင်နိုင်ခြင်း၊ လုံခြုံခြင်းနှင့် ကယ်တင်ခြင်းဖြစ်သည်။

(၄) “ထာဝရဘုရားသည် သင်တို့ဘက်၌ စစ်တိုက်တော်မူလိမ့်မည် ” *(ထွက် ၁၄:၁၄)*။ သူ့လူတို့ဘက်မှ သူကိုယ်တော်တိုင် တိုက်ခိုက်လိမ့်မည် ဟူသည်ကို ကရာနီကပ်တိုင်သည် သက်သေပြခဲ့သည်။ ခရစ်တော်သည် ကပ်တိုင်တွင် စာတန်အား အနိုင်ယူကာ ဖျက်ဆီး ခဲ့ပြီး ထာဝရအသက်ကို ပေးခဲ့၏ *(ယော ၅:၂၄။ ဟေဗြဲ ၂:၁၄။ ဗျာ ၁၂:၁၀၊ ၁၁)*။ ထာဝရဘုရားသည် ဣသရေလဘက်မှ တိုက်တော်မူသည်ကို သိရှိကြသည် *(ထွက် ၁၄:၂၅)*။

မောရှေထံသို့ ထာဝရဘုရား၏ အမိန့်တော်သည် ပြတ်သားစွာ “ရှေ့ဆက်သွားပါ” ဟူ၏။ သူ၏အစီအစဉ်တို့ကို တစ်လှမ်းပြီးတစ်လှမ်း လုပ်ဆောင် သွား၏။ (၁) ထာဝရဘုရား၏ ကောင်းကင်တမန်နှင့် မိုးတိမ်တိုင်တို့သည် ဣသရေလတို့၏ တပ်စခန်း၏ ရှေ့မှ ရွှေ့လျား၍ သူတို့၏နောက်တွင် နေရာယူခြင်းဖြင့် အီဂျစ်စစ်တပ်ကြီး၏ရန်မှ ကာကွယ်ပေး၏။ (၂) မောရှေသည် သူ၏လက်ကို ယုံကြည်ခြင်းဖြင့် ပင်လယ် ပေါ်သို့ ဆန့်တန်းရမည်။ (၃) ထာဝရဘုရားသည် လေပြင်းစေလွှတ်၍ ပင်လယ်ရေကိုခမ်းခြောက်စေခြင်းဖြင့် နှစ်ခြမ်းခွဲပေးသည်။ (၄) အဖြေမှာ ဣသရေလတို့သည် ခြောက်သွေ့သောမြေပေါ်တွင် ပင်လယ်တစ်ဘက်ကမ်းသို့ လုံခြုံစွာကူးသွားကြရ၏။ ထာဝရဘုရားသည် သူ၏လူတို့ဘက်မှ သဘာဝထက် လွန် ကဲသောအရာတို့ကို ပြုလုပ်နေသည်ကို မမြင်ကြပါ။ ထွက် ၁၄:၂၅ တွင် သူတို့၏ ဝန်ချခြင်း သည် နောက်ကျပြီးဖြစ်သည်ကို မသိကြပါ။

## မောရှေနှင့် မိရိအံတို့၏သီချင်း

အီဂျစ်စစ်တပ်မတော်ကြီး လုံးလုံးပျက်စီး၍ ဖါရောအပါ တစ်ဦးတစ်ယောက် မျှ မကျန်ပါ *(ထွက် ၁၃၆း၁၅)*။ အီဂျစ်တပ်မတော်ကြီး အငိုက်မိသွားသည် ဖြစ်ရာ ထာဝရဘုရား၏ လူတို့သည် လုံးဝအောင်မြင်ခြင်းရရှိ ခဲ့ကြသည်။ သူတို့၏ရာဇဝင် တစ်လျှောက်တွင် ယနေ့၌ပင် ဂျူးတို့သည် ဤရာဇဝင်ကို အောက်မေ့ကြသည်။

**ဖတ်ပါ – ထွက် ၁၅း၁ – ၂၁။ မောရှေ၏ သီချင်းတွင် မည်သည်များ ပါရှိသနည်း။**

ဤသီချင်းသည် အင်အားအလွန်ကြီးမား၍ သူ့လူတို့အား ပုန်ကန်လာသော ရန်သူတို့ကို ရှင်းရှင်း ဖျက်ဆီးနိုင်သော စစ်သည်တော်ဘုရားသခင်အား ချီးမွမ်းသီချင်း ဖြစ်သည်။ ဤသီချင်းတွင် မောရှေသည် ထာဝရဘုရားသည် သူ၏ဘုရား၊ ခွန်အား၊ သီချင်းနှင့် ကယ်တင်ခြင်း ဖြစ်သည်ဆို၏။ အဘယ်သူနှင့်မျှ မတူသော "သန့်ရှင်းခြင်းအားဖြင့် ဘုန်းကြီးတော်မူထသော ချီးမွမ်းခြင်းကိုခံစဉ်တွင် ကြောက်မက်ဘွယ်ဖြစ်တော်မူထသော ကိုယ်တော်နှင့် အဘယ်ဘုရား တူပါသနည်း" *(ထွက် ၁၅း၁၁)* ဟု သီဆို၏။

မောရှေ၏ သီချင်းတို့သည် ထာဝရဘုရားအကြောင်း မည်သူဖြစ်၍ မည်သို့ ပြုပေးသည်အကြောင်း ဖြစ်၏။ ဘုရားသခင်သည် ဘုန်းတော်ပြည့်စုံခြင်း၊ ထောမနာပြုခြင်းနှင့် လေးမြတ်ခြင်းတို့ကို ပိုင်ဆိုင်၍လုပ်ငန်းတွင် ထူးချွန်သည်။ ကျေးဇူးသိတတ်ခြင်းနှင့် ဝတ်ပြုခြင်းတို့သည် ထာဝရဘုရား၏ ကောင်းမှုကြောင့် သဘာဝရလဒ်ဖြစ်၏။ သူ၏ မေတ္တာတော်အား တန်ဘိုးထားတတ်ခြင်းသည် တန်ဘိုးရှိသောဝိညာဉ်အသက်တာ၏ ရှေ့ပြေးလက္ခဏာဖြစ်သည်။ တည်မြဲသော ထာဝရဘုရား၏မေတ္တာတော်သည် ရွေးနုတ်ခံသောသူတို့အား လမ်းပြခြင်း၊ သန့်ရှင်းသောအရပ်သို့ ခေါ်ဆောင်ခြင်း ပြုသည် ဟု ထင်ရှားသည်။

ထာဝရဘုရားသည် မိမိကိန်းဝပ်ရာဖို့ ဖန်ဆင်းတော်မူသော အရပ်ဖြစ်သော ကိုယ်တော်၏ အမွေခံရာ တောင်တွင် သူတို့ကို ကိုယ်တော်သွင်းတော်မူလိမ့်မည် *(ထွက် ၁၅း၁၇)*။ ထိုအရာအားလုံးတို့သည် ဇိအုန်တည်းဟူသော ယေရုရှလင်မြို့ရှိ ဗိမာန်တော်အား ရည်ညွှန်း၏။ ဗျာ ၁၅း၂ – ၄ တွင် ရွေးနုတ်ခံသူတို့သည် မောရှေနှင့်သိုးသူငယ်တို့၏ သီချင်းကို ဆိုကြ၏။ ထာဝရဘုရား၏ အံ့ဘွယ်လုပ်ရပ်များ တရားမျှတစွာ စီရင်ခြင်းများနှင့် ဖြောင့်မတ်စွာနှင့် သန့်ရှင်းစွာ ပြုခြင်းတို့ကြောင့် ကောင်းကင်တွင် ချီးမွမ်းသံ ကြားရမည်ကို စဉ်စားမိသလား။

သီချင်း၏ နောက်ဆုံးအပိုဒ်တွင် "လူမျိုးအပေါင်းတို့သည်လာ၍ ရှေ့တော်၌ ကိုးကွယ်ကြပါလိမ့်မည်။ တရားသဖြင့်စီရင်ခြင်းတို့သည်ထင်ရှားလှ၏" ဟူ၏။ နှစ်ပေါင်းထောင်ချီဆိုးသွမ်းခြင်းနှင့် ညှင်းဆဲခြင်းတို့သည် ဒဏ်ခတ်ခြင်း မရှိခဲ့သဖြင့် ဘုရားသခင်မှ တရားစီရင်သောအခါ ရွေးနုတ်ခံသော ထိုလူမျိုးတို့သည် ချီးမွမ်းကြလိမ့်မည်။

**မောရှေလကန့်ဆိုသူသည် ထာဝရဘုရား ဖြောင့်မတ်သည်ရှိသော် နောင်ဘဝရှိပါလိမ့်မည်ဟု ပြောဆိုသည်။ ထိုအဆိုသည် မှန်ကန်နိုင်မည်လား။ ကြာမြင့်စွာမရှိခဲ့သော ဖြောင့်မတ်ခြင်းသည် တနေ့နေ့ပြန် ရောက်လာလိမ့်မည်ဟု သင်ယုံကြည်သလား။ ထိုဖြော်လင့်ခြင်းမှ မည်သည့်နှစ်သိမ့်မှု ရရှိနိုင်မည်နည်း။**

**ထပ်မံစဉ်းစားရန်။** အီးဂျီဝှိုက်။ ရှေးဘိုးဘေးများနှင့် ပုရောဖက်များ။ "ထွက်မြောက်ခြင်း" စာ၊ ၂၈၁ – ၂၉၀။

ဣသရေလတို့သည် ယုံကြည်ခြင်းနည်းကြသော်လည်း ဘုရားသည် သူတို့အတွက် ဖြစ်သည်။ နေပုံထိုင်ပုံကို လမ်းပြသွန်သင်ကာ ရွေးချယ်သော လူမျိုးအဖြစ်နေတတ်စေလို၏။ ဘုရားသခင်သည် သူတို့အား စိတ်ရှည်စွာလမ်းပြကာ စိန်ခေါ်မှု အနည်းဆုံးနေရာသို့ ခေါ်ဆောင်သွားသည်။ အီးဂျီဝှိုက်မှ "ဣသရေလတို့သည် ဘုရားအား သိကျွမ်းခြင်းနှင့် ယုံကြည်ခြင်းနည်းပါးသောကြောင့် ကြောက်လန့်၍ စိတ်ဓာတ်ကျဆင်းကြ၏။ လက်နက်ဗလာဖြစ်ရုံမက စစ်ပွဲနှင့်မရင်းနှီးကြပါ။ ကျွန်ဘ၀တွင် တာရှည်စွာ နေထိုင်ရသဖြင့် ဇနီးသားသမီးများနှင့် တိရစ္ဆာန်များဖြင့် ဝန်ပိနေကြ၏။ ပင်လယ်နီလမ်းကြောင်းမှ ခေါ်ဆောင်ခြင်းဖြင့် ထာဝရဘုရားသည် ကရုဏာ ပြရင်း တရားပါစီရင်သည်ကိုပြသလိုက်သည်" အီးဂျီဝှိုက်။ ရှေးဘိုးဘေးများနှင့်ပုရောဖက် များ။ စာ။ ၂၈၂။

မောရှေ၏သီချင်းနှင့် ပတ်သက်၍ အန်ဒရူးကျမ်းစာရှင်းလင်းစာတွင် "ဘုရားသခင်၏ ရွေးနုတ်ခြင်း၏ သေချာတိကျခြင်းသည် အနာဂတ်တွင် ကျွန်ုပ်တို့အတွက် မည်သို့မျှကြောက်စရာမရှိတော့ကြောင်း ကတိပင် ဖြစ်သည်။ နောက်ဆုံး စာတန်သည် ခါနန်ကိုသိမ်းပိုက်ရာတွင် ရင်ဆိုင်ရမည့် ရန်သူများကို ဆိုလိုသည်။ ထာဝရဘုရား၏ အနန္တတန်ခိုးလက်တော်တို့သည် ကျောက်ဆောင်ကဲ့သို့ ငြိမ်သက်နေလိမ့်မည်။ ထိုသို့သော မဖြစ်နိုင်လောက်သောအရာတို့ကို ရင်ဆိုင်ရသောအခါ ချောင်ပိတ်ခံရ၍ မလှုပ်သာ သောအခါ "မောရှေ၏ သီချင်း" မှ အာမခံချက် ရရှိနိုင်ပါသည်။ ထာဝရဘုရား လူတို့၏ ရာဇဝင်တွင် ထိုသို့ပြုသော အမှုများမှတ်တမ်း တင်ထားပါသည်။" အန်ဒရူး ကျမ်းစာရှင်းလင်းစာ။ (၂၀၂၀) စာ၊ ၂၁၄။

**ဆွေးနွေးရန်မေးခွန်းများ –**

**၁** **အီဂျစ်ပြည်မှ ဣသရေလတို့၏ လွတ်မြောက်ပြီးချိန်ကဲ့သို့ မိမိကိုယ်ကို ခံစားတတ်ကြသော်လည်း ပင်လယ်နီမတိုင်မီကဲ့သို့ မည်သူမျှ မခံစားတတ်ကြပါ။ ဘုရားသခင်၏ ကောင်းမြတ်ခြင်းကို သက်သေများစွာ ပြသနိုင်သော်လည်း အဘယ်ကြောင့် ယုံကြည်ခြင်း နည်းနိုင်ကြသနည်း။**

**၂** **သားဦးကွပ်မျက်ခြင်းအပါအဝင် ကပ်ဘေးအားလုံး ကျရောက်အပြီးတွင် အဘယ်ကြောင့် နှလုံး ပြန်ခိုင်မာစေကာ ဣသရေလတို့နောက်မှ ပြန်လိုက်ရသနည်း။ အပြစ်ကြောင့် စိတ်နှလုံးခိုင်မာတတ်ခြင်းသည် မည်မျှပင် အန္တရယ်များနိုင်သနည်း။**

**၃** **ကျွန်ုပ်တို့သည် အချိန်နှင့်အမျှ ဒုက္ခဆင်းရဲခံနေရသော်လည်း များစွာတို့သည် နေ့ကောင်း အချိန်ကောင်း များစွာရရှိ၍ အဆိုးမခံစားရသောအခါ ရှိတတ်သည်။ ကျွန်ုပ်တို့သည် 'ရန်သူနယ်မြေ' တွင်နေထိုင်ရသည်ကို သိရှိသဖြင့် ဘုရားသခင်၏ ကျေးဇူးတော်သက်သက်ပင် ဖြစ်သည်ကို အဘယ်ကြောင့် ထင်မြင်ရသနည်း။ အချိန်ကောင်းအခါကောင်း ရရှိချိန်သည် မည်သည့်ဘေးဒုက္ခမှ ကယ်မခဲ့သည်ကို မသိရကြောင်း အဘယ်ကြောင့် ထာဝရဘုရားအားချီးမွမ်းသင့်သနည်း။**

## အထူးတာဝန်၊ ဆေးရုံ

Andrew McChesney မှရေးသားသည်

ဂျာမနီတွင်နေထိုင်သော ရုရှားသာသနာပြု ဒီမစ်ထရီ ဘာဂယ်သည် ကင်ဆာရောဂါ ကုသမှု ခံယူနေစဉ် ဆေးရုံတစ်ခုသည် မမျှော်လင့်ထားသော သာသနာပြုနယ်မြေတစ်ခုဖြစ်လာ ကြောင်းတွေ့ရှိခဲ့၏။ နောက်ဆုံးတွင် သူ၏အကျိတ်သုံးခုသည် အန္တရာယ်မရှိသော အကျိတ်များဖြစ်ကြောင်း သိရှိခဲ့၏။ သူသည် ဘဝအလွှာပေါင်းစုံမှ လူများ—အထူးသဖြင့် လောကီစိတ်ရှိသူများ၊ ခရစ်ယာန်ဘာသာနောက်ခံမရှိသူများ—ဘုရားသခင် နှင့်ပတ်သက်၍ ခက်ခဲသော မေးခွန်းများဖြင့် ရုန်းကန်နေရသည့်သူများကို တွေ့မြင်ခဲ့သည်။

လူနာတစ်ဦးသည် မြူးနစ်ဆေးရုံတွင် ဓာတုကုထုံးခြောက်ကြိမ်ခံယူပြီး ခွဲစိတ်ကုသမှု ပြုလုပ်ခဲ့သော်လည်း၊ ခြောက်ပတ်အကြာတွင် ကင်ဆာပြန်လည်ဖြစ်လာသောအခါ၊ ဆရာဝန် က အနာကို ထပ်မံခွဲထုတ်ရန် အဓိပ္ပာယ်မရှိဟု ဆို၏။ ထိုလူသည် ရှင်းလင်းစွာ မတွေးတောနိုင်ဘဲ သူ၏ဇနီးကိုပင် မမှတ်မိပေ။ ဇနီး၏တစ်ခုတည်းသောဆန္ဒမှာ သက်သာစေရေး ဌာနတွင် ခင်ပွန်း၏ နောက်ဆုံး နေ့ရက်များအတွင်း သူနှင့်အတူရှိနေရန်ဖြစ်၏။ သင့်လျော်သော အချိန်တစ်ခုတွင်၊ ဒီမီထရီသည် ဇနီးအား ဘုရားသခင်နှင့် ဆင်းရဲဒုက္ခနှင့် ပတ်သက်သော စာအုပ် ငယ်တစ်အုပ်ပေးခဲ့ပြီး၊ ထိုစုံတွဲနှင့်အတူ ဆုတောင်းပေးခဲ့သည်။

နောက်နေ့၌ ဒီမီထရီသည် အဆိုပါအမျိုးသမီးအား The Great Controversy နှင့် The Desire of Ages စာအုပ်များကိုပေး၏။ ဤစာအုပ်များသည် သူနှင့်အခြားသူများစွာအတွက် သက်သာမှုများစွာပေးခဲ့သည်ဟုဆို၏။ အမျိုးသမီးသည် ၎င်းစာအုပ်များကို အခမဲ့မယူ လိုပေ။ သူမ၏ အိတ်ထဲမှ ပိုက်ဆံအားလုံးဖြစ်သည့် ၁၄ ယူရို (U.S.$15) ပေးခဲ့၏။ ဒီမီထရီသည် ၎င်းတို့နှစ်ဦး ဤကမ္ဘာပေါ်တွင် မတွေ့ဆုံခဲ့လျှင်ပင် ကမ္ဘာသစ်၌ပြန်လည်တွေ့ဆုံကြလိမ့်မည်ဟု ယုံကြည် သည်။

ဘာမှန်းမသိရောဂါဖြင့် ဆေးရုံတက်နေရသော လူငယ်တစ်ဦးနှင့် ဒီမီထရီတွေ့ဆုံခဲ့သည်။ ထိုလူငယ်သည် အီရန်နိုင်ငံမှဖြစ်ပြီး၊ ဗြိတိန်တွင် ပညာသင်ကြားမှုကို စွန့်လွှတ်ကာ ကုသမှုခံယူရန် ဂျာမနီသို့ လေယာဉ်ဖြင့်ရောက်ရှိလာသည်။ ဆရာဝန်များသည် သူ၏ရောဂါကို မရှာဖွေနိုင်ခဲ့ပေ။ သူသည် လမ်းမလျှောက်နိုင်၊ ဒီမီထရီသည်နေ့စဉ်နီးပါး သူ့ကို ဘီးတပ်ကုလားထိုင်ဖြင့် ဆေးရုံဝင်းအတွင်းတွန်းပို့ပေးခဲ့သည်။ သူသည် ခရစ်ယာန်ဘာသာ နောက်ခံဖြင့် မကြီးပြင်းခဲ့သော်လည်း၊ ဒီမီထရီအား သူကိုယ်စား ယေရှုထံ ဆုတောင်းခွင့်ပြုခဲ့ပြီး၊ နေ့စဉ်ဆုတောင်းပေးခဲ့ရာ၊ ထိုလူငယ်သည် ပြန်လည်သန်စွမ်းလာ၏။ မကြာမီတွင် သူသည် အကူအညီဖြင့် မတ်တပ်ရပ်နိုင်၍ လမ်းလျှောက်နိုင်ခဲ့၏။ ၎င်းတို့နှစ်ဦးသည် ဂျာမန်ဘာသာဖြင့် စကားပြောဆိုခဲ့ကြသော်လည်း၊ ထိုလူငယ်သည် ဗြိတိန်တွင် ပညာသင်ကြားခဲ့ဖူးသဖြင့်၊ သူ့အား "မဟာတိုက်လှန်ပွဲ" ၏ အင်္ဂလိပ်ဘာသာ စာအုပ်ပေးခဲ့သည်။ "သင်သည် သစ္စာရှိသော ကြိုးပမ်းမှု၏ရလဒ်ကို မသိနိုင်၊ တိုင်းတာနိုင်မည် မဟုတ်ကြောင်း သတိရပါ" (အီဂျီဝိုက်၊ *Colporteur Ministry*၊ စာမျက်နှာ ၁၁၄) ဟူသော စကားများကိုတန်ဖိုးထားခဲ့သည်။

ဆေးရုံတွင် နှစ်ပတ်အတွင်း၊ ဒီမီထရီသည် မဟာတိုက်လှန်ပွဲ စာအုပ် ၂၀ အုပ်နှင့် အခြား စာအုပ်များကိုပေးဝေခဲ့သည်။ စာအုပ်ဒေါင်းလုဒ်လုပ်ရန် QR ကုဒ်ပါသော လုပ်ငန်းကတ်များစွာကိုဖြန့်ဝေခဲ့ပြီး၊ ဆေးရုံ၏အများသူငှာ စာအုပ်စင်များပေါ်တွင် စာအုပ် ၁၀ အုပ်ခန့် ထားရှိခဲ့၏။

"မျိုးစေ့များစွာကို ကြဲချခဲ့ပြီး၊ ၎င်းတို့သည် အကျိုးဖြစ်ထွန်းစေမည်ဟု ငါဆုတောင်းသည်" ဟု သူကပြော၏။ "ငါတို့သည်ဘုရားသခင်၏လမ်းညွှန်မှုအောက်တွင် အလုပ်လုပ်ကြပြီး ရလဒ်များကို သူ့ထံ အပ်နှံထားသည်။"

---

ဤဘာဝတစ်ကျော့ပုံပြင်သည် မြော်လင့်ခြင်းအသင်းတော်၏ 'ငါသွားမည်' မဟာဗျူဟာအစီအစဉ်၏ သာသနာ့ရည်မှန်းချက် နံပါတ် ၂ ကို သရုပ်ပြ၏။ ၎င်းမှာ 'ထိရောက်မှုမရှိသေးသော (သို့) လှမ်းမမီနိုင်သေးသော လူအုပ်စုများနှင့် ခရစ်ယာန်မဟုတ်သော ဘာသာများအကြား မြော်လင့်ခြင်းသာသနာပြုလုပ်ငန်းကို အားဖြည့်ရန်နှင့် ကွဲပြားမှုဖြစ်စေရန်' ဖြစ်၏။ ပိုမိုသိရှိလိုပါက IWillGo.org တွင်ဖတ်ရှုပါ။

## အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်

**အဓိကကျမ်းချက်။** ထွက်မြောက်ရာကျမ်း ၁၄း၁၃၊ ၁၄၊ ၃၀၊ ၃၁

**လေ့လာမှုဦးတည်ချက်။** ထွက်မြောက်ရာကျမ်း ၁၂း၃၁ – ၁၅း၂၁

**နိဒါန်း။** ဘုရားသခင်၏လူမျိုးတို့၏သမိုင်းတွင်၊ အီဂျစ်မှ ထွက်မြောက်ခြင်းသည် ဓမ္မဟောင်းကျမ်းတွင် အထူးခြားဆုံးသော ဇာတ်လမ်းဖြစ်ပြီး၊ ဘုရားသခင်သည် အံ့ဖွယ်နိမိတ်များဖြင့် ဝင်ရောက်စွက်ဖက်တော်မူခဲ့သည်။ ပသခါသိုးသငယ်ကို စားသုံးပြီးနောက်၊ ဣသရေလလူများသည် အီဂျစ်မှထွက်ခွာရန် အသင့်ဖြစ်ခဲ့၏။ ဖာရိုသည် နောက်ဆုံးတွင် ခွင့်ပြုချက်ပေးလိုက်ရသည်။ ကြီးစွာသောဒုက္ခခံပြီးနောက် သူသည် မောရှေနှင့် အာရုန်အား သူတို့၏ဘုရားသခင်ကို ကိုးကွယ်ဖို့ သွားရန် အမိန့်ပေးခဲ့သည်။ အမျိုးသားများ၊ အမျိုးသမီးများ၊ ကလေးများ အပြင် ၎င်းတို့၏သိုးစုနှင့် နွားစုများ အားလုံးပါဝင်သည်။ ယခင်က မောရှေသည် ဣသရေလလူများအား မိသားစုဝင်အားလုံးနှင့် ၎င်းတို့၏တိရစ္ဆာန်များမပါဘဲ ထွက်ခွာရန် ခွင့်မရပါက ထွက်မသွားဟု မှန်မှန်ကန်ကန် ငြင်းဆိုခဲ့သည်။ ထို့အပြင်၊ ဘုရားသခင်သည် သူ၏လူများအတွက် အနာဂတ်ကို ပြင်ဆင်ပေးတော်မူ၏။ ၎င်းတို့သည် အီဂျစ်မှ လက်ဗလာဖြင့် ထွက်ခွာခဲ့ခြင်းမဟုတ်ပေ။

အီဂျစ်လူမျိုးများသည် ဣသရေလလူမျိုးများအား နိုင်ငံမှထွက်ခွာရန် တောင်းပန် နေစဉ်မှာပင်၊ ၎င်းတို့တောင်းဆိုသမျှပစ္စည်းများ—ငွေ၊ ရွှေ၊ အဝတ်အထည်များကို ပေးအပ်ခဲ့ပြီး၊ မောရှေ ညွှန်ကြားထားသည့်အတိုင်း ပြုလုပ်ခဲ့သည်။ ဤဥစ္စာများသည် မတရားစွာ ဖယ်ထုတ်ခံခဲ့ရသော လုပ်ခများအတွက် လျော်ကြေးငွေများဖြစ်၏။ နောက်ပိုင်းတွင်၊ ဣသရေလလူမျိုးများသည် ဤလက်ဆောင်များကို မည်သို့အသုံးပြုမည်ကို ရွေးချယ်ရမည် ဖြစ်သည်—တဲတော်ဆောက်လုပ်ရန် အတွက် အထည်များ၊ တန်ဖိုးရှိသော အဆင်တန်ဆာများ၊ ရွှေ၊ ငွေ၊ နှင့် အခြားသတ္တုများကို ပေးလှူရန် (ထွက် ၂၅း၁ – ၇) သို့မဟုတ် ရွှေနွားသငယ်ရုပ်တုကို ဖန်တီးရန်အတွက် ရွှေလက်ဝတ် ရတနာများကို အာရုန်ထံပေးရန် (ထွက် ၃၂း၁၊ ၂) ဖြစ်၏။

အမှန်တကယ် "ထွက်သွားခြင်း" ဆိုသည့်အကြောင်းအရာသည် သမိုင်း၏အစတွင် (ထွက် ၁၂း၃၇ – ၄၁)၊ လမ်းခရီး(အလယ်)တွင် (ထွက် ၁၃း၂၁၊ ၂၂)၊ နှင့် ၎င်း၏နိဂုံးတွင် အလေးပေးဖော်ပြထားပြီး၊ "ထာဝရဘုရားသည် ဣသရေလကို ကယ်တင်တော်မူသည်" (ထွက် ၁၄း၃၀၊ ၃၁) ဟု မီးမောင်းထိုးပြထားသည်။

## အပိုင်း ၂။ အနက်ဖွင့်ကျမ်း

### သမိုင်းနောက်ခံ

ထွက်မြောက်ရာကျမ်း ၁၂ ၏ သမိုင်းနောက်ခံကို နားလည်ရန်အတွက် အောက်ပါ အချက်နှစ်ချက်ကို စဉ်းစားပါ။

က။ အီဂျစ်တွင် ၄၃၀ နှစ်ကြာ နေထိုင်ပြီးနောက်၊ ဣသရေလသည် ယခု ကတိထားရာ ပြည်သို့ ခရီးသွားရန် လွတ်လပ်ရေးရရှိခဲ့သည်။ ထွက်မြောက်ရာ ၁၂း၄၁ တွင် ဟေဗြဲစကား လုံး "ဝါယဟိ" ဟူသော "ဖြစ်ပျက်ခဲ့သည်" "ဖြစ်ခဲ့သည်" ဟူသော စကားလုံး နှစ်ကြိမ် ထပ်မံ ပါဝင်မှုကြောင့်၊ ကျမ်းချက်သည် "အမှန်ပင်၊ ထွက်သွားသည့်နေ့အတိအကျအထိ" ဟူ သော ဤကာလကို အလေးပေးဖော်ပြထားသည်။ ဦးစွာ၊ အီဂျစ်တွင် ယောသပ်တစ်ဦး တည်းသာရှိခဲ့၏။ ထို့နောက် ယာကုပ်၏မိသားစုတစ်ခုလုံး ရောက်ရှိလာခဲ့သည်။ အစပိုင်း တွင် ၇၀ (ထွက် ၁း၅) သာရှိခဲ့သော်လည်း၊ ယခုမူ ၎င်းတို့သည် "အမျိုးသမီးများနှင့် ကလေး များမပါ ခြေလျင်လျှောက်သော အမျိုးသားခြောက်သိန်းခန့်" (ထွက် ၁၂း၃၇ နှင့် ထွက် ၃၈း၂၆ နှိုင်းယှဉ်ပါ) ဖြစ်လာသည်။ ဆိုလိုသည်မှာ လူဦးရေနှစ်သန်းခန့်ရှိသော အုပ်စုတစ်စု သည် အီဂျစ်မှ ချီတက်ထွက်ခွာလာခဲ့သည်။ မောရှေသည် ဖာရိုဘုရင်နန်းတော်တွင် နေထိုင်စဉ် စစ်ရေးဗျူဟာများကို သင်ယူခဲ့ဖူးသည်နှင့်အမျှ၊ ဤမျှလောက်များပြားသော လူအုပ်ကို စည်းရုံးဖွဲ့စည်းနည်းကို သိရှိခဲ့သည်။ ကျမ်းစာတွင် ၎င်းတို့သည် "ဣသရေလ အမျိုးသား ဗိုလ်ခြေတို့ကို အဲဂုတ္တုပြည်မှ ဆောင်သွားတော်မူ" သည် (ထွက် ၁၂း၅၁ ကို ထွက် ၆း၂၆၊ ထွက် ၇း၄၊ ထွက် ၁၂း၁၇၊ ၄၁ နှင့် နှိုင်းယှဉ်ပါ) ဟု ဖော်ပြထားပြီး၊ ၎င်းသည် "စစ်တပ်" ယူနစ်များ သို့မဟုတ် တပ်ရင်းများအဖြစ် ဖြစ်သည်။ ထွက်မြောက်ခြင်းသည် ကောင်းစွာစီစဉ်ဖွဲ့စည်း ထားသည်။ သို့သော် ခရီးသွားအုပ်စုသည် ၎င်း၏ "အားနည်းဆုံး" အဖွဲ့ဝင်များဖြစ်သော ကလေးများ၊ သက်ကြီးရွယ်အိုများ၊ သိုးစုနှင့် နွားစုများ၏ အမြန်နှုန်း အတိုင်းသာ ခရီးသွားနိုင်သည်ကို သတိရရန် လိုသည်။

ခ။ ထွက်မြောက်ခြင်းသည် ရှေးရိုးစွဲ ဓမ္မပညာရှင်များ၏ အကောင်းဆုံးတွက်ချက်မှု အရ ဘီစီ ၁၄၅၀ ခုနှစ် မတ်လတွင် ဖြစ်ပျက်ခဲ့ဖွယ်ရှိ၏။ ဆိုလိုသည်မှာ ၄၃၀ နှစ်မှ နောက်ပြန် ရေတွက်လျှင် ဘီစီ ၁၈၈၀ ခုနှစ်သို့ ပြန်လည်ရောက်ရှိစေသည်။ ဤကာလကို မည်သို့ နား လည်ရမည်နည်း။ ရှေးရိုးစွဲ ဓမ္မပညာရှင်များအကြား အမြင်နှစ်မျိုးရှိ၏။ (၁) ယောသပ်မှ ထွက်မြောက်ခြင်းအထိ ၄၃၀ နှစ်၊ (၂) အာဗြဟံမှ ထွက်မြောက်ခြင်းအထိ ၄၃၀ နှစ် ဟူ၍ဖြစ် သည်။ (အီဂျစ်တွင် ကြာရှည်နေထိုင်ခြင်း သို့မဟုတ် တိုတောင်းနေထိုင်ခြင်းဆိုင်ရာ အဓိက အမြင်နှစ်ခုနှင့်ပတ်သက်သော ဆွေးနွေးချက်အတွက် [ဟေဗြဲ မာဆိုရက်စာသားအရ "အီဂျစ်ပြည်၌သာ" သို့မဟုတ် ရှမာရိတန်ကျမ်းနှင့် ဂရိဘာသာပြန် ဆယ်ပ်တူဂျင့်အရ "အီဂျစ်ပြည်နှင့် ခါနာန်ပြည်" နှစ်ခုစလုံး] နှင့် အီဂျစ်တွင် တိုတောင်းစွာနေထိုင်ခြင်းကို နှစ် သက်သည့် သက်သေအထောက်အထားများအတွက်၊ The SDA Bible Commentary၊ အတွဲ ၁၊ စာမျက်နှာ ၁၈၃ - ၁၈၇၊ ၃၁၃ - ၃၁၅၊ ၅၅၇ ကို ရှုပါ။)

## ထာဝရဘုရားသည် သင်တို့အတွက် တိုက်ခိုက်ပေးမည်။ ငြိမ်ဝပ်စွာနေ ကြလော့။

ဣသရေလလူမျိုးများသည် ပထဝီဝင်အရ ပိတ်ဆို့ခံထားရသည်။ ၎င်းတို့ရှေ့တွင် ပင်လယ်နီရှိ၏။ တစ်ဖက်တွင် တောင်များရှိပြီး၊ ၎င်းတို့နောက်တွင် ဖာရိုဘုရင်၏ ကောင်းစွာ

လေ့ကျင့်ထားပြီး အင်အားကြီးမားသော စစ်တပ်ရှိသည် (အသေးစိတ်အချက် အလက်များ အတွက် အဲလင်ဂျီ ဝိုက်၊ "ထွက်မြောက်ခြင်း"၊ စာမျက်နှာ ၂၈၄၊ ၂၈၇၊ *Patriarchs and Prophets* တွင်ရှုပါ)။ ဤအခြေအနေမှ၊ လူသားအမြင်အရ ထွက်ပြေးလွတ်မြောက်ရန် မဖြစ်နိုင်ပေ။ လူများသည် အလွန်ကြောက်ရွံ့ခဲ့ကြ၏။ ထို့ကြောင့် ဘုရားသခင်သည် မောရှေ မှတစ်ဆင့် ၎င်းတို့အား "မောရှေကလည်း မစိုးရိမ်ကြနှင့်။ [ထာဝရဘုရားကို ယုံကြည်ခြင်း ဖြင့်] ငြိမ်ဝပ်စွာရပ်နေကြ။ ထာဝရဘုရားသည်၊ ယနေ့ပြတော်မူသော ကယ်တင်ခြင်းကို ကြည့်ရှုကြလော့။" (ထွက် ၁၄း၁၃) ဟူသောစကားဖြင့် အားပေးခဲ့သည်မှာ အံ့သြစရာ မရှိပေ။ ငါတို့သည် သဘာဝအလျောက် ငြိမ်သက်နေရန်နှင့် ဘုရားသခင်၏ဝင်ရောက် စွက်ဖက်မှုကို စောင့်ဆိုင်းနည်းကို မသိကြပေ။ ငါတို့သည် တိုက်ခိုက်လိုကြသော်လည်း၊ ယင်းအစား ဘုရားသခင်ကို စောင့်ဆိုင်းရမည်၊ တိတ်ဆိတ်နေရမည်၊ သူ၏ကျေးဇူးတော်နှင့် တန်ခိုးတော်ဖြင့် ကောင်းစားရမည်။

လေထုထဲတွင် ကြီးမားသော တင်းမာမှုရှိနေသည်။ လူများက မည်သို့တုံ့ပြန်မည်နည်း။ ဖြစ်ရပ်များ၏စီးဆင်းမှုသည် ထူးခြား၏။ ဘုရားသခင်က ရှေ့သို့ချီတက်ရန် အမိန့်ပေးတော် မူသည်။ ဘုရားသခင်၏ မမြင်နိုင်သော ရှိနေမှုကို ကိုယ်စားပြုသည့် တိမ်တိုက်တိုင်သည် စစ်ကြောင်း၏ရှေ့မှ နောက်သို့ ပြောင်းရွှေ့သွားပြီး "အဲဂုတ္တုတပ်နှင့် ဣသရေလ တပ်စပ် ကြားသို့ ရောက်လျှင်" (ထွက် ၁၄း၂၀)။ မောရှေသည် သူ၏တောင်ဝှေးကို မြှောက်သည်။ အရှေ့လေသည် ရေကို ပိုင်းခြားကာ ခြောက်သွေ့သောမြေကို ဖြစ်ပေါ်စေသည်။ ဣသရေလ လူမျိုးများသည် ပင်လယ်၏ရေလမ်းကြောင်း အတွင်းမှ ချီတက်သွားကြသည်။ အီဂျစ် လူမျိုး များကၡင်းတို့ကို လိုက်လံဖမ်းဆီးရန် ကြိုးပမ်းသည်။ သို့သော် ထာဝရဘုရားသည် ဖာရို ဘုရင်၏တပ်များကို ရှုပ်ထွေးစေတော်မူပြီး၊ တပ်များအားလုံး ရေနစ်သေဆုံးသွားကြပြီး ဣသရေလလူမျိုးများသည် ပင်လယ်နီ၏ တစ်ဖက်ကမ်းတွင် လုံခြုံစွာရှိနေကြ၏။ သို့ဖြင့် ၎င်းတို့သည် ဘုရားသခင်၏ ကယ်တင်ခြင်းအောင်ပွဲကို အံ့ဖွယ်ကြုံတွေ့ခဲ့ကြသည်။

အီဂျစ်သည် ဘုရားသခင်ကို ဆန့်ကျင်ပြီး ပယ်ရှားသူများကို ကိုယ်စားပြုသည်။ အီဂျစ် လူမျိုးများသည် အကြောင်းအရာနှစ်ခုကြောင့် မအောင်မြင်ခဲ့ပေ။ (၁) ၎င်းတို့သည် အသက် ရှင်သောထာဝရဘုရားကို ခေါင်းမာစွာဆန့်ကျင်ခဲ့ခြင်း။ (၂) ၎င်းတို့သည် ဣသရေလလူမျိုး များကို ဖမ်းဆီးကာ ကျွန်ခံစေလို ခဲ့ကြ၏။ လောဘနှင့် အကြမ်းဖက်မှုသည် ၎င်းတို့ကို ပျက်စီးခြင်းသို့ ဦးတည်စေခဲ့သည်။ ကျေးဇူးတော်၊ လွတ်လပ်မှု၊ နှင့် ကယ်တင်ခြင်းပေးသော ထာဝရဘုရားကို အမှုထမ်းခြင်းနှင့်၊ မျက်စိစုံမှိတ်နာခံမှု၊ ကြောက်မက်ဖွယ်အမိန့်များ၊ ကျွန်ပြုမှုနှင့် နောက်ဆုံးတွင် သေခြင်းသို့ ဦးတည်စေသော ဖာရိုဘုရင်ကို အမှုထမ်းခြင်း တို့အကြား ကြီးမားသော ကွာခြားချက်ရှိသည်။

## ထာဝရဘုရားသည် ကယ်တင်တော်မူသည်

ထွက်မြောက်ရာကျမ်း၏ အလယ်ဗဟိုတွင် အရေးပါသောစကားစု "ထာဝရဘုရား သည် ထိုနေ့၌ ဣသရေလလူတို့ကို၊ အဲဂုတ္တုလူတို့လက်မှ ကယ်လွှတ်တော်မူသဖြင့်၊"

(ထွက် ၁၄း၁၀) ၎င်းသည် ကျမ်းတစ်ခုလုံး၏ ဓမ္မဗေဒဆိုင်ရာ ဆွဲငင်အား၊ ဇာတ်ကွက် နှင့် စမ်းရေတွင်းဖြစ်သည်။ အကြောင်းမှာ အရာအားလုံးသည် ၎င်းဆီသို့ စီးဆင်းလာပြီး ၎င်းမှ ထွက်ပေါ်လာသောကြောင့်ဖြစ်သည်။ ဤဖြစ်ရပ် သည် ထွက်မြောက်ရာတွင် ဤဝါကျကို အသုံးပြုသည့်တစ်ခုတည်းသောအကြိမ်ဖြစ်သည်။ ကယ်တင်ခြင်းသည် ထာဝရဘုရားထံမှ လာသည်။ ဓမ္မဗေဒအရ အဓိပ္ပာယ်ပြည့်ဝသော ဟေဗြဲကြိယာ ယာရှာ သည် "ကယ်တင်သည်၊" "ထုတ်ယူသည်၊" "ရွေးနုတ်သည်" ဟူသော အဓိပ္ပာယ်ရှိပြီး၊ ယေရှု၏နာမတွင် (ဥပမာ၊ ယောရှုနှင့် ဟောရှာယ စသည့်နာမများတွင်လည်း) ပါဝင်သည်။ ၎င်းသည် "ထာဝရဘုရားသည် ကယ်တင်သည်" ဟူသော အဓိပ္ပာယ်ရှိသည် (မ ၁း၂၁ ကို ရှုပါ)။ ဘုရားသခင်သည် ဣသရေလလူမျိုးအားလုံးကို ကယ်တင်တော်မူခဲ့သည်။ တစ်ဦးတစ်ယောက်မျှ ပျောက်ဆုံးမသွားခဲ့ပေ။ ဆန့်ကျင်ဘက်အားဖြင့်၊ ဖာရိုဘုရင်၏တပ်မှ "တစ်ဦးတစ်ယောက်မျှ" "အသက်မရှင်ကျန်ခဲ့" (ထွက် ၁၄း၂၈)။ အားလုံးပင်လယ်နီတွင် သေဆုံးခဲ့ကြသည်။ ထာဝရဘုရား၏အောင်ပွဲသည် ခမ်းနားပြီး ပြည့်စုံခဲ့သည်။

ဣသရေလလူမျိုးများသည် တန်ခိုးကြီးသောကယ်တင်ခြင်းကို ထာဝရဘုရားကို ကြောက်ရွံ့ခြင်းနှင့် ယုံကြည်ခြင်းဖြင့် တုံ့ပြန်ခဲ့ကြသည် (ထွက် ၁၄း၃၁)။ ကျမ်းစာတွင် ဤအပြုသဘောဆောင်သော တုံ့ပြန်မှုသည် အီဂျစ်လူမျိုးများအပေါ် ထာဝရဘုရား၏ ကြီးမားသောတန်ခိုးကို မြင်တွေ့သောအခါ ဖြစ်ပေါ်ခဲ့သည်ဟု ဖော်ပြထားသည်။ ဖာရိုဘုရင်နှင့် သူ၏တပ်များ၏ ရည်မှန်းချက်မှာ ၎င်းတို့၏ဘုန်းတန်ခိုးကို ပြသရန် ဣသရေလ လူများစွာကို သတ်ဖြတ်ပစ်ရန်နှင့် ကျန်ရှိသူများကို ပြင်းထန်စွာ ထပ်မံကျွန်ပြုရန် ဖြစ်ကောင်းဖြစ်မည်။ သို့သော် ဘုရားသခင်၏ မေတ္တာနှင့်တရားမျှတသော ဝင်ရောက်စွက်ဖက်မှုကြောင့် ဤရလဒ်မဖြစ်ပေါ်ခဲ့ပေ။ ဣသရေလ၏တုံ့ပြန်မှုမှာ သီချင်းတစ်ပုဒ်ပုံစံဖြင့် ထုတ်ဖော်ပြသသော ချီးမွမ်းခြင်းများကို ပြုလုပ်ရန်ဖြစ်သည်။

## မောရှေနှင့် မိရိအံ၏ သီချင်းများ

ထွက်မြောက်ခြင်းအခွဲဖွယ်နိဂုံးတွင်၊ မောရှေသည် ဣသရေလလူမျိုးများအား ထာဝရဘုရားကို ပြီးပြည့်စုံသော ကဗျာဖြင့် ချီးမွမ်းရန် ညွှန်ကြားသည်။ ၎င်းသည် ကြွယ်ဝသော ပုံဖော်မှုများကို အသုံးပြုထားသည် (ဤလှုပ်ရှားမှု၏နောက်ခံကို ထွက် ၁၅း၁၉ တွင် ရှင်းပြထားသည်)။ မောရှေနှင့် မိရိအံ၏သီချင်းများသည် အောင်ပွဲနှင့် ကျေးဇူးတင်ခြင်း သီချင်းများဖြစ်သည်။ ထာဝရဘုရားကို တန်ခိုးကြီးသော စစ်သည်တော်အဖြစ် ဖော်ပြထား၏။ အဆုံးသတ်စကားစုမှာ "ထာဝရဘုရားသည် ကာလအစဉ်အမြဲ စိုးစံတော်မူစေသတည်း" (ထွက် ၁၅း၁၈) ဖြစ်ပြီး၊ သူသည် အလွန်မြင့်မြတ်သော ထာဝရဘုရင်ဖြစ်သောကြောင့်၊ မောရှေက သူသည် မိမိ၏ခွန်အား၊ သီချင်း၊ ကယ်တင်ခြင်း နှင့် ဘုရားသခင်ဖြစ်သည်ဟု ကြေငြာကာ၊ ထို့ကြောင့် သူ့ကို ချီးမွမ်းမြှောက်စားမည်ဟု ဆို၏ (ထွက် ၁၅း၁၊ ၂)။ သူသည် "သန့်ရှင်းခြင်းအားဖြင့် ဘုန်းကြီးတော်မူထသော၊ ချီးမွမ်းခြင်းကို ခံစဉ်တွင်၊ ကြောက်မက်ဖွယ်ဖြစ်တော်မူထသော၊ အံ့ဘွယ်သောအမှုတို့ကို ပြုတော်မူသော၊ ကိုယ်တော်နှင့် အဘယ်

ဘုရား တူပါသနည်း။” (ထွက် ၁၅း၁၁)။ မောရှေသည် ထာဝရဘုရားကို ဦးစွာပူဇော်ကာ ဂုဏ်တင်၏။ “ကိုယ်တော် တဘက်၌ ထသောသူတို့ကို၊ ဘုန်းတန်ခိုး အာနုဘော်တော်တို့ နှင့် လှဲတော်မူ၏” (ထွက် ၁၅း၇) ဟုဆိုပြီး ဆက်လက်ပြောသည်။ “ရွေးတော်မူသော လူမျိုး ကို ကရုဏာတော်အားဖြင့် ပို့ဆောင်တော်မူ၏။ သန့်ရှင်းသောနေတော်မူရာသို့ တန်ခိုး တော်အားဖြင့် လမ်းပြတော်မူ၏” (ထွက် ၁၅း၁၃)။ ထွက် ၁၅း၁၇ တွင် ရည်ညွှန်းထားသော ဤနေရာကို “သန့်ရှင်းရာဌာနတော်” ဟုခေါ်ပြီး၊ “အမွေခံတော်မူရာတောင်” တွင် တည်ရှိ သည်။ ဤကဗျာသည် ယေရုရှလင်မြို့ရှိ ဗိမာန်တော်ကို အာရုံစူးစိုက်ထားသော ပရောဖက် ကဗျာဖြစ်သည်။

ဤသီချင်းတွင် အကြောင်းအရာဆိုင်ရာ အပိုင်းခုနစ်ပိုင်းရှိသည်။ (၁) အငယ် ၁-၃၊ ထာဝရဘုရား၏ မြောက်စားခြင်း။ (၂) အငယ် ၄၊ ၅၊ ဖာရိုဘုရင်အပေါ် ထာဝရဘုရား၏ အောင်ပွဲ။ (၃) အငယ် ၆၊ ၇၊ ထာဝရဘုရား၏ တန်ခိုးကြီးမားသော ခမ်းနားမှု။ (၄) အငယ် ၈-၁၀၊ ထာဝရဘုရား၏ ဖန်တီးမှုတန်ခိုးနှင့် တရားစီရင်မှု။ (၅) အငယ် ၁၁၊ ထာဝရဘုရား၏ ထူးခြားမှု။ (၆) အငယ် ၁၂-၁၆ခ၊ ထာဝရဘုရား၏ မေတ္တာနှင့် ရန်သူများမှ ရွေးနှုတ်ခြင်း။ (၇) အငယ် ၁၆ခ-၁၈၊ ထာဝရဘုရားသည် ဘုရင်ဖြစ်ပြီး သူ၏လူမျိုးအား ကတိထားရာ ပြည်၌ အနားယူခွင့်ပေးသည်။ ထွက်မြောက်ရာ ၁၅း၆၊ ၁၁၊ နှင့် ၁၆ တွင် အလေးပေးရန် အတွက် စကားစုနှစ်ခုကို အမြဲထပ်လောင်းဖော်ပြထားသည်။ ဤကဗျာသည် ကမ္ဘာဦးကျမ်း ၁ နှင့် ၂ ၏ ဖန်ဆင်းခြင်းအကြောင်းအရာကို ပဲ့တင်ထပ်ပြီး၊ ဘုရားသခင်၏လူမျိုး အတွက် အသစ်ကပြန်စတင်ခြင်းတစ်ခုဖြစ်သည့် ဣသရေလလူမျိုး၏ လွတ်မြောက်သောနိုင်ငံကို ဖန်တီးခြင်းကို အမှတ်အသားပြုသည်။ မိရိအံသည် ပရောဖက်အဖြစ် မှတ်ယူခံရ၏။ သူမ၏ သီချင်းအတို (ထွက် ၁၅း၂၁) သည်မောရှေ့သီချင်း (ထွက် ၁၅း၁) ၏ အကြောင်းအမျိုးမျိုးကို ထပ်လောင်းဖော်ပြထားသည်။ သို့သော် အရေးပါသော အသေးစိတ်တစ်ခုသည် ကွဲပြား၏။ မိရိအံသည် အမျိုးသမီးအားလုံးကို ထာဝရဘုရားအား တံပိုးများဖြင့် သီချင်းဆိုရန် (သဒ္ဒါ အရ အမိန့်ပေးပုံစံ) အလေးအနက်ဦးဆောင်သည်။ သူမ၏ နှလုံးသားသည် ကျေးဇူးတင် စိတ်ဖြင့် ပြည့်လျှံနေပြီး၊ အခြားသူများကိုလည်း ထိုစိတ်ခံစားမှုကို ထုတ်ဖော်ရန် ဦးဆောင် သည်။ ဖြစ်နိုင်ချေမှာ ၎င်းတို့သည် သီချင်းတစ်ပုဒ်လုံးကို သီဆိုခဲ့ကြပြီး၊ မှတ်တမ်းတွင် အတိုကောက်ဖော်ပြထားကာ အဖွင့်စာကြောင်းများကို ခေါင်းစဉ်အဖြစ် အသုံးပြုခဲ့သည်။

ဖန်ရေကန်ပေါ်တွင်၊ ရွေးနှုတ်ခံရသူများသည် မောရှေ၏သီချင်းနှင့် သိုးသငယ်၏ သီချင်းကို သီဆိုကြလိမ့်မည် (ဗျာ ၁၅း၂-၄)။ ဤသီချင်းများသည် ကယ်တင်ခြင်းနှင့် အောင်ပွဲသီချင်းများဖြစ်ပြီး၊ ဘုရားသခင်၏ မေတ္တာ၊ တရားမျှတမှု၊ နှင့် တန်ခိုးတော်ကို ထင် ဟပ်ပြသသည်။

နောက်ပိုင်းတွင်၊ ဓမ္မသစ်ကျမ်းတွင်၊ တမန်တော်ပေါလုသည် ပင်လယ်နီတွင် ဖြတ် သန်းသွားခြင်း၏ ပုံသဏ္ဌာန်ကို ဣသရေလတို့သည် ခရစ်တော်၌ ဗတ္တိဇံခံခြင်း ကဲ့သို့ ဖြစ် ကြောင်း နှိုင်းယှဉ် အသုံးပြုခဲ့သည် (၁ ကော ၁၀း၂ ကို ရှု)။

## အပိုင်း ၃။ လက်တွေ့အသုံးချခြင်း

၁။ ထာဝရဘုရားနှင့် သူ၏ကတိတော်များကို ယုံကြည်ဖို့ရန် မကြာခဏခက်ခဲ၏။ အထူးသဖြင့် သူ၏ အကူအညီကို မမြင်ရ၊ ချက်ချင်းလည်းမရောက်လာသော အန္တရာယ်ကြီးမားသည့်အချိန်များတွင်ဖြစ်၏။ ဘုရားသခင်၏ကယ်တင်ခြင်းကိုမြင်တွေ့ရန် 'ငြိမ်ဝပ်နေရန်' ဆိုသည်မှာ ဘာကိုဆိုလိုသနည်း။

၂။ ထာဝရဘုရားသည် မောရှေအား ဆုတောင်းရန် သာမက ရှေ့သို့ချီတက်ရန်လည်း မိန့်ကြားခဲ့သည်။ ဘုရားသခင်သည် ဘဝ၏အခြေအနေတိုင်းတွင် ငါတို့အတွက် တိုက်ခိုက်ပေးသလား၊ သို့မဟုတ် သူ၏လမ်းညွှန်မှုအတိုင်း ငါတို့သည် တစ်စုံတစ်ခုကို ပြုလုပ်ရန် မျှော်လင့်တော်မူသလား။ မည်သည့်အချိန်တွင် စောင့်ဆိုင်းရမည်နှင့် မည်သည့်အချိန်တွင် လုပ်ဆောင်ရမည်ကို သင်မည်သို့သိနိုင်မည်နည်း။

၃။ အဘယ်ကြောင့် ဘုရားသခင်သည် 'မကြောက်ကြပါနှင့်' ဟူသော အမိန့်ဖြင့် ငါတို့ကို မကြာခဏ သတိပေးရန်နှင့် အားပေးရန် လိုအပ်သနည်း။ အဘယ်ကြောင့် ငါတို့သည် ဤမျှလွယ်ကူစွာ စိတ်ဓာတ်ကျရသနည်း။

၄။ ဖာရိုဘုရင်နှင့် သူ့တပ်များ၏ရှုံးနိမ့်မှုကြောင့် ထာဝရဘုရား၏ဘုန်းတန်ခိုး မည်သို့ထင်ရှားနိုင်မည်နည်း။ ဘုရားသခင်၏ ဘုန်းတန်ခိုးဆိုသည်မှာ အဘယ်နည်း။ အီဂျစ်လူမျိုးများသည် ၎င်းတို့၏ပြည်တွင် ကျရောက်ခဲ့သော ဘေးဒဏ်များအားလုံး၏ အလယ်တွင် ထာဝရဘုရားတည်ရှိတော်မူကြောင်း မည်သို့သိနိုင်မည်နည်း။

## သင်ခန်းစာ - ၇

*ဩဂုတ်လ ၉ - ၁၅

# မုန့်နှင့်အသက်စမ်းရေ



## ဥပုသ်နေ့မွန်းလွဲပိုင်း

**ဖတ်ရန်ကျမ်းချက်များ။** ထွက် ၁၅း၂၂-၁၆း၃၆၊ ကမ္ဘာ ၃း၁-၆၊ ထွက် ၁၇း၁-၇၊ ၁ ကော ၁၀း၄၊ ထွက် ၁၈း၁-၂၇၊ ၁ ကော ၁၀း၁၁။

**အလွတ်ကျမ်းချက်။** **"ထာဝရဘုရားကလည်း သင်တို့သည် ငါ့ပညတ်တရားတို့ကို အဘယ်မျှကာလပတ်လုံး ငြင်းပယ်ကြမည်နည်း။ ထာဝရဘုရားသည် ဥပုသ်နေ့ကို သင်တို့အားပေးတော်မူပြီ။ ထိုကြောင့် ခြောက်ရက် မြောက်သောနေ့၌ နှစ်ရက်အတွက်မုန့်ကို ပေးတော်မူ၏။ လူတိုင်းမိမိနေရာ၌ နေစေ။ ခုနစ်ရက်မြောက်သောနေ့၌ မိမိနေရာမှ ဘယ်သူမျှမသွားစေနှင့်ဟု မောရှေအား မိန့်တော်မူ၏။ ထိုကြောင့် လူများတို့သည် ခုနစ်ရက်မြောက်သောနေ့၌ ငြိမ်ဝပ်စွာနေကြ၏။"** (ထွက်မြောက်ရာကျမ်း ၁၆း၂၈-၃၀)

အီဂျစ်ပြည်မှ ထွက်ခွါပြီးနောက် ဣသရေလတို့သည် မသိရသော ကတိတော်ပြည်သို့ ခရီးနှင်ကြ၏။ ခက်ခဲသောခရီးရှည်ကြီးကို ရှေ့ရှုကြပြီး သင်ခန်းစာအသစ်များကို သင်ယူကြသည်။ ကိုယ်တော်သည် လမ်းပြစောင့်မ၍ တိုးတက်ကြီးပွါးစေရင်း ကိုယ်တိုင် စည်းကမ်းဖြင့် ထိန်းချုပ်ခြင်း၊ ဆက်ကပ်ခြင်း၊ အတ္တကင်းမဲ့စွာ ကိုယ်တော်အား ယုံကြည်ခြင်းနှင့် နားထောင်ခြင်း ရှိစေလိုသည်။

မောရှေသည် မျက်မြင်ခေါင်းဆောင်ဖြစ်၍ လူထုတို့သည် အောင်မြင်ခြင်းရနိုင်ရန် သူ၏စကားကို နားထောင်ရပါသည်။ တစ်ဦးနှင့်တစ်ဦးယှိုင်းပင်းနိုင်ရန် နှင့် အုပ်စု စိတ်ထားရှိနိုင်ရန် အတူတကွ စခန်းချကြရ သည်။ သူတို့ရှေ့တွင် အတားအဆီးများစွာတို့က စိန်ခေါ်နေသည်။ ထိုစိန်ခေါ်မှုများ ကြီးမားလာသည်နှင့်အညီ သူတို့မှ မောရှေအား တုံ့ပြန် ခြင်းအပေါ် မူတည်၍ သူတို့၏ ဝိညာဉ်ရေး တိုးတက်မှုတွေ ဖြစ်ပေါ်စေသည်။

တရုတ်တို့၏ ဆိုရိုးစကားတွင် "မိုင်တစ်ထောင်ခရီးစဉ်သည် ခြေတစ်လှမ်းဖြင့်သာ စတင်သည်" သည် ဤလူမျိုးအတွက် အလွန်မှန်ကန်၍ သူတို့၏ ခြေလှမ်းတိုင်းတွင် ဘုရားသခင်အား ယုံကြည်ကိုးစားရပါမည်။ ထိုသင်ခန်းစာများကိုလည်း လွယ်ကူစွာ မသင်ယူကြရပါ။

* ဩဂုတ်လ ၁၆ ရက်၊ ဥပုသ်နေ့အတွက် ပြင်ဆင်ဖို့ရန် ယခုအပတ် သင်ခန်းစာကို လေ့လာပါ။

**ရေခါး**

သမ္မာကျမ်းစာဇာတ်လမ်းတွင် ဇာတ်ကောင်အသီးသီးတို့သည် အကောင်းအဆိုး စရိုက်အသီးသီးတို့ကို ကပြကြရာ ဇာတ်ကြောင်း၊ နေရာ၊ အချိန်နှင့် အဓိကလူကြမ်း မင်းသားကို ဂရုတစိုက်ပြုရပါသည်။ သို့ဖြစ်၍ ဇာတ်ကြောင်းတစ်ခုတွင် အဓိက အရေး ပါဆုံးအရာမှာ ဖြေရှင်းနည်းနှင့် ရရှိသောသင်ခန်းစာ တို့ဖြစ်သည်။ ဤမှတ်တမ်းတို့ သည်လည်း မထူးမခြားကြပါ။

ဇာတ်ဝင်ခန်းတိုင်းတို့တွင် ဘုရားသခင်သည် ပြဿနာဖြေရှင်းသူ၊ ငြိမ်းချမ်းရေး အကျိုးဆောင်သူ ဖြစ်သည်။ သူ၏လုပ်ငန်းသည် မယုံကြည်သူတို့အတွက် ခက်ခဲ ရှုပ် ထွေးလှ၏။ အဆက်မပြတ်ညည်းညူခြင်းနှင့် နားမထောင်ခြင်းတို့ကြောင့် ရှုပ်ထွေးခြင်း နှင့်ကြမ္မာဆိုးကိုပင် ကြုံတွေ့ကြရသည်။ မိမိတို့၏ မယုံကြည်ခြင်းနှင့် နောင်တ မရခြင်း ကြောင့် မိမိတို့အပေါ်မှာပင် အခက်အခဲများ ကျရောက်စေကြသည်။

**ဖတ်ပါ – ထွက် ၁၅း၂၂ – ၂၇။ ပင်လယ်နီကို ဖြတ်သန်းအပြီးတွင် အရင်ဦးပြုသော ထူးဆန်းနိမိတ် သည် အဘယ်နည်း။**

ဣသရေလတို့၏ အရင်ဦးဆုံးစာမေးပွဲသည် ရေလိုအပ်ခြင်းဖြစ်သည်။ ကြမ်းတမ်း ပူပြင်းခြောက်သွေ့သောကန္တာရအတွင်းဖြစ်၍ မထူးဆန်းပါ။ ခရီးစနှင်ခြင်းသုံးရက်ပြီးမှ ရေကို တွေ့ရသော်လည်း သောက်မရဖြစ် နေပြန်သည်။ မာရာ ဟူသည် "ခါးသည်" အနက်ရှိ၏။ ထိုရေသည် ခါး နေသောကြောင့် ဣသရေလတို့သည် သွေးရူးသွေးတန်း ဖြစ်နေကြသည်။ သို့သော်လည်းဘုရားရှင်သည် စာနာထောက်ထားကာ သစ်သား တုတ် တစ်ချောင်းအားဖြင့် အရင်ဦးဆုံးနိမိတ်ကို ပြခဲ့သည်။ သောက်ရသောရေ ဖြစ်စေ သည်မှာ သစ်သားမဟုတ် ကိုယ်တော်ပင် ဖြစ်ပါသည်။ လူထုတို့သင်ယူရမည့် သင်ခန်းစာများ (၁) ကိုယ်တော့အချိန်ဇယားကိုသာ စောင့်နေခြင်း (၂) ဘုရားရှင် သည် လူသားတို့နှင့်ပူးပေါင်း၍သာ အလုပ်လုပ်သည်။

ဣသရေလတို့သည် ဘုရားရှင်ပြုပေးသော နိမိတ်မြောက်များစွာ လက်ခံရရှိ၍ ဝမ်းမြောက်စွာ သီဆိုကာ ဘုရားရှင်အား ချီးမွမ်းကြကာ "သန့်ရှင်းခြင်း အားဖြင့် ဘုန်းကြီးတော်မူထသော ချီးမွမ်းခြင်းကို ခံစဉ်တွင် ကြောက်မက်ဘွယ် ဖြစ်တော်မူထ သော ကိုယ်တော်နှင့် အဘယ်ဘုရား တူပါသနည်း" *(ထွက် ၁၅း၁၁)* ဟု သီဆိုခဲ့ကြ သည်ကို လျင်မြန်စွာမေ့ပျောက်ကြတော့သည်။ မကျေမနပ်ညီးညူအပြီးတွင် ထာဝရ ဘုရားသည် ငါသည် အဲဂုတ္တုလူတို့အား စွဲစေသော "ရောဂါတစ်စုံတစ်ခုကိုမျှ" ဣသရေလအပေါ်တွင် မစွဲစေဘဲ ကွယ်ကာမည်ဟု ကတိပေးတော်မူသည်။ ထိုကတိ ကိုပင်လျှင် ဘုရားအပေါ်တွင် တည်ကြည်ကြမှသာလျှင် ခံစားကြရပါမည်။

**သင်ကိုယ်တိုင်အပေါ်သို့ သင်ယူဆောင်သောမည်သည့်ဒုက္ခဆင်းရဲများရှိသနည်း။ ထာဝရဘုရားနှင့် ပူးပေါင်း ခြင်းဖြင့် သူသည် သင့်အတွက် လုပ်ပေးနေသောကြောင့် မည်သို့သောနှစ်သိမ့်ခြင်း သင်ရရှိသနည်း။**

## ငုံးငှက်နှင့် မန္နမုန့်

ဤခရီးသွားနေသူတို့၏ ရာဇဝင်တွင်ပုံစံမျိုးစုံဖြင့် ပုန်ကန်ခြင်းဆက်တိုက် ဖြစ်ပွါးနေသည်။ ထိုသူတို့သည် လွန်ခဲ့သောအချိန်တွင် ထာဝရဘုရား၏ စောင့်မခြင်း သူတို့၏ ပြဿနာများကို ဖြေရှင်းပေးခဲ့သည်များကို အမေ့သန်သန် မေ့လျော့နေကြတော့၏။ ယခုလက်ရှိပြဿနာကြောင့် မျက်စိကန်းလျက် သူတို့၏ အံ့ဖွယ် အနာဂတ်ကိစ္စတို့ကို မမြင်ကြတော့ပါ။ ဤသည်တို့သည် ယနေ့ ဘုရား၏လူတို့ထဲတွင်ပင် ဖြစ်ပျက်နေသည့် အရာတစ်ခု ဖြစ်သည်။

**ဖတ်ပါ – ထွက် ၁၆း၁ – ၃၆။ ဣသရေလတို့၏ညီးညူခြင်းသည် အဘယ်ကြောင့် ဖြစ်၍ မည်သည့်အရာသည် လိုက်လာရသနည်း။**

သမ္မာကျမ်းစာ၌ စုံစမ်းခြင်းများစွာတို့သည် အစာနှင့်ပတ်သက်လေ့ရှိ၏။ ဧဒင်ဥယျာဉ်တွင် ကျဆုံးခဲ့ခြင်းသည် ကောင်း၊ မကောင်းသိကျွမ်းရာ အသီးအား စားသုံးခြင်းကြောင့်ပင် ဖြစ်၏ *(ကမ္ဘာ ၂း၁၆၊ ၁၇။ ၃း၁ - ၆)*။ ကန္တာရတွင် ယေရှုအားစုံစမ်းရာ၌ စာတန်သည် အစာဖြင့်ပင် စတင်ပစ်ပေါက်ခဲ့၏ *(မဿဲ ၄း၃)*။ ဧသောသည် မိမိ၏ အာသီသကို မထိန်းချုပ်နိုင်၍ သားဦးအရာကို ဆုံးရှုံးခဲ့သည် *(ကမ္ဘာ ၂၅း၂၉ - ၃၄)*။ ဣသရေလတို့၏ နားမထောင်ခြင်းတို့သည် အစားအသောက်တို့နှင့်ပင် ပတ်သက်နေ သည်။ မောရှေ သတိပေးရာတွင် "လူသည်မုန့်အားဖြင့်သာအသက်မွေးရသည် မဟုတ်။ ဘုရားသခင်၏ မိန့်တော်မူသမျှအားဖြင့် အသက်မွေးရသည်" *(တရား ၈း၃)* ဟု ဆို၏။

မန္နမုန့်ဟူသည် ကောင်းကင်မုန့်ဖြစ်၍ ဣသရေလတို့၏ ကန္တာရခရီးစဉ် နှစ် ၄၀ အတွင်း ထာဝရဘုရားမှ စီစဉ်ပေးခြင်းဖြစ်၏။ ဤဆုအားဖြင့်ပင် ထာဝရဘုရားသည် ဖန်ဆင်းရှင်နှင့် အရာခပ်သိမ်း စီစဉ်၍ စောင့်မသူဖြစ်ကြောင်း သွန်သင်ပေး၏။ ဘုရားရှင်သည် မိမိ၏ သဘာဝလွန်ကဲသော မန္နမုန့်စီစဉ်ပေးခြင်းဖြင့် သတ္တမနေ့ဥပုသ်နေ့အား စောင့်ထိန်းခြင်းကို သွန်သင်ပေးသည်။

ရက်သတ္တပတ်တိုင်းတွင် ထူးဆန်းသော နိမိတ် လေးမျိုး ဖြစ်ပျက်လေ့ရှိသည်။ (၁) ငါးရက်အတွင်း နေ့စဉ်အစာအဖြစ် မန္နမုန့်ပေးသနားသည်။ (၂) သောကြာနေ့တိုင်းတွင် နေ့စဉ် အစာ နှစ်ဆပေးသည်။ (၃) ထိုမန္နမုန့်သည် သောကြာနေ့မှ ဥပုသ်နေ့တိုင်အောင် မပျက်မစီးဘဲနေ၏။ (၄) ဥပုသ်နေ့တွင် ဘာမန္နမုန့်မျှ မကျလာပါ။ ထာဝရဘုရားသည် ဥပုသ်နေ့ကို အောက်မေ့စေခြင်းနှင့် ထိုနေ့တွင် ထာဝရဘုရား၏ ကောင်းမြတ်ခြင်းကို ကျင်းပခံစားရန်အလို့ငှါ ထိုနမိတ်များကို ပြုပေးခြင်းဖြစ်သည်။ "ထာဝရဘုရားသည် ဥပုသ်နေ့ကို သင်တို့အားပေးတော်မူသည်ကိုအောက်မေ့ကြလော့" *(ထွက် ၁၆း၂၉)* ဟု ထာဝရဘုရားသည် ဆုံးမတော်မူ၏။

**လူသားတို့သည် စားချင်ကြ၏။ စားချင်ရန်ကိုပင် ကျွန်ုပ်တို့ကို ဖန်ဆင်းထားပြီ။ မြေကြီးသည်လည်း စားစရာကြွယ်ဝစွာ ပေါက်စေသည်။ ဘုရားသခင်သည် ထိုစားစရာများကို စားရုံသက်သက်မဟုတ်ဘဲ မိမိတို့စားသော အစာကို နှစ်သက်စေလိုသည်။ ထိုစားစရာ လက်ဆောင်များနှင့် ၄င်းတို့အား ကြိုက်နှစ်သက်ခြင်းကို မည်သို့အလွဲသုံးပြုနိုင်သနည်း။**

## ကျောက်ဆောင်ထဲမှရေ

သဲကန္တာရတွင် ရေမြောက်များစွာ လိုအပ်သည်။ ထိုလူမျိုးတို့သည် ငြင်းခုံ၍ ဘုရားသခင်အား မယုံဘဲ ရေပေးနိုင်၊မပေးနိုင်ကိုပင် စုံစမ်းကြသည့်ကြားတွင် ထာဝရဘုရားသည် သူတို့၏ကိစ္စတို့ကို စောင့်မ၏။ သူတို့၏ မယုံကြည်ခြင်းဖြင့် အီဂျစ်ပြည်ကို ပြန်လှည့်ကြည့်ကြ၏။

**ဖတ်ပါ – ထွက် ၁၇း၁ – ၇။ ထိုအဖြစ်အပျက်မှ ထိုလူတို့သည် မည်သည့် သင်ခန်းစာရသင့်သနည်း။**

မောရှေသည် ထိုနေရာကို *မာဆာ* ဟုသမုတ်၏။ အနက်ကား *စုံစမ်းသည်* နှင့် *မေရိဘာ "ငြင်းခုံခြင်း"* ဟု အနက်ရှိ၏။ ဣသရေလတို့သည် မယုံကြည်သည့်တိုင် ကိုယ်တော်သည် *ရေ* ပေး၏။ အထက်ပါ နာမည် နှစ်လုံးတို့သည် ထာဝရဘုရားအား မစုံစမ်းရန်နှင့် မငြင်းခုံရန် ဣသရေလတို့အား အသိပေးခြင်းဖြစ်သည် *(ဟေဗြဲ ၃း၇၊ ၈၊ ၁၅)*။ ထာဝရဘုရားသည် လက်တွေ့ပါဝင်သည်မက တန်ခိုးတော်နှင့် အချုပ်အခြာအာဏာကို မြင်ခဲ့ကြလျက်နှင့် ဘုရားရှင်၏ကိန်းအောင်းခြင်းကို မေးခွန်း ထုတ်ကြ၏။

"မောရှေသည် ကျောက်ဆောင်ကို ရိုက်ရသော်လည်း သူ့နောက်ကွယ် တိမ်တိုင်ထဲမှ ဘုရားရှင်၏ သားတော်သည် မောရှေအနားတွင် ရပ်တည်လျက် အသက်ရေကို စီးဆင်းစေလေသည်။ မောရှေနှင့်လူကြီးတို့မက အဝေးတွင်ရပ်နေသော ပရိသတ်အားလုံးတို့သည် ဘုရားရှင်၏တန်ခိုးတော်ကို မြင်ရကြသည်။ ထို တိမ်တိုင်ကို ဖယ်ရှားလိုက်သည်ရှိသော် တောက်ပသော ဘုရား၏အလင်းသည် လူသားတို့အား ဖျက်ဆီးပစ်မည်ဖြစ်သည်။" *(အဲလင်ဂျီဝှိုက်။ ရှေးဘိုးဘေးများနှင့် ပရောဖက်များ။ စာ၊ ၂၉၈)*။

ရေမရှိပါက အသက်မရှိနိုင်သည်ဖြစ်သဖြင့် ရေသည် အသက်၏သင်္ကေတ တစ်ခုဖြစ်၏။ ကျွန်ုပ်တို့ ခန္ဓာထဲရှိသော ကလာပ်စည်းတို့သည် ရေအလိုရှိကြသည်။ ကျွန်ုပ်တို့သည် ၆၀ ရာနှုန်း ရေ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏အရိုးတို့တွင်ပင် ရေ ပါရှိရသေး၏။ သို့ဖြစ်၍ သဲကန္တာရတွင် ဣသရေလတို့အား ရေပေးသည် ဆိုသည်မှာ ထာဝရဘုရားအားယုံကြည်နိုင်ရန် သူတို့၏လိုအပ်ချက်များကို စောင့်မသည့်လက္ခဏာပင် ဖြစ်၏။

နှစ်ရာချီကြာညောင်းပြီးနောက် ရှင်ပေါလုသည် ၁ကော ၁၀း၄ တွင် ဣသရေလတို့ကြုံတွေ့သော အရာတို့သည် ယုံကြည်သူတို့အတွက် ပြိုင်ဘက်ကင်းကြောင်း အသိပေး၏။ ခရစ်တော်သည် လမ်းပြရုံမက ဘဲ ရေကိုပင် စီစဉ်ပေးထား *(ဆာ ၇၈း၁၅၊ ၁၆)* က၊ လိုအပ်သည့် ဝိညာဉ်ရေးအရာများကိုပါ မစပေး၏။ ရှင်ပေါလု က "*ထို ကျောက်ကား ခရစ်တော်ပေတည်း*" ဟုဆိုသည်။ သူတို့အတွက် ခရစ်တော်သည် အသက်၏ဇစ်မြစ်နှင့် ထာဝရအသက်ပေးပိုင်သူ ဖြစ်တော်မူ၏။ ကျောက်ဆောင်သည် တောင့်တင်း ခိုင်မာစွာ သူ့လူတို့ကို လမ်းပြ၏။ မိမိကတိတော်တို့ကို မည်သည့်အခါမျှ မပျက်သောကြောင့် တစ်စုံတစ်ယောက်သည် ထာဝရဘုရားနှင့် အဆိုအချေပြုနိုင်ပေသည်။

**သင်သည် ထာဝရဘုရားအား ယုံကြည်ရန် လိုအပ်သော အရာမည်သည်တို့ ရှိမည်နည်း။ သင်သည် သူ့ထံတွင် လုံးလုံးဆက်ကပ်လျက် သူ၏အချိန်ဇယား ကိုသာ စောင့်စားရန် မည်သို့သင်ယူနိုင်မည်နည်း။ ထိုသို့ အမြဲပြုနိုင်ရန် အဘယ်ကြောင့် မလွယ်သနည်း။**

**ယေသရော**

မောရှေထံသို့ သူ၏ယောက္ခမ ယေသရော (ခ) ရွေလ *(ထွက် ၂း၁၈)* သည် အလည် ရောက်လာ၏။ ယေသရောသည် မောရှေ၏ဇနီးဇိပေါရနှင့် သားနှစ်ဦး ဂေရရှုံနှင့် ဧလေျဇာတို့တို့ကို ယူဆောင်လာ၏။ သူတို့ လာကြသည်ကို မောရှေသိသောအခါ သူတို့အား ဆီးကြိုရန် ထွက်သွားလေသည်။

**ဖတ်ပါ – ထွက် ၁၈း၁ – ၂၇။ ထိုလူမျိုးတို့အတွက် အရေးကြီးသောအဘယ်ပြောင်းလဲမှုရှိသနည်း။**

ဣသရေလတို့အား ထာဝရဘုရား၏ ကယ်တင်တော်မူခြင်းကို ကြားရသော ယေသရောသည် လာရောက်ခြင်းဖြစ်သည်။ "ထာဝရဘုရားသည် ဣသရေလလူမျိုး အတွက်ဖါရောဘုရင်နှင့် အဲဂုတ္တုလူတို့၌ပြုတော်မူသမျှကိုင်း လမ်းခရီးတွင် ခံရသော ဆင်းရဲဒုက္ခအလုံးစုံကိုငင်း ထိုဆင်းရဲဒုက္ခမှ ထာဝရဘုရား ကယ်လွှတ်တော်မူကြောင်း ကိုငင်း မောရှေသည် ယောက္ခမအားကြားပြောလေ၏" *(ထွက်၊ ၁၈း၈)*။

ဘုရားသခင်သည် မိမိလူတို့အတွက် ကြားဝင် ပြုလုပ်သွားသော သဘာဝလွန်ကဲသော လုပ်ရပ်များ ကြောင့် ယေသရောသည် ဘုရားကိုချီးမွမ်းရာတွင် "အဲဂုတ္တု လူတို့လက်မှငင်း ဖါရောဘုရင်လက်မှငင်း သင့်ကို ကယ်တော်မူထသော လူများတို့ကို အဲဂုတ္တုလူတို့လက်မှ ကယ်တော်မူသော ထာဝရဘုရားသည် မင်္ဂလာရှိတော်မူစေသတည်း။ ထာဝရဘုရားသည် အခြားသောဘုရားတို့ထက် သာ၍ကြီးမြတ်တော်မူကြောင်းကို ယခု ငါသိ၏" *(ထွက် ၁၈း၁၀၊ ၁၁)* ဟုဆို၏။

ဘုရားသည် မိမိလူတို့အတွက် ပြုလုပ်သောအရာတို့သည် မှန်ကန် သောဘုရားဖြစ်ကြောင်း လောကသို့ သက်သေထူခြင်းနှင့် ဘုရားမှ ပြုနိုင်သည့်အရာများ၏ သာဓကတစ်ခုပင်ဖြစ်၏။ တစ်ချိန်တည်းတွင်ယေသရောသည် မှန်ကန်သော ဘုရားကို သင်ယူခဲ့ရ၍ ဘုရားရှင်၏လူတို့အတွက် ကောင်းသော အကြံတစ်ခုကိုပင် ပေးကမ်းခဲ့သည်။ မောရှေသည် အုပ်ချုပ်ရေးစနစ်ကိုမျှတစွာ ဖွဲ့စည်းရန်လိုအပ်သည်။ ဆက်ကပ်မှုနှင့် သစ္စာသမာဓိရှိသော တရားသူကြီးများ လိုအပ်သည်။ မောရှေ သည်လည်း အောက်ပါအတိုင်း လူရေတွက်နေတော့၏။ (၁) ဘုရားကိုကြောက်သောသူ၊ (၂) စိတ်ချယုံကြည်ရသူ၊ (၃) မတရားခြင်းကိုမုန်းသော သူတို့ကိုရှာဖွေ၏။ စာရိတ္တ ကောင်းမွန်၍ အစွမ်းအစရှိသောသူတို့ကို ထောင်အုပ်၊ ရာအုပ် ငါးဆယ်နှင့် တစ်ဆယ်အုပ် စသဖြင့် ခန့်အပ်၏။ ထိုသို့ မောရှေ၏ အုပ်ချုပ်ရေးဝန်သည် လျော့ကျလာကာ ကြီးသော အမှုများကိုသာ သူကိုင်တွယ်သည်။ ထိုသို့ လူသားတို့အတွက် ကောင်းမွန်စွာ လုပ်ကိုင်ခဲ့၏။

ယေသရော၏ လိမ္မာသောအကြံကို မောရှေမှ လက်သင့်ခံခဲ့၍ *(ထွက် ၁၈း၂၄)* အုပ်ချုပ်ရေး ယန္တရား၏ဌာနအသီးသီးတွင် ခေါင်းဆောင်များကို ခန့်အပ်၏ *(တရား ၁း၉ – ၁၈ ထပ်၍)*။

**မောရှေသည် ထိုအဘိုးအိုကြီးကို ပစ်ပယ်ထားကာ မိမိအလုပ်ကိုပင် မိမိလုပ်ကိုင်နေနိုင်သော်လည်း ထိုသို့ မပြုပါ။ ဟေဗြဲလူပင်မဟုတ်သော ပုဂ္ဂိုလ်တစ်ဦးထံမှ ပညာယူလိုသောသဘောထားမှ အရေးကြီးသော မည်သည့်သင်ခန်းစာရယူသနည်း။**

## အသက်မုန့်နှင့် အသက်ရေ

**ဖတ်ပါ – ၁ကော ၁၀း၁၁။ ဤအဖြစ်အပျက်တို့ကို မည်သည့်အကြောင်းကြောင့် မှတ်တမ်းပြုစုထားရသည်ဆိုသနည်း။**

ကာလသရေလတို့အပေါ် ဖြစ်ပျက်ခဲ့သမျှတို့သည် ခရစ်တော်၏နောက်လိုက်များတို့အတွက် အန္တရယ်များကို ရှောင်ရှားနိုင်ရန် စံနမူနာနှင့် သတိပေးစာဖြစ်၍ ၎င်းတို့မှ သင်ခန်းစာယူရမည်ဟု ရှင်ပေါလုဆို၏။ ဤအရာတို့သည် "နောက်ဆုံးကာလတွင်" နေထိုင်ရသောကျွန်ုပ်တို့အား သွန်သင်နေခြင်းဖြစ်သည်။ ထာဝရဘုရားသည် ယုံကြည်သူ သူ၏လူများကို "တန်ခိုး၊ မေတ္တာ နှင့် မိမိကိုယ်ကို ထိန်းချုပ်ခြင်း" *(၂ကော ၁း၆၊ ၇)* တို့ကို သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဖြည့်တင်းပေးသည်။ ထိုသို့ဖြင့် သူတို့သည် ယေရှု၏သွန်သင်ခြင်းတို့ကို လိုက်လျှောက်၍ မှန်ကန်သော ဆုံးဖြတ်ချက် တို့ကို ဆုံးဖြတ်နိုင်မည်ဖြစ်သည်။

ယေရှုခရစ်တော်သည် အသစ်သောအသက်တာ၏ ဇစ်မြစ်ဖြစ်သည် *(ယော ၁၄း၆)*။ သူကသာ လျှင် ကျွန်ုပ်တို့ကို "အသက်ရှင်သောယဇ်၊ သန့်ရှင်း၍ ဘုရားသခင်လက်ခံနိုင်ခြင်း၊ လောကီပုံသဏ္ဍာန်ကို မဆောင်ကြဘဲ ကောင်းမြတ်သောအရာ၊ နှစ်သက်ဖွယ်သောအရာ နှင့် စုံလင်သောအရာတည်းဟူသော ဘုရားသခင် အလိုတော်ရှိသောအရာများကို" *(ရောမ ၁၂း၁၊ ၂)* သိစေနိုင်သည်။

နောက်ပိုင်းတွင်လည်း ယေရှုသည် ဤမှတ်တမ်းမှတ်ရာတို့မှ အထူးသဖြင့် မန္နမုန့်နှင့်ရေတို့အား ပုံစံ ပြုကာ မိမိကိုယ်တိုင်သည် ထိုလူသားတို့ကို သဲကန္တာရအား ဖြတ်ကျော်ကာ ဦးဆောင်ခဲ့သူဖြစ်ကြောင်း သွန် သင်ရန် အသုံးပြုခဲ့သည်။

**ဖတ်ပါ – ယော ၄း၇ – ၁၅ နှင့် ယော ၆း၃၁ – ၅၁။ ကျွန်ုပ်တို့ ခရစ်ယာန်များအတွက် မည်သည့် အမှန်တရားကို သွန်သင်နေသနည်း။**

ရှာမရိအမျိုးသမီးသည် မည်သည့်နေရာကမျှ သူမ မရရှိနိုင်သောအရာတစ်ခုကို ခရစ်တော်သည်ပေးကမ်းနေသည်ကိုတွေ့ရှိခဲ့သည်။ သူ့အထဲမှ ငြိမ်သက်ခြင်း ပျော်ရွှင်ခြင်းနှင့် ဝမ်းမြောက်ခြင်း ဖြစ်တော်မူသော ဘုရားသခင်ကို ဝတ်လုပေ၏ *(ဆာ ၄၂း၁၊ ၂)*။

နောက်ပိုင်းတွင် မန္နမုန့်ကိုစီစဉ်ပေးသူသည် မောရှေမဟုတ်ဘဲ ဘုရားဖြစ်ကြောင်း ယေရှုက ရှင်းပြခဲ့၏။ သို့နှင့် ယေရှုက "*ငါသည်အသက်မုန့်ဖြစ်၏။ ငါ့ထံသို့လာသောသူသည် နောက်တဖန်အဆာ အမွတ်မခံရ။*" *(ယော ၆း၃၅)*။ ယေရှုက သူသည် အသက်မုန့် ဖြစ်သည်ကို သုံးကြိမ်တိုင်အောင် မိန့်တော်မူ ခဲ့သည် *(ယော ၆း၃၅၊ ၄၁၊ ၄၈)*။

သဲကန္တာရ၏မန္နသည် "ကောင်းကင်ကမုန့်" *(ယော ၆း၃၁၊ ၃၂)* ဖြစ်သကဲ့သို့ ကျောက်ဆောင်မှရေ သည်လည်း သူတို့ ရေငတ်ပြေစေရန် ခရစ်တော်ပေးသောရေပင်ဖြစ်၏။ မုန့်နှင့်ရေတို့သည် အပြင်ပန်း တင်မက ဝိညာဉ်ရေးတွင်လည်း ထင်ရှားခြင်းရှိသည်။ ယေရှုသည် "အသက်မုန့်" *(ယော ၆း၃၅၊ ၄၈)* နှင့် "အသက်စမ်းရေ" *(ယော ၄း၁၀၊ ၁၁၊ ၁၄။ ၇း၃၇၊ ၃၈)*။ ကျွန်ုပ်တို့၏ ဝိညာဉ်ဆာမွတ်ခြင်းသည် ယေရှုကြောင့်သာလျှင် အငတ်ပြေနိုင်မည်ဖြစ်သည်။

**ထပ်မံစဉ်းစားရန်။** အီးဂျီဝှိုက်။ ရှေးဘိုးဘေးများနှင့် ပုရောဖက်များ။ "ပင်လယ်နီမှ သိနာသို့" စာ၊ ၂၉၁ – ၃၀၂။

ရေကိုစွပြီးမကြာမီတွင်ပင် အန္တရယ်အသစ်တစ်ခု ရင်ဆိုင်ကြရသည် *(ထွက် ၁၇း ၈ – ၁၆)*။ ကြမ်းတမ်းရက်စက်သော အာမလက်လူတို့မှတိုက်ခိုက်လာ၏။ "အာမလက်လူတို့သည် ဘုရားသခင်၏ ဝိသေသလက္ခဏာနှင့် အနန္တတန်ခိုးတော်တို့ကို မသိကြသဖြင့် ကြောက်ရွံ့ရန် နေနေသာသာ ဘုရား၏ အချုပ်အခြာအာဏာကိုပင် စော်ကားမော်ကားပြုကြ၏။ အီဂျစ်တို့အပေါ် မောရှေ ပြုခဲ့သော ထူးဆန်းနိမိတ်များကို လှောင်ပြောင်ကြကာ ပတ်ဝန်းကျင်လူမျိုးတို့၏ ကြောက်ရွံ့ခြင်း ကို ကျီစားပျက်ရယ် ပြုကြ၏။ သူတို့၏နတ်ဘုရားတို့ထံတွင် ထိုဟေဗြဲတို့ကို တစ်စုံ တစ်ဦးမကျန် ဖျက်ဆီးပစ် မည်ဟု ကတိကဝတ်တွေပြုကြ၍၊ ဣသရေလ၏ဘုရားသည် သူတို့အား လုံးဝ မခံမရပ် နိုင်ကြောင်း ကြွားပြောကြလေသည်။ ဣသရေလတို့သည် သူတို့အားထိခိုက် ခြိမ်း ခြောက်ခြင်းမရှိခဲ့ပါ။ သူတို့မှ သဲကြီးမဲကြီးတိုက်ခိုက်လာ နိုင်ရန်မည်သည့်ရန်စမှု လည်း မရှိခဲ့ပါ။ သူတို့၏ မုန်းတီးခြင်းနှင့် ဘုရားသခင်အား စော်ကားမော်ကားပြုကာ သူ့လူတို့အား ဖျက်ဆီးလိုခြင်းကို ထင်ရှားစွာဖော်ပြခြင်းဖြစ်သည်။ အမာလက်တို့သည် ရှေးပဝေသနီကတည်းက အနိုင်အထက်ပြုတတ်သူများဖြစ်၍၊ သူတို့၏ပြစ်မှုတို့သည် ထာဝရဘုရား၏ လက်စားချေခြင်းကို တောင်းဆိုနေသည်ဖြစ်၍ ထာဝရဘုရား သည် ကရုဏာနှင့် နောင်တ တရားရရန် ခေါ်တော်မူသည်။ သို့သော်လည်း ပင်ပန်းနွမ်းနယ်လျက် အကာအကွယ်မဲ့နေသော ဣသရေလတို့အပေါ် လက်လွန်ခြင်းသည် သူတို့၏ကြမ္မာဆိုးပြိုလ်ဆိုး ဝင်ရခြင်းဖြစ်သည်။" *(အီးဂျီဝှိုက်။ ရှေးဘိုးဘေးများနှင့် ပုရောဖက်များ။ စာ၊ ၃၀၀)*။

**ဆွေးနွေးရန်မေးခွန်းများ –**

**၁** **ထာဝရဘုရားသည် သူ့လူတို့အပေါ် ပြုပေးသမျှအရာတို့ကြောင့် ယေသရော သည် မှန်ကန်သောဘုရားကို သိရှိရကြောင်းကို စိတ်သို့မှီးထားပါ *(တရား ၄း၄ – ၈)*။ ထို ဥပဒေသတို့သည် ယနေ့တိုင်အောင် အဘယ်ကြောင့် မှန်ကန်နိုင်သနည်း။ မိမိနှင့် မိမိအတန်းအား မိမိတို့အသင်းတော်သည် လောကသို့မည်သည့် သက်သေကို ပို့ချနေသနည်း။ ထာဝရဘုရား၏ သဘာဝနှင့် ဝိသေသ လက္ခဏာ တို့ကို ကမ္ဘာသို့ကျွန်ုပ် တို့သည် မည်သို့ပေးပို့ရမည်နည်း။**

**၂** **ထွက် ၁၈း၄ ပြန်ဖတ်ပါ။ ယနေ့ခေတ်လူတို့မှပင် သက်ဝင်နေကြသော ရှေးဟောင်းမိစ္ဆာဒိဋ္ဌိအယူတွင် ဓမ္မဟောင်းဘုရားသည် လက်စားချေခြင်း၊ မုန်းတီးခြင်းနှင့် ခွင့်မလွှတ်တတ်သောဘုရား၊ ယေရှုနှင့် ဆန့်ကျင်သော ဘုရားဖြစ်သည်ဟု ယုံကြည်ခြင်းကို မည်သို့သိစေနိုင်သနည်း။ ဤကျမ်းချက်သည် ထို ယုံကြည်ခြင်း မှားကြောင်း မည်သို့ဆိုသနည်း။**

**၃** **အာမလက်လူတို့သည် မှန်သောဘုရားအကြောင်း သင်ယူနိုင်သောအခွင့်အခါရှိသည်ကို အီးဂျီဝှိုက် ရေးသားချက်များအား ပြန်ဖတ်ပါ။ ယေသရော၏ စိတ်ထားနှင့် သူတို့စိတ်ထား နှိုင်းယှဉ်ပါ။ ရှေးဣသရေလ တို့နှင့် ထိတွေ့ရသော ထိုလူမျိုးတို့ကို ထာဝရဘုရား၏ တရားစီရင်ခြင်းမှ မည်သည့် သင်ခန်းစာ ရနိုင်သနည်း။**

## အထူးသာသနာ့တာဝန်၊ ပြန်လည်ထူဖောင်ရေး

Andrew McChesney

အန္တရာယ်မရှိသော အကျိတ်သုံးခုကို ဖယ်ရှားရန် ခွဲစိတ်ပြီးနောက်၊ ဂျာမနီတွင် နေထိုင်သော ရုရှားသာသနာပြု ဒီမီထရီ ဘာဂယ်လ်သည် ပြန်လည်သက်သာရန် အောက်ဖက်ဘာဗာရီယာရှိ အားလပ်ရက်အပန်းဖြေစခန်းသို့ ပို့ဆောင်ခံခဲ့ရသည်။ ထိုနေရာတွင်၊ လောကီစိတ်ရှိသူများနှင့် ခရစ်ယာန်အကြောင်းမသိသူများ၏ နလုံးသားများအပေါ် ဘုရားသခင်အမှုပြုနေသည်ကို တွေ့ရသည့် သနာပြုနယ်မြေသစ်တစ်ခုကို တွေ့ရှိခဲ့သည်။

တစ်နေ့မွန်းလွဲပိုင်းတွင်၊ ဒီမီထရီသည် ဂရိစားသောက်ဆိုင်တစ်ခုရှိ လူအုပ်ထဲသို့ လျှောက်သွားခဲ့၏။ ၎င်းတို့က စားသောက်ဆိုင်ပိတ်ထားသည်ဟု အော်ပြောခဲ့ကြပြီး၊ ဒီမီထရီက မေးခွန်းတစ်ခုဖြင့် ဖြေကြားခဲ့သည်။ "စာအုပ်ဖတ်ရတာ ကြိုက်လား" ဟု မေးခဲ့သည်။

တစ်ဦးကသာ ဖြေကြားခဲ့သည်။ ပြတ်သားသော အီတလီအသံထွက်ဖြင့် သူက ရုပ်ရှင်ကြည့်ရတာကို ပိုနှစ်သက်ပြီး သူ့ဘဝတွင် ကျမ်းစာတစ်အုပ်သာ ဖတ်ဖူးသည်ဟု ပြောခဲ့၏။ ဒီမီထရီသည် သူ့အား *The Great Controversy* စာအုပ်ကို ပေးခဲ့ပြီး ၎င်းသည် သမိုင်းကို ထူးခြားသောရှုထောင့်ဖြင့် တင်ပြထားကာ၊ အထူးသဖြင့် အဆိုးနှင့်အကောင်း တိုက်လှန် ခြင်းကို ရှင်းပြခဲ့သည်။ ထိုလူသည် စာအုပ်နောက်ဖုံးကို ဖတ်ခဲ့သည်။ "ဒီစာအုပ်ကို တကယ် ဖတ်ချင်တယ်" ဟု သူက ကြွေးကြော်ခဲ့သော်လည်း စာအုပ်ကို အခမဲ့မယူပဲ လှူဒါန်းငွေပေးခဲ့သည်။

နောက်တစ်နေ့တွင်၊ ဒီမီထရီသည် လမ်းလျှောက်နေရင်း ခုံတန်းတစ်ခုပေါ်တွင် သူစိမ်းတစ်ဦးဘေးတွင် ထိုင်၍ ခဏရပ်နားပြီး၊ စကားစမြည် ပြောဆိုကြသည်။ ထိုလူက အားလပ်ချိန်မရှိသော လယ်သမားတစ်ဦးဖြစ်ပြီး၊ သူ၏ စပါးရိတ် စက်ပျက်သွားသဖြင့် ပြန်လည်ပြင်ဆင်ရန် စောင့်ဆိုင်းနေရသည်ဟု ပြော၏။ "စာအုပ် ဖတ်ရတာကြိုက်လား" ဟု ဒီမီထရီက မေး၏။

ဒီမီထရီသည် သူ၏ဇနီးအတွက် *The Great Controversy* စာအုပ် ပေး၏။ ထိုလူသည် စာအုပ် နောက်ဖုံးကိုဖတ်ပြီး သူ၏စိတ်ပြောင်းသွားကြောင်းကြေငြာသည်။

လမ်းဆက်လျှောက်ရင်း၊ ဒီမီထရီသည် နောက်ဖုံးတွင် စာတမ်းတစ်ခုရေးထားသော ကားတစ်စီးကို ဖြတ်သွားခဲ့သည်။ "ဘုရားသခင်သည် ဂျာမနီတွင် အံ့ဖွယ်များပြုလုပ်၏။" ကားပိုင်ရှင်နှင့် တွေ့ဆုံလိုသောကြောင့်၊ သူသည် ကားရှေ့ရှိ အိမ်၏ခေါင်းလောင်းကို နှိပ်သည်။ တံခါးပေါ်တွင် "ကျွန်ုပ်တို့၏ပျားအုံများမှ ပျားရည်" ဟူသော ဆိုင်းဘုတ်တွေ့ခဲ့သည်။ အမျိုးသမီး တစ်ဦးက တံခါးဖွင့်လိုက်သောအခါ၊ သူသည် ပျားရည်အကြောင်း မေးမြန်းခဲ့သည်။ ၎င်းတို့နှစ်ဦးသည် ပျားရည်အကြောင်း မိနစ်အနည်းငယ် ပြောဆိုပြီး ယုံကြည်ခြင်းအကြောင်း ပြောခဲ့သည်။ အမျိုးသမီးက ယေရှုသည် သူမ၏ ရောဂါကို အံ့ဖွယ်နည်းဖြင့် ကုသပေးခဲ့သည်ဟု ပြော၏။ ဒီမီထရီသည် ပျားရည်တစ်အိုးဝယ်ယူခဲ့ပြီး လက်ဆောင်အဖြစ် စာအုပ်တစ်အုပ်ကို ရွေးချယ်ရန် ကမ်းလှမ်း၍၊ *The Desire of Ages* ကို ရွေးယူခဲ့သည်။ ထို့နောက် ကျေးဇူးတင် စကား ဆိုကာ၊ လက်ဆောင်အဖြစ် ပျားရည်တစ်အိုး နှင့် *The Great Controversy* ကို ထပ်ပေးခဲ့သည်။

ပြန်လည်ထူထောင်ရေးတစ်လအတွင်း၊ ဒီမီထရီသည် *The Great Controversy* စာအုပ် ၅၀ အုပ်နီးပါးကို ဖြန့်ဝေခဲ့ပြီး ဂျာမနီတွင် သူ၏သာသနာပြုလုပ်ငန်း၏ ဦးတည်ချက်ကို ပြောင်းလဲကာ၊ "စာပေသာသနာ ပြုတစ်ဦး ဖြစ် လာဖို့ ပြင်ဆင်နေသည်" ဟု ဆို၏။

---

ဤဘာဝတစ်ကျေပွဲပြင်သည် မြော်လင့်ခြင်းအသင်းတော်၏ 'ငါသွားမည်' မဟာဗျူဟာအစီအစဉ်၏ သာသနာ့ရည်မှန်းချက် နံပါတ် ၂ ကို သရုပ်ပြ၏။ ၎င်းမှာ 'ထိရောက်မှုမရှိသေးသော (သို့) လုပ်မီနိုင်သေးသော လူအုပ်စုများနှင့် ခရစ်ယာန်မဟုတ်သော ဘာသာများအကြား မြော်လင့်ခြင်းသာသနာပြုလုပ်ငန်းကို အားဖြည့်ရန်နှင့် ကွဲပြားမှုဖြစ်စေရန်' ဖြစ်၏။ ပိုမိုသိရှိလိုပါက IWillGo.org တွင်ဖတ်ရှုပါ။

## အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်

**အခရိကကျမ်းချက်။** ထွက်မြောက်ရာကျမ်း ၁၆း၂၈–၃၀

**လေ့လာမှုဦးတည်ချက်။** ထွက်မြောက်ရာကျမ်း ၁၅း၂၂–၁၈း၂၇

**နိဒါန်း။** ဘုရားသခင်၏ လူမျိုးတို့ကို ကျွန်ဘဝမှ ကယ်တင်ရန် အံ့ဖွယ်ဝင်ရောက် စွက်ဖက်မှုသည် ထူးခြားပြီး ထပ်တူမဖြစ်နိုင်သော ဖြစ်ရပ်တစ်ခုဖြစ်ပြီး၊ ၎င်းကို ပသခါပွဲတွင် အမှတ်ရကာ ပုံမှန်အောက်မေ့ရန်ဖြစ်သည်။ ဣသရေလလူမျိုးများသည် ရွေးနုတ်ခံရပြီး လွတ်လပ်စွာ သွားလာခွင့်ရခဲ့သော်လည်း၊ လွတ်လပ်မှုသည် တန်ဖိုးကြီးမားသော အရာဖြစ်သည်။ ဘုရားသခင်၏ နိမိတ်လက္ခဏာများနှင့် အံ့ဖွယ်များကို ဣသရေလအတွက် ပြုလုပ်ခဲ့ပြီး၊ အီဂျစ်ပြည်အပေါ် ဘုရားသခင်၏ တရားစီရင်မှုများ ကျရောက်စေခဲ့သည်။ ဤတရား စီရင်မှုများသည် အီဂျစ်လူမျိုးများအတွက် အပြစ်ပေးရုံသက်သက်မဟုတ်ဘဲ၊ ဣသရေလ လူမျိုးများအတွက်လည်း သွန်သင်ချက်ဖြစ်ပြီး၊ စစ်မှန်သောဘုရားသခင်ကို သိရှိရန်နှင့် ဘဝတွင် တကယ့်တန်ဖိုးရှိသော အရာများကို နားလည်ရန် ကူညီပေးခဲ့သည်။ ဘုရားသခင်သည် မေတ္တာနှင့် တရားမျှတသော ရွေးနုတ်သူ၊ ဣသရေလကို ကျွန်ခံမှုမှ ကယ်တင်ခဲ့သော တန်ခိုးကြီးသောစစ်သည်တော်အဖြစ် မိမိကိုယ်ကို ထင်ရှားစေခဲ့သည်။ ဤထူးကဲသော ဖြစ်ရပ်များသည် သူ၏လူမျိုးများကို ပညာရှိသော လမ်းပြသူနှင့် ပြုစုစောင့်ရှောက်သူအဖြစ် သူ့ကို အပြည့်အဝယုံကြည်စေရန်နှင့် သူ၏ဦးဆောင်မှုကို အားကိုးရန် ရည်ရွယ်ခဲ့သည်။

အီဂျစ်မှ ကြီးမားသောကယ်တင်ခြင်း၊ ပင်လယ်နီအတွေ့အကြုံ၊ ဖာရိုဘုရင်နှင့် သူ၏တပ်များလက်မှ ဘုရားသခင်၏ ကယ်တင်ခြင်းကို ခမ်းနားစွာ ဂုဏ်ပြုပြီးနောက်၊ ဘုရားသခင်သည် ဣသရေလကို ရှုရတောသို့ ဦးဆောင်ခဲ့ပြီး၊ ထိုနေရာတွင် ၎င်းတို့သည် ရေမတွေ့ဘဲ သုံးရက်ကြာ ခရီးသွားခဲ့ကြသည်။ ဤနေရာတွင် ဣသရေလလူမျိုးများသည် ထာဝရဘုရားကို ယုံကြည်ခြင်း၏ နောက်ထပ်စမ်းသပ်မှု တစ်ခုနှင့် ရင်ဆိုင်ခဲ့ရသည် (ထွက် ၁၅း၂၅)။ ဤစမ်းသပ်မှုမတိုင်မီ၊ ဣသရေလလူမျိုးများသည် ပင်လယ်နီကို ဖြတ်ကျော်ပြီး ဖာရိုဘုရင်၏ ရှုံးနိမ့်မှုကို မြင်တွေ့ပြီးနောက် ထာဝရဘုရားကို ယုံကြည်ခဲ့ကြသည် (ထွက် ၁၄း၃၁)။ ၎င်းတို့သည် ဘုရားသခင်ကို ပြည့်ဝစွာ ယုံကြည်သည့် လမ်းကြောင်းပေါ်တွင် ၎င်းတို့၏ဦးဆောင်သူအပေါ် ယုံကြည်မှုအပြည့်ဖြင့် ဆက်လက်ရှိနေမည်လား။ လွန်ခဲ့သော ရက်သတ္တပတ်များအတွင်း ဖြစ်ပျက်ခဲ့သမျှသည် ၎င်းတို့၏မှတ်ဉာဏ်ထဲတွင် ထင်ဟပ်နေသင့်သည်။ ဘဝ၏ဒုက္ခများ ထပ်မံကျရောက်လာသောအခါ ဘုရားသခင်၏ဦးဆောင်မှုကို ၎င်းတို့ အမှတ်ရပါ့မလား။

ဘုရားသခင်သည် ဣသရေလကို မေတ္တာရှိသော မိဘတစ်ဦးကဲ့သို့ ဂရုစိုက်ခဲ့ပြီး၊ သူတို့ကို စိတ်ရှည်စွာ သဲကန္တာရအတွင်း ဦးဆောင်ခဲ့သည်။ ၎င်းတို့ ညည်းညူသောအခါ နာကျင်ဖွယ်သင်ခန်းစာများကို သွန်သင်ခဲ့ရသော်လည်း၊ သူသည် မေတ္တာဖြင့် ရေ၊ ငုံးငှက်များ၊ နှင့် မန္နတို့ကို ထောက်ပံ့ပေးခဲ့ပြီး၊ ဥပုသ်နေ့ကို သန့်ရှင်းစွာ စောင့်ထိန်းနည်းကို သွန်သင်ခဲ့သည်။

## အပိုင်း ၂။ အနက်ရှင့်ကျမ်း

ထွက်မြောက်ရာ ၁၅း၂၂–၁၈း၂၇ သည် ဣသရေလ၏သိနာတောင်သို့ ခရီးစဉ်ကို ဖော်ပြ၏။ ဤကျမ်းပိုဒ်တွင် ဇာတ်လမ်းငါးပုဒ်ပါဝင်၏။ ဇာတ်လမ်းနှစ်ပုဒ်သည် ရေလက်ဆောင်နှင့်သက်ဆိုင်သည်။ ပထမရေဇာတ်လမ်းမှာ မာရတွင် ခါးသောရေကို ချိုမြစေခြင်းနှင့် ပတ်သက်သည် (ထွက် ၁၅း၂၂–၂၇)။ ဒုတိယရေဇာတ်လမ်းမှာ ကျောက်တုံးမှ ရေထွက်ပေါက်ပေးခြင်းနှင့်ပတ်သက်သည် (ထွက် ၁၇း၁–၇)။ ဤဇာတ်လမ်းနှစ်ပုဒ်ကြားတွင် အစားအစာများ—ငုံးငှက်များနှင့် မန္န—စသည့် အံ့ဖွယ်လက်ဆောင်များနှင့် ဥပုသ်နေ့ကို စောင့်ထိန်းနည်းအကြောင်း သွန်သင်ချက်များပါဝင်သည် (ထွက် ၁၆း၁–၃၆)။ ဤအံ့ဖွယ်သုံးခု—ရေ၊ ငုံးငှက်၊ မန္န—ကို နောက်ထပ်ဇာတ်လမ်းနှစ်ပုဒ်က ဆက်လက်ဖြစ်ပေါ်စေသည်။ ၎င်းတို့မှာ အမာလက်လူမျိုးများအပေါ် ထာဝရဘုရား၏ အောင်ပွဲလက်ဆောင် (ထွက် ၁၇း၈–၁၆) နှင့် ယေသရောမှ မောရှေအား ပညာရှိသော အကြံဉာဏ်ပေးခြင်း (ထွက် ၁၈း၁–၂၇) တို့ဖြစ်သည်။

### မရတွင် ရေလက်ဆောင်

ထွက်မြောက်ရာကျမ်းတွင် ပထမဆုံးအကြိမ်အဖြစ် ဟေဗြဲစကားလုံး “lun” — “ညည်းညူသည်”၊ “မကျေမနပ်ဖြစ်သည်”၊ “တိုင်တည်သည်”—ဤအကြောင်းသည် ရှုရတော တွင် သောက်သုံးရန် ရေမရှိခြင်းအကြောင်းဇာတ်လမ်းတွင် ပေါ်ထွက်လာသည်။ ဣသရေလလူမျိုးများ နားနေရာအရပ် မာရတွင် ရေသည် ခါးသောကြောင့် “လူများသည် မောရှေကို မကျေမနပ်ဖြစ်ကြသည်” (ထွက် ၁၅း၂၄)။ ကံမကောင်းစွာဖြင့်၊ “lun” သည် ဣသရေလလူမျိုးတို့၏ တော၌လှည့်လည်သည့်ဖြစ်စဉ်များတွင် အဓိကထင်ရှားသော အသုံးအနှုန်းတစ်ခုဖြစ်လာ၏။ ၎င်းသည် မန္န နှင့် ငုံးငှက်ဖြစ်စဉ်တွင် ဤအဆိုးမြင် စကားလုံးသည် ရှစ်ကြိမ်ထွက်ပေါ်သည် (ထွက် ၁၆း၂၊ ၇၊ ၈ တွင် ကြိယာ၊ ၁၆း၇၊ ၈ တွင် နာမ်၊ နှင့် ၉၊ ၁၂ တွင် နောက်ထပ်နှစ်ကြိမ်)။ ၎င်းသည် ရေဖိဒိမ်အရပ် ကျောက်မှ ရေထွက်လာသည့် ဖြစ်စဉ်တွင်လည်း ဖော်ပြထားသည် (ထွက် ၁၇း၃–၆)။ ညည်းညူခြင်း သို့မဟုတ် မကျေမနပ် ဖြစ်ခြင်း ဆိုင်ရာ တူညီသောအယူအဆသည် တောလည်ရာကျမ်းတွင်လည်း ဖြစ်ပေါ်သည် (တော ၁၄း၂၊ ၂၇၊ ၂၉၊ ၃၆။ ၁၆း၁၁၊ ၄၁။ ၁၇း၅၊ ၁၀)။ ဤစကားလုံးသည် မောရှေ၏ ကျမ်းငါးစောင်ပြင်ပတွင် ယောရှုကျမ်း ၉း၁၈ တွင်သာ အသုံးပြုထားသည်။

လူများညည်းညူသောအခါ၊ မောရှေသည် ထာဝရဘုရားထံ အော်ဟစ် ဆုတောင်းခဲ့သည်၊ ၎င်းသည် ထွက်မြောက်ရာကျမ်းတွင် တတိယအကြိမ်ဖော်ပြခြင်းဖြစ်သည် (ထွက် ၈း၁၂။ ၁၄း၁၅။ ၁၅း၂၅)။ ထာဝရဘုရားသည် မောရှေအား ခါးသောရေထဲသို့ သစ်သားတစ်ဖဲ့ပစ်ထည့်ရန် ညွှန်ကြားခဲ့သည်။ မောရှေသည် ဘုရားသခင်၏ညွှန်ကြားချက်များကို လိုက်နာသောအခါ ရေသည် သန့်ရှင်းလာခဲ့သည်။ ရေ၏သန့်ရှင်းမှုနှင့်ပတ်သက်၍ ထာဝရ

ဘုရားအနေဖြင့် သူတို့သည် သူ့စကားကို ဂရုတစိုက် နားထောင်ပြီး နာခံမည်ဆိုပါက၊ "အဲဂုတ္တုလူများအပေါ် ငါကျစေခဲ့သော ရောဂါများ [ဟေဗြဲ၊ Mackalah] တစ်ခုမျှ" သူတို့အပေါ်သို့ မကျစေရဟု ကတိပြု၏။ ဤကတိကို ခိုင်မြဲစေရန် သူသည် ဘုရားသခင်၏ ဖော်ပြချက်တစ်ခုကို အသုံးပြုသည်။ "ငါသည် သင်တို့ကို ကုသပေးသော ထာဝရဘုရားဖြစ်သည်" (ထွက် ၁၅း၂၆)။ ထာဝရဘုရားသည် ဘေးဒဏ်ကြီး (၁၀)ပါး နှင့်ဆက်စပ်နေသော ရောဂါမျိုးစုံကို ရည်ညွှန်း၏ (ထွက် ၂၃း၂၅ တွင် ဘုရားသခင်၏ကတိကိုလည်း ကြည့်ပါ)။ သစ္စာရှိသူများအပေါ် ထိုသို့သောဘေးဒဏ်မျိုး မကျရောက်စေရ။

တော၌ ရေသည် အသက်ပေးသောအရာဖြစ်၏။ ရေမရှိလျှင် အသက်မရှင်နိုင်။ ၎င်းသည် အသက်၏ရင်းမြစ်နှင့် ထိန်းသိမ်းပေးသူဖြစ်သည်။ ရေသည် အသက်ဖြစ်၏။ ရေမရှိဘဲ ရက်အနည်းငယ်သာ ရှင်သန်နိုင်၏။ ထို့ကြောင့် ထွက်မြောက်ရာနှင့် တောလည်ရာကျမ်းများတွင် ရေနှင့်ဆက်စပ်သော အရေးကြီးသောဇာတ်လမ်းများနှင့် အံ့ဖွယ်ပြုမှုခြင်းများရှိသည်မှာ အံ့သြစရာမဟုတ်ပေ။ ထို့နောက် ဣသရေလလူမျိုးသည် ရေပေါ်များပြီး ထန်းပင်များမှ အရိပ်ရရှိသော ဧလိမ်တွင် စခန်းချခဲ့သည်။

## ငုံးငှက်၊ မန္နလက်ဆောင်နှင့်သမုဿနေ့

ထာဝရဘုရားသည် အဲဂုတ္တုပြည်တွင် ခံစားခဲ့ရသော အသားနှင့် အခြားအစားအစာများမရှိဟု ညည်းညူသော လူများ၏ မကျေမနပ်ပြောဆိုမှုကို သနားကရုဏာဖြင့် တုံ့ပြန်ခဲ့သည်။ သူတို့၏စကားများသည် ချဲ့ကားပြောဆိုမှုများနှင့် ခါးသီးသော သရော်မှုများဖြင့် ပြည့်နက်နေသည်။ ဣသရေလလူမျိုးတို့သည် ဖါရိဘုရင်အတွက် ကျွန်ခံရင်း ဗိုက်ပြည့်အောင်စားခဲ့ရသည်ကို သတိရခဲ့ကြသည်။ သို့သော် ထာဝရဘုရားက သူတို့အား ကောင်းကင်မှ မန္နနှင့် ငုံးငှက်များပေးမည်ဟု ကတိပြုခဲ့သည်။ ညနေတွင် ငုံးငှက်များနှင့် နံနက်တွင် ကောင်းကင်မှ မန္နမုန့်ရရှိမည်ဟု မိန့်တော်မူခဲ့၏။ ၎င်းသည် ဟောထားသည့်အတိုင်း အတိအကျ ဖြစ်ပျက်ခဲ့သည် (ထွက် ၁၆း၁၃)။ နံနက်တွင် အံ့သြစရာဖြစ်ခဲ့သည်၊ အကြောင်းမှာ သူတို့သည် မန္နကို တစ်ခါမျှ မမြင်ဖူးဖူးသောကြောင့် "ဤသည်ကား အဘယ်အရာနည်း" ဟု မေးခဲ့ကြသည် (ထွက် ၁၆း၁၅)။ ဤမေးခွန်းသည် "မန္န" ဟူသော စကားလုံး၏ အဓိပ္ပာယ်ဖြစ်သည်။

မန္နလက်ဆောင်ဖြင့် ဘုရားသခင်သည် ဣသရေလလူမျိုးတို့အား ဥပုသ်နေ့ကို မည်ကဲ့သို့ စောင့်ထိန်းပြီး နေထိုင်ရမည်ကို သင်ကြားပေးခဲ့သည်။ ယေရှုသည် မန္နကို "ကောင်းကင်မှ မုန့်" (ယော ၆း၃၁) ဟု ခေါ်ဆိုခဲ့ပြီး၊ ၎င်းသည် ထွက်မြောက်ရာ ၁၆း၄ ကို ရည်ညွှန်းခြင်း ဖြစ်သည်။ ထို့ကြောင့် မန္နသည် ထာဝရဘုရားက သူ၏လူများအား တော၌စားရန် ပေးသနား ခဲ့သော မုန့်ဖြစ်သည် (ထွက် ၁၆း၁၅)။ အနှစ် ၄၀ အကြာ ဣသရေလလူမျိုးတို့အတွက် မန္နကို ထောက်ပံ့ပေးခဲ့၏ (ထွက် ၁၆း၃၅)။ မန္န ထောက်ပံ့မှုသည် ဣသရေလလူမျိုးတို့အနေဖြင့် ကတိတော်ပြည်တွင် ပထမဆုံးသော ပသခါပွဲကို ကျင်းပသောအခါမှသာ ရပ်စဲခဲ့သည် (ယောရှု ၅း၁၀-၁၂)။

ဣသရေလလူမျိုးတို့ တော၌ နှစ် ၄၀ ကြာ လှည့်လည်သွားလာစဉ် အပတ်တိုင်း အံ့ဖွယ် အမှုလေးခု ဖြစ်ပေါ်ခဲ့သည်။ ဤအံ့ဖွယ်များသည် ဣသရေလလူမျိုးတို့အား ဥပုသ်နေ့၏ သန့်ရှင်းမှုကို သင်ကြားပေးခဲ့သည် - (၁) မန္နသည် ဥပုသ်နေ့မှလွဲ၍ နေ့တိုင်း ကောင်းကင်မှ ကျရောက်ခဲ့သည်။ (၂) အလုပ်ရက်သတ္တပတ်အတွင်း တစ်ဦးဦးက နောက်နေ့အတွက် မန္နကို စုဆောင်းခဲ့လျှင်၊ နောက်နေ့တွင် မန္နသည် ပုပ်သိုးပျက်စီးသွားသည်။ (၃) မန္နသည် ဥပုသ်နေ့ပြင်ဆင်ရာ သောကြာနေ့တိုင်း နှစ်ဆသောပမာဏ ကျရောက်ခဲ့သည်။ (၄) သောကြာနေ့များတွင် စုဆောင်းထားသော မန္နသည် ယိုယွင်းမပျက်စီးဘဲ ဥပုသ်နေ့တွင် စားသုံးရန် လတ်ဆတ်နေခဲ့သည်။ ထို့ကြောင့် ထာဝရဘုရားသည် ဣသရေလ၏ လိုအပ်ချက်များအတွက် နေ့တိုင်း ထောက်ပံ့ပေးခဲ့သည်။ တစ်ပတ်လျှင် ခြောက်ရက် သူတို့သည် မန္နကို ထွက်သွားစုဆောင်းရန် လိုအပ်ခဲ့ပြီး၊ ၎င်းက သူတို့အနေဖြင့် ဘုရားသခင်အား နေ့တိုင်း လုံးလုံးလျားလျား မှီခိုနေရသည်ကို သတိပေးခဲ့သည်။

ကောင်းကင်မှမုန့်နှင့်ပတ်သက်သော နောက်ထပ်အံ့ဖွယ်တစ်ခုမှာ ထာဝရဘုရားသည် မောရှေအား မန္န တစ်ဩမဲ၊ အနီးစပ်ဆုံး ၃.၆၄ လီတာခန့်ကို ယူ၍ အိုးထဲထည့်ကာ သက်သေခံချက်ရှေ့တွင် ထားရန် မိန့်မှာခဲ့ခြင်းဖြစ်သည် (ထွက် ၁၆း၃၄)။ နောက်ပိုင်းတွင် မန္န တစ် ဩမဲကို ပဋိညာဉ်သေတ္တာထဲသို့ ထည့်ထားခဲ့သည် (ဟေဗြဲ ၉း၄) အနာဂတ်မျိုးဆက်များ အတွက် သတိပေးချက်အဖြစ် ဖြစ်သည်။ မန္နသည် ပုံမှန်အားဖြင့် သောကြာနေ့မှ ဥပုသ်နေ့ အထိ သက်တမ်းနှစ်ရက်သာ ရှိသော်လည်း၊ ဤသေတ္တာထဲသို့ထည့်ထားသည့်မန္နသည် ယိုယွင်း မပျက်စီးခဲ့ပေ။

"ဥပုသ်နေ့" (ဟေဗြဲ၊ shabbat) ဟူသော နာမ်သည် ထွက်မြောက်ရာကျမ်းတွင် အကြိမ်များစွာ မီးမောင်းထိုးပြထားပြီး၊ ကျမ်းစာတွင် ပထမဆုံးအကြိမ်အဖြစ် ထွက်မြောက် ရာ ၁၆း၂၃ တွင် ဖော်ပြထားသည်။ ၎င်းတွင် "ဥပုသ်အနားယူခြင်း" (ဟေဗြဲ၊ shabbaton) နှင့် "ထာဝရဘုရားအတွက် သန့်ရှင်းသောဥပုသ်နေ့" ဟု ဖော်ပြထားသည်။ ဤကျမ်းပိုဒ် သည် ဥပုသ်နေ့စောင့်ထိန်းခြင်းနှင့် ပတ်သက်သော ပထမဆုံးသော ပြတ်သားသည့် မိန့်မှာ ချက်ဖြစ်ပြီး၊ "ဖုတ်ပါ"၊ "ပြုတ်ပါ"၊ "သေးဖယ်ထားပါ" ဟူသော ညွှန်ကြားချက်သုံးခုပါရှိသည်။ ဥပုသ်နေ့ကို ကျင့်ပသင့်သည်။ စိတ်ဝင်စားစရာမှာ အငယ် ၂၅ တွင် စတုတ္ထမြောက် ညွှန်ကြားချက်ဖြစ်သော "စားပါ" ဟူသည့်အမိန့်ကို ထပ်လောင်းထားသည်။ ယနေ့ မန္နကို စားပါ။ စားသောက်ခြင်းသည် ဥပုသ်နေ့စောင့်ထိန်းခြင်းနှင့် အနီးကပ်ဆက်စပ်နေသည်။ "ယနေ့" ဟူသော အချိန်ဆိုင်ရာဝေါဟာရသည် ဤစာသားတွင် ဥပုသ်နေ့နှင့်ဆက်စပ်၍ သုံးကြိမ်အသုံးပြုထားပြီး၊ ဘုရားသခင်က ထောက်ပံ့ပေးသောကြောင့် ဥပုသ်နေ့တွင် မန္န စားခြင်း၏ အံ့ဖွယ်အမှုကိုအလေးပေးထားသည်။ အငယ် ၂၅ တွင် ၎င်းသည် "ထာဝရဘုရား အတွက် ဥပုသ်နေ့" ဖြစ်သည်ဟု ဖော်ပြထားပြီး၊ အငယ် ၂၆ တွင် ဥပုသ်နေ့သည် သတ္တမ မြောက်နေ့ဖြစ်သည်ဟု ရှင်းပြထားသည်။ အငယ် ၃၀ တွင် ဥပုသ်နေ့ကို အနားယူခြင်းနှင့် ဆက်စပ်ထားသည် - "ထို့ကြောင့် လူများသည် သတ္တမမြောက်နေ့တွင် အနားယူခဲ့ကြသည်

[ဟေဗြဲ၊ shabat]"။ ထွက်မြောက်ရာ ၁၆း၂၃–၃၀ ၏ ဤအပိုဒ်တွင် အဓိကစကားလုံး သုံးခု—"ဥပုသ်နေ့"၊ "ယနေ့"၊ "အနားယူခြင်း"—သည် ဟေဗြဲ ၄း၇–၁၀ နှင့် ဆက်စပ်နေပြီး၊ ၎င်းတွင် ပေါ်လာသည်လည်း "ဥပုသ်နေ့"၊ "ယနေ့"၊ "အနားယူခြင်း" ဟူသော အယူအဆများကို အသေးစိပ်ရှင်းပြထားသည်။ "ဥပုသ်နေ့" ဟူသော စကားလုံးသည် ထွက်မြောက်ရာကျမ်းတွင် အောက်ပါစာသားများတွင်လည်း ပါရှိသည်– ထွက်မြောက်ရာ ၁၆း၂၅၊ ၂၆၊ ၂၉။ ၂၀း၈၊ ၁၀၊ ၁၁။ ၃၁း၁၄၊ ၁၅ (နှစ်ကြိမ်)၊ ၁၆။ ၃၅း၂၊ ၃။

မန္နဖြစ်ရပ်၏ အထွတ်အထိပ်တွင်၊ လူအချို့သည် ဥပုသ်နေ့၌ မန္နစုဆောင်းရန် ထွက်သွားသောအခါ၊ ဘုရားသခင်သည် အလွန်ထိမိသော မေးခွန်းတစ်ခုကို မေးမြန်းခဲ့သည်–

"သင်တို့သည် ငါ့ပညတ်တရားများတို့ကို အဘယ်မျှကာလပတ်လုံး ငြင်းပယ်ကြလိမ့်မည်နည်း" (ထွက် ၁၆း၂၈)။ ထာဝရဘုရားသည် သူတို့၏ တမင်သက်သက်ပြုမူမှုကို ဖော်ပြရန် "ငြင်းပယ်" ဟူသော စကားလုံးကို အသုံးပြုသည်။ ဥပုသ်နေ့သည် လက်ဆောင် တစ်ခုဖြစ်ကြောင်း၊ ထာဝရဘုရားက သူတို့အတွက် အစားအစာ ထောက်ပံ့ပေးထားသည့် အချက်ဖြင့် ခိုင်မာစေသော လက်ဆောင်ဖြစ်ကြောင်း သူတို့သင်ယူရန် လိုအပ်ခဲ့သည်။ ထို့ကြောင့် ဥပုသ်နေ့၌ မန္နကို စုဆောင်းရန် မလိုအပ်ခဲ့ပေ။

## အပိုင်း ၃။ လက်တွေ့ အသုံးချခြင်း

**၁။ ယေရှုက ငါသည် အသက်မုန့်ဖြစ်၏ဟု ကြွေးကြော်ခဲ့သည် (ယော ၆း၃၅၊ ၄၈)။ ယေရှုခရစ်နှင့် မည်သို့ ပုံစံဖြင့် ရင်းနှီးသောဆက်ဆံရေးထဲတွင် နေထိုင်နိုင်မည်နည်း၊ သို့မှသာ ကိုယ်တော်သည် ကျွန်ုပ်တို့ အတွက် နေ့စဉ် 'မုန့် (အစာ) နှင့် ရေ' ဖြစ်လာမည်နည်း။**

_______________________________________________

_______________________________________________

**၂။ ဘဝ၏အခက်အခဲများအကြောင်း ညည်းညူသူများကို မည်သည့်အချိန်တွင်၊ မည်သို့ ဂရုစိုက်သင့်သနည်း၊ ထို့အပြင် မည်သည့်အချိန်တွင် ညည်းညူသံများကို နားမထောင်သင့်သနည်း။**

_______________________________________________

_______________________________________________

**၃။ ဘုရားသခင်သည် မိုးတိမ်တိုင်နှင့် မီးတိုင်ထဲတွင် ရှိတော်မူခဲ့သော်လည်း၊ ဣသရေလ လူမျိုးတို့သည် မိုးတိမ်တိုင်ထဲရှိ သူ၏ရှိနေမှုကို သာမန်ဟုသဘောထားခဲ့ကြသည်။ ကျွန်ုပ်တို့သည်လည်း ကျွန်ုပ်တို့အနီးအပါးတွင် ဘုရားသခင်၏ထူးမြတ်သောအမှုဖြစ်ပေါ်နေသော်လည်း ၎င်းကိုတန်ဖိုးမထားမိတတ်ပေ။**

ဘုရားသခင်နှင့် သူ၏ အမှုတော်နှင့်ဆက်စပ်သော အရာများ၏ သန့်ရှင်းမှုအတွက် ကျွန်ုပ်တို့၏ အံ့သြ ထိတ်လန့်မှုကို မည်သို့ထိန်းသိမ်းထားနိုင်မည်နည်း။

______________________________

______________________________

၄။ ယေသရော၏လည်ပတ်မှုသည်လည်း ဘုရားသခင်ကိုဖော်ပြသော ခေါင်းဆောင်မှု အကြောင်းပြသသည့် ဇာတ်ကြောင်း တစ်ပုဒ်ဖြစ်၏။ မောရှေသည် သူ၏ခေါင်းဆောင်မှု စွမ်းရည်များတွင် သင်ယူပြီး တိုးတက် လာခဲ့သည်။ သူသည် ဘုရားသခင်ကို ဖော်ပြသော ခေါင်းဆောင်တစ်ဦးဖြစ်ပြီး၊ သူ၏ဘဝနှင့် ဣသရေလ အတွက် ဘုရားသခင်၏ ခေါင်းဆောင်မှုကို အသိအမှတ်ပြုခဲ့သည်။ မောရှေသည် ထူးခြားသော နာခံသူ တစ်ဦးဖြစ်ပြီး၊ ဘုရားသခင်အတွက် ကျေးဇူးတင်စိတ်နှင့် ချီးမွမ်းခြင်းများဖြင့် ပြည့်နှက်နေသည်။ သူသည် ရှုပါရုံရှိသူတစ်ဦးဖြစ်သော်လည်း၊ တာဝန် အပ်နှင်းနည်း ကို သင်ယူရန် လိုအပ်ခဲ့သည်။ သူသည် နိုင်မာသော ခေါင်းဆောင်တစ်ဦး ဖြစ်သော်လည်း သင်ပေး၍ရသောသူ ဖြစ်ခဲ့သည်။ မောရှေသည် ဘာကြောင့် ဝေဖန်မှုများကို ပုဂ္ဂိုလ်ရေးအရ မခံစားဘဲ၊ တိုးတက်မှုအတွက် အကြံပြုချက်များကို ခြိမ်း ခြောက်မှုအဖြစ် မခံစားဘဲ၊ စိတ်ကူးသစ်များနှင့် တိုးတက်ရန်နယ်ပယ်များကို လက်ခံနိုင်စွမ်း ရှိခဲ့ သနည်း။

______________________________

______________________________

______________________________

၅။ ရေဖိဒိမ်တွင် ကျောက်တုံးမှ ရေထွက်လာသော အံ့ဖွယ်အမှုကို ရည်ညွှန်း၍ တမန်တော်ပေါလုက ယေရှု သည် ထိုကျောက်တုံးဖြစ်သည်ဟု ဖော်ပြခဲ့သည် (၁ကော ၁၀း၄)။ ထိုဇာတ်လမ်းတွင် လူများသည်မကျေ မနပ်ဖြစ်ကာ ထာဝရဘုရားကို စုံစမ်းခဲ့ကြသည် (ထွက် ၁၇း၂)။ မာလခိ ၃း၁၀ တွင် ကျွန်ုပ်တို့သည် ဘုရား သခင်ကို စုံစမ်းရန် ဖိတ်ခေါ်ခံရသည်။ ဘုရားသခင်ကို စုံစမ်းခြင်း၏ အပြုသဘောနှင့် အဆိုးသဘော ကွာခြားချက်ကား အဘယ်နည်း။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို မည်သို့မမှန်ကန်ဘဲ စုံစမ်းနိုင်သနည်း။


______________________________

______________________________

______________________________

**သင်ခန်းစာ - ၈** *ဩဂုတ် ၁၆ - ၂၂

# သိနာဦပင်ရှိညာဉ်



## ဥပုသ်နေ့မွန်းလွဲပိုင်း

**ဖတ်ရန်ကျမ်းချက်များ။** ထွက် ၁၉း၁-၂၀း၁၇။ ဗျာ ၂၁း၃။ တရား ၅း၆-၂၁။ ယာကုပ် ၁း၂၃-၂၅။ ရောမ ၃း၂၀-၂၄။ ရောမ ၁၀း၄။

**အလွတ်ကျမ်းချက်။** **'ငါသည် အဲဂုတ္တုလူတို့၌ ပြုသောအကြောင်း၊ သင်တို့ကို လင်းယုန်အတောင်ဖြင့် ထမ်း၍ ကိုယ်ဖို့သိမ်းယူသောအကြောင်းကို သင်တို့သည် သိမြင်ရကြပြီ။ ထိုကြောင့် ယခုတွင် သင်တို့သည် ငါ့စကားကို အမှန်နားထောင်၍ ငါ့ ပဋိညာဉ်ကို စောင့်ရှောက်လျှင်၊ အခြားသော လူမျိုးတကာတို့ထက် သင်တို့သည် ငါပိုင်ထိုက်သော ဘဏ္ဍာတော်ဖြစ်ရကြလိမ့်မည်။ မြေကြီးရှိသမျှတို့သည် ငါ၏ ဥစ္စာဖြစ်၏။ သင်တို့သည်လည်း မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်အမျိုး၊ သန့်ရှင်းသော လူမျိုးဖြစ်ရကြလိမ့် မည်ဟူသော အမိန့်တော်ကို ဣသရေလအမျိုးတို့အား ဆင့်ဆိုလော့ဟု မိန့်တော်မူ၏။'** (ထွက်မြောက်ရာကျမ်း ၁၉း၄-၆)

ထာဝရဘုရားသည် ဣသရေလတို့ကို အီဂျစ်ပြည်မှ ထုတ်ဆောင်၍ မည်သည့်နေရာသို့ခေါ်ဆောင်သနည်း။ ကတိပြည်ပြီးနောက် ဘယ်ကိုခေါ်ဆောင်သနည်း။ ပထဝီမြေအနေအထားအရ မှန်သည့်တိုင် သာသနာပစျာရှုထောင့်ဖြင့် မှားယွင်းနေသည်။ "ငါသည် အဲဂုတ္တုလူတို့၌ ပြုသောအကြောင်း သင်တို့ကို လင်းယုန်အတောင်ဖြင့် ထမ်း၍ ကိုယ်ဖို့သိမ်းယူသောအကြောင်းကို သင်တို့သည် သိမြင်ရကြပြီ။" *(ထွက် ၁၉း၄)* ဟုမိန့်တော်မူ၏။ သမ္မာကျမ်းစာ၏ သာသနာ့ပစျာအဖြေသည် ထိုသူတို့ကို ထာဝရဘုရားသည် မိမိ အနားသို့ ခေါ်ယူရန် ရည်ရွယ်သည်။

လူသားသည် ဘုရားသခင်ထံမှထွက်ခွါသောအခါ သူကပင်လျှင်ရှာဖွေ၍ သူ့ထံသို့ ပြန်ခေါ်တော်မူ၏။ ဤအတွက် အကောင်းဆုံးစံနမူနာသည် ဧဒင်တွင် အာဒံ၊ ဧဝတို့သည် ဘုရားစကားကို နားမထောင်ဘဲ ဖြစ်မှားကာ ပုန်းနေခြင်းပင်ဖြစ်၏။ ဘုရားသခင်မှ ဇာတ်လမ်းစတင်ကာ *"သင်တို့ဘယ်မှာလဲ" (ကမ္ဘာ ၃း၉)* ဟု ပြန်ခေါ်၏။ သူက သာလျှင် အရင်ဦးခြေလှမ်းလှမ်း၏။ ယေရှုကပင် "ဝန်လေး၍ ပင်ပန်းသောသူတို့ ငါ့ထံသို့ လာကြလော့။ ငါသည်ချမ်းသာပေးမည်။ ငါ့ထမ်းပိုးကိုတင်၍ ထမ်းကြလော့။ ငါ့ထံ၌ နည်းခံကြလော့။ ငါသည် နူးညံ့သိမ်မွေ့နှိမ့်ချသော စိတ်သဘောရှိ၏။ သင်တို့ စိတ်နှလုံးသည် သက်သာခြင်းကိုရလိမ့်မည်" *(မဿဲ ၁၁း၂၈၊ ၂၉)*။ ဘုရားသခင်သည် ကျွန်ုပ်တို့အားလုံးကိုခေါ်နေသည်။ ကျွန်ုပ်၏အနာဂတ်သည် ကျွန်ုပ်၏တုံ့ပြန်မှုအပေါ်၌သာ မူတည်နေသည်။

* ဩဂုတ်လ ၂၃ ရက်၊ ဥပုသ်နေ့အတွက် ပြင်ဆင်ဖို့ရန် ယခုအပတ် သင်ခန်းစာကို လေ့လာပါ။

## သိနာတောင်၌

**ဖတ်ပါ – ထွက် ၁၉း၁ – ၈။ သိနာတောင်ခြေတွင် ဘုရားသခင်သည် ဘာကို ကတိပေး သွားသနည်း။**

ထာဝရဘုရားသည် ဣသရေလကို သိနာတောင်သို့ ခေါ်ဆောင်လာပြီး မကြာမီတွင် ပညတ်တော် ဆယ်ပါးကို ပေးတော်မူခဲ့သည်။ ဂျီဘဲလ်မူဆာတောင် *(အမြင့်ပေ ၇၄၉၇၊ ၂၂၈၅ မီတာ)* သည် မောရှေနှင့် ဘုရားသခင် မကြာခဏဆုံတွေ့သောနေရာ *(ထွက် ၃း၁။ ၁၉း၂။ ၂၄း၁၈)* ဖြစ်၍နောက်ပိုင်းတွင် ဧလိယ ကပင် ဤနေရာ၌ ဘုရားနှင့် ဆုံတွေ့ရကြ၏ *(၃ ဓမ္မ ၁၉း၈)*။ ဣသရေလတို့ကို အီဂျစ်မှခေါ်ထုတ်ရန် မောရှေ ကို ထာဝရဘုရားသည် ဤတောင်ပေါ်ကပင် ခေါ်တော်မူလေသည် *(ထွက် ၃း၁၊ ၁၀)*။ ထိုအချိန်တွင် ဘုရားသခင်သည် အာဗြာဟံ၊ ဣဇာက်နှင့် ယာကုပ်တို့ကို ဦးဆောင်နေသည့် သင်္ကေတအဖြစ် လွတ်မြောက်လာသော ဣသရေလတို့သည် ဤနေရာတွင် ဘုရားကို ကိုးကွယ်ရန် မောရှေအား မိန့်တော်မူ၏ *(ထွက် ၃း၁၂)*။

နောက်ထပ်နှစ်လ ခရီးနှင်ပြီးသည့်နောက်တွင် သိနာသို့ ရောက်လာကြရာ *(ထွက် ၁၉း၁)* တစ်နှစ် ခန့်ပင် စခန်းချနားကြရ၏ *(ထွက် ၁၉း၁။ တော ၁၀း၁၁၊ ၁၂)*။ ထိုနှစ်အတွင်းတွင် ပညတ်ပေါင်းများစွာတို့ ကိုထုတ်ဆင့်သည် *(ထွက် ၁၉ – ၄၀။ ဝတ် ၁ – ၂၇။ တော ၁း၁ – ၁၀း၁၀)*။ ဣသရေလတို့၏ သိနာတောင်၌ နားနေရခြင်းမှာ ၎င်းတို့၏ ဗဟိုဇာတ်လမ်းအဖြစ် မောရှေ၏ ပထမစာအုပ်ငါးခုတို့တွင်ပါရှိ၏။ ဘုရားရှင်၏ ရွေးချယ်သော လူမျိုးဖြစ်ရခြင်းနှင့် နတ်စားရုပ်ဆင်းတုတို့ကို မကိုးကွယ်သော လူမျိုး တစ်မျိုးတည်းဖြစ် ခြင်းကို ဤနေရာတွင် အုတ်မြစ်ချလာခဲ့သည်။ ဘုရားသခင်သည်လည်း ရှေ့ထွက်၍ ဣသရေလတို့နှင့် မိမိကိုယ်တိုင် ပဋိညာဉ်ဖွဲ့လေ၏။ လူမျိုးတို့၏ နားထောင်ခြင်းနှင့်တကွ ဘုရားနှင့် ဆက်ဆံနေသ၍ ထိုသူတို့သည် ထာဝရဘုရား၏ အထူး ပိုင်ဆိုင် သောဘဏ္ဍာ ယဇ်ပုရောဟိတ်အမျိုးနှင့် သန့်ရှင်းသောလူမျိုး ဖြစ်ကြရ လိမ့်မည်။

သန့်ရှင်းသောလူမျိုး ဖြစ်ရခြင်းသည် ထာဝရဘုရားထံတော်တွင် ဆက်ကပ်ထားသောလူ ဘုရား၏ ဝိသေသလက္ခဏာကို ပတ်ဝန်းကျင် လူမျိုးတို့အပေါ် ဖော်ပြရမည့်သူတို့ ဖြစ်ကြသည်။ တခြားသောလူတို့ကို ထာဝရဘုရားနှင့် ဆက်သွယ်စေခြင်း ထာဝရဘုရား၏ လမ်းစဉ်နှင့် ပညတ်တော်တို့ကို သွန်သင်ပေးသော ယဇ်ပုရောဟိတ်မျိုး နိုင်ငံ ဖြစ်ရလိမ့်မည်။ လောကကြီးအား ဘုရားသခင်နှင့် သူ၏ ဝိသေသလက္ခဏာတော် ကို သိကျွမ်းစေသော အထူးလူမျိုးများ ဖြစ်ရန် ဘုရားအလိုတော်ရှိသည်။

ဤပဋိညာဉ်သည် ဘုရားသခင်နှင့် သူ့လူတို့စပ်ကြား တရားဝင်လူသားများအဖြစ် အသိအမှတ်ပြုသော ပဋိညာဉ်ဖြစ်၏။ ထိုပဋိညာဉ်၏ အထွေထွေပုံသေနည်းသည် ကျမ်းချက်တိုင်းတွင် အနည်းငယ်ကွဲလွဲမှု တော့ရှိသည်။ “ငါသည် သူတို့၏ ဘုရားဖြစ်မည်။ သူတို့သည်လည်း ငါ၏ လူ ဖြစ်ကြလိမ့်မည်။” *(ထွက်၊ ၆း၇။ ဝတ်၊ ၂၆း၁၂။ ယေရမိ ၂၄း၇။ ယေရမိ ၃၁း၃၃။ ဟောဗြဲ ၈း၁၀။ ဗျာ၊ ၂၁း၃)*။

**‘ထာဝရဘုရား၏ အထူးပိုင်ဆိုင်မှု’ ကို စဉ်းစားပါ။ မည်သည့် အထူးခံစားခွင့် ရှိသနည်း။ မည်သည့် အထူး တာဝန်ကော ရှိသနည်း။**

**တနင်္လာနေ့** ဩဂုတ်လ ၁၈ ရက်

## ဆုလက်ဆောင်အတွက် ပြင်ဆင်ခြင်း

**ဖတ်ပါ – ထွက် ၁၉း၉ – ၂၅။ ပညတ်တော်ဆယ်ပါးကို လက်ခံရန် ဘုရားသည် ဣသရေလ တို့အား မည်သို့ပြင်ဆင်စေသနည်း။**

သိနာတွင် ပညတ်တော်ကို ပေးသောအခါ ဣသရေလတို့ ပြုရမည့်အရာများကို ဘုရားသခင်သည် အသေးစိတ်သွန်သင်ပေးသည်။ တစ်ကိုယ်ရေသန့်ရှင်းခြင်းသည် ဘုရားထံသို့ လုံးလုံးလျားလျား ဆက်ကပ်ခြင်းဖြစ်သည်။ ရောက်လာမည့် ဘုရားသခင်၏ အနန္တဘုန်းတော်အတွက် သူတို့သည် ပြင်ဆင်ထားရပါမည်။ ရောက်လာသောအခါ “မိုးချုန်းခြင်း၊ လျှပ်စီးပြက်ခြင်းနှင့် တကွ မိုးတိမ်တိုက်လွှမ်းမိုး၍ ကြီးသောအသံနှင့် တံပိုးမြည် သဖြင့် တပ်၌ရှိသောလူအပေါင်းတို့သည် တုန်လှုပ်ကြ၏” *(ထွက် ၁၉း၁၆)*။

ထိုပညတ်တော်ဆယ်ပါးတို့သည် အနာဂတ္တိကျမ်းတို့၏ ဇဟိုချက်မနှင့် ကျမ်းစာ၏ ကျင့်ဝတ်တို့ပင် ဖြစ်ကြ၏။ လူသားတို့အတွက် ကောင်းကင်မှ ချပြသောစံနှုန်း ဖြစ်၍ စကြာဝဠာ ခြုံလျက် ထာဝရတည်မြဲ၏။

သမ္မာကျမ်းစာ၏ မှတ်တမ်းအရ ပညတ်တော်ဆယ်ပါးတို့ကို ဘုရားကိုယ်တော်တိုင် ကြွေးကြော်ခဲ့သည် *(ထွက် ၁၉း၁၉။ ၂၀း၁။ တရား ၅း၄၊ ၅၊ ၂၄)* နှင့် ကိုယ်တော်တိုင် ရေးသားသည် *(ထွက် ၂၄း၁၂။ ၃၁း၁၈။ တရား ၅း၂၂)*။ အထူးဆုအဖြစ် မောရှေ ထံသို့ နှစ်ကြိမ်တိုင်တိုင် ပေးတော်မူ၏ *(ထွက် ၃၂း၁၉။ ၃၄း၁။ တရား ၁၀း၁၊ ၂)*။ ထွက်မြောက်ရာကျမ်းတွင် ပညတ်တော်ဆယ်ပါးကို “*သက်သေ*” *(ဟေဗြဲ အီဒွတ်၊ ထွက် ၃၁း၁၈)* သို့မဟုတ် “ပဋိညာဉ်စကားများ” *(ဟေဗြဲ၊ ဒီဘာဟာဘာရစ်၊ ထွက် ၃၄း၂၈)* ဟုခေါ်၏။ တရားဟောရာကျမ်းတွင် “*ပဋိညာဉ်ကျောက်ပြား*” *(တရား ၉း၉၊ ၁၁၊ ၁၅)* ဟုခေါ်သည်။ အထက်ပါ စာအုပ်တို့သည် “*ပညတ်တော်ဆယ်ပါး*” ဟု အသုံးမပြုပါ *(ဟေဗြဲဘာသာတွင် ပညတ်တော်ကို မစ်စ်ဝပ်)*။ ထိုစာအုပ်နှစ်အုပ်တို့သည် “စကားဆယ်ရပ်” ဟု ဖော်ပြ၏။ ဟေဗြဲတွင် “အာစာရက်ဟာဒ်ဒီဘာရိမ်” ၏ အဓိပ္ပါယ်မှာ “နှုတ်ကပတ်၊ စာကြောင်း အရာဝတ္ထု၊ အပြောအဆို၊ ရာဇဝင်၊ ကတိနှင့် ပြောဆိုသည်” ဟု အနက်ရှိသည် *(ထွက် ၃၄း၂၈။ တရား ၄း၁၃။ တရား ၁၀း၄)*။

ပညတ်တော်ဆယ်ပါးတို့ကို အနည်းငယ်ကွဲလွဲမှု ရှိသော ဗားရှင်းနှစ်မျိုးဖြင့် ရေးသားထားရာ ပထမတစ်ခုမှာ ထွက် ၂၀း၁ – ၁၇ နှင့် ဒုတိယတစ်ခုမှာ တရား ၂း၃ – ၂၁ တို့ဖြစ်၏။ ဒုတိယတစ်ခုမှာ သိနာပြီးနောက် နှစ်ပေါင်းလေးဆယ်အလွန်မှ ကတိတော်ပြည်သို့ မဝင်ရမီ မောရှေမှ ဣသရေလတို့အား နှုတ်ဖြင့်ဟောပြောခြင်းဖြစ်၏ *(တရား ၁း၃၊ ၄။ ၄း၄၄ – ၄၇)*။ ဤအခြေအနေကြောင့် အနည်းငယ် ကွဲလွဲနေခြင်းဖြစ် သည်။

ရှင်ပေါလုသည် ပညတ်တော်ကို ချစ်ခြင်းမေတ္တာ အဖြစ်အတိုချုံးရာတွင် ထိုပညတ်တို့မှပင် ကိုးကားထား၏ *(ရောမ ၁၃း၈ – ၁၀)*။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်သောကြောင့် ထိုမေတ္တာသည် ပညတ်တော်၏ အချုပ်အခြာပင်ဖြစ်၏ *(၁ယော ၄း၁၆)*။

**ပညတ်တော်ဆယ်ပါးတို့သည် ထာဝရဘုရား၏ ချစ်ခြင်းမေတ္တာကို ဖော်ပြခြင်းဖြစ်ကြောင်း သင်မည်သို့နားလည်သနည်း။ မည်သည့်အနက်ရှိ၍ ၎င်းသည် ထာဝရဘုရား၏ ချစ်ခြင်းမေတ္တာကို မည်သို့ဖော်ပြသနည်း။**

## ပညတ်တော်ဆယ်ပါးဆုလက်ဆောင်

**ပတ်ပါ – ထွက် ၂၀း၁ – ၁၇။ ပညတ်တော်ဆယ်ပါး၏ ဥပဒေသသည်အဘယ်နည်း။ မည်သို့ဖွဲ့စည်းထားသနည်း။**

ပညတ်တော်ဆယ်ပါးတို့သည် အမိန့်ဖြင့် မစတင်ဘဲ ထာဝရဘုရား၏ ကျေးဇူးတော်ဖြင့် ပြုသော အရာများဖြစ်သည့် "ငါသည် သင်တို့ကျွန်ခံနေရာ အဲဂုတ္တုပြည်မှ ကယ်နုတ်ဆောင်ယူခဲ့ပြီးသော ဘုရားသခင်ထာဝရဘုရားဖြစ်၏" *(ထွက် ၂၀း၂)*။ ထာဝရဘုရားသည် ကျေးဇူးတော်ဖြင့် ဣသရေလတို့ကို ကယ်နုတ်ပြီး နောက်မှ သူ၏ အလိုတော်ကို ဖော်ပြသည်။ ထိုပညတ်တော်တို့ကို ချစ်ခြင်းမေတ္တာနှင့် ကျေးဇူးတော် ချီးမွမ်း၍ စောင့်ထိန်းရပါမည်။

ပညတ်တော်ဆယ်ပါးတို့အတွက် ဘုရား၏သော့ချက်သည် "*မေတ္တာ*" *(ရောမ ၁၃း ၁၀)* ဖြစ်သည်။ အကြီးဆုံးသော ပညတ်တော်သည် ချစ်ခြင်းမေတ္တာပညတ်ပင်ဖြစ်၍ ဘုရားသခင်အား ချစ်ခြင်း *(တရား ၆း၅)* နှင့် အိမ်နီးချင်းကို ချစ်ခြင်း *(ဝတ် ၁၉း၁၈)* တို့ ဖြစ်သည်။ ပထမပိုင်း ပညတ်တော်လေးပါးတို့တွင် ဘုရားသခင်အား ချစ်ခြင်းနှင့် ဒုတိယခြောက်ပါးတို့သည်လည်း လူသားအချင်းချင်း ချစ်ခြင်းဟု အနက်ပြန်ရသည်။ ထိုပညတ် ဆယ်ပါးတို့သည် အရာခပ်သိမ်းအထက်တွင် အထွတ်တင်ခြင်း *(ဒေါင်လိုက်မေတ္တာ)* နှင့် အချင်းချင်း လေးစားသမှတ်ခြင်းသည် *(အလျားလိုက်မေတ္တာ)* ဖြစ်သည်။

(၁) ပထမပညတ်တော်သည် ဘုရားသခင်ကို အထွတ်အထိပ်တွင် တင်ကာ ရှိသေ သမှတ် ခြင်း။

(၂) ဒုတိယပညတ်တော်သည် ဘုရားသခင်၏ ပြိုင်ဘက်ကင်းသောနေရာကို အခြားသော အရာ၊ ခန္ဓာကိုယ်၊ သင်္ကေတ၊ ဝိညာဉ်ရေးတို့ စသဖြင့် အစားမထိုးရပါ။

(၃) တတိယ ပညတ်တော်သည် ထာဝရဘုရား၏ နာမတော်အား ကြည်ညိုလေးစားခြင်း။

(၄) စတုတ္ထ ပညတ်တော်သည် ဘုရားသခင်၏ နေ့ရက် ဥပုသ်နေ့ကို သန့်ရှင်းစေခြင်း။

(၅) ပဉ္စမ ပညတ်တော်သည် မိဘအား ရိုသေခြင်း။

(၆) ဆဋ္ဌမ ပညတ်တော်သည် အသက်ကို တန်ဘိုးထားခြင်း။

(၇) သတ္တမပညတ်တော်သည် ထိမ်းမြားခြင်းကို တန်ဘိုးထားခြင်း။

(၈) အဋ္ဌမပညတ်တော်သည် သူတပါး၏ ပိုင်ဆိုင်မှုကို လေးစားခြင်း။

(၉) နဝမ ပညတ်တော်သည် သူတပါး၏ဂုဏ်သိက္ခာကို ထောက်ရှုခြင်း။

(၁၀) ဒသမ ပညတ်တော်သည် မည်သည့်အတ္တစိတ်ကမျှ မိမိ၏ စရိုက်ကိုမဖျက်ဆီးစေခြင်း။

ယေရှုသည် "ငါ့ကိုချစ်လျှင် ငါ့ပညတ်တော်တို့ကို လိုက်လျှောက်ကြလော့" *(ယော ၁၄း၁၅။ ၁ယော ၄း၂၀၊ ၂၁)*။ သို့ဖြစ်၍ စစ်မှန်သော နားထောင်ခြင်းသည် ယေရှုအား မေတ္တာနှင့် ကျေးဇူးတင်ပြခြင်း မိမိ၏ ပတ်ဝန်းကျင်အား ဆက်ဆံရာတွင် ပြသသော မေတ္တာပင် ဖြစ်သည်။

## ဘုရားသခင့်ပညတ်တော်၏ ကွဲပြားသောလုပ်ဆောင်ချက်များ

ပညတ်တော်သည် ထာဝရဘုရား၏ဝိသေသလက္ခဏာတော်ကို ဖော်ပြသည်။ ဘုရားသည် သန့်ရှင်းဖြောင့်မတ်၍ ကောင်းမြတ်တော်မူသည်နည်းတူ ပညတ်တော်သည်လည်း ထိုသို့ ဖြစ်၏။ ရှင်ပေါလုသည် "ပညတ်တရားသည်လည်း သန့်ရှင်းခြင်း၊ ဖြောင့်မတ်ခြင်း၊ ကောင်းမြတ်ခြင်း ရှိ၏" *(ရောမ ၇း၁၂)*။

ကျမ်းစာတွင် ပညတ်တရားကို အကောင်းမြင်ခြင်းရှိ၏ *(မဿဲ ၅း၁၇၊ ၁၈။ ယော ၁၄း၁၅။ ၁ ကော ၇း၁၉)*။ ပညတ်တရားကို ကဗျာဖွဲ့သည် *(ဆာ ၁၁၉)*။ ပညတ်တော်ကို သီချင်းဆိုသည် *(ဆာ ၁၉)*။ နေ့ရောညပါ ဆက်ကပ်သည် *(ဆာ ၁း၂။ ယောရှု ၁း၈)*။ ပညတ်တော်သည် အဆိုးမှကာကွယ်၍ ဉာဏ်ပညာ ကျန်းမာချမ်းသာခြင်းနှင့် ငြိမ်သက်ခြင်းကို ရရှိစေသည် *(တရား ၄း၁ - ၆။ သုတ္တံ ၂ - ၃)*။

(၁) ထာဝရဘုရား၏ပညတ်တော်သည် အသက်တို့ကို လွတ်လပ် နေရာပေး၍ ၎င်း၏ အပြင်ဘက်တွင် အန္တရာယ်၊ ပြဿနာ၊ ရှုပ်ထွေးခြင်းနှင့် သေခြင်း ကပင်စောင့်နေသည့် စည်းရိုးနှင့်တူ၏ (က ၂း၁၆၊ ၁၇။ ယာ ၂း၁၂)။

(၂) ပညတ်တော်ဟူသည် ယေရှုသည် အပြစ်ကိုလွှတ်ပေးသောသူနှင့် အသက်တာကို ပြောင်းလဲပေးသူ ဟူသော ဆိုင်းဘုတ်ကြီးနှင့် တူ၏ *(၂ ကော ၅း၁၇။ ၁ယော ၁း၇ - ၉)*။ *(ပိုင်ဒဂိုဂိုစ်)* ခေါ်အုပ်ထိန်းသူ အဖြစ် ရပ်တည်နေပါသည် *(ဂလ ၃း၂၄)*။

**ဖတ်ပါ – ယာကုပ် ၁း ၂၃ – ၂၅။ ဘာကိုဆိုလို၍ ပညတ်တော်သည် မကယ်တင်နိုင်သည်တိုင် ထိုစကားလုံး တို့သည် မည်မျှအရေးပါသည်ကို မည်သို့ဖော်ပြနေသနည်း။**

ကြည့်မှန်သည် သင်၏ချွတ်ယွင်းချက်တွေကို ဖော်ပြနိုင်သော်လည်း ကြည့်မှန်သည် မကုသနိုင်ပါ။ ကြည့်မှန်သည် ပြဿနာကို ညွှန်ပြ၍ အဖြေကိုတော့မပေးနိုင်ပါ။ ပညတ်တရားသည် ထိုနည်းတူပင်ဖြစ်၏။ ပညတ်တော်စောင့်ခြင်းဖြင့် ဘုရားသခင် ရှေ့တွင် ဖြောင့်မတ်လိုသောသူသည် ကြည့်မှန်အားဖြင့် မိမိတို့၏ ချွတ်ယွင်းချက်များကို ပျောက်ကင်းစေလိုသောသူနှင့် တူလိမ့်မည်။

ကယ်တင်ခြင်းသည် လုပ်ဆောင်ခြင်းဖြင့်မဟုတ်ဘဲ ၎င်းတို့အပါအဝင် ယုံကြည်ခြင်းဖြင့်ဖြစ်သည်။ ခရစ်ယာန်တချို့တို့သည် ပညတ်တော် မလိုတော့ကြောင်း၊ ဗစာင့်ထိန်းရန်ပင် မလိုတော့ဟု ပြောဆိုကြသည်။ ပညတ်တော်သည် အပြစ်၏အနက်ကို ဖွင့်ပေးသည်ဖြစ်၍ ရှင်ပေါလုသည် "ပညတ်တရားအားဖြင့်သာ အပြစ် သဘောကို ငါသိရ၏" *(ရောမ ၇း၇)*။ အထက်က လွဲမှားသောအယူသည် ဓမ္မဂေလီတရားနှင့် ဆက်နွယ်နေ လေ၏။ ပညတ်တော်ရှိသောကြောင့် ဓမ္မဂေလီတရားလိုအပ်ရပါသည်။

**ထာဝရဘုရား၏ ပညတ်တော်ကို လိုက်လျှောက်ရန် မည်သို့ကြိုးစားခဲ့ဘူးသနည်း။ သင်၏ကယ်တင်ခြင်းသည် ၎င်းအပေါ် မူတည်ပါသလား။ မဟုတ်ပါက ဓမ္မဂေလီတရားကို သင်အဘယ်ကြောင့် လိုအပ်သနည်း။**

## ကျွန်ုပ်တို့အတွက်ဘုရားသခင်၏ကတိတော်အဖြစ်ပညတ်တော်

**ဖတ်ပါ – ရောမ ၃း၂၀ – ၂၄။ ပညတ်တော်စောင့်ရှောက်ခြင်းဖြင့် ကယ်တင်ခြင်းမရနိုင်သည်ကို ရှင်ပေါလု သည် ရှင်းလင်းစွာပြောကြားသော်လည်း ထိုပညတ်တော်ကို မိမိအသက်တာတွင် မည်သို့လုပ်ဆောင် စေရ မည်နည်း။**

ဟေဗြဲဘာသာတွင် "ဒါဘာရိမ်" ကို ပညတ်တော်ဆယ်ပါးအကြောင်း မောရှေ ရေး သား ရာတွင် အသုံးပြု၍ *(ထွက် ၃၄း၂၈။ တရား ၄း၁၃။ တရား ၁၀း၄)* "ပညတ်တရား" ဟု အနက်မရှိဘဲ "နှုတ်ကပတ်တော်" ဟု အနက်ရှိ၏။ ဤနှုတ်ကပတ်တော်သည် "ဒါဘာ" *(အနည်းဆိုင်နာမ်)* သည် "ကတိတော်" ပင် ဖြစ်နိုင်သည်။ နေရာ တော်တော် များများတွင် *(၃ ဓမ္မ ၈း၅၆။ ၂ ရာ ၁း၉။ နေဟမိ ၅း၁၂၊ ၁၃။ တရား ၁း၁၁။ တရား ၆း၃။ တရား ၉း၂၈။ ယောရှု ၉း၂၁။ ယောရှု ၂၂း၄။ ယောရှု ၂၃း၅)* တို့တွင် "ဒါဘာ" ကို နာမ် အဖြစ် ၄င်း ကြိယာအ ဖြစ်၄င်း ကတိတော်နှင့် ပတ်သက်၍ အနက်ပြန်ထား၏။

အီးဂျိပိုက်သည် ပညတ်တော်နှင့် ပတ်သက်၍ "ပညတ်တော်ဆယ်ပါးတို့သည် ကတိတော်ဆယ်ပါး ဖြစ်ကြသည်" *(သမ္မာကျမ်းစာအနက်ပြန်။ တွဲ၊ ၁။ စာ၊ ၁၁၀၅)* ဟု ဆိုသည်။ ပညတ်ဆယ်ပါးတို့ကို ဘုရား၏ ကတိတော်များဖြစ်၍ လမ်းမှန်သို့ ပို့ဆောင် ကာ ကျွန်ုပ်တို့အတွက် အံ့ဘွယ်အရာများပြုပေးသည်။ ကျွန်ုပ်တို့ ဘက်မှ နားထောင်ရ ပါမည်။

**ဖတ်ပါ – ရောမ ၁၀း၄။ ခရစ်တော်သည် ပညတ်တော်ကို စုံလင်စေသည်ကိုမည်သို့နားလည် သနည်း။**

ရှင်ပေါလုသည် ခရစ်တော်သည် ပညတ်တော်၏ "တဲလိုစ် " ဖြစ်သည်ဟု ဆိုရာ တွင် ပယ်ဖျက်သည်ဟု မဆိုလိုပါ။ ခရစ်တော်သည် ပညတ်တော်၏ ပန်းတိုင်နှင့် ရည်ရွယ်ချက် ဖြစ်သည်။ သူ၏ယဇ်ပူဇော်ခြင်းသည် ပညတ်တော်၏ ခိုင်မာမှုနှင့် ထာဝရ ရပ်တည်ခြင်းကို အဆုံးမသတ်ပါ။

တစ်ဖက်တွင် ပေါလုသည် ပညတ်တော်၏ အရေးပါခြင်းကို ဖော်ပြရာတွင် တရား ဝင်ဖြစ်ခြင်း တည်မြဲ သော ဩဇာရှိခြင်းတို့ကို ဖော်ပြသည် *(ရော ၃း၃၁။ ၁ ကော ၇း၁၉။ ဂလ ၅း၆)*။ "တဲလိုစ်" ၏ အဓိပ္ပါယ်မှန်သည် ပန်းတိုင်နှင့်သာ ပတ်သက်၍၊ အချိန်နှင့် မပတ်သက်ပါ။ ထာဝရဘုရား ပညတ်တော်၏ အနက်မှန်ကို ဖွင့်သောသော့သည် ယေရှုပင်ဖြစ်သည်။ သို့ဖြစ်သဖြင့် ခရစ်တော်သည်ပညတ်တော်ကို ပျက်ပြယ်စေခြင်း ဖယ်ရှားပယ်ဖျက်ခြင်းမရှိခဲ့ပါ။ ခရစ်တော်သည် ပညတ်တော်၏ ပန်းတိုင်ဖြစ်သည်။ ပညတ်တရားကလည်း သူ့ကိုပင် ရည်ညွှန်းထားသည်။

**ပညတ်တော်သည် ယေရှုကို မည်သို့ ညွှန်ပြသနည်း။ ပညတ်တရားသည် ယေရှုကို ညွှန်ပြခြင်းအနေ ဖြင့် ကျွန်ုပ်တို့အကြောင်း မည်သည့်အရာကို ဖော်ပြပေးသနည်း။**

**ထပ်မံစဉ်းစားရန်။** အီးဂျီဝှိုက်၊ ရှေးဘိုးဘေးများနှင့် ပုရောဖက်များ၊ "ကာလသရေလအား ပညတ်တော်ပေးခြင်း" စာ၊ ၃၀၃-၃၁၀ နှင့် "စာတန်သည် ပညတ်တော်အား တိုက်ခိုက်သည်" စာ၊ ၃၃၁-၃၄၂။

"ထာဝရဘုရားသည် ပညတ်တရားတို့ကို ကြောက်မက်ဖွယ်ခမ်းနားထယ်ဝါစွာ မိန့်ကြားခြင်းဖြင့် မိမိ၏ဝိသေသလက္ခဏာကို ဂုဏ်သိက္ခာကြီးမြင့်စေလို၏။ လူထုတို့သည်လည်း ထာဝရဘုရား၏အမှုတော်နှင့် ပတ်သက်သမျှတို့ကို အမြင့်ဆုံးသော ရိုသေသမှုတ်ခြင်းကို ဆက်သကြရပါမည်" *အီးဂျီဝှိုက်၊ ရှေးဘိုးဘေးများနှင့် ပုရောဖက်များ၊ စာ၊ ၃၀၃*။

ရိုသေသမှုတ်ခြင်း၏ ဥပဒေသသည် ယနေ့တိုင်အောင်ပင် တည်မြဲနေသည်။ ဘုရား၏ ကြီးမြတ်ခြင်း သာလွန်ရပ်တည်ခြင်းနှင့် ဩဇာကြီးမားခြင်းတို့မှ စီးဆင်းလာသည်။ ဘုရား၏ဘုန်းတော်ကို မြင်တွေ့၍ နလုံးပီတိဖြစ်လျက် မာန်မာနလျှော့ကျစေ၏။ ဘုရား၏သန့်ရှင်းခြင်းကို အနီးကပ်မြင်တွေ့လေလေ မိမိ အသက် တာ၏ မစုံလင်ခြင်းကို သာ၍သဘောပေါက်လာလေဖြစ်သည်။ ကိုယ်တော်၏ ပုံသဏ္ဍာန်ပြောင်းလဲပေးခြင်း နှင့် သူနှင့်ပုံသဏ္ဍာန်တူလိုသောဆန္ဒပွါးများစေသည်။

ကိုယ်တော်နှင့် ပညတ်တရားတို့၏ သန့်ရှင်းခြင်းကို သိကျွမ်းလာသောအခါ ကျွန်ုပ်တို့အစား အသေခံတော်မူခြင်းကို လုံးဝမှီခို အားကိုးလိုလာသည်။ ယေရှုသည် ဘုရားရှင်ကို မိမိသခင်နှင့် မိမိရှင်ဘုရင်အဖြစ် လက်ခံပါက သူခိုးစေသောအရာတို့သည် နားထောင်ရန် မခက်ခဲကြောင်း *(မဿဲ ၁၁း၂၈-၃၉)* မိန့်တော်မူ၏။ ခရစ်တော်သည် ကောင်းကင်၏ ပညတ်တရားသည် ထာဝစဉ်တည်မြဲသည် *(မဿဲ ၅း၁၇-၂၀)*။ ပညတ်တရားကို မေတ္တာနှင့်ကျေးဇူးဥပကာရဖြင့် စောင့်ရှောက်သူသည် လွတ်လပ်စွာ သူပေးနေသော ကယ်တင်ခြင်းနှင့်စုံလင်သော သူ့မိဿဟာယကိုလည်း ကျွန်ုပ်တို့ ခံစားကြရပါမည်။ ပညတ်တရားစောင့်ရှောက်ခြင်း၏ အကျိုးကျေးဇူးဖြင့် ပျော်ရွှင်နေစဉ် *(ကျူးလွန်ခြင်းသည် နာကျင်ခက်ခဲခြင်းဖြစ်စေ)* ပညတ်တရားအားဖြင့် ကယ်တင်သည်မဟုတ်ဘဲ ယေရှုရှင်သည်သာ ကယ်တင်တော်မူသည်ကိုသိကျွမ်းကာ ပျော်ရွှင်ခံစားကြရပါမည်။

## ဆွေးနွေးရန်မေးခွန်းများ –

**၁ ပညတ်တော်ရရှိရန် ပြင်ဆင်ခြင်းသည် သူတို့လိုအပ်နေသော ရိုသေသမှုတ်ရမည့်သူကိုပါ သိကျွမ်းလာကြသည်။ ယနေ့ အသင်းတော်နှင့် သူ၏အသက်တာတွင် ထာဝရဘုရားအား ထို ရိုသေသမှုတ်ခြင်း အဘယ်မှာရှိသနည်း။ ပြေးပြေးခြင်းရှိလာမည်လား၊ ပျောက်လွှင့်မည်လား။**

**၂ ပဋိညာဉ်၏ပုံသေနည်းကို စိတ်စွဲမှတ်ပါ။ ငါသည်သူတို့၏ဘုရား ဖြစ်မည်။ သူတို့သည် ငါ၏လူဖြစ်ကြမည်။ ယနေ့ကျွန်ုပ်တို့အတွက် မည်သို့အနက်ရှိ၍ တစ်ဦးစီနှင့် အဖွဲ့လိုက် မည်သို့ဖော်ပြကြမည်နည်း။**

**၃ ထာဝရဘုရားသည် မိမိစေခိုင်းသောအရာကို ပြုလုပ်နိုင်သောခွန်အားပေးသည်။ အီးဂျီဝှိုက်သည် သူစေခိုင်းသမျှကို ထောက်ကူသည် ဟုဆို၏ *(ခရစ်တော်၏သရုပ်ပြသင်ခန်းစာ။ စာ၊ ၃၃၃)*။ သူ၏ကတိတော် ဒါဘာ ကိုလက်တွေ့မည်သို့ကျင့်သုံးကြမည်နည်း။**

**၄ ကပ်တိုင်နောက်ပိုင်းတွင် ပညတ်တရားကို ဖယ်ရှားခဲ့ပြီ ဟူသော အဆိုကို မည်သို့ တုံ့ပြန်ရမည်နည်း။ အမှန် ဖယ်ရှားခဲ့သောအရာတို့သည် မည်သည်တို့နည်း။**

# အိပ်မက်တစ်ခု အမှန်တကယ်ဖြစ်လာသည်

Andrew McChesney

အညယူလူဘီသည် ဇမ်ဘီယာနိုင်ငံတွင် သတ္တမနေ့ဥပုသ်နေ့ကို စောင့်ထိန်းသော်လည်း၊ မြော်လင့်ခြင်းအသင်းသား မဟုတ်သည့် အိမ်မှ ကြီးပြင်းခဲ့သည်။ ဥပုသ်နေ့အပြင်၊ သူမ၏ မိဘများ၏ အသင်းတော်သည် ဖျားနာသူများသည် ဆေးဝါးများကို ငြင်းပယ်ပြီး အသင်းတော်ခေါင်းဆောင်များထံမှ ဆုတောင်းချက်ကိုရယူသင့်ပြီး၊ ဖျားနာသူတစ်ဦး သေဆုံးသွားလျှင် အသင်းသားများသည် ၎င်းကို ဘုရားသခင်၏ အလိုတော်အဖြစ် လက်ခံကြ၏။ အသင်းသားများစွာသည် ငှက်ဖျားနှင့် အခြားကုသနိုင်သောရောဂါများဖြင့် သေဆုံးခဲ့ကြသည်။

အညယူလူဘီသည် သူမ၏မိဘများနှင့်သူတို့၏ယုံကြည်ခြင်းကို ချစ်မြတ်နိုးခဲ့သော်လည်း သူမ ဆယ်ကျော်သက်အရွယ်သို့ ရောက်လာသောအခါ၊ သူမနှင့် သူမ၏ အစ်မ တစ်ဦးသည် တနင်္ဂနွေနေ့များတွင် အသင်းတော်သို့ သွားလာခဲ့ကြ၏။ အခြားမောင်နမငါးဦးသည် မြော်လင့်ခြင်းအသင်းတော်သို့ ဝင်ရောက်ခဲ့ပြီး စနေနေ့များတွင် ဆက်လက်ဝတ်ပြု ကိုးကွယ်ခဲ့၏။ သူတို့၏မိဘများသည်ကလေးများ မည်သည့်အသင်းတော်သို့ တက်ရောက်သည်ကိုဂရုမစိုက်ခဲ့ပေ။

ဆယ်ကျော်သက်အရွယ်တွင် အညယူလူဘီသည် သူနာပြုတစ်ဦး ဖြစ်လိုသည့် ဆန္ဒရှိ၏။ ဆေးဝါးကိုငြင်းပယ်ရန် ပြုစုပျိုးထောင်ခံခဲ့ရသော်လည်း၊ သူမသည် ဖျားနာသူများကိုပြုစု စောင့်ရှောက်လိုခဲ့သည်။ သူမသည် အိမ်မှ မိုင် ၂၀ ခန့်အကွာရှိ ချီပါတာမြို့တွင်ရှိ မြမိ မြော်လင့်ခြင်း သူနာပြုကျောင်းတွင် သင်ယူရန် အိပ်မက်မက်ခဲ့သည်။ အထက်တန်း ကျောင်းပြီးသောအခါ၊ သူမသည် မြော်လင့်ခြင်းအသင်းတော်၏ အကြီးအကဲဖြစ်သူ သူမ၏အစ်ကိုကင်ဆန်ထံသို့ သူမ၏ဆန္ဒကို မျှဝေခဲ့သည်။ ကင်ဆန်သည် သူ၏ညီမ မြော်လင့်ခြင်း ကျောင်းတွင် သင်ယူရန် အကြံကို နှစ်သက်ခဲ့ပြီး၊ နောက်နှစ်ကျောင်းဝင်ခွင့် အတွက် မည်သည့်အချိန်တွင် စတင်မည်ကို သိရှိရန် အရှေ့ဇမ်ဘီယာနယ်မြေဥက္ကဋ္ဌထံ ဆက်သွယ်ခဲ့သည်။ ကျောင်းဝင်ခွင့် စာရင်းပိတ်သွားပြီဖြစ်ကြောင်းသိရသောအခါ၊ သူသည် သူ၏ညီမအတွက် နေရာတစ်ခုရရန် တောင်းဆိုခဲ့၏။ အရှေ့ဇမ်ဘီယာ နယ်မြေဥက္ကဋ္ဌ မိုးဇက်စ်ဘန်ဒါသည် ကျောင်းသို့ဆက်သွယ်ခဲ့ရာ စာသင်ခန်းများသည် ပြည့်လျှံနေ၍ ဝင်ရောက်နိုင်ဖွယ်မရှိကြောင်း သိရှိခဲ့၏။ သို့သော် တစ်ရက်၊ နှစ်ရက် အကြာတွင် ကျောင်းက သူမအတွက် နေရာတစ်ခု ပေး၏။

သူမရောက်ရှိပြီး တစ်ပတ်အကြာတွင် ကျောင်းတွင် ဝိညာဉ်ရေးရာ အလေးပေးရက် သတ္တပတ်ကို ကျင်းပခဲ့သည်။ ဇမ်ဘီယာရဲတပ်ဖွဲ့၏ ဘာသာရေးဆရာ ဂိုဒဖရီးဆီယန်ဂါ ဟောပြောသည့် နှစ်ခြင်းခံခြင်းအကြောင်းကို နားထောင်ရင်း သူမ၏စိတ်နှလုံး လှုပ်ရှားခဲ့၏။ သူမသည် ရေနှစ်ခြင်းမခံခဲ့ဖူးပေ။ သူမသည် ယေရှုကဲ့သို့ နှစ်ခြင်းခံရန် စဉ်းစား၏။ ရက်သတ္တပတ် ကုန်ဆုံးသောအခါ အညယူလူဘီသည် နှစ်ခြင်းခံခဲ့ပြီး မြော်လင့်ခြင်းအသင်းတော်သို့ဝင် ရောက်ခဲ့၏။ အရှေ့ဇမ်ဘီယာနယ်မြေ မြော်လင့်ခြင်း မစ်ရှင်ညှိနှိုင်းရေးမှူး "အညယူလူဘီ လိုပင်၊ မြော်လင့်ခြင်း အသင်းသား မဟုတ်သော ကျောင်းသားများစွာသည် မြမိ မြော်လင့်ခြင်း သူနာပြုကျောင်းသို့ လာရောက်ပြီး ယေရှုကို လက်ခံကြသည်" ဟု သူဆို၏။ "မြမိ မြော်လင့်ခြင်းသူနာပြုကျောင်းသည် နှစ်စဉ် ကျောင်းသားသစ်များနှင့် ယေရှု၏ မေတ္တာကို တက်ကြွစွာမျှဝေ ပေးနေသည်။"



ဇမ်ဘီယာနှင့် ဤသုံးလပတ်၏ ၁၃ပတ်အလှူငွေရမည့်သူ တောင်အာဖရိက–အိန္ဒိယ သမုဒ္ဒရာဌာနခွဲရှိအခြားနိုင်ငံများတွင် ဧဝံဂေလိတရားကိုကြွေးကြော်နိုင်ရန် ဆုတောင်းပါ။

## အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်

**အစီကာကျမ်းချက်။** ထွက်မြောက်ရာကျမ်း ၁၉း၄ – ၆

**လေ့လာမှုဦးတည်ချက်။** ထွက်မြောက်ရာကျမ်း ၁၉း၁ – ၂၀း၂၀

**နိဒါန်း။** သိနာတောင်တွင် ဘုရားသခင်သည် သူ၏လူများနှင့် ပဋိညာဉ်တစ်ခု တည်ထောင်ခဲ့သည်။ သူသည် ဤစာချုပ် စတင်သူဖြစ်သည်။ စတင်သူအနေဖြင့် ဘုရားသခင်သည် သူ၏လူများအား ကျေးဇူးပြုပြီး သူတို့နှင့် ဆက်ဆံရေးတစ်ခု ထူထောင်ခဲ့သည်။ ဘုရားသခင်သည် ဣသရေလလူမျိုးအား သူ၏ထူးခြားသောလူများ၊ သူ၏အဖိုးတန်ဥစ္စာ၊ နိုင်ငံ၏ ယဇ်ပုရောဟိတ်များ၊ သန့်ရှင်းသောလူမျိုးဖြစ်စေလိုသည်။ ဣသရေလ၏အောင်မြင်မှုသည် ဘုရားသခင်၏မေတ္တာဖြင့်ပြည့်သော လမ်းညွှန်မှုနှင့် အဲဂုတ္တုပြည်တွင်နှင့် သိနာတောင်သို့ သွားရာလမ်းတွင် သူပြုလုပ်ခဲ့သော တန်ခိုးကြီးသောလုပ်ဆောင်မှုများကို သူတို့၏အပြုသဘောဆောင်သော တုံ့ပြန်မှုအပေါ် မူတည်မည်ဖြစ်သည်။ ဘုရားသခင်သည် သူတို့အား သူ့နောက်လိုက်ရန် ဖိတ်ခေါ်ခဲ့ပြီး၊ သူတို့အတွက် တောက်ပသောအနာဂတ်ကို စီစဉ်ထားကြောင်း သက်သေပြခဲ့သည်။ သူတို့သည် သူ၏သွန်သင်ချက်များကို လိုက်နာပြီး သူနှင့် စစ်မှန်သောဆက်ဆံရေးကို ပြုစုပျိုးထောင်ရန် ကြိုးစားမည်ဆိုပါက၊ ဘုရားသခင်သည် သူတို့ကို ကတိထားရာပြည်သို့ မကြုံစဖူးသောနည်းဖြင့် ပို့ဆောင်နိုင်မည်ဖြစ်သည်။ သူသည် မည်သူဖြစ်ကြောင်း၊ သူတို့အတွက် ဘာလုပ်ပေးသည်ကို သိရှိရန် လိုအပ်ပြီး၊ သူ့ကို သဘောကျရိုပ်မိရန်၊ ချစ်ရန်၊ နာခံရန်နှင့် ကိုးကွယ်ရန် လိုအပ်သည်။ ပညတ်တော် (၁၀) ပါး လက်ဆောင်သည် ပျော်ရွှင်မှု၊ မျှတမှု၊ နှင့် သာယာဝပြောသောဘဝအတွက် အခြေခံမှုများကို ဖော်ထုတ်ပြသခဲ့သည်။

### သင်ခန်းစာအစီအကြောင်းအရာ

ဣသရေလလူမျိုးကို အဲဂုတ္တုပြည်မှ ထုတ်ဆောင်ကာ ပင်လယ်နီနှင့် တောကန္တာရ မှတစ်ဆင့် သိနာတောင်သို့ လမ်းပြခေါ်ဆောင်ရင်း၊ ဘုရားသခင်သည် သူတို့ကို သူ့ထံသို့ ပို့ဆောင်လိုခဲ့သည် (ထွက် ၁၉း၄)။ တစ်နှစ်ခန့်ကာလအတွင်း၊ သူသည် ဤဖြစ်စဉ်မှ တစ်ဆင့် သူတို့ကို သင်ကြားပေးခဲ့သည်။ ဘုရားသခင်သည် သူ၏လူများအတွက် မေတ္တာရှင်မိဘကဲ့သို့ဖြစ်ပြီး၊ သူတို့၏သာယာဝပြောမှုအတွက် အကောင်းဆုံးဖြစ်သည့်အရာများကို သွန်သင်ပေးခဲ့သည်။ ဘုရားသခင်သည် အဲဂုတ္တုနတ်ဘုရားများကို အနိုင်ယူပြီး၊ ဘေးဒဏ်များနှင့် အဲဂုတ္တုပြည်မှ ထွက်ပြေးလွတ်မြောက်မှုမှတစ်ဆင့် သူတို့ကို ပြုစုစောင့်ရှောက်ပုံကို လူအများ မြင်တွေ့ခဲ့ကြ၏။ ထို့နောက် ဘုရားသခင်သည် သူတို့အား အဖိုးတန်ဆုံး လက်ဆောင်ဖြစ်သည့် ပညတ်တော် (၁၀) ပါးကို ပေးအပ်ခဲ့ပြီး၊ သူ့ကို ကြောက်ရွံ့ရိုသေနည်းကို သင်ကြားပေးခဲ့သည် (ထွက် ၂၀း၂၀)။ ဤသင်ခန်းစာတွင် ဘုရားသခင်၏ပညတ်တော်၏ မတူညီသော လုပ်ဆောင်ချက်များကို ကျွန်ုပ်တို့ ဆင်ခြင်သုံးသပ်သည်။

## အပိုင်း ၂။ အနက်ဖွင့်ကျမ်း

ပညတ်တော် ၁၀ ပါးသည် ဘုရားသခင်၏ဗျာဒိတ်တော်နှင့် ကျမ်းစာဆိုင်ရာ ကျင့်ဝတ်များ၏ နှလုံးသားဖြစ်ပြီး ကယ်တင်ခြင်းရပြီးသားဟု ကြိုတင်ယူဆထားသည်။ ၎င်းသည် ကျမ်းစာသွန်သင်ချက်များ၏ Magna Carta ဖြစ်ပြီး ၎င်း၏အနှစ်ချုပ်၊ စံနှုန်းအားလုံး၏ စံဖြစ်သည်။ ၎င်းသည် လူသားအားလုံးအတွက် ဘုရားသခင်၏စံနှုန်းများ၏ အနှစ်သာရနှင့် အခြေခံအုတ်မြစ်ဖြစ်၏။ ၎င်း၏မူများသည် ထာဝရဖြစ်သည်။ ပညတ်တော်(၁၀)ပါး ပေးအပ်ခြင်းအကြောင်း မောရှေ၏ကျမ်း ငါးစောင်တွင် ၎င်းကို ဘုရားသခင်ကိုယ်တိုင် ကြွေးကြော်ခဲ့ပြီး (ထွက် ၁၉း၁၉၊ ၂၀း၁။ တရား ၅း၄၊ ၅၊ ၂၄) သူကိုယ်တိုင်ရေးသားခဲ့သည် (ထွက် ၂၄း၁၂။ ၃၁း၁၈၊ တရား ၅း၂၂) ဟု ဖော်ပြထား၏။ ၎င်းကို မောရှေထံ အထူး လက်ဆောင်အဖြစ် နှစ်ကြိမ်ပေးအပ်ခဲ့သည် (ထွက် ၃၂း၁၉၊ ၃၄း၁။ တရား ၁၀း၁၊ ၂)။ ထွက်မြောက်ရာကျမ်းတွင် ပညတ်တော် (၁၀) ပါးကို "သက်သေခံချက်" (ထွက် ၃၁း၁၈) နှင့် "ပဋိညာဉ်စကားများ" (ထွက် ၃၄း၂၈) ဟု ခေါ်ဆို၏။ "ဒေကာလော့ (ပညတ်တော် (၁၀)ပါး)" ဟူသော စကားစုကို ဟေဗြဲဘာသာတွင် အသုံးမပြုသော်လည်း၊ ၎င်းတို့ကို ထွက်မြောက်ရာ ၂၀း၆ တွင် "ပညတ်များ" ဟု ရည်ညွှန်းသည်။ ဒေကာလော့ကို သုံးကြိမ်တိုင်တိုင် "စကားဆယ်လုံး" (ဟေဗြဲ- 'aseret haddebarim; ထွက် ၃၄း၂၈။ တရား ၄း၁၃။ ၁၀း၄ တွင် ဟေဗြဲ အသုံး အနှုန်းကို ကြည့်ပါ) ဟု ခေါ်ဆိုသည်။

ထွက်မြောက်ရာကျမ်းနှင့် တရားဟောရာကျမ်းနှစ်ခုစလုံးတွင်၊ ပညတ်တော် (၁၀) ပါးသည် တရားဥပဒေစုစည်းမှုများနှင့် ၎င်းတို့၏အဓိပ္ပာယ်ဖွင့်ဆိုမှုများ၏ အစတွင် တည်ရှိသည်။ ပညတ်တော်(၁၀)ပါးတွင် အနည်းငယ်ကွဲပြားသော ဗားရှင်းနှစ်ခုရှိပြီး၊ ပထမတစ်ခုကို ထွက်မြောက်ရာ ၂၀း၁ – ၁၇ တွင် မှတ်တမ်းတင်ထားပြီး၊ ဒုတိယတစ်ခုကို တရားဟောရာ ၅း၆ – ၂၁ တွင် မှတ်တမ်းတင် ထားသည်။ မောရှေက ဣသရေလလူမျိုးသို့ နှုတ်ဖြင့်တင်ပြသော ဒုတိယဗားရှင်းသည် နှစ်ပေါင်း လေးဆယ်နီးပါးအကြာ၊ ကတိထားရာပြည်သို့ မဝင်မီ (တရား ၁း၃၊ ၄။ ၄း၄၄ – ၄၇) ဖြစ်ပွားခဲ့ပြီး၊ ယခုတွင် သူသည် ထွက်မြောက်ရာကျမ်းတွင် ပေးအပ်ခဲ့သောရွေးနှုတ်ခြင်းကို အလေးပေး ပြောကြားခဲ့၏။ ပေါလုသည် တရားဥပဒေကိုမေတ္တာဖြစ်သည်ဟု အနှစ်ချုပ်ပြောသောအခါ၊ သူသည် ပညတ်တော် (၁၀)ပါးမှ ကိုးကားခဲ့သည် (ရောမ ၁၃း၈ – ၁၀။ ဂလ ၅း၁၄)။ မေတ္တာသည် ဘုရားသခင့်ပညတ်တော်၏ အနှစ်သာရဖြစ်၏၊ အကြောင်းမှာ သူသည် မေတ္တာတော်ရှင်ဘုရားဖြစ်၏ (၁ ယော ၄း၁၆)။

ပညတ်တော်(၁၀)ပါးထဲမှ သတ်မှတ်ထားသော ဥပဒေများသည် သိနာတောင် မတိုင်မီ ကတည်းက အကျဉ်းချုပ်အားဖြင့် လူသိများခဲ့သော်လည်း၊ ဘုရားသခင်ကိုယ်တိုင်က ၎င်းပညတ်တော် (၁၀) ပါးကို သူ၏လူများနှင့် လူသားအားလုံးထံ တရားဝင်တင်ပြရန် ရွေးချယ်ခဲ့သည်။ အကြောင်းမှာ ဤပညတ်တော်များက သူသည် မည်သူဖြစ်သည်၊ သူ၏စရိုက်နှင့် သူ၏တန်ဖိုးများကို စနစ်တကျ ထင်ဟပ်ပြသထားသောကြောင့် ဖြစ်သည်။

ပညတ်တော်၏လုပ်ဆောင်ချက်သည် ၎င်းကို စောင့်ထိန်းခြင်းဖြင့် ကယ်တင်ခြင်းရရှိရန် သင်ကြားပေးရန် မဟုတ်ပေ။ ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် ဘုရားသခင့် ပညတ်တော်ကို ကယ်တင်ခြင်းရရှိရန်အတွက် စောင့်ထိန်းရမည်မဟုတ်ဘဲ၊ ကျွန်ုပ်တို့ ကယ်တင်ခြင်း ခံရပြီးသောကြောင့် စောင့်ထိန်းရခြင်းဖြစ်သည်။ ပညတ်တော်သည် အသက်၏ ရင်းမြစ် မဟုတ်ဘဲ၊ ကျွန်ုပ်တို့ရရှိထားသော အသက်ကို ထင်ရှားစေပြီး ဖော်ပြရန် နည်းလမ်းဖြစ်သည်။

ကျမ်းစာတွင် ဘုရားသခင်၏ပညတ်တော်ကို အလွန်အပြုသဘောဆောင်သော ရှုထောင့်ဖြင့် မြင်တွေ့ရသည် (မ ၅း၁၆၊ ၁၇။ ယော ၁၄း၁၅၊ ဂလ ၃း၂၁။ ၁ကော ၇း၁၉)။ ပညတ်တော်နှင့်ပတ်သက်၍ ကဗျာများဖန်တီးနိုင်သည် (ဆာ ၁၁၉ ကဲ့သို့ ပြောင်မြောက်သော လက်ရာ)၊ ပညတ်တော်ကို သီဆိုနိုင်သည် (ဆာ ၁၉)၊ နှင့် ၎င်းကို နေ့ညမပြတ် ဆင်ခြင်တွေးတောနိုင်သည် (ဆာလံ ၁း၂၊ ယောရှု ၁း၈)၊ အကြောင်းမှာ ၎င်းသည် လူကို မကောင်းမှုမှ ကာကွယ်ပေးပြီး ဉာဏ်ပညာ၊ နားလည်မှု၊ ကျန်းမာရေး၊ သာယာဝပြောမှု၊ နှင့် ငြိမ်းချမ်းမှုတို့ကို ပေးစွမ်းသောကြောင့်ဖြစ်သည် (တရား ၄း၁ - ၆။ သုတ္တံ ၂၊ ၃)။

ပညတ်တော် (၁၀) ပါးတွင် အရေးကြီးသော လုပ်ဆောင်ချက်များစွာရှိသည် -

၁။ ဘုရားသခင်၏ပညတ်တော်သည် လွတ်လပ်မှု၏ အာမခံချက်ဖြစ်သည် (က ၂း၁၆၊ ၁၇။ ယာကုပ် ၂း၁၂)။ ၎င်းသည် ဘဝအတွက် ကျယ်ပြန့်ပြီး လွတ်လပ်သောနေရာကို ဖန်တီးပေးသော ခြံစည်းရိုးတစ်ခုနှင့်တူပြီး၊ သတ်မှတ်ထားသော အချက်တစ်ခုကိုကျော်လွန်လျှင် အန္တရာယ်၊ ပြဿနာများ၊ ရှုပ်ထွေးမှုများ နှင့် သေဆုံးမှုများရှိကြောင်း သတိပေးသည်။ ထိုလွတ်လပ်မှု၏ခြံဝန်းထဲမှ ထွက်သွားသူများအတွက် အနာဂတ်မရှိပေ။

၂။ ပညတ်တော်သည် မှန်တစ်ချပ်ဖြစ်သည် (ယာကုပ် ၁း၂၃ - ၂၅)။ ၎င်းတွင် ကျွန်ုပ်တို့ မည်မျှညစ်ပတ်နေသည်ကို မြင်နိုင်ပြီး သန့်စင်ရန် မည်မျှလိုအပ်သည်ကို သိရှိနိုင်သည်။ ပညတ်တော် (၁၀) ပါးသည် ကျွန်ုပ်တို့၏အပြစ်ရှိမှုကို ဖော်ထုတ်ပြသသော်လည်း၊ ၎င်းသည် ကျွန်ုပ်တို့ကို အပြစ်နှင့် အပြစ်ရှိတယ်လို့ခံစားရသည့်စိတ်မှ သန့်စင်ပေးနိုင်စွမ်းမရှိပေ (ရောမ ၃း၂၀)။

၃။ ဘုရားသခင်၏ပညတ်တော်သည် လမ်းညွှန်ဆိုင်းဘုတ်တစ်ခုဖြစ်သည်။ ထိုသို့ဖြစ်ရာ၊ ၎င်းသည် ကျွန်ုပ်တို့ကို *paidagogos* သို့မဟုတ် ကျောင်းဆရာတစ်ဦးအဖြစ် ခရစ်တော်ထံသို့ ပို့ဆောင်ပေးသည် (ဂ ၃း၂၄)။ ၎င်းသည် ကျွန်ုပ်တို့၏အပြစ်များကို သန့်စင်ပေးသူ၊ ခွင့်လွှတ်ပေးသူ၊ ကျွန်ုပ်တို့၏ဘဝများကို ပြောင်းလဲပေးသူ ယေရှုကို ညွှန်ပြသည် (၂ကော ၅း၁၇။ ၁ယော ၁း၇ - ၉)။

၄။ ပညတ်တော် (၁၀) ပါး သည် ကျွန်ုပ်တို့အတွက်ဘုရားသခင်၏ ကတိတော်ဖြစ်၏။ ဤတရားဥပဒေများကို ကြွေးကြော်ခြင်းဖြင့်၊ ကျွန်ုပ်တို့သည် သူနှင့် ရင်းနှီးသော ဆက်ဆံရေးကိုထိန်းသိမ်းထားပါက၊ ဤစံနှုန်းများသည် ကျွန်ုပ်တို့ဘဝ၏ အစိတ်အပိုင်းဖြစ်လာမည်ဟု ဘုရားသခင်က ကတိပြုသည်။ သူသည် ဤစံနှုန်းများကို ကျွန်ုပ်တို့၏ အမြဲတမ်း လူနေမှုပုံစံ ဖြစ်လာ စေရန် အာမခံ ပေးသူဖြစ်သည်။ ကျွန်ုပ် တို့သည် သူနှင့် အလွန် ရင်းနှီး လာမည်

ဖြစ်ပြီး၊ တားမြစ်ထားသည့်အရာများကို မလိုချင်တော့ပေ။ ကျွန်ုပ်တို့သည် သူနှင့် မိတ်သဟာယ ဖွဲ့မှုတွင် ပျော်ရွှင်စွာ နေထိုင်မည်ဖြစ်ပြီး၊ သူ၏ကျေးဇူးတော်၊ နှုတ်ကပတ်တော်၊ နှင့် သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးဖြင့် ဤနာခံမှုကို ကျွန်ုပ်တို့အတွင်း၌ ပြည့်စုံစေရန် သူ့ကို တောင်းဆိုမည်ဖြစ်သည်။

ပညတ်တော် (၁၀) ပါးတွင်၊ စတုတ္ထနှင့် ပဥ္စမပညတ်တို့ကို ဟေဗြဲဘာသာစကားဖြင့် အပြုသဘောဆောင်သော အမိန့်ပေးပုံစံဖြစ်သည့် အကြွင်းမဲ့ပြုလုပ်မှုပုံစံ (infinitive absolute) ဖြင့် ပေးထားပြီး၊ ဥပဒေဆိုင်ရာစာသားတွင် အဓိပ္ပါယ်နှစ်မျိုးရှိသည် - အမိန့်တစ်ခု သို့မဟုတ် ပြတ်သားသောကတိတစ်ခု (E. Kautzsch, ed., *Gesenius' Hebrew Grammar* [Oxford: Clarendon, 1910], pars. 113bb and 113ee ကို ကြည့်ပါ)။ အခြားပညတ်များကို ငြင်းဆိုမှုစကားလုံး *l'o* ("မဟုတ်") နှင့် အလိုတော်ပြည့်စုံမှုပုံစံ (jussive) (မပြည့်စုံသောပုံစံတူ) ကို အသုံးပြု၍ အပျက်သဘောဆောင်သော အမိန့်များအဖြစ် ဖော်ပြထားသည်။ ထိုသို့သော ဟေဗြဲအသုံးအနှုန်း၏ အဓိပ္ပါယ်သည် အမြဲတမ်းတားမြစ်ချက်ဖြစ်သည့်အပြင်၊ ၎င်းသည် အနာဂတ်အခြေအနေကိုလည်း ဖော်ပြသည်ဟု အကြံပြုထားသည်၊ ထို့ကြောင့် ကတိတစ်ခုဖြစ်သည် (Jacques B. Doukhan, *Hebrew for Theologians: A Textbook for the Study of Biblical Hebrew in Relation to Hebrew Thinking* [Lanham, MD: University Press of America, 1993], p. 41 ကို ကြည့်ပါ)။ ဤအကြံပြုချက်အရ၊ သင့်လျော်သောဘာသာပြန်မှုမှာ "သင်သည် မ(ခိုးဘဲနေ) လိမ့်မည်" ဖြစ်ပြီး "သင်သည် မ(ခိုး) သင့်ပါ" မဟုတ်ပေ။ ပညတ်တော် (၁၀) ပါးကို ကတိတစ်ခုအဖြစ် နားလည်မှုအတွက် ထောက်ခံမှုကို တရားသူကြီး ၆း၂၃ တွင် တွေ့ရှိနိုင်သည်၊ ၎င်းတွင် ထာဝရဘုရားက ဂိဒေါင်အား "သင်သည် မသေရ (သေဘေးနှင့် လွတ်လျက်ရှိသည်)" ဟု ကတိပြုထားသည်။ ဤဝါကျတွင် သဒ္ဒါဖွဲ့စည်းပုံသည် ပညတ်တော် (၁၀) ပါး ထဲတွင်ရှိသည့်အတိုင်း အတိအကျတူညီသည်။

ပညတ်တော် (၁၀) ပါးကို ဖော်ပြရန်အသုံးပြုသော ဟေဗြဲစကားလုံး *dabar* ၏ အဓိပ္ပါယ်သည် မဖြစ်မနေ "ပညတ်တော်" ဟု ဆိုလိုသည်မဟုတ်ဘဲ "စကားလုံး" သို့မဟုတ် "ကတိ" ဟု ဆိုလိုသည်။ ၎င်းသည် အင်္ဂလိပ်ဘာသာပြန်ဗားရှင်းများပေါ်တွင် မူတည်သော်လည်း၊ ဥပမာအားဖြင့်၊ နာမ်စား *dabar* ကို "ကတိ" အဖြစ်အသုံးပြုထားသည်ကို ၃ရာ ၈း၅၆။ ၆ရာ ၁း၉။ နေဟ ၅း၁၂၊ ၁၃၊ နှင့် ဆာ ၁၀၅း၄၂ တို့တွင် ကြည့်ပါ။ ထို့ပြင် "ကတိပြုခြင်း" နှင့် အဓိပ္ပါယ်တူညီသော *dabar* ကို ကြိယာအဖြစ်အသုံးပြုထားသည်ကို တရားဟောရာကျမ်း ၁း၁၁။ ၆း၃။ ၉း၂၈။ ယောရှု ၉း၂၁။ ၂၂။၄ နှင့် ၂၃။၅ တို့တွင် တွေ့ရှိနိုင်သည်။

အယ်လင်ဂျီဝှိုက်သည် ပညတ်တော် (၁၀) ပါး၏ လုပ်ဆောင်ချက်နှင့် ပတ်သက်၍ အောက်ပါဖော်ပြချက်ဖြင့် ကျွန်ုပ်တို့၏အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အတည်ပြုသည် - "ပညတ်တော် (၁၀) ပါး ... သည် ကတိဆယ်ခုဖြစ်သည်။"—လက်ရေးမူကြမ်း ၄၁၊ ၁၈၉၆ [The SDA Bible Commentary၊ အတွဲ ၁၊ စာမျက်နှာ ၁၁၀၅ တွင် ထုတ်ဝေသည်]။ "ဘုရား

သခင်ပေးသော အမိန့်တိုင်း သို့မဟုတ် တားမြစ်ချက်တိုင်းတွင် အမိန့်၏အောက်တွင် အလွန်ပြတ်သားသော ကတိတစ်ခုရှိသည်။"—Thoughts From the Mount of Blessing၊ စာမျက်နှာ ၇၆။ သူမက "ကောင်းကင်မှ ဘုရားသခင်၏အသံ" သည် ဝိညာဉ်ထံသို့ ကတိပေးသည့်အနေဖြင့် "ဤအရာကို လုပ်ပါ၊ သို့ဆိုလျှင် သင်သည် စာတန်၏ လွှမ်းမိုးမှုနှင့် ထိန်းချုပ်မှုအောက်သို့ မရောက်ရှိပါ" ဟု ပြောကြားကြောင်း အလေးပေးဖော်ပြသည်။—ပေးစာ ၈၉၊ ၁၈၉၈ [The SDA Bible Commentary၊ အတွဲ ၁၊ စာမျက်နှာ ၁၁၀၅ တွင် ထုတ်ဝေသည်]။

ပညတ်တော်၏ ကန့်သတ်ချက်များသည် ကျွန်ုပ်တို့၏အကျိုးအတွက်သာဖြစ်ပြီး၊ ပျော်ရွှင်မှုနှင့် အသက်ကို ထိန်းသိမ်းရန်အတွက်ဖြစ်၏ (မိက္ခာ ၆း၈။ ယော ၁၀း၁၀)။ ပညတ်တော်သည် ဘုရားသခင်ကို ကိုးစားပြီး၊ ခရစ်တော်ကို ယုံကြည်သောအားဖြင့် သူ့ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းခံရသူများအတွက် ကျင့်ကြံပြုမူမှု၏ စံနှုန်းဖြစ်သည်။ ပဋိညာဉ်သစ်တွင် တရားဥပဒေ၏ နေရာသည် အံ့ဖွယ်ဖြစ်သည်—၎င်းသည် နှလုံးထဲတွင် စိုက်ပျိုးထားသည်။ ပညတ်တော်သည် အတွင်းစိတ်တွင် ထည့်သွင်းထားခြင်း (မ ၅း၂၁–၄၈ ကို ကြည့်ပါ) ဖြစ်ပြီး၎င်းကို ဝန်ထုပ်ဝန်ပိုးအဖြစ် မဟုတ်ဘဲ ပျော်ရွှင်မှုအဖြစ် ရှုမြင်သင့်သည်။ ပညတ်တော်ကို မှန်ကန်စွာ လိုက်နာသူများသည် ဘုရားသခင်က သူတို့အတွက် ပြုလုပ်ခဲ့သည်နှင့် ယခုလုပ်ဆောင်နေသည်များအတွက် ကျေးဇူးတင်စိတ်နှင့် ကျေးဇူးသိတတ်စိတ်ဖြင့် ၎င်း၏ ပညတ်များကို နာခံရင်း၊ မှန်ကန်သောရည်ရွယ်ချက်များဖြင့် ၎င်း၏ကတိများကို လိုက်လျှောက်ကြသည်။ ကျေးဇူးတော်သည် ပညတ်တော်ကို ပြောင်းလဲမသွားသော်လည်း၊ ၎င်းအပေါ် ကျွန်ုပ်တို့၏သဘောထားသည် ပြောင်းလဲသွားသည်။ ပေါလုသည် ပညာဝါဒီနှင့် ဘုရားသခင်၏ ပညတ်တော်ကို အလွဲသုံးစားပြုမှုကို ဆန့်ကျင်သည် ဖြစ်သော်လည်း၊ ပညတ်တော်ကိုယ်တိုင်ကို ဆန့်ကျင်ခြင်းမဟုတ်ပေ (ရော ၇း၉–၁၂)။

ယေရှုခရစ်သည် ပညတ်တော်၏ telos ဖြစ်သည် (ရောမ ၁၀း၄)၊ ဆိုလိုသည်မှာ သူသည် ၎င်း၏ရည်မှန်းချက်နှင့် ရည်ရွယ်ချက်ဖြစ်ပြီး၊ ၎င်း၏တရားဝင်မှု ရပ်စဲခြင်း သို့မဟုတ် ပြီးဆုံးခြင်းဟူသော အဓိပ္ပာယ်ဖြင့် အဆုံးမဟုတ်ပေ။ ခရစ်တော်သည် တရားဥပဒေ၏ စစ်မှန်သော အဓိပ္ပါယ်နှင့် ရည်ရွယ်ချက်ကို ဖွင့်လှစ်ပေးသော အဓိပ္ပာယ် ဖွင့်ဆိုခြင်း၏ သော့ဖြစ်သည်။ ထို့ကြောင့် ခရစ်တော်သည် ပညတ်တော်ကို တရားမဝင်စေခဲ့သည်၊ ရပ်စဲခဲ့သည်၊ အစားထိုးခဲ့သည်၊ သို့မဟုတ် ဖျက်သိမ်းခဲ့သည်ဟု ဆိုရန်မမှန်ပေ၊ ခရစ်တော်သည် ပညတ်တော်အား အဓိပ္ပါယ်ပြန်ပေးသည်။

ယောရှုက သူ၏ပရိသတ်အား သတိပေးခဲ့သည့်အတိုင်း၊ ကျွန်ုပ်တို့သည် ဘုရားသခင်အား နာခံရန် မစွမ်းနိုင်ပေ– "သင်တို့သည် ထာဝရဘုရားအား ဝတ်မပြုနိုင်။" (ယောရှု ၂၄း၁၉)။ သို့သော် ကျွန်ုပ်တို့၏ အားနည်းချက်ကို ဘုရားသခင်ထံ တောင်းဆိုသောအခါ၊ သူသည် ကျွန်ုပ်တို့ကို သန့်မာစေမည်ဖြစ်သည်။ သူသည် ကျွန်ုပ်တို့အား သူ၏ သန့်ရှင်းသောဝိညာဉ်တော်ကို ပေးအပ်မည်ဖြစ်ပြီး၊ ၎င်းသည် ကျွန်ုပ်တို့ကို သူ့ကို နာခံရန် လှုံ့ဆော်

ပေးမည်ဖြစ်သည် (ယောဇ ၃၆း၂၇)။ ပေါလုက ပြောသည် – "ငါသည် အားနည်းသောအခါ တန်ခိုးနှင့်ပြည့်စုံလျက်ရှိ၏" (၂ကော ၁၂း၁၀)။ နာခံမှုသည် ကျွန်ုပ်တို့အတွင်းရှိ သန့်ရှင်းသောဝိညာဉ်တော်၏ အမှုဖြစ်သည်။

## အပိုင်း ၂။ လက်တွေ့ အသုံးချခြင်း

သင်၏ကျောင်းသားများအား အောက်ပါမေးခွန်းများကို မေးပါ –

**၁။ လူသားများအနေဖြင့် ဘုရားသခင်၏ ကျေးဇူးတော်လွှမ်းမိုးမှုအောက်တွင်သာ မှန်ကန် သောအရာကို လုပ်ဆောင်ရန် ဆုံးဖြတ်နိုင်သည်။ ကျွန်ုပ်တို့သည် သူ့ကို နာခံဖို့ ဆုံးဖြတ်ရန် လိုအပ်သော်လည်း၊ ထို ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရန် သို့မဟုတ် သူ့နောက်လိုက်ရန် စွမ်းအားမရှိပေ။ ကျွန်ုပ်တို့၏ အားနည်းချို့ယွင်းမှုနှင့် ပျက်စီးလွယ်မှုတွင် ကျွန်ုပ်တို့သည် ကိုယ်ပြင်ပမှ အကူအညီ လိုအပ်သည်။ သတင်းကောင်းမှာ သူသည် နာခံမှုအတွက် ဆန္ဒ (သူ၏ ချစ်ခြင်းမေတ္တာသံတော်မှုသံကို တုံ့ပြန်ခြင်းဖြစ်သည်) နှင့် စွမ်းအားကို ပေးအပ်သည် (ဖိ ၂း၁၃)။ လက်တွေ့တွင်၊ ဤပေးအပ်မှုများသည် သင်တို့၏ ဘဝများတွင် မည်သို့အလုပ်လုပ်သည်ကို သင်မည်သို့မြင်သနည်း။**

________________________________________

________________________________________

________________________________________

**၂။ ဘုရားသခင်က မည်သည့်အမိန့်ပေးသည်ဖြစ်စေ၊ သူ၏နောက်လိုက်များအား ၎င်းကို လိုက်နာနိုင်ရန် စွမ်းဆောင်ပေးသည်။ အဲလင်ဂျီဝှိုက်က "သူ၏အမိန့်ပေးချက် အားလုံး သည် စွမ်းဆောင်နိုင်မှုများ ဖြစ်သည်" ဟုဖော်ပြထားသည်။—*Christ's Object Lessons*၊ စာ ၃၃၃။ ထိုရှုထောင့်မှကြည့်လျှင် ပညတ်တော်ဆယ်ပါးသည် တကယ် တော့ ကောင်းချီးဆယ်ပါးဖြစ်၏။ မည်သည့်သဘော၊ မည်သို့ဖြင့် ဘုရားသခင်၏ပညတ်တော်များသည် ယုံကြည်သူများအား ဘုရားသခင်အား နာခံရန် စွမ်းဆောင် ပေးနိုင်သနည်း။**

________________________________________

________________________________________

________________________________________

**သင်ခန်းစာ - ၉** *ဩဂုတ် ၂၃ - ၂၉

# ပညတ်တော်အတိုင်း အသက်ရှင်ခြင်း



## ဥပုသ်နေ့မွန်းလွဲပိုင်း

**ဖတ်ရန်ကျမ်းချက်များ။** ထွက် ၂၁း၁ – ၃၂။ ၂၂း၁၆ – ၂၃း၃၃။ ၃ ဓမ္မ ၁၉း၃၅။ မဿဲ ၅း၃၈ – ၄၈။ ရောမ ၁၂း၁၉။ မဿဲ ၁၆း၂၇။

**အလွတ်ကျမ်းချက်။** **"ထာဝရဘုရားကလည်း၊ ဣသရေလအမျိုးတို့အား ပြန်ပြောသောစကားဟူမူကား၊ ငါသည် ကောင်းကင်ဘုံမှ သင်တို့နှင့် နှုတ်ဆက်ကြောင်းကို သင်တို့သည် သိမြင်ကြပြီ။ ငါ့ကို ကိုးကွယ်သော အမှု၌ ကိုယ်သုံးဖို့ငွေဘုရား ရွှေဘုရားမလုပ်ရ။"** (ထွက်မြောက်ရာကျမ်း ၂၀း၂၂၊ ၂၃)

ထာဝရဘုရားသည် သူ့လူတို့ကို ပတ်ဝန်းကျင်လူတို့နှင့် ခြားနားစေလိုသည်။ သူ၏ ဦးဆောင်မှုတွင် သစ္စာခံသော အသိုင်းအဝိုင်းအဖြစ် တည်စေလိုသည်။ ပညတ် တရားတော်ကို ဝန်ခံစေလိုသည်။ တရားစီရင် သူများကိုလည်း ပညတ်တရားလက်အောက် တွင်၄င်း ယဇ်ပုရောဟိတ်တို့ကိုလည်း ထိုသို့ သွန်သင်စေလိုသည်။ မိဘတို့သည် လည်း အရေးကြီးသောကဏ္ဍတွင် တာဝန်ရှိစေသည်။

မည်သည့်ရိုးရာဓလေ့မှာမဆို ပညတ်တရားသည် စံနမူနာ၊ ပန်းတိုင်၊ ရည်ရွယ် ချက်နှင့်ပညတ်တရားကိုပေးသောသူ၏ ဝိသေသလက္ခဏာဖြစ်သည်။ သာဓကတစ်ခု၊ ဖါရောသည် ပောဖြဲသူငယ်များကို သေဒဏ် ထုတ်ဆင့်ရာတွင် ထို ပညတ်သည် သူ၏ ယုတ်မာခြင်းကို ပြသသည်။ ရှင်ဘုရင်တစ်ပါးသည် ၁၈ နှစ်အထက် လူငယ်များကို အခမဲ့ပညာသောစနစ်ကို ပြဌာန်းသည် ဆိုပါစို့။ ပြည်သူတို့သည် ထိုရှင်ဘုရင်၏ သဘောထား ပြည့်ဝခြင်းနှင့် နိုင်ငံတော်တိုးတက်စေလိုခြင်းတို့ကို မြောက်များစွာတို့မှ မြင်တွေ့ရကြလိမ့်မည်။

ပညတ်တရားတော်သည် ထာဝရဘုရားနှင့် သူ၏ ကောင်းမြတ်ခြင်း၊ မေတ္တာ၊ အာနိသင်၊ ဖြောင့်မတ်ခြင်းနှင့် အဆိုးပေါ် သူ၏ကန့်သတ်ချက်တို့ကို ဖော်ပြသည်။ ပညတ်တရားတော်သည် သန့်ရှင်းဖြောင့်မတ် သည်နည်းတူ ဘုရားသခင်သည်လည်း သန့်ရှင်းဖြောင့်မတ်၏။ အသက်တာတစ်ခုကို ပေးထားသည်နည်းတူ ပညတ် တရား တော်သည်လည်း အန္တရာယ်ရန်စွယ်တို့မှ ကာကွယ်သည်။ အသက်တာ၏ အာနိသင်တို့ သည် ထာဝရဘုရား၏ ဥပဒေပြုရာနိယမ ဖြစ်သဖြင့် ထာဝရဘုရားအား ရှိသေ သမုတ် ကြသကဲ့သို့ အချင်းချင်းကို လည်းထိုသို့ပြုကြရမည်။

* ဩဂုတ်လ ၃၀ ရက်၊ ဥပုသ်နေ့အတွက် ပြင်ဆင်ဖို့ရန် ယခုအပတ် သင်ခန်းစာကို လေ့လာပါ။

## ပဋိညာဉ်၏ဓမ္မသတ်

သိနာတွင် ပညတ်တရားကိုပေးရာတွင် သူ့လူတို့သည် သူနှင့်ဆက်သွယ်၍ သန့်ရှင်းသောအသက် ရှင်နိုင်ကြမည့် အခြေခံလမ်းစဉ်ကို ချမှတ်ပေး၏။ ပညတ်တရား၏ ဥပဒေသကမူ နေ့စဉ်အသက်တာတွင် လက်တွေ့ အသုံးချပေးရမည်ဖြစ် သဖြင့် ဘုရားသခင်သည် "ပဋိညာဉ်၏ဓမ္မသတ်" ကိုပါပေးတော်မူ၏။ ၎င်းတို့ကို မှန်ကန်စွာ အသုံးပြုခြင်းနှင့် စောင့်ထိန်းခြင်းသည် တရားသူကြီးတို့၏ တာဝန်ဝတ္တရားပင် ဖြစ်၏။

"ထိုလူတို့၏စိတ်နှလုံးတို့သည် ကျွန်ဘဝနှင့် နတ်စားခြင်းမျှသာ ယုတ်ညံ့သည် ဖြစ်၍ ကျယ်ပြန့်လှသော ထာဝရဘုရား၏ ပညတ်တရားဆယ်ပါးတို့ကို စုံလင်စွာ လက်ခံ ကျင့်သုံးနိုင်ရန် ပြင်ဆင်မှုမရှိပါ။ ထို ပညတ်ဆယ်ပါးတို့အပေါ် မိမိတို့၏ တာဝန်ရှိခြင်းကို စုံလင်စွာ သိကျွမ်း၍ လိုက်နာဆောင်ရွက်နိုင်ရန် ဖြည့်စွက် ကျင့်ဝတ်သီလများကိုပါ ထပ်ပေးသည်။ ထိုဖြည့်စွက်ချက်တို့သည် ပညတ်တရားဆယ်ပါးတို့၏ ဥပဒေသတို့ ပင်ဖြစ်သည်။ ထိုပညတ်တရားများကို ဉာဏ်တော်အနန္တရှင်မှ ပြုစုထားသည် ဖြစ်၍ တရားစီရင်ခြင်းဟုခေါ် ဆိုကာ အောက်ရုံးတရားသူကြီးတို့မှ တရားစီရင်ရာတွင် အသုံးပြုကြရပါမည်။ ပညတ်တရား ဆယ်ပါးတို့နှင့် မတူဘဲ ထိုဥပဒေသတို့ကို မောရှေ၏ ကိုယ်ပိုင်အဖြစ် ပေးထားသည်" *အီးဂျီဝိုက်။ ရှေးဘိုးဘေးများနှင့် ပရောဖက်များ။ စာ၊ ၃၁၀။*

**ဖတ်ပါ – ထွက် ၂၁း၁–၃၂။ ထိုဟေဗြဲတို့သည် ကျွန်မျှသာဖြစ်သဖြင့် လူသတ်မှုနှင့် ကိုယ်ထိလက်ရောက် ထိခိုက်ခြင်းတို့အတွက် မည်သည့်စည်းမျဉ်းအပိုင်းပေးထား သနည်း။**

ထို "ပဋိညာဉ်၏ဓမ္မသတ်"တို့ကို စာအုပ်တွင် ရေးသားထားသည် *(ထွက် ၂၁း၁–၂၃း၁၉)*။ ထို ဓမ္မသတ်အားလုံးနှင့် ပညတ်တရားတော်တို့သည် တဟုန်ထိုးလျော့ ကျလာသော ဆိုးသွမ်းခြင်းကို ဟန့်တား၍ ငြိမ်ဝပ်ပိပြားသော လူမှုအဖွဲ့အစည်း တည်ဆောက်ရန် ဖြစ်သည်။

ကျွန်မှုတို့၏ ပညတ်တရားသည် အထူးတရားတော် ဖြစ်သည်။ ရက်စက် ယုတ်မာသော ခေတ်မီ ကျွန်မွေးမြူသူတို့၏ အကျင့်စရိုက်တို့နှင့် နှိုင်းယှဉ်၍ မရပါ။ ဟေဗြဲကျွန်တို့သည် ကာကွယ်ခြင်းနှင့် တန်ဖိုးထားခံရသည်။ မိမိတို့ကြီးပွားရန် လုပ်ခြင်းသော အရာကို စိတ်ကြိုက်လုပ်ကိုင်သော သခင်တို့သည် ခေတ်မီကျွန်တို့ကို မွေးထားကြပါသည်။ သမ္မာကျမ်းစာ၏ ပညတ်တရားသည် ထူးခြားစွာ စည်းမျဉ်းသတ်မှတ်၏။ ကျွန်ဘဝကိုခြောက်နှစ် သတ်မှတ်ထားသည် *(ထွက် ၂၁း၁၊ ၂။ ယေရမိ ၃၄း၈–၂၂)*။ သတ္တမနှစ်တွင် ကျွန်အားလုံး မိမိသခင်ထံ ဆက်လက်နေလိုသောသူမှလွဲ၍ လွတ်မြောက်စေရသည်။ သခင်တို့သည် ထိုသူတို့အား ဥပုသ် အနားပေး၍ *(ထွက် ၂၀း၉၊ ၁၀)* သူတို့လိုအပ်သည်များကို စီစဉ်ပေးသည်။

**ခေတ်ကမ္ဘာတွင် ယုတ်မာစွာ တရားဝင်ကျွန်မွေးမြူခြင်းကို ပျက်သိမ်းခဲ့ပြီး ဖြစ်သော်လည်း၊ ၎င်းတို့၏ ဥပဒေသတို့သည် တစ်မျိုးတစ်ပုံအဖြစ် မည်သို့ ကျန်ရစ်နေနိုင် မည်နည်း။ ၎င်းဥပဒေသတို့ကို တိုက်ထုတ်ရန် ကျွန်ုပ်တို့မည်သို့လုပ်ရမည်နည်း။**

## နောက်ထပ်ပညတ်တရားများ

ထာဝရဘုရားသည် ကရုဏာတော်ဖြင့် တရားသူကြီးတို့သည် လူထု၏ပစ္စည်းဥစ္စာတို့ကို ဂရုစိုက်ပေးရန် မှာကြားထား၏။ အဖြစ်အပျက်တချို့တို့ကို စာရင်းပြုစုထားရာ၊ နွားထီးတကောင်သည် အိမ်နီးချင်း၏ နွားထီးတကောင်အား တိုက်ခိုက်သော်၊ တစ်ဦးတစ်ယောက်သည် အိမ်မွေးတိရစ္ဆာန် တစ်ကောင်ကို ခိုးယူ၍ ရောင်းခဲ့သော်၊ တိရစ္ဆာန်တို့သည် သူတပါး၏ စပျစ်ဥယျာဉ်တွင် ကျက်စားခဲ့သော်၊ ငှါးရမ်းထားသော ပစ္စည်း တခု ခိုးခံရခဲ့သော်၊ ငှါးရမ်းထားသောတိရစ္ဆာန်သည် သေခဲ့သော် စသဖြင့် လုပ်ရိုးလုပ်ထုံး ချပြထားသည် *(ထွက် ၂၁း၃၃-၂၂း၁၅)*။

**ဖတ်ပါ – ထွက် ၂၂း၁၆ – ၂၃း၉။ ဤပညတ်တရားတို့တွင် မည်သည့်ငြင်းချက်များရှိသနည်း။**

ထာဝရဘုရား၏ ပညတ်တရားတို့တွင် ငြင်းချက်များစွာ ပါရှိသည်။ သူတပါးအား နှိမ့်ကျစေခြင်းနှင့် ဆွဲချခြင်းပေါင်းများစွာ ပါရှိသည်။ မည်သည့်စွန့်စားခြင်းမျိုးကိုမှ ဘုရားအလိုမရှိပါ။ အပြစ်ထဲသို့ ယိမ်းယိုင်နေ သူတို့၏ စိတ်နှလုံးကို ပြုပြင်ပေး၍ လူသားတို့၏ လိုအင်ဆန္ဒကို ထိန်းချုပ်ပေးသည်။ လူမှုအသိုင်းအဝိုင်းကို လုံခြုံစေခြင်း ကောင်းမွန်သော လူလူချင်းဆက်ဆံရေးတို့ကို တည်ဆောက်ရမည်။ လူ့ပ်ရှားမှု အားလုံး တို့ကို တရားမျှတခြင်းနှင့် မေတ္တာကသာ ထိန်းချုပ်ရပါမည်။

**ဖတ်ပါ – ထွက် ၂၃း၁၀ – ၁၉။ အရေးကြီးသောမည်သည့်ငြင်းချက်ပါဝင်သနည်း။**

ဥပုသ်နေ့နှင့် ဝတ်ပြုခြင်းပွဲနေ့တို့သည် ကယ်တင်ခြင်း၏ရာဇဝင်တွင် အရေးကြီးသော အဖြစ်ပျက်များ အောက်မေ့ရာ နေ့ရက်တို့ ဖြစ်ကြသည်။ ဝတ်ပြုခြင်းသည် ဘာသာရေးလှုပ်ရှားမှုအားလုံးတို့၏ သာသနာ့ ပဓာနအခြေခံဖြစ်သောကြောင့် ဂရုတစိုက် ကျင်းပပေးရသည်။ ဖန်ဆင်းစဉ်အခါက ဥပုသ်နေ့ကို တည်ထောင် ထား၍ *(ကမ္ဘာ ၂း၂၊ ၃။ ထွက် ၂၀း၈-၁၁)* ဣသရေလတို့၏ လွတ်မြောက်ခြင်းနှင့် ရွေးနုတ်ခြင်းတို့ဖြင့် ဆက်စပ်နေ *(တရား ၅း၁၂-၁၅)* ရုံမက ထာဝရဘုရားကို ဖန်ဆင်းရှင် ရွေးနုတ်ရှင်နှင့် သခင် ဖြစ်ကြောင်းကို ဖော်ပြသည် *(မာကု ၂း၂၇၊ ၂၈)*။

ဣသရေလတို့အား တောင်းဆိုထားသော အရေးကြီးနှစ်စဉ်ပွဲတော် သုံးခုရှိသည်။ (၁) ပသခါပွဲတော် (သို့) တဆေးမပါပွဲတော် *(မတ်လအလယ်မှ ဧပြီလလယ်အတွင်း)* ကျင်းပလေ့ရှိသည်။ (၂) ပင်တေကုတ္တေပွဲ (သို့) သီးနှံရိတ်သိမ်းပွဲ *(ရက်သတ္တပွဲ)* အရင်ဦးပွဲတော်မှ ရက်သတ္တခုနစ်ပတ်ဖြစ်၍ နောက်ပိုင်းတွင် ရက်ပေါင်း ၅၀ ဖြစ်လာသည်။ (၃) တဲတော်ပွဲ *(ယာယီမဏ္ဍပ်များ)* သကေနေပွဲတော် ဓမ္မစည်းဝေးပွဲသည် စက်တင်ဘာလအလယ်နှင့် အောက်တိုဘာလလယ်အတွင်း ကျင်းပသည် *(ထွက် ၃၄း၁၈-၂၆။ ဝတ် ၂၃း၄-၄၄။ တော ၂၈း၁၆-၂၉း၄၀။ တရား ၁၆း၁-၁၀)*။

**အင်္ဂါနေ့** ဩဂုတ်လ ၂၆ ရက်

## ဘုရားသခင်၏ မူလအစီအစဉ်

**ပတ်ပါ – ထွက် ၂၃း၂၀ – ၃၃။ ကတိတော်ပြည်ကို သိမ်းယူရန် ထာဝရဘုရားသည် မည်သည့်စနစ်ကို အသုံးပြုရန် ဆန္ဒရှိသနည်း။**

ဣသရေလတို့သည် နယ်မြေအသစ်ရရန် တိုက်ခိုက်ရန် ဘုရားရှင်မရည်ရွယ်ပါ။ သူတို့ထံသို့လာ အပ်နှံရန်ပင်ဖြစ်၏။ အာဗြဟံ၊ ဣဇာက်နှင့် ယာကုပ်တို့ထံတွင် ဣသရေလ ကိုပေးရန် ထာဝရဘုရား ကတိပြုတော်မူသည်။

ကတိတော်ပြည်ကိုသိမ်းယူရမည့်ပုံစံကို ပင်လယ်နီဖြတ်သန်းစဉ်ကပင် တင်ဆက် ခဲ့ပြီးဖြစ်၏။ ထာဝရဘုရားသည် မိမိလူတို့ဘက်မှ တိုက်တော်မူ၍ ရန်သူတို့အား အနိုင်ယူကာ သတ်ပစ်ခဲ့သည် *(ထွက် ၁၄း၁၃၊ ၁၄)*။ ထာဝရဘုရားသည် ပြောင်မြောက်စွာ ကြားဝင်၍ အီဂျစ်တို့ကိုဖျက်ဆီးပစ်၏။ အာရှုရိရှင်ဘုရင် *သနာခရိပ်* အချိန်တွင် လက်နက်အစုံနှင့် ချီတက်လာသော ကောင်းစွာလေ့ကျင့်ထားသည့် အာရှုရိ စစ်တပ် ကြီး အား ဣသရေလလူတို့မှ တိုက်ခိုက်ခြင်းမပြုရဘဲ ထာဝရဘုရားသည် ဖျက်ဆီးလေ၏။ ရှင်ဘုရင်ဟေဇကိသည် ပုရောဖက်ဟေရှာယထံမှလာသော ထာဝရဘုရား၏ စကား ကို ယုံကြည်သောကြောင့် အောင်နိုင်ခြင်းကို ပေးတော်မူ၏ *(၂ ဓမ္မ ၁၉း၁၅။ ဟေ ၃၇း၁၆)*။

ထာဝရဘုရားသည် ထိုကတိပြည်ကို ချက်ခြင်းလက်ငင်းပေးတော့မည် မဟုတ်ဘဲ နောင်နှစ်ပေါင်း ၄၀၀ ကျော် စောင့်ရမည်ကို အသိပေးထားသည် *(ကမ္ဘာ ၁၅း၁၃ – ၁၆)* မှာ အဘယ့်ကြောင့်နည်း။ ခါနန်ပြည်တွင် နေထိုင်သူတို့သည် ဆိုးသွမ်းသောကြောင့် နောင်တ သံဝေဂတရား ရနိုင်ရန် ထာဝရဘုရားသည် ကျေးဇူးတော် ကာလတစ်ရပ်ပေးထားရခြင်းဖြစ်သည်။ ထိုသူတို့သည် ဆက်လက်၍ ဆိုးသွမ်းနေ၏။ ဘုရားသခင်ကို ပုန်ကန်မြဲ ပုန်ကန်ကြသဖြင့် သူတို့၏အပြစ်ဒုစရိုက်တို့သည် ပြည့်စုံသောအခါ သူတို့၏ နယ်မြေကို ဟေဗြဲလူတို့ နေစရာဘို့ ထာဝရဘုရားသည် ပေးအပ်ရန် အဆင်သင့်ဖြစ် ၏။

ထာဝရဘုရားသည် ထိုလူမျိုးတို့အား ဣသရေလတို့အရှေ့မှ နှင်ထုတ်ရာတွင် ထိရောက်သော နည်းစနစ် နှစ်ခုကိုပင်အသုံးပြုရန် ကတိပေးသည်။ (၁) ဆိုးသွမ်းသော လူမျိုးတို့အပေါ် ကြောက်မက်ဘွယ်အရာတို့ကို စေလွှတ်မည်။ (၂) ပျားနကျီကောင် တို့သည် ထိုလူမျိုးတို့ကို နှင်ထုတ်လိမ့်မည်။ ဣသရေလတို့သည် ထိုနေရာသို့ခြေမချမီ ရန်သူတို့သည် မိမိတို့နေရာကို စွန့်၍ "နောက်သို့လှည့်စေမည်" *(ထွက် ၂၃း၂၇၊၂၈)*။

ထိုကတိပြည်ကို အောင်မြင်စေသော အဓိကဇာတ်ကောင်သည် ဘုရား၏ ကောင်းကင်တမန်ပင်ဖြစ်သည်။ ထိုသတင်းဆောင်သူသည် ဣသရေလအားလမ်းပြ ပို့ဆောင် ၍ နယ်မြေတို့ကိုသိမ်းယူပြီး ကာကွယ်သောခရစ်တော်ပင်ဖြစ်၏။ နေ့ချိန်၌ တိမ်တိုင်နှင့် ညချိန်တွင် မီးတိုင်ဖြင့် လမ်းပြသောသူသည် သူပင်ဖြစ်၏။ ထိုသူသည် ကောင်းကင်၏ အမြင့်ဆုံးဩဇာပိုင်ဆိုင်သူဖြစ်သဖြင့် ဣသရေလသည် သူ့စကားကို သေချာ ဂရုစိုက် နားထောင်ရပေမည် *(ထွက် ၂၃း၂၁)*။ ထာဝရဘုရား၏ အလိုတော်နှင့် ဦးဆောင်ခြင်းကို ပမာမခန့် ပြုခြင်းနှင့် မယုံကြည်ခြင်းသည် မိမိတို့၏ ရှေ့ရေးကို ရှုပ်ထွေးစေနိုင်သည်။

**ထိုနတ်စားတို့ကိုပင်လျှင် မိမိတို့၏လမ်းစဉ်ကို ပြောင်းလဲရန် အချိန်နှစ်ပေါင်းများစွာ ပေးသည်မှာ ဘုရားသခင်၏ ကရုဏာတော်ကြောင့်ပင်ဖြစ်သော်လည်း ထိုကရုဏာတော်ကိုပင် လက်မခံငြင်းပယ်သော သူများကို မည်သို့ပြုရမည်နည်း။**

## မျက်စိအတွက်မျက်စိ

**ဖတ်ပါ – မဿဲ ၅း၃၈ – ၄၈။ ထိခိုက်စော်ကားမှု ဥပဒေသကို ယေရှုမည်သို့ ဆိုသနည်း။ ယနေ့ မည်သို့ အသုံးပြုသင့် သနည်း။**

တောင်ပေါ်ဒေသနာတွင် ယေရှုခရစ်တော်သည် ဓမ္မဟောင်းကျမ်းထဲက ပြည်သူတို့နှင့် ရင်းနီးသော အချက်များကို ကောက်နုတ်သည်။ သို့သော်လည်း လက်ရှိရာဘီတို့သည် ပညတ်တရား၏ မူလဆိုလိုရင်းကို ဖယ်ရှားကာ အနက်ပြန်ခြင်းကို တိုက်ခိုက်သည်။ လူသားတို့၏ရိုးရာဓလေ့သည် နှုတ်ကပတ်တော်၏ ဆိုလိုရင်းကို ဖုံးဖိထားရုံမက တစ်ချို့နေရာ *(ဥပုသ်နေ့နှင့် ပတ်သက်သော စည်းမျဉ်းမြောက်များစွာ ပြုစု)* တွင် ရည်ရွယ်ချက်နှင့် အဓိပ္ပါယ်ကိုပင် လွဲချော်စေသည်။ ယေရှုသည် ထိုပညတ်တရားတို့၏ မူလဆိုလိုရင်းကို သူ၏နှုတ်ထွက်စကားဖြင့် ပြန်လည်ဖော်ဆောင်ပေးသည်။

တောင်ပေါ် ဒေသနာတွင် ယေရှုသည် သူ၏ဓမ္မပရိသတ်တို့အား ထိုမူလ ရည်ရွယ်ချက်နှင့် အဓိပ္ပါယ်ကို ညွှန်ပြခြင်းဖြင့် မှားယွင်းနေသော အနက်ပြန်ခြင်းတို့ကို ပြုပြင်ရန် ရည်ရွယ်သည်။ ထွက် ၂၁း၂၄ ၏ "*မျက်စိအတွက်မျက်စိ သွားအတွက်သွား*" ကို မဿဲ ၅း၃၈ တွင် ကောက်နုတ်၍ "*သင်တို့ကြားခဲ့ပြီး၏။ သို့သော်ငါဆိုသည်ကား*" ဟု ထိခိုက်နာကြင်စေခြင်း ဥပဒေသကို ရှင်းပြ၏။ ဤကျမ်းချက်ကိုပင် အခြားကျမ်းတွင်လည်း အသုံးပြုထားသည် *(ဝတ် ၂၄း၂၀။ တရား ၁၉း၂၁)*။

ဤပညတ်တရား၏ မူလရည်ရွယ်ချက်သည် လူသားတစ်ဦးစီ လက်တုံ့ပြန်ခြင်းကို ဆန့်ကျင်ရန် ဖန်တီးထားသည်။ အရင်ဦး စုံစမ်းစစ်ဆေးခြင်းမပြုဘဲ ရန်ငြိုးဟောင်းတွေကို လက်တုံ့ပြန်ခြင်းမှ ရပ်တန့်စေရန်ဖြစ်၏။ ထိခိုက်နာကြင်ခြင်းကို တရားစီရင်သူတို့မှ အကဲဖြတ်ပေး၍ သင့်တော်သော နစ်နာကြေး ငွေသားကို သတ်မှတ်ကာ ပေးဆောင်ရပါမည်။ လူသားတို့သည် "ဥပဒေကို လက်တစ်လုံးကြားထားခြင်း" ကို ရပ်တန့်စေရန် ဤအပြုအမူကို ပြုလုပ်ရသည်။ မျှတစွာပြုလုပ်ရမည်ဖြစ်သော်လည်း ဘုရား၏ ပညတ်တရား အတိုင်းသာ ပြုလုပ်ရပါမည်။ ဤလူမှုရေး ဥပဒေတို့ကို မောရှေထံသို့ အပ်နှင်းတော်မူသော ယေရှုခရစ်တော်သည် ထိုဥပဒေတို့၏ အနက်ကို သိသဖြင့် သူသည် မှန်ကန်သော မူလရည်ရွယ်ချက်သို့ အရောက်ပို့ဆောင်နိုင်သည်။ ထိုလူပ်ရှားမှု၏ နောက် ကွယ်တွင် မျှတခြင်း၊ ကြားဝင်စေ့စပ်ခြင်းနှင့် ငြိမ်ဝပ်ခြင်းတို့ ရှိသည်။

တစ်စုံတစ်ယောက်သည် မျှတခြင်းဆိုသည် လက်တုံ့ပြန်ခြင်း တစ်မျိုးပင်ဖြစ်သည် ဟု ဆိုနိုင်ပေ သည်။ ထို ပညတ်တရားတို့ကို မှန်ကန်စွာ အသုံးပြုခြင်းသည် မျှတခြင်းနှင့် လက်တုံ့ပြန်ခြင်းတို့ စပ်ကြားတွင် ချိန်ခွင်လျှာညီစေခြင်းပင် ဖြစ်သည်။

**နောင်တစ်နေ့တွင် မျှတခြင်းသည် ရောက်လာမည်ဖြစ်သဖြင့် ယခုလောကတွင် တွေ့ရသော မမျှတခြင်း အားလုံးတို့ကို မည်ကဲ့သို့ သိကျွမ်းနားလည်စေသနည်း။**

## လက်တုံ့ပြန်ခြင်း

**'ချစ်သူတို့ သူတစ်ပါးသည် သင်တို့ကို ပြစ်မှားလျှင် ကိုယ်တိုင် ပြန်၍ မတုံ့ပြန်ကြနှင့်။ အမျက်တော်ကိုအခွင့်ပေးကြလော့။ ကျမ်းစာလာသည်ကား ငါသည်အပြစ်တရားကို စီရင်ပိုင်၏။ အပြစ်နှင့်အလျောက် ငါဆပ်ပေးမည်'** *(ရောမ ၁၂း၁၉။ တရား ၃၂း၃၅)*။

**ဤနေရာတွင် မည်သည့်အမိန့်တော်နှင့် ကတိတော်ပါရှိ၍မည်သို့နှီးစပ်ရင်းနှီးကြသနည်း။**

ယခုတွင် မရရှိနိုင်သော မျှတခြင်းကို ဘုရားသခင် ယူဆောင်လာသည့်ထိ တိုင်အောင် ဣသရေလ အမျိုးတို့ အထဲတွင် ထိခိုက်နာကြင်စေခြင်းတို့ အတွက် မျှတသော ပြစ်ဒဏ် ပေးနိုင်ရန် တရားသူကြီးတို့သည် တာဝန်ရှိသည်။ သို့သော်လည်း အမှန်တရားများ အရင်လိုအပ်သည်။ သို့သော်လည်း ခရစ်တော်အချိန်က ပညတ်ဆရာတို့သည် ကိုယ်ပိုင်လက်တုံ့ပြန်နိုင်ရန် တံခါးဖွင့်ထားပေးသည်မှာ ပြဿနာဖြစ်သည်။ ထိုကဲ့သို့ ဥပဒေသကို ဖြုတ်ထားခဲ့သဖြင့် ကနဦးရည်ရွယ်ချက်မှ လွဲချော်သွားတော့သည်။ သူတို့သည် ပညတ်တရား၏ လက်တွေ့တားမြစ်ထားသော အချက်ကို ကာကွယ်နေသည်။

**ဖတ်ပါ – မဿဲ ၆း၄၊၆။ မဿဲ ၁၆း၂၇။ လု ၆း၂၃ နှင့် ၂တိ ၄း၈။ ဤကျမ်းချက်တို့သည် ဆုပေး ဒဏ်ပေးခြင်း ဥပဒေသအပေါ် ယေရှု၏အမြင်ကို မည်သို့ဖော်ပြသနည်း။**

ယေရှုသည် ဆုပေးဒဏ်ပေးခြင်း ဥပဒေသအား မဆန့်ကျင်ပါ။ မျှတခြင်းသည် ဥပဒေသတရားတစ်ခုဖြစ်၍ အသက်တမျှ အရေးပါ၏။ မည်သူတစ်ဦးကမျှ မိမိကိုယ်ကို တရားသူကြီး၊ ခုံသမာဓိနှင့် လက်မရွံ့အာဏာသားအဖြစ် နေရာယူခြင်း မပြုရပါ။ တရားမျှတခြင်းကို ညစ်ညမ်းစေရန် လွယ်ကူလှပါတကား။ ကျွန်ုပ်တို့သည် နာကြင်စေခြင်းဖြင့် တုံ့ပြန်ရန် မဟုတ်ပါ။ ဆိုးသွမ်းခြင်းတစ်ခု ဖြစ်ပေါ်လာသောအခါ ပကတိ ရှိနေသော ရုံးတော်ကပင် ဆောင်ရွက်ရပါမည်။ ၎င်းသည် တရားသူကြီး၏တာဝန်သာ ဖြစ်သည်။

ဤအချက်တွင် ယေရှုသည် "*ကောင်းကင်ဘုံခမည်းတော်သည် ပြည့်စုံသည်နည်းတူ*" သင်တို့သည် လည်း ပြည့်စုံခြင်း ရှိကြရန် မိန့်တော်မူ၏။ ကျွန်ုပ်တို့သည် ဘုရား ကဲ့သို့ မည်သို့ ပြည့်စုံနိုင်မည်နည်း။ အတွက်ကင်းသော မေတ္တာသည် ဘုရားသခင်၏ ဝိသေသ လက္ခဏာနှင့် ဆက်စပ်သည်။ ရန်သူကို ချစ်ရန်နှင့် နှောင့်ယှက် သူတို့အတွက် ဆုတောင်းပေးရန်ပင် တပည့်တော်တို့အား သွန်သင်တော်မူသည်။ စစ်မှန်သော စုံလင်ခြင်းဟူသည် မထိုက်တန်သောသူများကိုပင် ချစ်ခြင်း၊ ခွင့်လွှတ်ခြင်းနှင့် ကရုဏာ ထားခြင်း *(လု ၆း၃၆)* တို့ဖြစ်သည်။ ဤဥပဒေသနှင့် သူ့ကြောင့် လုပ်ဆောင်ရသော အရာတို့သည် ထာဝရဘုရား၏ ဝိသေသလက္ခဏာကို တန်ပြန်စေသည်။

**မိမိတို့အား မိန့်တော်မူသည်အတိုင်း နေ့စဉ် ချစ်တတ်ရန် မည်သည့်နည်းလမ်းတွေ ရှိသနည်း။ ဤ ကိစ္စတွင် အဘယ်ကြောင့် အတွေ့သေရန် လိုအပ်ရသနည်း။**

## သောကြာနေ့ ဩဂုတ်လ ၂၉ ရက်

**ထပ်မံစဉ်းစားရန်။** အီးဂျီဝိုက်။ ရှေးဘိုးဘေးများနှင့်ပုရောဖက်များ။ ဣသရေလအား ပညတ်တော် ပေးခြင်း။ စာ၊ ၃၁၀ – ၃၁၄။

ကျွန်ုပ်တို့သည် ရန်သူ၏နယ်ပယ်တွင်ပင် နေရသဖြင့် ရန်သူ၏ ပါးနပ်သော လှည့်ကွက်တွင် ထိခိုက် နာကြင်နေမည်မှာ အဆန်းတော့မဟုတ်ပါ။ ကျွန်ုပ်တို့တွင် ကျဆုံးသော လောကကြီး၏ အပြစ်ကြောင့် ဖြစ်ပေါ် လာသော ဒုက္ခဆင်းရဲ မခံရသူတွေ ရှိပါမည်လား။ အသက်တာ၏ အစိတ်အပိုင်းတစ်ခုပင် မဟုတ်ပါလော။ သို့သော်လည်း ထာဝရဘုရားသည် ကြီးကြပ်စီစဉ်နိုင်သောခွန်အား ပေးတော်မူသည်။

"ကယ်တင်ရှင်မြတ်သည် လိုအပ်သောအချိန်တွင် ထောက်မခြင်းကို ပို့ဆောင်လိမ့်မည်။ ကောင်းကင်လမ်းခရီးကိုလည်း သူ၏ခြေတော်ရာဖြင့် ပြသတော်မူ၏။ ကျွန်ုပ်၏ခြေကိုစူးသော ဆူးငြောင့်သည် သူ၏ ခြေကိုပါ စူးလေသည်။ ကျွန်ုပ်တို့အား ထမ်းစေသော ကပ်တိုင်ကိုလည်း သူအရင်ဦး ထမ်းနှင့်ပြီ။ ဝိညာဉ်သည် ငြိမ်သက်ခြင်း ရရှိနိုင်ရန် ပဋိပက္ခကိုပင် လွှတ်ပေးတော်မူသည်။ ဒုက္ခဆင်းရဲကာလသည် ဘုရား၏ လူတို့အတွက် ကြောက်မက်ဘွယ်ပင်ဖြစ်သော်လည်း စစ်မှန်သော ယုံကြည်သူတို့သည် အထက်သို့ မျှော်ကြည့်သဖြင့် ကတိတော်သည် သူ့အားဝန်းရံ နေသည်ကို ယုံကြည်ခြင်းမျက်စိဖြင့် မြင်တွေ့ရလိမ့်မည်" *(အီးဂျီဝိုက်။ မျက်မှောက်ကာလမှ ထာဝရကာလသို့၊ စာ၊ ၆၃၃)*။

**ဆွေးနွေးရန်မေးခွန်းများ –**

**၁** ရာစုနှစ်များစွာအတွင်းတွင် ထာဝရဘုရားသည် နတ်စားလူသားတို့အား မီမီတို့ပြည်မှ နှင့်ထုတ် သည်မက ဖျက်ဆီးပစ်သည်ဟုပင် လူတို့သည် ယုံကြည် လက်ခံကြသည်။ ကြောက်မက်ဘွယ်ကောင်းလှပါသည်။ သို့သော် ဘုရားရှင်၏ မေတ္တာသည် မှုတခြင်းကို ဖော်ပြရမည်ဖြစ်သဖြင့် ထိုကိစ္စတို့တွင် ဘုရား၏ မှုတခြင်းသာမက မေတ္တာကိုပါ ပြသရပါသည်။

**၂** ရန်သူကိုမက မီမီကို မုန်းသောသူပင်လျှင် ချစ်၍ ' *ကောင်းကင်ဘုံအဘသည် ပြည့်စုံတော်မူသည်နည်းတူ သင်တို့သည်လည်း ပြည့်စုံခြင်းရှိကြလော့*' *(မဿဲ ၅း၄၈)* ဟူသည်ကို စွဲမှတ်လော့။ အခြားသော ပညတ်တို့ကို ပေးပြီးသည်နှင့် အဘယ်ကြောင့် ဤပညတ်ကိုပါ ထပ်မိန့်ရပါသနည်း။ အဘယ်ကြောင့် 'စုံလင်' ခြင်းသည်ပင် ' *ကောင်းကင်ဘုံအဘကဲ့သို့* စုံလင်ရန် မိန့်တော်မူသနည်း။

**၃** ရှင်ပေါလုသည် ထာဝရဘုရား၏ ပညတ်တရားနှင့် ၄င်း၏ လုပ်ငန်းတာဝန်ကို မြှင့်တင်က ပညတ်တရားတော်အား အလွဲသုံးခြင်းကို ဆန့်ကျင်သည်။ ' *သင်တို့သည် ပညတ်တရား လက်အောက်တွင် မရှိ။ ကျေးဇူးတရားလက်အောက်တွင် ရှိ၏* ' *(ရောမ ၆း၁၄)* သည် မည်သည့်အနက် ရှိသနည်း။ ကျွန်ုပ်တို့သည် ပညတ်တရားကို မည်သို့အလွဲသုံးနိုင်သနည်း။

**၄** မှုတခြင်းနှင့် လက်တုံ့ပြန်ခြင်းတို့သည် မည်သို့ ခြားနားသနည်း။ ဆိုလိုရင်းတူညီနေသော အယူအဆ တစ်ခုကို ကွဲပြားသောအနက်ဖြင့် ဖော်ပြခြင်း စစ်မှန်ပါသလား။ မှုတခြင်းကို လိုလားတောင့်တခြင်းသည် လက်တုံ့ပြန်လိုသောသဘော မဟုတ်သည်ကို မည်သို့ သိရှိနိုင်မည်နည်း။

# အရာခပ်သိမ်းအတူတကွလုပ်ဆောင်ခြင်း

Andrew McChesney

အလာစကာရှိရဟတ်ယာဉ်မှူးနှင့် သိပ္ပံဆရာတစ်ဦးဖြစ်သူ ကားလ်ကေဆီသည် အသက် ၅၁ နှစ်တွင် လေဖြတ်ရောဂါဖြစ်ခဲ့သည်။ သူသည် မြော်လင့်ခြင်းအသင်းသား မဖြစ် မီကတည်းက၊ သမ္မာကျမ်းစာတွင် မသန့်ရှင်းသောအသားစားခြင်းကို ဆန့်ကျင်ထားသည် ကိုဖတ်ရှုပြီး ၎င်းကိုထောက်ခံသော သိပ္ပံအထောက်အထားများကို ဖတ်ရှုပြီးနောက် ညစ်ညူးသော အသားစားခြင်းကို ရပ်တန့်ခဲ့သည်။ လေဖြတ်ရောဂါသည် ဖဲယားဘင့်စ်ရှိ ကားလ်၏ဘဝကို ဖျက်ဆီးခဲ့ပြီး၊ လမ်းလည်းမလျှောက်နိုင်၊ အလုပ်လည်းမလုပ်နိုင်တော့ချေ။

သူသည် ရောမ ၈း၂၈ ကိုဖတ်ရှုခဲ့သည်။ "ဘုရားသခင်ကို ချစ်သောသူ တည်းဟူသော ကြံစည်တော်မူခြင်းအတိုင်း ခေါ်တော်မူသောသူတို့၏ အကျိုးကို ခပ်သိမ်းသောအရာတို့သည် တညီတညွတ်တည်း ပြုစုကြသည်ကို ငါတို့သိကြ၏။" ဤကျမ်းပိုဒ်ကို အကြိမ်များစွာ ဖတ်ရှုခဲ့ ဖူးသော်လည်း၊ ယခုတွင် ၎င်း၏ အဓိပ္ပါယ်သစ် တစ်ခုရရှိလာ၏။ ဘုရားသခင်ကို ချစ်သော သူတို့အတွက် အရာအားလုံးသည် ကောင်းသောအကျိုးအတွက် အတူတကွ လုပ်ဆောင်သည်ဟု ဖော်ပြထားသည်ကို သူမြင်ခဲ့သည်။

ကားလ်သည် ဘာကြောင့်လဲဟု မမေးတော့။ ထို့အစား၊ အလာစကာ တွင် ဗိညာဉ်များ ရရှိရန် အသုံးပြုပေးရန်ဘုရားသခင်ထံတောင်းသည်။ ယောသပ်ကဲ့သို့ပြောဆိုနိုင်ရန်မျှော်လင့်၏။ "သင်တို့သည် ကျွန်ုပ်ကို ညှဉ်းဆဲမည် ကြံကြသော်လည်း၊ ဘုရားသခင်သည် ယနေ့ဖြစ်သည် အတိုင်း၊ လူများအသက်ချမ်းသာစေခြင်းငှါ ကျေးဇူးပြုမည်ကြံတော်မူ၏။" (ကမ္ဘာ ၅၀း၂၀)။

ကားလ်သည် လူဦးရေ ၇၃၃၀၀၀ တွင် မြော်လင့်ခြင်း အသင်းသား ၃၀၀၀ ခန့်သာ နေထိုင် အလာစကာတွင် သက်သေခံရန် အခွင့်အလမ်းများရှိခဲ့သည်။ ကားလ်၏ ဘီးတပ်ကုလားထိုင်သည် သူ့ကို ထူးခြားသောအနေအထားတွင် ထားရှိကြောင်း လျင်မြန်စွာသဘောပေါက်ခဲ့၏။

ကားလ် သည် ဘုရားသခင်၏ ကြီး မြတ်သော ချစ်ခြင်းမေတ္တာကို ချီးမွမ်းခဲ့သည်။ သူသည် ရောမ ၃း၂၃ ကို မျှဝေခဲ့ပြီး၊ ၎င်းက လူအားလုံးသည် အပြစ်ပြုကြပြီး ဘုရားသခင်၏ ဘုန်းတော်မှ လွဲချော်ကြောင်း ဖော်ပြ၏။ ထို့ပြင် ယောဟန် ၃း၁၆ ရှိ "ယေရှုကို ယုံကြည်သူ အားလုံးသည် ထာဝရအသက်ရရှိမည်" ဟုမျှဝေခဲ့သည်။ လူများအားသမ္မာကျမ်းစာကို နေ့စဉ်ဖတ်ရှုပြီး ဘုရားသခင်နှင့် ရင်းနှီးစွာဆက်ဆံရန်အားပေးခဲ့သည်။ ဥပုသ်နေ့ကဲ့သို့သော အဆုံးအမများ နှင့် ဝတ်ပြုရာကျမ်းရှိ အစားအသောက်ဆိုင်ရာ သွန်သင်ချက်များ အပါအဝင်အခြားအရာ အားလုံး အဆင်ပြေသွားမည်ဟု သူယုံကြည်ခဲ့သည်။

ကားလ်သည် ကျန်းမာသောအစားအသောက်သည် သူ၏လေဖြတ်ရောဂါကို မတားဆီးနိုင်ကြောင်း လက်ခံသည်။ "ကျွန်ုပ်၏လေဖြတ်ရောဂါသည် မကျန်းမာသော အစားအစာ စားခြင်း ကြောင့်မဟုတ်ဘဲ၊ အပြစ်ရှိသောလောကတွင် နေထိုင်ခြင်း၏ ရလဒ်သာဖြစ်သည်" ဟုဆိုသည်။ ကျွန်ုပ်အသက်ရှင်နေရသည်မှာ ကျေးဇူးတော်ကြောင့်သာ ဖြစ်သည်။



"ကျွန်ုပ်သည် ဤလေဖြတ်ရောဂါကြောင့် ကောင်းကင်ဘုံတွင် လူများကို တွေ့မြင်ရမည်" ဟု ကားလ်က ဆို၏။ "ထိုနည်းအားဖြင့် မဟုတ်လျှင် လူအများသည် ထိုနေရာတွင် ရှိနေမည် မဟုတ်ပါ။ ထို့ကြောင့် ဘုရားသခင်ကို ချစ်သောသူတို့အတွက် အရာအားလုံးသည် ကောင်းသော အကျိုးအတွက် အတူတကွလုပ်ဆောင်သည်။"

## အပိုင်း ၁။ ငြိမ်းချမ်းသစ်ချက်

**အဓိကကျမ်းချက်။** ထွက်မြောက်ရာကျမ်း ၂၀း၂၂ – ၂၄

**လေ့လာမှုဦးတည်ချက်။** ထွက်မြောက်ရာကျမ်း ၂၀း၂၁ – ၂၃း၃၃

**နိဒါန်း။** ကိုယ်ကျင့်တရားပညတ် (ပညတ်တော်ဆယ်ပါး၊ ဘုရားသခင်၏ ကတိဆယ်ပါးဟုခေါ်သော) အပြင်၊ ထာဝရဘုရားသည် မောရှေအား မစ်ရှပါတင်း mishpatim—စကားလုံးအရ တရားစီရင်မှုများ—ကို ပေးအပ်ခဲ့သည်။ ၎င်းကို ထုံးတမ်းစဉ်လာ၊ စည်းမျဉ်း၊ ဥပဒေ သို့မဟုတ် စည်းကမ်းများဟုလည်း ဘာသာပြန်သည်။ ဤဥပဒေများသည် ပညတ်တော်ဆယ်ပါး၏ မူများကို ဣသရေလလူမျိုးတို့၏ နေ့စဉ်ဘဝတွင် လက်တွေ့ကျကျ အသုံးချခဲ့သည်။ ဤဥပဒေအပိုင်းကို မောရှေက စာလိပ်တွင် ရေးမှတ်ခဲ့ပြီး "ပဋိညာဉ်စာအုပ်" (ထွက် ၂၄း၇) ဟု ခေါ်သည်။ ဤ "ပဋိညာဉ်ကျမ်း" ကို ထွက်မြောက်ရာ ၂၀း၂၂ – ၂၃း၁၉ တွင် ချဲ့ထွင်ဖော်ပြထားသည်။ ထို့နောက် ဘုရားသခင်သည် သူ၏လူများကို ကတိထားရာပြည်သို့ မည်သို့၊ မည်သည့်အခြေအနေများဖြင့် ပို့ဆောင်မည်ကို အကျဉ်းချုံးဟောပြောချက်ဖြစ်၏ (ထွက် ၂၃း၂၀ – ၃၃)။

**သင်ခန်းစာ၏အဓိကအချက်များ**

ဘုရားသခင်သည် သူ၏လူများထံသို့ ကတိတော်ဆယ်ပါး သို့မဟုတ် စကားဆယ်ခွန်းကို ချဲ့ထွင်ပြီး ရှင်းပြလျက်ရှိသည်။ ဤသတ်မှတ်ထားသော ပညတ်များ၏ ချဲ့ထွင်မှုကို အောက်ပါ ကျမ်းပိုဒ်များတွင် တိုက်ရိုက်တွေ့ရှိနိုင်သည်။

၁။ တစ်မူထူးခြားပြီး အသက်ရှင်သောဘုရားအကြောင်း ပထမကတိသည် ထွက် ၂၀း၂၃ က နှင့် ၂၃း၁၃ တွင် ရှိသည်။

၂။ မှန်ကန်သောဝတ်ပြုကိုးကွယ်မှုနှင့် ရုပ်တုများကို ငြင်းပယ်ခြင်းအကြောင်း ဒုတိယကတိသည် ထွက်မြောက်ရာ ၂၀း၂၃ ခ။ ၂၂း၂၀။ ၂၃း၂၄၊ ၃၂ ခ၊ ၃၃ တွင် ရှိသည်။

၃။ ဘုရားသခင်နှင့် သူကိုယ်စားပြုသောအရာများကို ရိုသေလေးစားခြင်းအကြောင်း တတိယ ကတိသည် ထွက် ၂၂း၂၈ က တွင် ရှိသည်။

၄။ ဥပုသ်နေ့အနားယူခြင်းအကြောင်း စတုတ္ထကတိသည် ထွက် ၂၃း၁၀ – ၁၂ တွင်ရှိ၏။

၅။ မိဘများကို ရိုသေခြင်းအကြောင်း ပဥ္စမကတိသည် ထွက် ၂၁း၁၅၊ ၁၇ တွင် ရှိသည်။

၆။ အသက်ကို လေးစားခြင်းအကြောင်း ဆဋ္ဌမကတိသည် ထွက် ၂၁း၁၂ – ၁၄၊ ၂၃၊ ၂၉ တွင် ရှိသည်။

၇။ အိမ်ထောင်ရေးကို လေးစားခြင်းအကြောင်း သတ္တမကတိသည် ထွက် ၂၂း၁၆၊ ၁၇ တွင် ရှိသည်။

၈။ ပစ္စည်းဥစ္စာကို လေးစားခြင်းအကြောင်း အဋ္ဌမကတိသည် ထွက် ၂၂း၁ – ၄ တွင်ရှိသည်။

၉။ လူများ၏ဂုဏ်သိက္ခာနှင့် သမ္မာတရားကို လေးစားခြင်းအကြောင်း နဝမကတိသည် ထွက် ၂၂း၁၁ နှင့် ၂၃း၁ – ၉ တွင် ရှိသည်။

၁၀။ စိတ်ထဲတွင် ဖြူစင်ပြီး တပ်မက်မှုမရှိဘဲ မိမိကိုယ်ကို လေးစားခြင်းအကြောင်း ဒသမ ကတိ သည် ပဋိညာဉ်တရားစဉ်လာ တစ်ခုလုံးတွင် ထင်ရှားသည်။

ဤသတ်မှတ်ထားသော ပညတ်တော်များ (အကြောင်းအကျိုးဆက်စပ်သော သို့မဟုတ် ပြတ်သားသော) သည် ပညတ်တော်ဆယ်ပါးကို ပိုမိုကျယ်ပြန့်သောသဘောဖြင့် ထင်ဟပ်ပြသသည်။ ဥပမာ၊ ဒဏ်ရာရခြင်း သို့မဟုတ် ထိခိုက်မှုနှင့်ပတ်သက်သော ညွှန်ကြားချက်အားလုံးသည် ဆဋ္ဌမပညတ်ကို ညွှန်ပြပြီး၊ ခိုးမှုနှင့်ပတ်သက်သော စည်းမျဉ်းများသည် အဋ္ဌမပညတ်ကို ညွှန်ပြသည်။ ဤ "စီရင်ဆုံးဖြတ်ချက်များ" ၏ ရည်မှန်းချက်မှာ ယုံကြည်သူများအား သမာဓိရှိသော ယောက်ျားနှင့်မိန်းမများဖြစ်လာစေရန် ကူညီပေးရန်ဖြစ်သည်။

## အပိုင်း ၂။ အနက်ထွင့်ကျမ်း

ထွက်မြောက်ရာ ၁၉ – ၂၄ သည် ဘုရားသခင်က သူ၏လူများနှင့် ပဋိညာဉ်ကို တည်ထောင်ခြင်း (ထွက် ၁၉း၃ – ၈) နှင့် သွေးဖြန်းခြင်းဖြင့် ထိုပဋိညာဉ်ကို တံဆိပ်ခတ်သည့် ခမ်းနားသော အခမ်းအနားဖြင့် သက်တမ်းတိုးခြင်း သို့မဟုတ် အတည်ပြုခြင်း (ထွက် ၂၄း၃ – ၈) ကို ဖော်ပြသည်။ ဤအကြားတွင်၊ စာအုပ်နစ်ဖက်စွန်းနှင့်တူသော ဘုရားသခင်၏ လူသားများနှင့်ဆိုင်သော သဘောသဘာဝ၏ အခြေခံမှုများကို တင်ပြထားသည်။ ယဉ်ကျေးမှု သို့မဟုတ် ခေတ်ကာလဆိုင်ရာ ကန့်သတ်ချက်မရှိသော ဤတစ်ကမ္ဘာလုံးဆိုင်ရာနှင့် ထာဝရတန်ဖိုးများကို ကိုယ်ကျင့်တရားများ၊ ပညတ်တော်ဆယ်ပါး သို့မဟုတ် ကတိဆယ်ပါး (ထွက် ၂၀း၁ – ၁၇) တွင် ဖော်ပြထားပြီး၊ ထို့နောက် ပဋိညာဉ်တရားဆိုင်ရာသတ်မှတ်ချက်စံ (ထွက် ၂၀း၂၂ – ၂၃း၃၃) တွင် ပိုမိုအသေးစိတ် ရှင်းပြထားသည်။ ပဋိညာဉ်တရားဆိုင်ရာ သတ်မှတ်ချက်စံဖြင့် ပညတ်တော်ဆယ်ပါးကို လက်တွေ့ကျသော အကြောင်းများအတွက် အောက်ပါ ပုံစံဖြင့် ဖွဲ့စည်းနိုင်သည်။

**နိဒါန်း** (ထွက် ၂၀း၂၂ – ၂၃း၁)

၁။ ဟောပြောကျွန်များနှင့်ပတ်သက်သော ကိစ္စများ (ထွက် ၂၁း၂ – ၁၁)

၂။ သေဒဏ်နှင့်ပတ်သက်သော ကိစ္စများ (ထွက် ၂၁း၁၂ – ၁၇)

၃။ ပုဂ္ဂိုလ်ရေးထိခိုက်ဒဏ်ရာများနှင့်ပတ်သက်သော ကိစ္စများ (ထွက် ၂၁း၁၈ – ၃၂)

၄။ ပစ္စည်းပျက်စီးမှု၊ ကာကွယ်ရေးနှင့် ခိုးမှုနှင့်ပတ်သက်သောကိစ္စများ (ထွက် ၂၁း၃၃ – ၂၂း၁၅)

၅။ လူ့အဖွဲ့အစည်းအတွင်း ဘဝနှင့်ပတ်သက်သော ကိစ္စများ (ထွက် ၂၂း၁၆ – ၃၁)

၆။ တရားမျှတမှုနှင့်အိမ်နီးချင်းဆက်ဆံရေးနှင့်ပတ်သက်သောကိစ္စများ(ထွက် ၂၃း၁ – ၉)

၇။ သန့်ရှင်းသောရာသီများနှင့်ပတ်သက်သော ဥပဒေများ (ထွက် ၂၃း၁၀ – ၁၉)

**နိဂုံး** (ထွက် ၂၃း၂၀ – ၃၃)

ဤပဋိညာဉ်တရားစဉ်လာဆိုင်ရာ စည်းမျဉ်းများ၏ နောက်ကွယ်မူများကို ယနေ့ခေတ်တွင် ပင် အသုံးချနိုင်သည်။ သို့သော် ၎င်းတို့နှင့်ဆက်စပ်သော ပြစ်ဒဏ်များ သို့မဟုတ် အပြစ်ပေး မှုများကို အကောင်အထည်မဖော်ဘဲ ပြုလုပ်ရမည်၊ အကြောင်းမှာ ၎င်းတို့သည် ဣသရေလ အပေါ် ဘုရားအုပ်ချုပ်သောစနစ်အတွက်သာ ပေးထားပြီး ၎င်းစနစ်အတွင်းသာ ကန့်သတ် ထားသောကြောင့်ဖြစ်သည်။ ဘုရားအုပ်ချုပ်သောစနစ်သည် ယေရှုခရစ်ကားတိုင်ပေါ်တွင် ကွပ်မျက်ခံရခြင်းနှင့်အတူ (ဒံ ၉း၂၅-၂၇။ မ ၂၇း၅၁၊ ကော ၂း၁၄)၊ အေဒီ ၇၄ တွင် သင်း ထောက် သတေဖန်အား ကျောက်ခဲနှင့်ပစ်သတ်ခြင်းနှင့်အတူ (တ ၇း၅၄-၆၀) ယဇ်ပူဇော် ခြင်းဆိုင်ရာ တရားများနှင့်အတူ ပြီးဆုံးခဲ့သည်။ သတေဖန်၏သေဆုံးမှုသည် ဒံယေလ ၉း၂၄-၂၇ ရှိ သီတင်း ၇၀-ပရောဖက်ပြုချက်၏ အဆုံးသတ်ကို အမှတ်အသားပြုပြီး၊ ယုဒ လူမျိုးများ၏ အချိန်ကာလခွဲဝေ ပေးမှုကို ပြည့်စုံစေကာ၊ ယုဒလူမျိုးများနှင့် တပါးအမျိုးသား များအားလုံးထံ ဧဝံဂေလိတရားကို တစ်ကမ္ဘာလုံးသို့ ကြွေးကြော်ခြင်း၏ အစကို အမှတ် အသားပြုသည် (မ ၂၈း၁၈-၂၀။ တ ၁း၈)။

**"ငါ့အခွင့်ရှိ၍၊ ငါ့နာမကို ကိုးကွယ်ရာအရပ်ခပ်သိမ်းတို့၌၊ သင့်ဆီသို့ ငါကြွလာ၍ ကောင်းကြီးပေးမည်။"** (ထွက် ၂၀း၂၄)

ပညတ်တော်ဆယ်ပါး၏ နိဒါန်းတွင်၊ နောက်လာမည့်အရာများအတွက် အခြေခံသံစဉ် ကို သတ်မှတ်ပေးရာ၌ ဘုရားသခင်က ဤသို့ ကြေညာသည်- "ငါသည် ကောင်းကင်မှ သင်တို့နှင့် စကားပြောခဲ့သည် ဟမကြာသေးမီက ခမ်းနားထည်ဝါသော၊ နှုတ်ဖြင့်ပြောဆိုပြီး လူအများရှေ့တွင် ပညတ်တော်ဆယ်ပါးကို ကြေညာခဲ့ခြင်းကို ရည်ညွှန်းသည်။ ထွက် ၂၀ါ၁၊ တရား ၅ါ၂၄ ကို ကြည့်ပါ"။ . . . ငါ၏နာမကို ငါမှတ်တမ်းတင်ထားသည့် နေရာအားလုံးတွင် (ဟေဗြဲစကား zakar "သတိရရန်") ငါသည် သင်တို့ထံသို့ လာမည်၊ သင်တို့ကို ငါပေးမည်" (ထွက် ၂၀း၂၂-၂၄)။ ဘုရားသခင်ပြုခဲ့သည်နှင့် ပြုလုပ်မည့်အရာများနှင့်ပတ်သက်၍ "ငါ" ဟူသော ဘုရားနာမကို လေးကြိမ်ထပ်လောင်းအလေးပေး ထားခြင်းသည် အရေးကြီး သည်။ "ငါ၏နာမကို သတိရစေသည်" (ထွက် ၂၀း၂၄) ဟူသော သဒ္ဒါပုံစံသည် ဤကျမ်းပိုဒ် တွင်သာ သခင်ဘုရားကို အနက်အဓိပ္ပာယ်အားဖြင့် အဓိကထားသည်။ သခင်ဘုရားသည် မိမိ၏လူများအား သူနှင့်အတူရှိမည်ဟု စိတ်ချယုံကြည်စေလိုသည်။ ဘုရားသခင်သည် မိမိ၏နာမကို သူထူထောင်ပြီး ဂုဏ်ပြုစေသည့် နေရာများတွင် သူတို့နှင့်အတူ ရှိနေမည်ဟု ကတိပြုသည်။ ထိုနေရာတွင် သူတို့ကို ကောင်းကြီးပေးမည်။

ဤတည်နေရာများတွင် ယာယီအနေဖြင့် နေရာများစွာပါဝင်ပြီး၊ အထူးသဖြင့် နောက် ပိုင်းတွင် ယေရုရှလင်မြို့ရှိ ဗိမာန်တော်၌ သူသည် စစ်မှန်စွာ ကိုးကွယ်ခံရမည်။ ဤ စကား သည် လူများအနေဖြင့် သင့်လျော်စွာ တုံ့ပြန်ပြီး သူနှင့် ဆက်ဆံရေးကို ပြုစုပျိုးထောင် သင့် သည်ဟု ဆိုလိုသည်။ သူ၏ရှိနေမှုနှင့် ကောင်းချီးများသည် အလိုအလျောက် ဖြစ်ပေါ်လာ ခြင်းမဟုတ်။ သူ၏ နာမကို အမှတ်ရစေမည့် နေရာ၌ သူရှိမည်။ ၎င်း သည် ဘုရား သခင် က

မောရှေအား သူ၏နာမကို ထုတ်ဖော်ပြသပြီး၊ မောရှေမှတစ်ဆင့် ဣသရေလလူများထံသို့ "မျိုးဆက်တစ်ခုမှ နောင်မျိုးဆက်သို့ အမှတ်ရစေရမည်" (ထွက် ၃း၁၅) ဟု ဆိုခဲ့သည့် အတိုင်း ဆက်စပ်ပေးသည်။ ထို့ကြောင့်၊ ထွက် ၂၀း၂၄ – ၂၆ ရှိ ယဇ်ပလ္လင်ဆိုင်ရာ တရားများ ၏ ဓမ္မဗေဒဆိုင်ရာ ဗဟိုချက်တွင် ဘုရားသခင်၏ ရှိနေမှုနှင့် ကောင်းချီးများကို မီးမောင်းထိုး ပြထားသည်။ ဘုရားသခင်သည် အဲဂုတ္တုလူများအနေဖြင့် ထိုသို့အသိအမှတ်မပြုခဲ့ သော် လည်း၊ အဲဂုတ္တုပြည်၏ အလယ်တွင် ရှိနေခဲ့ကြောင်း သူပြသခဲ့ပြီးဖြစ်သည် (ထွက် ၈း၂၂)။ သို့သော် ယခုတွင် သူသည် ဣသရေလလူများ၏ အလယ်တွင် ရှိမည်ဟု ကြွေးကြော်သည်။

## ထွက်မြောက်ရာကျမ်း၏ အလယ်ကျမ်းပိုဒ်

ဟေဗြဲကျမ်းစာတွင် ခြေသမနအငေ ဟေဗြဲစာမှတ်စုများ၏ ဘေးမျဉ်းမှတ်ချက်များအရ၊ ထွက်မြောက်ရာကျမ်း၏ အလယ်ကျမ်းပိုဒ်မှာ ထွက် ၂၂း၂၇ ဖြစ်သည်။ ဤကျမ်းပိုဒ်သည် သခင်ဘုရား၏ အခြေခံဂုဏ်ရည်တစ်ခုဖြစ်သော ကျေးဇူးတော်ကို အာရုံစိုက်ထားပြီး၊ ၎င်း သည် လူသားများအတွက် ထိုက်တန်ခြင်းမရှိဘဲ ပေးအပ်သော ကျေးဇူးသက်သက်ဖြစ်ကာ လွတ်လပ်စွာပေးအပ်ခြင်းဖြစ်သည်။ အကြောင်းအရာသည် ဆင်းရဲသောသူများအတွက် ဘုရားသခင်၏ ဂရုစိုက်မှုကို ဖော်ပြပြီး၊ အကြောင်းပြချက်ကို ဤသို့ပေးထားသည် – "အကြောင်းမူကား ငါသည် ကျေးဇူးပြုတတ်သောသူဖြစ်သည်။" ဤအချက်သည် ကျမ်းစာ တစ်ခုလုံးတွင် "ငါသည်" ဟူသော မိမိကိုယ်ကို ဖော်ညွှန်းသော ပုံစံဖြင့် ဖွဲ့စည်းထားသော သခင်ဘုရား၏ တစ်ခုတည်းသော ဂုဏ်ရည်ဖြစ်သည်ကို သတိပြုပါ။ ၎င်းသည် သူ၏ သဘောသဘာဝဖြစ်သည် – သခင်ဘုရားသည် ကျေးဇူးပြုတတ်သူဖြစ်သည်။ ဘုရားသခင် နှင့်ပတ်သက်သော ဤမရှိမဖြစ်အမှန်တရားကို ထွက်မြောက်ရာကျမ်းတွင် လေးကြိမ် ဖော်ပြထားသည် – နာမဝိသေသနအဖြစ် နှစ်ကြိမ် (ထွက် ၂၂း၂၇။ ၃၄း၆)၊ နှင့် ကြိယာ ပုံစံ အဖြစ် နှစ်ကြိမ် (ထွက် ၃၃း၁၉)။ ဘုရားသခင်၏လူများသည် ဘုရားသခင် ကျေးဇူးပြု သကဲ့ သို့ ကျေးဇူးပြုတတ်သူများဖြစ်သင့်ပြီး၊ လိုအပ်နေသူများကို တစ်ကိုယ်ကောင်း မဆန်ဘဲ ကူညီပေးသင့်သည်။

## လက်စားချေခြင်းဥပဒေ (ထွက် ၂၁း၂၃ – ၂၅)

လက်စားချေခြင်းဥပဒေ (lex talionis) ဟုခေါ်သော ဤပညတ်ကို မကြာခဏ နား လည်မှုလွဲမှားပြီး၊ ဓမ္မဟောင်းကျမ်း၏ ဘုရားသခင်သည် လက်စားချေတတ်သူဖြစ်သည်ဟု "သက်သေပြရန်" ဘုရားသခင်၏ သဘောသဘာဝနှင့် ဓမ္မဟောင်းကျမ်း၏ သွန်သင်ချက် များကို စွပ်စွဲရန် အသုံးပြုလေ့ ရှိသည်။ ဤအယူအဆသည် ဤပညတ်၏ အဓိပ္ပာယ်နှင့် ရည်ရွယ်ချက်ကို နားလည်မှုနှင့် အမှန်တရားနှင့် ဝေးကွာသည်။ ဤပညတ်၏ ရည်ရွယ်ချက် မှာ ပုဂ္ဂိုလ်ရေးအရ လက်စားချေခြင်း သို့မဟုတ် ကလဲ့စားချေခြင်းကို ကန့်သတ်ရန်ဖြစ်ပြီး၊ တစ်ဦးတစ်ယောက် သို့မဟုတ် မိသားစုတစ်စုကို တရားစီရင်ဖို့ ကိုယ်တိုင် လက်တုန့် ပြန် ခြင်းမှ ဟန့်တားရန်ဖြစ်သည်။ ၎င်းသည် ဒဏ်ရာများ သို့မဟုတ် ထိခိုက်မှုများ ဖြစ်ပေါ်သော

အခါ မတူညီသောအမှုများကို ကိုင်တွယ်ရန်အတွက် တရားသူကြီးများ အတွက် ရည်ရွယ်ထားသော လူသားဆန်သောပညတ်ဖြစ်သည်။ ဤပညတ်သည် သင့်လျော်သော (ချဲ့ကားမထားသော) လျော်ကြေးပေးရန် သေချာစေရန်ဖြစ်သည်။ ဤစည်းမျဉ်းများ၏ နောက်ကွယ်တွင် အဓိကအားဖြင့် ငွေကြေးလျော်ကြေးပေးရန်ဖြစ်သည် (ဥပမာ၊ ထွက် ၂၁း၁၉၊ ၂၂၊ ၃၀၊ ၃၂၊ ၃၄ – ၃၆ ကိုကြည့်ပါ) သို့မဟုတ် ကျွန်ခံမှုမှ လွတ်မြောက်ရန် ကမ်းလှမ်းခြင်း (ထွက် ၂၁း၂၆၊ ၂၇) ဖြစ်သည်၊ သို့မှသာ ဣသရေလအသိုက်အဝန်းကို ကာကွယ်ပေးပြီး ဒုစရိုက်ကို ကန့်သတ်နိုင်မည်ဖြစ်သည်။

## ခါနန်ပြည်ကိုသိမ်းပိုက်ခြင်း

ဘုရားသခင်သည် ဣသရေလလူများအား ပင်လယ်နီဖြတ်ကျော်ခြင်း အတွေ့အကြုံတွင် သူတို့အတွက် တိုက်ခိုက်ပေးခဲ့သည့်အတိုင်း (ထွက် ၁၄း၁၃၊ ၁၄၊ ၂၆ – ၃၁)၊ ကတိထားရာပြည်သို့ ဝင်ရောက်သောအခါ တွင်လည်း ထပ်မံပြုလုပ်ပေးမည်ဟု အာမခံသည်။ သူကိုယ်တိုင်သည် သူတို့ရှေ့သို့ ဦးဆောင်သွားပြီး ၎င်းတို့၏ရန်သူများကို အနိုင်ယူပေးမည် (ထွက် ၂၃း၂၀ – ၃၁)။ ဤကျမ်းပိုဒ်ရှိ ဘုရားသခင်၏ "ငါ" ဟူသော နာမ်စားသည် ၁၃ ကြိမ် ပေါ်ပေါက်ပြီး၊ ဣသရေလလူများအား နယ်မြေအသစ်ကို အမွေဆက်ခံစေရန် ဘုရားသခင်ပြုလုပ်ပေးမည့်အရာများကို ကြေညာသည်။ (၁) "ငါသည် သင်တို့ရှေ့မှာ ကောင်းကင် တမန်တစ်ပါးကို စေလွှတ်မည်" (ထွက် ၂၃း၂၀)၊ (၂) "ငါသည် သင်တို့၏ရန်သူများကို ရန်သူဖြစ်စေမည်" (ထွက် ၂၃း၂၂က)၊ (၃) "သင်တို့ကို ဆန့်ကျင်သူများကို ငါဆန့်ကျင်မည်" (ထွက် ၂၃း၂၂ ခ)၊ (၄) "သူတို့ကို ငါဖျက်ဆီးမည်" (ထွက် ၂၃း၂၃)၊ (၅) "သင်တို့ထဲမှ ရောဂါကို ငါဖယ်ရှားမည်" (ထွက် ၂၃း၂၅)၊ (၆) "သင်တို့အား အသက်အပြည့်အဝပေးမည်" (ထွက် ၂၃း၂၆)၊ (၇) "ငါသည် သင်တို့ရှေ့မှာ ငါ၏ထိတ်လန့်မှုကို စေလွှတ်မည်" (ထွက် ၂၃း၂၇က)၊ (၈) "သင်တို့ရင်ဆိုင်ရသော လူမျိုးအားလုံးကို ငါရှုပ်ထွေးစေမည်" (ထွက် ၂၃း၂၇ ခ)၊ (၉) "သင်တို့၏ရန်သူအားလုံးကို နောက်ပြန်လှည့်ပြီး ပြေးသွားစေမည်" (ထွက် ၂၃း၂၇ ဂ)၊ (၁၀) "ငါသည် သင်တို့ရှေ့မှာ ပျားကောင်ကို စေလွှတ်မည်" (ထွက် ၂၃း၂၈)၊ (၁၁) "တဖြည်းဖြည်းချင်း သူတို့ကို သင်တို့ရှေ့မှ ငါနှင်ထုတ်မည်" (ထွက် ၂၃း၃၀)၊ (၁၂) "သင်တို့၏နယ်စပ်များကို ငါသတ်မှတ်မည်" (ထွက် ၂၃း၃၁ က)၊ (၁၃) "ထိုလူမျိုးများကို သင်တို့လက်သို့ ငါအပ်မည်" (ထွက် ၂၃း၃၁ ခ)။

ဘုရားသခင်သည် သူ၏လူများအနေဖြင့် ဤဘုရားပေးကောင်းချီးကို အပြည့်အဝခံစားနိုင်ရန် မည်သို့တုံ့ပြန်ရမည်ကို ရှင်းလင်းစွာ ဖော်ပြထားသည်။ (၁) "ဂရုပြု" ပြီး "နားထောင်ပါ" (ထွက် ၂၃း၂၁) ငါ၏ကောင်းကင်တမန် (ဤသည်မှာ သခင်ဘုရား၏ ကောင်းကင်တမန်၊ ကိုယ်ခန္ဓာမပေါ်မီ တမန်တော်ဖြစ်သော ယေရှုခရစ်ဖြစ်သည်၊ ကိုးကား ကမ္ဘာ ၁၆း၇၊ ထွက် ၃း၂၊ ၄၊ ၇။ ၁၄း၁၉)၊ (၂) "သူ့ကို ပုန်ကန်ခြင်းမပြုပါနှင့်" (ထွက် ၂၃း၂၁)၊ (၃) "သူတို့ (တစ်ပါးအမျိုးသားများ၏) ဘုရားများကို မကိုးကွယ်ပါနှင့်၊ မလိုက်နာပါနှင့်" (ထွက်

၂၃း၂၄)၊ (၄) "သူတို့ကို ဖျက်ဆီးပြီး ၎င်းတို့၏ မြတ်နိုးသောကျောက်တိုင်များကို အပိုင်းပိုင်းဖျက်ပါ" (ထွက် ၂၃း၂၄)၊ (၅) "သူတို့သို့မဟုတ် ၎င်းတို့၏ဘုရားများနှင့် ပဋိညာဉ် မဖွဲ့ပါနှင့်" (ထွက် ၂၃း၃၂)၊ (၆) "သူတို့ကို သင်တို့ပြည်၌ နေထိုင်ခွင့်မပြုပါနှင့်" အကြောင်း မှာ "သူတို့သည် သင်တို့ကို ငါ့ဆန့်ကျင်ပြီး အပြစ်ပြုစေမည်" သူတို့၏ရုပ်တုကိုးကွယ်မှုသည် "သင်တို့အတွက် သေချာပေါက် ထောင်ချောက်ဖြစ်လိမ့်မည်" (ထွက် ၂၃း၃၃)။

ထို့ကြောင့် သခင်ဘုရားသည် အိမ်နီးချင်းနိုင်ငံများနှင့် ပဋိညာဉ်ဆိုင်ရာ ဆက်ဆံရေး တစ်ခုသို့ မပြုရန်၊ သို့မဟုတ် ၎င်းတို့၏ ရုပ်တုကိုးကွယ်သည့်အလေ့အထများကို လိုက် လျှောက်ပြီး ၎င်းတို့၏ ဘုရားများကို ကိုးကွယ်ခြင်းမပြုရန် အလေးအနက်သတိပေး၏။ ထိုသို့သော ဆက်ဆံရေးနှင့် အလေ့အထများသည် ဣသရေလလူမျိုးများကို ၎င်းတို့၏ ဖန်ဆင်းရှင်နှင့် ကယ်တင်ရှင်ဖြစ်သော အသက်ရှင်သောဘုရားနှင့် ဆက်ဆံရေးမှ ဖယ်ခွာ စေပြီး ၎င်းတို့၏ ပျက်စီးခြင်းကို ဖြစ်ပေါ်စေလိမ့်မည်။

## အပိုင်း ၃။ လက်တွေ့ အသုံးချခြင်း

**၁။ ဘုရားသခင်၏မူလအစီအစဉ်မှာ သိုးထီးချိုမှုတ်သံထွက်ပေါ်သောအခါ၊ သူ၏လူများသည် 'တောင်ပေါ်သို့ တက်လာရန်' (ထွက် ၁၉း၁၃) ဖြစ်သည်။ အမှန်တကယ် ဘာဖြစ်ပျက်ခဲ့သနည်း၊ ဣသရေလလူမျိုးများ သည် ဘုရားသခင်က ပေးသော ဤထူးကဲသောဖိတ်ကြားချက်ကို အဘယ်ကြောင့် လွဲချော်ခဲ့သနည်း (ထွက် ၁၉း၁၆ ၁။ ထွက် ၂၀း၁၉။ တရား ၅း၅ ယ ၂၅ ကဲ့သို့သော ကျမ်းပိုဒ်များကို အတန်းတွင် ဆွေးနွေးပါ)။**

---

**၂။ ထွက် ၁၉ ၏ ဇာတ်လမ်းအရ၊ ဘုရားသခင်က ၎င်းတို့အား တိုက်ရိုက် မိန့်တော်မူ သော အခါ ဣသရေလ လူမျိုးများသည် ကြောက်ရွံ့ခဲ့ကြသည်။ မှန်ကန်သောကြောက်ရွံ့မှုနှင့် မှုမမှန်သော ကြောက်ရွံ့မှုအကြား ကွာခြားချက်တား အဘယ်နည်း (ထွက် ၂၀း၁၉ – ၂၁)။ 'ဘုရားသခင်ကို ကြောက်ရွံ့ရန်' ဟူသော ကျမ်းစာသွန်သင်ချက်သည်အဘယ် အဓိပ္ပာယ်ရှိသနည်း။**

---

**၃။ သခင်ဘုရားနှင့် ကျွန်ုပ်တို့၏ ဒေါင်လိုက်ဆက်ဆံရေးသည် ကျွန်ုပ်တို့၏ အကျင့်နှင့် ကျွန်ုပ်တို့၏ အကူ အညီနှင့် လေးစားမှုလိုအပ်နေသူများအတွက် ဂရုစိုက်မှု၏ အလျားလိုက်အတိုင်းအတာသို့ အမြဲပြောင်း လဲသွားရသည်မှာ အဘယ်ကြောင့် အရေးကြီးသနည်း။**

---

**သင်ခန်းစာ - ၁၀** *ဩဂုတ် ၃၀ — စက်တင်ဘာလ ၅

# ပန္နီညာဉ် နှင့် ပုံစံကြမ်း



## ဥပုသ်နေ့မွန်းလွဲပိုင်း

**ဖတ်ရန်ကျမ်းချက်များ။** ထွက် ၂၄း၁ - ၁၈၊ ၁ ကော ၁၁း၂၃ - ၂၉၊ ဝတ် ၁၀း၁၊ ၂၊ ယေဇ ၃၆း၂၆ - ၂၈၊ ထွက် ၂၅း၁ - ၉၊ ထွက် ၃၁း၁ - ၁၈။

**အလွတ်ကျမ်းချက်။** **“မောရှေသည်လည်း လူများရှိရာသို့လာ၍ ထာဝရဘုရား၏ စကားအလုံးစုံတို့ကိုငင်း၊ စီရင်တော်မူချက်အလုံးစုံကိုငင်း ပြန်ကြား၍၊ လူအပေါင်းတလည်း၊ ထာဝရဘုရား မိန့်တော်မူသမျှအတိုင်း အကျွန်ုပ်တို့ပြုပါမည်ဟု တစ်သံတည်း ပြန်ပြောကြ၏”** (ထွက်မြောက်ရာကျမ်း ၂၄း၃)

ငင်းတို့၏ဘုရား ဖန်ဆင်းရှင်နှင့် ရွေးနုတ်ရှင် ကိုယ်တော်သည် သူ့လူတို့အထဲတွင် ကိန်းဝပ်တော်မူ လိုသည်။ သူနှင့် ရင်းနှီးစွာ မိဿဟာယ ဖွဲ့နိုင်ရန် ကျွန်ုပ်တို့အား ဖန်ဆင်းထားသည်။ ထိုစဉ်ပင် သူတစ်ပါးနှင့် အဓိပ္ပါယ်ရှိရှိ မိဿဟာယဖွဲ့ခြင်းသည် ကြိုးစားမှုနှင့် အချိန်ယူရသေးသည် ဖြစ်၍ ထာဝရဘုရားနှင့် ဒေါင်လိုက် ဆက်ဆံခြင်းသည်လည်း ထိုနည်းတူပင် ဖြစ်၏။ ထာဝရဘုရားနှင့် ဆက်ဆံပါက မြင့်တင်ခြင်းနှင့် တိုးတက်ခြင်းရှိလိမ့်မည်။ လက်တွေ့အလုပ်တွင် နှုတ်ကပတ်တော်လေ့လာခြင်း *(ဘုရားသည် ကျွန်ုပ်တို့အားစကားပြောနေသည်)* ဆုတောင်းခြင်း *(ဘုရားထံ တွင် ရင်ဖွင့်ခြင်း)* ခရစ်တော်၏သေခြင်းနှင့် ပြန်ရှင်ထမြောက်ခြင်း အကြောင်းတို့ကို သက်သေခံရမည်။ ထာဝရဘုရား၏ ကောင်းချီးပေးခြင်းဖြင့် ကျွန်ုပ်တို့သည် သူတပါးတို့ အပေါ် ကောင်းချီးများစီးဆင်းရာ ရေ သရောက်ဖြစ်ရကြလိမ့်မည်။

ဆုံမှတ်သည် ဘုရားသာ ဖြစ်ရမည်။ ကျွန်ုပ်တို့ မဖြစ်ရပါ *(ဟေဗြဲ ၁၂း၁၊ ၂)*။ ဘုရားသခင်နှင့်ဆက်သွယ်ပါက သူ၏ သွန်သင်ချက်တို့ကို လိုက်ရောက်နိုင်သော ခွန်အားပေးနိုင်သည်။ နောက်ဆုံးသော ကာလမျိုးဆက်တို့ကို “ဘုရားသခင်၏ ပညတ်တော်ကို ငင်း ယေရှု၏ယုံကြည်ခြင်းငင်း စောင့်ရှောက်၍ ထိမ်း သိန်း သော လူမျိုး” တို့ဖြစ်မည် *(ဗျာ ၁၄း၁၂)*။

ရိုးရှင်းစွာပြောရလျှင် ဘုရားသခင်ကို ချစ်၍ ထိုအချစ်ကြောင့် သူ့စကားကို နားထောင်ရ၏။

*စက်တင်ဘာလ ၆ ရက်၊ ဥပုသ်နေ့အတွက် ပြင်ဆင်ဖို့ရန် ယခုအပတ် သင်ခန်းစာကိုလေ့လာပါ။

## စာအုပ်နှင့် အသွေး

**ဖတ်ပါ – ထွက် ၂၄း၁ – ၈။ ထာဝရဘုရားနှင့် လူသားစပ်ကြားပဋိညာဉ်တရားကို အတည်ပြုခြင်းတွင် ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုဖတ်ကြားခြင်းနှင့် အသွေးဖြန်းခြင်းသည် မည်သည့် ဇာတ်ကောင်အဖြစ် ပါဝင်သနည်း။**

သမ္မာကျမ်းစာ၏ ဘုရားသခင်သည် မိဿဟာယဘုရားဖြစ်သည်။ ကိုယ်တော်အတွက် အရေးကြီးသည်က အရာတစ်ခု အစီစဉ်တစ်ခု မဟုတ်ဘဲ လူပုဂ္ဂိုလ်ပင်ဖြစ်၏။ ထိုနည်းတူ ဘုရားသည် လူသားတို့ကို အနီးကပ်စောင့်ကြည့်သည်။ သူ၏ မူလ ရည်ရွယ်ချက်သည် လူသားတို့နှင့် တစ်ကိုယ်ရေ ပေါင်းသင်းဆက်ဆံရန်ဖြစ်၏။ ဘုရားဟူသည် *"မေတ္တာ"* ဖြစ်သည်နည်းတူ မိဿဟာယကို ဂရုစိုက်သည်။ မေတ္တာ မရှိဘဲနှင့် မိဿဟာယလည်းမဖွဲ့နိုင်ပါ။ ယေရှုသည် "ငါသည်လည်း မြေကြီးနှင့်ခွါ၍ မြှောက်ထားခြင်းခံရလျှင် လူအပေါင်းတို့ကို ငါထံသို့ငါဆွဲမည်" *(ယော ၁၂း၃၂)* ဟုဆို၏။

ထာဝရဘုရားသည် ကျွန်ုပ်တို့၏ လူ့ကျင့်ဝတ်သာမက မှန်သောအယူဝါဒ နှင့် ကောင်းသောစာရိတ္တ တို့တင်မဟုတ်ဘဲ ရင်းနှီးကျွမ်းဝင်သောဆက်ဆံရေးကိုပါ တည်ဆောက်ချင်သည်။ ဖန်ဆင်းစဉ်ခါက *(ကမ္ဘာ ၁၊ ၂)* တို့တွင် မိဿဟာယ အကြောင်းပါဝင်သည်။ (၁)ထာဝရဘုရားနှင့် ဒေါင်လိုက်မိဿဟာယ *(ဥပုသ်နေ့)* နှင့် (၂) အလျားလိုက်မိဿဟာယသည် လူလူချင်းအကြား *(ထိမ်းမြားခြင်း)* ဖြစ်သည်။

သိနာတောင်၏ပဋိညာဉ်ကို အတည်ပြုခြင်းတွင် ထာဝရဘုရားသည် ထို လူသားတို့နှင့် အထူးမိဿ ဟာယဖွဲ့လိုသည်။ ထိုပွဲတော်တွင် ထိုလူတို့သည် "ထာဝရဘုရားမိန့်တော်မူသမျှကို ကျွန်ုပ်တို့ပြုပါမည်" ဟု နှစ်ကြိမ်တိုင်တိုင် ကြွေးကြော်ကြလေ၏။ သူတို့သည် ပြုလိုသောဆန္ဒရှိပါလျက် သူတို့၏ ကျိုးပဲ့ခြင်း၊ နနယ်ခြင်းနှင့် တန်ခိုးမဲ့ခြင်းတို့ကို သူတို့မသိကြပါ။ အသွေးကို ပဋိညာဉ်စာအုပ်အပေါ်သို့ ဖြန်းလိုက်ခြင်းသည် ခရစ်တော်၏ ကသိုလ်တော်ကြောင့်သာ ဣသရေလတို့သည် ဘုရား၏လမ်းစဉ်ကို မလိုက်ရောက်နိုင်သည် ကို ညွှန်ပြသည်။

ကျွန်ုပ်တို့လူသားများသည် မိမိတို့ အားနည်းနနယ်၍ အပြစ်နှင့် ပြည့်နက်သည်ကို လက်သင့်မခံလိုကြပါ။ ကျွန်ုပ်တို့သည် အဆိုးဘက်သို့ မွေးရာပါယိမ်းယိုင်ခြင်း ရှိကြ၏။ ကောင်းမှုပြုနိုင်ရန် မိမိတို့၏ အပြင်ပမှသာ အကူညီရယူနိုင်မည်ဖြစ်၏။ ဤအကူအညီသည်လည်း အထက်မှသာ ဘုရား၏ကျေးဇူးတော်၊ နှုတ်ကပတ်တော်နှင့် သန့်ရှင်းသော ဝိညာဉ်တော်ထံမှသာလာနိုင်၏။ ဤအကူအညီတို့ကို ဖယ်ရှား စွန့်ပစ်ခြင်းဖြင့် ဆိုးသွမ်းခြင်းသည် လွယ်ကူစွာ ကျွန်ုပ်တို့အထဲသို့ ဝင်လာနိုင်ပါသည် မဟုတ်လော။

ထို့ကြောင့်ပင် ထာဝရဘုရားနှင့် တစ်ကိုယ်ရေနီးကပ်သော မိဿဟာယသည် သိနာတောင်မှလူတို့ ကဲ့သို့ ယနေ့ကျွန်ုပ်တို့သည်လည်း အလိုရှိကြပါသည်။

**'ထာဝရဘုရား မိန့်တော်မူသမျှကို ကျွန်ုပ်တို့ ပြုပါမည်'** *(ထွက် ၂၄း၃)***။ သင်သည် ထိုသို့ ဘယ်နှစ် ကြိမ်မျှ ပြောခဲ့သော်လည်း မပြုခဲ့ဘူးသနည်း။ တစ်ခုတည်းသော အဖြေသည် အဘယ်နည်း။**

# ဘုရားသခင်ကို မြင်တွေ့ခြင်း

**ဖတ်ပါ – ထွက် ၂၄း၉ – ၁၈။ ဣသရေလတို့အား မည်သည့်အံ့ဩဘွယ်များ မြင်တွေ့စေသနည်း။**

ထာဝရဘုရားနှင့် ပဋိညာဉ်ကို အသစ်တဖန် ပြန်လည် အတည်ပြုပြီးသောအခါ မောရှေသည် သိနာ သို့ ပြန်တက်သွားရ၏။ စစတက်ခြင်းတွင် မောရှေတစ်ဦးတည်း မဟုတ်ပါ။ အကောင်းဆုံးသော ဣသရေလ၏ ခေါင်းဆောင် ၇၃ ဦးပါဝင်လာကြသည်။ ထိုခေါင်းဆောင်တို့အတွက် ဤကိစ္စသည် ထိပ်တန်းရောက်အတွေ့အကြုံပင် ဖြစ်လေသည်။ ထိုသူတို့သည် ဘုရားသခင်ကို မြင်ရကြလေသည်။ ကျမ်းချက်တွင် နှစ်ကြိမ်တိုင်အောင် အတည်ပြုပေးသည်။ ထာဝရဘုရားနှင့် ပဋိညာဉ်သဘောတူညီမှုပြုရင်း အတူတကွ စားသောက်ကြရ၏။ ဣသရေလတို့ထာဝရဘုရား၏ တည်ခင်းဧည့်ခံပွဲပင် ဖြစ်သည်။ ထိုခေါင်းဆောင်တို့ကိုလည်း ဘုရားသခင်သည် လေးနက်စွာ ဂုဏ်ပြုတော်မူ၏။

သမ္မာကျမ်းစာခေတ် အရှေ့အလယ်ပိုင်းတွင် *(နေရာအတိကျမသိရ)* အတူ စားသောက်ရခြင်းသည် ကြီးမားမွန်မြတ်သော အခွင့်အခါတစ်ခုပင်ဖြစ်သည်။ အပြစ်လွှတ်ခြင်းနှင့် မိတ်ဆွေဖြစ်ကြောင်း ခံဝန်ချုပ်ဖြစ်သည်။ အခက်အခဲနှင့် ပြဿနာကာလတွင် နှစ်ဦးနှစ်ဘက်စလုံး အတူလက်တွဲနေသည်ကိုဖော်ဆောင်သည်။ အတူ စားသောက်ခြင်းဖြင့် နှုတ်ဖြင့် မမြွက်ဆိုသည့်တိုင် တစ်ဘက်သားမှ တစ်ခုခုကြုံရခဲ့သော် ဝင်ရောက်ကာ ကူညီမည်ဟု ကတိပြုခြင်းဖြစ်သည်။ စားပွဲတစ်ခုတွင် ဖိတ်ကြားခံရသည်မှာ လူတိုင်းမခံစားရသော အထူး ပြုစုခြင်းပင် ဖြစ်သည်။

ထိုစဉ်တွင် ထိုဖိတ်ကြားခြင်းကို ငြင်းဆိုခြင်းသည် အဆိုးဆုံး စော်ကားခြင်း တမျိုးဖြစ်သည်။ ဤအမြင်သည် ဓမ္မသစ်ကျမ်းတွင် ယေရှုခရစ်သည် အပြစ်သားများ အတူစားသောက်သည်ဟု ပြစ်တင်ဝေဖန်ခြင်းကို နားလည်စေပါလိမ့်မည် *(လု ၅း၃၀)*။ ယုံကြည်သူတို့သည် သခင့်ညစာကျင်းပသောအခါ အပြစ်သားဖြစ်ကြသော သူတို့အချင်းချင်း နီးကပ်သော မိတ်ဆွေတည်ဆောက်ခြင်းပင် ဖြစ်သည်။ ထိုစားပွဲတွင် ယေရှု၏ အပြစ်လွှတ်ခြင်းဖြင့် ကယ်တင်ခြင်းကို အတူကျင်းပခြင်းဖြစ်သည် *(မဿဲ ၂၆း၂၆ – ၃၀။ မာ ၁၄း၂၂ – ၂၅။ ၁ ကော ၁၁း၂၃ – ၂၉)*။

ဝမ်းနည်းစရာတစ်ခု မောရှေနှင့်အတူ တက်သွားသော လူကြီးတစ်ချို့တို့သည် အပြစ်လုပ်၍ မိမိတို့အသက်ကိုပင် ဆုံးရှုံးခဲ့ကြရသည် (ဝတ် ၁၀း၁၊ ၂၊ ၉)။ ဘုရားသခင်နှင့်ပင် နက်နဲစွာ ကြုံဆုံခဲ့ရသော်လည်း ပုံသဏ္ဍာန်မပြောင်းလဲဘဲ စိတ်ပြောင်းလဲခြင်းလည်း မရှိခဲ့ကြပါ။ သမ္မာတရား မည်မျှပင်ကြွယ်နေသော်လည်း အလိုအလျောက်မပြောင်းလဲနိုင်ဟူသည့် တန်ခိုးကြီးသော သင်ခန်းစာတစ်ခုပါတကား။ ထိုသို့ တွေ့ကြုံခဲ့ရ သူတို့တွင် နောက်ပိုင်းတွင် ကံဆိုးမိုးမှောင်ကျရောက်သူသည် ၎င်းတို့သည် နောက်ဆုံးပင် ဖြစ်တန်ရာသည်။

**အာရုန်၏သားတို့ပင်ပါဝင်သော အခွင့်ထူးခံစားရသူတို့ကိုစိတ်ထဲစွဲမှတ်ပါ။ အလင်းများစွာနှင့် အခွင့်ထူးများစွာခံစားရရှိထားသော မြော်လင့်ခြင်းအသင်းတော်သည် မည်သည့်သတိပေးခြင်းများရရှိသနည်း။**

**အင်္ဂါနေ့** စက်တင်ဘာလ ၂ ရက်

## နားထောင်နိုင်ရန်တန်ခိုး

**ဖတ်ပါ – ယေဇကျေလ ၃၆း ၂၆ – ၂၈။ မိမိတို့အသက်တာတွင် နားထောင်ခြင်းသည် မည်သို့ဖြစ်လာသနည်း။**

ဣသရေလတို့သည် အခါသမယသုံးခုကြောင့် ဘုရားအား နားထောင်ကြပါမည် ဟု ကတိကဝတ်ပြုကြသည် *(ထွက် ၁၉း၈။ ၂၄း၃၊ ၇)*။ ကျမ်းစာအရ လူသားသည် နနယ် ကွဲလွယ်၍ အပြစ်များသည်ဆိုသည့်တိုင် နားထောင်ခြင်းအရေးကြီးသည်။ ဝမ်းနည်းစရာမှာ ဤအမုန်တရားသည် ဣသရေလရာဇဝင်တွင် သာမက ဘုရား၏ လူတို့ ရာဇဝင် တစ်လျှောက်တွင်လည်း ရှိနေပါသည်။ ထိုသို့ဆိုသော် ထာဝရဘုရား နောက်သို့ သစ္စာခံကာ မည်သို့ လိုက်နိုင်ကြမည်နည်း။

ထာဝရဘုရားသည် သူထုတ်ဆင့်သော သတင်းကောင်းကို ပြုနိုင်ရန် ခွန်အားကိုပါ ပေးသည်။ ဘုရားသခင် တောင်းဆိုသည်များကို ပြုနိုင်ရန် ကျွန်ုပ်တို့အထဲတွင် မရှိ သောမစခြင်းသည် ပြင်ပမှလာသည်။ သူ၏ အတာပင် ဖြစ်သည်။ သူ၏ ဓမ္မရေးရာ အချုပ်ယေဇကျေလ ၃၆း၂၆၊ ၂၇ တွင် ပုရောဖက် ယေဇကျေလသည် ပြတ်သားစွာ ဖော်ပြထားသည်။ ထာဝရဘုရားသည်သာ နလုံးအား ပြောင်းရွှေ့စိုက်ပေးနိုင်သည်။ ကျွန်ုပ်တို့၏ ကျောက်နလုံးကို ဖယ်ရှား၍ ခံစားလွယ်သော အသားနလုံးကို ပေးတော်မူ၏။ ယောရှုသည် သူ၏ပရိသတ်တို့ အား "သင်တို့သည် ထာဝရဘုရားအား ဝတ်မပြု နိုင်" *(ယောရှု ၂၄း၁၉)* ဟုဆိုခဲ့သည်။

ထာဝရဘုရား၏နောက်သို့ လိုက်ရန် ကျွန်ုပ်တို့ ဆုံးဖြတ်နိုင်သည်။ ကျွန်ုပ်တို့ အတာဖြစ်သည်။ ကျွန်ုပ်တို့သည် အချိန်နှင့်အမျှ ဆက်ကပ်ရန် ရွေးချယ်ခြင်း ပြုရပါ သည်။ မိမိတို့စိတ်ကြိုက် အမှုတော်ဆောင်ရန် ရွေးချယ်ထားသော်လည်းမိမိတို့၌ ခွန်အားမရှိပါ။ မိမိတို့၏ အားနည်းခြင်းကို ဘုရားထံ ဆက်ကပ်လိုက်သောအခါ သူ သည် ကျွန်ုပ်တို့ကို အင်အားပေးသည်။ ရှင်ပေါလုသည် "ငါသည် အားနည်းသောအခါ တန်ခိုးနှင့် ပြည့်စုံလျက်ရှိ၏" *(၂ကော ၁၂း၁၀)* ဟုဆို၏။

ယေဇ ၃၆း၂၄ – ၃၀ ရှိ "ငါ" ကို ဂရုပြုပါ။ ထာဝရဘုရားသည် စုစည်း၊ သန့်စင်၊ ဖယ်ရှား၊ ပေးကမ်းထားပေး၍ သူ၏ ပညတ်တော်ကို စောင့်ထိန်းစေသည်။ သူပြုသမျှ သင်ပြုရမည်။ သူနှင့်အနီးကပ် ပေါင်းသင်းပါက သင့်ထံသို့ သူပေါ်လာမည်။ သူပြုသမျှ သည် သင်ပြုသမျှ ဖြစ်လိမ့်မည်။ ထာဝရဘုရားနှင့် သင်တစ်လုံးတဝ ဖြစ်ခြင်းသည် အလိုအလျောက် တန်ခိုးပါ၍ တက်ကြွမှုရှိသည်။

ဤအလေးထားဖော်ပြသည့်အရာသည် ဘုရားပြုသောအရာဖြစ်၏။ "ငါ၏ စိတ်နလုံးအသစ်ကို သင့်အားပေး၍ ငါ၏ပဋိညာဉ်အတိုင်း ရောက်စေမည်။ သင်သည်လည်း ငါ၏စီရင်ခြင်းကို စောင့်ထိန်း၍ ပြုလုပ်ရပါမည်" *(ယေဇ ၃၆း၂၇)*။ ဘုရားသည် လူသားအား အမိန့်တော်ရှိသည်အတိုင်းပြုနိုင်ရန်တန်ခိုးပါ ပေးတော်မူ၏။ ဘုရားသည် သူ့လူတို့အား တောင်းဆိုသမျှကို ပြုနိုင်ရန် အမြဲထောက်မ၏။ နားထောင်ခြင်းသည် ဘုရား၏ လက်ဆောင်မွန်ဖြစ်သည် *(ကျွန်ုပ်တို့၏ စွမ်းဆောင်အောင်မြင်ခြင်း မဟုတ်)*။ ဖြောင့်မတ်စေခြင်းနှင့် ကယ်တင်ခြင်းသည် သူ၏လက်ဆောင်မွန်ပင်ဖြစ်၏ *(ဖိ ၂း၁၃)*။

**နားထောင်နိုင်သောတန်ခိုးကို ကတိပေးခဲ့ပြီးနောက်မှ အဘယ်ကြောင့် အပြစ်ထဲသို့ပြန်ကျရောက် လွယ် ကြရသနည်း။**

## သူ၏ လူမျိုးများ အလယ်၌

ထာဝရဘုရားသည် သူ့လူတို့အား နည်းမျိုးစုံဖြင့် သွန်သင်နေရာ နည်းတစ်ခုသည် ဗိမာန်တော်ပင်ဖြစ်၏။ အထုံးအဖွဲ့အလုံးစုံတို့သည် ယေရှုအားညွှန်ပြ၍ နှစ်ပေါင်းများစွာ ပြီးမှ ယေရှုပြုရမည့်အရာများဖြစ်သည့် ကယ်တင်ခြင်းစီမံကိန်းအား သရုပ်ပြပေး၏။

**ဖတ်ပါ – ထွက် ၂၅း၁ – ၉။ လက်တွေ့ကျသောဝမ္ဗရေးရာမည်သည့်သမ္မာတရားများပါရှိသနည်း။**

ထာဝရဘုရားသည် ဣသရေလကို အနီးကပ်ဦးဆောင်ခဲ့ပြီးသော်လည်း ဗိမာန် တော် တစ်ခု တည်ဆောက်ရန် ညွှန်ကြားတော်မူ၏။ "ငါသည်သင်တို့၌ ကိန်းဝပ်ရာဖို့ သန့်ရှင်းရာ ဌာနကိုလုပ်ကြစေ" *(ထွက် ၂၅း၈)*။ ဘုရားသည် ထိတွေ့စမ်းသပ်နိုင်သောအရာများဖြင့် သူတို့၌နေလို၏။ သူတို့သည် အကြိမ်များစွာ ပြစ်မှားကြသော်လည်း သူသည် မစွန့်ပစ်ဘဲ "ကောင်းကင်သည် သူတို့အား မျက်နှာသာပြန်ပေး၏" *(ရှေးဘိုးဘေးများနှင့် ပရောဖက်များ။ စာ၊ ၃၄၃)*။ ကောင်းကင်၏အမိန့်တော်ဖြင့် ဗိမာန်တော်တည်ဆောက်ရန် အစပြု၏။

ဘုရားသခင်သည် လူပြုလုပ်သော ဗိမာန်နှင့် အဆောက်အဦးတွင် မနေကြောင်း အခိုင်အမာဆို၏ *(တ ၇း၄၇ – ၅၀)*။ ဘုရားသည် ကောင်းကင်ထက်သာ၍ ကြီးမြတ်သော ကြောင့် ကောင်းကင်သည် သူ့အားဝင်မဆံ့နိုင်ပါ။ အေသင်မြို့ အာရီအိုပေဂါစ်တွင် ရှင်ပေါ လု သည် "လောကဓာတ်မှစ၍လောကဓာတ်၌ရှိသော အရာတို့ကို ဖန်ဆင်း တော်မူသော ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကို အစိုးရတော်မူသော အရှင် ဖြစ်၍လူတို့လုပ် သောဗိမာန်၌ကိန်းဝပ်တော်မူသည်မဟုတ်" *(တ ၁၇း၂၄)*။ ရှင်ဘုရင် ရှောလမုန်သည် "ဘုရားသခင်သည် မြေကြီးပေါ်မှာ ဧကန်အမှန် ကိန်းဝပ်တော်မူမည်လော။ ကောင်းကင် နှင့် ကောင်းကင်တကာတို့၏ အထွဋ်အမြင့်ဆုံးသော ကောင်းကင်သည် ကိုယ်တော်ကို မဆံ့မခံနိုင်သည်ဖြစ်၍ အကျွန်ုပ်တည်ဆောက်သော ဤအိမ်သည် အဘယ်ဆိုဘွယ်ရာ ရှိ သနည်း" *(၃ ဓမ္မ ၈း၂၇)*။ ဗိမာန်တော်ဟူသည် ထာဝရဘုရားသည် မိမိကိန်းဝပ်တော်မူ သော နေရာကို ဖော်ပြခြင်း ဖြစ်သည်။

ဣသရေလတို့သည် ထိုဗိမာန်တည်ဆောက်ရန် အလှူဒါနကို မိမိတို့စိတ် အလို အ လျှောက်ယူလာရမည်။ တန်းဖိုးကြီးသော ဒါနများ ရွှေ၊ ငွေ၊ ကြေး၊ အာကာရှသစ်သား မှ စ ၍ အထည်အမျိုးမျိုး၊ သံလွင်ဆီနှင့်အမွှေးနံ့သာအမျိုးမျိုးတို့ကို ယူဆောင် ရပါမည်။

ထွက် ၂၅း၁၀ – ၂၇း၂၁ တွင် ဗိမာန်တော်၏ အထုံးအဖွဲ့ အသေးစိတ်ကို တွေ့ရ၏။ ဘုရားသခင်သည် မောရှေအား တဲတော်ပုံစံကြမ်းနှင့် လုပ်ရမည့်ပုံ ပဋိညာဉ်သေတ္တာ၊ ရှေ့တော်မုန့်၊ မီးလင်းတိုင်၊ ယဇ်ပလ္လင်၊ ကန့်လန့်ကာ၊ အရောင်မျိုးစုံနှင့် အတိုင်းအတာ စသည်ဖြင့် အသေးစိတ် ညွှန်ကြားထားတော်မူသည်။

မောရှေသည် တဲတော်ကို ထာဝရဘုရားညွှန်ကြားတော်မူသည်အတိုင်း တည် ဆောက် ရလိမ့်မည် *(ထွက် ၂၅း၉၊ ၄၀။ ၂၆း၃၀)*။ ကောင်းကင်ဗိမာန်တော်အား ရောင်ပြန် ဟပ်သည် *(ဟေဗြဲ ၈း ၁၊ ၂။ ၉း ၁၁)*။ လောက၏ဗိမာန်သည် ယေရှုက သူသေသည် အထိပြုသောအရာများနှင့် ကောင်းကင်ဗိမာန်တော်တွင် ပြုသောအရာများ၊ လောက ဗိမာန်တော်၏သင်္ကေတ ပုံဆောင်အရိပ်ပြသောအရာများ၊ အသန့်ရှင်းဆုံး အခန်း၏ ကန့် လန့်ကာရှေ့တွင် ယေရှုသေသောအချိန်တွင် ဖြစ်သမျှသော အရာတို့အားလုံး ပယ်ဖျက် ခြင်းတို့ကို ဖော်ပြသည် *(မဿဲ ၂၇း၅၁။ မာကု ၁၅း၃၈)*။

## ဘုရားသခင်၏ ဝိညာဉ်တော်နှင့်ပြည့်၍

ဗိမာန်တော်၏ အထုံးအဖွဲ့အသေးစိတ်ကို ဘုရားသခင်သည် မောရှေထံသို့ ညွှန်ကြားတော်မူသည်။ ယဇ်ပုရောဟိတ်တို့သည် မိမိတို့ ယဇ်ပုရောဟိတ် ဝတ်စုံ သီးသန့်ရှိ၍ ဣသရေလသားတို့၏အမည်များ ပါရှိ သော အထူးသင်တိုင်းတစ်ခု ရှိရပါမည်။ ယဇ်ပုရောဟိတ်၏ နလုံးပေါ်တည့်တည့်တွင် ဥရိမ်နှင့်သုမိမ် ပါရှိသော ဗျာဒိတ်ရင်ဖုံး ဝတ်ဆင်ရမည် *(ထွက် ၂၈)*။ ယဇ်ပုရောဟိတ် အလုံးစုံတို့ကိုလည်း သန့်ရှင်းစေရပါမည် *(ထွက် ၂၉)*။ သေချာစွာပြင်ဆင်သောအရာတို့သည် လောဗန်နံ့သာပေါင်းပလ္လင်၊ ခြေလက်ဆေးအင်တုံ၊ လိမ်းရန်ဆီနှင့် နံ့သာပေါင်းတို့ ဖြစ်သည် *(ထွက် ၃၀)*။

**ဖတ်ပါ – ထွက် ၃၁း၁ – ၁၈။ တဲတော်တွင် အသေးစိတ်ပါဝင်သောအရာများ နှင့် ဆက်စပ် သော အထုံးအဖွဲ့တို့၏ အသေးစိတ်နှင့် အလှဆင်ခြင်းအရာတို့တွင် ထာဝရဘုရား၏ထောက်မခြင်း မည်သို့ပါဝင်သနည်း။**

ဘုရားသခင်သည် မိမိ၏ဝိညာဉ်တော်ဖြင့် တစ်စုံတစ်ဦးကို ပြည့်စေသည်ကို သမ္မာကျမ်းစာတွင် ဖတ်ရပါလိမ့်မည်။ မည်သည့်အနက်ရှိသနည်း။ ဗေဇလေလကို ဗိမာန်တော်ချယ်သရန် အနုပညာနှင့် ပြည့်စုံစေ၏။ သူသည် အသစ်သောလက်မှု ပညာအတတ် ဉာဏ်စွမ်းတို့ဖြင့် ပြည့်စုံလေသည်။ သူ့အားကူညီထောက်မ ပေးရန် ထပ်မံ၍ အာဟောလျာဘနှင့် အခြားအနုပညာရှင်များကိုလည်း ပေါ်ထွန်းစေသည်။

ဤတီထွင်နိုင်စွမ်းတို့အတောတွင်းမှာပင် ဘုရား၏ ဥပုသ်နေ့ကိုလည်း ဘုရားသခင်နှင့် သူ့လူတို့ စပ်ကြားတွင် လက္ခဏာသက်သေဖြစ်စေကာ သူတို့ကို သန့်ရှင်းစေလေသည်။ အနက်မှာ စထ္ထုထပညတ် တော်ကို စောင့်ထိန်းခြင်းသည် သန့်ရှင်းခြင်းနှင့် ဆက်နွှယ်စေလေသည်။ ယေဇကျေလသည်လည်း "ငါထာ ဝရဘုရားသည် သူတို့ကို သန့်ရှင်းစေသည် ဟု သူတို့သိမည်အကြောင်း ငါနှင့် သူတို့စပ်ကြားမှာ ငါ၏ဥပုသ်နေ့ကို ငါခန့်ထား၏" *(ယေဇ ၂၀း၁၂)*။

ဥပုသ်တော်နေ့သည် ကိုယ်တော်သည် ဖန်ဆင်းရှင် *(က ၂း၂။ ၃)*၊ ရွေးနုတ်ရှင်နှင့် ဘုရားရှင် *(တရား ၅း၁၅။ မာကု ၂း၂၇၊ ၂၈)*နှင့် သန့်ရှင်းသူဖြစ်ကြောင်း ထင်ရှားစေ၏။ သူကိန်းဝပ်တော်မူခြင်းဖြင့် လူသားတို့ကို အသွင်ပြောင်းလဲစေသည်။ ဘုရား၏ ဝိညာဉ်တော်ကြောင့် သူတို့သည် ချစ်တတ်သူ၊ ကြင်နာတတ်သူ၊ အတ္တကင်းသူနှင့် ခွင့်လွှတ်တတ်သော စာရိတ္တပိုင်ရှင်များဖြစ်လာသည်။

ထာဝရဘုရားသည် မောရှေထံသို့ ပေးတော်မူသော အထွဋ်အထိပ်ဆုလဒ်သည် ပညတ်တော် ဆယ်ပါး *(ထွက် ၃၁း၁၈)* ဖြစ်၏။ ထာဝရဘုရားကိုယ်တော်တိုင် ကျောက်ပြားပေါ်တွင် ကဗ္ဗည်းထိုးထား သော ကျင့်ဝတ်သီလဆယ်ပါးတို့ ဖြစ်ကြသည် *(ထွက် ၃၁း၁၈။ တရား ၉း၉ – ၁၁)*။ ဤကျောက်ပြားတို့ကို တဲတော်၏ အသန့်ရှင်းဆုံးအခန်း၊ ပဋိညာဉ်သေတ္တာထဲ၊ ဂရုဏာပလ္လင်အောက်တွင် ထားရပါမည် *(ထွက် ၂၅း၂၁)*။

**'ဂရုဏာပလ္လင်' ဟူသော စကားလုံးသည် ဟေဗြဲဘာသာမှ ဆင်းသက်လာ၍ ဇစ်မြစ်အနက်သည် 'ကျေအေးခြင်း' ဖြစ်သည်။ အဘယ်ကြောင့် 'ဂရုဏာပလ္လင်' အား ပညတ်တော်အထက်တွင် ထားရသနည်း။ မည်သည့် ပြော်လင့်ခြင်း မြင်တွေ့ရသနည်း။**

**ထပ်မံစဉ်းစားရန်။** အီးဂျီဝိုက်၊ ရှေးဘိုးဘေးများနှင့်ပုရောဖက်များ၊ "တဲတော်နှင့်အထုံးအဖွဲ့များ" စာ၊ ၃၄၃ – ၃၅၃။

တဲတော်ဟူသည် မိမိအပြစ်တို့ကို ဝန်ချသောဘုရား၏ လူသားတို့အတွက် ကျေအေးစရာ အထူးနေရာဖြစ်သည်။ ဣသရေလလူတို့သည် ကန္တာရတွင်နေထိုင်စဉ်တွင် ကယ်တင်ခြင်းစီမံကိန်းကို ပြည့်စုံစွာ သွန်သင်ရသောနေရာလည်းဖြစ်ခဲ့သည်။ ဖြောင့်မတ်စေခြင်း၊ သန့်ရှင်းစေခြင်းနှင့်တရားစီရင်ခြင်းတို့ကိုပါ ထိုနေရာတွင် သွန်သင်နိုင်ခဲ့သည်။ တိရစ္ဆာန်အားယဇ်ပူဇော်ခြင်း၊ အပြစ်လွှတ်ခြင်း၊ အပြစ်ကိုလုံးဝဖယ်ရှားခြင်း တို့သည် ယေရှု၏သေခြင်းကို ညွှန်ပြနေသည်။ ဆက်လက်၍ ယဇ်ပူဇော်ခြင်းသည်လည်း ထာဝရဘုရား ကိန်း တော်မူခြင်းနှင့် ဖြောင့်မတ်ခြင်း၏ စံနှုန်းလည်းဖြစ်လေသာ။

"ပဋိညာဉ်သေတ္တာထဲတွင် ဌာပနာထားသော ထာဝရဘုရား၏ ပညတ်တော်သည် ဖြောင့်မတ်ခြင်းနှင့်တရားစီရင်ခြင်းတို့၏ ကြီးမြတ်သော စည်းမျဉ်းမူဝါဒပင် ဖြစ်သည်။ ပညတ်တရားသည် ကျူးလွန်သောသူ အပေါ် သေဒဏ်စီရင်သော်လည်း ပညတ်တော်အထက်တွင်ရှိသော ဂရုဏာပလ္လင်သည် ထာဝရဘုရား၏ ကိန်းဝပ်တော်မူခြင်းကို ဖော်ပြကာ ထိုနေရာမှ ကျေအေးခြင်း၏ သူတော်ကောင်းတရားသည် စီးဆင်းလာ၍ နောင်တရသော အပြစ်သားအား ချမ်းသာခွင့် ရစေလေ၏။ ခရစ်တော်သည် ကျွန်ုပ်တို့အား ရွေးနုတ်ခြင်း လုပ်ငန်းများကို ဗိမာန်တော်၏အထုံးအဖွဲ့တို့မှ သင်္ကေတဆောင်သည် ဖြစ်၍ "ဂရုဏာနှင့် သစ္စာဆုံမိပြီ။ တရား နှင့်ချမ်းသာသည် တစ်ပါးကိုတစ်ပါး နမ်းကြပြီ" *(ဆာ ၈၅း၁၀)* ဟု ဆို၏။ *(ရှေးဘိုးဘေးများ နှင့်ပုရောဖက်များ။ စာ၊ ၃၄၉)*။

## ဆွေးနွေးရန်မေးခွန်းများ –

**၁ 'ထာဝရဘုရား မိန့်တော်မူသမျှကို ကျွန်ုပ်ပြုပါမည်' ဟု ဘယ်နှစ်ကြိမ် ဆိုဘူးသနည်း။ သင်၏ အားထုတ်မှုသည် မည်မျှအောင်မြင်သနည်း။**

**၂ သိနာတွင် မောရှေ ရက် ၄၀ နေရသည့်အဆုံးတွင် ဣသရေလတို့သည်ထာဝရဘုရား၏ ဥပုသ်နေ့ကို စောင့်ထိန်းရမည်။ အကြောင်းသည် ထာဝရဘုရားသည် သူတို့အားသန့်ရှင်းစေသည်ဖြစ်၍ သူနှင့် သူ့လူ တို့ စပ်ကြားတွင် အထိန်းအမှတ်ဖြစ်လိမ့်မည်ဟု မိန့်တော်မူသည်။ သန့်ရှင်းခြင်းနှင့် သန့်ရှင်းစေခြင်း တို့သည် ဥပုသ်စောင့်ထိန်းရာတွင် မည်သည့်နေရာမှ ပါဝင်လာသနည်း။**

**၃ 'ငါသည်သူတို့၌ကိန်းဝပ်ရာဖို့' ဗိမာန်တော်ကို တည်ဆောက်စေလိုသည်။ ဤနေရာသည် ဣသရေလတို့ အတွက် ကယ်တင်ခြင်း၏ ဗဟိုနေရာဖြစ်သည်မှာ စိတ်ဝင်စားဘွယ်ကောင်းလှ၏။ ဤဗိမာန်တော်မှ ထာဝရဘုရားသည် သူ၏လူတို့၌ ကိန်းဝပ်တော်မူ၍ ကယ်တင်ခြင်းစီမံကိန်းကို အမျိုးပြုခြင်းနှင့် အရိပ်ပြခြင်းတို့ဖြင့်ဖော်ဆောင်၏။ ထာဝရဘုရားအား လုံးလုံးလျားလျားမှီခိုသည်ကို ၎င်း တို့သည်မည်သို့ဖော်ပြသနည်း။**

**၄ သူတို့၏အပြစ်အားလုံးတို့ကို အသွေးအားဖြင့် ဗိမာန်တော် ထာဝရဘုရား၏ အိမ်တော်သို့ ဆောင်ယူလာသည်မှာ မည်သည့်အနက်ရှိသနည်း။ ကပ်တိုင်တွင် ယေရှုပြုခဲ့သည်များနှင့် ယခုကောင်းကင်တွင် ပြုနေသောအရာများကို မှန်မှန်လေးပင် ဖြစ်စေ၊ မည်သို့အလင်းပြန်စေသနည်း။**

## အရာခပ်သိမ်းကိုသိသောဘုရားသခင်ကိုသိခြင်း

Andrew McChesney

အစ်ဘာလ်သည် တောင်အာရှရှိ မြော်လင့်ခြင်းအသင်းတော်ဘော်ဒါကျောင်းရှိ အထက်တန်းကျောင်းတွင် အင်္ဂလိပ်စာသင်ယူရန် အိမ်မှ မိုင် ၆၀၀ ကျော် ခရီးသွားခဲ့စဉ် ယေရှု ကြောင်း ဘာမှမသိခဲ့ပါ။

သူသည် ခရစ်ယာန်မဟုတ်သော မိသားစုတွင် ကြီးပြင်းခဲ့ပြီး၊ သူ့မိဘများက သူ့ကို အသက် ၂၀ တွင် ကျောင်းရှိအင်္ဂလိပ်စာထူးချွန်နေသော သူ့အစ်မနှင့်အတူ ပူးပေါင်းရန် ပို့ခဲ့၏။

အစ်ဘာလ်သည် ကျောင်း၏ နံနက်နှင့် ညနေ ဝတ်ပြုပွဲများအားလုံးကို တက်ရောက်ခဲ့သည်။ သူသည် ဥပုသ်နေ့ဝတ်ပြုပွဲများအားလုံးကိုလည်း သွားခဲ့သည်။ ယေရှုကို သိလိုသောစိတ်၊ သူ့နှလုံးသားထဲတွင် စတင်ခဲ့သည်။ သူသည် ယေရှုအကြောင်း သိရှိရန် သမ္မာကျမ်းကို ဖတ်ခဲ့ပြီး၊ သူ့အကြည့်များသည် ယေရမိ ၁း၅ သို့ ရောက်သွားသည်၊ "သင့်ကိုအမိဝမ်းထဲ၌ ငါမဖန်ဆင်းမီသင့်ကို ငါသိပြီ။ မဘွားမီကပင် သင့်ကို ငါသန့်ရှင်းစေ၍၊ လူအမျိုးမျိုးတို့ အဘို့၊ ပရောဖက်အရာ၌ ခန့်ထားပြီ။"

သူသည် ယေရှုက ကျွန်ုပ်ကို အမိဝမ်းထဲ မရှိခင်ကတည်းက ကိုယ်ရေးကိုယ်တာ သိထားသောကြောင့်ယေရှုကိုလည်းကိုယ်ရေးကိုယ်တာအဖြစ်သိလိုပါသည်ဟုတွေးမိသည်။

ရက်ကိုလစားပြီး၊ အစ်ဘာလ်လည်း ယေရှုအကြောင်း ပိုမိုသိရှိလာ၏။ ယေရှုက သူ့ကို မိုင် ၆၀၀ ကျော် အကွာမှာ အင်္ဂလိပ်စာသင်ယူရုံသာမက သူ့မေတ္တာကိုပါ သင်ယူရန်လည်း ခေါ်ဆောင်လာခဲ့သလားဟု တွေးခဲ့သည်။ ယေရှု၏ မေတ္တာကို သူ့ဘဝတွင် စတင်ခံစားလာပြီး၊ ကျောင်းသို့ရောက်ပြီး နှစ်နှစ်ခွဲ ကြာသောအခါ၊ ယေရှုထံ သူ့နှလုံးသားကို ပေးကာ နှစ်ခြင်းခံရန် ဆုံးဖြတ်ခဲ့သည်။

ကျောင်းမှ ဘွဲ့ရပြီးနောက်၊ အစ်ဘာလ်သည် အိန္ဒိယနိုင်ငံ ဘန်ဂလိုးရှိ လိုးရီ မြော်လင့်ခြင်း ကောလိပ်မှကွန်ပျူတာနည်းပညာဘွဲ့ကို ဆက်လက်ရရှိခဲ့ပြီး၊ ၎င်း၏ဝန်ထမ်းအဖွဲ့သို့ ပူးပေါင်း၍ ကျောင်းဝင်းအတွင်း သာသနာပြုလှုပ်ရှားမှုများတွင်လုပ်ကိုင်၏။ ယေရှုသည် သူ့ဘဝ ဖြစ်ပြီ။

"အခု ကျွန်တော်ကတော့ ယေရှုနှင့်အတူ နေရတာ ပျော်ရွှင်ပါတယ်" လို့ သူကပြော၏။ "နေ့တိုင်း ယေရှုက ကျွန်တော့်ကို ဦးဆောင်ပြီး ဂရုစိုက်ပေးပါတယ်။ ပြဿနာတစ်ခုနဲ့ ရင်ဆိုင်ရတဲ့အခါတိုင်း၊ ယေရှုခရစ်ဟာ ကျွန်တော့်ရဲ့ ခိုလှုံရာဖြစ်ပြီး ပြဿနာကနေ ကျွန်တော့်ကို ကယ်တင်ပေးပါတယ်။"

အစ်ဘာလ်သည် ယေရှု၏ ခပ်သိမ်းသောအရာသိနိုင်စွမ်းကို အံ့ဩခဲ့ပြီး၊ ယေရှုသည် သူ့ကို အမိ၏ဝမ်းထဲတွင် မဖွဲ့စည်းခင် သိထားရုံသာမက၊ သူကိုယ်တိုင် မသိမီကပင် သူ့လိုအပ်ချက်များကို သိထားသည်ဟူသော အတွေးကို ဖော်ပြခဲ့သည်။

"ယေရှုက ကျွန်တော့်လိုအပ်ချက်တွေကို ကျွန်တော်မသိခင်ကတည်းက ဂရုစိုက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။ "ကျွန်တော်မတောင်းခင်၊ ဘာပေးရမလဲ၊ ဘယ်သူကတစ်ဆင့် ပေးရမလဲ သူသိတယ်။ ဒါကြောင့် ကျွန်တော် သူ့ကို ယုံကြည်ပြီး နေ့စဉ် ပိုပြီးချစ်မြတ်နိုးပါတယ်။"



လိုးရီမြော်လင့်ခြင်း ကောလိပ်သည် ၂၀၂၄ ခုနှစ်တွင် ၁၃ပတ်အလှူငွေ တစ်စိတ်တစ်ပိုင်းကို အင်္ဂလိပ်ဘုရားကျောင်းဖွင့်လှစ်ရန် လက်ခံရရှိခဲ့ပါသည်။ ကမ္ဘာတဝှမ်းရှိ အရေးကြီးသော စီမံကိန်းများကိုထောက်ပံ့ပေးသောသင်၏သာသနာပြုအလှူငွေများအတွက် ကျေးဇူးတင်ပါသည်။

## အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်

**အဓိကကျမ်းချက်။** ထွက်မြောက်ရာကျမ်း ၂၄း၃

**လေ့လာမှုဦးတည်ချက်။** ထွက်မြောက်ရာကျမ်း ၂၄း၁ – ၃၁း၁၈

**နိဒါန်း။** ထာဝရဘုရားသည် မိမိလူမျိုးကို အီဂျစ်နိုင်ငံ၏အာဏာမှ ကယ်တင်တော်မူ၍ လွတ်လပ်မှုပေးတော်မူပြီး၊ တော၌ခရီးလှည့်လည်စေကာ သိနာတောင်ရှိ မိမိထံသို့ ပို့ဆောင်တော်မူသည်။ ထို့နောက်မိမိ၏ချစ်ခြင်းမေတ္တာသက်သေအဖြစ် သူတို့နှင့် ပဋိညာဉ်ဖွဲ့တော်မူ၏ (ထွက် ၁၉း၃ – ၆၊ တရား ၇း၉ ယ ၁၂။ နေ ၉း၃၂)။ မိမိလူမျိုးအပေါ် ထာဝရဘုရား၏ကျေးဇူးတော်နှင့် ဂရုစိုက်မှုသည် အံ့ဖွယ်ဖြစ်သည်။ သိနာတောင်တွင် မိမိ၏ဘုန်းတန်ခိုးကို ထင်ရှားစွာပြသတော်မူပြီး၊ ပညတ်တော် (၁၀) ပါး (ထွက် ၂၀ တွင်ကြေညာထားသည့် ကတိတော် ၁၀ ချက်) ကို မိန့်တော်မူ၏။ ၎င်းတို့ကို ပဋိညာဉ်စည်းမျဉ်း (ထွက် ၂၀း၂၂- ၂၃း၁၉) တွင် ပိုမိုအသေးစိတ်ရှင်းပြ တော်မူသည်။ ယခုအခါ ထာဝရဘုရားသည် ဤပဋိညာဉ်ကို ဣသရေလလူမျိုးနှင့် သွေးဖြင့်တံဆိပ်ခတ်ပြီး၊ ခရစ်တော်၏ယဇ်ပူဇော်ခြင်းကို ညွှန်ပြသည့် တိရစ္ဆာန်ယဇ်ပူဇော်ခြင်းအပေါ် အခြေခံထားသည့် အရေးကြီးသော အခမ်းအနားဖြင့် အတည်ပြုတော်မူသည်။

## အပိုင်း ၂။ အနက်ဖွင့်ကျမ်း

### ပဋိညာဉ်အတည်ပြုခြင်း

ပဋိညာဉ်အတည်ပြုခြင်းတွင် အရေးကြီးသော အစိတ်အပိုင်းများစွာ ပါဝင်သည် –

- မောရှေသည် ထာဝရဘုရား၏ နှုတ်ကပတ်တော်များနှင့် ပညတ်တော်များကို နှုတ်ဖြင့် ပြောပြခြင်း (ထွက် ၂၄း၃)၊
- မောရှေသည် ပဋိညာဉ်စာအုပ်ကို ရေးသားခြင်း (ထွက် ၂၄း၄ က)၊
- ယဇ်ပလ္လင်တစ်ခု တည်ဆောက်ခြင်း (ထွက် ၂၄း၄ ခ)၊
- ဣသရေလအမျိုးနွယ် ၁၂ နွယ်ကို ကိုယ်စားပြုသည့် ကျောက်တိုင် ၁၂ တိုင် စိုက်ထူခြင်း (ထွက် ၂၄း၄ ဂ)၊
- မီးရှို့ရာယဇ်နှင့် မိဿဟာယပူဇော်သက္ကာများ (ထွက် ၂၄း၅)
- မောရှေသည် ယဇ်ပူဇော်သက္ကာ၏ သွေးတစ်ဝက်ကို ယဇ်ပလ္လင်ပေါ်တွင် ဖျန်းခြင်း (ထွက် ၂၄း၆)၊
- ပဋိညာဉ်စာအုပ်ကို ဖတ်ကြားခြင်း (ထွက် ၂၄း၇ က)၊
- လူများထံမှ အတည်ပြုသည့် တုံ့ပြန်မှုများ (ထွက် ၂၄း၃ ယ၊ ၇ ခ)၊
- မောရှေသည် ယဇ်ပူဇော်သက္ကာ၏ အသွေးတစ်ဝက်ကို လူများပေါ်တွင် ဖျန်းခြင်း (ထွက် ၂၄း၈ က)၊

- မောရှေကြေညာခြင်း– "ဤအသွေးကား ဤအမှုအရာတို့တွင် သင်တို့၌ ထာဝရဘုရားဝန်ခံတော်မူသော ပဋိညာဉ်၏အသွေးဖြစ်သည်" (ထွက် ၂၄း၈ ခ၊ မှုရင်း ပေါဖြကျမ်းတွင် ဤနေရာတွင်သာ ဤစကားစုပါရှိသည်။ ဇာခရိ ၉း၁၁။ မဿဲ ၂၆း၂၈။ မာကု ၁၄း၂၄ နှင့် နှိုင်းယှဉ်ပါ)၊
- သိနာတောင်ပေါ်တွင် ခေါင်းဆောင် ၇၄ ဦးနှင့်အတူ ပဋိညာဉ်စားပွဲ (ထွက် ၂၄း၉–၁၁) ပြု၏။

ပဋိညာဉ်၏အကြောင်းအရာတွင် ဘုရားသခင်၏လူမျိုးသည် ဘုရားသခင်၏ကျေးဇူးတော်နှုတ်ကပတ်များကို သုံးကြိမ်တိုင်တိုင် တူညီစွာ တုံ့ပြန်ခဲ့သည်– "ထာဝရဘုရားမိန့်တော်မူသမျှတို့ကို အကျွန်ုပ်တို့သည် ပြုပါမည်" (ထွက် ၁၉း၈၊ ၂၄း၃၊၇)။ ဤကတိပြုမှုတွင် ဘာများမတော်လျော်ခဲ့သနည်း။ ဆိုလိုသည်မှာ ၎င်းတို့၏ မိမိကိုယ်ကိုယုံကြည်မှု၊ အပြစ်၏ တန်ခိုးနှင့် ၎င်းတို့၏အပြစ်ရှိသောသဘာဝကို နက်ရှိုင်းစွာနားမလည်မှု၊ ဘုရားသခင်ထံမှ အကူအညီ လိုအပ်မှုကို အသိအမှတ်မပြုခြင်းတို့ဖြစ်သည်။ အမှန်တကယ်တွင်၊ ရက်သတ္တပတ်အနည်းငယ်အကြာတွင် ၎င်းတို့ထဲမှများစွာသည် ရွှေနွားသငယ်ရုပ်တုပတ်လည်တွင် ကခုန်နေကြသည်။ သင့်လျော်သောအဖြေမှာ ဤသို့ဖြစ်သင့်သည်– "ထာဝရဘုရား၏အကူအညီနှင့် ကျေးဇူးတော်၏တန်ခိုးအားဖြင့် ထာဝရဘုရားမိန့်တော်မူသမျှကို ကျွန်ုပ်တို့ပြုပါမည်။"

မောရှေ၏သစ္စာရှိသောကျွန်လည်းဖြစ်၊ နောက်ပိုင်းတွင် ဘုရားသခင်၏လူမျိုး၏ထူးချွန်သောခေါင်းဆောင်ဖြစ်သူ ယောရှုသည် ဤစေတနာကောင်းမွန်သော ကတိများကိုကိုယ်တိုင်ကြားခဲ့ပြီး ၎င်းတို့သည် မည်မျှပျက်စီးလွယ်၊ အားနည်းပြီး ချိုးဖျက်လွယ်ကြောင်းသိရှိခဲ့သည်။ ဣသရေလလူမျိုး၏ ဖောက်ပြန်မှုကို အကြိမ်များစွာ သူမျက်မြင်ခဲ့သည်။ ၎င်းတို့သည် နောက်ပိုင်းတွင် "ကျွန်ုပ်တို့လည်း ထာဝရဘုရားအား ဝတ်ပြုပါမည်" (ယောရှု ၂၄း၁၈) ဟု ထပ်မံပြောဆိုသောအခါ၊ ယောရှုသည် "သင်တို့သည် ထာဝရဘုရားအား ဝတ်မပြုနိုင်" (ယောရှု ၂၄း၁၉) ဟုပြောလိုက်ရခြင်းသည် ၎င်းတို့၏ဆုံးဖြတ်ချက်မှာ ခိုင်မာမှုမရှိသည့်အပြင် ရုပ်တုကိုးကွယ်မှုအချို့ကို ဆက်လက်တွယ်ကပ် ထားဆဲဖြစ်သောကြောင်းတည်း (ယောရှု ၂၄း၁၄ ယ၊ ၂၃ ကိုကြည့်ပါ)။ ထို့ပြင် ၎င်းတို့သည် ဘုရားသခင်၏အကူအညီကို အားမကိုးဘဲ ၎င်းတို့၏ဆန္ဒအားဖြင့်သာ အားကိုးနေသည်ဟု ပြတ်ပြတ်သားသား ပြောခဲ့သည်။ သို့သော် ယောရှုကိုယ်တိုင်က "ငါနှင့် ငါ့အိမ်သားဖြစ်လျှင် ထာဝရဘုရားကိုသာ ဝတ်ပြုမည်" (ယောရှု ၂၄း၁၅) ဟု ကြေညာခဲ့သည်။

ဘုရားသခင်သည် မောရှေ၊ အာရုန်နှင့် သူ၏သားနှစ်ဦးဖြစ်သော နာဒပ်နှင့် အဘိဟု၊ အကြီးအကဲ ၇၀ တို့ကို သိနာတောင်ပေါ်တွင် မိမိနှင့်တွေ့ဆုံရန် ဖိတ်ကြားခဲ့သည် (ထွက် ၂၄း၉ ယ ၁၀)။ သူ၏အနီးကပ် ရှိနေခြင်းဖြင့် ဘုရားသခင်က မိမိသည် မည်သူဖြစ်ကြောင်း ပိုမိုထင်ရှားစွာ ဖော်ပြလိုတော်မူသည်။ ထိုအခါသမယတွင် ၎င်းတို့သည် စားသောက် နေကြ

သည်ဟု ရည်ရွယ်ချက်ရှိရှိ ဖော်ပြထားသည်။ ညစာစားပွဲကို မည်သူပြင်ဆင်ခဲ့သည်ကို မရှင်းပြထားသော်လည်း၊ ထာဝရဘုရားကိုယ်တိုင် ဖြစ်ဖွယ်ရှိသည်။ အတူစားသောက်ခြင်းသည် ပဋိညာဉ်တစ်ခုကို တံဆိပ်ခတ်ခြင်း၏ နောက်ထပ်ပုံစံတစ်ခုဖြစ်သည်၊ ထို့ကြောင့် ၎င်းသည် ပဋိညာဉ်ညစာစားပွဲဖြစ်သည်။ သမ္မာကျမ်းခေတ်တွင်၊ အတူစားသောက်ခြင်းသည် နက်ရှိုင်းသော မိတ်ဆွေဖွဲ့မှု၊ မိသားစုနှင့် ညီအစ်ကိုရင်းနီးမှုကို တည်ဆောက်ပေးသည်။ အတူစားသောက်သူများအကြား တစ်စုံတစ်ရာ မတော်မတရားရှိခဲ့လျှင် ၎င်းကို ခွင့်လွှတ်ပြီး၊ ထာဝရအတူရပ်တည်မည်ဟု ညစာစားသူများက ကတိပြုခဲ့သည် (ဥပမာ-ယာကုပ်နှင့် လာဗန်၏ညစာစားပွဲ၊ က ၃၁း၅၄ ကိုရှုပါ)။

ယေရှုခရစ်၏ ဘဝနှင့်အောက်မေ့ဖွယ်စားပွဲတွင် ကျွန်ုပ်တို့သည် ဤပဋိညာဉ် မိတ်သဟာယဖွဲ့မှုကို အလားတူခံစားရသည်။ ဘုရားသခင်သည် ယုံကြည်သူများကို မိမိနှင့် နီးကပ်စွာဆက်ဆံရန်နှင့် အချင်းချင်း အတူစားသောက်ခြင်းဖြင့် ဖိတ်ခေါ်တော်မူသည်။ ဤအောက်မေ့ဖွယ်အခမ်းအနားတွင် ပါဝင်သူများသည် ခရစ်တော်နှင့်အတူ မိသားစုတစ်ခုဖြစ်လာကြသည်၊ အကြောင်းမှာ ၎င်းသည် ကျွန်ုပ်တို့အတွက် သူပြုခဲ့သောအရာကို ထင်ရှားစေပြီး မြင်သာထင်သာဖြစ်စေသည်။ အောက်မေ့ဖွယ်စားပွဲသည် သူ၏အသင်းတော်ကို ပြန်လည်တည်ထောင်ပြီး ယုံကြည်ခြင်းအသိုင်းအဝိုင်းကို ပြန်လည်ဖွဲ့စည်းသည့် အချိန်ဖြစ်သည်၊ သူသည် ၎င်းတို့၏ သခင်၊ ဘုရင်၊ မိတ်ဆွေဖြစ်ကြောင်း ပြသသည်။ အသင်းတော်အဖွဲ့ဝင်များသည် သူနှင့်အတူ ဆက်စပ်နေပြီး အချင်းချင်း စည်းလုံးညီညွတ်ကြသည်။ ၎င်းတို့သည် သူ၏ရှိနေခြင်းဖြင့် သန့်ရှင်းစင်ကြယ်ခြင်း ခံရသည်။ ဤဆက်နွယ်မှုသည် သူ၏ရှိနေခြင်းနှင့် နှုတ်ကပတ်တော်ဖြင့် တံဆိပ်ခတ်ထားသည်။

## ဘုရားသခင်၏တဲတော်

ထွက်မြောက်ရာကျမ်း၏ သုံးပုံတစ်ပုံခန့်သည် တဲတော်နှင့်ပတ်သက်၍ ဖော်ပြထားပြီး ၎င်း၏အရေးပါမှုကို ညွှန်ပြသည်။ ထွက်မြောက်ရာ ၂၅ မှ ၃၁ အထိသည် အသေးစိတ်ပုံစံ၊ ဒီဇိုင်းနှင့်ပတ်သက်သော ညွှန်ကြားချက်များနှင့် အသုံးပြုသောပစ္စည်းများကို ဖော်ပြထားပြီး၊ ထွက် ၃၅ မှ ၄၀ အထိသည် ၎င်းကိုတည်ဆောက်ပုံနှင့် သန့်ရှင်းသော လုပ်ဆောင်မှုများအတွက် သန့်ရှင်းရာဌာနကို အမှန်တကယ်သန့်စင်ပုံကို ဖော်ပြသည်။ ဤဇာတ်ကြောင်း၏ အရေးပါမှုကား အဘယ်နည်း။

သန့်ရှင်းရာဌာနတွင် အရေးကြီးဆုံးအရာမှာ ပရိဘောဂများမဟုတ်ပါ၊ အကြောင်းမှာ ၎င်းတို့သည် တဲတော်တွင် ဖြစ်ပေါ်မည့်အရာများအတွက် နောက်ခံပြင်ဆင်ပေးသောကြောင့် ၎င်းကို လျစ်လျူရှုမရနိုင်သော်လည်း၊ အဓိကအရာမှာ ၎င်းဖြစ်ရပ်၊ ထိုနေရာတွင် ဖြစ်ပေါ်သော အမှန်တကယ်လုပ်ဆောင်သူသာလျှင်ဖြစ်၏။

ဤသည်မှာ မတူညီသောမြင်ကွင်းများပါရှိသော ပြဇာတ်တစ်ခုကို ကြည့်ရန် ပြဇာတ်ရုံသို့သွားခြင်းနှင့်တူသည်။ စင်မြင့်ပေါ်ရှိအရာများသည်ဇာတ်လမ်းသည် နေ့အချိန် သို့မဟုတ် သန်းခေါင်ယံ တွင် ဖြစ် ပေါ် မည်၊ ၎င်းသည် မြို့တစ် မြို့ နန်း တော်၊ သ ချိုင်း ကုန်း၊ သို့မဟုတ်

မင်္ဂလာဆည့်ခံပွဲတွင် ဖြစ်ပေါ်မည်၊ အဓိကသရုပ်ဆောင်များမည်သူများဖြစ်သည်၊ အခြား အသေးစိတ်အချက်များကို ပရိသတ်အား ပြောပြသည်။ နောက်ခံအခင်းအကျင်းသည် ဇာတ်ကွက်နှင့် ပြဇာတ်ကို နားလည်ရန် အရေးကြီးသည်။ ထိုနည်းတူ၊ တဲတော်နှင့် ပတ်သက်၍ ကျွန်ုပ်တို့၏အာရုံစိုက်မှုသည် နောက်ခံ၊ ပရိဘောဂ၊ ယဇ်ပူဇော်မှု အမျိုးအစား များထက် ပြဇာတ်ကိုယ်တိုင်ပေါ်တွင် အမြဲရှိရမည်ဖြစ်ပြီး၊ ၎င်းတွင် ဖော်ပြထားသည်များကို သိရှိနိုင်ရန်ဖြစ်သည်။ အားလုံး၏အဓိပ္ပါယ်ကို နားလည်ရန် လိုအပ်သည်။ တဲတော်သည် ဘုရားသခင်၏ ကယ်တင်ခြင်းအစီအစဉ်၏ အထိမ်းအမှတ် သင်ခန်းစာတစ်ခုဖြစ်သည်။

သန့်ရှင်းရာဌာနရှိ ဝန်ဆောင်မှုများသည် ဘုရားသခင်၏ ဇာတ်လမ်းကို တင်ဆက် သည်။ ပြဇာတ်ဆန်သောနည်းဖြင့် ၎င်းတို့က ဘုရားသခင်သည် မည်သူဖြစ်သည်၊ ဥဘာကို ဆိုလိုသည်၊ သူထောက်ခံသောတန်ဖိုးများ၊ နောင်တရသောအပြစ်သားကို မည်သို့ ကယ်တင်သည်၊ အပြစ်နှင့် ခေါင်းမာသောဆိုးယုတ်သူများကို မည်သို့ကိုင်တွယ်သည်၊ မည်သို့စီရင်သည်၊ အပြစ်ပြဿနာကို နောက်ဆုံးဖြေရှင်းချက်ကို မည်သို့ယူဆောင်လာ သည်ကို မှတ်တမ်းတင်ထားပြီး၊ တစ်နေ့တွင် မကောင်းမှုများ အမြစ်ပြတ် ပပျောက် မည်ဖြစ်သည်။ ဤဇာတ်လမ်းသည် နောက်ဆုံးတွင် ငြိမ်းချမ်းမှု၊ ပြန်လည်သင့်မြတ်မှုနှင့် သဟဇာတဖြစ်မှုကို ပြန်လည်ထူထောင်မည်ဖြစ်ကြောင်း ပြသသည်။

ဘုရားသခင်သည် သူ၏လူများနှင့်အတူ နေလိုခဲ့သည်။ တဲတော်သည် သူ၏ လောကီ အိမ်ရာဖြစ်ပြီး၊ ထိုသို့ဆိုသော်၊ သူသည် ၎င်းတို့နှင့်အတူ ယခင်ကမရှိခဲ့ဟူ၍လည်းကောင်း၊ တဲတော်ထဲတွင် ထိန်းချုပ် နိုင်သည်ဟုလည်းကောင်း မဆိုလို။ သူသည် ၎င်းတို့အား သူ၏ အမှန်တကယ်ထိတွေ့နိုင်သော ရှိနေမှုကို ပြသလိုသောကြောင့်၊ ၎င်းတို့သည် တစ်ယောက် တည်း၊ စွန့်ပစ်ခံရခြင်း သို့မဟုတ် စွန့်လွှတ်ခံရခြင်းမဟုတ်ကြောင်း၊ သူသည် ၎င်းတို့ကို ဂရုစိုက်နေကြောင်း ပြသလိုသည်။

တမန်တော်ပေါလုက သခင်ဘုရားသည် လူ့လက်ဖြင့်ပြုလုပ်သော ဗိမာန်များတွင် မနေ ထိုင်ကြောင်း ပြတ်သားစွာ ဖော်ပြထားပြီး (တ ၁၇း၂၄၊ ၂၅)၊ ရှောလမုန်သည် ယေရုဆလင် မြို့တွင် သူ့အတွက် ခမ်းနားသောဗိမာန်တစ်ခုတည်ဆောက်ပြီးနောက်၊ ကောင်းကင်များပင် ထာဝရဘုရားကို မထိန်းချုပ်နိုင်ကြောင်း ခန့်ညားစွာဖြင့် ကြေညာသည်။ "သို့ရာတွင် ဘုရား သခင်သည် မြေကြီးပေါ်မှာ လူတို့တွင် ဧကန် အမှန်ကျိန်းဝပ်တော်မူမည်လော။ ကောင်းကင် နှင့် ကောင်းကင်တကာတို့၏အထွဋ်၊ အမြင့် ဆုံးသော ကောင်းကင်သည်ကိုယ်တော်ကို မဆံ့မခံနိုင် သည်ဖြစ်၍၊ အကျွန်ုပ်တည်ဆောက်သော ဤအိမ်ကို အဘယ်ဆိုဘွယ်ရာ ရှိပါသနည်း။" (၆ရာ ၆း၁၈)။ ထို့နောက် ရှောလမုန်သည် ဆက်လက်ပြီး "ဤမည်သော အရပ်၌ ငါ့နာမတည်ရမည်ဟု မိန့် တော်မူသည်အတိုင်း၊ ဤအရပ်ဌာနနှင့် ဤအိမ်တော်ကို နေ့ညဉ့်မပြတ်ကြည့်ရှု၍ ကိုယ်တော်ကျွန်သည် ဤအရပ်ဌာန၌ ဆုတောင်းသော စကားကို နားထောင်တော်မူပါ။ ၂၁ ကိုယ်တော်ကျွန်မှစ၍ကိုယ်တော်၏လူဣသရေလအမျိုးသားတို့ သည် ဤ အရပ်ဌာန၌ ဆုတောင်း ပဌနာပြုကြသောအခါ၊ ကျိန်းဝပ် တော်မူ ရာ ကောင်းကင်

ဘုံ၌နားထောင်၍ အပြစ်မှလွှတ်တော်မူပါ။" (၆ရာ ၆း၂၀၊ ၂၁)။ ဘုရားသခင်သည် သူ၏ မေတ္တာ နှင့် ကရုဏာဖြင့် ကျွန်ုပ်တို့၏အဆင့်သို့ ကြွဆင်းလာပြီး ကျွန်ုပ်တို့နှင့်အတူရှိနေရန် ကျွန်ုပ်တို့၏အချိန်နှင့် နေရာထဲသို့ ဝင်ရောက်လာသည်။

ဘုရားသခင်၏ မြင်သာထင်သာရှိသော ရှိနေမှုသည် ဣသရေလလူမျိုးအား စခန်း အလယ်တွင် တဲတော်တစ်ခုတည်ဆောက်ရန် သူ၏ဆန္ဒနောက်ကွယ်တွင်ရှိသည်။ သခင် ဘုရားက "သူတို့သည် ငါ့အတွက် သန့်ရှင်းရာဌာနတစ်ခုပြုလုပ်ရန် ပြင်ဆင်ကြစေ၊ သို့လျှင် ငါသည် ဟသင်တို့" တွင်ကျိန်းဝပ်မည်" (ထွက် ၂၅း၈)။ ဤစကားစုတွင် "နှင့်" စာစုကို လျစ်လျူမရှုပါနှင့် (သင့်လျော်သောဘာသာပြန်များတွင် "ပြီးမှ" မဟုတ်ဘဲ "နှင့်" ပါရှိပြီး၊ ၎င်းသည်လည်း မမှားသော်လည်း)၊ ဤ "နှင့်" သည် ကျမ်းစာအနက်နှင့် ဓမ္မဗေဒအရ အရေးကြီးသည်။ ဘုရားသခင်သည် သူ၏လူများနှင့်အတူ ရှိနေရန် သို့မဟုတ် နေထိုင်ရန် သန့်ရှင်းရာဌာနကို မလိုအပ်ခဲ့ပါ။ သူ၏တည်ရှိနေမှုသည် ၎င်းတို့နှင့်အတူ အချိန်တိုင်း ရှိနေ ခဲ့ပြီး၊ ထွက်မြောက်ရာကျမ်း၏ အဓိကအကြောင်းအရာမှာ ဘုရားသခင်သည် သူ၏လူများ နှင့်အတူ ရှိနေခြင်းဖြစ်သည်။ သို့သော်၊ ဘုရားသခင်သည် ထွက် ၂၉း၄၆ ခ တွင် ဟေဗြဲ ဘာသာစကားရှိ စကားလုံးဖြည့်စွမ်းမှု *lamed* ("အောင်မြင်ရန်" သို့မဟုတ် "သို့") ကို အသုံးပြုခဲ့ပြီး၊ သန့်ရှင်းရာဌာန၏ရည်ရွယ်ချက်မှာ သူသည် သူ၏လူများနှင့် နီးကပ်စွာ နေထိုင်ရန်နှင့် သူ၏မြင်သာထင်သာရှိသော ရှိနေမှုကို ပြသရန်ဖြစ်ကြောင်း လူတိုင်း သိရှိ စေရန် ဖြစ်သည် (ထွက် ၂၉း၄၂-၄၆)။

ဣသရေလ၏ ခမ်းနားထည်ဝါသော ရှောလမုန်ဗိမာန်ကို နေဗုဇာဒနဇာက ဖျက်ဆီး ခဲ့ ပြီး၊ ၎င်းတို့၏သစ္စာမဲ့မှုကြောင့် လူများကိုပြည်နှင်ဒဏ်ပေးခံရစဉ် (ဒံ ၉း၄-၂၀)၊ ဘုရား သခင်သည် ပရောဖက်ယေဇကျေလမှတစ်ဆင့် ၎င်းတို့သွားရောက်ခဲ့သော နိုင်ငံများတွင် ၎င်းတို့အတွက် "သန့်ရှင်းရာဌာန" ဖြစ်မည်ဟု သူ၏လူများအား အာမခံခဲ့သည် (ယေ ၁၁း၁၆)။

ဘုရားသခင်သည် မောရှေအား သိနာတောင်ပေါ်တွင် ပြသခဲ့သော ကောင်းကင် သန့်ရှင်းရာဌာန၏ ပုံစံအတိုင်း သန့်ရှင်းရာဌာနကို တည်ဆောက်ရမည်ဟု မိန့်တော်မူသည် (ထွက် ၂၅း၉၊ ၄၀၊ သင်ခန်းစာ ၁၃ ၏ မှတ်ချက်ပိုင်းတွင် ထပ်မံဖတ်ရှုပါ)။ သန့်ရှင်းရာဌာန တွင် အရေးအကြီးဆုံးနေရာမှာ အသန့်ရှင်းဆုံးဌာနတော်ဖြစ်ပြီး၊ ၎င်း၏ဗဟိုအပိုင်းမှာ ပဋိညာဉ်သေတ္တာ သို့မဟုတ် သက်သေခံသေတ္တာဟုလည်း ခေါ်သော သေတ္တာဖြစ်သည် (ထွက် ၂၅း၁၆)၊ အကြောင်းမှာ ဘုရားသခင်၏သက်သေခံချက်များ သို့မဟုတ် ပညတ် တော် ဆယ်ပါးကို သေတ္တာအတွင်းထည့်ထားရမည် (ထွက် ၄၀း၂၀)။ သေတ္တာ၏ ထိပ်တွင် သန့်စင်သောရွှေဖြင့်ပြုလုပ်ထားသော အပြစ်ဖြေရာအဖုံးတစ်ခုကို တင်ထားပြီး၊ ၎င်းသည် ကရုဏာပလ္လင်ဖြစ်သည် (ဟေဗြဲဘာသာစကားတွင် *Kaporet* "အပြစ်ဖြေရာ" ဟူသော စကားလုံး အမြစ် *kapar* မှဆင်းသက်လာသည်၊ ဂရိဘာသာတွင် *hilasterion*)။ ၎င်း သည် နောက် ဆုံး ပြန် လည် သင့်မြတ်မှု ဖြစ်ပေါ်ရာ နေရာ ဖြစ် ပြီး ဘုရားသခင် ၏လူများ ၏

ဝန်ခံထားသော အပြစ်များကို ဖျက်ပစ် ခံရသည်။ ဤနေရာတွင် ဘုရားသခင်သည် အပြစ်နှင့် မကောင်းမှုပြဿနာအတွက် နောက်ဆုံး ဖြေရှင်းချက်ကို ပေးအပ်ခဲ့သည် (ဝတ် ၁၆း၁၅၊ ၁၆၊ ၃၀ ကိုကြည့်ပါ)။ ယေရှုခရစ်သည် *hilasterion*၊ ကရုဏာပလ္လင်တွင် ကျွန်ုပ်တို့၏ အပြစ်များကို ဖြေပေးပြီး သန့်စင်ပေးသော အပြစ်ဖြေယဇ်ကောင်ဖြစ်သည် (ရောမ ၃း၂၅။ ၁ယော ၂း၂)။

## အပိုင်း ၃။ လက်တွေ့ အသုံးချခြင်း

**၁။ ရှောလမုန်သည် ဗိမာန်တော်ကို တည်ဆောက်ပြီးနောက်၊ ဘုရားသခင်က သူ့အား ဤသို့မိန့်တော်မူသည် – 'ငါ့နာမဖြင့် သမုတ်သော ငါ့လူတို့သည် ကိုယ်ကို နှိမ့်ချသဖြင့်၊ ငါ့မျက်နှာ ကိုရှာလျက် ဆုတောင်း ပဌနာပြု၍ အဓမ္မလမ်းကို လွှဲရှောင်လျှင် ငါသည် ကောင်းကင်ဘုံ၌ နားထောင်မည်။ သူတို့အပြစ်ကို ဖြေ၍ သူတို့ပြည်ကို ချမ်းသာပေးမည်။' (၆ရာ ၇း၁၄)။ ယုံကြည်ခြင်းအသိုင်းအဝိုင်းတစ်ခုအနေဖြင့် ဤ ဘုရားသခင်၏အကြံဉာဏ်ကို မည်သို့ ဂရုတစိုက် အကောင်အထည်ဖော်ပြီး ကျင့်သုံးနိုင်မည်နည်း။ ကျွန်ုပ်တို့၏ ဆုတောင်းမှုများကို ဘုရားသခင်ကြားနာပြီး ကျွန်ုပ်တို့၏အကူအညီတောင်းခံမှုများကို တုံ့ပြန်ခြင်းမှ အဘယ်အရာက ဟန့်တားနေသနည်း။**

**၂။ ပွဲတော်မင်္ဂလာတွင် ထာဝရဘုရားနှင့် ချစ်ခြင်းမေတ္တာပဋိညာဉ်ကို ကျွန်ုပ်တို့ မည်သို့ ပြန်လည်သက်တမ်းတိုးနိုင်မည်နည်း။ ၎င်းကိုပြုလုပ်ရန် အထူးအခမ်းအနားတစ်ခု လိုအပ်ပါသလား။ ရှင်းပြပါ။**

**၃။ ယေရှုခရစ်သည် 'လည်း လူဇာတိအပြစ်ကို ခံယူ၍… ငါတို့တွင်တည်နေတော် မူသည်' (ယော ၁း၁၄)။ ဂရိဘာသာစကားတွင်၊ သူသည် 'ကျွန်ုပ်တို့နှင့်အတူ တဲထိုး နေထိုင် ခဲ့သည်' ဟု စာပေအရ ဖော်ပြထားသည်။ ယေရှု၏လူ့ဇာတိခံယူခြင်းနှင့် ဤလောက၌ သူ၏ဘဝသည် သင့်ထံတွင် ရှိနေပြီး သင်၏ ဒုက္ခများ၊ ပြဿနာများ၊ ဘဝစိန်ခေါ်မှုများအားလုံးကို နားလည်ကြောင်း မည်သို့အာမခံနိုင်မည်နည်း။**

**သင်ခန်းစာ – ၁၁** * *ဧကၢဳတၢ္ဘၢလ ၆ – ၁၂*

# အယူဖောက်ပြန်ခြင်းနှင့် ကြားဝင်ဖြန်ဖြေခြင်း



## ဥပုသ်နေ့မွန်းလွဲပိုင်း

**ဖတ်ရန်ကျမ်းချက်များ။** ထွက် ၃၂း၁ – ၆၊ ဆာ ၁၁၅း၄ – ၈၊ ဟေရှာ ၄၄း၉၊ ၁၀၊ ရောမ ၁း၂၂ – ၂၇၊ ထွက် ၃၂း၇ – ၃၂၊ ဟေရှာ ၅၃း၄။

**အလွတ်ကျမ်းချက်။** **ထာဝရဘုရားထံတော်သို့ ပြန်သွား၍ 'အိုဘုရားသခင်၊ ဤလူတို့သည် ပြစ်မှားသော အပြစ်ကြီးလှပါ၏။ မိမိတို့အဖို့ ရွှေဘုရားကို လုပ်ပါပြီ။ သို့သော်လည်း သူတို့ အပြစ်ကို လွှတ်ခြင်းငှါ အလိုတော်ရှိလျှင် လွှတ်တော်မူပါ။ သို့မဟုတ် ကိုယ်တော်စီရင်တော်မူသော စာရင်း၌ အကျွန်ုပ် နာမကို ချေတော်မူပါ။ အကျွန်ုပ်တောင်းပန်ပါ၏' လျှောက်လေ၏။** (ထွက်မြောက်ရာကျမ်း ၃၂း၃၁၊ ၃၂)

မောရှေသည် ဣသရေလစခန်းတွင် ရက် ၄၀ မရှိသောအခါ မည်သို့ဖြစ်ပျက် သနည်း။ လူတို့သည် ဘုရားကိုကျောပေး၍ လူလက်ဖြင့် ပြုလုပ်သော ရွှေနွား သူငယ် ရုပ်တုကို ကိုးကွယ်နေကြတော့သည်။ ကြီးမားထင်ရှားသော နိမိတ်များကို ကြုံတွေ့ခဲ့ပြီး လျက် မည်သို့ပြုကြရသနည်း။ အဖြေမြောက်များစွာ ထွက်လာသော် လည်း အမှန်တရား အချို့သာရှိပါမည်။

ထိုလူတို့သည် ထာဝရဘုရားကို ကောင်းစွာမသိကျွမ်းကြသလော။ ကြီးမားသော အတွေ့အကြုံ တို့ ကို သူတို့၏ သွေးသားဆန္ဒနှင့် အပြစ်တို့က ဖုံးလွှမ်းနေရော့သလား။ ဘုရားသခင် ပြုပေးသောအရာများကို လက်သင့်မခံဘဲ ပြုပေးရမှာပေါ့ စသဖြင့် တွေး ကြလေရော့လား။ သူတို့၏ အသိဉာဏ်တို့သည် သူတို့၏နေ့စဉ် လုပ်ခဲ့သော အလုပ် များနှင့် အပြစ်လုပ်ခြင်းဖြင့်သာ ပြည့်နေသလား။ ဘုရားသခင် ပြုပေးသောအရာများကို စိတ်သဘောရိုးနှင့် လက်သင့်မခံနိုင်ကြတာလား။ ဘုရားသခင် ပြုသောအရာတို့ကို လျင်မြန်စွာ မေ့လျော့နေကြသလား *(ဆာလံ ၁၀၆း၁၃၊ ၂၁ – ၂၃)*။ အာရုန်၏ ခေါင်း ဆောင်မှုအားနည်းခြင်းကိုပင် အပြစ်ဖို့ရမည်လား။ *"ထာဝရဘုရားသည်လည်း အာရုန် ကို ဖျက်ဆီးခြင်းငှါ အလွန်အမျက်ထွက်တော်မူသောကြောင့်" (တရား ၉း၂၀)* ဟူ၏။

ဤဖောက်ပြန်ခြင်းသည် မည်သည့်အကြောင်းရင်းပင် ရှိပါစေ၊ ကျွန်ုပ်တို့အတွက် လူသားတို့၏ အပြစ်သားဘဝနှင့် ဘုရားသခင်၏ သနားခြင်းဂရုဏာအကြောင်း မည် သည့် သင်ခန်းစာ ဆွဲယူနိုင်မည်နည်း။

*ဧကၢဳတၢ္ဘၢလ ၁၃ ရက်၊ ဥပုသ်နေ့အတွက်ပြင်ဆင်ဖို့ရန်ယခုအပတ်သင်ခန်းစာကိုလေ့လာပါ။

## ကျရှုံးခဲ့သည့် ခေါင်းဆောင်မှု

ထာဝရဘုရားသည် သူနှင့် အချိန်ယူရန် မောရှေအားခေါ်တော်မူသည်။ နေ့ရက်ပေါင်း လေးဆယ် ကြာခဲ့သည်မှာ မောရှေအတွက် တိုတောင်း လှသော်လည်း ဣသရေလအတွက် ကြာညောင်းလှ၏။ သူတို့၏ မျက်မြင်ခေါင်းဆောင်သည် အဝေးရောက်နေသောကြောင့် သူတို့သည် မျက်စိလည်လမ်းပျောက်ကာ မလုံခြုံခြင်းကို သည်းမခံနိုင်ဘဲ ကြောက်လာကြသည်။ အီဂျစ်ပြည်တွင် သူတို့တစ်သက်ပတ်လုံး မြင်နေရသော သူတို့၏ ရုပ်တုဆင်းတုဘုရားတို့ ကဲ့သို့ မြင်ရသော ဘုရားတစ်ပါးသည် သူတို့ကို ဦးဆောင်စေလိုကြသည်။

**ဖတ်ပါ – ထွက် ၃၂း၁ – ၆။ အာရုန်၏ခေါင်းဆောင်မှုသည် အံ့မခန်းဘွယ်ရာမည်သို့ကျရှုံးနိုင်သနည်း။**

အာရုန်သည် ထို့သို့ပြုရန် မရည်ရွယ်ခဲ့ပါ။ တိုတောင်းသောကာလလေးတွင် အမှန်တရားဘက်၌ ရပ်တည်ရန် ဆုံးရှုံးခဲ့သည်။ ထာဝရဘုရားအား ယုံကြည်ရမည့်အစား အများဘက်သို့ ယိုင်သွားခဲ့သည်။ လူထု တို့သည် မလိုလားအပ်သောတောင်းဆိုခြင်း ပြုလာကြသည်။ "ထပါ၊ ငါတို့ရှေ့မှာ သွားရသောဘုရားတို့ကို ငါတို့အဘို့ လုပ်ပါ" *(ထွက် ၃၂း၁)* ဟု ဆိုလာကြရာတွင် သူသည် သဘောတူပေးလိုက်သည်။

လူတို့သည် ရုပ်တုပြုလုပ်ရန် ရွှေကို ရက်ရောစွာ ထည့်ဝင်ကြရာ အာရုန်သည် မတားဆီးရုံမက ထည့်ဝင်ကြရန်ပင် တိုက်တွန်းနေသေးသည်။ မှားယွင်းသော ဘုရား ကို သွန်းလောင်းရာတွင်လည်း ပါဝင်နေသေးသည်။ ထိုနောက် လူတို့သည် "*အို၊ ဣသရေလ အမျိုး ဤဘုရားသည် သင့်ကို အဲဂုတ္တုပြည်မှ နုတ်ဆောင်သော သင်၏ ဘုရား ဖြစ်တော်မူ၏*" *(ထွက် ၃၂း၄)* ဟု ကြွေးကြော်ကြ၏။ အပြစ်ကျူးလွန် ယုတ်မာ၍ အမြင်ကျဉ်းကြ၏။ ထိုရုပ်တုသည် သူတို့အားလွတ်မြောက်စေသည်ဟုပင် လုပ်ဇာတ်ခင်းကာ ပြောဆိုကြသေး၏။ အပြစ်ကျူးလွန်ခြင်းသည် ကျွန်ုပ်တို့၏ အတွေးအခေါ်နှင့် လိုအင်ဆန္ဒကိုပင် လမ်းမှားစေနိုင်သည်။ လူတို့သည် မိမိတို့ ဖန်တီးထားသော အရာတို့ကို အခမ်းအနားပြုပေးကာ လူ့ဇာတိနှင့် ကိုယ်ကျင့်တရားတို့ကို နိမ့်ကျစေသည်။

"ထိုသို့ ကပ်ဆိုက်ရာကာလတွင် ဆုံးဖြတ်ချက်တည်ကြည်သူနှင့်နောက်မတွန့်သော သတ္တိရှိသူ လူကြားသူကြား ထင်ပေါ်သည်ထက် ထာဝရဘုရားကို ချီးမွမ်းသူ အသက်လုံခြုံမှု ပေးနိုင်သူမျိုးကိုတောင်းဆို၏။ ဣသရေလ၏ လက်ရှိခေါင်းဆောင်ကြီးသည် ထိုစရိတ္တမျိုး ရှိသူမဟုတ်ပါ။ အာရုန်သည် လူထုနှင့် ငြင်းခုံရာတွင် အင်အားချိနဲ့ လွန်းသဖြင့် သူ မဝင့်မရဲသိမ်ငယ်နေခြင်းသည် သူတို့၏ ဆုံးဖြတ်ချက်ကို သာလွန်စေသည်။ အဓိကရုဏ်းသည် ပိုမိုပြင်းထန်လာသည်။ ထိုလူအုပ်သည် ရှေ့မမြင် တော့ဘဲ သွေးရူးသွေးတန်း ဖြစ်ကြ၏။ ထာဝရဘုရား၏ ပဋိညာဉ်အပေါ် သစ္စာစောင့် သူအချို့ ရှိသော်လည်း အများစုတို့သည် ဖောက်ပြန်ခြင်း ဘက်သို့ ကူးကြကုန်သည်။ အာရုန်သည် မိမိအသက်အတွက်ပင် စိုးရိမ်လာကာ ထာဝရဘုရား၏ ဂုဏ်တော် ကိုဖော်ရမည့်အစား လူထု၏ တောင်းဆိုမှုသို့ ယိမ်းယိုင်သွားသည်" (အီးဂျီဝိုက်၊ ရှေးဘိုးဘေးများနှင့် ပုရောဖက်များ၊ စာ၊ ၃၁၆၊ ၃၁၇)။

**ခေါင်းဆောင်ကြီး အာရုန်သည် မည်သို့ဖြင့် အင်အားချိနဲ့နိုင်သနည်း။ ဤကြောက်မက်ဘွယ် လုပ်ရပ် များကို သူသည် မိမိကိုယ်ကိုမှန်ကန်ကြောင်း မည်သို့ပြောဆိုသေးသနည်း။**

## ရုပ်တုကိုးကွယ်ခြင်းနှင့် ခုစရိုက်

**ဖတ်ပါ – ထွက် ၃၂း၆။ ရုပ်တုကိုးကွယ်ခြင်းသည် သူတို့ကို ဘယ်နေရာသို့ ရောက်စေသနည်း။** *(ဆာ ၁၁၅း၄–၈။ ၁၃၅း၁၅–၁၈။ ဟောရှ ၄၄း၉၊ ၁၀ ကိုလည်းရှု)*။

ရွှေနွားသူငယ်ရုပ်တုသည် အီဂျစ်တို့၏ နွားသိုး–ဘုရား အေပီစ် (သို့) နွားဘုရား "*ဟာသောရ်*" အသွင်ဖြစ်သည်။ ပထမနှင့်ဒုတိယပညတ်တော်တို့ကို ဖြောင့်ကျကျ ဖေါက်ဖျက်ခြင်းဖြစ်သည် *(ထွက် ၂၀း၃–၆)*။ ဤသို့ပွင့်လင်းစွာ ပညတ်တော် ချိုးဖောက်ခြင်းသည် ကိုယ်တော်နှင့်မိဿဟာယကို ချိုးဖျက်သည်ဖြစ်၍ ပြစ်ဒဏ်မပေး၍ မရနိုင်ပါ။ မိမိတို့၏ ဖန်ဆင်းရှင်ကို မကိုးကွယ်ဘဲ၊ မျက်စိမမြင်၊ နားမကြား၊ အနံ့မရ၊ စကား မပြော၊ မချစ်တတ်၊ ဦးမဆောင်တတ်သော မိမိတို့ ပြုလုပ်ထားသောအရာကို ကိုးကွယ်ကြ၏။

ဖန်ဆင်းခြင်း၏ အထားအသိုကို ပြောင်းပြန်လှန်၍၊ ထာဝရဘုရားသည် မိမိ ရုပ်လုံး အရ သူတို့ကို ဖန်ဆင်းသည်ကို မသိဘဲ၊ သူတို့၏ရုပ်လုံးပင် မဟုတ်သော "*တိရစ္ဆာန်၏ ရုပ်လုံး*" ကိုပင်ပြုလုပ်သည်မှာ အလွန်ဆိုးယွားလှ၏။ ဤဘုရား၏ အမှုကိုဆောင်လို ကြသနည်း။ ကိုယ်တော်ကို ဆန့်ကျင်လျက်အလွန် ပြစ်မှားကြလေပြီ *(ဟော ၁၃း၇။ ၄၂း၁၇)*။

**ဤရွှေနွားသူငယ်ဖြင့် ဖောက်ပြန်ခြင်းသည် ရောမ ၁း၂၂–၂၈ တွင် ရေးသားထားသောအချက်ကို မည်သို့ ရောင်ပြန်ဟပ်နိုင်သနည်း။**

ရုပ်တုကိုးကွယ်ခြင်းသည် ဘုရားသည်ဘုရား၊ လူသည်လူဖြစ်ခြင်း၊ ဉာသနာပဈာ ဆိုင်ရာကို ငြင်းပယ်ခြင်း ဖြစ်သည်။ ရုပ်တုကိုးကွယ်ခြင်းသည် ထာဝရဘုရားနှင့် လူစပ်ကြား ကွာဟချက်ကို ဖျက်ဆီး၍ *(ဒေ၅း၂)* ဆက်သွယ်ခြင်းကိုလည်း ဖြတ်တောက်ပေး သည်။ ရုပ်တုကိုးကွယ်ခြင်းကို ဖြောင့်ကျပွင့်လင်းစွာ နလုံးထဲ သိုမှီးထားမိပါက ကိုယ်တော်နှင့်ပေါင်းသင်းခြင်းသည် လျင်မြန်စွာ ပြတ်တောက်၍ ကိုယ်ကျင့်တရားပင် ကျဆင်းစေသည်။ ကျမ်းချက်အရ နောက်တစ်နေ့တွင် သူတို့လုပ်ဆောင်ခြင်းသည် အံ့သြစရာမဟုတ်ပါ။ ရုပ်တုတို့အား ယဇ်ပူဇော်ပြီးနောက် ပျော်ရွှင်ပွဲ စလုပ်တော့သည် ကို အီးဂျီဝိုက်သည် "အီဂျစ်တို့၏ ရုပ်တုပွဲ တော်ကို တုပနေခြင်းဖြစ်သည်" *(အီးဂျီဝိုက်။ ရှေးဘိုးဘေးများနှင့်ပုရောဖက်များ။ စာ၊ ၃၂၀)* ဟုဆိုသည်။

လူသားတို့သည် မိမိတို့၏ ကိုယ်ပိုင်ရုပ်တုဇာတ်ခင်းရာတွင် ဉာဏ်ကြီးကြသည်။ မိမိတို့ကိုယ်ပိုင် ဘုရားကို ဖန်တီးကြရာ မည်မျှပင်ဆိုးနေလည်း၊ ထိုဘုရားများကိုသာ ဝတ်ပြုကြသည်။ လူသားတို့၏ ကိုယ်ကျင့်တရားတို့ကို ကျဆင်းစေသောအရာများဖြင့် ဖန်ဆင်းရှင်၏နေရာကို အစားထိုးကြသည်။

**ယနေ့လူသားတို့သည် ဖန်ဆင်းရှင်၏နေရာကို အစားထိုးပြီး ကိုးကွယ်နိုင်သည်မှာ မည်သည့်နည်း လမ်းများရှိသနည်း။**

# သူတို့သည် ဖောက်ပြန်ကြပြီ

**ဖတ်ပါ – ထွက် ၃၂း၇၊ ၈။ ဘုရားသခင်သည် မောရှေကို အဘယ်ကြောင့် ဣသရေလစခန်းသို့ပြန်စေသနည်း။**

ရုပ်တုဘက်သို့ လှည့်သွားခြင်းဖြင့် ဣသရေလတို့သည် အီဂျစ်ပြည်မှ သူတို့ကို လွတ်မြောက်စေသော မှန်ကန်သောဘုရားထံမှ ကွာရှင်းပြတ်စဲကြရသည်။ ဘုရားသခင်သည် ထိုသူတို့အား တိုက်ရိုက် အပြစ်တင်ကာ "သူတို့သည် ဖောက်ပြန်ကြပြီ" *(ထွက် ၃၂း၇)* ဟုမိန့်တော်မူ၏။ အီဂျစ်ပြည်မှ ကယ်နုတ် သောဘုရားဟူ၍ပင် ဂုဏ်ပြုမှတ်တမ်းတင်သေးသည်။ ထွက် ၃၂း၂ တွင် ဘုရား၏ နှုတ်ကပတ်တရားတော်ကို တိုက်ရိုက်ဆန့်ကျင်ခြင်းဖြစ်၏။ ဤကဲ့သို့ ထာဝရဘုရား၏ ကိန်းတော်မူခြင်းကို ငြင်းပယ်လိုက်ခြင်း သည် လေးနက်သောအရာဖြစ်သည်။ သူတို့၏ အတွေးအခေါ်နှင့် ခံစားချက်တို့သည် တလွဲတချော်ဖြစ်ကာ ပျက်စီးသွားလေတော့သည်။

ယေဇကျေလသည်လည်း ထာဝရဘုရားလူတို့၏ စိတ်ပုံမှန်မဖြစ်ခြင်းဖြင့် အပြစ် အားလုံးကို ပြုလုပ် စေခြင်း၏ ဗဟိုချက်မသည် ရုပ်တုဆင်းတုပင် ဖြစ်သည် *(ယေဇ ၈း၁ – ၁၈၊ ၂၀း၁ – ၄၄၊ ၂၂း၁ – ၁၂)* ဟုဆို၏။ ရှေးအခါက ယုံကြည်သူတို့သည် လူထု လုပ်သော ရုပ်တုဆင်းတုတို့ကိုပင် ကိုးကွယ်ကြသည်ကို ထုံနံ၍ ရိုးအ လွန်းသည်ဟု ကျွန်ုပ်တို့ အံ့သြလေ့ရှိပါသည်။ ကျွန်ုပ်တို့သည် မိမိကိုယ်ကို ထိုသို့မပြုရန် အသေအချာ ပြောနိုင်ပါလိမ့်မည်။ သင်သည် ဇကေန်အမှန် ရုပ်တုဆင်းတု ကင်းစင်ပါသလား။ ယနေ့ ရုပ်တုဆင်းတုတို့သည် ပုံစံအမျိုးမျိုးနှင့် လာသော်လည်း ဆွဲဆောင်မှုသည် အလားတူ ပင် ဖြစ်ကြသည်။

ရုပ်တုဟူသည် ထာဝရဘုရားအား အစားထိုးသောအရာ၊ မှားယွင်းသည်ကို သိလျက်နှင့် ကိုးကွယ်မြဲ ကိုးကွယ်သောအရာ ဖြစ်၏။ ၄င်းသည် ကျွန်ုပ်တို့၏ စိတ်ကူး၊ ချစ်ခြင်းနှင့် အချိန်တို့ကို ဖမ်းစားတတ်သည်။ ကျွန်ုပ်တို့၏ စဉ်းစားခြင်းဉာဏ်အား ကျွန် ပြုတတ်သည်။ ကျွန်ုပ်တို့မြင်ရသောအရာနှင့် တူလာသည်ဖြစ်၍ ထို "ဘုရား" တို့ထက် သာလွန်နိုင်မည်မဟုတ်ပါ။ ထာဝရဘုရားသည် သင့်ဘဝ၏ အလယ်ဗဟိုတွင် မရှိခဲ့ပါသော် အခြား ဘုရားတွေ ဝင်ရောက်နေရာယူလိမ့်မည်။ ထာဝရဘုရား၏ ကိန်းတော်မူခြင်းကို ကျွန်ုပ်တို့ မနှစ်သက်ပါက အခြားသောအရာတစ်ခုခုတွင် ကျွန်ုပ်တို့ဆက်ကပ် နေပါလိမ့်မည်။ ခရစ်တော်၏ နေရာကို အစားထိုးထား သောအရာသည် ထူးခြားမှုတွေ ရှိလိမ့်မည်။ မာန်မာန၊ အတ္တ၊ ငွေ၊ သြဇာအာဏာ၊ ကာမလိင်၊ အစားအစာ၊ ရုပ်မြင်သံကြား၊ ဆေးဝါး၊ အရက်၊ ညစ်ညူးသောအတွေးများ၊ အပြောပုံများ၊ ပျော်ပွဲရွှင်ပွဲ၊ အလုပ်၊ အားကစား၊ မိသားစု၊ ဗွီဒီယိုဂိမ်းများ၊ ရုပ်ရှင်များ၊ ဈေးဝယ်ထွက်ခြင်း၊ အတွေးအခေါ်၊ နိုင်ငံရေး၊ တေးဂီတ၊ ရာထူး၊ ဂုဏ်ပုဒ်၊ အဆင့်အတန်း စသဖြင့် စာရင်းပြုစုပါက ဆုံးနိုင် မည်မဟုတ်။

ဤနေရာတို့တွင် ကျွန်ုပ်တို့သည် အလွန်ဖန်တီးတီထွင်တတ်ကြသည်။ ကောင်းသောအရာ လုပသောအရာနှင့် အဓိပ္ပါယ်ရှိသောအရာတို့ကိုပင်လျှင် ရုပ်တုအဖြစ် ပြောင်းလဲစေတတ်၏။ ရုပ်တုတို့သည် ကျွန်ုပ်တို့၏ ပင်ကိုယ်စရိုက်၊ အတွေးအခေါ်၊ ကြိုက်နှစ်သက်ခြင်းနှင့် လူမှုရေးကို ပြောင်းလဲစေနိုင်၏။ ကျွန်ုပ်တို့၏ ကိုယ်ပိုင် လက္ခဏာကို ပြောင်းလဲစေ၍ စစ်မှန်သော မိဿဟာယကို ဟောင်းလောင်း ဖြစ်စေကာ နောက်ဆုံးတွင် မကယ်တင်နိုင်သည့် အဓိပ္ပါယ်မဲ့သော တုံ့ပြန်မှုတို့သာ ဖြစ် လိမ့်မည်။

## ဘုရားသခင်၏ ဖြောင့်မတ်သောအမြတ်တော်

**ဖတ်ပါ – ထွက် ၃၂း၉ – ၂၉။ ဣသရေလတို့အား ထာဝရဘုရား ဖျက်ဆီးရန် သတိပေးခြင်းကို မောရှေသည် မည်သို့ တုံ့ပြန်သနည်း။**

မောရှေသည် သိနာတောင်ပေါ်တွင် ရှိနေစဉ် ဘုရားသခင်သည် ပုန်ကန်သော ဤလူမျိုးကို ဖျက်ဆီး၍ မောရှေ၏ နောင်လာနောက်သားတို့အား လူမျိုးကြီးဖြစ်စေမည်ဟု မိန့်တော်မူ၏။ ထိုသို့ပြုခြင်းကို မောရှေသည်အလိုမရှိပါ။ ဣသရေလ ဟူသည် မောရှေ၏ လူတွေမဟုတ်ကြောင်း၊ ဘုရားသခင်၏ လူမျိုးဖြစ်ကြောင်း၊ အီဂျစ်ပြည်မှ လည်း မောရှေမှ ထုတ်ဆောင်ခဲ့သည်မဟုတ်၊ ထာဝရဘုရား ကိုယ်တော်တိုင်သည် ကြီးမားသော တန်ခိုးဖြင့်ထုတ်ဆောင်လာသည်ဖြစ်ကြောင်းထောက်ပြ၏။ ထိုသို့ မောရှေသည် သူတို့၏ ဘိုးဘေးတို့ထံတွင် ဘုရားသည်ကတိတော်ပြုခဲ့ပြီးဖြစ်ကြောင်း တိုးလျှိုးတောင်းပန်၏။ ဘုရားသခင်နှင့် လူတို့စပ်ကြားတွင် မောရှေသည် ကြားဝင်စေ့စပ် ခြင်းကို ဇကန်ပြုခဲ့ရပါသည်။

"ထာဝရဘုရားသည် မိမိလူတို့အား အပြစ်ပေးမည်အကြံကို နောင်တရတော်မူပြီး" သော် *(ထွက် ၃၂း၁၄)*၊ မောရှေသည် လူတို့ထံသို့ ပြန်လာ၏။ ထွက် ၃၄း၂၉၊ ၃၀ တွင် မောရှေသည် ဘုရားသခင်နှင့် နှုတ်ဆက်ခဲ့သောကြောင့် သူ၏မျက်နှာသည် အရေထွန်းပသည်ဆို၏။ ယခုတစ်ခါတွင်မူ မှတ်တမ်းမှတ်ရာ မရှိသည့်တိုင် မောရှေ၏ မျက်နှာသည် သူ၏အမျက်ရောင်စဉ်ပင် ဟပ်နေမည်ဖြစ်သည်။

"မောရှေသည် စခန်းသို့ နီးကပ်လာသောအခါ နွားသူငယ်နှင့် ကခုန်နေသူတို့အား မြင်ရ၍ အမျက်ထွက်ကာ ကျောက်ပြား နှစ်ပြားအား တောင်ခြေသို့ ပစ်ပေါက်သောအခါ အပိုင်းပိုင်းအစစ ကွဲကြေမွသွားသည်" *(ထွက် ၃၂း၁၉)*။ ပညတ်တော်ဆယ်ပါး ပါဝင်သော ထိုကျောက် ပြားတို့အား ပေါက်ခွဲလိုက်ခြင်းသည် ပါဝင်သော အကြောင်းအရာတို့ကိုပါ ချိုးဖောက်ခြင်းပင်ဖြစ်၏။ ထို့အတွက် ဘုရားသခင်သည် မောရှေအား ပြင်းထန်စွာ အပြစ်တင်၏။ ထို့နောက်မှ ဘုရား သည် "သင်ချိုးဖဲ့ခဲ့သော အရင်ကျောက်ပြားတို့အတိုင်း" *(တရား ၁၀း၂)* ဆောက်ဖြင့် ထွင်း ထုရမည်ဟု မောရှေအား မိန့်တော်မူ၏။

မောရှေသည် လူထု၏ တောင်းဆိုခြင်းကို လိုက်လျောသောအာရုန်အား ပြင်းထန်စွာ အပြစ်တင်၏။ "သင်သည် သူတို့၌ ဤမျှလောက် ကြီးမားသောအပြစ်ကို ရောက်စေခြင်းငှါ သူတို့သည် သင့်၌ အဘယ်သို့ပြုသနည်း" *(ထွက် ၃၂း၂၁)* ဟုမေး၏။ အာရုန် သည်လည်း မိမိကျူးလွန်ခြင်းအတွက် ဆင်ခြေတွေ ရှာရတော့သည်။ (၁) သူတစ်ပါး ကို အပြစ်ဖို့သည် (၂) မှော်ပညာဖြင့် "ထိုရွှေတို့ကို မီးထဲ၌ထဲ့လျှင် ဤနွားသူငယ် ထွက် လာပါသည်" *(ထွက် ၃၂း၂၄)* ဟူ၏။ သာ၍ဆိုးသည်မှာ အာရုန်အား ဘုရားသခင်သည် အခွင့်ထူးများဖြင့် ချီးမြှောက်ကာ လူကြီး ၇၀ တို့နှင့်ပင် တောင်ပေါ်သို့ တက်ခဲ့ရသေး သည် *(ထွက် ၂၄း၁)*။

ဖောက်ထိုးစကားတွေဖြင့် နိမိတ်လက္ခဏာ ဖြစ်ပျက်သည်ဆိုကာ အာရုန်သည် မိမိ ညီကို လှည့်ဖြား ရန်ကြံရွယ်သည်။ အပြစ်တစ်ခုသည် အခြားအပြစ်တစ်ခုဖြစ်စေသည်။ ထိုလူတို့သည် အရိုင်းလေးတွေဖြစ်သည်ကို မောရှေသိသည်။ ဆိုးကျိုးတို့သည် လိုက်လာသဖြင့် မောရှေ သည် ပုန်ကန်ခြင်းကို အမြန် ရပ်တန့်စေခဲ့ရသည်။

**ဤဇာတ်လမ်းသည် ကြားဝင်စေ့စပ်ဆုတောင်းခြင်း၏တန်ခိုးကို မည်သို့ဖော်ပြသနည်း။ ယခုပင် မည်သူ့အတွက် သင်ဆုတောင်းရမည်နည်း။**

# ကြားဝင်ဖြန်ဖြေခြင်း

**ဖတ်ပါ – ထွက် ၃၂း၃၀ – ၃၂။ မောရှေသည် ကြားဝင်ဖြန်ဖြေဆုတောင်းရာတွင် မည်မျှသွားရသနည်း။**

သူတို့၏ ပုန်ကန်မှုကြောင့် ဣသရေလ၏စခန်းတွင် ကြောက်မက်ဖွယ်ရာ လူများစွာ သေကျေရခြင်းတို့ ဆိုက်ရောက်စေ၏ *(ထွက် ၃၂း၂၈)*။ နောက်တနေ့တွင် မောရှေသည် လူများထံသို့ "သင်တို့ပြစ်မှားသော အပြစ်ကြီးလှ၏။ ယခုမှာ ထာဝရဘုရားထံတော်သို့ ငါတက်သွား၍ သင်တို့အပြစ်ဖြေနိုင်လျှင်ဖြေစေခြင်းငှါပြုမည်" *(ထွက် ၃၂း၃၀)* ဟုဆို၏။ မောရှေသည် ထာဝရဘုရားထံပြန်သွား၍ "အိုဘုရားသခင် ဤလူတို့သည်ပြစ်မှားသောအပြစ်ကြီးလှ၏။ မိမိတို့အဘို့ ရွှေဘုရားကိုလုပ်ပါပြီ။ သို့သော်လည်း သူတို့အပြစ်ကို လွှတ်ခြင်းငှါ အလိုတော်ရှိလျှင် လွှတ်တော်မူပါ။ သို့မဟုတ် ကိုယ်တော်စီရင်သောစာရင်း၌အကျွန်ုပ်နာမကိုချေတော်မူပါ" *(ထွက် ၃၂း၃၁၊၃၂)* ဟုလျှောက်၏။

မောရှေသည် ခရစ်တော်အား အမျိုးပြုသသည် ဆိုသော် အံ့သြစရာမရှိပါ။ အပြစ်သားတို့အတွက် ကြားဝင်ဆုတောင်းပေးခြင်းနှင့် မိမိအသက်ကိုပင် ပေးဆပ်လိုသောသဘောသည် ခရစ်တော်က ကျွန်ုပ်တို့ အတွက် ပြုပေးသောအရာတို့အား ရောင်ပြန်ဟပ်လှ၏။ ကျူးလွန်သူများအား သနားကြင်နာခြင်း သာမက ပေတည်း။ ဘုရားသခင်ထံတော်တွင် လုံးဝဆက်ကပ်ခြင်း သူ့လူတို့အတွက် ဆက်ကပ်သောမေတ္တာကို ဖော်ပြထားသည်။ ထွက်မြောက်ရာကျမ်းတွင် မောရှေသည်တောင်ပေါ်တွင် ရက်မည်မျှ ဘုရားအနားတွင်နေသည်ကို မဖော်ပြသော်လည်း တရားဟောရာကျမ်းသည် သိနာတွင် ရက်ပေါင်း ၄၀ နေရသည် ဆို၏ *(တ ၉း၁၈)*။

ထွက် ၃၂း၃၂ တွင် အပြစ်မှ "လွှတ်" သည်ဆိုသည်မှာ "ခေါင်းခံ၊ တင်ဆောင်" စသဖြင့် ဟေရှာ ၅၃း၄ တွင် ယေရှုအကြောင်းကိုဖော်ပြရာတွင် "ငါတို့အနာရောဂါ ဝေဒနာများကို ယူတင်ဆောင်ရွက်" ဟုဆို၏။ ၄င်းစာလုံးသည် ထွက် ၃၂း၃၂ တွင် "လွှတ်" သည်ဆိုသည်ကို ဟေရှာ ၅၃း၄ တွင် "ယူတင်ဆောင်ရွက်" ဟုဘာသာပြန်ထားခြင်းဖြစ်သည်။ နစ်ထောင်ချီပြီးနောက်မှ ကိုယ်တော်သည် ကပ်တိုင်တွင် ပြုခဲ့သည်နည်း တူ ထာဝရဘုရားသည် ထိုလူတို့၏ အပြစ်များကို "ယူတင်ဆောင်ရွက်" ပေးပါရန် မောရှေသည်တောင်းဆိုနေခြင်းဖြစ်သည်။ ထွက် ၃၂း၃၂ သည် ကိုယ်စားပြုဖြန်ဖြေခြင်းတင်မက ဘုရားကိုယ်တော်တိုင်သည် ထိုနေရာ ကို "အစားထိုး" ဝင်ရောက်ခြင်းဖြစ်သည်။

ဤနေရာတွင် အပြစ်လွှတ်ခြင်းကို ဖော်ပြပေးသည်။ ဘုရားသခင်သည် ခရစ်တော်၌ ကျွန်ုပ်တို့၏ အပြစ်များကို "ယူတင်ဆောင်ရွက်" ခြင်းဖြင့်သာ အပြစ် "လွှတ်" နိုင်၏။ ကယ်တင်ခြင်း စီမံကိန်းနှင့် ကျွန်ုပ်တို့အား ကယ်တင်ရန် ဘုရားသခင်အား တန်ဖိုးမည်မျှကျသင့်ကြောင်း ဤစကြာဝဠာတစ်ခုလုံးသို့ ပြသလိုက် ခြင်း ဖြစ်ပေသည်။

**ထာဝရဘုရားသည် ထိုလူတို့၏ အပြစ်များကို " ယူတင်ဆောင်ရွက်" ပေးပါရန် မောရှေသည် တောင်းဆိုနေသကဲ့သို့ ယေရှုကလည်း ထိုသို့ပြု၏။ ဤအမှန်တရားအား ကျွန်ုပ်တို့ မည်မျှစိတ်စွဲလန်းကြသနည်း။ ကျဆုံးလူသားတို့အပေါ် ထာဝရဘုရား၏ မေတ္တာတော်ကို မည်သို့သွန်သင်ပေးနေသနည်း။**

**ထပ်မံစဉ်းစားရန်။** အီးဂျီဝှိုက်၊ ရှေးဘိုးဘေးများနှင့်ပုရောဖက်များ၊ *"သိနာတွင် ရုပ်တုကိုး ကွယ်ခြင်း"* စာ၊ ၃၁၅ - ၃၂၇)။

ယခုအပတ်သင်ခန်းစာသည် ယုံကြည်သူများအပေါ် ထာဝရဘုရားသည် အထူး အာရုံစိုက်ထား သည်ကို တင်ပြထားသည်။ ကိုယ်တော်သည် ကျွန်ုပ်အထဲတွင် *"မိမိတို့ ထင်မြင်သည်ထက် အတိုင်းအဆလွန် ကဲစွာ"* ပြုနိုင်သည် *(ဧဖက် ၃း၂၀)*။ မိမိကိုယ်ကို သာ အာရုံပြုခြင်း မိမိဆန္ဒကိုသာပြည့်စေခြင်းတို့သည် ရုပ်တု ဘက်သို့ ဦးဆောင်နိုင် သည် ဖြစ်၍ ထိုသို့မပြုသင့်ပါ။ ထာဝရဘုရားနှင့် သူ၏တန်ခိုးတော်ကိုသာ အာရုံပြုသင့် ပါသည်။ အောင်မြင်သော အသက်တာအသစ်သို့ ဦးဆောင်နိုင်သောစွမ်းအားကို ပေး တော်မူသည် *(ဖိ ၄း၁၃။ ယုဒ ၁း၂၄၊ ၂၅)*။

"မေတ္တာသည် တရားမျှတခြင်းကဲ့သို့ပင် အပြစ်အား တရားစီရင်ခြင်းအားဖြင့် နာကြင်စေခြင်းကို မတောင်းဆိုပါ။ ထာဝရဘုရားသည် မိမိလူတို့အတွက် အုပ်ထိန်းသူ နှင့် တန်ခိုးတော်အရှင်ဖြစ်၏။ ပုန်ကန်ရန် စိတ်ပိုင်းဖြတ်သောသူတို့သည် သူတစ်ပါး တို့ အား ကူးစက်စေနိုင်သဖြင့် ဘုရားရှင်သည် ဖယ်ရှားတော်မူ၏။ ကာဣနအား အသက် ချမ်းသာစေခြင်းဖြင့် အပြစ်ကိုဒဏ်ခတ်ခြင်းမပြုဘဲ ဆက်လက်ခွင့်ပြုနေခြင်း၏ ရလဒ် ကို စကြာဝဠာသို့ပြသွန်းလိုက်၏။ သူ၏ သားစဉ်မြေးဆက်တို့အား သူ၏ အသက်တာ နှင့် သွန်သင်ခြင်းဖြင့်ပင် သြဇာလွှမ်းခဲ့သဖြင့် ကမ္ဘာတစ်ခုလုံးလုံးအား ရေဖြင့်ဆေး ကြောခဲ့ရသည်ထိ ဖြစ်ခဲ့သည်။ လူသားတို့သည် အသက်ရှည်လေလေ ကိုယ်ကျင့် တရားပျက်လေလေဖြစ်သည်။ သိနာတွင် ဖောက်ပြန်ခြင်းသည်လည်း ထိုနည်းတူပင် ဖြစ်၏။ ကျူးလွန်သောသူတို့အားအမြန်ဆုံးပြစ်ဒဏ်ပေးခြင်းမပြုပါက အလားတူ ရလဒ် များကိုပင်တွေ့ရမည်ဖြစ်သည်။" *(ရှေးဘိုးဘေးများနှင့်ပုရောဖက်များ။ စာ၊ ၃၂၅)*။

## ဆွေးနွေးရန်မေးခွန်းများ -

**၁ တနင်္လာမေးခွန်းကိုပြန်စဉ်းစားပါ။ ဗန်ဆင်းရှင်အားဆန့်ကျင်ကာ ဗန်ဆင်းထားသော အရာများကို ကိုးကွယ်ခြင်း ဖြစ်နိုင်သောလမ်းစဉ်သည် အဘယ်သို့နည်း။ ဥပမာ၊ ကမ္ဘာကြီးအားကာကွယ်ရန် ရည်ရွယ် ၍ မကိုးကွယ်သည့်တိုင် ရုပ်တုအဖြစ် ထုလုပ်ခြင်းသည် မည်သို့နည်း။**

**၂ မိမိပြုသော အရာတစ်ခု၏ အကျိုးဆက်၊ ရလဒ်နှင့် ၄င်းတို့အားတုံ့ပြန်ခြင်းတို့သည် မည်မျှပြင်းထန် သည်ကို မိမိပင်စဉ်းစားမိနိုင်ပါသည်။ ထာဝရဘုရား၏ သွန်သင်ခြင်းကို ငြင်းပယ်ခြင်းတွင် နောင်တရရန် စိတ်နှလုံး ခိုင်မာစွာ ဆက်လက်ပုံကန်နေ သူတို့အား အဘယ်ကြောင့် ကွပ်မျက်ရန် အမိန့်ထုတ်ဆင့်ရသနည်း။**

**၃ အပြစ်ဖြေလွှတ်နိုင်ရန် ယုတင်ဆောင်ရွက်ခြင်းသည် အဘယ်ကြောင့် အမှန်ကန်ဆုံးလမ်းစဉ်ဖြစ်နိုင်သ နည်း။ ဧဝံဂေလိတရားတော်၏ အခြေခံအုပ်မြစ် ဖြစ်သော ယုတင်ဆောင်ရွက်ခြင်းကို ငြင်းပယ်၍ ရှုပ်ချသော သာသနာ့ပရိုသည် အဘယ်ကြောင့် မှားယွင်းသော သာသနာပရိုဖြစ်နိုင်မည်နည်း။ ၁ပေ ၂း၂၄ ဖတ်ပါ။ ယေရှုသည် ကျွန်ုပ်တို့အား ယုတင်ဆောင်ရွက်သူဖြစ်သည်ကို ခိုင်မာစွာ မည်သို့ဆိုသနည်း။**

## ဘုရားသခင်၏မေတ္တာဖြင့်ပတ်ရံထားခြင်း

Andrew McChesney

အသက် ၁၆ နှစ်အရွယ် ဒိုမီနီကိုသည်အီတလီနိုင်ငံ ဖလောရင့်စ်မြို့ရှိ ကပွဲတစ်ခု၌ ဖူလီဗီယာ နှင့်တွေ့ဆုံပြီးနောက် သူမကိုမဆုံးရှုံးလိုခဲ့ပါ။ ထို့ကြောင့် သူမ၏ မိဘများအကြောင်း မေးမြန်း သောအခါ လိမ်ညာခဲ့၏။

ဖူလီဗီယာက သူနေထိုင်ရာလိပ်စာကို မေးစဉ်၊ မစဉ်းစားဘဲ သူသည် မိဘမဲ့ဂေဟာ လိပ်စာကို ပေးမိ၏။ သူမသည် ထိုလိပ်စာသို့သွားပြီး မိဘမဲ့ဂေဟာကို တွေ့ရှိသောအခါ၊ ဒိုမီနီကိုသည် ထပ်မံလိမ်ညာ၍မရတော့ပါ။ "ကျွန်တော်ကမိဘမဲ့တစ်ယောက်ပါ။ ဒီမှာနေတယ်။" ဟုပြော၏။

ဖူလီဗီယာသည် သူမဖခင်ထံ အကုန်လုံးပြောပြခဲ့ပြီး၊ ဒိုမီနီကို နှင့် ၎င်းတို့၏ ဆက်ဆံရေး ပြီးဆုံးသွားပြီဟု ထင်ခဲ့သည်။ သို့သော် ဖခင်၏တုံ့ပြန်မှုက ဒိုမီနီကို ကို အံ့အားသင့်စေခဲ့၏။ "ငါတို့မှာ သားသမီးသုံးယောက်ရှိတယ်။ သူ့ကိုအိမ်ကိုဖိတ်ပါ။ ငါတို့ လေးယောက်ဖြစ်သွားမယ်" ဟု ပြောသည်။

ဖူလီဗီယာ၏မိသားစုသည် ဒိုမီနီကိုကို သားတစ်ယောက်ကဲ့သို့ လက်ခံခဲ့ပြီး၊ သူသည် ၎င်းတို့အိမ်သို့ ပုံမှန်လည်ပတ်ခဲ့သည်။ ၎င်းတို့၏မေတ္တာဖြင့် ပတ်ရံထားရင်း၊ ဒိုမီနီကိုသည် ဘုရားသခင်၏ မေတ္တာကို ပထမဆုံးအကြိမ် ခံစားခဲ့ရသည်။ သူသည် ဘုရားသခင်အကြောင်းကြားဖူးခဲ့သော်လည်း၊ ယခုမှ သူ၏မေတ္တာကို လက်တွေ့ဘဝတွင် မြင်တွေ့ခဲ့ရသည်။ ဘုရားသခင်ကို သိလိုသောဆန္ဒသည် သူ၏နှလုံးသားထဲတွင် ပေါက်ဖွားလာပြီး၊ သူသည် ဆုတောင်းခဲ့သည်။

ဒိုမီနီကိုသည် မိဘမဲ့ဂေဟာမှထွက်ခွာပြီး အသက် ၂၂ တွင် ဖူလီဗီယာနှင့် လက်ထပ်ခဲ့၏။ သူသည် မိဘမဲ့ဂေဟာတွင် ၁၉၅၆ တွင် အမေရိကန်ရုပ်ရှင် ပညတ်တော်ဆယ်ပါးကို ကြည့်ရှုခဲ့ပြီး၊ ပညတ်ဆယ်ပါးအားလုံးကို လိုက်နာသော ဘုရားကျောင်းတစ်ခုရှိမရှိ၊ သမ္မာကျမ်းစာဖော်ပြသည့်အတိုင်း ခရစ်ယာန်ဘဝကို နေထိုင်သူတစ်ဦးတစ်ယောက်ရှိမရှိဟု သူတွေး ခဲ့၏။

ဒိုမီနီကို အသက် ၃၀ တွင် ရေဒီယိုဖွင့်လိုက်ရာ "ယခုတမန်တော်ပေါလု အကြောင်း ပြောပြပါမည်" ဟူသော အသံကိုကြားလိုက်သည်။ ရေဒီယိုအစီအစဉ်တင်ဆက်သူများသည် သူကြားဖူးသည့် အခြားခရစ်ယာန်များနှင့် ကွဲပြားစွာပြောဆိုနေသည်ကို သတိပြုမိ၏။ သူသည် ထိုရေဒီယိုဌာနကို ပုံမှန်နားထောင်ဖြစ်၏။ တစ်ခါတရံ အီးဂျီဝှိုက်၏ *Steps to Christ* စာအုပ်ကို ဖော်ပြသောအခါ၊ ထိုစာအုပ်ကို တောင်းရန်ဖုန်းဆက်ခဲ့သည်။

အမ်မန်နူရယ်နှင့် သူ၏ဇနီးသည် စာအုပ်ကို ယူဆောင်လာပြီး ဒိုမီနီကို၏ အိမ်သို့ ရောက် ရှိလာ၏။ အမ်မန်နူရယ်သည် ဒိုမီနီကို၏ မေးခွန်းများကိုဖြေဆိုရန် သမ္မာကျမ်းကိုဖွင့်လှစ်ပြီး၊ သူ၏တောင်းဆိုချက်အရ မြော်လင့်ခြင်းဘုရားကျောင်း၏ သမိုင်းကိုမျှဝေခဲ့၏။ ခရစ်ယာန်ဘာသာ၏သမိုင်းကိုသိလို၍၊ ဒိုမီနီကိုသည် *The Great Controversy* စာအုပ်ကိုဖတ်ရှု၏။

သမ္မာကျမ်းလေ့လာမှု ခုနစ်လကြာပြီးနောက်၊ ဒိုမီနီကိုသည် ဘုရား သခင်၏မေတ္တာဖြင့် ပတ်ရံထားသည်ဟု ခံစားခဲ့ရပြီး၊ နှစ်ခြင်းခံခဲ့သည်။ "မြော်လင့်ခြင်းရေဒီယိုကို ကျေးဇူးတင်ပါတယ်၊ ဘာလို့လဲဆိုတော့ ကျွန်တော့်ဘဝကို ပြောင်းလဲပေးခဲ့တယ်" ဟု အသက် ၆၈ နှစ်ရှိပြီဖြစ်သော ဒိုမီနီကိုစီဗာဒီကပြော၏။



ကမ္ဘာတဝှမ်းရှိ ရေဒီယိုထုတ်လွှင့်မှုများမှတစ်ဆင့် ဧဝံဂေလိသတင်းကို ကြေညာရန် ကူညီပေးသော သင်၏သာသနာပြုအလှူငွေများအတွက်ကျေးဇူးတင်ပါသည်။

## အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်

**အစီကာကျမ်းချက်။** ထွက်မြောက်ရာကျမ်း ၃၂း၃၁၊ ၃၂

**လေ့လာမှုဦးတည်ချက်။** ထွက်မြောက်ရာကျမ်း ၃၂း၁ - ၃၅

**နိဒါန်း။**ဣသရေလလူမျိုးသည် ဖောက်ပြန်သောအခါ၊ မောရှေသည် သိနာတောင်ပေါ်တွင် ထာဝရဘုရားနှင့်အတူ ရှိနေသည်။ လူများသည် မောရှေ၏အစ်ကိုအာရုန်ကို သေစေရန် ခြိမ်းခြောက်ခဲ့သဖြင့်၊ အာရုန်သည် ၎င်းတို့လိုအင်ကို လိုက်လျောကာ ရုပ်တုတစ်ခု ပြုလုပ်ပေးခဲ့သည်။ ထို့နောက် လူများက ဤသို့ကြေညာခဲ့သည် -

"အို ဣသရေလအမျိုး၊ ဤဘုရားသည် သင့်ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်သော သင်၏ဘုရားဖြစ်တော်မူသည်" (ထွက် ၃၂း၄)။ ဤသည်မှာ ထာဝရဘုရားကို ၎င်းတို့၏ ဘုရားအဖြစ် ပြတ်ပြတ်သားသား ငြင်းပယ်ပြီး သူနှင့်ဖွဲ့ထားသော ပဋိညာဉ်ကို ဖျက်စီးလိုက်ခြင်းဖြစ်သည်။ ထူးခြားသည်မှာ၊ မောရှေသည် သိနာတောင်မှ စခန်းသို့မဆင်းမီ၊ ထာဝရဘုရားသည် ဣသရေလလူမျိုးသည် မိမိထံမှလွှဲဖယ်ကာ ရုပ်တုကို ကိုးကွယ်ခဲ့သည်ဟု မောရှေအား မိန့်တော်မူသည်။ ထို့ကြောင့် ဣသရေလသည် ယခုအခါ မောရှေ၏လူမျိုးဖြစ်လာပြီး၊ ဣသရေလလူမျိုးကို အီဂျစ်မှ ကယ်ထုတ်လာသူမှာ မောရှေဖြစ်တော့သည်။ ထာဝရဘုရားက "သင်သည် ဆင်းသွားလော့။ အဲဂုတ္တုပြည်မှ သင်နှုတ်ဆောင်ခဲ့သော သင်၏ လူတို့သည် ဖေါက်ပြန်ကြပြီ။" (ထွက် ၃၂း၇) ဟု မိန့်တော်မူ၏။ ယခင်က ထာဝရဘုရား၊ မောရှေ နှင့် ယေသရောတို့သည် ဣသရေလလူမျိုးကို အီဂျစ်မှ ကယ်ထုတ်လာသူမှာ ထာဝရဘုရားဖြစ်သည်ဟု အလေးပေးပြောဆိုခဲ့ကြသည် (ထွက် ၃း၈၊ ၁၇။ ၁၂း၁၇၊ ၅၁။ ၁၃း၃၊ ၉၊ ၁၄၊ ၁၆၊ ၁၈။ ၁၆း၆၊ ၃၂။ ၁၈း၁၊ ၁၀။ ၁၉း၄။ ၂၀း၂)။ ယခုအခါ ဣသရေလလူမျိုးသည် ထာဝရဘုရားကို ၎င်းတို့၏သခင်အဖြစ် အသိအမှတ်မပြုသဖြင့်၊ ဘုရားသခင်သည် ၎င်းတို့နှင့် ဆက်စပ်မှု မရှိတော့ပေ။ ဤသည်မှာ မည်မျှဆိုးရွားသော အခြေအနေဖြစ်သနည်း။

ထို့နောက် ထာဝရဘုရားသည် မောရှေအား "သင့်ကိုကားကြီးမြတ်သော အမျိုးဖြစ်စေမည်" (ထွက် ၃၂း၁၀) ဟု ကမ်းလှမ်းတော်မူ၏။ ၎င်းသည် မောရှေအား ကြီးမြတ်လာစေရန် လက်ခံရန် အားပေးသည့် တန်ခိုးကြီးသော သွေးဆောင်မှုတစ်ခုဖြစ်သည်။ သို့သော် မောရှေသည် ဤကမ်းလှမ်းချက်ကိုပင် မစဉ်းစားဘဲ၊ သူ၏မြင့်မြတ်သောစရိုက်ကို ပြသခဲ့သည်။ လူမျိုး၏ကြီးပွားချမ်းသာရေးအတွက် သူ၏သစ္စာစိတ်ထားသည် ခိုင်မြဲစွာရပ်တည်နေပြီး၊ ကိုယ်ကျိုးရှာ စိတ်မျိုးမရှိခဲ့ချေ။ မောရှေသည် ဣသရေလ အတွက်ကြားဝင်ဆုတောင်းပေးပြီး၊ ဣသရေလကို ကယ်ထုတ်သူမှာ ဘုရားသခင်ဖြစ်ကြောင်း ထာဝရဘုရားထံ အသနားခံသည်။ "အို ထာဝရဘုရား၊ ကိုယ်တော်သည် မဟာတန်ခိုး အားကြီးသော လက်နှင့် အဲဂုတ္တုပြည်မှ နှုတ်ဆောင်ခဲ့သော ကိုယ်တော်၏ လူမျိုး (ထွက် ၃၂း၁၁) ဟု ဆိုသည်။ မောရှေ၏ကြားဝင်ဆုတောင်းမှုကြောင့်၊ ထာဝရဘုရားသည် "မိမိလူတို့အား အပြစ်ပေးမည်အကြံကို နောင်တရတော်မူ၏" (ထွက် ၃၂း၁၄)။ ကြားဝင်ဆုတောင်းခြင်း၏ တန်ခိုးသည် မည်မျှကြီးမြတ်သနည်း။

မောရှေသည် စခန်းသို့ပြန်လာပြီး ပုန်ကန်မှုကို မြင်သောအခါ၊ ဘုရားသခင်ပေးထားသော ပညတ်တော်ဆယ်ပါး ပါရှိသည့် ကျောက်ပြားနှစ်ချပ်ကို ရိုက်ခွဲပစ်လိုက်၏။ ဣသရေလလူမျိုးသည် ထာဝရဘုရားကို ၎င်းတို့၏ခေါင်းဆောင်အဖြစ် ငြင်းပယ်လိုက်သောအခါ ပြုလုပ်ခဲ့သည့်အရာ၏ ပြင်ပသင်္ကေတဖြစ်သည်။ ထို့နောက် မောရှေသည် ရွှေနွားသငယ်ရုပ်တုကို ဖျက်ဆီးပစ်၏။ မောရှေရှိနေသည့်တိုင် လူများသည် "အဆိုးရွားဆုံး" နှင့် "ထိန်းမနိုင်သိမ်းမရ" (ထွက် ၃၂း၂၅) ဖြစ်နေသဖြင့်၊ သူသည် ဝင်ရောက်ဟန့်တားရသည်။ ခိုင်မာစွာ ပုန်ကန်ဆက်လက်လုပ်ဆောင်သူများကို ဖယ်ရှားရန်လိုအပ်သည်။ ထို့ကြောင့် ဘုရားသခင်သည် မောရှေအားဖြင့် ၎င်းတို့ကို သတ်ရန် အမိန့်ပေးတော်မူသည်။ ဤဖယ်ရှားမှုသည် လိုအပ်သည်၊ မဟုတ်ပါက ဘုရားသခင်၏လူမျိုးသည် ပြန်လည် မဖြစ်ပေါ်နိုင်သော ပျက်စီးခြင်းသို့ ရောက်ရှိသွားလိမ့်မည် (ဤသတ်ဖြတ်မှုနှင့်ပတ်သက်၍ အီးဂျီဝှိုက်၏ *Patriarchs and Prophets*၊ စာမျက်နှာ ၃၂၄-၃၂၇ ကို ဖတ်ပါ)။ နောက်တစ်နေ့တွင်၊ မောရှေသည် သိနာတောင်သို့ ထပ်မံတက်ကာ၊ ဣသရေလလူမျိုး၏ ဆိုးယုတ်သောအပြုအမူအတွက် ကရုဏာရှိသောဘုရားသခင်ထံ ခွင့်လွှတ်ပေးရန် ကြားဝင်ဆုတောင်းခဲ့သည်။

## အပိုင်း ၂။ အနက်ဖွင့်ကျမ်း

## ရွှေနွားသူငယ်ရုပ်ကိုးကွယ်မှုနှင့်အာရုန်

အာရုန်သည် ဘုရားသခင်နှင့် သူ၏သမ္မာတရားအတွက် ခိုင်မာစွာရပ်တည်ခဲ့လျှင် ရွှေနွားရုပ်တုကိုးကွယ်မှုကို တားဆီးနိုင်ခဲ့လိမ့်မည်။ မြင်သာထင်သာရှိသော အခြားဘုရားသို့မဟုတ် ဘုရားအများအတွက် လူများ၏တောင်းဆိုမှုကို သူမလိုက်လျောပေးသင့်ပါ။ ဘုရားသခင်နှင့် သူ၏ကျွန် မောရှေအား မလေးမစားပြုမူပြသသောအခါ၊ အာရုန်သည် ပုန်ကန်မှုကို ချက်ချင်းရပ်တန့်သင့်ခဲ့သည်။ ထိုသို့ပြုမည့်အစား၊ သူသည် ပုန်ကန်သူများ၏ စကားကို နားထောင်ပြီး မမှန်ကန်သောအဆိုတစ်ခု ပြုလုပ်ခဲ့၏။ မောရှေ မရှိသည့် အချိန်တွင်၊ အာရုန်သည် သူ၏သေခြင်းကိုပင် မကြောက်ရွံ့ဘဲ ခိုင်မာသော ခေါင်းဆောင် တစ်ဦးအဖြစ် ဆောင်ရွက်သင့်ခဲ့သည်။ ဘုရားသခင်သည် သူ၏အကြောင်းအမှုကို ကာကွယ်ရန် အမြဲဝင်ရောက်စွက်ဖက်ပြီး၊ အာရုန်သည် သူ့ကို ယုံကြည်သင့်ခဲ့သည်။

ဘုရားသခင့်လူများ၏ သာယာဝပြောမှုအတွက် မောရှေ၏စိုးရိမ်မှုသည် သူ၏အစ်ကို အာရုန်အား မေးမြန်းသောမေးခွန်းတွင် ထင်ဟပ်သည်။ မောရှေကလည်း၊ အာရုန်အား "သင်သည် သူတို့၌ ဤမျှလောက်ကြီးသော အပြစ်ကို ရောက်စေခြင်းငှါ သူတို့သည် သင်၌ အဘယ်သို့ ပြုသနည်း" (ထွက် ၃၂း၂၁)။ အာရုန်သည် မမှန်ကန်သောတောင်းဆိုမှုများကို လိုက်လျောခြင်းသည် ဆိုးရွားသော အကျိုးဆက်များကို ဖြစ်ပေါ်စေခဲ့သည်။ သူ၏ အပြုအမူကို ဆင်ခြေပေးရန်၊ အာရုန်သည် အံ့ဖွယ်တစ်ခုကို ဖန်တီးခဲ့သည်။ "ရွှေရှိသော သူသည် ချွတ်စေဟုဆိုသည်နှင့်အညီ၊ သူတို့ပေးသော ရွှေကို အကျွန်ုပ်သည် မီးထဲ၌ ထည့်လျှင်၊ ဤ

နွားသငယ် ထွက်လာပါသည်" (ထွက် ၃၂း၂၄)။ အာရုန်သည် မောရှေ၏ဒေါသကို ငြိမ်း အောင်လုပ်ရန် မော်အတတ်ကို ရည်ညွှန်းခဲ့သည်။ အပြစ်သည် မျက်စိကန်းစေပြီး၊ မနာခံမှု ကို ဖုံးကွယ်ရန် ဇာတ်လမ်းများကို ဖန်တီးလေ့ရှိသည်။

"ထာဝရဘုရားသည် အာရုန်အပေါ်သို့ အလွန်အမျက်ထွက်တော်မူသည်။" (တရား ၉း၂၀)၊ သို့သော် မောရှေက သူ့အတွက် ဆုတောင်းပေးခဲ့သောကြောင့် သူ၏အသက် လွတ်မြောက်ခဲ့သည်။ အာရုန်သည် ဤဆိုးရွားသောအပြစ်အတွက် စိတ်ရင်းမှန်ဖြင့် နောင်တရခဲ့ပြီး၊ ခေါင်းဆောင်ရာထူးသို့ ပြန်လည် ထူထောင်ခံရပြီး၊ နောက်ပိုင်းတွင် ယဇ်ပုရောဟိတ်မင်းအဖြစ် ဘိသိက်ခံခဲ့ရသည် (ထွက် ၄၀း၁၂-၁၅)၊ ဘုရားသခင်၏ ကျေးဇူးနှင့် ကရုဏာသည် အံ့ဖွယ်ဖြစ်ပေ၏။

## ကြားဝင်ဆုတောင်းပေးခြင်း

ဆုတောင်းခြင်းတွင် အခြေခံအမျိုးအစားလေးမျိုးရှိ၏။ ပထမဦးစွာ၊ "ချီးမွမ်းဆုတောင်း ခြင်း" သို့မဟုတ် "ကျေးဇူးတော်ချီးမွမ်းဆုတောင်းခြင်း" ရှိပြီး၊ ၎င်းတွင် ဘုရားသခင် ပြုလုပ် ထားသော အံ့ဖွယ်အမှုများအတွက် ကျေးဇူးတင်ရှိသည်။ ကျေးဇူးတော်ချီးမွမ်း ဆုတောင်း ခြင်းတွင်၊ ဘုရားသခင်သည် မည်သူဖြစ်သည်၊ ကျွန်ုပ်တို့၏ဘဝနှင့် သူ၏လူများ၏ဘဝတွင် ပြုလုပ်ပေးသောအရာများအတွက် ကျွန်ုပ်တို့၏ကျေးဇူးတင်စိတ်ကို ဖော်ပြပြီး၊ သူ၏ မရေ မတွက်နိုင်သော ကောင်းချီးများအတွက် ဝမ်းမြောက်စွာ ချီးမွမ်းသည်။ ဒုတိယအနေဖြင့်၊ "နောင်တရဆုတောင်းခြင်း" ရှိပြီး၊ ၎င်းတွင် ကျွန်ုပ်တို့၏အပြစ်များအတွက် ဘုရားသခင်ထံ နှိမ့်ချစွာ ခွင့်လွှတ်မှုတောင်းခံသည်။ တတိယအနေဖြင့်၊ "ဆုတောင်းပန်ခြင်း" ရှိပြီး၊ ၎င်းတွင် ကျွန်ုပ်တို့ကိုယ်တိုင်အတွက် သီးခြားအရာများကို ဆုတောင်းသည်။ ဥပမာ၊ ဉာဏ်ပညာ၊ သန့်ရှင်းသောဝိညာဉ်၊ ဝမ်းမြောက်ခြင်း၊ မေတ္တာ၊ ကျန်းမာရေး၊ ငြိမ်းချမ်းရေး၊ သည်းခံခြင်း၊ ဝိညာဉ်ရေးဆုကျေးဇူးများ၊ ငွေကြေးအရင်းအမြစ်များ၊ အစားအစာ၊ ဘေးကင်းရေး၊ ကာကွယ်ရေး စသည်ဖြင့်ဖြစ်သည်။ နောက်ဆုံးအနေဖြင့်၊ "ကြားဝင်ဆုတောင်းပေးခြင်း" ဖြစ်ပြီး၊ ၎င်းတွင် ကျွန်ုပ်တို့ကိုယ်တိုင်အတွက်မဟုတ်ဘဲ အခြားသူများအတွက် ဆုတောင်း ပြီး၊ ဘုရားသခင်သည် ကရုဏာသက်စွာ ဝင်ရောက်စွက်ဖက်ကာ ၎င်းတို့အား အထူး ကောင်းချီးများ သို့မဟုတ် လိုအပ်သောအရာများ၊ ဥပမာ၊ လမ်းညွှန်မှု၊ သက်ဝင်ယုံကြည်မှု၊ သားသမီးများ၊ မိဘများ၊ အိမ်ထောင်ရေး၊ မိသားစု၊ အသိုင်းအဝိုင်းများ၊ အဖွဲ့အစည်းများ၊ သာယာဝပြောမှု၊ အောင်မြင်မှု စသည်ဖြင့် ပေးရန် တောင်းလျှောက်သည်။ ကျွန်ုပ်တို့သည် ဖျားနာသူများ၊ ညဉ်းပန်းနှိပ်စက်ခံရသူများ၊ နာကျင်ခံစားရသူများ၊ ဆင်းရဲသားများ၊ ကျောင်း သားများ၊ လုပ်ဖော်ကိုင်ဖက်များ၊ နစ်ခြင်းခံမှုများ၊ မန်နေဂျာများ၊ အစိုးရအဖွဲ့အစည်းများ အတွက်လည်း ဆုတောင်းနိုင်သည်။ မောရှေ၏ဆုတောင်းခြင်းသည် အပြစ်သားများ အတွက် ဆုတောင်းပေးခြင်းဖြစ်ပြီး၊ သူသည် လမ်းမှားသောသူများအတွက် ဆုတောင်းပြီး၊ ၎င်းတို့၏ အပြစ်ကို ခွင့်လွှတ်ရန်နှင့် ဘုရားသခင်သည် သူ၏ လူများကို မစွန့်ပစ်ရန် တောင်း

လျှောက်ခဲ့သည် (ထွက် ၃၂း၃၁၊ ၃၂)။

ကြားဝင်ဆုတောင်းပေးခြင်းသည် အရေးကြီးသကဲ့သို့၊ ၎င်းတို့သည် နက်နဲသော အရာများဖြင့် ဝန်းရံထားသည်။ တစ်ဖက်တွင်၊ ဘုရားသခင်သည် လူတိုင်းကို ကယ်တင်ရန် ၎င်းတို့ကို ချစ်သောကြောင့် အများဆုံးပြုလုပ်ရန်လိုအပ်သည်။ အခြားတစ်ဖက်တွင်၊ ဆုတောင်းပေးခြင်းသည် ဘုရားသခင်အား ၎င်းတို့၏အခြေအနေတွင် လူများအတွက် ပိုမိုပြုလုပ်ခွင့်ပေးသည်။ ဤသည်မှာ တင်းမာမှုတစ်ခုဖြစ်ပြီး၊ ယခုအခါ ကျွန်ုပ်တို့သည် ၎င်းကို ဖြေရှင်းနိုင်စွမ်းမရှိပါ။ သတင်းကောင်းမှာ ကျွန်ုပ်တို့သည် ၎င်းကို ဖြေရှင်းရန်မလိုအပ်ပါ။ ထို့ကြောင့်၊ ဆုတောင်းပေးခြင်းသည် မည်သို့အလုပ်လုပ်သည်ကို အတိအကျ သိရန်မလိုအပ်သော်လည်း၊ ဘုရားသခင်၏စကားတော်သည် အလုပ်လုပ်ကြောင်း သက်သေထူပြီး၊ ကျွန်ုပ်တို့၏အတွေ့အကြုံက ၎င်းကို အတည်ပြုသည်။ ကျွန်ုပ်တို့လိုအပ်သည်မှာ သူ၏ညွှန်ကြားချက်များအတွက် နာခံမှုဖြင့် ဆုတောင်းရန်ဖြစ်သည်။ ဆုတောင်းရန်အတွက် ဘဝတွင်ရှိသော နက်နဲသောအရာတိုင်းကို နားလည်ရန်မလိုအပ်ပါ။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ဦးဆောင်မှုကို လက်ခံရန်၊ သူ့ကို ယုံကြည်ရန်၊ လိုက်နာရန်နှင့် ဆုတောင်းရန်သာ လိုအပ်သည်။

ဘုရားသခင်သည် လူများ၏ရွေးချယ်မှုများကို လေးစားသည်၊ အကြောင်းမူ ဘုရားသခင်သည် မည်သူ့ကိုမျှ သူ့ကို လိုက်နာရန် အတင်းအကြပ်မပြုပါ။ သူသည် ၎င်းတို့၏ လွတ်လပ်မှုကို အာမခံ သော်လည်း ကျွန်ုပ်တို့သည် လူများအတွက်၊ ကျွန်ုပ်တို့၏ ရန်သူများအတွက်ပင် ဆုတောင်းရန် အားပေးခံရသည်။ ဤသည်မှာ ကျွန်ုပ်တို့မမြင်ရသော ဝိညာဉ်ရေးတိုက်ပွဲဖြစ်ပေါ်နေသည့် ကုလားကာနောက်ကွယ်ကို မမြင်နိုင်သောကြောင့် ဖြေရှင်းရန်သို့မဟုတ် ရှင်းပြရန် မစွမ်းနိုင်သော နောက်ထပ်ထင်ရှားသော ဆန့်ကျင်ဘက် တစ်ခုဖြစ်သည်။ ကောင်းမှုနှင့် မကောင်းမှု၊ သမ္မာတရားနှင့် မုသာစကား၊ အလင်းနှင့် အမှောင်၊ ခရစ်တော်နှင့် စာတန်အကြား ဝိညာဉ်ရေးစစ်ပွဲကို ကျွန်ုပ်တို့သည် ကြီးစွာသော အငြင်းပွားမှု၏အကြောင်းအရာတွင် တွေးတောသောအခါ ၎င်းကို မှန်ဝါးစွာ နားလည်နိုင်သည်။ ဤထိုးထွင်းသိမြင်မှု၏အရိပ်အမြွက်များသည် သခင်ဘုရားသည် လူတိုင်းကို ကယ်တင်ရန် သူ၏အကောင်းဆုံးကို ပြုလုပ်မည်ဟု ယုံကြည်ရန် ကူညီပေးသည်။

မမြင်ရသောကမ္ဘာ၏မျက်နှာပြင်နောက်ကွယ်တွင်၊ ကောင်းမှုနှင့် မကောင်းမှု၏ အင်အားစုများသည် မည်သို့ဆက်သွယ်ပုံကို ထိန်းညှိပေးသော စည်းမျဉ်းများရှိသည်။ ဓမ္မပညာရှင်များသည် ဘုရားသခင်သည် စာတန်အား လှုပ်ရှားခွင့်ပြုသည်ဟု ပြောကြသည်။ ဂျွန်ပက်ခ်ဟမ်သည် ဤစည်းမျဉ်းများကို "ထိတွေ့မှုစည်းမျဉ်းများ" ဟု ခေါ်သည်။ (Peckham, *Theodicy of Love: Cosmic Conflict and the Problem of Evil* [Grand Rapids, MI: Baker Academic, 2018], စာမျက်နှာ ၅၈)။ စာတန်သည် လှုပ်ရှားခွင့်ရှိပြီး၊ သူ့တွင် ဤ "ထိတွေ့မှုစည်းမျဉ်းများ" အောက်တွင် ကန့်သတ်ထား သော်လည်း၊ အမှန်တကယ်အာဏာရှိသည် (ယောဘ ၁။ ယောဘ ၂း၆ ကိုကြည့်ပါ)။ ဤစည်း

မျဉ်းများကို ကောင်းကင်ကောင်စီ (ကောင်းကင်သတ္တဝါများ၏ကိုယ်စားလှယ်များ)၊ စာတန်နှင့် ဘုရားသခင်တို့၏ထည့်သွင်းမှုဖြင့် ဆုံးဖြတ်ခဲ့သည်။ ဤစည်းမျဉ်းများသည် ဘုရားသခင် အနေဖြင့် စာတန်အား သူ၏ "အုပ်စိုးမှု" သည် မည်သို့ဖြစ်မည်ကို အပြည့်အဝပြသရန် အခွင့်အရေးများ သို့မဟုတ် ပိုမိုကောင်းမွန်စွာ "ခွင့်ပြုချက်များ" ပေးထားပြီး၊ လူတိုင်းအား နစ်ဖက်ကို နှိုင်းယှဉ်ခွင့်ပေးသည်ဟု ဆိုလိုသည်။

ဤစည်းမျဉ်းများသည် ဘုရားသခင်သည် သူလိုလားသည့်အရာကို အမြဲမရရှိဟု လည်းဆိုလိုသည် (ဟေ ၃၀း၁၅၊ ၁၈။ ဗဖေး၄။ ယေဇ ၁၈း၂၃။ မ ၇း၂၁။ ၁၈း၁၄။ ၂၃း၃၇။ လု ၇း၃၀)။ ထို့ပြင်၊ ဘုရားသခင်သည်လည်း သူ၏လုပ်ရပ်များတွင် ကန့်သတ်ခံရသည်။ ဘုရားသခင်သည် ဤ "ထိတွေ့မှုစည်းမျဉ်းများ" ကို ဆန့်ကျင်၍ မလုပ်ရှားနိုင်ပါ၊ အကြောင်းမှာ သူသည် သူ၏ကတိများကို စောင့်ထိန်းသည်။ "စစ်မှန်သော ချစ်ခြင်းဆက်ဆံရေး တစ်ခုသည် သတ္တဝါများသည် ဘုရားသခင်၏စံပြဆန္ဒကို ငြင်းပယ်နိုင်သည့် ဖြစ်နိုင်ခြေကို လိုအပ်သည်။" — Peckham, *Theodicy of Love*, စာမျက်နှာ ၁၃၉။ ဘုရားသခင်သည် တစ်ဖက်သို့ဖြစ်စေ အခြားတစ်ဖက်သို့ဖြစ်စေ ရွေးချယ်ရန် ကျွန်ုပ်တို့၏လွတ်လပ်မှုကို ကန့်သတ်မည်မဟုတ်ပါ၊ အကြောင်းမှာ ၎င်းသည် ဘုရားသခင်နှင့် သူ၏ဖန်ဆင်းထားသော သတ္တဝါများအကြား ချစ်ခြင်းမေတ္တာ၏အပြည့်အဝပွင့်လင်းမှုကို တားဆီးမည်ဖြစ်သည်။ ဤထင်ရှားသောဆန့်ကျင်ဘက်ကို ကျွန်ုပ်တို့ဖြေရှင်းနိုင်စွမ်းမရှိပါ အကြောင်းမှာ ကျွန်ုပ်တို့သည် ဤဝိညာဉ်ရေးတိုက်ပွဲ၏မျက်နှာပြင်နောက်ကွယ်ကို မမြင်နိုင်ပါ။ သို့သော်၊ ဘုရားသခင်သည် "ချစ်ခြင်းမေတ္တာ၏သာယာဝပြောမှုနှင့် ပဋိညာဉ်ထိတွေ့မှုစည်းမျဉ်းများ" ကို ကတိပြုထားသည်။ —*Theodicy of Love*, စာမျက်နှာ ၁၄၀။

ကျွန်ုပ်တို့သည် ဘုရားသခင်အကြောင်း အချို့အရာများကို သိရှိသော်လည်း၊ အချို့အရာများသည် ကျွန်ုပ်တို့အတွက် မရေရာမသေချာဖြစ်နေ၏။ ပေါလုက "ကျွန်ုပ်တို့၏ အသိပညာသည် တစ်စိတ်တပိုင်းနှင့် မပြည့်စုံပါ" ဟူ၍လည်းကောင်း၊ "ကျွန်ုပ်တို့သည် အရာများကို မပြည့်စုံစွာမြင်ရ" (၁ကော ၁၃း၉၊ ၁၂) ဟူ၍လည်းကောင်း ဖော်ပြသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ချစ်သည်၊ ကယ်တင်သည်၊ လူတိုင်းကို ကယ်တင်လိုသည်ကို ကျွန်ုပ်တို့သိသည်။ ကျွန်ုပ်တို့သည် သူ့ကို ယုံကြည်နိုင်ပြီး၊ သူ၏ကတိများ၊ ဂရုစိုက်မှုနှင့် အကူအညီများကို အားကိုးနိုင်သည်ကို သိသည်။ သူသည် ကျွန်ုပ်တို့၏အကောင်းဆုံးကို လိုလားသည်ကို သိသည်။ သူသည် ကျွန်ုပ်တို့၏ဆုတောင်းမှုများ ကို ကြားပြီး၊ ကျွန်ုပ်တို့သည် သူ့ကို ခြယ်လှယ်နိုင်စွမ်းမရှိကြောင်း သိသည်။ ဆုတောင်းခြင်းသည် အရေးကြီးပြီး၊ ဘုရားသခင်၏ လူများဆုတောင်းသောအခါ စာတန်သည် တုန်လှုပ်သည်၊ အကြောင်းမှာ ကျွန်ုပ်တို့ဆုတောင်းသောအခါ အရာရာသည် ရှေ့သို့တိုးသွားသည်။ အချို့ဆုတောင်းများသည် အဘယ်ကြောင့် လျင်မြန်စွာဖြေကြားခံရသည်၊ အချို့သည် နှောင့်နှေးသည်၊ အချို့သည် ကျွန်ုပ်တို့၏မျှော်လင့်ချက်အတိုင်း ဘယ်သောအခါမျှ ဖြေကြားမခံရသည်ကို ကျွန်ုပ်တို့ နားမလည်ပါ။

ဘုရားသခင်သည် ကျွန်ုပ်တို့ကို ဆုတောင်းရန် ဖိတ်ခေါ်သည်၊ အကြောင်းမှာ နောက်ကွယ်တွင် ဖြစ်ပျက် နေသည်များကို ကျွန်ုပ်တို့ နားလည်သည်ဖြစ်စေ၊ ကျွန်ုပ်တို့၏ ဆုတောင်းမှု များကို မည်သို့ကြားရသည်ဖြစ်စေ ထိုသို့ကြောင့် မဟုတ်ပါ။ ကျွန်ုပ်တို့သည် ဆုတောင်းခြင်းကို ထိန်းချုပ်မထားသော်လည်း၊ ဆုတောင်းရန် ဖိတ်ခေါ်ခံရပြီး၊ ထိုသို့ပြုရန် အမိန့်ပေးခံရ၏။ ဘုရားသခင်၏လူများဆုတောင်းသောအခါ၊ မကောင်းသော နိုင်ငံတော်သည် ပြိုကွဲသွားပြီး၊ ဘုရားသခင်၏အကြောင်းအမှုသည် နက်နဲစွာ ရှေ့သို့တိုးနိုင်သည်။

## အပိုင်း ၃။ လက်တွေ့ အသုံးချခြင်း

**၁။ ဘုရားသခင်က ကျွန်ုပ်တို့အတွက် ပြုတော်မူခဲ့သော ကြီးမြတ်သည့်အရာများကို ကျွန်ုပ်တို့လူသားများသည် မည်ကဲ့သို့ ဤမျှလျင်မြန်စွာ မေ့လျော့နိုင်သနည်း။ ကျွန်ုပ်တို့သည် မည်မျှလွယ်ကူစွာ မေ့လျော့တတ်သနည်း။ ဘုရားသခင်နှင့် ကျွန်ုပ်တို့၏လျှောက်လှမ်းမှုကို မည်သို့ပြန်လည်ဆန်းသစ်ပြီး၊ ကျွန်ုပ်တို့၏ဘဝ၏ အရေးကြီးသောအခိုက်အတန့်များတွင် ဘုရားသခင်၏ကောင်းမြတ်မှုကို အမှတ်ရစေကာ၊ မဖြစ်မနေဆုံးဖြတ်ချက်များ ချရာတွင် မတော်မတရားမပြုဘဲ အပြစ်မပြုရန် မည်သို့လုပ်ဆောင်နိုင်မည်နည်း။**

**၂။ ကျွန်ုပ်တို့၏ဘဝမှာ ရှေ့နားသငယ်သည်မည်သည့်အရာဖြစ်နိုင်သနည်း။**

**၃။ ကျွန်ုပ်တို့၏ဆုတောင်းမှုလိုအပ်နေသူများအပေါ် မည်သို့ပိုမိုသတိထားပြီး အကူအညီပေးနိုင်မည်နည်း။ ဆုတောင်းခြင်းသည် ဘုရားသခင်ထံသို့ ကျွန်ုပ်တို့ကို ရင်ကိုဖွင့်လှစ်စေပြီး၊ သူသည် ကျွန်ုပ်တို့အတွက်နှင့် ကျွန်ုပ်တို့အတွင်း၌ ပြောင်းလဲခြင်း၏အံ့ဖွယ်များကိုပြုလုပ်နိုင်စေသည်။**

**၄။ မောရှေသည် အပြစ်ရှိသူများအတွက်ဆုတောင်းခဲ့ပြီး ၎င်းတို့အတွက် မိမိ၏အသက်ကိုပူဇော်ခဲ့သည်။ ၎င်းသည် ကျွန်ုပ်တို့အတွင်းတွင် အပြစ်ပြုခဲ့သူများအတွက် မည်သို့ဆုတောင်းရမည်ကို ပုံစံတစ်ခုဖြစ်သည်။ သင်၏အတန်းနှင့်အတူ မတူညီသောအခြေအနေများကို ဆွေးနွေးပြီး၊ ထိုသို့သောကိစ္စများတွင် အချင်းချင်း မည်သို့ဆုတောင်းပေးနိုင်မည်ကိုဆွေးနွေးပါ။**

**၅။ ခရစ်တော်၏တပည့်များနှင့် ကျွန်ုပ်တို့အတွက် ကြားဝင်ဆုတောင်းခြင်းသည် အခြားသူများအတွက် မည်သို့ဆုတောင်းရမည့် ပုံစံတစ်ခုဖြစ်သည် (ယောဟန် ၁၇ ကိုဖတ်ပါ)။ မောရှေသည် အပြစ်ရှိ သူများ ခွင့်လွှတ်ခံရဖို့ သူကိုယ်တိုင်သေပေးရန်မလိုအပ်ခဲ့ပေ။ သို့သော် ကျွန်ုပ်တို့၏စစ်မှန်သော ကြားဝင် ဆုတောင်းသူယေရှုခရစ်၏ကိစ္စတွင်၊ သူ၏သေခြင်းသည် ကျွန်ုပ်တို့အတွက် လိုအပ်ခဲ့သည်။ အဘယ်ကြောင့်နည်း။**

**၆။ မတော်မတရားဖြစ်စေခြင်း သို့မဟုတ် မရှိမသေပြုခြင်းမပြုဘဲ အချင်းချင်း မည်သို့ ဆုတောင်းပေး နိုင်မည်နည်း။**

## သင်ခန်းစာ - ၁၂

** စက်တင်ဘာလ ၁၃ — ၁၉*

# ကျေးဇူးပြု၍၊ ကိုယ်တော်၏ဘုန်းကိုအကျွန်ုပ်အားပြတော်မူပါ



## ဥပုသ်နေ့မွန်းလွဲပိုင်း

**ဖတ်ရန်ကျမ်းချက်များ။** ထွက် ၃၃း၇-၃၄ း၃၅။ တရား ၁၈း၁၅၊ ၁၈။ ယော ၁၇း၃။ ရော ၂း၄။ ယော ၃း၁၆။ ၂ကော ၃း၁၈။

**အလွတ်ကျမ်းချက်။** **ထာဝရဘုရားသည် မောရှေရှေ့၌ ကြွသွားတော်မူလျက် ‘ထာဝရဘုရား၊ ထာဝရဘုရား၊ ချစ်သနားခြင်းမေတ္တာကရုဏာနှင့် ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာစောင့်ခြင်းနှင့် ကြွယ်ဝတော်မူထသော၊ အထောင်အသောင်းများသောသူတို့အား သနားခြင်းကျေးဇူးတရားကို စောင့်တော်မူထသော၊ အဓမ္မကျင့်ခြင်း၊ တရားတော်ကိုလွန်ကျူးခြင်း၊ ပြစ်မှားခြင်းအပြစ်တို့ကို ဖြေလွှတ်သော်လည်း၊ အချည်းနှီး သက်သက်ဖြေလွှတ်တော်မူထသော၊ သားစဉ်မြေးဆက် တတိယဆက်၊ စတုတ္ထအဆက်တိုင်အောင်၊ အဘတို့၏အပြစ်ကို သားတို့၌ ဆပ်ပေးစီရင်တော်မူသောဘုရားသခင်’ ဟုကြွေးကြော်တော်မူ၏။** (ထွက် ၃၄း၆၊ ၇)

ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်အတူရှောက်ခြင်းတွင် ကြီးပွားကြရမည်။ ကြီးပွားခြင်းမရှိခြင်းသည် အသေဖြစ်၏။ ရှင်ပေါလုသည် “ကျေးဇူးတော်၌၎င်း ငါတို့ကို ကယ်တင်တော်မူသော အရှင်သခင်ယေရှုခရစ်ကို သိကျွမ်းခြင်း၌၎င်း ကြီးပွားကြလော့။ ထိုသခင်သည် ယခုမှစ၍ ထာဝရနေ့ရက်ကာလပတ်လုံး ဘုန်းအသရေ ရှိတော်မူစေသတည်း” *(၁ပေ ၃း၁၈)*။ ကြီးပွားလိုသည့်ဆန္ဒကို ရှိသင့်သည်။ ကျွန်ုပ်တို့သည် ဘွဲ့ယူခြင်း မရှိသော ဘုရားသခင်၏ တက္ကသိုလ်တွင် အတောမသတ် သင်ယူနေကြရ၏။ ကြီးပွားခြင်း ကာလတစ်ရပ်တိုင်းတွင် ဘုရားသခင်သည် ကျွန်ုပ်တို့အားဖြစ်စေလို သောနေရာသို့ ရောက်နိုင်ရန် ခရစ်တော်အားဖြင့် ပုံသွင်းခြင်းကို လက်သင့်ခံပါက သင် သည် ပြည့်စုံလင်လိမ့်မည်။

ကျောင်းတစ်ကျောင်းကိုဘဲ တွေးကြည့်လိုက်ပါ။ ပထမတန်းသားတို့သည် ၁၀၀ ထိတိုင် ရေတွက်နိုင်ပါက သူတို့၏အသိဉာဏ်သည် သူတို့၏ တိုးတက်မှု ကာလ တစ်ရပ်တွင် ပြည့်စုံသဖြင့် အောင်မှတ်ရရှိ၏။ သို့သော်လည်း ဤမျှလောက်ထက် မသာလွန်ခဲ့သော်၊ ပညာရှာဖွေနေသော အထက်တန်းကျောင်းသူ/သားအတွက် ပညာရေးတွင် ဇရာမ ဆုံးရှုံးခြင်းပင်ဖြစ်လိမ့်မည်။ ထာဝရဘုရားကို သိကျွမ်းရန် သူ၏ ကရုဏာတွင် ကြီးပွားခြင်းသည်လည်း အလားတူပင်ဖြစ်၏။ ကျွန်ုပ်တို့၏ ကြီးပွားခြင်း ကာလတစ်ရပ်တိုင်းတွင် ခရစ်တော်သည် စုံလင်သည်နည်းတူ ကျွန်ုပ်တို့သည်လည်း စုံလင်နိုင်ပေသည်။

ယခုတစ်ပတ်တွင် မောရှေသည် ထာဝရဘုရား၏ လမ်းပြသွန်သင်ခြင်းကို သိကျွမ်းလိုက်ရှောက်ခြင်း ဖြင့် သူ၏ကြီးပွားခြင်းကို လေ့လာကြရပါမည်။

*စက်တင်ဘာလ ၂၀ ရက်၊ ဥပုသ်နေ့အတွက်ပြင်ဆင်ဖို့ရန်ယခုအပတ်သင်ခန်းစာကိုလေ့လာပါ။

## စုဝေးရာ တဲတော်

**ဖတ်ပါ – ထွက် ၃၃း၇–၁၁။ မောရှေအား ပရိသတ်စုဝေးရာတဲ တည်ဆောက်ရန် ဘုရားသည် အဘယ် ကြောင့် စေခိုင်းရသနည်း။**

တပ်ပြင်တွင် တည်ဆောက်ထားသော "စုဝေးရာတဲ"နှင့် နောက်ပိုင်းတွင် တပ်အလယ်၌ တည်ထားသော ဝတ်ပြုရာတဲတော်နှင့် မရောမိစေရန် လိုအပ်သည်။ ထို "စုဝေးရာတဲ" ၌ မောရှေသည် ထာဝရဘုရားနှင့် အကြိမ်မည်မျှဆုံတွေ့သည်ကိုတော့ မသိရပါ။ သေချာသည်တစ်ခုသည် မောရှေသည် ထာဝရဘုရားနှင့် ရင်းနှီးစွာ မျက်နှာချင်းဆိုင်သည်ကို သိရပါသည်။ "ထာဝရဘုရားသည် အဆွေခင်ပွန်းချင်းကို နှုတ်ဆက်တတ် သည်နည်းတူ မောရှေနှင့် မျက်နှာချင်းဆိုင် နှုတ်ဆက်တော်မူ၏" *(ထွက် ၃၃း၁၁)*။ မိတ်ဆွေဟူသည် လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးတိုင်ပင်၍၊ ၄င်းတို့ကို သူ တစ်ပါးအား မဖော်ပြဘဲ၊ စိတ်ချရသူကို ဆိုလိုသည်။ မိတ်ဆွေတစ်ဦးသည် အကောင်း ဆုံးသော ပိုင်ဆိုင်မှုတစ်ခုနှင့် အကောင်းဆုံးသော လူသားတစ်ဦးပင် ဖြစ် သည်။

ထွက် ၁၉–၃၄ ၏မှတ်တမ်းမှတ်ရာအရ မောရှေ၏ အတွေ့ပွေ့တွေ့သည် ဘုရားသခင်သည် ကျွန်ုပ်တို့၏ အသက်တာကို ပြောင်းလဲစေခြင်းအဖြစ် မှတ်သားဖွယ်ကောင်းလှ ၏။ ဤထင်ပေါ်သောခေါင်းဆောင်ကြီးနှင့် ဘုရားသခင်သည် မည်သို့ မိဿဟာယဖွဲ့ခဲ့သနည်း။ မောရှေ၏ အသက်တာနှင့် ကြီးပွားခြင်းကို လေ့လာရာတွင် ဘုရား၏ တန်ခိုးတော်တင်မက မေတ္တာတော်နှင့် ဝိသေသလက္ခဏာကိုပင် ဖော်ပြ၏။ ဤအချက်သည် ဘုရားသခင်နှင့် မိဿဟာယဖွဲ့ခြင်း၏ အရေးပါသော အစိတ်အပိုင်း တစ်ခုပင် ဖြစ်၏။

သိနာမရောက်မီတွင် ဘုရားသခင်သည် မောရှေအား အထူးခေါင်းဆောင် သင်တန်းပေးရာတွင် ကြီးမားစွာ အသုံးပြုခဲ့၏။ မိဒျန်ပြည်တွင် သိုးထိန်းခဲ့စဉ်၌ ထာဝရဘုရားသည် စာအုပ်နှစ်အုပ်၊ ယောဘဝတ္ထုနှင့် ကမ္ဘာဦးကျမ်းတို့ကို ရေးသားပြုစုစေ၏။ ထိုနောက် ဣသရေလတို့အား အီဂျစ်ပြည်မှ ထုတ်ဆောင်ရန် ချုံထဲမီးလောင်နေသည် ထဲမှ ခေါ်တော်မူ၏။ အီဂျစ်ဘုရားတို့၏ ဆုံးရှုံးခြင်းနှင့် အီဂျစ် တပ်မတော်ကြီးသည် ပင်လယ်နီထဲတွင် ဖျက်ဆီးခံရခြင်းတို့ကိုပါ မြင်တွေ့ခဲ့ရသည်။ ဣသရေလတို့အား အီဂျစ်ပြည်မှ သိနာတိုင်အောင် ပို့ဆောင်ခဲ့သည့်ပုံကို ရက်သတ္တပတ်များစွာပင် လေ့လာ စောင့်ကြည့်ခဲ့ရသည်။

မောရှေသည် သူ၏မျက်နှာ အရေထွန်းပခဲ့ပြီးသည်နောက် နှစ်ပေါင်း ၃၉ နှစ် လုံးလုံးတွင် ကတိတော် ပြည်၏ နှုတ်ခမ်းဝတိုင်အောင် ဣသရေလလူတို့အား ဦး ဆောင်ခဲ့သည်။ သမ္မာကျမ်းစာတွင်မူ မောရှေသည် ထာဝရဘုရား၏ သစ္စာရှိသော ကျွန် တစ်ပါးဖြစ်ကြောင်း *(တရား ၃၄း၅။ ယောရှု ၁း၁)*၊ အမှောင်ထုထဲ၌ အနိုင်းမဲ့အလင်း၊ သူတစ်ပါးတို့အား စံတင်ထိုက်သောပုရောဖက် *(တရား ၁၈း၁၅၊ ၁၈)*၊ လူသားတို့သည် သူ၏ညွှန်ကြားချက်ကို မလိုက်နာလိုကြသော်လည်း သူသည် ပြောင်းလဲခြင်းကို ဖန်တီးသူပင် ဖြစ်၏။ လိုက်နာလာကြသောအခါ ကြီးပွားလာကြလိမ့်မည်။

**ကျွန်ုပ်တို့သည် ပြောင်းလဲစေနိုင်သော ဘုရားသခင်အား ခွင့်ပြုလိုက်ခြင်းဖြင့် ဘုရားသခင် ပြုပေးနိုင်သော အရာတို့ကို မောရှေ၏ ထူးခြားသောအသက်တာမှ မြင်တွေ့နိုင်ပါသည်။ သင့်ဘဝတွင် သင်သတိထားမိသော ဘုရားသခင်၏ လုပ်ဆောင်မှုများထဲမှ သင့်အား ပြောင်းလဲစေသောအရာတို့သည် မည်သည်တို့နည်း။**

# မျက်နှာရကြောင်းကို အကျွန်ုပ်သိမည်အကြောင်း

**ဖတ်ပါ – ထွက် ၃၃း၁၂ – ၁၇။ မောရှေသည် ထာဝရဘုရားမှ မည်သည်ကို သွန်သင်ရန်လျှောက်သနည်း။ သူတို့၏ ကိန်းတော်မူရာ၌ ပို့ဆောင်ရန် အဘယ်ကြောင့် တောင်းဆိုသနည်း။**

ကိုယ်တော့်အထဲတွင် မောရှေသည် ပုံမှန်ကြီးပွားနေသည်။ ထာဝရဘုရားအား ပို၍ နီးအောင် ချဉ်းကပ်၍ ထာဝရဘုရားအား စံနမူနာအဖြစ်ထား၏။ တစ်နေ့ "စုဝေးရာ တဲ" တွင် ထာဝရဘုရားနှင့် စကားလက်ဆုံပြောနေရာတွင် မောရှေသည် ဘုရားအား သူ မသိရှိသည်ကို သတိထားမိသည်နှင့် တောင်းရောက်ခဲ့သည်မှာ "*မျက်နှာရကြောင်းကို အကျွန်ုပ်သိပါမည့်အကြောင်း*" *(ထွက် ၃၃း၁၃)* ဟုဆို၏။ ထာဝရဘုရားအား မောရှေသည် အသစ်သော နယ်ပယ်တစ်ခုဖြင့် သိကျွမ်းရန်လိုသည်ကို သိရှိလာ၏။ သူသည် ဘုရားသခင် အား ပိုမို သိကျွမ်းလာသည်ဟု တွေ့ရှိသည်နှင့်အမျှ ဘုရားအား သာ၍ မသိရှိ လေလေဖြစ်နေ၏။ သူ၏ လိုအပ်ချက်တို့ကို သတိပြုမိ သောအခါ ဘုရားရှင်ကို စိတ်နှလုံး အပြည့်အဝ သိရှိလိုလာသည်။ ဘုရားသခင်သည်လည်း မောရှေ၏ဆန္ဒကိုလည်း ပြည့်စုံ စေသည်။

မောရှေ၏ အတွေ့အကြုံတွေကိုကြည့်၍ ထာဝရဘုရားသည် မောရှေအား သာ၍ နက်နဲရင်းနှီးသော မိဿဟာယဖွဲ့ပေးသောကြောင့် သူသည် ဝိညာဉ်ရေးတွင် အလွန်တိုးပွားသည်ကို တွေ့ရသည်။ အရင်ဦးဆုံး မောရှေသည် တောင်ပေါ် "ထာဝရထံတော် သို့ တက်ရောက်၏" *(ထွက် ၁၉း၃)*။ ထို့နောက် ဘုရားသခင်ရှိတော်မူရာ "ထူထပ်သော မှောင်မိုက်" သို့ချဉ်းကပ်လေ၏ *(ထွက် ၂၀း၂၁)*။

အခြားနေရာတွင် ဘုရားသခင် တည်ရှိတော်မူရာ "တိမ်ထဲသို့မောရှေဝင်သွား၍" *(ထွက် ၂၄း၁၈)* ရက်လေးဆယ် ပတ်လုံးနေသည်ဟုဆိုသည်။ ထိုရက်ပေါင်း လေးဆယ် အတွင်းတွင် ဘုရားသည် မောရှေအား ဆုမွန်နှစ်ခုပေးလေသည်။ (၁) ဘုရားသခင် ကိုယ်တော်တိုင် ကဗ္ဗည်းထိုးရေးခြစ်ထားသော ကျောက်ပြားနှစ်ပြား၊ မောရှေ ကိုယ်တိုင်ဆောက်ဖြင့် ထွင်းထုထားသော ပညတ်တော်ဆယ်ပါး *(ထွက် ၂၄း၁၂)*။ (၂) ဝတ်ပြုရာ တဲတော်အား တည်ဆောက်ရမည့် အညွှန်းများ *(ထွက် ၂၅ - ၃၁)*။ အပြစ် သားများအတွက် ကြားဝင် တောင်းပန်ပေးခြင်းဖြင့် နောက်ထပ် ရက်ပေါင်းလေးဆယ် ပြန်နေရသည် *(ထွက် ၃၂း၃၀ - ၃၂။ တရား ၉း၁၈)*။

ဤအရာအားလုံးနောက်တွင် မောရှေသည်ထာဝရဘုရား၏ ဝိသေသလက္ခဏာတော်ကို တိကျစွာသိရှိလိုသဖြင့် ဘုရားသခင်သည် မိမိမည်သူဖြစ်သည်ကို အထူးသိရှိခွင့်ကိုပေးလိုက်သည်။ မောရှေသည် ဘုရားသခင်အား သာမန် သိရှိနေရုံ မဟုတ်ဘဲ သူ၏ ပုဂ္ဂိုလ်ကိုပင် သိရှိလိုသည်။ နှစ်ထောင်ချီပြီးမှ ယေရှုသည် "ထာဝရ အသက်ဟူမူကား မှန်သောဘုရားသခင် တစ်ဆူတည်း ဖြစ်တော်မူသော ကိုယ်တော်ကိုင်း၊ စေလွှတ်တော်မူသော ယေရှုခရစ်ကိုင်း သိကျွမ်းခြင်းတည်း" *(ယော ၁၇း၃)*။ ထာဝရဘုရားသည် လူ ဇာတိခံယူကာ မိမိကိုယ်ကိုဖော်ပြသည်ထက် သာ၍ကောင်းသော အဘယ်နည်းလမ်း ရှိအုံးမည်နည်း။

**ထာဝရဘုရားအား သင်သိရှိသလား။ သူ့အကြောင်းသာ သင်သိရှိသလား။ ဤမေးခွန်းနှစ်ခု မည်သို့ ကွာခြားသနည်း။**

## ကျေးဇူးပြု၍၊ ကိုယ်တော်၏ဘုန်းကို အကျွန်ုပ်အားပြတော်မူပါ

ရွှေနွားသူငယ်ဖြင့် ဖောက်ပြန်ပြီးနောက်တွင် ထာဝရဘုရားသည် မိမိလူတို့ကို ကတိတော်ပြည်သို့ ဆက်လက်ပို့ဆောင်နေသည်ကို သေချာစေရန် ကြားဝင်ဖြန်ဖြေ ပေး၏။ သူကိုယ်တိုင်၏ စိတ်နှလုံး အတွင်းကျကျ ကိုယ်တော်အား သိကျွမ်းလိုသေး၏။

**ဖတ်ပါ – ထွက် ၃၃း၁၈ – ၂၃။ ဂုဏ်တော်အားပြသရန် မောရှေ၏ တောင်းဆိုခြင်းကို ထာဝရဘုရားက မည်သို့တုံ့ပြန်သနည်း။**

ဂုဏ်တော်အားပြသရန် မောရှေတောင်းဆိုသည်၊ ဘုရားသည်လည်း ကရုဏာသက်တော်မူ၍ ဂုဏ်တော်ကို သူ့အား ပြတော်မူ၏။ မောရှေ၏တောင်းဆိုခြင်းကို ဖြေဆိုရာတွင် ထာဝရဘုရားသည် သူ၏ "ကောင်းမြတ်ခြင်း" ကိုပြရန် ကတိပေးသည်၊ ထာဝရဘုရား၏ ဂုဏ်တော်သည် သူ၏ ကောင်းမြတ်ခြင်းနှင့် ဝိသေသလက္ခဏာပင် ဖြစ်နိုင်သည် *(အီးဂျီဝိုက်။ တမန်တော်တို့၏ လုပ်ရပ်များ။ စာ၊ ၅၇၆။ ခရစ်တော်၏ သရုပ်ပြ။ စာ၊ ၄၁၄၊ ၄၁၅။ ပုရောဖက်များနှင့် ဘုရင်များ စာ၊ ၃၁၃)*။

"ထာဝရဘုရား၏ ဂုဏ်တော်သည် သားသမီးတို့အား ဂုဏ်တော်ကို ပြသခြင်းဖြစ်သည်၊ ယောက်ျား မိန်းမတို့သည် အမြင့်ဆုံးနေရာသို့ ရောက်စေလိုသည်" *(အီးဂျီဝိုက်။ တမန်တော်တို့၏လုပ်ရပ်များ။ စာ၊ ၅၃၀)*။ သူ၏ဂုဏ်တော်သည် နောင်တရသော အပြစ်သားတို့အား ပွေ့ဖက် *(အီးဂျီဝိုက်။ ပုရောဖက်များနှင့်ဘုရင်များ။ စာ၊ ၆၆၈)* ၍လို အပ်သည်များကို စီစဉ်ပေးခြင်းဖြစ်သည်။ မိမိတို့၏ အသက်တာတွင် ထာဝရဘုရား၏ ဝိသေသလက္ခဏာကို ပေါ်လွင်စေခြင်းသည် ကျွန်ုပ်တို့၏ "ဘုန်းတော်" ပင် ဖြစ်၏။

ထာဝရဘုရား၏ ဝိသေသလက္ခဏာကို ပေါ်လွင်စေခြင်းဟူသည် ကောင်းမြတ်တော်မူခြင်း၊ ကြင်နာခြင်းနှင့်နူးညံ့သောမေတ္တာတော်တို့ကို မိမိတို့၏စာရိတ္တတွင် ထင်ရှားစေကြရပါမည်။ ဤသို့လောကအတွက် ကောင်းချီးတင်မက စကြာဝဠာ တစ်ခုလုံးသို့ တောက်ပသောအလင်း ဖြစ်ရခွင့်ရကြပါမည်။ ရှင်ပေါလုသည် "သတ်ဖို့ရာ ထားသောသူကဲ့သို့ အခြားသောသူများနောက်၌ တမန်တော်တည်းဟူသော ငါတို့ကို ဘုရားသခင်ထုတ်ပြတော်မူသည်ဟု ငါထင်၏။ ငါတို့သည် လောကီသားများနှင့် ကောင်းကင်တမန်များ မျက်မှောက်၌ ပွဲဝင်သောသူဖြစ်ကြ၏" *(၁ကော ၄း၉)*။ ဤစကြာဝဠာ အတိုင်းအတာတို့သည် ကျွန်ုပ်တို့၏ အသက်တာနှင့် အမှုတော်တွင် အဓိပ္ပါယ်နှင့် ရည်ရွယ်ချက်ရှိသောအရာ တို့ကို ကျွန်ုပ်တို့ သတိရစေသည်။

ရောမ ၂း၄ တွင်လည်း ရှင်ပေါလုကပင် "ဘုရားသခင်၏ ကျေးဇူးတော်သည် သင့် ကို နောင်တလမ်း သို့သွေးဆောင်သည်" ဆို၏။ လူသားတို့သည် မိမိတို့၏ အပြစ်သားဘဝနှင့်ကယ်တင်ခြင်းလိုအပ်နေသည်ကို ဘုရားသခင်၏ ကောင်းမြတ်သော ဝိသေသလက္ခဏာအားဖြင့် အနိုင်အထက် သွေးဆောင်၏။ ကပ်တိုင်ကို ကြည့်လိုက်ပါက ကိုယ်တော်တိုင်သည် ထိုတိုင်တွင်အဘယ်ကြောင့်ရှိနေရသနည်း။ ကျွန်ုပ်တို့အား ချစ်တော် မူ၍ ထိုနည်းလမ်းဖြင့်သာ ကယ်တင်နိုင်ခြင်းဖြစ်သဖြင့် ထိုနေရာတွင် ကောင်းမြတ်တော်မူခြင်း နှင့် ဝိသေသလက္ခဏာတော်တို့ကို အကြီးမားဆုံး ပြသသွားခဲ့သည်။

**ဘုရားသခင်၏ ဝိသေသလက္ခဏာတော်တို့ကို ဖော်ပြခြင်းဖြစ်သော လက်ဝါးကပ်တိုင်အား အချိန် မည်မျှ လောက်ယူကာ သင်သည် အာရုံပြုလေ့ရှိသနည်း။**

# ဘုရားသခင်၏ မိမိကိုယ်ကိုဖော်ထုတ်ခြင်း

**ဖတ်ပါ – ထွက် ၃၄း၁ – ၂၈။ ထာဝရဘုရားသည် မိမိ၏ဂုဏ်တော်ကို မောရှေအား မည်ကဲ့သို့ ဖော်ပြသနည်း။**

မောရှေသည် မိမိခွဲခဲ့သောကျောက်ပြားနှစ်ပြားနှင့် အလားတူသော နောက်ထပ် ကျောက်ပြားနှစ်ပြားတို့ကို ယူဆောင်ခဲ့ရပါမည် *(ထွက် ၃၂း၁၉)*။ သူသည် ကိုယ်တော် နှင့် သတ္တမအကြိမ်မြောက်တွေ့ဆုံရန် တောင်ပေါ်သို့တက်ရပါမည်။ အရင်ဦး သူတက်ခဲ့ ရ ည်များကို (၁) ထွက် ၁၉း၃၊ ၇။ (၂) ထွက် ၁၉း၈၊ ၁၄။ (၃) ထွက် ၁၉း၂၀၊ ၂၅။ (၄) ထွက် ၂၀း၂၁။ ထွက် ၂၄း၃။ (၅)ထွက် ၂၄း၉၊ ၁၂–၁၈။ ထွက် ၃၂း၁၅။ (၆) ထွက် ၃၂း၃၀၊ ၃၁ တို့တွင် ဖော်ပြထားသည်။

မောရှေသည် ထာဝရဘုရား၏ ဝိသေသလက္ခဏာတော်တို့ကို ရှုမြင်ရန် ပြင်ဆင် နေရ၏။ ဘုရား၏ လုပသောဝိသေသအား ဤမိမိကိုယ်ကိုဖော်ပြရာတွင် အထင်ရှား ဆုံး ဖော်ပြသွား၏။ ထာဝရဘုရား၏ ဝိသေသတော်ကို ဖော်ပြရာတွင် အဓိက အကျဆုံး ဖြစ်သည်။ သမ္မာကျမ်းစာတောက်လျှောက်ကို ယက်လုပ်ထားသော ရွှေချည်မျှင်ပင် ဖြစ်၏ *(တော ၁၄း၁၈။ နေဟမိ ၉း၁၇။ ဆာ ၁၀၃း၈။ ယောလ ၂း၁၃။ ယောန ၄း၂)*။ ကိုယ် တော်၏ ကြွေးကြော်ခြင်းသည် ဓမ္မဟောင်းကျမ်း၏ ယော ၃း၁၆ ပင် ဖြစ်၏။ ထာဝရ ဘုရား၏ ဝိသေသလက္ခဏာတော်တို့ကို မှန်ကန်စွာ နားလည်ကြရန် လိုအပ် သော ကြောင့် အရေးကြီးသောနေရာများတွင် ကျမ်းစာကလောင်ရှင်တို့သည် ဘုရားသခင်၏ မိမိကိုယ်ကိုဖော်ပြခြင်းကိုကောက်နုတ်ခြင်း၊ ပြန်ပြောခြင်းချဲ့ထွင်ခြင်းတို့ပြု လုပ်ကြ၏။

ထာဝရဘုရားနာမတော်၏ ထူးခြားခြင်း၊ ပြိုင်ဘက်ကင်းခြင်းနှင့် အလားတူမရှိခြင်း တို့ကို မောရှေ သိရှိသောအခါ ပြပ်ဝပ်၍ ကိုယ်တော်အား ကိုးကွယ်၏။ ထာဝရဘုရား၏ မေတ္တာတော်၊ ကျေးဇူးကရုဏာတော်၊ ကြင်နာခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့် သိခြင်း၊ အပြစ်လွှတ်ခြင်း၊ သန့်ရှင်းခြင်း နှင့် ဖြောင့်မတ် ခြင်းတို့ကို ရိပ်ခနဲမြင်ရသည်နှင့် သူသည် ကျွန်ုပ်တို့ကို ဆွဲဆောင်လေတော့သည်။ သူ၏ထူးခြားသော အရည် အသွေး တို့အား မြင်ရသောကျွန်ုပ်တို့သည် သူ့အားစတင် ချစ်မြတ်နိုးလာ၍ ထိုအချစ်သည်သူ့ အမှုတော်ထမ်း၍ သူ့စကားနားထောင်လိုဆန္ဒ ဖြစ်စေ၏။ သူသည် ကျွန်ုပ်တို့အား ချစ် တော်မူသောကြောင့် ကျွန်ုပ်တို့သည်လည်း သူ့အားတုံ့ပြန်ချစ်ရ၏ *(၁ယော၊ ၄း၁၉)*။

မောရှေသည် သူ့လူမျိုးတို့အား ကတိတော်ပြည်သို့ ခေါ်ဆောင်ရာတွင် အံ့ဖွယ် အရာများကိုပင် ပြုသွားရမည်ကို ဘုရားရှင်က ကတိပြုသွား၏။ သူတို့နှင့်ပြုခဲ့သော ပဋိညာဉ်ကို အသစ်တဖန်ပြန်နွှေးလိုက်သည်။ "ကြည့်ရှုလော့။ ငါပဋိညာဉ်ပြု၏။ လူမျိုး ၌ ငါမပြုစဘူးသော အံ့ဖွယ်သော အမှုတို့ကို သင်၏ လူမျိုး ရှေ့မှာ ငါပြုမည်။ သင်တို့အဖို့ ငါထာဝရဘုရားပြုသော အမှုသည် ကြောက်မက်ဖွယ်သောအမှု ဖြစ်ကြောင်းကို သင် ပေါင်းဖော်သော လူအပေါင်းတို့သည် မြင်ရကြ လိမ့် မည်" *(ထွက် ၃၄း၁၀)*။

မည်သို့ဆိုစေ ဣသရေလတို့သည် ထာဝရဘုရား၏ ပညတ်တရား ဆယ်ပါးတို့ အား နားထောင်ခြင်းဖြင့်သူတို့၏ဥစ္စာဓနတို့သည် လုံခြုံစိတ်ချရမည်ဖြစ်၏။ ထို နောက် မိမိခွဲပစ်ခဲ့သော ကျောက်နှစ်ပြား ပေါ်တွင်ပါရှိသော အကြောင်းအရာတို့ကို မောရှေ သည် မိမိကိုယ်တိုင် ရေးသားရန် ထာဝရဘုရား စေခိုင်းတော်မူ၏ (ထွက် ၃၄း၂၇၊ ၂၈)။

# မောရှေ၏မျက်နှာ အရောင်ထွန်းပခြင်း

**ဖတ်ပါ – ထွက် ၃၄း၂၉ – ၃၅။ မောရှေ၏မျက်နှာ အရောင်ထွန်းပခြင်း အကြောင်းသည် အဘယ်နည်း။**

ထာဝရဘုရားသည် မိမိ၏မေတ္တာဝိသေသကို မောရှေအားပြသအပြီးတွင် မောရှေသည် မျက်နှာ အရောင်ထွန်းပလျက် ဣသရေလစခန်းသို့ ဆင်းသွားလေ၏။ အစပိုင်းတွင် မောရှေသည် မိမိမျက်နှာအရေ ထွန်းပနေသည်ကို လုံးဝမသိရှိပါ။ တစ်စုံတစ်ဦးသည် ထာဝရဘုရားနှင့် နီးကပ်လာလေလေ၊ ထာဝရဘုရား၏ သန့်ရှင်းခြင်းကို တွေ့ရသောအခါ မိမိ၏ချို့ယွင်းချက်တို့ကို သတိထားမိလေလေပင် ဖြစ်သည်။

မောရှေ၏ မျက်နှာ အရောင်ထွန်းပခြင်းသို့ သဏ္ဌာန်ပြောင်းလဲပေးသည့် အကြောင်းရင်းသည် အဘယ်နည်း။ အကြောင်းရင်းသည် ဘုရားသခင်၏ရှေ့တော်သို့ ခစားရသောကြောင့် မဟုတ်ပါ။ ထိုချိန်မတိုင်မီလည်း မကြာခဏတက်သွားခဲ့၍ ထာဝရဘုရားနှင့် မျက်နှာချင်းဆိုင်ခဲ့ရသော်လည်း မျက်နှာအရေထွန်းပခြင်း မဖြစ်ခဲ့ဖူးပါ။ ထာဝရဘုရား၏ ကောင်းမြတ်ခြင်းနှင့် ကြင်နာခြင်းကို သိကျွမ်း၍ ထာဝရဘုရား၏ ကောင်းမြတ်ခြင်းနှင့်လှပခြင်းဝိသေသတို့ကို စုံလင်စွာသိကျွမ်းလာသောအခါ မောရှေသည် ပုံသဏ္ဌာန်ပြောင်းလဲခြင်းသို့ရောက် ၍ မျက်နှာအရေထွန်းပခြင်းသို့ ရောက်ရလေ၏။ ကျွန်ုပ်တို့သည်လည်း ထာဝရဘုရားကို မိမိ၏သခင်ဘုရင် အဖြစ် ခွင့်ပြုကာ လုံးလုံးလျားလျားဆက်ကပ်သောအခါ ကျွန်ုပ်တို့၏ စိတ်နှလုံးသည် ပုံသဏ္ဌာန်ပြောင်းလဲခြင်းသို့ ရောက်လိမ့်မည်။

**ဖတ်ပါ – ၂ ကော ၃း၁၈။ ယေရှုသည် သင့်အား သူ၏ရုပ်လုံးသို့ ဖြည်းဖြည်းခြင်း ပုံသဏ္ဌာန် ပြောင်းလဲ ခြင်းကို မည်သို့ပြုနိုင်မည်နည်း။**

ရှင်ပေါလုသည် မောရှေ၏မျက်နှာ အရေထွန်းပခြင်းကို ယေရှု၏ ဘုန်းတော် *(ဘုရား၏ပညတ်တရားနှင့် ကျေးဇူးတော်တို့ကို အသွင်ယူနေသူ)* နှင့် ယှဉ်ကြည့်သောအခါ ယေရှု၏ဘုန်းတော်သည် မောရှေထက် သာလွန်နေသည် ဆို၏။ ခရစ်တော်ထံသို့ မိမိတို့ မျက်စိတို့ကို တည်စေခြင်းဖြင့်သာ သူနှင့်အတူ ပညတ်တော် တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးတော်ကြောင့် *(၂ကော ၃း၁၂-၁၈)*၊ မိမိတို့၏ စာရိတ္တတွင် စွဲမှတ်စေသည် *(ဟေဗြဲ ၃း၁။ ၁၂း၂)*။

မောရှေသည် ကျွန်ုပ်တို့အတွက် စံနမူနာဖြစ်သည်။ မိမိတို့၏ စာရိတ္တတို့သည် ဘုရားသခင်၏ရုပ်လုံးသို့ ပုံသဏ္ဌာန်ပြောင်းလဲစေရန် ခွင့်ပြုသောအခါ ထာဝရဘုရားပြုပေးသောအရာတို့ကို ဖော်ပြပေးသည်။ ဤအရာကို ရှင်ပေါလုသည် "*အသစ်သောအသက်တာ၌ ကျင်လည်ခြင်း*" *(ရောမ ၆း၄)* ဟု ခေါ်ဆို၏။

**သင့်စာရိတ္တတို့တွင် မည်သည့်နယ်ပယ်တို့သည် ဘုရားသခင်၏ဝိသေသလက္ခဏာတော်ကို ရောင် ပြန်ဟပ်ရန် လိုအပ်သနည်း။ နယ်ပယ်အားလုံးဘဲလား။ ကပ်တိုင်အား ဗဟိုချက်မထားခြင်းသည် မည်ကဲ့သို့ ကယ်တင်ခြင်းကို စိတ်ချရခြင်း ခွန်အားရစေသနည်း။**

**ထပ်မံစဉ်းစားရန်။** (အီးဂျီဝှိုက်။ရွေးဘိုးဘေးများနှင့်ပုရောဖက်များ။ "*သိနာတွင်ရုပ်တု ကိုး ကွယ်ခြင်း*" စာ၊ ၃၂၇ – ၃၃၀)။

မိုးအုံ့သောနေ့တစ်နေ့တွင် ဖခင်တစ်ဦးနှင့်သားတို့သည် ဝတ်ပြုကျောင်းတစ်ခုသို့ လာလည်ပတ်ကြ၏။ အရောင်ပါ၍ ကျမ်းစာရှုခင်းတို့ပါသော ပြတင်းမှန်တို့အား ငေး ကြည့်နေရင်း နေထွက်လာသောအခါ မှန် ပေါ်ပါသောရုပ်ပုံများမှ လူရုပ်ပုံတို့အား အလင်းရောင်မှထိုးလာသည်။ သားလေးသည် ဖခင်အား "အဖေ၊ ဒါ ဘယ်သူတွေလဲ" ဟုမေးသည်။ ဖခင်သည် ခရစ်ယာန်အကြောင်း၊ ခရစ်တော်နှင့် တပည့်တော်များအား မသိ ခဲ့သဖြင့် "ဒီလူတေကလေ ခရစ်ယာန်တေပါ" ဟုသာဖြေဆို၏။

ဤတောက်ပသော ရုပ်ပုံတို့သည် သားလေး၏ စိတ်ထဲတွင် စွဲလန်းနေတော့ သည်။ တစ်နေ့ ထိုသား၏ ဆရာသည် အတန်းထဲတွင် "ခလေးတို့၊ ခရစ်ယာန်ဆိုတာ ဘယ်သူတေလဲ သိကြသလား" ဟုမေးပြန်၏။ ထိုခလေးသည် ဝတ်ပြုကျောင်း မှန်ပေါ် က တောက်ပသော ရုပ်ပုံများကို သတိရလိုက်သဖြင့် "ကျနော်သိတယ်ဗျ၊ ခရစ်ယာန် တေဆိုတာ တောက်ပသောလူတေဖြစ်တယ်" ဟူ၏။ ၎င်းနှင့် ဆင်တူရိုးမားပင် ယေရှု သည် တပည့်တော်တို့အား "*သူတစ်ပါးတို့သည် သင်တို့၏ ကောင်းသောအကျင့်တို့ကို မြင်၍ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘ၏ ဂုဏ်တော်ကို ချီးမွမ်းစေခြင်းငှါ၊ သူတစ်ပါးရှေ့၌ သင်တို့၏အလင်းကို လင်းစေကြလော့*" (မဿဲ ၅း၁၆)။ တောက်ပ သော သူများသာလျှင် ပြောင်းလဲခြင်း၏ ဖန်တီးရှင်ဖြစ်နိုင်ပေမည်။

## ဆွေးနွေးရန်မေးခွန်းများ –

**၁** **'ကျွန်ုပ်တို့သည် ထာဝရဘုရား၏ ရှေ့တော်၌ နှိမ့်ချလျက် နူးညံ့ကြင်နာသနားတတ်ခဲ့သော် ယခုတွင် လူတစ်ယောက်တည်း ရှိသောနေရာတွင် လူတစ်ရာပင် ပြောင်းလဲခြင်းရှိလိမ့်မည်'** (*အီးဂျီဝှိုက်။ အသင်းတော်သြဝါဒစာ။ တွဲ ၉။ စာ၊ ၁၈၉*)။ **ကျွန်ုပ်တို့၏စာရိတ္တ၊ အမူအရာနှင့် စိတ်နေသဘော တို့သည် မိမိတို့၏ သက်သေခံရာတွင် မည်သည့်တန်ခိုးရှိသနည်း။**

**၂** **ထွက် ၃၄း၆၊ ၇ သည် ဓမ္မဟောင်းကျမ်း၏ ယောဟန် ၃း၁၆ ဟု အဘယ်ကြောင့် ခေါ်ဆိုရသနည်း။**

**၃** **ထာဝရဘုရား၏ လှပသောစိသေသလက္ခဏာသည် ထွက်၊ ၃၄း ၆၊ ၇တွင် မိမိကိုယ်ကို ဖော်ပြခြင်း အပေါ်မူတည်သည်ဖြစ်ရာ၊ သင်၏ဘုရား မည်သူနည်းဟု မေးသောသူအား မည်သို့ဖြေဆိုရမည်နည်း။**

**၄** **အတန်းထဲတွင်၊ ခရစ်တော်ကို ယောင်ဆောင်သော သူများ၏ အကျင့်စရိုက်နှင့် အပြုအမူများသည် ၎င်းတို့၏လျှောက်လှမ်းခြင်းကို မည်သို့ အကျိုးသက်ရောက်ကြောင်း ဆွေးနွေးစေပါ။ ဆိုလိုသည်မှာ၊ သင့် ကိုယ်ပိုင် အတွေ့အကြုံအပေါ် ကြင်နာမှု၊ ယဉ်ကျေးမှု၊ နှိမ့်ချမှုနှင့် ခွင့်လွှတ်ခြင်းခံရသူများ၏ ဩဇာလွှမ်းမိုး မှုကား အဘယ်နည်း။ တစ်ချိန်တည်းတွင်၊ ကြင်နာမှုမရှိသော၊ ခွင့်မလွှတ်နိုင်သော၊ ဗမာက်မာသော 'ခရစ် ယာန်များ' သည် သင်၏ သခင်ဘုရားနှင့် အတူလျှောက်လှမ်းခြင်းကို မည်သို့ အကျိုးသက်ရောက်သနည်း။**

## ဘာ့ခ်ကာ၏ထာဝရအကောင်းဆုံးမိတ်ဆွေ

Andrew McChesney

ဘာ့ခ်ကာသည် မွန်ဂိုလီးယားတွင် အထီးကျန်ဆန်မှုကို ခံစားနေရသည်။ သူသည် အိမ်၏ ပြတင်းပေါက်တွင် မကြာခဏရပ်ကာ၊ သူနှင့်ထာဝရအတူရှိနေမည့် စစ်မှန်သော မိတ်ဆွေတစ်ဦး ကို အပြင်သို့လှမ်းကြည့်တတ်သည်။

ရှက်တတ်ပြီး စိတ်လှုပ်ရှားတတ်သော ၁၄ နှစ်အရွယ်ကောင်လေးသည် သူ့မိသားစု တွင် တစ်ဦးတည်းသောသားဖြစ်၏။ မိခင်သည် စိတ်ကျန်းမာရေးပြဿနာရှိပြီး၊ နှစ်စဉ် တစ်လခန့် ဆေးရုံတွင် ကုသမှုခံယူရသည်။ ဘာ့ခ်ကာသည် အလွန်အထီးကျန်သည်ဟု ခံစားရ၏။ သူသည် သေခြင်းအကြောင်းကို စဉ်းစားခဲ့သည်။

သူ၏ဝမ်းကွဲညီအစ်ကို ဒူဂီးက မွန်ဂိုလီးယားနိုင်ငံမြို့တော် ဥလန်ဘာတာရှိ မြော်လင့်ခြင်း အသင်းတော်သို့ လိုက်ရန်ဖိတ်ကြားခဲ့သည်။ "ဘုရားကျောင်းကိုလာခဲ့ပါ၊ ထို နေရာတွင် စိတ်ဝင်စားဖွယ်တစ်ခုခု ဖြစ်လိမ့်မယ်" ဟု သူမကပြောသည်။

ဘာ့ခ်ကာသည် အထီးကျန်နေသောကြောင့် လိုက်သွားခဲ့၏။ မိုက်ခရိုဖုန်းအလုပ် မလုပ်သလို၊ သူ၏အကြားအာရုံချို့ယွင်းမှုကြောင့်တရားဟောသူ၏စကားကို ကြားရန်ခက်ခဲစေ၏။ သို့သော် အသင်းတော် အဖွဲ့ဝင်များ၏ ပြုံးရွှင်စွာဖြင့် သူ့ကိုလက်ခံပေးခြင်းနှင့် သီချင်းဆိုခြင်း ကို နှစ်သက်၏။ အသင်းတော်သည် သူ့ကို စိတ်လှုပ်ရှားစေခဲ့သည်။

အသင်းသားများက ဘုရားသခင်ကို ၎င်းတို့၏အကောင်းဆုံးမိတ်ဆွေအဖြစ် ပြောဆိုကြ၏။ "ဘုရားသခင်သည် မင်းရဲ့ထာဝရမိတ်ဆွေဖြစ်နိုင်တယ်" ဟုတစ်ဦးကပြော၏။ "မင်းဘယ်တော့မှ အထီးကျန်မနေရဘူး" ဟု နောက်တစ်ဦးက ပြော၏။

ဥပုသ်နေ့တိုင်း ဘုရားကျောင်းသို့ သွားရောက်ခဲ့သည်။ အသင်းတော်သည် သူ့ဘဝတွင် တစ်ခုတည်းသော အပြုသဘောဆောင်သည့်နေရာဖြစ်လာပြီး၊ အသင်းသားများသည် သူ၏ မိသားစုဖြစ်လာ၏။ ဘဝသည်အဓိပ္ပာယ်ရှိလာပြီး၊ အသက်ရှင်လိုသော ဆန္ဒကို တွေ့ရှိခဲ့၏။

ဘာ့ခ်ကာအနေဖြင့် ဘုရားသခင်သည် အမှန်တကယ်ရှိကြောင်း တဖြည်းဖြည်း ယုံကြည် လာသည်။ သူ၏နှလုံးသည် ဘုရားသခင်၏အသံကိုကြားခဲ့၏။ ဘုရားသခင်သည် သူ၏ ထာဝရ အကောင်းဆုံး မိတ်ဆွေဖြစ်လာပြီး၊ သူ၏စိတ် နှင့် သူ၏ဘဝကို ပြုပြင်ပေး ခဲ့သည်။

ယနေ့တွင် ဘာ့ခ်ကာအော်ဂီးလ် (၃၁ နှစ်) သည် လုံးဝပြောင်းလဲသွားသော သူတစ်ဦး ဖြစ်၏။ မွန်ဂိုလီးယားရှိ ခေါင်သော နယ်မြေများတွင် အသင်းတော်များတည်ထောင် နေသည့် ဂလိုဘယ်မစ်ရှင် ရှေ့ဆောင်တစ်ဦးဖြစ်သည်။ "ကျွန်ုပ်ဘဝပြောင်းလဲလာပုံကို မျှဝေရတာ နှစ်သက်ပါတယ်၊ ကျွန်ုပ်ကဲ့သို့သူများကို ကူညီလို၍၊ သာသနာပြု အဖြစ်ဝန်ဆောင် နေပါတယ်။"

ကလေးနှစ်ဦး၏ဖခင် ဘာ့ခ်ကာက၊ တစ်ချိန်က ဘုရားသခင်သည် ထူးချွန်သူများကိုသာ သာသနာပြုအဖြစ် ရွေးချယ်သည်ဟု သူထင်ခဲ့သည်။ အခုတော့ သူသည် စစ်မှန်သူများ ကိုသာ ရွေးချယ်ကြောင်း နားလည်လာပါပြီ။ ကိုယ့်ကိုကိုယ် မယုံကြည်ခဲ့ပေမယ့်၊ ဘုရားသခင်က ကျွန်တော့်ကို ယုံကြည်ခဲ့ပါတယ်"



ဘာ့ခ်ကာကဲ့သို့ ကမ္ဘာတစ်ဝှမ်းရှိ အဆက်အသွယ်မရှိသောလူအုပ်စုများအကြား အသင်းတော်များ တည်ထောင်ရာတွင် ကြီးမားသောစိန်ခေါ်မှုများကို ရင်ဆိုင်နေရသည့် ဂလိုဘယ်မစ်ရှင် ရှေ့ဆောင်များ အတွက် သင်၏ဆုတောင်းပေးမှုများအတွက်ကျေးဇူးတင်ပါသည်။ ဂလိုဘယ်မစ်ရှင်ရှေ့ဆောင်များအကြောင်း ပို မိုသိရှိရန်မြော်လင့်ခြင်းမစ်ရှင်ဝက်ဘ်ဆိုက်တွင်ဝင်ရောက်ကြည့်ရှုပါ– *bit.ly/GMPioneers*

## အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်

**အဓိကကျမ်းချက်။** ထွက်မြောက်ရာကျမ်း ၃၄း၆၊ ၇

**လေ့လာမှုဦးတည်ချက်။** ထွက်မြောက်ရာကျမ်း ၃၃း၁ – ၃၄း၃၅

**နိဒါန်း။** ဘုရားသခင်သည် ဣသရေလလူမျိုးအား သိနာတောင်မှ ထွက်ခွာပြီး၊ အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့အား ပေးမည်ဟု ကတိပြုထားသောပြည်သို့ သွားရန် အမိန့်ပေးသည် (ထွက် ၃၃း၁)။ သိနာတောင်တွင် တစ်နှစ်နီးပါးအကြာ စခန်းချပြီးနောက် (ထွက် ၁၉း၁၊ တော ၁၀း၁၁)၊ ဣသရေလလူများသည် ရှေ့သို့ဆက်လက်ခရီးသွားပြီး ကတိထားရာပြည်သို့ သွားရမည်ဖြစ်၏။ သိနာတောင်တွင်နေထိုင်စဉ်၊ ဘုရားသခင်သည် ၎င်းတို့နှင့် ပဋိညာဉ်ဖွဲ့ခဲ့ပြီး ၎င်းတို့ကို သူ့ထံသို့ ခေါ်ဆောင်လိုခဲ့သည်။ သူသည် ၎င်းတို့အား ပညတ်တော်ဆယ်ပါးနှင့် ပညာရှိစွာ၊ တရားမျှတစွာ၊ ကရုဏာရှိစွာ၊ စည်းကမ်းရှိစွာ၊ ကောင်းမွန်စွာ စည်းလုံးညီညွတ်သော လူမျိုးတစ်မျိုးဖြစ်ရန် ညွှန်ကြားချက်များစွာကို ပေးခဲ့သည် (တရား ၄း၅–၁၀)။ ယခုအခါ ရှေ့သို့ဆက်သွားရမည့်အချိန် ဖြစ်သည်။ သို့သော် ဘုရားသခင်က “ငါသည် သင်တို့နှင့်အတူ မသွား” (ထွက် ၃၃း၃) ဟု ကြေညာ၏။ ဤကြေညာချက်သည် ဣသရေလ၏ ရွှေနွားကလေးရုပ်ကိုးကွယ်မှုကြောင့်ဖြစ်သည်။ ဣသရေလလူများ၏ ခေါင်းမာသော မနာခံမှုနှင့် ဘုရားသခင်၏ သန့်ရှင်းသောတည်ရှိမှုသည် အတူတကွနေရန် အဆင်မပြေဘဲ ၎င်းတို့၏ပျက်စီးခြင်းကို ဖြစ်ပေါ်စေလိမ့်မည်။

ဤဆိုးရွားသောသတင်းကို ကြားသိရသောအခါ၊ လူများသည် ဝမ်းနည်းကြပြီး “၎င်းတို့၏အဆင်တန်ဆာများကို ဖယ်ရှားခဲ့ကြသည်” (ထွက် ၃၃း၆)။ အချို့ဘာသာပြန်များသည် ဤကျမ်းပိုဒ်ကို မှန်ကန်စွာဖော်ပြပြီး၊ ၎င်းတို့၏အဆင်တန်ဆာများကို ဖယ်ရှားခြင်းသည် ထိုခေတ်အခါတစ်ခုတည်းတွင်သာ ပြုလုပ်ခဲ့ခြင်းမဟုတ်ဘဲ၊ ယခုမှစ၍ အမြဲတမ်းဖြစ်သည်ဟု ပြသသည်။ “ထို့ကြောင့် ဣသရေလလူမျိုးသည် ဟောရပ်တောင်မှစ၍ ၎င်းတို့၏ အဆင်တန်ဆာများကို ဖယ်ရှားခဲ့ကြသည်” (ထွက် ၃၃း၆)။ မောရှေသည် ထာဝရဘုရားထံသို့ ထပ်မံတောင်းပန်ခဲ့ပြီး၊ သူသည် ၎င်းတို့နှင့်အတူရှိရန်၊ လမ်းပြရန်၊ ၎င်းတို့နှင့်အတူ သွားရန် တောင်းပန်ခဲ့သည်။ ထို့ပြင် “ကိုယ်တော်တိုင် မသွားလျှင် အကျွန်ုပ်တို့ကို ဤအရပ်မှ ပို့တော်မမူပါနှင့်” (ထွက် ၃၃း၁၅) ဟု ဆို၏။ ဘုရားသခင်သည် တုံ့ပြန်ပြီး မောရှေအား “သင်တောင်းသမျှကို ငါပြုမည်” (ထွက် ၃၃း၁၇) ဟု အာမခံခဲ့သည်။

## အပိုင်း ၂။ အနက်ရှင်းကျမ်း

ဘုရားသခင်၏ပကတိကို မောရှေအား ဖော်ထုတ်ပြသခြင်းသည် ထွက်မြောက်ရာကျမ်း၏ ဓမ္မဗေဒဗဟိုချက်ဖြစ်သည် (ထွက် ၃၄း၆၊ ၇)။ မောရှေသည် ဘုရားသခင်နှင့် ထူးခြားသော နည်းဖြင့် တွေ့ဆုံရန် ဘုရားသခင့်တောင်ထိပ်သို့ တက်ရောက်သည့်အခါ တည်ရှိသည်။ ဘုရားသခင်သည် မောရှေအား သူ၏ ဇာတိ ပကတိ ကို ဖော်ထုတ် ပြသခဲ့ သည်မှာ ကျမ်း ငါး

စောင်တွင် မှတ်တမ်းတင် ထားသော သူ၏နောက်ဆုံးတက်ရောက်မှုဖြစ်ပြီး၊ ၎င်းသည် အနည်းဆုံး သူ၏သတ္တမအကြိမ် တက်ရောက်မှုဖြစ်သည်။ ဤနောက်ဆုံး တက်ရောက်မှုတွင် မောရှေသည် သူ၏သခင်နှင့် နေ့ပေါင်း ၄၀ ညပေါင်း ၄၀ သုံးကြိမ်မြောက် နေထိုင်ခဲ့သည့်အချိန်လည်းဖြစ်သည်။ မောရှေသည် သခင်ဘုရားနှင့် ဆက်ဆံရေးတွင် တိုးတက်လာခဲ့ပြီး၊ ထို့ကြောင့် ဘုရားသခင်သည် သူ့ကိုယ်သူနှင့် သူမည်သူဖြစ်သည်ကို ပိုမိုပြည့်စုံစွာ ဖော်ထုတ်ပေးနိုင်ခဲ့သည်။ ဤတက်ရောက်မှုများအပြင်၊ မောရှေသည် ဣသရေလ စခန်း၏ အပြင်ဘက်တွင်တည်ရှိသော "တွေ့ဆုံရာတဲ" တွင် သခင်ဘုရားနှင့် ဆက်သွယ်ခဲ့သည် (ဤတဲသည် နောက်ပိုင်းတွင် စခန်းအလယ်တွင် တည်ဆောက်မည့် တဲတော်မဟုတ်ပါ)။ ကျမ်းစာ စာသားတွင်၊ ဤကာလအတွင်း သခင်ဘုရားနှင့် မောရှေအကြား ရင်းနှီးသော မိတ်ဆွေဆက်ဆံရေးတစ်ခု ဖြစ်ပေါ်လာခဲ့ကြောင်း၊ သခင်ဘုရားသည် သူနှင့် "မျက်နှာချင်းဆိုင်" တိုက်ရိုက်ဆက်သွယ်ခဲ့သည်ဟု မီးမောင်းထိုးပြသည် (ထွက် ၃၃း၁၁)။

"မျက်နှာချင်းဆိုင်" ဟူသော အသုံးအနှုန်းသည် မောရှေသည် ဘုရားသခင်၏ မျက်နှာကို စာသားအတိုင်း မြင်ခဲ့သည်ဟု မဆိုလိုပါ (ထွက် ၃၃း၂၀)၊ သို့သော် ၎င်းတို့သည် အလွန်ရင်းနှီးသော မိတ်ဆွေများဖြစ်သည်ဟု ဆိုလိုသည်။ ဤစကားစုသည် ရင်းနှီးသော နီးကပ်မှုကို ဆိုလိုသော သင်္ကေတအသုံးအနှုန်းတစ်ခုဖြစ်သည်။ ဤအဓိပ္ပါယ်သည် တရားဟောရာ ၅း၄ တွင် ဖော်ပြထားသော အခြေအနေတွင် ထင်ရှားသည်၊ ၎င်းတွင် မောရှေသည် ဣသရေလလူများအား သူ၏တရားဒေသနာတွင် သခင်ဘုရားသည် ၎င်းတို့နှင့် နီးကပ်စွာ တိုက်ရိုက်စကားပြောခဲ့သည်ဟု သတိပေးသည်။ "ထာဝရဘုရားသည် တောင်ပေါ်မှာ မီးထဲက သင်တို့နှင့် မျက်နှာချင်းဆိုင်၍ မိန့်မြွက်တော်မူ၏။" (တရား ၅း၄)။ ဘုရားသခင်သည် ၎င်းတို့နှင့် နီးကပ်စွာရှိနေသော်လည်း၊ လူတို့သည် သခင်ဘုရားနှင့် ဆက်ဆံရေး ကွာဝေးသည့် နေရာတွင် ရှိနေခဲ့သည်မှာ စိတ်မသက်မသာဖြစ်ရ၏။

## ဘုရားသခင်၏ဘုန်းတော်

ထွက်မြောက်ရာကျမ်းတွင် အလွန်အရေးကြီးသော အကြောင်းအရာလေးခုရှိသည်။ (၁) ဘုရားသခင်၏ရှိနေမှု၊ (၂) ဘုရားသခင်၏ကယ်တင်ခြင်း။လွတ်မြောက်စေခြင်း၊ (၃) ဘုရားသခင်၏လမ်းညွှန်မှု၊ (၄) ဘုရားသခင်၏ဘုန်းတော်။ နောက်ဆုံးအကြောင်းအရာသည် ထွက်မြောက်ရာ ၃၃ နှင့် ၃၄ တွင် အထူးရေးမှတ်ထားသည်။

တစ်ခါက၊ မောရှေသည် သခင်ဘုရားကို သိထိုက်သလို မသိရှိခဲ့ကြောင်း သဘောပေါက်၏၊ ထို့ကြောင့် "အကယ်၍ ကိုယ်တော်သည် ကျွန်ုပ်ကို နှစ်သက်တော်မူလျှင်၊ ကျွန်ုပ်သည် ကိုယ်တော်ကို သိရှိနိုင်ရန် ကိုယ်တော်၏လမ်းစဉ်များကို သင်ပြတော်မူပါ" (ထွက် ၃၃း၁၃) ဟု တောင်းလျှောက်ခဲ့သည်။ သူသည် ဘုရားသခင်ကို ပိုမိုသိရှိလိုသည့်ဆန္ဒဖြင့် နှိမ့်ချစွာ "ကိုယ်တော်၏ဘုန်းတော်ကို ပြတော်မူပါ" (ထွက် ၃၃း၁၈) ဟု ရဲဝံ့စွာ တောင်းဆို ခဲ့သည်။ ဘုရားသခင်သည် မောရှေအား သူ၏ကောင်းမြတ်ခြင်းကို ပြမည်ဟု ကရုဏာသက်စွာ တုံ့ပြန် ခဲ့၏ (ထွက် ၃၃း၁၉)။ ဤ ဘုရားသခင်၏ တုံ့ပြန်မှုက ဘုရားသခင်၏ ဘုန်းတော်

သည် သူ၏အကောင်းမြတ်မှုဖြစ်ကြောင်း ဖော်ပြသည်။ နောက်ပိုင်းတွင် မောရှေသည် သိနာတောင်ပေါ်တွင် သခင်ဘုရားနှင့်အတူရှိစဉ်၊ ဘုရားသခင်သည် သူ၏ဇာတိတော်ကို ဖော်ထုတ်ပြသသည်ကို သိရှိရသည် (ထွက် ၃၄း၆၊ ၇)။ ဆိုလိုသည်မှာ ဘုရားသခင်၏ ဘုန်းတော်သည် သူ၏ဇာတိဖြစ်ပြီး၊ သခင်ဘုရား၏ကောင်းမြတ်မှုသည် ဘုရားသခင့်ဇာတိ၏ အနှစ်ချုပ်ဖြစ်၏။

"နှစ်သက်သည်။မျက်နှာသာရရှိသည်" (တိုက်ရိုက်ပြန်ဆိုလျှင် "ကျေးဇူးတော်ရှာဖွေခြင်း") ဟူသော အသုံးအနှုန်းသည် ဤကျမ်းပိုဒ်တွင် အဓိကအသုံးအနှုန်းဖြစ်သည် (ထွက် ၃၃း၁၂-၁၇)။ ၎င်းသည် ဤနေရာတွင် ငါးကြိမ်ပေါ်ထွက်လာသည် (ထွက် ၃၃း၁၂၊ ၁၃၊ နှစ်ကြိမ်၊ ၃၃း၁၆၊ ၁၇၊ နှင့် ၃၄း၉)။ ထွက်မြောက်ရာကျမ်းတွင် "မျက်နှာသာ။ကျေးဇူး" ဟူသော ဝေါဟာရ၏ယခင်အသုံးပြုမှုမှာ ဣသရေလလူများသည် အီဂျစ်လူများထံမှ "မျက်နှာသာ" ရရှိမည်ဖြစ်ပြီး၊ သခင်ဘုရားသည် ၎င်းတို့အား အီဂျစ်မှထွက်ခွာသည့်အခါ ရွှေ၊ ငွေ၊ နှင့် အဝတ်အထည်များပေးခြင်းဖြင့် "အီဂျစ်လူများ၏မျက်မှောက်တွင် မျက်နှာသာပေးမည်" ဖြစ်သည် (ထွက် ၃း၂၁။ ၁၁း၃။ ၁၂း၃၆)။ ဤကျမ်းပိုဒ်၏အသုံးပြုမှုသည် ဓမ္မဗေဒ ဆိုင်ရာဖြစ်ပြီး၊ အထူးသဖြင့် ထွက်မြောက်ရာ ၃၄း၆ တွင် ဘုရားသခင်သည် "ကျေးဇူးပြုသော" (ဆိုလိုသည်မှာ မထိုက်တန်သူအား ကျေးဇူးပေးခြင်း သို့မဟုတ် မျက်နှာသာပေးခြင်း) ဖြစ်ကြောင်း ရှင်းပြထားသည်။ မောရှေသည် ဘုရားသခင်၏ကျေးဇူးတော်၊ မျက်နှာသာ ရရှိမည့် တုံ့ပြန်မှုကို နိမ့်ချစွာ တောင်းလျှောက်နေသည်။

ဘုရားသခင်သည် မောရှေအား သူ၏နာမတော်၏အဓိပ္ပါယ်ကို မေးမြန်းသောအခါ၊ သူသည် မည်သူဖြစ်သည်ကို ယခင်က ရှင်းပြခဲ့သည်။ မောရှေသည် ဘုရားသခင်၏ နာမတော်၏ အဓိပ္ပါယ်ကို နားထောင်ခဲ့ပြီး၊ ၎င်းမှာ (၁) သူသည်ရှိနေသည်၊ (၂) သူသည် ထာဝရဖြစ်သည်၊ (၃) သူသည် သမိုင်း၏ဘုရားဖြစ်သည်၊ (၄) သူသည် သူ့လူများအတွက် တက်ကြွစွာ လုပ်ဆောင်သည် (ထွက် ၃း၁၄ -၁၆) တို့ဖြစ်ကြသည်။ မောရှေသည် သူနှင့် အကြိမ်များစွာ ဆက်သွယ်မှုများမှ ဘုရားသခင်ကို သိရှိခဲ့ပြီးဖြစ်သည်။ မီဒီယန်တွင် သူနှင့်အတူ အချိန်ကုန်လွန်ခဲ့မှု၊ ဖာရိမင်းထံတွင် ပြသခဲ့သော အံ့ဖွယ်များ၊ ကပ်ဘေးဆယ်ပါးနှင့် ပင်လယ်နီ ခွဲခြမ်းပေးမှု၏အံ့ဖွယ်များ၊ တော၌ သူ၏လူများအတွက် ဘုရားသခင်၏ဂရုစိုက်မှု၊ သိနာတောင်မှ ဘုရားသခင်စကားပြောသံကို ကြားရမှု စသည်တို့ဖြစ်သည်။ ယခု မောရှေသည် သူ့ကို ပိုမိုနားလည်လိုသည်။ သူသည် သူ၏ပိုမိုနက်ရှိုင်းသော ဖော်ထုတ်မှုကို လက်ခံရန် အဆင်သင့်ဖြစ်နေသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား သူ၏ဇာတိပကတိနှင့် သမ္မာတရားအကြောင်း ထိုးထွင်းသိမြင်မှုများကို ကျွန်ုပ်တို့နားလည်နိုင်သလောက်သာ ပေးနိုင်သည်။ မောရှေသည် ဘုရားသခင်နှင့် သူ၏လျှောက်လှမ်းမှုတွင် တိုးတက်လာခဲ့ သောကြောင့် ဘုရားသခင်သည် သူ့အကြောင်းကိုသူ ပိုမိုများစွာ ဖော်ထုတ်ပေးနိုင်ခဲ့သည်။

နံနက်စောစောတွင်၊ မောရှေသည် တောင်ပေါ်သို့ တက်ခဲ့သည်။ သူသည် ကျောက်သားပြားနှစ်ချပ်ကို ယူဆောင် သွားရ မည်ဖြစ်ပြီး၊ ၎င်းတို့ကို သူကိုယ်တိုင် ထွင်းထုရမည်ဖြစ်

၏။ အကြောင်းမူ သူသည် မူလကျောက်သားပြားများကို ချိုးဖျက်ခဲ့သည် (ထွက် ၃၄း၁)။ ဤသည်မှာ မောရှေသည် ဘုရားသခင်၏ခွင့်ပြုချက်မရှိဘဲ ပြုလုပ်ခဲ့သည့်အတွက် အနည်းငယ်ဆုံးဖြတ်ချက်တစ်ခု ဖြစ်သော်လည်း၊ ဘုရားသခင်သည် ကျေးဇူးတော်ဖြင့် ကျောက်သားပြားအသစ်များပေါ်တွင် ပညတ်တော်ဆယ်ပါးကို ထပ်မံရေးထိုးပေးခဲ့သည်။ သခင်ဘုရားသည် သူ၏ရှိနေမှု၏ပုံစံဖြစ်သော တိမ်တိုက်ထဲတွင် မောရှေထံသို့ ကြွလာခဲ့သည်။ တိမ်တိုက်များသည် ဘုရားသခင်ရှိနေမှု၏ သင်္ကေတများဖြစ်သည် (တော ၁၁း၂၅၊ တရား ၃၃း၂၆၊ ဒံ ၇း၁၃)။

သခင်ဘုရားသည် သူမည်သူဖြစ်သည်ကို ကိုယ်တိုင်ဖော်ထုတ်ပြသသောနည်းဖြင့် ကြေညာခဲ့သည်။ သူသည် ထာဝရဘုရားဖြစ်ပြီး၊ ကရုဏာရှိသော၊ ကျေးဇူးပြုသော ဘုရားဖြစ်သည်၊ ဒေါသဖြစ်ရန် နှေးကွေးပြီး၊ မေတ္တာ၊ သစ္စာတရားတွင် ပြည့်စုံသည်၊ ထောင်ပေါင်းများစွာသော မျိုးဆက်များအား မေတ္တာပြသည် "ခွင့်လွှတ်ပေးသည်၊ တရားမျှတပါသည်။ သို့သော် ဘုရားသခင်၏မိမိကိုယ်ကို ဖော်ထုတ်မှု၏ နောက်ဆုံးအပိုင်းသည် လူများစွာကို စိတ်ရှုပ်ထွေးစေသည်။ သူသည် အပြစ်ရှိသူများကို "အချည်းနှီးသက်သက် ဖြေလွှတ်တော်မ မူထသော၊ သားစဉ်မြေးဆက်၊ တတိယအဆက်၊ စတုတ္ထအဆက်တိုင်အောင်၊ အဘတို့၏ အပြစ်ကိုသားတို့၌ ဆပ်ပေးစီရင်တော်မူသော ဘုရားသခင်" (ထွက် ၃၄း၇ ခ) ဖြစ်၏။ အဘယ်ကြောင့် ဘုရားသခင်သည် လူများကို တတိယနှင့် စတုတ္ထမျိုးဆက်အထိ အပြစ်ပေးမည်နည်း။ ဤကျမ်းပိုဒ်သည် ပညတ်တော်ဆယ်ပါး၏ ဒုတိယပညတ်၏ ဖော်ပြချက်ကို ပဲ့တင်ထပ်စေသည်။ "ငါ့ကို မုန်းသောသူတို့၏ အမျိုးအစဉ်အဆက်၊ တတိယအဆက်၊ စတုတ္ထအဆက်တိုင်အောင်၊ အဘတို့၏ အပြစ်ကို သားတို့၌ ဆပ်ပေးစီရင်သော ဘုရား၊ ငါ့ကိုချစ်၍ ငါ့ပညတ်တို့ကို ကျင့်သောသူတို့၏ အမျိုးအစဉ်အဆက် အထောင်အသောင်းတိုင်အောင်၊ ကရုဏာကို ပြသော ဘုရားဖြစ်၏" (ထွက် ၂၀း၅၊ ၆)။

ဤသဘောတရားကို နားလည်ရန်၊ အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ (၁) ဘုရားသခင်သည် နောက်မျိုးဆက်ကို ဖော်ပြရာတွင် ဆက်လက် လုပ်ဆောင်မှုများကို အသုံးပြုပြီး၊ ၎င်းတို့၏ဖခင်များ (ယခင်မျိုးဆက်)၏ ဆိုးယုတ်သော လမ်းစဉ်များတွင် ဆက်လက်လိုက်နာပြီး၊ ဆင်တူသောအပြုအမူနှင့် သဘောထားများရှိသည်။ ၎င်းတို့သည် သခင်ဘုရားကို "မုန်းတီးသည်" ဖြစ်ပြီး ထို့ကြောင့် "အပြစ်ရှိသည်။" အခြားတစ်ဖက်တွင်၊ ဘုရားသခင်သည် သူ၏ပညတ်တော်တို့ကို "ချစ်ပြီး" "စောင့်ထိန်းသူများ" ကို ကောင်းချီးပေးသည်ကို သတိပြုပါ။ (၂) ဘုရားသခင်၏ကရုဏာ၏ ကွဲပြားမှုကို စဉ်းစားပါ။ ဆိုးယုတ်သူများ၏ တတိယနှင့် စတုတ္ထမျိုးဆက်အထိ အပြစ်ပေးမှုနှင့် အထောင်အသောင်း တိုင်အောင် မျိုးဆက်များအထိ မေတ္တာပေးခြင်း။ (၃) မျိုးဆက်သုံးလေးဆက်သည် တစ်အိမ်ထောင်အတွင်း အတူနေထိုင်မှုပုံစံဖြစ်သောကြောင့် မမှန်ကန်သော သဘောထားများကို မျိုးဆက်တစ်ခုမှ နောက်တစ်ခုသို့ မျှဝေခဲ့သည်။ ပရောဖက် ယေဇကျေလ သည် ဘုရား သခင် ၏ အပြစ် ပေးမှု များကို မိသားစုများ အတွင်း မျိုးဆက် တစ်ခုမှ

နောက်တစ်ခုသို့ နားလည်မှုလွဲမှားမှုကို ပြီးပြည့်စုံစွာ ရှင်းပြပြီး ပြင်ဆင်ပေးသည် (ယေဇ ၁၈ ကိုရှုပါ)။

မောရှေသည် သိနာတောင်မှ ဆင်းသက်လာသောအခါ၊ သူ၏မျက်နှာသည် ဘုရားသခင်၏ဘုန်းတော်ကို ထင်ဟပ်စွာ တောက်ပခဲ့သည်။ သို့သော်၊ သူ၏မျက်နှာသည် တောက်ပလျက်ရှိသည်ကို သူမသိခဲ့ပါ။ တောက်ပလျက်ရှိသူများသည် ၎င်းတို့သည် တောက်ပလျက်ရှိသည်ကို မသိကြပါ။ ကျွန်ုပ်တို့သည် သခင်ဘုရားနှင့် ပိုမိုနီးကပ်လာသည်နှင့်အမျှ ဘုရားသခင်၏သန့်ရှင်းမှု၏အလင်းတွင် ကျွန်ုပ်တို့၏မပြည့်စုံမှုကို ပိုမိုထင်ရှားစွာ မြင်လာပြီး၊ သူ၏ပကတိအလှတရားကို ထင်ဟပ်နိုင်ရန် ကျွန်ုပ်တို့ကို သူ့ပုံသဏ္ဍာန်အဖြစ် ပြောင်းလဲပေးရန် ပိုမိုလိုလားလာသည်။

ဘုရားသခင်၏အတူတည်ရှိနေမှုတစ်ခုတည်းက မောရှေ၏ဘဝ ပြောင်းလဲမှုကို ယူဆောင်လာခြင်းမဟုတ်ပါ။ မောရှေသည် သူ၏တည်ရှိနေမှုထဲသို့ ဝင်ရောက်ရန် အရေးကြီးသော်လည်း၊ ထိုအရာသည် လုံလောက်မှုမရှိပါ။ မောရှေသည် ဘုရားသခင်၏မေတ္တာ၊ ကျေးဇူးတော်နှင့် ကရုဏာတို့အတွက် တခါးဖွင့်နေရန် အရေးကြီးသည်။ မောရှေအနေဖြင့် ဘုရားသခင်၏အကောင်းမြတ်မှုကို နားလည်မှု (ရော ၂း၄။ ၁၂း၁၊ ၂) နှင့် ၎င်း၏ ပြောင်းလဲပေးသော တန်ခိုးအတွက် တခါးဖွင့်ထားမှုသည် သူ၏မျက်နှာကို တောက်ပစေခဲ့သည်။

တမန်တော်ပေါလုသည် မောရှေ၏တောက်ပသောမျက်နှာကို ပြန်တွေးသောအခါ၊ ယေရှု၏ဘုန်းတော်သည် မောရှေ၏ဘုန်းတော်ကို ကျော်လွန်သည်ဟု အလေးပေး ဖော်ပြ၏။ ခရစ်တော်သည် သူ၏သွန်သင်ချက်များဖြင့် ကျွန်ုပ်တို့၏စာရိတ္တထဲသို့ ရေးထိုးနိုင်သည်၊ ကျွန်ုပ်တို့သည် သူ့ကို အာရုံစိုက်သောအခါဖြစ်၏။ သူ့ကို ကြည့်ရှုခြင်းနှင့် ဘုရားသခင်၏ ဝိညာဉ်တော်တန်ခိုးဖြင့်၊ ကျွန်ုပ်တို့သည် သူ၏သဏ္ဍာန်ကို တဖြည်းဖြည်း ထင်ဟပ်လာမည်ဖြစ်သည် (၂ကော ၃း၁၈)။

## အပိုင်း ၃။ လက်တွေ့အသုံးချခြင်း

**၁။ ထာဝရဝေါ်ဂလီ၏တစ်စိတ်တစ်ပိုင်းမှာ ‘ဘုရားသခင်အား ဂုဏ်တင်ရန်’ ဟူသော ဘုရားသခင်၏ အမိန့်တော်ဖြစ်သည် (ဗျာ ၁၄း၇)။ ဘုရားသခင်သည် ဂုဏ်ကျက်သရေ အလုံ အလောက်ရှိပြီးဖြစ် သောကြောင့်၊ ကျွန်ုပ်တို့သည် သူ၏ဂုဏ်ကျက်သရေကို ထပ်မံထည့်သွင်းနိုင်ခြင်းမရှိပါ။ သူ၏ ဂုဏ် ကျက်သရေသည် သူ၏စာရိတ္တဖြစ်ကြောင်း ကျွန်ုပ်တို့နားလည်သောအခါ၊ သူ့အား ဂုဏ်တင်ရန်ဆိုသည်မှာ ဘာကိုဆိုလိုသနည်း။**

၂။ ယေရှုသည် တပည့်တော်များအား သူတို့သည် ‘ကမ္ဘာလောက၏အလင်း’ ဖြစ်ကြောင်း မိန့်တော်မူပြီး၊ ‘သင်တို့၏အလင်းကိုထွန်းလင်းစေ’ရန် အားပေးတော်မူသည် (မဿဲ ၅း၁၄၊၁၆)။ သူသည်ကမ္ဘာ့အလင်းကို အခြားသူများအတွက်ကျွန်ုပ်တို့၏ကောင်းသော အကျင့်များနှင့် သတ်မှတ်ဖော်ပြသည်။ ကျွန်ုပ်တို့၏ ကောင်းသောအကျင့်များသည် လူများအား ကောင်းကင်ခမည်းတော်ကို ဝတ်ပြုရန် မည်သို့ ကူညီပေးနိုင်သနည်း။

---

၃။ ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင် အေးစက်သောအလင်းနှင့် နွေးထွေးသော အလင်းများ ရှိကြောင်း ကျွန်ုပ်တို့ သိသည်။ နွေးထွေးသောအလင်းကို ထွန်းလင်းနေသော မီးသီးများ၊ မီးနှင့် နေရောင်ခြည်များက ပေးသည်။ ကျွန်ုပ်တို့သည် ပတ်ဝန်းကျင်ရှိ လူများ အတွက် မည်သည့်အလင်းမျိုးဖြစ်သင့်သနည်း။ ဘုရားသခင်၏ချစ်ခြင်းမေတ္တာ၏နွေးထွေးသောအလင်းကိုကျွန်ုပ်တို့၏လူမှုဆက်ဆံရေးအားလုံးတွင် မည်သို့ ယူဆောင်လာနိုင်သနည်း။

---

၄။ မောရှေသည် ဘုရားသခင်နှင့် အလွန်ပွင့်လင်းစွာ စကားပြောဆိုခဲ့သည်။ ယနေ့ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် ရိုးသားပွင့်လင်းသော စကားပြောဆိုမှုများကို မည်သို့ပြုလုပ်နိုင်မည်နည်း။ သူမိန့်တော်မူသည်များကို ကျွန်ုပ်တို့မည်သို့ရှင်းလင်းစွာကြားနိုင်မည်နည်း။ အသံများစွာထဲတွင် ကျွန်ုပ်တို့ထံ ပြောနေ သည်မှာ သူ၏အသံဖြစ်ကြောင်းမည်သို့သေချာစေနိုင်မည်နည်း။

---

၅။ မိတ်ဆွေများသည် အချင်းချင်းယုံကြည်ပြီး အရာအားလုံးကို မျှဝေနိုင်သူများဖြစ်သည်။ ၎င်းတို့၏ လျှို့ဝှက်ချက်များသည် ဘယ်သောအခါမှ ထုတ်ဖော်ပြသမည်မဟုတ်ပါ။ မိတ်ဆွေများသည် လိုအပ်ချိန်တွင် အချင်းချင်းကူညီပေးကြသည်။ အကျပ်အတည်းကာလများတွင် ၎င်းတို့သည် အချင်းချင်း ထောက်ပံ့ပေးကြသည်။ စစ်မှန်သော မိတ်ဆွေများသည် ဘယ်သောအခါမှ အချင်းချင်း သစ္စာဖောက်မည်မဟုတ်ပါ။ ယေရှုသည် သူ၏နောက်လိုက်များအား ‘သင်တို့သည် ငါ၏မိတ်ဆွေများဖြစ်ကြသည်’ (ယော ၁၅း၁၄၊ ၁၅) ဟု မိန့်တော်မူသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ မိတ်ဆွေဖွဲ့မှုကို မည်သို့ ပြုစုပျိုးထောင်နိုင်မည်နည်း။

---

# သင်ခန်းစာ - ၁၃

* ဇူလိုင်လ ၂၀ — ၂၆

# တဲတော်



## ဥပုသ်နေ့မွန်းလွဲပိုင်း

**ဖတ်ရန်ကျမ်းချက်များ။** ထွက် ၃၅း၁ – ၃၆း၇၊ ကမ္ဘာ ၁း၁၊ ထွက် ၃၆း၈ – ၃၉း၃၁၊ ဟေဗြဲ ၇း၂၅၊ ထွက် ၄၀း၁ – ၃၈၊ ယော ၁း၁၄။

**အလွတ်ကျမ်းချက်။** **'ထိုအခါမိုးတိမ်သည် ပရိသတ်စည်းဝေးရာ တဲတော်ကို လွှမ်းမိုး၍၊ ထာဝရဘုရား၏ ဘုန်းတော်သည် တဲတော်ကို ပြည့်လေ၏။ ခရီးသွားလေရာရာတွင် ဣသရေလအမျိုးအငပေါင်းတို့ ရှေ့မှောက်၌ ထာဝရဘုရား၏ မိုးတိမ်သည် နေ့အခါ တဲတော်ပေါ်မှာ တည်နေ၏။ ညဉ့်အခါ မီးလျှံဖြစ်လျက် တည်နေလေသတည်း'** (ထွက်မြောက်ရာကျမ်း ၄၀း၃၄၊ ၃၈)

ဧဒင်ဥယျာဉ်တွင် အာဒံ၊ ဧဝတို့ (ယနေ့ကျွန်ုပ်တို့ အပါ) ... 

ဓမ္မဟောင်းခေတ် ဘုရားသခင့်လူများ၏ အဓိကတာဝန်သည် *(ယနေ့ကျွန်ုပ်တို့ အပါ)* ကိုယ်တော်နှင့် နီးကပ်စွာနေ၍ သူ့အားဝတ်ပြုရန်နှင့် ထာဝရဘုရား၏ရုပ်ပုံမှန်ကို သူတစ်ပါးတို့အားပို့ချရန်ဖြစ်သည် *(တရား ၄း၅ – ၈)*။ ဧဒင်ဥယျာဉ်တွင် အာဒံ၊ ဧဝတို့သည် မိမိတို့၏ အပြစ်ကြောင့် ကြောက်ရွံ့၍ ပုန်းနေလေသည်။ အပြစ် သည် လူသားကို ဘုရားသခင်အား သဘာဝကြောက်ရွံ့ခြင်းဖြစ်စေ၍ ထိုကြောက်ရွံ့ခြင်းသည် ဘုရား၏ ဝိသေသလက္ခဏာအပေါ် အမြင်အာရုံပြောင်းလဲစေသည်။ သတင်းကောင်း ဟူသည်မှာ ထာဝရဘုရားသည် ဤအက်ကြောင်းကွဲတွင် ပထမဆုံးခြေလှမ်း လှမ်းလာခဲ့၍၊ ထိုပဏာမခြေလှမ်းဖြင့် ကွဲကွာထားသော မိဿဟာယကို ပြန်ပြုပြင်ပေးခဲ့သည်။ အပြစ်သားကိုလည်း သူထံသို့ ခေါ်ယူထားသည်၊ *"သင်ဘယ်မှာနည်း" (ကမ္ဘာ ၃း၉)*။

ကျွန်ုပ်တို့၏ သာသနာ့အခြေခံအလုပ်သည် မိမိတို့ ပတ်ဝန်းကျင်ရှိလူသားတို့အား ဘုရားသခင်၏ မှန်ကန်သောဝိသေသလက္ခဏာနှင့် ဖြောင့်မတ်သောမေတ္တာကို သွန်သင်ရန်ဖြစ်၏။ လူသူတို့သည် ထာဝရဘုရား၏ အတ္တကင်းသောမေတ္တာကို ယုံကြည်လက်ခံလာသောအခါ မိမိတို့အသက်တာကို ဘုရားထံ ဆက်ကပ်အပ်နှံလျက်၊ မိမိတို့ကောင်းရာ ကောင်းကြောင်းအတွက် ဘုရားသခင် စေခိုင်းသမျှတို့ကို လက်ခံနားထောင် လာကြပါလိမ့်မည်။

ဗိမာန်တော်သည် လူသားတို့နှင့် ထာဝရဘုရား၏ နီးကပ်ခြင်းနှင့် အကြီးဆုံးသော သမ္မာတရားဖြစ်သော ယုံကြည်ခြင်းဖြင့် ချဉ်းကပ်လာသောသူတို့ကို ကယ်တင်သည်ကို ဖော်ပြသည်။

*ဇူလိုင်လ ၂၇ ရက်၊ ဥပုသ်နေ့အတွက်ပြင်ဆင်ဖို့ရန်ယခုအပတ်သင်ခန်းစာကိုလေ့လာပါ။

## ထာဝရဘုရား၏ဥပုသ်တော်နေ့

သတ္တမနေ့ဥပုသ်တော်နေ့ကို ငြင်းဆိုသောသူတို့သည် ဂျူးလူတို့အတွက် သီးသန့်ထားသောနေ့ဖြစ်သည်ဟုဆိုကြသော်လည်း၊ ထိုသတ္တမနေ့သည် ဖန်ဆင်းခြင်းမှ သီးသန့် သန့်ရှင်းစေခဲ့သည် *(ကမ္ဘာ ၂း၁-၃)*။ သူတို့က ဂျူးတို့သည် သိနာတွင် ပထမဆုံး ကြား သိခဲ့ရသည်ဟု ဆိုသော်လည်း၊ ဂျူးတို့သည် သိနာမတိုင်မီတွင် ဥပုသ်စောင့်ခဲ့ပြီးဖြစ်သည် *(ထွက် ၁၆း၂၂-၂၉)*။ ဥပုသ်နေ့သည် ပေါ်ပြူလူတို့ဘဝ၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်ဆိုလျှင် မမှားနိုင်ပါ။

**ဖတ်ပါ – ထွက် ၃၅း၁ – ၃။ ဗိမာန်တော်တည်ဆောက်ရာတွင် ထပ်ခါတစ်လဲလဲ ပြောပြရသောအမှန် တရားသည် အဘယ်နည်း။**

ဥပုသ်နေ့၏သတင်းစကားသည် အမြဲပင် ထာဝရဘုရားအကြောင်းဖြစ်၏။ သူ၏ဖြစ်တည်မှုနှင့် ကြီးစွာသောသူ၏အလုပ်တို့ဖြစ်၏။ ဥပုသ်နေ့သည် ဘုရား၏ ဖန်ဆင်းခြင်းနှင့် ကယ်တင်ခြင်းသိပ္ပံကို သတိရစေ၍ လူသားတို့၌ ကိန်းအောင်းတော်မူလိုသော ဘုရားအား ဗဟိုချက်မပြုစေ၏။ ဤသို့ဖြင့် ဗိမာန်တော်နှင့် ဥပုသ်နေ့တို့သည် တူညီသော ဦးတည်ရာသို့၊ ထာဝရဘုရားသည် ကျွန်ုပ်တို့၌ကိန်းဝပ်သည်ကို ညွှန်ပြသည်။

ဓမ္မဟောင်းကျမ်း၏ ဥပုသ်တော်နေ့သည်လည်း ကောင်းချီးများစွာ ယူဆောင်လာသည်။ ထိုဥပုသ်၏ အချုပ် အနှစ်သာရ ငါးခုတို့မှာ –

(၁) ထာဝရဘုရားသည် ဖန်ဆင်းရှင်ဖြစ်သည်ကို ကျမ်းစာသည် အခရာကျကျ ရှင်းလင်းစွာ ဖော်ပြထားသည် *(ကမ္ဘာ ၁း၁)*။ ထင်ရှားသော ဖန်ဆင်းခြင်းအထိမ်းအမှတ်သည် ဥပုသ်နေ့ *(ကမ္ဘာ ၂း၂၊ ၃။ ထွက် ၂၀း၈-၁၁။)* ဖြစ်၏။ ဤသမ္မာတရားမှသည် ဘုရားသည် ဖန်ဆင်းရှင်ဖြစ်ကြောင်းနှင့်၊ ကွင်းဆက်သမ္မာတရားတို့၏ စီးဆင်းလာနေရာ ဖြစ်သည်။

(၂) မေရှိယ ကြွလာမည့်သတင်းသည် မြွေစာတန်နှင့် အဆိုးအားလုံးတို့ကို အောင်နိုင်မည့် ထာဝရဘုရား၏ ကတိတော် *အမျိုး* ဟူသည့်မြော်လင့်ခြင်း၏ ဗဟိုချက်မဖြစ်သည်။

(၃) ထာဝရဘုရားတည်ထောင်မည့် နိုင်ငံတော်ကို ကြိုတင်မြည်းစမ်းရခြင်းလည်း ဖြစ်၏။

(၄) ကယ်တင်ခြင်းသည် ထာဝရဘုရားထံမှသာလာသည်။ ဘုရား၏လူတို့သည်လည်း ဘုရားသည် သူတို့၏ ကယ်တင်ရှင်၊ ရွေးနုတ်ရှင်နှင့် ကယ်တင်ခြင်းသည် သူ၏ ကျေးဇူးတော်သက်သက်ကြောင့်သာ ဖြစ်၏ဟု သက်သေခံကြသည်။

(၅) ထာဝရဘုရားသည် လူအားလုံးအပေါ်တရားသူကြီးချုပ်ဖြစ်သည်။ သူ့ကိုပြောင်လှောင်၊ ငြင်းပယ်သော သူတို့သည် အနာဂတ်မဲ့ကြ၍ ၊ သူ့နောက်သို့လိုက်လျှောက်သူတို့အား ထာဝရအသက်ကို လွတ်လပ်စွာ ပေး ကမ်းနေသည်။

**ဂျူးတို့၏ အဆိုတစ်ခု ရှိသည်။ ဣသရေလတို့သည် ဥပုသ်နေ့ကို စောင့်ရှောက်သည်ထက် ၊ ဥပုသ်နေ့သည် ဣသရေလတို့ကို စောင့်ရှောက်သည် ဟူ၏။ ကျွန်ုပ်တို့မြော်လင့်ခြင်းအသင်းတော်သည် ထိုသို့မဆို ခဲ့လောက်သည့်တိုင်၊ ဥပုသ်နေ့သည် ကျွန်ုပ်တို့၏ အသင်းတော်နှင့် မိသားစုအသက်တာတွင် မည်သည့် နေရာမှ တာဝန်ယူပေးသည်ဟု သင်ခံစားရသနည်း။**

## အလှူဒါနများနှင့်ဝိညာဉ်တော်

**ဖတ်ပါ – ထွက် ၃၅း၄ – ၃၆း၇။ ကျွန်ုပ်တို့အတွက် အရေးကြီးသော မည်သည့် သင်ခန်းစာရှိသနည်း။**

ဗိမာန်တော်တည်ဆောက်ရန် အဖိုးတန်ကျောက်မျက်ရတနာ မြောက်များစွာပင် လိုအပ်သဖြင့် ထို လူသားတို့သည် မိမိတို့၏ ရင်းတွင်းဖြစ်စေတနာဆန္ဒဖြင့် ရက်ရောစွာ လှူဒါန်းကြရာမှ ပြည့်စုံခဲ့ရသည်။ သူတို့သည် ရွှေ၊ ငွေ၊ ကြေးနီ၊ ပိတ်ချော၊ ဗကျောက်မျက် ရတနာ၊ အထည်အလိပ်များ၊ အကေရှားသစ်၊ သံလွင်ဆီ၊ ဟင်းခတ်အမွှေးအကြိုင်များ နှင့် အခြားမြောက်များစွာတို့ ရှိကြ၏။ လူတို့သည် မိမိတို့၏လုပ်အားကိုပင် လာပေးကြ ရာ အထူးသဖြင့် ပရိသောဂတွေပြုလုပ်ရာတွင် လုံ့လဝီရိယရှိရှိ လုပ်ဆောင်ရမည့် လက်မှု ပညာနှင့်အနုပညာရှင်တို့သည် လိုအပ်သည်အတိုင်း လုပ်အားလာပေးခဲ့ကြ၏။ အထည် ချုပ်သမားတို့သည်လည်း ဗိမာန်တော်တွင် အမှုထမ်းရသော သာမန် ယဇ်ပုရောဟိတ်များ နှင့် ယဇ်ပုရောဟိတ်မင်းကြီးတို့ အတွက် အသေးစိတ် ပြင်ဆင်ထားသော သင်တိုင်းများ၊ ရင်ဖုံ့များနှင့် ခေါင်းပေါင်းဖောင်းထုပ်များကို ယက်လုပ် ပေးရ၏။

ထာဝရဘုရားသည် အီဂျစ်ပြည်မှထွက်လာသော ဣသရေလတို့ကို အီဂျစ်တို့၏ လက်ဆောင်ပစ္စည်းများဖြင့် ကောင်းချီးများစွာပေးခဲ့သည်။ ယခုတွင်မူ သူတို့အား ကြီး မားသောတန်ခိုးနှင့် ကျေးဇူးတော်ဖြင့် ခေါ်ဆောင်လာသောဘုရားသခင်အား ကြည်ညို စွာ ပြန်လှူဒါန်းရမည့်အလှည့် ဖြစ်လာပါသည်။ သူတို့၏ စိတ်နှလုံးတို့သည်လည်း ဘုန်း တော်အတွက် ဆန္ဒပြင်းပြကြပါသည်။ လူတို့သည် ပျော်ရွှင်စွာဖြင့် မြောက်များစွာပင် လှူဒါန်းကြသဖြင့် မောရှေထံသို့ပင်လျှင် “လူတို့သည် ပြီးလောက်ရုံမျှမက ပို၍ ယူဆောင် လာကြပြီ” ဟုပင် တင်ပြလိုက်ရသည် *(ထွက် ၃၆း၅)*။ ထိုသို့ဖြင့် မောရှေသည် လှူဒါန်း ခြင်းကိစ္စအား တားဆီးရတော့သည်။ ဗိမာန်တော်အတွက် “ရခဲ့သော ဥစ္စာသည် အလုပ်ရှိ သမျှကို ပြီးစီးလောက်ရုံမျှမက ပိုလျက်ရှိသတည်း” *(ထွက် ၃၆း၇)*။

ဘုရားသခင်သည် လူတို့အား သန့်ရှင်းသောဝိညာဉ်တော်မှ ပို့ဆောင်စေခြင်းဖြင့် ဗိမာန်တော်ကို တိကျစွာ တည်ဆောက်စေသည်။ ဗေဇလေလ၊ အာဟောလျာဘနှင့် အခြားသောသူတို့သည် “ထာဝရဘုရား၏ သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝ သဖြင့်” *(ထွက် ၃၅း၃၁)* သူတို့သည် ထိုလုပ်ငန်းအား ပြီးဆုံးနိုင်ရန် ကျွမ်းကျင်မှု၊ ဉာဏ် ပညာ၊ အနုပညာတို့ဖြင့် ပြည့်စုံကြလေသည်။ အလွန်ကြီးမားသော စီမံကိန်းဖြစ်သဖြင့် ထာဝရ ဘုရားသည် မောရှေအားပြသခဲ့သည့် ပုံစံအတိုင်းတိကျစွာ ဖန်တီးရမည်ဖြစ်၏။

ဗိမာန်တော်တည်ဆောက်သော လုပ်သားများတို့သည် မိမိတို့၏ အစွမ်းအစ အတတ် ပညာအမျိုးမျိုးတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ ဆုလာဘ်တို့ပင်ဖြစ်နေသည်မှာ ထင်ပေါ်အရေးပါလှ၏။ ဝိညာဉ်တော်နှင့် ပြည့်ဝသည်ဆိုရာတွင်လည်း မော်ဝိဇ္ဇာ အားဖြင့် မဟုတ်၊ အထူးဝိညာဉ်တစ်ခုခုသည် လူတို့အထဲတွင် လှုပ်ရှားနေ သည်မဟုတ်ပါ။ ထာဝရ ဘုရားအမှုတော်ရှေ့ဆက်သဖြင့် အမှုပြီးဆုံးနိုင်ရန် ထာဝရ ဘုရားသည် သူ့ လူတို့အား လုပ်နိုင်ခွင့်တန်ခိုးပေးတော်မူသည်။

**သင်သည် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝသဖြင့် မည်သည့်ဆုလာဘ် ရရှိသနည်း။ သင်သည် ထိုဝိညာဉ် တော်ဆုကျေးဇူးတို့ကို သင့်အသက်တာတွင် ရှင်သန်စေမှသာလျှင် ထိုဆုလာဘ်တို့သည် ကြီးပွားတိုးတက် နိုင် မည်ဖြစ်သည်** *(ဂလ ၅း ၂၂၊ ၂၃)*။

## တဲတော်တည်ဆောက်သည်

**ထွက် ၃၆း၈ – ၃၉း၃၁ အငပါယံကြောသုံးသပ်ကြည့်ပါ။ ပြည့်စုံရှင်းလင်းသော ညွှန်ကြားမိန့်ကို အဘယ်ကြောင့်ပေးရသနည်း။ ထာဝရဘုရားသည် အသေးစိတ်တိုင်းအား စောင့်မသည်ကို မည်သို့သွန်သင် ပေးသနည်း။**

မောရှေသည် တဲတော်ကို သတိကြီးစွာတည်ဆောက်ရာ၊ သိနာတောင်မှရရှိသော ညွှန်ကြားချက်အတိုင်း ဝီရိယရှိရှိ ပြီးစီးအောင်ဆောင်ရွက်ခဲ့၏။ ကျမ်းစာတွင် တစ်ခုချင်းစီကိုစာရင်းပြုစုထားရာ (၁) တဲတော်နှင့်ပိတ်ထည်များ၊ ကန့်လန့်ကာနှင့်ဆိုင်ရာများ *(ထွက် ၃၆း၉ – ၃၈)*။ (၂) ပဋိညာဉ်သေတ္တာ *(ထွက် ၃၇း၁ – ၉)*။ (၃) ရှေ့တော်မုန့်တင် စားပွဲ *(ထွက် ၃၇း ၁၀ – ၁၆)*။ (၄) မီးတိုင်စင် *(ထွက်၊ ၃၇း ၁၇ – ၂၄)*။ (၅) နံ့သာမွှေး တိုင်ပလ္လင် *(ထွက် ၃၇း၂၅ – ၂၉)*။ (၆) မီးရှို့ရာယဇ်ပလ္လင် *(ထွက် ၃၈း၁ – ၇)*။ (၇) ခြေလက် ဆေးရာ အင်တုံ *(ထွက် ၃၈း၈)*။ (၈) ဝင်းတံတိုင်း *(ထွက် ၃၈း၉ – ၂၀)*။ (၉) ဗိမာန်တော် အသုံးအဆောင်ပစ္စည်းများ *(ထွက်၊ ၃၈း ၂၁ – ၃၁)* စသည်တို့ဖြစ်၏။ ထွက် ၃၉ တွင် ယဇ်ပုရောဟိတ်တို့၏ သင်တိုင်း၊ ဗျာဒိတ်ရင်ဖုံးနှင့် ပုရောဟိတ် ဝတ်လုံတို့ အကြောင်းပါရှိသည်။

တဲတော်၏အထုံးအဖွဲ့တို့သည် ဘုရားသခင်၏ ကယ်တင်ခြင်းစီမံကိန်းကို ဖော်ပြသော ဧဝံဂေလိတရား၏ မျက်မြင်သရုပ်ပြအရာတို့ဖြစ်၏။ ပွဲအမျိုးမျိုးတို့သည် (၁) ဘုရားသည် အပြစ်အားရွံမုန်း၍ပြုသောအရာ (၂) နောင်တရသောအပြစ်သားအားကယ်တင်ပုံ (၃) ဆိုးသွမ်းသူတို့၏ ကံကြမ္မာ (၄) ဆိုးသွမ်း ခြင်းမပါသော အနာဂတ် ဘုန်းတော် နိုင်ငံတည်စေခြင်းတို့ကို ဖော်ဆောင်သည်။

မတူညီသော်လည်း အလွန်နီးစပ်သော အထုံးအဖွဲ့နှစ်ခုတို့ကို နေ့စဉ်နှင့် နှစ်စဉ် ပြုလုပ်ရ၏။ ဤနှစ်ဆင့်ဝန်ဆောင်ခြင်းတို့သည် ဘုရားသခင်သည် အပြစ်ကို ကိုင်တွယ်ပုံနှင့် အပြစ်သားတို့အား ကယ်တင်ပုံတို့ကို ပုံဆောင်သည်၊ ထာဝရဘုရားသည် နောင်တရသူတို့၏ အပြစ်ကိုဖြေလွှတ်၍ ကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်းပေးသည်ကို တဲတော်၏ နေ့စဉ်တာဝန်များအားဖြင့်ပြသ၏။ ဤကယ်တင်ခြင်းဆုလာဘ်ကို လက်ခံနိုင်ရန် ယဇ်ပူဇော်ရသည်ဖြစ်ရာ၊ ထိုယဇ်ပူဇော်ခြင်းသည် မေရှိယ၏ အသေခံခြင်း *"ကျွန်ုပ်တို့၏ အပြစ်အားလုံးကိုဆေးကြောတော်မူသော" (၁ ယော ၁း၇)* အသွေးပင်ဖြစ်၏။ အပြစ်ကိုဝန်ချ၍ ခရစ်တော်၏ ဖြောင့်မတ်ခြင်းဝတ်ရုံကို လက်ခံခြင်းသည် ဤဆုလာဘ်၏ ဗဟိုချက်မ ဖြစ်သည် *(ဆာ ၃၂း၁၊ ၂)*။ ဤသို့ဖြင့် နောင်တရသော အပြစ်သားသည် အပြစ်လွှတ်ခြင်း ခံစားရ၍ ကယ်တင်ခြင်းတွင် ဝမ်းမြောက်ရ၏။

နှစ်စဉ်ဝန်ဆောင်မှုတွင် *"အပြစ်ဖြေရာနေ့"* တည်းဟူသောထာဝရဘုရားသည် အပြစ်အားလုံးကို သုတ်သင်ရှင်းလင်းခြင်းဖြင့် အပြစ်ပြဿနာကို ဖြေရှင်း၍ အပြစ်ကင်းသော အနာဂတ်ကို တည်ဆောက်ခြင်းတို့ပါဝင်၏ *(ဝတ် ၁၆။ ယော ၁း၂၉)*။ ပစ္စုပ္ပန်တွင်ပင် ကောင်းကင်တွင် ခရစ်တော်၏နှစ်ဆင့်ဝန်ဆောင်ခြင်းသည်လည်း ထာဝရဘုရားသည် ကျွန်ုပ်တို့အတွက် ပြုလုပ်သော အရာများကိုပင်ဖော်ပြပေး၍ *(ဟေဗြဲ ၇း၂၅)*၊ ဆိုးသွမ်းခြင်း၏ပြဿနာကို နောက်ဆုံးဖြေရှင်းလိမ့်မည် *(ဒံ ၇း၁၃၊၁၄၊၂၂၊၂၇။ ဒံ ၈း၁၄။ ဗျာ ၂၁း၄)*။

**တဲတော်သည် ထာဝရဘုရားအားဝတ်ပြုခြင်း၊ ချီးမွမ်းခြင်းနှင့် ကျေးဇူးတော်ချီးမွမ်းခြင်း နေရာ ဖြစ်သည်။ ဝတ်ပြုခြင်းဟူသည် ယုံကြည်သူအားလုံးတို့နှင့် မိဿဟာယဖွဲ့ရန်၊ ခေါ်တော်မူသောဘုရားသခင်နှင့်ပေါင်းသင်းဆက်ဆံခြင်းပင် ဖြစ်သည်။**

# တဲတော်တွင် ဘုရားသခင်ကိန်းဝပ်တော်မူခြင်း

**ဖတ်ပါ – ထွက် ၄၀း၁ – ၃၈။ ဘုရားသခင်ကိန်းဝပ်ခြင်းကို ဣသရေလတို့မှ မည်သို့သိရသနည်း။**

ထွက်မြောက်ရာ၏ နောက်ဆုံးအခန်း *(ထွက် ၄၀)* တဲတော်အားသန့်ရှင်းစေခြင်းနှင့် ပညတ်တရား ဆယ်ပါးတို့အားပေးအပ်ခြင်းတို့ ပါဝင်သည်။ တဲတော်အား သန့်ရှင်းစေခြင်း သည် သိနာတွင် ဣသရေလတို့ ၏ အမြင့်ဆုံးသော အဖြစ်အပျက်ဖြစ်သည်။

ထာဝရဘုရား၏ဘုန်းတော်သည် သူ၏သန့်ရှင်းခြင်း၊ ဝိသေသလက္ခဏာနှင့် မေတ္တာဖြင့် ကိန်းဝပ် ခြင်းနှင့် ကောင်းမြတ်တော်မူခြင်း ဖြစ်သည် *(ထွက် ၃း၅။ ၃၃း၁၈၊ ၁၉)*။ သူ၏ ကိန်းတော်မူခြင်း *ရှေကိန* သည် မိုးတိမ်ကဲ့သို့မြင်တွေ့ရ၏။ ထွက်မြောက်ရာ စာအုပ်သည် ဘုရားသခင်၏ ကိန်းဝပ်စောင့်မခြင်း၊ နေ့ချိန်တွင် ထာဝရဘုရား၏မိုးတိမ်၊ ညချိန်တွင် မီးမိုးတိမ်အားဖြင့်၄င်း စောင့်မခြင်းတို့ဖြင့် အဆုံးသတ်လေသည်။ ထာဝရ ဘုရားရှိသည် ဆိုရုံမကဘဲ သူတို့၌ အနီးကပ်ကိန်းဝပ်လျက် တန်ခိုးတော်အားဖြင့် ပို့ဆောင်နေသည်ကို ပေါ်ပြဲ လူတို့သည် ကြုံတွေ့ခံစားကြရပါမည်။

မောရှေသည် တဲတော်အား ဒုတိယနှစ်၊ ပထမလ၊ ပထမရက်နေ့တွင် တည်ထား၏ *(ထွက် ၄၀း၂၊ ၁၇)*။ ယဇ်ပုရောဟိတ်ပြုရန် အာရုန်နှင့် သူ၏သားများအပါ အရာခပ် သိမ်းတို့အား ဆီလိမ်းကြုံခြင်းဖြင့် မောရှေသည် သန့်ရှင်းစေလေ၏ *(ထွက် ၄၀း၉၊ ၁၃ – ၁၅)*။ အသန့်ရှင်းဆုံးနေရာသို့၄င်း၊ ဝင်းတံတိုင်းကို၄င်း ထာဝရဘုရားထံတော်သို့ ဆက် ကပ်လေသည်။ ဤသို့ပြုခြင်းဖြင့် ဗိမာန်တော်၏ အထုံးအဖွဲ့အလုံးစုံတို့အား အခမ်းအနား ဖြင့် ဖွင့်လှစ်ခဲ့၏ *(ဟော ၇း၁)*။ ထိုအခမ်းအနားဖြင့် ဖွင့်လှစ်နေချိန်တွင် အသန့်ရှင်းဆုံး နေရာသို့ မောရှေတစ်ဦးတည်းသာဝင်ရ၏။ အပြစ်ဖြေရာ နေ့ကြီးတွင် ယဇ်ပုရောဟိတ် မင်းကြီး တစ်ပါးတည်းသာ တစ်နှစ်တစ်ကြိမ်သာ ဝင်ခွင့်ရှိ၏ *(ဝတ် ၁၆း၂၊ ၁၇)*။

အခါသမယသုံးကြိမ်ဖြင့် လုပ်ငန်းပြီးစီးကြောင်း ကျမ်းစာမှဖော်ပြသည်။ (၁) ဖန်ဆင်း ခြင်းရက်သတ္တအဆုံးတွင် ဘုရားသခင်သည် မိမိဖန်ဆင်းခြင်း ပြီးဆုံးကြောင်း ကြေငြာ သည် *(ကမ္ဘာ ၂း၁ – ၃)*။ (၂) ကျမ်းစာသည် တဲတော် တည်ဆောက်ပြီးစီးကြောင်း ကြေငြာ ၏။ "ထိုသို့မောရှေသည် အလုပ်ပြီးစီးစေသတည်း" *(ထွက် ၄၀း၃၃)*။ (၃) ရှောလမုန်သည် ဗိမာန်တော်တည်ဆောက်ပြီးစီးချိန်တွင်လည်း ထိုသို့ပြုခဲ့သည် *(၃ ဓမ္မ ၇း၅၁)*။ ဖန်ဆင်း ခြင်းနှင့် ဣသရေလဗိမာန်တော်တို့၏ဆက်စပ်ခြင်းသည် ကိုယ်တော်သည် ရွေးနုတ်ခံ သူတို့နှင့် ကမ္ဘာသစ်ရှိ "*ထာဝရဘုရား၏တဲတော်*" တည်းဟူသော ယေရုရှလင်မြို့တွင် စိုးစံတော်မူသောအခါ သိရှိရမည့် စကြာဝဠာ၏ အရွယ်ပမာဏကို ဖော်ပြနေခြင်းဖြစ်သည် *(ဗျာ ၂၁း၂၊ ၃ နှင့် ဗျာ ၂၂း၁ – ၄ ယှဉ်ဖတ်ပါ)*။

ထာဝရဘုရားသည် တဲတော်အပြည့် ကိန်းအောင်းခြင်းသည် *(ထွက် ၄၀း၃၄)* မောရှေအတွက် မိမိ မွေးဖွားချိန်မှစ၍ ကပ်ဘေးဒဏ် ဆယ်ပါးအချိန် အီဂျစ်ဘုရားများ အား အောင်နိုင်ခြင်း၊ အီဂျစ်မှထွက်ခွာခြင်း၊ အီဂျစ်တပ်မတော်ကြီးအား ဖျက်ဆီးခြင်းနှင့် သိနာတောင်တွင် ထာဝရဘုရား၏ မိမိကိုယ်ကို ပြသခြင်းတို့ ထက်သာလွန်ကာ ကိန်း အောင်း တော်မူခြင်း၏ အထွတ်အထိပ်ပင် ဖြစ်လေသည်။

**ယခုပင် ထာဝရဘုရား၏ ကိန်းတော်မူခြင်းကို သင် မည်သို့ခံစားနိုင်သနည်း။ ထိုသို့ပြုခြင်းသည် သင့်အတွက် အဘယ်ကြောင့် အရေးကြီးနိုင်သနည်း။**

## ယေရှုသည်လူသားများနှင့်တဲတော်အဖြစ်အတူရှိတော်မူခြင်း

**ဖတ်ပါ – ယောဟန် ၁း၁၄။ ခရစ်တော်၏ဝင်စားခြင်းသည်တဲတော်ဖြင့်မည်ကဲ့သို့နှိုင်းယှဉ်နိုင်မည်နည်း။**

ယေရှု၏ဝင်စားခြင်းသည် အလွန်နက်နဲ၍ ရွေးနုတ်ခံရသောသူတို့မှ ထာဝရကာလ သင်ယူရမည့် အထူးသီးသန့်သိပ္ပံပညာရပ် ဖြစ်သည်။ ခရစ်တော်သည် ကျွန်ုပ်တို့၏ခန္ဓာကိုယ်ကို ယူတင်ဝတ်ဆင်ကာ ကျွန်ုပ်တို့အထဲ၌ ထိတွေ့စမ်းသပ်နိုင်ရန် ဖော်ပြသည်ကို ရှင်ယောဟန်ဖော်ပြထားသည်။ ဤနေရာတွင် ယေရှုသည် ဓမ္မဟောင်း၏ဘုရား၊ သဲကန္တာရ၏သိနာတွင် တဲတော်အားဖြင့် ဣသရေလတို့၌ ကိန်းတော်မူ၍ ကတိတော်ပြည်သို့ ပို့ဆောင်တော်မူသောဘုရားနှင့် အသွင်တူသူဖြစ်တော်မူသည်။

ဝင်စား သောအချိန်ခါတွင် ယေရှုသည် လူသားတို့တွင် တဲတော်မူ၏။ အနှိုင်းမဲ့လိုက်လျော ပေးခြင်းပေတည်း။ "ထာဝရဘုရားသည် လူသားတစ်ဦးကဲ့သို့ ဆင်းသက်လာ၍ သူသည် "ဧမာနွေလ၊ ဘုရားသည် ကျွန်ုပ်တို့နှင့် အတူနေ၏။"

မဿဲ ၁၈း၂၀ တွင် ယေရှုသည် နှစ်ဦးသုံးဦးတို့ စုရုံးသောအခါ သူတို့အထဲတွင် ဘုရားပါရှိသည်ဆို၏။ ခရစ်တော်သည် သန့်ရှင်းသောဝိညာဉ်တော် ကိန်းတော်မူခြင်းဖြင့် လူတို့၌ နေထိုင်သည်။ ခရစ်တော်သည်သူ့နောက်လိုက်သူတို့ကို အနီးကပ် ပေါင်းသင်းလိုသဖြင့် "ငါသည် တံခါးရှေ့မှာရပ်၍ ခေါက်လျက်နေ၏။ အကြင်သူသည် ငါ၏အသံကိုကြား၍တံခါးကိုဖွင့်အံ့၊ ထိုသူရှိရာသို့ငါဝင်၍ သူနှင့်အတူစားသောက်မည်။ သူသည်လည်း ငါနှင့်အတူစားသောက်ရလိမ့်မည်" *(ဗျာ ၃း၂၀)*။

**ဖတ်ပါ – ဗျာ ၂၁း၁ – ၃။ ကျွန်ုပ်တို့အတွက် မည်သည့်သတင်းရှိသနည်း။**

ယေရုရှလင်မြို့သစ်သည် ကောင်းကင်မှ လောကသို့ ဆင်းသက်လာမည်ကို ယောဟန်က "ဘုရား သခင်၏ တဲတော်သည် လူတို့တွင်ရှိ၏။ လူတို့နှင့်အတူ ကိန်းဝပ်တော်မူလိမ့်မည်။ သူတို့သည် ကိုယ်တော်၏ လူဖြစ်ကြလိမ့်မည်။ ဘုရားသခင်သည် သူတို့နှင့်အတူရှိနေ၍ သူတို့၏ဘုရား ဖြစ်တော်မူမည်" *(ဗျာ ၂၁း၃)*။ ယေရုရှလင် မြို့သစ်တွင် ဗိမာန်တော် မရှိပါ *(ဗျာ ၂၁း၂၂)* တစ်မြို့လုံးသည် ထာဝရဘုရားတည်ရှိရာ ဗိမာန်တော်ဖြစ်လေ၏။ မြို့တော်၏အလျား၊ အနံ၊ အမြင့်တို့သည် ဗိမာန်တော်၏ အသန့်ရှင်းဆုံးနေရာကဲ့သို့ အားလုံးတူညီ *(ဗျာ ၂၁း၁၆)* ၍ ကုဗတုံးကဲ့သို့ အနားအားလုံး တူညီ၏။ ထာဝရကာလတိုင်အောင် အပြစ်၊ သေခြင်းနှင့် ဒုက္ခဆင်းရဲမရှိဘဲ၊ ထာဝရဘုရား ကိန်းဝပ်တော်မူရာတွင် ကျွန်ုပ်တို့စိုးစံကြရပါမည်။

**ယေရှု၌ ကျွန်ုပ်တို့အား ပေးသောကတိတော်ကို မျှော်လင့်၍ အဆုံးတိုင်အောင် တည်ကြည်နိုင်ရန် မည်သို့ သင်ယူရမည်နည်း။**

**ထပ်မံစဉ်းစားရန်။** (အဲလ်ဂျီဝှိုက်။ ရွေးဘိုးဘေးများနှင့်ပုရောဖက်များ။ "ဗိမာန်တော်နှင့် အထုံး အဖွဲ့များ" စာ၊ ၃၅၃ – ၃၅၈)။

"ဗိမာန်တော်တည်ဆောက်ခြင်း မတိုင်မီတွင် ဣသရေလအား အီဂျစ်ကျေးကျွန် ဘဝမှ ရွေးနုတ်၍ ထုတ်ဆောင်လာခြင်းသည် အရင်ဦးရှိခဲ့၏။ ထိုသို့နှင့် ဘုရားသည် သူ၏လူတို့နှင့် ထာဝရပဋိညာဉ်ပြုကာ သူတို့နှင့် ပေါင်းသင်းဆက်ဆံလိုလာ၏။ သူ သည် ၎င်းတို့၏ဘုရား၊ ၎င်းတို့သည်လည်း သူ၏လူများ ဖြစ်စေလိုသည် *(ထွက် ၆း၇)*။ ၎င်းတို့သည် သူနှင့် ဆက်ဆံရာတွင်နှင့် အချင်းချင်းဆက်ဆံခြင်းကို ပဋိညာဉ်ဖြင့် အနက်ဖွင့်ခဲ့သည်။ တဲတော်ဟူသည် ဆုံတွေ့ရသောနေရာ ဘုရားနှင့်လူသားတို့ ဆုံတွေ့သည့် နေရာဖြစ်၏။ ဤသည်မှာ ရွေးနုတ်ပြီးနောက် ထာဝရဘုရားနှင့် ထာဝရ ပဋိညာဉ်ပြုကာ ဘုရားသည်လည်း မိမိနေရာတွင် စိုးစံရပြီးမှသာ ဖြစ်ခဲ့ကြ သည်" *(အန်ဒရူးကျမ်းစာရှင်းလင်းချက်။ ဓမ္မဟောင်း၊ "ထွက်မြောက်ရာကျမ်း" အန်ဒရူး တက္ကသိုလ် ပုံနှိပ်တိုက် ၂၀၂၀။ စာ၊ ၂၂၆)*။

ဗိမာန်တော်အထုံးအဖွဲ့တို့နှင့် ပတ်သက်၍ အဲလ်ဂျီဝှိုက်သည် "တဲတော်နှင့် ဗိမာန် တော်တို့၏ လုပ်ငန်းဆောင်တာတို့သည် ခရစ်တော်၏သေခြင်းနှင့် ဆက်စပ်နေသည့် အမှန်တရားကို လူထုတို့အား နေ့စဉ် သွန်သင်ပေးရ၍၊ ခရစ်တော်နှင့် စာတန်တို့၏ မဟာတိုက်လှန်ပွဲအဆုံးသတ်ခြင်း နှင့် စကြာဝဠာအား အပြစ်နှင့် အပြစ်သားများကို သန့်စင်ပစ်လိုက်ခြင်းကို ၊ နှစ်စဉ်နှစ်တိုင်း လူတို့၏ စိတ်နှလုံးထဲ စွဲငြိနိုင်ရန် ပြုလုပ်ပေး သည်" *(ရွေးဘိုးဘေးများနှင့် ပုရောဖက်များ။ စာ၊ ၃၅၈)*။

## ဆွေးနွေးရန်မေးခွန်းများ –

**၁** ဗိမာန်တော်၏ အထုံးအဖွဲ့တို့တွင် ဝတ်ပြုခြင်း၏ ဗဟိုချက်မသည် အသွေးသွန်းခြင်း ဖြစ်သည်။ ဗိမာန်တော်၏ ရိုးရာဓလေ့တို့တွင် တိရစ္ဆာန်မျိုးစုံနှင့် ၎င်းတို့၏အသွေးကို ယဇ်ပူဇော်ခဲ့ရသည်။ အသွေး သည် မည်သည့်အရာအား သင်္ကေတပြု၍၊ ပူဇော်သောယဇ်တိုင်းတို့သည် မည်သည်အား ညွှန်ပြနေ သနည်း။

**၂** စကြာဝဠာကိုဖန်ဆင်းသောဘုရားသည် လူသားဇာတိခံယူကာ ဗိမာန်တော်အားဖြင့် လူသားတို့၌ နေထိုင်သည်ကို စဉ်းစားကြည့်ပါ။ အံ့ဘွယ်မေတ္တာတော်ကို ဖော်ပြခြင်းလည်းဖြစ်သည်။ မိမိကိုယ်ကို အပြစ်အတွက် ယဇ်ကောင်အနေဖြင့် ပူဇော်ကာကျွန်ုပ်တို့အစားသေရသည်။ ဤအရာသည်ဘုရားသခင် ၏ဝိသေသလက္ခဏာအကြောင်းမည်သို့သွန်သင်သနည်း။ ထာဝရဘုရားသည်ကျွန်ုပ်တို့အား သူ၏နိုင်ငံ တော်သို့ကယ်တင်သိမ်းစည်းလိုသည်ကို ဤအရာသည်မည်သို့သွန်သင်ပေးသနည်း။

**၃** ဟေဗြဲ ၈း ၁ – ၆ ဖတ်ပါ။ လောက၏ ဗိမာန်တော်သည် ယခုချိန် ယေရှုမှ ကောင်းကင် ဗိမာန်တော် တွင်ပြုနေသော အရာများတို့ကို ရောင်ပြန်ဟပ်နေကြောင်း ဤအရာသည် မည်သို့သွန်သင်ပေးသနည်း။

## ဥပုသ်နေ့၏ကြီးမြတ်သောဆုလာဘ်

Andrew McChesney

ဖာနန်ဒိုဂျိုအာကင်ဂျီသည် မိုဇမ်ဘစ်ရှိဆောက်လုပ်ရေးကုမ္ပဏီကြီးတစ်ခုတွင် ဥပုသ်နေ့၌ အလုပ်မလုပ်ရ ဟူသော သဘောတူညီချက်ဖြင့် ဝင်ရောက်လုပ်ကိုင်ခဲ့၏။ သို့သော် သုံးနှစ်အကြာတွင်၊ ကုမ္ပဏီသူဌေးက စနေနေ့တွင် စီးပွားရေးခရီးသွားရန် တောင်းဆိုခဲ့၍၊ ဖာနန်ဒိုက သူဌေးဖြစ်သူ အလက်ဇန်းဒါးအား စနေနေ့များတွင် အလုပ် မလုပ်ကြောင်း ပြန်လည် အသိပေးခဲ့၏။ သို့သော် စနေနေ့ မနက် ၅ နာရီတွင် အလက်ဇန်းဒါးသည် ဇင်ဘာဘွေသို့ သွားရန် ဖာနန်ဒို၏ အိမ်သို့ ကားဖြင့် ရောက်ရှိလာခဲ့သည်။ ဖာနန်ဒိုက ငြင်းဆိုခဲ့၍၊ အလက်ဇန်းဒါးက သူနှင့် ထိပ်တိုက် တွေ့ဆုံမှုမပြုမချင်း အလုပ်သို့ မလာရန် တားမြစ်ခဲ့သည်။

ရက်အနည်းငယ်ကြာပြီးနောက် အစည်းအဝေးတွင်၊ အလက်ဇန်းဒါးက ဖာနန်ဒိုအား ခုနစ်ရက်အတွက် လစာမပေးဘဲ ဆိုင်းငံ့ခဲ့၏။ ထို့ပြင်ရွေးချယ်စရာသုံးခု ပေးခဲ့သည် – အလုပ်ထွက်ရန်၊ စနေနေ့၌အလုပ်လုပ်ရန်၊ (သို့) စနေနေ့တစ်ရက်လျှင် နှစ်ရက်စာ ဆုံးရှုံးရန်ဖြစ်သည်။ ဖာနန်ဒို ၏ ဆုံးဖြတ်ချက်ကို ခုနစ်ရက်အတွင်း စာဖြင့် တင်ပြရန် ပြောခဲ့သည်။

ဖာနန်ဒိုသည် သူ၏ဆုံးဖြတ်ချက်ပါဝင်သော ၁၀ မျက်နှာပါ စာတမ်းတစ်စောင် တင်ခဲ့၏။ သူက အလုပ် လိုအပ်နေ၍ အလုပ်ထွက်လို့မရကြောင်း၊ ဘုရားသခင်ကို နာခံရ သောကြောင့် စနေနေ့များတွင် အလုပ် လုပ်လို့မရဟုရေးသားပြီး၊ ဥပုသ်နေ့နှင့် ပတ်သက်၍ သမ္မာကျမ်းပိုဒ်များစွာကို ထည့်သွင်းခဲ့သည်။ စနေနေ့ ပျက်ရက်အတွက် လစာဖြတ်ယူရန် ဆန္ဒရှိကြောင်း နိဂုံးချုပ်ခဲ့ပြီး၊ တနင်္ဂနွေနေ့များတွင် စနေနေ့ အလုပ်များကို ဖြည့်ဆည်းရန်လည်း အသင့်ရှိကြောင်း ဖော်ပြခဲ့သည်။ စာတမ်းကိုလက်ခံရင်း၊ အလက်ဇန်းဒါး က ဖာနန်ဒိုအား သူ၏ စီမံခန့်ခွဲမှုအဖွဲ့နှင့် ဆွေးနွေး၍ ဆက်လက်အလုပ်လုပ်ရန် ပြောခဲ့သည်။

တစ်ပတ်ကြာပြီးနောက်၊ အလက်ဇန်းဒါးက ဖာနန်ဒိုအား တနင်္ဂနွေနေ့တွင် သူ၏ အိမ်သို့ လာရန်ဖုန်းခေါ်ခဲ့၏။ ထိုအိမ်သည် အခြားမြို့တစ်ခုတွင်ရှိပြီး၊ ဖာနန်ဒိုသည် အများသုံး ဘတ်စ်ကားဖြင့် ရောက်ရှိခဲ့သည်။ အလက်ဇန်းဒါးက ဖာနန်ဒိုအား မိုင် ၇၀ အကွာရှိ မြို့တစ်ခုသို့ ကုမ္ပဏီ စီမံကိန်းတစ်ခုကို စစ်ဆေးရန် ညွှန်ကြားခဲ့၏။ ဖာနန်ဒိုသည် ညဉ့်နက်မှ ပြန်ရောက်လာခဲ့ပြီး၊ အလက်ဇန်းဒါးအိမ်တွင်အိပ်ခဲ့ရ၏။ နောက်တစ်ပတ်တွင်ထပ်မံလာရောက်ရန်တောင်းဆိုခဲ့၏။

နောက်တစ်နေ့ တနင်္လာနေ့တွင်၊ အလက်ဇန်းဒါးက ကုမ္ပဏီအစည်းအဝေး တစ်ခုခေါ်ယူပြီး၊ "သူသည် ဘုရားသခင်အပေါ် ယုံကြည်ခြင်းကြောင့် လစာအဖြတ်ခံသည်၊ သို့သော် ယခု သူ၏ စိတ်ရင်းမှန်ကို ကျွန်ုပ်တို့မြင်ရပြီ၊ စနေနေ့များတွင် အလုပ်လုပ်ရန် မလိုတော့ပါ" ဟုဆို၏။ ထို့နောက် ကုမ္ပဏီကား သော့ကို ပေး၍၊ "ဤကားကို ကုမ္ပဏီလုပ်ငန်းများအားလုံး အတွက် အသုံးပြုပါ၊ ပြီးတော့ သင့် အသင်းတော် အတွက် လိုအပ်လျှင်လည်း လွတ်လပ်စွာ အသုံးပြုနိုင်ပြီး၊ ကျွန်ုပ်တို့က ဆီဖိုးပေးပါမည်၊ တစ်ခုတည်းသော တောင်းဆိုချက် က သင့် သင်းအုပ်ဆရာအား ကျွန်ုပ်တို့ကုမ္ပဏီကြီးပွားဖို့ဆုတောင်းပေးရန်ပြောပေးပါ။"

၂၀၀၃ ခုနှစ်မှ ယနေ့အထိ၊ ဖာနန်ဒိုသည် အလုပ်တွင် ဥပုသ်နေ့ ပြဿနာများ မကြုံရတော့ပါ။ ကုမ္ပဏီကားသည် အသင်းတော်အတွက် ကောင်းချီးတစ်ခုဖြစ်ခဲ့ပြီး၊ ၎င်းကို ဧဝံဂေလိ ပြန်ကြားရေးအစီအစဉ်များနှင့် အခြားအသင်းတော်လှုပ်ရှားမှုအားလုံးတွင်ပါဝင် အသုံးပြုခဲ့သည်။ ဤကားကိုမြင်သူတိုင်း ဖာနန်ဒို၏ ဥပုသ်နေ့ စောင့်ထိန်းခြင်းကို အမှတ်ရစေသည်။

မိုဇမ်ဘစ်နှင့် တောင်ပိုင်းအာဖရိက – အိန္ဒိယသမုဒ္ဒရာဒေသရှိ အခြားနိုင်ငံများတွင် ဧဝံဂေလိသတင်းကောင်းကို ကြေညာနိုင်ရန် ဆုတောင်းပေးပါ။ ဤအပတ်တွင် ဆယ်သုံးဥပုသ်စာဖြေအလှူငွေလက်ခံရရှိသူဖြစ်သည်။

## အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်

**အဓိကကျမ်းချက်။** ထွက်မြောက်ရာကျမ်း ၄၀း၃၄၊ ၃၈

**လေ့လာမှုဦးတည်ချက်။** ထွက်မြောက်ရာကျမ်း ၃၅း၁–၄၀း၃၈

**နိဒါန်း။** ဣသရေလလူမျိုးများသည် တဲတော်တည်ဆောက်ရန် စတင်လုပ်ဆောင်မှု မတိုင်မီ၊ ဥပုသ်နေ့ကို စောင့်ထိန်းရန် သီးခြားသွန်သင်ချက်များနှင့် သတိပေးချက်များကို ပေးအပ်ခဲ့သည် (ထွက် ၃၅း၁–၃)။ သန့်ရှင်းရာဌာနတွင် အလုပ်လုပ်နေစဉ်ပင်၊ လူများသည် "ထာဝရဘုရားအတွက် ဥပုသ်နေ့၏အနားယူခြင်း" ကို လေးစားပြီး ကျင်းပရန် လိုအပ်သည် (ထွက် ၃၅း၂)။

ဘုရားသခင်သည် မောရှေအား တဲတော် သို့မဟုတ် တွေ့ဆုံရာတဲဟုလည်း ခေါ်သော တဲတော်၏ ပုံစံကြမ်းနှင့် ၎င်းကို မည်သို့တည်ဆောက်ရမည်ဆိုသည့် ညွှန်ကြားချက်များကို ပေးခဲ့သည် (ထွက် ၂၅–၃၁)။ ယခုအခါ ၎င်းကို အမှန်တကယ်တည်ဆောက်ရန် အချိန်ရောက်ရှိလာခဲ့သည်။ တဲတော်အတွက် လိုအပ်သောပစ္စည်းများကို ဦးစွာစုဆောင်းခဲ့သည် (ထွက် ၃၅း၄–၂၉၊ ၃၆း၄–၇)၊ ထို့နောက် လက်မှုပညာသည်များ (အမျိုးသမီးများ အပါအဝင်၊ ထွက် ၃၅း၂၅၊ ၂၆ ကိုရှုပါ) သည် ဘုရားသခင်၏ ဝိညာဉ်တော်ဖြင့် ဖြည့်စွမ်းခံရပြီး သန့်ရှင်းရာဌာနကို ကျွမ်းကျင်စွာနှင့် အနုပညာဆန်စွာ လုပ်ဆောင်ခဲ့သည် (ထွက် ၃၅း၃၀–၃၆း၄)၊ ထို့နောက် တည်ဆောက်မှု စတင်ခဲ့သည်။ အမျိုးမျိုးသော အဝတ်အထည်များ ပေါ်တွင် အလုပ်လုပ်ရန် လုံ့လဝီရိယပါဝင်ပါက၊ စုစုပေါင်း အဓိကပစ္စည်းဆယ်မျိုး ကို ပြင်ဆင်ရန်လိုအပ်သည်။

- တဲတော် (ထွက် ၃၆း၈–၃၈)၊
- ပဋိညာဉ်သေတ္တာတော် (ထွက် ၃၇း၁–၉)၊
- စားပွဲ (ထွက် ၃၇း၁၀–၁၆)၊
- မီးခုံ (ထွက် ၃၇း၁၇–၂၄)၊
- နံ့သာပေါင်းမီးရှို့ရာ ယဇ်ပလ္လင် (ထွက် ၃၇း၂၅–၂၈)၊
- လိမ်းရန်နံ့သာဆီ၊ နံ့သာမျိုးနှင့်ဘော်သော မီးရှို့ရာနံ့သာပေါင်းစင် (ထွက် ၃၇း၂၉)၊
- မီးရှို့ရာယဇ်ပလ္လင် (ထွက် ၃၈း၁–၇)၊
- ဆေးကြောရန်အတွက် ကြေးဝါအင်တုံ (ထွက် ၃၈း၈)၊
- တဲတော်ဝင်း (ထွက် ၃၈း၉–၂၀)၊
- ယဇ်ပုရောဟိတ်အဝတ်အထည်များ၊ သင်တိုင်း၊ ရင်ဖုံး၊ အခြားယဇ်ပုရောဟိတ် ဝတ်စုံများ (ထွက် ၃၉း၁–၃၁)။

ထွက်မြောက်ရာကျမ်း ၃၈း၂၁–၃၁ တွင်၊ အသုံးပြုခဲ့သော ပစ္စည်းများကို စာရင်းပြုစုထား၏ (ရွှေတန်ချိန် ၁ တန်ကျော်၊ ငွေတန်ချိန် ၃.၇၅ တန်ခန့်၊ ကြေးဝါတန်ချိန် ၂.၅ တန်ခန့်)။ မောရှေသည် တဲတော်ပေါ်ရှိ အလုပ်အားလုံးကို စစ်ဆေးခဲ့ပြီး၊ ၎င်းသည် "ထာဝရဘုရား အမိန့်တော်ပေးထားသည့်အတိုင်း" ပြုလုပ်ထားကြောင်း တွေ့ရှိခဲ့သည် (ဤစကားစုကို တိကျမှုနှင့် နာခံမှုကို အလေးပေးရန် သုံးကြိမ်ထပ်ခါဖော်ပြထားသည်၊ ထွက် ၃၉း၃၂၊ ၄၂၊ ၄၃)။ မောရှေသည် ပြီးစီးခဲ့သောအလုပ်အတွက် အလွန်ကျေနပ်ခဲ့ပြီး၊ အလုပ်သမားအားလုံး ကို ကောင်းချီးပေးခဲ့သည် (ထွက် ၃၉း၄၃ ခ)။

ထို့နောက်၊ ဘုရားသခင်၏ညွှန်ကြားချက်အရ၊ တဲတော်ကို ပထမလ၏ပထမနေ့တွင် တည်ဆောက်ရမည် (ထွက် ၄၀း၁၊ ၂)၊ ဆိုလိုသည်မှာ ဣသရေလလူမျိုးများသည် အီဂျစ်မှ ထွက်ခွာပြီးနောက် တစ်နှစ်နီးပါးတွင် ၎င်းကို တည်ဆောက်ခဲ့သည် (ထွက် ၁၂း၂၊ ၆၊ ၄၀း၁၇)။ ကြီးမားသောတဲတော်ပြင်ဆင်ပြီးသည့်အခါ၊ အထူးပစ္စည်းများကို စုစည်းပြီး အသန့်ရှင်းဆုံးဌာနတော်မှစတင်ကာ ခြံဝင်းအထိ တပ်ဆင်ခဲ့သည်။ နေရာတိုင်းကို ကုလားကာ ဖြင့် ပိုင်းခြားထားသည် (ကွဲပြားသောကုလားကာသုံးခုကို ဖော်ပြထား၏။ ထွက် ၄၀း၃၊ ၅၊ ၈။ ၄၀း၂၁၊ ၂၈၊ ၃၃)။

## အပိုင်း ၂။ အနက်ဖွင့်ကျမ်း

### ဘုရားသခင်၏တည်ရှိမှု

ဘုရားသခင်၏တည်ရှိမှုသည် ယုံကြည်သူများအတွက် အရာအားလုံးကို ဆိုလိုသည်။ သူ၏ နာမတော် "ငါဖြစ်သည်အတိုင်း ငါဖြစ်၏" သို့မဟုတ် "ငါသည် ငါဖြစ်မည်" ဟူသည်မှာ သူသည် ထာဝရရှိသော၊ အားလုံးတွင်ရှိသော ဘုရားဖြစ်သည်ဟု ဆိုလိုသည်။ ဘုရားသခင် ကိုယ်တိုင်သည် သူ၏နာမတော်၏အဓိပ္ပါယ်ကို ရှင်းပြသောအခါ၊ သူ၏ရှိနေမှုကို အလေး ပေးဖော်ပြသည် (ထွက် ၃း၁၃–၁၅)။

တဲတော်နှင့်ဆက်စပ်သော ဤထွက်မြောက်ရာအပိုင်း၏ အဓိကအကြောင်းအရာသည် ဘုရားသခင်၏ရှိနေမှုဖြစ်သည်။ သခင်ဘုရားသည် ၎င်းတို့အား တဲတော် တည် ဆောက်ရန် တောင်းဆိုခဲ့သည်၊ အကြောင်းမှာ သူသည် သူ၏လူများနှင့် ထိတွေ့ထိရောက်စွာ အတူရှိနေလိုပြီး၊ ၎င်းတို့၏အလယ်ဗဟိုတွင် နေထိုင်လိုသောကြောင့်ဖြစ်သည်။ ဘုရား သခင်သည် ၎င်းတို့နှင့် နီးကပ်စွာရှိနေလိုပြီး၊ ၎င်းတို့သည် သူ၏ရှေ့ကိနာဘုန်းတော်ကို မြင်တွေ့နိုင်ရန်ဖြစ်သည်။ ဣသရေလလူမျိုးများသည် နေ့အခါတွင် မိုးတိမ်ပုံစံဖြင့် မြင်သာ ထင်သာရှိသော သူ၏ရှိနေမှုဖြင့် လမ်းညွှန်ခံခဲ့ရသည်။ ဤမိုးတိမ်သည် ညအခါတွင် မီးတိုင် အဖြစ်သို့ ပြောင်းလဲသွားသည်။ မိုးတိမ်သည် တဲတော်ထက်မှ မြင့်တင်သောအခါ၊ ဣသရေလလူမျိုးများသည် ရွှေ့ပြောင်းခဲ့သည် (ထွက် ၄၀း၃၆–၃၈)။ အကယ်၍ ဘုရား သခင်သည် ဣသရေလလူမျိုးများကို စွန့်ပစ်ပါက၊ ၎င်းတို့သည် ရှုံးနိမ့်မှု၊ ပျက်စီးမှု၊ နှင့် သေဆုံးမှုတို့ကို ရင်ဆိုင်ရလိမ့်မည်။

တဲတော်တည်ဆောက်မှု၏ အထွတ်အထိပ်အချက်မှာ "ထာဝရဘုရား၏ ဘုန်းတော်သည် တဲတော်ကို ဖြည့်စွမ်းခဲ့သည်" (အလေးပေးရန် နှစ်ကြိမ်ဖော်ပြထားသည်၊ ထွက် ၄၀း၃၄၊ ၃၅) ဖြစ်ပြီး၊ ထို့ကြောင့် ဘုရားသခင်၏ရှိနေမှု၏ မြင်သာထင်သာရှိသော လက္ခဏာဖြစ်သော မိုးတိမ်ဖြင့်ထိုနေရာကို ဖြည့်စွမ်းခဲ့သည်။ ဘုရားသခင်၏ဘုန်းတော်ဖြင့် ဖြည့်စွမ်းထားသော တဲတော်သည် ထွက်မြောက်ရာကျမ်း၏ အလွန်သင့်လျော်သော အထွတ်အထိပ်နှင့် နိဂုံးဖြစ်သည် (ထွက် ၄၀း၃၄၊ ၃၅)။ ဤသည်မှာ လူတို့၏ဘဝများတွင် ဘုရားသခင်၏ ရှိနေမှုကို ယုံကြည်မှုတိုးပွါးစေရန် ကူညီပေးသင့်၏။ ဘုရားသခင်သည် အီဂျစ်ပြည်၏ အလယ်တွင် သူ၏ရှိနေမှုကို ယခင်က ပြသခဲ့ပြီးဖြစ်သည် (ထွက် ၈း၂၀ – ၂၃)။ သူသည် ဣသရေလလူမျိုးများကို အီဂျစ်မှ ခေါ်ဆောင်ထွက်ခွာခဲ့သည် (ထွက် ၁၂း၅၁) နှင့် ပင်လယ်နီတွင် ၎င်းတို့ကို ကယ်တင်ခဲ့သည် (ထွက် ၁၄း၃၀၊ ၃၁)။

သခင်ဘုရားသည် မာန္နကို ပေးခဲ့သည် (ထွက် ၁၆း၁၄၊ ၁၅)၊ ဥပုသ်နေ့မှတစ်ဆင့်၊ သူသည် ၎င်းတို့၏ဖန်ဆင်းရှင်ဖြစ်ပြီး ၎င်းတို့နှင့်အတူ ရှိနေသည်ဟု သွန်သင်ခဲ့သည်။ ဥပုသ်နေ့သည် "ကျွန်ုပ်တို့နှင့်အတူရှိသောဘုရား" ဟုဆိုချက်မှလွဲ၍ အခြားမဟုတ်ပါ (က ၂း၂၊ ၃)၊ သူသည် သူ၏နာမတော်ကို အောက်မေ့သည့်နေရာတိုင်းတွင် သူ၏လူများနှင့် အတူရှိမည်ဟု ကတိပြုသည် (ထွက် ၂၀း၂၄)။ ဘုရားသခင်၏ကယ်တင်ခြင်းရှိနေမှုသည် လမ်းညွှန်ရှိနေမှုဖြစ်၏၊ အကြောင်းမှာ အမျိုးမျိုးသော ဝင်ရောက်စွက်ဖက်မှုများမှတစ်ဆင့်၊ ဘုရားသခင်သည် သူ၏ဆက်ဆံရေးနှင့် ပြောင်းလဲပေးမှုရှိနေသဖြင့် ဣသရေလကို ကြီးထွားစေခဲ့သည်။

## ဘုရားသခင်၏ဝိညာဉ်တော်ဖြင့် ပြည့်ဝခြင်း

ဘုရားသခင်သည် တဲတော်၏ပုံစံကြမ်းကို ပေးအပ်ရုံသာမက၊ ဣသရေလလူမျိုးများအား သန့်ရှင်းရာဌာနကို တည်ဆောက်ရန် တောင်းဆိုခဲ့သည်။ ထို့ပြင် လူများကို ဘုရားသခင်၏ ဝိညာဉ်တော်ဖြင့် "ဖြည့်စွမ်း" ခဲ့သည် (ထွက် ၃၁း၃။ ၃၅း၃၁)၊ သူတို့အား ၎င်းကို တည်ဆောက်နိုင်စွမ်း ပေးခဲ့သည် (ထွက် ၃၁း၁ – ၁၁။ ၃၅း၃၀ – ၃၆း၁)။ သန့်ရှင်းသောဝိညာဉ်ဖြင့် ဖြည့်စွမ်းခြင်းဆိုသည်မှာ အဘယ်နည်း။ ကျမ်းစာ စာသားသည် ရှင်းလင်းသောအဖြေကို ပေး၏။ လူများသည် ဉာဏ်ပညာနှင့် အသိပညာဖြင့် ဖြည့်စွမ်းခံရပြီး၊ သန့်ရှင်းရာဌာန တည်ဆောက်ရာတွင် အဖိုးတန်သတ္တုများ၊ ကျောက်များ၊ သစ်သားနှင့် အထည်များဖြင့် အမျိုးမျိုးသော လက်မှုပညာနှင့် ဒီဇိုင်းများပြုလုပ်ရန် ကျွမ်းကျင်မှု၊ စွမ်းရည်များနှင့် အနုပညာစွမ်းရည်များကို ပေးအပ်ခံခဲ့ရသည်။ ထို့ကြောင့် မည်သည့် မော်အတတ် သို့မဟုတ် ဆန်းကျယ်သော အရာမျှ မဖြစ်ပွားခဲ့ပါ။ ဝိညာဉ်များ သို့မဟုတ် တန်ခိုးများ လူတစ်ဦးထဲသို့ ဝင်ရောက်ခြင်း မရှိပါ။ သန့်ရှင်းသောဝိညာဉ်သည် ဝိညာဉ်ဆုကျေးဇူးများ၊ ကျွမ်းကျင်မှုများ၊ သို့မဟုတ် အနုပညာစွမ်းရည်များကို ပေးအပ်ခဲ့ပြီး၊ ဘုရားသခင်၏သမ္မာတရားနှင့် သာသနာအမှုကို ကြေညာ ရန် အ လုပ် ကို တိုး တက် စေ ခဲ့ သည်။ မောရှေ၏ ခေတ်တွင်၊ ဤ ဖြည့်စွမ်းမှုသည်

ဇေဇလေလ၊ အပေဟာလျာဘ နှင့် အခြားလက်မှုပညာသည်များထံသို့ ဖြစ်ပွားခဲ့သည်။ သခင်ဘုရား၏ဝိညာဉ်တော်သည် လူများကို ဖြည့်စွမ်းသောအခါ၊ သူသည် ၎င်းတို့အား သူ့အမှုအတွက် အရာသစ်များပြုလုပ်နိုင်စွမ်းပေး၏။

အလားတူပင်၊ "ဘုရားသခင်၏ဝိညာဉ်တော်သည် လူတစ်ဦးထံသို့ ကြွလာ" သောအခါ လည်းဖြစ်သည်။ ဤစကားစုကို ကျမ်းစာတွင် ပထမဆုံးအကြိမ် ဗာလမ်၏ဖြစ်ရပ်တွင် ဖော်ပြထားသည် (တော ၂၄း၂)၊ ၎င်းက သန့်ရှင်းသောဝိညာဉ်သည် သူ့အား အထူး ဖော်ထုတ်မှုတစ်ခု ပေးခဲ့ပြီး၊ သူသည် ပရောဖက်ပြုနိုင် ခဲ့သည်ဟု ဆိုလိုသည်။ တရားသူကြီးမှတ်စာတွင်၊ "ထာဝရဘုရား၏ဝိညာဉ်တော်သည် လူတစ်ဦးထံသို့ ကြွလာ" သည့်စကားကို မတူညီသော တရားသူကြီးများအတွက် ခုနစ်ကြိမ်အသုံးပြုထားသည် (ဩသံယေလ [သူကြီး ၃း၁၀]၊ ဂိဒေါင် [သူကြီး ၆း၃၄]၊ ယိဖသါ [သူကြီး ၁၁း၂၉]၊ နှင့် ရှံဆုန် [သူကြီး ၁၃း၂၄၊ ၂၅။ ၁၄း၅၊ ၆၊ ၁၉။ ၁၅း၁၄])၊ ၎င်းတို့အား ဂရုစိုက်ရန်၊ ကာကွယ်ရန်၊ နှင့် ဘုရားသခင်၏အမှုကို ဆောင်ရွက်ရန် စွမ်းအားပေးခဲ့သည်။ သန့်ရှင်းသောဝိညာဉ်ဖြင့် နှစ်ခြင်းခံခြင်း (မ ၃း၁၁။ မာ ၁း၈။ လု ၃း၁၆) သို့မဟုတ် သန့်ရှင်းသောဝိညာဉ်ကို လက်ခံခြင်း (တမ ၂း၃၈) နှင့် ပတ်သက်သော စကားစုတွင် အလားတူအဓိပ္ပါယ်ပါရှိသည်။

## မြေကြီးနှင့် ကောင်းကင်သန့်ရှင်းရာဌာနတော်

သခင်ဘုရားသည် မောရှေအား သိနာတောင်ပေါ်တွင် သူပြသခဲ့သော ပုံစံ (ဟေဗြဲဘာသာ၊ *tabnit;* ထွက် ၂၅း၉) သို့မဟုတ် အစီအစဉ် (ဟေဗြဲဘာသာ၊ *mishpat* ဆိုသည်မှာ ဝေါဟာရအရ တရားစီရင်ခြင်း၊ ထွက် ၂၆း၃၀) အတိုင်း သန့်ရှင်းရာဌာနကို တည်ဆောက်ရန် အမိန့်ပေးခဲ့သည်။ ဤပုံစံသည် ကျွန်ုပ်တို့၏လူသားအခြေအနေနှင့် လိုက်လျောညီထွေ ဖြစ်အောင် ပြုလုပ်ထားသော်လည်း၊ ကောင်းကင်မူရင်းပုံစံကို အခြေခံထားသော ကောင်းကင်သန့်ရှင်းရာဌာနတော်၏ သေးငယ်သော ပုံစံတစ်ခုဖြစ်သည် (ဟေဗြဲ ၈း၁၊ ၂)။

မြေကြီးပေါ်ရှိ သန့်ရှင်းရာဌာနသည် ကောင်းကင်သန့်ရှင်းရာဌာနနှင့် ၁း၁ အတိုင်း အတာဖြင့် တည်ဆောက်ထားခြင်းမဟုတ်ပါ။ တမန်တော်ပေါလုသည် ကောင်းကင်နှင့် မြေကြီးသန့်ရှင်းရာဌာနများအကြား ကြီးမားသောကွာခြားချက်ကို နားလည်ရန် ကူညီပေးသည်။ သူက ယဇ်ပုရောဟိတ်များသည် "ကောင်းကင်အရာတို့၏ ပုံပမာအရိပ်နှင့် သာဆိုင်လျက် ဝတ်ကိုပြုနေကြ၏" (ဟေဗြဲ ၈း၅) ဟု ငြင်းဆိုပြီး၊ ၎င်းသည် ကောင်းကင် တကယ် ဖြစ်ရပ်၏ အရိပ်တစ်ခုသာဖြစ်ကြောင်း ရှင်းပြသည်။ ဤဥပမာသည် အလွန်သင့်လျော်၏။

လူတစ်ဦးနှင့် သူ၏အရိပ်ကို နှိုင်းယှဉ်ကြည့်ကြပါစို့။ လူတစ်ဦး၏အရိပ်သည် သူကဲ့သို့ အမှန်တကယ်ဖြစ်သည်။ သို့သော်၊ အရိပ်သည် အမျိုးသား သို့မဟုတ် အမျိုးသမီး၏ မထင်ရှား လွန်းသော ထင်ဟပ်မှုတစ်ခုဖြစ်သည်။ လူတစ်ဦး၏အရိပ်ကို အခြေခံ၍ သူ မည်သူ ဖြစ်သည်ကို အနည်းငယ်သာ သိနိုင်သည်။ သူ့အရိပ်၏အသွင်အပြင်သည် နေ၏ အနေအထားပေါ်တွင် မူတည်သည်။ အကောင်းဆုံးအနေဖြင့်၊ လူတစ်ဦး၏အရိပ်သည် ထိုလူသည် အမျိုး

သား သို့မဟုတ် အမျိုးသမီးဖြစ်သည်၊ အရပ်ရှည် သို့မဟုတ် ပုသည်၊ ဝသည် သို့မဟုတ် ပိန်သည်၊ နှင့် အခြားပြင်ပလက္ခဏာများအကြောင်း ခန့်မှန်းရန် ခွင့်ပြုနိုင်သည်။ လူတစ်ဦး၏ အရိပ်သည် ထိုလူ၏အသက်အရွယ် သို့မဟုတ် မျက်နှာပေါ်ရှိ အမူအရာများကို ကြည့်ရှုသူအား ဖော်ပြမည်မဟုတ်ပါ။ အရိပ်သည် လူတစ်ဦး၏တွေးခေါ်မှု၊ စိတ်ခံစားမှုများ၊ ရည်မှန်းချက်များ၊ အသိပညာ၊ အလုပ်၊ ရာထူး၊ အိပ်မက်များ၊ အစီအစဉ်များ၊ သို့မဟုတ် စိတ်ပျက်မှုများအကြောင်း ဘာမှမပြောပါ။ ဤဥပမာဖြင့် ကောင်းကင်သန့်ရှင်းရာဌာနကို ကျွန်ုပ်တို့၏ ကန့်သတ်ထားသော တွေးခေါ်မှု၊ အသိပညာနှင့် အတွေ့အကြုံများအတွင်းသို့ အံဝင်ခွင်ကျဖြစ်အောင် မပြုလုပ်ရန် ဂရုစိုက်ရန် လိုအပ်ကြောင်း ပြသရန် လုံလောက်ပေသည်။

မူရင်းကောင်းကင်ဗိမာန်သည် အတိုင်းအတာ၊ နေရာ နှင့် ပစ္စည်းများတွင် နှိုင်းယှဉ်၍ မရနိုင်ပါ။ ကောင်းကင်သန့်ရှင်းရာဌာနဗိမာန်သည် ဘုရားသခင်နေထိုင်ရာ နေရာဖြစ်သည်။ ၎င်းသည် သူ၏ပလ္လင်နှင့်အတူ နန်းတော်တစ်ခုဖြစ်သည် (ယေ ၁၇း၁၂)။ ၎င်းသည် စကြဝဠာအတွက် စုဝေးရာနှင့် ကိုးကွယ်ရာနေရာဖြစ်သည် (ဟေရှာ ၁၄း၁၃)။ ၎င်းသည် သူ၏တရားစီရင်မှုများ ထုတ်ပြန်ရာ ကောင်းကင်အမိန့်ပေးရာ ဗဟိုဌာနဖြစ်သည် (ဆာ ၁၁း၄၊ ၅။ ၁၈း၆။ ၅၇း၃။ ၇၆း၈။ ၁၀၂း၁၉။ ၁၂၃း၁)။ ဘုရားသခင်သည် အမှန်တကယ်ရှိသည်။ ကောင်းကင်တမန်များသည် အမှန်တကယ်ရှိသည်၊ ကောင်းကင်သည် အမှန်တကယ်ရှိသည်၊ ထို့အတူ ကောင်းကင်သန့်ရှင်းရာဌာနလည်း အမှန်တကယ်ရှိပါသည်။

မြေကြီးပေါ်ရှိ သန့်ရှင်းရာဌာန၏ထုံးတမ်းစဉ်လာများသည် ဘုရားသခင်သည် အပြစ်နှင့် အပြစ်သားများကို မည်သို့ကယ်တင်ပြီး ကိုင်တွယ်သည်ကို သရုပ်ပြခြင်းဖြင့် ကယ်တင်ခြင်း၏ အလွန်အရေးကြီးသော ရှုထောင့်တစ်ခုကို တင်ပြသည်။ မြေကြီးပေါ် ရှိ သန့်ရှင်းရာဌာနသည် ကယ်တင်ခြင်းအစီအစဉ်နှင့်ဆက်စပ်သော အဓိကလုပ်ဆောင်ချက်များကို ထင်ဟပ်စေသည်။ တစ်ဦးချင်းယုံကြည်သူအား ခွင့်လွှတ်ခြင်းနှင့် ကယ်တင်ခြင်း၏ အာမခံချက်ကို ပေးသော နေ့စဉ်ဝန်ဆောင်မှုများရှိခဲ့သည်။ နှစ်စဉ်ဝန်ဆောင်မှုများသည် အပြစ်ပြဿနာ၏ နောက်ဆုံးနှင့် ရည်မှန်းချက်ဆိုင်ရာ ဖြေရှင်းချက်ကို ပုံဖော်သည်။ မကောင်းမှုသည် မရှိတော့ဘဲ လုံးဝဖယ်ရှားခံရလိမ့်မည်။ အကျိုးဆက်အနေဖြင့်၊ ဘုရားသခင်၏ မေတ္တာ၊ သမ္မာတရားနှင့် တရားမျှတမှု၏ စာရိတ္တတော်သည် စကြဝဠာတစ်ခုလုံးမှ ချီးမြှောက်ခံရပြီး၊ အတည်ပြုခံရပြီး၊ သူသည် သူ၏မေတ္တာကို ပွင့်လင်းစွာ ဖော်ထုတ်ပြသခဲ့သောကြောင့် အတည်ပြုခံရသည်။ ဖန်ဆင်းခံသတ္တဝါအားလုံးသည် သူ၏ဘုန်းတော်၊ အချုပ်အခြာအာဏာနှင့် တန်ခိုးကို အသိအမှတ်ပြုလိမ့်မည်။ သူသည် သူ၏ကောင်းမြတ်မှုနှင့် တရားမျှတမှုအတွက် သတ္တဝါတိုင်း၏ချီးမွမ်းခြင်းကို ခံထိုက်ပြီး၊ လူတိုင်းသည် သူ့ရှေ့တွင် အပြည့်အဝလေးစားမှုဖြင့် ဦးညွှတ်လိမ့်မည် (ဖိ ၂း၉၊ ၁၀။ ဗျာ ၁၅း၄)။ ခြွင်းချက်မရှိဘဲ လူတိုင်းက ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူသည်ဟု ကြေညာလိမ့်မည်။

## အပိုင်း ၃။ လက်တွေ့ အသုံးချခြင်း

၁။ ဘုရားသခင်သည် သန့်ရှင်းသောဝိညာဉ်တော်၏ဆုကျေးဇူးကို လက်ခံရရှိရန် ဖြည့်ဆည်းရမည့် မရှိမဖြစ် လိုအပ်ချက်များ သို့မဟုတ် အခြေအနေများကို အလေးပေးဖော်ပြပါသလား။ ပင်တေကုတ္တေပွဲတွင် ပေတရု၏တရားဒေသနာထဲရှိ ဤထုတ်ပြန်ချက်ကို ဂရုတစိုက်အာရုံပြုပါ။ ‘သင်တို့၏ အပြစ်ကို လွှတ်စေခြင်းငှါ နောင်တရ၍တယောက်မျှမကြွင်း၊ ယေရှုခရစ်၏ နာမ၌ ဗတ္တိဇံကိုခံကြလော့။ သို့ပြုလျှင် သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသော ဆုကျေးဇူးတော်ကို ခံရကြလိမ့်မည်။’ (တ ၂း၃၈)။ ဤကတိသည် သင့်အတွက် မည်ကဲ့သို့အဓိပ္ပါယ်ရှိသနည်း။

---

၂။ လူများစွာသည် သန့်ရှင်းသောဝိညာဉ်တော်ကို ပိုင်ဆိုင်ရန် သို့မဟုတ် ၎င်းကို မိမိအတွက် ရယူရန် ဆုတောင်းနေကြသည်။ အမှန်တကယ်တွင်၊ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို ပိုင်ဆိုင်ရန် လိုအပ်၏၊ သို့မှသာ သူသည် ကျွန်ုပ်တို့ကို အသုံးပြုနိုင်မည်။ သူသည် ကျွန်ုပ်တို့ကို အမှုထမ်းရန်အတွက် တတ်စွမ်းစေသည်။ ယုံကြည်သူတိုင်းတွင် အခြားသူများကို အမှုထမ်းပေးရန် အနည်းဆုံး ဝိညာဉ် ဆုကျေးဇူးတစ်ခုစီရှိကြောင်း သတိရပါ။ ဘုရားသခင့်ထံမှ သင်ရရှိခဲ့သော ဆုကျေးဇူးကား အဘယ်နည်း။ ဘုရားသခင်၊ သူ၏အသင်းတော် နှင့် လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် ပိုမိုအသုံးဝင်နိုင်ရန် သင်လိုအပ်သော ဝိညာဉ်ရေးဆုကျေးဇူးများကား အဘယ်နည်း။

---

၃။ ကျွန်ုပ်တို့၏ဘဝတွင် ဘုရားသခင်၏ရှိနေမှုကို မည်သို့ပြုစုပျိုးထောင်နိုင်မည်နည်း။ မည်သည့် လုပ်ဆောင်မှုများသည် သူ၏ရှိနေမှု၏ရွှင်လန်းမှုကို ဟန့်တားနိုင် သို့မဟုတ် ကျွန်ုပ်တို့ထံမှ ယူဆောင်သွားနိုင်သနည်း။

---

၄။ မူလသဟဇာတဖြစ်မှုကို ပြန်လည်ထိန်းသိမ်းရန် ကျွန်ုပ်တို့၏ကမ္ဘာမြေမှ အပြစ်နှင့်မကောင်းမှုကို ဖယ်ရှားရန် အဘယ်ကြောင့် ဤမျှအရေးကြီးသနည်း။ ဘုရားသခင်သည် မကောင်းမှုကို ဖယ်ရှား မပေးဘဲ ၎င်း၏ရှိတည်မှုကို ထာဝရခွင့်ပြုထားပါက၊ မကောင်းမှုကို ထိန်းချုပ်ရန် ဖြစ်နိုင်ပါသလား။ ရှင်းပြပါ။ အကယ်၍မကောင်းမှုသည် မိမိကိုယ်ကို ဖျက်ဆီးနိုင်သည်ဆိုပါက၊ ဘုရားသခင်၏ဝင်ရောက်စွက်ဖက်ဖျက်ဆီးမှုမရှိဘဲ ၎င်းသည် မည်မျှကြာရှည်တည်ရှိနိုင်မည်နည်း။

---

# နံနက်ယံဝတ်

| ဇူလိုင်လ | | | ဩဂုတ်လ | | | စက်တင်ဘာလ | | |
|---|---|---|---|---|---|---|---|---|
| ၁ | ဂါ | လုကာ ၃း၂၁ | ၁ | ကြာ | သုတ္တံ ၁၈း၁၅ | ၁ | လာ | ယော ၈း၃၄ |
| ၂ | ဟူး | မဿဲ ၃း၅၊၆ | **၂** | **နေ** | **၁သက် ၅း၂၁** | ၂ | ဂါ | သုတ္တံ ၁၄း၃၄ |
| ၃ | တေး | ရောမ ၆း၁၁ | ၃ | နွေ | တမန် ၁၃း၂၊၃ | ၃ | ဟူး | ဗျာ ၁၂း၁၇ |
| ၄ | ကြာ | ဂလ ၃း၂၇ | ၄ | လာ | ၁ကော ၁၄း၅ | ၄ | တေး | ဗျာ ၁၁း၁၉ |
| **၅** | **နေ** | **မဿဲ ၃း၁၁** | ၅ | ဂါ | ၁ကော ၂း၇ | ၅ | ကြာ | ဆာ ၁၀၃း၁၇၊၁၈ |
| ၆ | နွေ | တမန် ၂း၃၈ | ၆ | ဟူး | အာ ၃း၇ | **၆** | **နေ** | **ရောမ ၇း၇** |
| ၇ | လာ | တမန် ၈း၂၁ | ၇ | တေး | ဝတ် ၁၉း၃၁ | ၇ | နွေ | မဿဲ ၅း၁၇ |
| ၈ | ဂါ | ကော ၃း၁၊၂ | ၈ | ကြာ | ဧဖက် ၂း၁၉၊၂၀ | ၈ | လာ | ရောမ ၁၀း၄ |
| ၉ | ဟူး | ဖိလိ ၂း၃ | **၉** | **နေ** | **ဧဖက် ၄း၁၄** | ၉ | ဂါ | မဿဲ ၇း၂၁ |
| ၁၀ | တေး | ယော ၁၃း၁၄၊၁၅ | ၁၀ | နွေ | ဧဖက် ၄း၁၃ | ၁၀ | ဟူး | တရား ၂၈း၁ |
| ၁၁ | ကြာ | ယော ၁၃း၁၂ | ၁၁ | လာ | ယောလ ၂း၂၈ | ၁၁ | တေး | ကမ္ဘာ ၂း၂၊၃ |
| **၁၂** | **နေ** | **ယော ၁၃း၁၄** | ၁၂ | ဂါ | ဟော ၁၂း၁၃ | ၁၂ | ကြာ | ထွက် ၁၆း၂၃ |
| ၁၃ | နွေ | ဂလ ၅း၁၃ | ၁၃ | ဟူး | ဗျာ ၁၂း၁၇ | **၁၃** | **နေ** | **ဗျာဒိတ် ၇း၂** |
| ၁၄ | လာ | ၁ကော ၁၁း၂၄ | ၁၄ | တေး | ဟေရှာ ၈း၂၀ | ၁၄ | နွေ | မဿဲ ၂၄း၂၀ |
| ၁၅ | ဂါ | ယော ၆း၅၃ | ၁၅ | ကြာ | ယေ ၂၈း၉ | ၁၅ | လာ | ဗျာဒိတ် ၁း၁၀ |
| ၁၆ | ဟူး | ယော ၆း၅၃၊၅၄ | **၁၆** | **နေ** | **မဿဲ ၇း၁၆** | ၁၆ | ဂါ | ကမ္ဘာ ၂း၁–၃ |
| ၁၇ | တေး | ၁ကော ၁၀း၁၇ | ၁၇ | နွေ | သုတ္တံ ၂၂း၁ | ၁၇ | ဟူး | တရား ၅း၁၅ |
| ၁၈ | ကြာ | ဗျာ ၁၉း၉ | ၁၈ | လာ | ဟေရှာ ၄၆း၁၀ | ၁၈ | တေး | ဗျာဒိတ် ၁၄း၁၂ |
| **၁၉** | **နေ** | **၁ကော ၁၁း၂၇** | ၁၉ | ဂါ | တော ၁၂း၆ | ၁၉ | ကြာ | ဟေဗြဲ ၄း၁၀ |
| ၂၀ | နွေ | မဿဲ ၄း၄ | ၂၀ | ဟူး | ယော ၁၆း၁၃ | **၂၀** | **နေ** | **ဒံ ၇း၂၅** |
| ၂၁ | လာ | ၁ကော ၁၂း၁ | ၂၁ | တေး | မဿဲ ၅း၁၈ | ၂၁ | နွေ | ၂သက် ၂း၇ |
| ၂၂ | ဂါ | ၁ကော ၁း၄၊၇ | ၂၂ | ကြာ | တရား ၃၃း၂ | ၂၂ | လာ | ဟေရှာ ၅၈း၁၂ |
| ၂၃ | ဟူး | ၁ကော ၁၂း၂၄၊၂၅ | **၂၃** | **နေ** | **၁ယော ၃း၄** | ၂၃ | ဂါ | ထွက် ၂၀း၈ |
| ၂၄ | တေး | ၁ကော ၁၄း၁ | ၂၄ | နွေ | ယာ ၁း၂၅ | ၂၄ | ဟူး | ၁ကော ၆း၁၉ |
| ၂၅ | ကြာ | ၁ပေ ၄း၁၁ | ၂၅ | လာ | ဒေ ၁၂း၁၃ | ၂၅ | တေး | တရား ၆း၅ |
| **၂၆** | **နေ** | **ဧဖက် ၅း၁၆** | ၂၆ | ဂါ | ထွက် ၃၁း၁၈ | ၂၆ | ကြာ | ကမ္ဘာ ၁း၂၈ |
| ၂၇ | နွေ | ဧဖက် ၄း၁၁၊၁၂ | ၂၇ | ဟူး | ဆာ ၁၁၉း၉၇၊၉၈ | **၂၇** | **နေ** | **မာလ ၃း၁၀** |
| ၂၈ | လာ | ဧဖက် ၂း၂၁ | ၂၈ | တေး | ယော ၁၅း၁၀ | ၂၈ | နွေ | ၂ကော ၉း၁၅ |
| ၂၉ | ဂါ | တမန် ၁း၈ | ၂၉ | ကြာ | သုတ္တံ ၁၆း၁၁ | ၂၉ | လာ | မာလ ၃း၉ |
| ၃၀ | ဟူး | မဿဲ ၂၅း၂၃ | **၃၀** | **နေ** | **ရောမ ၃း၂၀** | ၃၀ | ဂါ | မဿဲ ၂၄း၁၄ |
| ၃၁ | တေး | ၁ကော ၁၂း၇ | ၃၁ | နွေ | တမန် ၃း၂၀ | | | |

# 2025 Bible Study Guide *for* the Fourth Quarter

The book of Joshua marks the transition from the leadership of Moses to Joshua. Our study this quarter, *Lessons of Faith From Joshua* by Barna Magyarosi, begins with the story of the Israelites entering into the Promised Land and ends with them being settled there.

Although Joshua had a tough act to follow by picking up where Moses had left off, he would do what Moses never did: take the nation into Canaan.

Joshua does not do this task alone but with the power and guidance of the Lord, who would have brought the people into the land a generation earlier had they obeyed their end of the covenant.

As the book begins, the promises of God given to the patriarchs and to Moses are about to be fulfilled. There is an air of expectation and excitement, a new beginning for the people.

Our study aims to show us that, although the book of Joshua was written more than three millennia ago, the world in which we live today is not so different from that of Joshua's in its spiritual challenges. The example of Joshua will certainly inspire us to claim God's promises concerning our times and to succeed through His power, just as Joshua did.

## Lesson 1—Recipe for Success

**The Week at a Glance:**

SUNDAY: **A New Moses** *(Josh. 1:1–9)*
MONDAY: **Cross! Take! Divide! Serve!** *(Josh. 1:1–18)*
TUESDAY: **Heirs of Promises** *(Josh. 1:4–6)*
WEDNESDAY: **Be Strong!** *(Josh. 1:7–9)*
THURSDAY: **Prosperous and Successful** *(Josh. 1:8)*

**Memory Text—***Joshua 1:7, NKJV*

**Sabbath Gem:** The book of Joshua is about new possibilities. Just as God opened up a new chapter in Israel's life, He can in ours as well.

## Lesson 2—Surprised by Grace

**The Week at a Glance:**

SUNDAY: **Second Chance** *(Josh. 2:1)*
MONDAY: **Value in Unexpected Places** *(Josh. 2:2–11)*
TUESDAY: **New Allegiance** *(Josh. 2:12–16)*
WEDNESDAY: **Conflicting Values** *(Josh. 9:1–20)*
THURSDAY: **Surprising Grace** *(Josh. 9:21–27)*

**Memory Text—***Hebrews 11:31, NKJV*

**Sabbath Gem:** The most fascinating stories of the book of Joshua have relevance for our faith today and show that God's grace has infinite possibilities to surprise.

**Lessons for People Who Are Legally Blind** The *Adult Sabbath School Bible Study Guide* is available free in braille, on MP3 disc, and via online download to people who are legally blind and individuals who cannot hold or focus on ink print. Contact Christian Record Services, Inc., PO Box 6097, Lincoln, NE 68506-0097. Phone: 402-488-0981, option 3; email: services@christianrecord.org; website: www.christianrecord.org.